# မိထွေးတော်ဂေါတမီ
နှင့်
# ဘိက္ခုနီသာသနာ


အရှင်ပညာဝံသ

မဟာဓမ္မာစရိယ;M.A




အရှင်ပညာဝံသ (မဟာဓမ္မာစရိယ ; M.A.)

၏

# မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာ

သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

သာသနာ - ၂၅၄၃ ကောဇာ - ၁၃၆၁ ခရစ် - ၂၀၀၀ ပြည့်နှစ်

ထုတ်ဝေသူ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးဦးထင်မျိုး
မှတ်ပုံတင်အမှတ် ၁၁/၉၄ (၁)မှ ထုတ်ဝေသည်။

ပုံနှိပ်သူ

ဦးကျော်ငွေ (မြ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်၊
၁၅၁၊ ၃၄-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၃၂၇၉

## ကျေးဇူးတင်လွှာ

ငယ်စဉ်ကာလ ကလေးဘဝမှစ၍ ယနေ့ကျအောင် ကျွေးမွေး စောင့်ရှောက် ချီးမြှောက်ခဲ့ကြသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ ဖြစ်ကြသည့် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာ၊ ခမည်းတော် ဦးရွှေဝိုင်း၊ မယ်တော် ဒေါ်ဝိုင်းစိန်တို့၏ ဆပ်၍ မကုန်နိုင်ကုန်သော ဂုဏ်ကျေးဇူးတို့ကို လည်းကောင်း၊ ဤကျမ်းစာကို ရေးသားပြုစုနိုင်သည့်အထိ သွန်သင်ဆုံးမ နည်းလမ်းပြပေးခဲ့ကြ ကုန်သော တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျောင်း ဆရာတော် ဘဒ္ဒန္တ ပုညမဟာထေရ်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင် မစိုးရိမ် ကျောင်း ဆရာတော် ဘဒ္ဒန္တသုစိဏ္ဏ မဟာထေရ်၊ တိုက်ကြီးမြို့၊ ပြည်ဇောတိကာရုံ စာသင်တိုက် ပဓာန နာယက၊ နိုင်ငံတော် သြဝါဒါစရိယ၊ ဘဒ္ဒန္တ ဉာဏဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ သာသနာ့ ဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ သုမန (အဂ္ဂမဟာ ပဏ္ဍိတ)၊ နိုင်ငံတော်ပရိယတ္တိ သာသနာ တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)စသော ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်းကောင်း ဤကျမ်းစာဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါသည်။

ဤကျမ်းကို ရေးသားပြုစုရာတွင် ပြီးမြောက်အောင်မြင်သည်အထိ မေတ္တာစေတနာအပြည့်အဝထား၍ ကြီးကြပ်ပြင်ဆင်ညွှန်ကြားပေးကြသော ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (နာယက၊ သုတ္တန္တပိဋက မဟာဌာန) ဆရာကြီး ဦးကျော်လွင် (တွဲဖက်နာယက၊ သုတ္တန္တပိဋက မဟာဌာန) တို့ကိုအထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဤကျမ်းကို ရေးသားရာတွင် ကုန်ကျမှုများအတွက် ဓမ္မပူဇာအဖြစ် တာဝန်ယူလှူဒါန်းကြသည့်အပြင် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ ပါရမီဖြည့်ဆည်းပေးခဲ့ကြသော ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်ကြသည့် (ဦးမောင်သင်း)၊ ဒေါ်မြသန်း၊ မောင်စောနေဝင်း၊ မမြတ်မြတ်သင်း၊ မောင်ထွန်းထွန်းဝင်း မိသားစု၊ ဦးကျော်ဝင်း–ဒေါ်မြင့်မြင့်သိန်း၊ မမေသူခိုင်၊ မောင်မင်းဇော်ဦး မိသားစု၊ အမှတ် (၁၉)၊ စံပယ်လမ်း၊ အလုံ၊ ရန်ကုန် တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့ပြင် ဤကျမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပံ့ပိုးကူညီပေးသော သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမြိုင်အားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အရှင်ပညာဝံသ**
**(မဟာဓမ္မာစရိယ ; M .A )**

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| * ကျေးဇူးတင်လွှာ | က |
| * နိဒါန်းစကား | ကား |
| * ပဏာမနှင့်ပဋိညာဉ် | ခဲ |


## အခန်း(၁)
## မိထွေးတော်ဂေါတမီ၏ အတိတ်ဘဝနှင့် ပါရမီဆုတောင်း


| | |
|---|---|
| * အတိတ်ဘဝ | ၁ |
| * ပါရမီဟူသည် | ၃ |
| * ပါရမီဆယ်ပါး အပြားသုံးဆယ် | ၅ |
| * ဆုတောင်း | ၇ |
| * ဆုတောင်းပြည့်ရန် ကြောင်းငါးတန် | ၉ |
| * ပဒုမုတ္တရ မြတ်ဗုဒ္ဓ | ၁၁ |
| * အမတ်ကြီး၏ သမီးဘဝ | ၁၂ |
| * ထူးကဲသာလွန် ဂုဏ်ဆယ်မွန် | ၁၄ |
| * ရေခပ်ကျွန်မ အကြီးအကဲဘဝ | ၁၅ |
| * ဝါဆိုကျောင်းအလှူ | ၁၆ |
| * ဝါတွင်းကာလ ဆွမ်းဒါန | ၂၀ |
| * တိစီဝရိတ်သင်္ကန်း အလှူ | ၂၀ |
| * ဇနီးမောင်နှံ ရာသက်ပန် | ၂၁ |
| * ရက်ကန်းသည်မ အကြီးအကဲဘဝ | ၂၃ |

## အခန်း(၂)
## မိထွေးတော်ဂေါတမီ၏ ပစ္စုပ္ပန်ဘဝနှင့် ဆောင်ရွက်ချက်များ


* မိထွေးတော်ဂေါတမီ၏ မျိုးဆက်ဆွေစဉ် ၂၅
* ကမ္ဘာဦးအစ မဟာသမ္မတမင်းဆက် ၂၆
* သကျသာကီဝင်မင်းမျိုး စတင်ဖြစ်ပေါ်လာပုံ ၂၉
* ကပိလဝတ်ပြည် တည်ထောင်ခြင်း ၃၁
* သကျသာကီဝင်ဟု ခေါ်တွင်ခြင်း ၃၄
* ကောလိယပြည် တည်ထောင်ခြင်း ၃၅
* ဒေဝဒဟပြည် တည်ထောင်ခြင်း ၃၉
* မိထွေးတော်ဂေါတမီ၏ ဖွားသက္ကရာဇ် စိစစ်ချက် ၄၂
* မဟာမာယာ၏ ဖွားသက္ကရာဇ် ၄၂
* မိထွေးတော်ဂေါတမီ၏ ငယ်နာမည် ၄၅
* မိထွေးတော်ဂေါတမီဟု ခေါ်တွင်ခြင်း ၄၇
* မိထွေးတော် ဂေါတမီနှင့် ဘုရားအလောင်းတော် ၄၉
* မျောက်ဘဝက ချစ်မေတ္တာ ၅၂
* အသက်နှင့်ထပ်တူချစ်ခဲ့သည့် မိထွေးတော် ၅၃
* မိထွေးတော်ဂေါတမီ သောတာပန် တည်ခြင်း ၅၆
* မိထွေးတော်ဂေါတမီ၏ သင်္ကန်းအလှူ ၆၂
* ဘုရားရှင်အား လှူခြင်းထက် သံဃာအား
လှူခြင်းက ပို၍အကျိုးကြီးသလော ၆၇
* အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ၆၉
* နောင်လာနောက်သားတို့ သံဃာ၌
ရှိသေလေးစားရန် ၇၃
* ပုဂ္ဂလိက အလှူ (၁၄) မျိုး ၇၆

* သံဃိကအလှူ (၇)မျိုး ၇၈
* သင်္ကန်းလှူဒါန်းချိန် ၈၂
* ဘိက္ခုနီသာသနာနှင့် မိထွေးတော်ဂေါတမီ၏ ဆောင်ရွက်ချက် ၈၄
* ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ဆောင်ရွက်ခြင်း ၈၅
* သာကီဝင်မင်းသမီးတို့ ဘိက္ခုနီပြုခွင့်ရအောင် ဆောင်ရွက်ခြင်း ၈၆
* ဘိက္ခုနီတို့၏ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ လျှောက်ထားခြင်း ၈၇
* မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည့် သုတ္တန်တရားတော်များ ၉၀
* ဒက္ခိဏာဝိဘင်္ဂသုတ် ၉၁
* အလှူ၏စင်ကြယ်ခြင်းလေးမျိုး ၉၃
* ဂေါတမီသုတ် ၉၄
* သံခိတ္တသုတ် ၉၆
* နန္ဒကောဝါဒသုတ် ၉၇
* အတွင်းအာယတန စသည်ကို အမေးအဖြေပြုခြင်း ၁၀၀
* ဆီမီး ဥပမာ ၁၀၁
* သစ်ပင် ဥပမာ ၁၀၂
* နွားသတ်သမား ဥပမာ ၁၀၂
* ဗောဇ္ဈင် ခုနစ်ပါး ၁၀၃
* ဓမ္မပဒလာ ဂါထာတစ်ပုဒ် ၁၀၄

## အခန်း (၃)
## ဘိက္ခုနီ သာသနာ စတင်ဖြစ်ပေါ်လာပုံ


* ဘိက္ခုနီ သာသနာ ၁၀၆
* ဘိက္ခုနီသာသနာအစ မိထွေးတော် ဂေါတမီက ၁၀၈
* မိထွေးတော်ဂေါတမီ ဘိက္ခုနီပြုခွင့်တောင်းခြင်း ၁၁၄
* ဒုတိယအကြိမ်ဘိက္ခုနီပြုခွင့်တောင်းရန်ကြိုးပမ်းခြင်း ၁၁၈
* ကပိလဝတ်နှင့် ဝေသာလီခရီး အကွာအဝေး ၁၂၄
* ဝေသာလီသို့ ခြေကျင်ခရီး ၁၂၉
* ဘိက္ခုနီသာသနာ စတင်ခွင့်ပြုတော်မူခြင်း ၁၃၂
* ဂရုဓံရှစ်ပါး ၁၃၉
* ပထမ ဂရုဓမ္မ ၁၄၁
* မာတုဂါမကို ရှိမခိုးရ ၁၄၁
* ဒုတိယ ဂရုဓမ္မ ၁၄၃
* တတိယ ဂရုဓမ္မ ၁၄၄
* စတုတ္ထ ဂရုဓမ္မ ၁၄၅
* ပဉ္စမ ဂရုဓမ္မ ၁၄၆
* ဆဋ္ဌမ ဂရုဓမ္မ ၁၄၇
* သိက္ခမာန် သုံးမျိုး ၁၄၈
* သာမဏေရီသီလ နှင့် သိက္ခမာန်သီလ ၁၅၀
* သတ္တမ ဂရုဓမ္မ ၁၅၂
* အဋ္ဌမ ဂရုဓမ္မ ၁၅၂
* သာသနာ နှစ်ငါးထောင် ၁၅၅
* မြတ်ဗုဒ္ဓ ခွင့်ပြုတော်မူသည့် ရဟန်းရှစ်မျိုး ၁၆၂
* ဖေဟိဘိက္ခုပ သမ္ပဒါရဟန်း ၁၆၄

ဟေဝိဘိက္ခုအင်္ဂါသုံးပါး ၁၆၅
ဟေဝိဘိက္ခုနီ ရှိ၊ မရှိ စိစစ်ချက် ၁၆၇
သရဏာဂမဏူပသမ္ပဒါ ရဟန်း ၁၇၃
ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်း ၁၇၅
ပဉှာဗျာကရဏူပသမ္ပဒါ ရဟန်း ၁၇၆
ဂရုဓမ္မ ပဋိဂ္ဂဟဏူပ သမ္ပဒါရဟန်း ၁၇၇
ဒူတေနူပသမ္ပဒါ ရဟန်း ၁၇၇
ဝစီဘေဒ ထိတိုင်းရှု ၁၇၈
အဋ္ဌဝါစိကူပသမ္ပဒါရဟန်း ၁၈၀
ဉတ္တိစတုတ္ထ ကမ္မူပသမ္ပဒါရဟန်း ၁၈၁
ဘိက္ခုနီတို့ ရနိုင်သော ရဟန်း လေးမျိုး ၁၈၅
ဘိက္ခုနီတို့၏ ဝိနည်းကျင့်ဝတ် ၁၈၆
အကြောင်းမပေါ်ခင် ကြိုတင်ပညတ်တော်မမူ ၁၈၇
ဥဘတောဝိဘင်္ဂလာ ဘိက္ခုနီဆိုင်ရာ သိက္ခာပုဒ်များ ၁၈၈
ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်မှု ၁၉၄
ဇာတိ (အမျိုးအစား) သင်္ကန်း ခြောက်ထည် ၁၉၅
အနုလောမ (အလျော်) သင်္ကန်း ခြောက်မျိုး ၁၉၅
မြတ်ဗုဒ္ဓခွင့်ပြုသည့် သင်္ကန်း ကိုးထည် ၁၉၆
သင်္ကန်းကို စနစ်တကျ တီထွင်တော်မူခြင်း ၁၉၉
တိစီဝရိတ်ကို ခွင့်ပြုတော်မူခြင်း ၂၀၀
သင်္ကန်းမြတ် ဂုဏ်ရည် ၂၀၃
ဘိက္ခုနီများအတွက်သီးခြားခွင့်ပြုသည့်
သင်္ကန်းသုံးထည် ၂၀၅
ဘိက္ခုနီသင်္ကန်း ဆယ်ထည် ၂၀၇
သင်္ကန်းနှင့် မိန်းမသား ၂၁၀

## အခန်း (၄)
## မြတ်ဗုဒ္ဓလက်ထက် ဘိက္ခုနီသာသနာ


* ဘိက္ခုနီသာသနာ ပွင့်လင်းချိန် ၂၁၃
* ဘိက္ခုနီသာသနာ ပွင့်လင်းခဲ့ရာ ဌာနများ ၂၁၇
* ရာဇိကာရုံ ကျောင်းတော် ၂၁၉
* တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ ၂၂၅
* တေဒဂ်ဘွဲ့ထူးပေးရာ၌ အကြောင်းလေးမျိုး ၂၂၅
* မိထွေးတော်ဂေါတမီ ရတ္တညူ တေဒဂ်ဘွဲ့ ရရှိခြင်း ၂၂၈
* မဟာပညာ တေဒဂ်ဘွဲ့ထူးရှင် ခေမာထေရီ ၂၃၀
* ဣဒ္ဓိမန္တ တေဒဂ် ဘွဲ့ထူးရှင် ဥပ္ပလဝဏ္ဏာထေရီ ၂၃၇
* ဝိနယဓရ တေဒဂ် ဘွဲ့ထူးရှင် ပဋာစာရီထေရီ ၂၄၁
* ဓမ္မကထိက တေဒဂ် ဘွဲ့ထူးရှင် ဓမ္မဒိန္နာထေရီ ၂၄၉
* ဈာယီ တေဒဂ် ဘွဲ့ထူးရှင်
  နန္ဒာ (ဇနပဒကလျာဏီ)ထေရီ ၂၅၅
* အာရဒ္ဓ ဝီရိယ တေဒဂ် ဘွဲ့ထူးရှင်
  (ဗဟုပုတ္တိက) သောဏာထေရီ ၂၅၇
* ဒိဗ္ဗစက္ခုအဘိညာဉ် တေဒဂ် ဘွဲ့ထူးရှင်
  သကုလာထေရီ ၂၆၀
* ခိပ္ပါဘိည တေဒဂ် ဘွဲ့ထူးရှင်
  ဘဒ္ဒါကုဏ္ဍလကေသာထေရီ ၂၆၃
* ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်
  တေဒဂ် ဘွဲ့ထူးရှင် ဘဒ္ဒါကာပိလာနီထေရီ ၂၇၀
* မဟာဘိညာပတ္တ တေဒဂ် ဘွဲ့ထူးရှင် ဘဒ္ဒါကစ္စာနာ

(ယသောဓရာ)ထေရီ ၂၇၄
* လူခ စိဝရဓရ တေဒဂ်ဘွဲ့ထူးရှင်
ကိသာဂေါတမီထေရီ ၂၈၁
* သဒ္ဓါဓိမုတ္တ တေဒဂ် ဘွဲ့ထူးရှင်
သိင်္ဂါလက မာတာ ထေရီ ၂၈၉
* ခုနစ်နှစ်အရွယ် ရဟန္တာထေရီမယ်သုံးပါး ၂၉၄
* ပဋ္ဌဒီပိကာ ထေရီ ၂၉၅
* ကျေပေါသထိကာ ထေရီ ၂၉၈
* ပဋ္ဌဒီပ ဒါယိကာ ထေရီ ၃၀၀
* ပိဋကတ်သုံးပုံဆောင် ထေရီများ ၃၀၁
* မိထွေးတော်ဂေါတမီ၏ ဘဝနိဂုံး ၃၀၃
* မိထွေးတော်ဂေါတမီ၏ နောက်ဆုံးမှာတမ်း ၃၀၇
* မိထွေးတော်ဂေါတမီ၏ နောက်ဆုံးလျှောက်ထား
ကျေးဇူးစကား ၃၀၈
* နို့ဖိုး ကျေ၊ မကျေ ပြဿနာ စိစစ်ချက် ၃၁၃
* မိဘကျေးဇူးဆပ်နည်း ၃၁၄
* အကောင်းဆုံး ကျေးဇူးဆပ်ခြင်း ၃၁၅
* မိထွေးတော်ဂေါတမီ၏ တောင်းပန်စကား ၃၁၇
* မိထွေးတော်ဂေါတမီ တန်ခိုးပြခြင်း ၃၂၀
* မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံဝင်ခြင်း ၃၂၄
* မိထွေးတော်ဂေါတမီ၏ ရုပ်ပန အခမ်းအနား ၃၂၆

## အခန်း (၅)
## မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘိက္ခုနီသာသနာ


* ကိုးတိုင်းကိုးဌာနနှင့် ဘိက္ခုနီသာသနာ ၃၃၁
* နည်းဇယ္ယပြုဟာနှစ်မျိုး ၃၃၄
* ဘိက္ခုနီသာသနာပေါ်ထွန်းခဲ့ရာ တိုင်းကြီးသုံးတိုင်း ၃၃၅
* အပရန္တတိုင်းနှင့် ဘိက္ခုနီသာသနာ ၃၃၆
* အပရန္တတိုင်း စိစစ်ချက် ၃၃၈
* နမ္မဒါမြစ် ၃၃၉
* သစ္စဗန္ဓတောင် ၃၄၀
* သုပ္ပါရကမြို့ ၃၄၁
* သုဝဏ္ဏဘူမိနှင့် ဘိက္ခုနီသာသနာ ၃၄၄
* သုဝဏ္ဏဘူမိ စိစစ်ချက် ၃၄၇
* သီဟိုဠ်ကျွန်းနှင့် ဘိက္ခုနီသာသနာ ၃၅၇
* မဟာဝိဟာရ ကျောင်းတိုက် ၃၆၁
* ထူပါရုံ စေတီတော် ၃၆၂
* အနုဋ္ဌာဒေဝီ ဘိက္ခုနီပြုခြင်း ၃၆၄
* ဘိက္ခုနီသာသနာ အားနည်းချိန် ၃၇၁
* ဘိက္ခုနီသာသနာ ကုန်ဆုံးကွယ်ပျောက်ချိန် ၃၇၄
* ပုဂံခေတ်၌ ဘိက္ခုနီ ရှိ၊ မရှိ စိစစ်ချက် ၃၈၀
* ဘိက္ခုနီသာသနာ ကွယ်ပျောက်ရခြင်း အကြောင်းများ ၃၈၂
* ဘိက္ခုသံဃာ၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း ၃၈၈
* ဘိက္ခုသံဃာသည် မိန်းမသားတို့၏သာသနာ

ဝန်ထမ်းရဟန်းမအဖြစ် ဝင်ရောက်လာမှုကို
မလိုလားခြင်း ၃၉၁
* အရှင်အာနန္ဒာ အပြစ်တင်ခံရခြင်း ၃၉၁
* သင်္ဂါယနာတင်ပွဲကြီးများတွင် ဘိက္ခုနီများ
ပါဝင်ခွင့်မရရှိခဲ့ခြင်း ၃၉၃
* လူဒါယကာတို့၏ အားပေးချီးမြှောက်မှု
နည်းပါးခြင်း ၃၉၅
* သိက္ခာပုဒ်များ တင်းတင်းကြပ်ကြပ်
ပညတ်ထားခြင်း ၃၉၇
* ခေတ်ဆိုးခေတ်ပျက်တို့နှင့် အကြိမ်ကြိမ်
တွေ့ကြုံခဲ့ရခြင်း ၃၉၉
* သဒ္ဓါ၊ ပညာ နည်းပါးခြင်း ၄၀၁
* ပရိဗိုဇ်ရဟန်းမအသွင်ဖြင့် အစားထိုးလိုက်ခြင်း ၄၀၃
* ရသေ့နှင့် ပရိဗိုဇ် ၄၀၃
* ပရိဗိုဇ် နှစ်မျိုး ၄၀၄
* ဘိက္ခုနီ နှင့် သီလရှင် ၄၀၇
* အနွယ်အဆက် မတူညီပုံ ၄၀၇
* အကျင့်သီလ မတူညီပုံ ၄၀၉
* သီလနှစ်မျိုး ၄၁၁
* ဝတ်စားဆင်ယင်ပုံချင်း မတူညီပုံ ၄၁၁
* မျက်မှောက်ခေတ် မြန်မာသီလရှင်တို့၏
ဝတ်စားဆင်ယင်ပုံ ၄၁၆
* မျက်မှောက်ခေတ်နှင့် ဘိက္ခုနီ ပြဿနာ ၄၁၇
* နိဂုံးစကား ၄၂၇
* နိဂုံးဂါထာ ၄၃၂

## နိဒါန်းစကား

ဂေါ်ဝါဋ္ဌ သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တိုင်းမှာပင် ဘိက္ခု (ရဟန်း ယောကျ်ား)၊ ဘိက္ခုနီ (ရဟန်းမိန်းမ)၊ ဥပါသကာ၊ (ရတနာသုံးပါးကို ရှိသေဆည်းကပ်သော ယောကျ်ား)၊ ဥပါသိကာ (ရတနာသုံးပါးကို ရှိသေဆည်းကပ်သော မိန်းမ) ဟူသော အဖွဲ့အစည်း ပရိသတ်လေးပါး ရှိကြမြဲဖြစ်သည်။ ဘုရားရှင်တိုင်းမှာပင် ပထမ ဖြစ်သော ဘိက္ခုပရိသတ်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင် တော်မူ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရက် အနည်းငယ်အတွင်းမှာပင် ပေါ်ပေါက်လာခဲ့ကြမြဲဖြစ်သည်။

ကျွန်ုပ်တို့၏ ဂေါတမ မြတ်ဗုဒ္ဓတွင်လည်း ဘုရားအဖြစ်သို့ ရောက် တော်မူပြီးနောက် ရက်ပေါင်းခြောက်ဆယ်(နှစ်လ)အကြာ၊ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ တရားဦး ဒေသနာကို ဟောကြားတော်မူပြီးသည့်အဆုံး၌ ရဟန်းပြုပေးတော်မူပါရန် တောင်းပန်လာသော အရှင်ကောဏ္ဍညအား ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့သဖြင့် ဘိက္ခုပရိသတ် စတင်ပေါ်ထွန်း လာခဲ့သည်။ အရှင်ကောဏ္ဍညကား သာသနာတော်၌ ပထမဆုံး ပေါ်ထွန်း လာခဲ့သည့် ရဟန်းတော်ဖြစ်၏။ ထို့ကြောင့် "ဘိက္ခုပရိသတ်အစ အရှင် ကောဏ္ဍည မထေရ်က"

ဟု ဆိုသင့်ပေသည်။

မြတ်ဗုဒ္ဓ၏ တတိယ ပရိသတ်ဖြစ်သော ဥပါသကာ ပရိသတ်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟ (လေးဆယ့်ကိုးရက်) စံနေတော်မူရာမှ ထတော်မူသည့် ဝါဆိုလဆန်း (၅) ရက်နေ့တွင် ဥက္ကလာပ ဇနပုဒ်သား တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ဒွေဝါစိက သရဏဂုံ ဆောက်တည်၍ ဥပါသကာအဖြစ်ကို ခံယူခဲ့ကြသဖြင့် ဥပါသကာ ပရိသတ် စတင်ပေါ်ထွန်းခဲ့သည်။ သို့ဖြစ်၍ "ဥပါသကာ ပရိသတ်အစ တပုဿ၊ ဘလ္လိက ညီနောင်က" ဟု ဆိုသင့်ပေသည်။

စတုတ္ထ ပရိသတ်ဖြစ်သော ဥပါသိကာ ပရိသတ်မှာလည်း မြတ်ဗုဒ္ဓ ဣသိပတန မိဂဒါဝုန်တော၌ ပထမဆုံး ဝါကပ် သီတင်းသုံးတော်မူချိန်မှာပင် အရှင်ယသ၏ မယ်တော် (ယနာနို့ဆွမ်းလှူသူ) သုဇာတာသေဋ္ဌေးကတော်နှင့် ဇနီးဟောင်းတို့ တေဝါစိက သရဏဂုံ ဆောက်တည်၍ ဥပါသိကာအဖြစ် ခံယူခဲ့ကြသဖြင့် ဥပါသိကာ ပရိသတ် စတင်ပေါ်ထွန်းခဲ့သည်။ သို့ဖြစ်၍ အမျိုးသမီးတို့တွင် အစဆုံး ဥပါသိကာမအဖြစ် ခံယူခဲ့ကြသူတို့မှာ အရှင်ယသ၏ မယ်တော်နှင့် ဇနီးဟောင်းတို့ပင် ဖြစ်သည်ဟု ဆိုရပေမည်။

မြတ်ဗုဒ္ဓ၏ ပရိသတ်လေးပါးတို့အနက် ဘိက္ခု ပရိသတ်၊ ဥပါသကာ ပရိသတ်၊ ဥပါသိကာ ပရိသတ် ဟူသော ပရိသတ် သုံးပါးသည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ဣသိပတန မိဂဒါဝုန်တော၌ ဝါကပ်သီတင်းသုံးတော်မူချိန်အထိ သုံးလခန့် ကာလ အတွင်းမှာပင် ပေါ်ထွန်းခဲ့သည်။

ဒုတိယ ပရိသတ်ဖြစ်သော ဘိက္ခုနီ ပရိသတ်မှာမူဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ငါးဝါမြောက် ရောက်သောအခါတွင်မှ မိထွေးတော် ဂေါတမီအား ဂရုဓမ်ရှစ်ပါးကို ဝန်ခံစေခြင်းဖြင့် ဘိက္ခုနီ

အဖြစ်ကို ခွင့်ပြုတော်မူခဲ့သဖြင့် ဘိက္ခုနီ ပရိသတ် စတင်ပေါ်ထွန်း လာခဲ့သည်။ သို့ဖြစ်၍ "ဘိက္ခုနီ ပရိသတ်အစ မိထွေးတော် ဂေါတမီက" ဟု ဆိုရမည်ပင် ဖြစ်ပေသည်။

ယင်းသို့ဘိက္ခုနီ ပရိသတ် ပေါ်ထွန်းလာရေးအတွက် အမျိုး သမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့်ကို လွယ်လင့်တကူ ရရှိ ခဲ့ခြင်းကား မဟုတ်ပါချေ။ မိထွေးတော် ဂေါတမီ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှု၊ အရှင်အာနန္ဒာ၏ ပံ့ပိုးကူညီမှုတို့ကြောင့် ရရှိလာခဲ့ခြင်း ဖြစ်သည်။ မိထွေးတော် ဂေါတမီသည် မဇ္ဈိမဒေသ၏ အခြေအနေအရ အခွင့်အရေး အလွန်နည်းပါး နိမ့်ကျလှသော အမျိုး သမီးတို့၏ဘဝကို ပြောင်းလဲမြှင့်တင်၍ ယောကျ်ားများနှင့်တန်းတူ သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ရရှိအောင် ဆင်းရဲပင်ပန်းကြီးစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ယင်းသို့ မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပေါ်ထွန်းလာခဲ့သော ဘိက္ခုနီသာသနာ သည် မြတ်ဗုဒ္ဓ လက်ထက်တော်အခါမှသည် တတိယ သင်္ဂါယနာတင် ခေတ်တိုင်အောင် စည်ပင်ပွင့်လင်းခဲ့၍ အကြောင်း အမျိုးမျိုးတို့ကြောင့် သာသနာနှစ်တစ်ထောင် (အေဒီ-၄၅၆) ခန့်တွင် ကုန်ဆုံး ကွယ်ပျောက် ခဲ့ရလေသည်။

ယင်းသို့ ဘိက္ခုနီ သာသနာကုန်ဆုံး ကွယ်ပျောက်ခဲ့သည်မှာ နှစ်ပေါင်း (၁၅၃၆) တစ်ထောင့်ငါးရာ သုံးဆယ့်ခြောက်နှစ်ခန့်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သဖြင့် ဘိက္ခုနီတို့နှင့် ပတ်သက်စပ်ဆိုင်သော အကြောင်းအရာများသည်လည်း တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ် လာခဲ့ကြရာ မျက်မှောက်ခေတ်တွင် သာသနာတော်၌ အမျိုးသမီးများ သက်န်းဝတ်၍ ယောကျ်ားများကဲ့သို့ ရဟန်းပြုထိုက်ကြောင်းကို သိသူပင် အလွန်နည်းပါးနေကြသည်ကို တွေ့ရပေသည်။ ဗုဒ္ဓဘာသာ ဝင်အများစုတို့ကပင် အမျိုးသမီးများသည် သင်္ကန်းနှင့် မထိုက်တန်၊

သက်န်းနှင့် အမျိုးသမီး မအပ်စပ်၊ သင်္ကန်းကို အမျိုးသမီးများ မဝတ်ကောင်းဟူ၍ ထင်မှတ်နေကြသည်။ ထို့ပြင် သိမ်ထဲသို့လည်း အမျိုးသမီးများ မဝင်ကောင်း ဟူ၍ပင် ထင်မှတ်နေကြသည်။

အချို့သော အမျိုးသမီးများက "တပည့်တော်မတို့လည်း ယောကျ်ားသာဖြစ်လျှင် အရှင်ဘုရားတို့လိုပင် သင်္ကန်းဝတ်၍ ရဟန်းတရား အားထုတ်လိုပါသည်" ဟု ပြောဆိုကြသည်ကို မကြာခဏ ကြားရဖူးပါသည်။ ထိုအမျိုးသမီးများသည် မြတ်ဗုဒ္ဓ လက်ထက်တော်အခါက အမျိုးသမီးများလည်း သင်္ကန်းဝတ်၍ ဘိက္ခုနီအဖြစ်ဖြင့် ရဟန်းတရား ပွားများအားထုတ်ခွင့် ရှိခဲ့သည်ကို သိရှိကြဟန်ပင် မတူပေ။ ယောကျ်ားဖြစ်မှ သင်္ကန်းဝတ်ကောင်းသည်။ ရဟန်း ပြုထိုက်သည်ဟု ထင်မှတ်ကြသဖြင့် မိန်းမသား ဖြစ်ရသော သူတို့၏ ဘဝကို အားမလိုအားမရဖြစ်၍ ပြောဆိုနေကြခြင်း ဖြစ်ပေသည်။ ဤလို သဒ္ဓါတရားထက်သန်သော အမျိုးသမီးများလည်း များစွာပင် ရှိကြလိမ့်မည်ဟု ယူဆမိပါသည်။

ထိုအမျိုးသမီးများအား မြတ်ဗုဒ္ဓလက်ထက်တော်အခါက မြေလျှိုးမိုးပုံ ဈာန်အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံခဲ့ကြသော မိထွေးတော် ဂေါတမီထေရီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ဓမ္မဒိန္နာထေရီ၊ ဘဒ္ဒါကစ္စာနာထေရီ၊ ဇနပဒကလျာဏီထေရီ စသော ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိည၊ တေဒဂ်ဘွဲ့ရ ရဟန္တာထေရီမတို့၏ အကြောင်းအရာများကို အားပါးတရ ပြောပြလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် အခြေအနေနှင့် အချိန်အခါမသင့်၍ ပြောပြနိုင်ခွင့် မရရှိခဲ့ပေ။

ဤသို့ဖြင့် စာရေးသူသည် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၌ သာသနတက္ကသီလ မဟာဓမ္မာစရိယ သင်တန်းတက်ခွင့်ရ၍ ပထမနှစ်၊ ဒုတိယနှစ် သင်တန်းများ အောင်မြင်ပြီးသောအခါ သာသနတက္ကသီလ မဟာဓမ္မာစရိယ

M.A (Buddhism) ဘွဲ့အတွက် ကျမ်းစာတစ်စောင်ရေးသား ပြုစုတင်သွင်းရန် အခွင့်ကြုံလာခဲ့ပါသည်။

ဤသို့သော အခွင့်အရေးကြီးနှင့် ကြုံကြိုက်လာသောအခါတွင် ဖော်ပြပါ ဆန္ဒအာသီသတို့၏ တွန်းအားပေးမှုကြောင့် မြတ်ဗုဒ္ဓလက်ထက်တော်အခါက အမျိုးသမီးများလည်း သာသနာတော်သို့ ဝင်ရောက် ရဟန်းပြုကြ၍ သာသနာ့တာဝန်များကို တစ်တပ်တစ်အား စွမ်းအားရှိသမျှ စွမ်းဆောင်ခဲ့ကြပုံနှင့် ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညရဟန္တာထေရီများ၊ တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ၊ ပိဋကတ် သုံးပုံဆောင် ရဟန္တာထေရီများဖြင့် ဘိက္ခုနီသာသနာ စည်ပင်ပွင့်လင်းခဲ့ပုံ အကြောင်းအရာများကို ကျမ်းစာတစ်စောင် ရေးသားပြုစုတင်သွင်းရန် စိတ်အကြံ ဖြစ်ပေါ်လာခဲ့ပါသည်။ တစ်ဖန် ဘိက္ခုနီသာသနာအကြောင်းကို ရေးသားပြုစုရာတွင် ဘိက္ခုနီ သာသနာပေါ်ထွန်းလာအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သော မိထွေးတော် ဂေါတမီ၏ အကြောင်းအရာ မပါလျှင် ပြီးပြည့်စုံမည် မဟုတ်သဖြင့် အမျိုးသမီးခေါင်းဆောင် သာသနာ့အာဇာနည် မိထွေးတော်ဂေါတမီ ထေရီမကြီး၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများကိုလည်း ကျယ်ကျယ် ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြရန် ဆန္ဒဖြစ်ပေါ်လာခဲ့ပါသည်။

သို့ဖြင့် ဘိက္ခုနီသာသနာ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော မိထွေးတော် ဂေါတမီထေရီမကြီး၏ ဘဝဖြစ်စဉ်အတ္ထုပ္ပတ္တိအကြောင်းအရာများနှင့် ဘိက္ခုနီ သာသနာနှင့် ပတ်သက်စပ်ဆိုင်သော အကြောင်းအရာများကို ရေးသားပြုစုမည် ဖြစ်သဖြင့် ကျမ်း၏ အမည်ကို "မိထွေးတော် ဂေါတမီနှင့် ဘိက္ခုနီ သာသနာ" ဟု ခေါင်းစီးတပ်၍ ကျမ်းခေါင်းစဉ် စိစစ်ရေးအဖွဲ့သို့ တင်သွင်းခဲ့ပါသည်။

ဘိက္ခုနီသာသနာနှင့် ပတ်သက်စပ်ဆိုင်သော အကြောင်းအရာများသည် ထေရဝါဒ ပိဋကတ်ကျမ်းဂန်တို့မှ တစ်ပါးသော မဟာယာနိက (မဟာယာနဂိုဏ်းလာ) ပိဋကတ် ကျမ်းဂန်တို့၌လည်း ပါရှိမည်ပင် ဖြစ်ပေရာ အထူးအထူး အထွေထွေ ကွဲပြားခြားနား၍ ကျယ်ဝန်းနက်နဲနေမည်ဖြစ်သဖြင့် ဤကျမ်းကို ရေးသားရာတွင် အဓိကအားဖြင့် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ၏ ဖော်ပြဖွင့်ဆိုချက်များကိုသာ ကျောရိုးပြု၍ ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။ ထိုမှတစ်ပါး အကြောင်းအရာ နီးစပ်ဆက်သွယ်မှု အားလျော်စွာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့မှ တစ်ပါးသော ထေရဝါဒ ပိဋကတ်တော်များနှင့် မဆန့်ကျင်သော ပါဠိဘာသာကျမ်း၊ မြန်မာဘာသာကျမ်းတို့လာ ဖွင့်ဆိုချက်၊ အဆိုအမိန့်များနှင့်လည်း ညှိနှိုင်းတိုက်ဆိုင်၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

ဤ "မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာ" ကျမ်းကို ရေးသားရာ၌ ရည်ရွယ်ချက် လေးမျိုးထားရှိပါသည်။ ၎င်းတို့မှာ–

၁။ မျက်မှောက်ခေတ် အမျိုးသမီးများသည် မိထွေးတော် ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို စံထား၍ ပရဟိတ စိတ်ဓာတ်များ အစဉ်အဆက် ရှင်သန်လျက် လောကအကျိုး၊ သာသနာအကျိုး စီးပွားများကို သယ်ပိုးဆောင်ရွက်လိုစိတ်များဖြစ်ပေါ်လာနိုင်ကြစေရန်။

၂။ အမျိုးသမီးများအနေဖြင့် "မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ငါတို့ အမျိုးသမီးများလည်း ရဟန်းယောကျာ်းများနှင့် တန်းတူ ရဟန်းမ, ပြုကြ၍ တန်ခိုးအရာ၊ ပညာအရာ

စသည်တို့၌ တေဒဂ်ဘွဲ့ထူး ဆွတ်ခူးရယူနိုင်ခဲ့ကြပေသည် တကား" ဟု ဂုဏ်ယူဝမ်းမြောက်နိုင်ကြစေရန်။

၃။ မိမိတို့ရရှိထားသော မိန်းမသားဘဝကို စိတ်ပျက်အားငယ် မနေဘဲ မြတ်ဗုဒ္ဓ လက်ထက်တော်က တေဒဂ်ရထေရီများ၏ ပါရမီဆုတောင်း ကောင်းမှုပြုခဲ့ပုံများကို အတုယူ၊ အားကျ၍ ပါရမီကောင်းမှုများကို ဖြည့်ဆည်းနိုင်ကြစေရန်။

၄။ ဘိက္ခုနီသာသနာ စာလျှင်စွာ ကုန်ဆုံး ပျောက်ကွယ်သွားရခြင်းကို သင်ခန်းစာယူ၍ မိမိတို့၏အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ ထိန်းသိမ်း စောင့်ရှောက်လိုသော စိတ်ဓာတ်များအစဉ်ထာဝရ ရှင်သန်လာနိုင်ကြစေရန်တို့ ဖြစ်ပါသည်။

## ရနိုင်သော အကျိုးကျေးဇူး

ဤကျမ်းကို လေ့လာဖတ်ရှုခြင်းဖြင့် အထက်တန်းကျမြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ ဘဝရည်မှန်းချက်နှင့် ဆောင်ရွက်ချက်များကို သဘောပေါက် နားလည်လာခြင်း၊ ထိုပုဂ္ဂိုလ်မြတ်တို့၏ ပါရမီဆုတောင်းကောင်းမှု ပြုပုံပြုနည်းများကို အတုယူ၍ ပါရမီဖြည့်ဆည်းလိုစိတ်များ ဖြစ်ပွားလာနိုင်ခြင်း၊ မိထွေးတော် ဂေါတမီထေရီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ဓမ္မဒိန္နာထေရီ စသော ရဟန္တာထေရီမတို့သည် မိန်းမသားများပင် ဖြစ်ကြသော်လည်း ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး စသော နက်နဲသောတရားများကို သိစွမ်းနိုင်ကြ၍ လောကအကျိုး၊ သာသနာအကျိုးစီးပွားများကို သယ်ပိုးထမ်းဆောင်နိုင်ကြပေသည်တကားဟု မြင့်မြတ်သော စိတ်ဓာတ်များ ရှင်သန်ထက်မြက်၍ လောက၊သာသနာ နှစ်ဖြာသော အကျိုးစီးပွားများကို သယ်ပိုးထမ်းဆောင်လိုစိတ်များ ဖြစ်ပေါ်လာ

နိုင်ခြင်း၊ သုတေသီတို့အနေဖြင့်လည်း သာသနာ့အာဇာနည် မိထွေးတော်ဂေါတမီ ထေရီမကြီး၏ အတ္ထုပ္ပတ္တိအကြောင်းအရာများနှင့် ဘိက္ခုနီသာသနာ စတင်ဖြစ်ပေါ်လာချိန်မှစ၍ ကုန်ဆုံးကွယ်ပျောက်ချိန်အထိ အကြောင်းအရာများကို တစ်ကျမ်းတည်း၌ အချိန်မကုန် လူမပင်ပန်းဘဲ အထောက်အထား အကိုးအကားများနှင့်တကွ လွယ်လွယ်ကူကူ စုံစုံလင်လင် လေ့လာမှတ်သားနိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အရှင်ပညာဝံသ
(အစိုးရဓမ္မာစရိယ၊ သာသနတက္ကသိလမဟာဓမ္မာစရိယ M.A.)
လက်ထောက်မော်ကွန်းထိန်း
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေး၊ ရန်ကုန်။

## ပဏာမ နှင့် ပဋိညာဉ်

စတုပ္ပရိသသမ္ဗန္ဓံ၊ ဗုဒ္ဓံတိလောကပူဇိတံ။
ဝန္ဒေသုဒေသိတံဓမ္မံ၊ သံဃဥ္စတဿဩရသံ။
ပုရက္ခတာယဥပ္ပတ္တိ၊ ဂေါတမီနာမထေရိယာ။
သာသနံစတဒါယတ္တံ၊ တဿိဒံသုဝိဘာဝနံ။

စတုပ္ပရိသသမ္ဗန္ဓ–ဘိက္ခု၊ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာဟု၊ လေးဖြာသတ်မှတ်၊ ပရိသတ်နှင့်၊ မပြတ်ကုံလုံ၊ ပြည့်စုံတော်မူသော။ တိလောကပူဇိတံ–ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူလေးမြတ်၊ ပူဇော်တော်မူအပ်သော။ ဗုဒ္ဓဥ္စ–ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေးသစ္စာကို၊ ပိုင်းကာထင်ထင်၊ သိမြင်တော်မူပြား၊ မြတ်ဘုရားကို လည်းကောင်း။ (တေန–ထိုမြတ်စွာဘုရားသည်) သုဒေသိတံ–မဟာကရုဏာ၊ ရင်းတည်ကာဖြင့်၊ ကောင်းစွာမသွေ၊ ဟောချွေ တော်မူအပ်သော။ ဓမ္မဥ္စ–မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန် သတ်မှတ်၊ တရားတော်မြတ်ကိုလည်းကောင်း။ တဿ–ထိုမြတ်စွာ ဘုရား၏။ ဩရသံ–ရွှေရင်တော်နှစ်၊ သားတော်စစ်ဖြစ်သော။ သံဃဥ္စ–မဂ္ဂဌာန်၊ ဖလဋ္ဌာန်၊ ရှစ်တန် ထင်ပေါ် အရိယာ သံဃာတော် ကိုလည်းကောင်း။ (အဟံ–သုတရှာမှီး၊ အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးတို့၊ ထုံးနည်းယူရန်၊ လမ်းမှန်ညွှန်ပြ၊ ဓမ္မရတနာ၊ မြတ်ကျမ်းစာကို၊ ကောင်းစွာရေးမည်၊ စိတ်ကြံစည်၍၊ ဉာဏ်ရည် ထုတ်ဖော်၊ တပည့်တော်သည်) ဝန္ဒေ–(ဝန္ဒာမိ)–ဘယလာဘ၊ စသည့်ကြဉ်ဖယ်၊ ဂုဏ်သွယ်သွယ်ကို၊ စိတ်ဝယ်မှန်းဆ၊ ဂါရဝဖြင့်၊ မာန်ချညွှတ်ကျိုး၊ ရှိခိုးပါ၏။

ဝန္ဒိတွာ–ရှိခိုးပြီး၍၊ ပုရက္ခတာယ–ဗုဒ္ဓမြတ်စွာ၊ သာသနာတွင်း၊ မိတင်းခိုဝင်၊ ထေရီရှင်တို့၏၊ ရှေ့သွားခေါင်းဆောင်ဖြစ်သော။ ဂေါတမီနာမထေရိယာ– မိထွေးတော် ဂေါတမီတွင်ခေါ်၊ ထေရီမော်၏။

ဥပုတ္တိ'စ–ဖြစ်စဉ်ကြောင်းရပ်၊ အတ္တုပ္ပတ်ကိုလည်းကောင်း။။တဒါယတ္တံ–ထိုမိထွေးတော် ဂေါတမီခေါ်၊ ထေရီမော်နှင့် ဆက်နွယ်သော။ သာသနံ'စ–ရှင်တော်သက်မှတ် ၊ ပရိသတ်တွင်၊ တစ်ရပ်ပါဝင်၊ ထေရီရှင်တို့၊ ချည်းကပ်ဝင်ရာ၊ ဘိက္ခုနီသာသနာကိုလည်းကောင်း (ဝါ) ဘိက္ခုနီသာသနာနှင့်စပ်၊ သိမှတ်ဖွယ်ရာ၊ အဖြာဖြာကိုလည်းကောင်း။ သုဝိဘာဝနံ–ပါဠိအဋ္ဌကထာဋီကာ၊ ကျမ်းစုံစွာမှ၊ လိုရာကိုထုတ်၊ အနှစ်ချုပ်ကာ၊ ကောင်းစွာပြရာပြကြောင်းဖြစ်သော။ ဣဒံဂန္ထံ–မိထွေးတော် ဂေါတမီနှင့် ဘိက္ခုနီသာသနာ၊ မည်သာတင့်ဆန်း၊ ဤဘွဲ့ယူကျမ်းကို။ ကဿံ–မကျဉ်းမကျယ်၊ ငါးခန်းသွယ်လျက်၊ သိဖွယ်စုံမျှ၊ မကျန်ရအောင် ၊ လုံ့လကြိုးစား၊ ရေးသားတင်ပြပေအံ့။

# အခန်း(၁)

# မိထွေးတော် ဂေါတမီ၏ အတိတ်ဘဝနှင့် ပါရမီဆုတောင်း

## အတိတ်ဘဝ

အစမထင်သော သံသရာတစ်ခွင်၌ ကျင်လည်နေကြရသော သတ္တဝါတို့သည် ဝဋ်ဒုက္ခမှ မလွတ်မြောက်နိုင်သေးသမျှ လွန်လေပြီးသော အတိတ်ဘဝ၊ ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၊ နောင်ဖြစ်လတ္တံ့သော အနာဂတ်ဘဝဟူသော ဘဝသုံးပါးတို့ ရှိနေကြမည်ပင်ဖြစ်သည်။

ယခုပစ္စုပ္ပန်ဘဝသည် တမလွန်ဘဝမှ ပြန်ကြည့်လျှင် အတိတ်ဖြစ်၍၊ ယခုအနာဂတ် ဘဝသည်လည်း တမလွန်ဘဝအတွက် ပစ္စုပ္ပန်ဖြစ်ရလေသည်။ ဤသို့ဖြင့် ပစ္စုပ္ပန်ဘဝတို့သည် အတိတ်ဘဝများအဖြစ်သို့ ရောက်ရှိကြ၍ အနာဂတ်ဘဝများစွာတို့သည်လည်း ပစ္စုပ္ပန်ဘဝ၊ အတိတ်ဘဝများအဖြစ်သို့ အဆင့်ဆင့် ပြောင်းလဲရောက်ရှိလာခဲ့ကြရသည်။ ဤနည်းဖြင့် အတိတ်ဘဝပေါင်း အရာအထောင်မက ဖြစ်ခဲ့ရလေသည်။

အတိတ်ဘဝသည် ပစ္စုပ္ပန်ဘဝနှင့် အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်လျက် ရှိသကဲ့သို့ ပစ္စုပ္ပန်ဘဝသည်လည်း အနာဂတ်ဘဝနှင့် အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်လျက်ရှိနေပေသည်။ ပစ္စုပ္ပန်ဘဝ ကောင်းကျိုးဆိုးကျိုးများကို ကြည့်၍ အတိတ်ဘဝ အကြောင်း ကောင်း-မကောင်းကို သိနိုင်သကဲ့သို့ ပစ္စုပ္ပန်ဘဝ လုပ်ဆောင်ချက်များကို ကြည့်သဖြင့်လည်း အနာဂတ်ဘဝ ကောင်းကျိုးဆိုးကျိုးများကို မှန်းဆသိရှိနိုင်ပေသည်။ ဤသို့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသော ဘဝသုံးပါးတို့သည် တစ်ဘဝနှင့် တစ်ဘဝ ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် အကြောင်းအကျိုး ဆက်စပ်၍ ပဋ္ဌာန်းနည်းဖြင့် ကျေးဇူး ပြုလျက်ရှိကြသည်။

မိထွေးတော် ဂေါတမီသည် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ သကျသာကီဝင်မင်းမျိုး မင်းနွယ်၌ဖြစ်၍ ဘုရားအလောင်း မယ်တော် မဟာမာယာ၏ ညီမတော်ရင်းလည်းဖြစ်၏။ ဘုရားအလောင်းတော်ကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရသည့် ကျေးဇူးရှင် မိထွေးတော်ကြီး လည်းဖြစ်သည်။ အလောင်းတော်မင်းသား ဘုရားအဖြစ်သို့ ရောက် တော်မူသောအခါ မိန်းမသားများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိအောင် ကြိုးပမ်းဆောင်ရွက်၍ ပထမဆုံး ဘိက္ခုနီ အဖြစ်ကို ရရှိခဲ့သူလည်းဖြစ်၏။ တစ်ဖန် ဘိက္ခုနီတို့တွင် ပထမဆုံး ရဟန္တာ ထေရီအဖြစ်သို့ ရောက်ရှိခဲ့၍ ဧတဒဂ်ဘွဲ့ထူးများ ချီးမြှင့်တော် မူသောအခါ ညဉ့်အပိုင်းအခြားကို သိသောအရာ (သိက္ခာဝါ ကြီးသော အရာ) တွင် အသာဆုံး အမြတ်ဆုံး "ရတ္တညူ ဧတဒဂ်"ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့သူလည်း ဖြစ်လေသည်။

ဤသို့သော အဆင့်အတန်းမျိုးသို့ ရောက်ရှိခဲ့သည်မှာ မျက် မှောက် ပစ္စုပ္ပန်ဘဝ တစ်ဘဝတည်း၌ ကြိုးပမ်းဆောင်ရွက်ခဲ့သော ကံ၊ ဉာဏ်၊ ဝီရိယ စွမ်းအင်တို့ကြောင့်သာ မဟုတ်ချေ။ လွန်လေပြီး

သော အတိတ်ဘဝပေါင်းများစွာက ဆုတောင်းပန်ဆင်ဖြည့်ဆည်းခဲ့သော ပါရမီ ဘုန်းကံတို့၏ စွမ်းအင်ကြောင့်လည်း ဖြစ်ပေသည်။

မှန်ပါသည်။ လောက၌ ထင်ရှားကျော်ကြားသော အသိပညာရှင်၊ အတတ်ပညာရှင် တစ်ဦးအဖြစ်သို့ ရောက်ရှိလာသူသည် တစ်နှစ်တည်းတွင် အားထုတ်ဆည်းပူး၍ ရောက်ရှိလာခဲ့ခြင်း မဟုတ်ချေ။ နှစ်ပေါင်းများစွာ အားထုတ်ဆည်းပူးပြီးမှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့အတူပင် မိထွေးတော် ဂေါတမီသည်လည်း မြတ်ဗုဒ္ဓ၏ မိထွေးတော်ကြီးအဖြစ်ဖြင့် ရတ္တညျူ တေဒဂ်ဘွဲ့ထူးရှင် ထေရီမကြီးအဖြစ်သို့ ရောက်ရှိလာရေးအတွက် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါမှစ၍ ကမ္ဘာတစ်သိန်းတိုင်တိုင် ဒါနသီလ စသော ပါရမီကုသိုလ်များကို ဖြည့်ဆည်းခဲ့ရလေသည်။

## ပါရမီဟူသည်

ဤ၌ ပါရမီဟူသော ဝေါဟာရမှာ ပါဠိဘာသာစကားဖြစ်၏။ သို့သော် မြန်မာစကားတွင် အသုံးတွင်ကျယ်နေသဖြင့် မြန်မာဝေါဟာရဟူ၍ပင် မှတ်ထင်ရသည်။

ပါရမီ ဟူသော စကားရပ်၌ ပရမပုဒ်ရင်းနှင့် ဤပစ္စည်း (ပရမ+ဤ) ဤနှစ်ရပ်ကို တွဲစပ်ထားခြင်းဖြစ်၏။ ပရမ ဟူသော ရှေ့ပုဒ်မှာ “မြင့်မြတ်ခြင်း” အနက်ကို ဟောသောပုဒ်ဖြစ်၏။ ဤအရာ၌ ဒါန၊ သီလ စသော ကျေးဇူးဂုဏ်အထူးနှင့် ပြည့်စုံတော်မူကြသော အလောင်းတော်ကြီးများကို “ပရမ” (လွန်မြတ်သောပုဂ္ဂိုလ်) ဟူ၍ ဆိုလိုပေသည်။

ထိုသို့ဒါန၊ သီလ စသော ကျေးဇူးဂုဏ်အထူးတို့နှင့် သူမတူအောင် ပြည့်စုံသည်ကို အကြောင်းပြု၍ “ဤသူကား အလောင်းတော်ကြီးတည်း၊ ပရမ–မည်သော ပုဂ္ဂိုလ်မြတ်ကြီးတည်း”

ဟု ကြားသူ၊ မြင်သူ၊ သိသူတို့၏ နှုတ်မှ ဖွင့်ဟပြောဆိုသောအသံ (သဒ္ဒါ) နှင့် အသိဉာဏ် ဤနှစ်မျိုးတို့ ဖြစ်ပေါ်လာရ၏။ သို့ဖြစ်၍ ထိုဒါန၊ သီလစသော ဂုဏ်ကျေးဇူးတို့ကို "ဤသူကား အလောင်းတော်ကြီးတည်း၊ ပရမ မည်သော ပုဂ္ဂိုလ်မြတ်ကြီးတည်း" ဟု ပြောဆိုသောအသံ (သဒ္ဒါ)နှင့် အသိဉာဏ်၊ ဤနှစ်မျိုးတို့ ဖြစ်ကြောင်း ဖြစ်သောကြောင့် "ပါရမီ" ဟူ၍ ခေါ်ဆိုရသည်။

တစ်နည်းအားဖြင့် ထိုဒါန၊ သီလ စသော ဂုဏ်ကျေးဇူးတိုကို အလောင်းတော်ကြီးများသာ လွန်လွန်ကဲကဲ ပြုလုပ်အားထုတ် နိုင်ကြ၏။ သို့ဖြစ်၍ ထိုဒါန၊ သီလ စသည် တို့ကို "အလောင်းတော်ကြီးများ၏ လုပ်ငန်းစဉ် ၊ အလောင်းတော်ကြီးများ၏ ဥစ္စာ" ဟူ၍ ခေါ်ဆိုရ၏။ ထို့ကြောင့် "အလောင်းတော်ကြီးများ၏ လုပ်ငန်းစဉ်၊ အလောင်းတော်ကြီးများ၏ ဥစ္စာ" ဖြစ်သော ဒါန၊ သီလ စသော ဂုဏ်ကျေးဇူးတို့ကို "ပါရမီ" ဟူ၍ ခေါ်ဆိုရလေသည်။

ဤအကြောင်းကို မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးက မဟာဗုဒ္ဓဝင်ကျမ်း၌–

"ပရမ–မည်ငြား၊ လောင်းတော်များဟု၊ ပြောကြားသဒ္ဒါ၊ သိပညာတို့၊ နှစ်ဖြာဖြစ်ကြောင်း၊ တစ်နည်းဆောင်းသော်၊ လောင်းတော်ဥက္ကဋ္ဌ၊ သူမြတ်တို့သာ၊ ပြုနိုင်ရာသည်၊ ဥစ္စာကိစ္စဖြစ်ခြင်းတကြောင့်၊ ဒါနစချီ၊ ထိုဆယ်လီ၊ ပါရမီဟု ခေါ်သတည်း"။

ဟု လင်္ကာစီကုံးရေးသားခဲ့လေသည်။

## ပါရမီဆယ်ပါး အပြားသုံးဆယ်

ထိုပါရမီမှာ–

၁။ ဒါနပါရမီ=ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း၊

၂။ သီလပါရမီ=ကိုယ်ကျင့်သီလ စောင့်ထိန်းခြင်း၊

၃။ နေက္ခမ္မပါရမီ=တောထွက်ခြင်း၊(တပ်မက်မှုများမှ ရုန်းထွက်ခြင်း)

၄။ ပညာပါရမီ=ပညာဆည်းပူးခြင်း၊

၅။ ဝီရိယပါရမီ=ကြိုးစားအားထုတ်ခြင်း၊

၆။ ခန္တီပါရမီ=သည်းခံခြင်း၊

၇။ သစ္စပါရမီ=မှန်ကန်စွာပြုခြင်း၊

၈။ အဓိဋ္ဌာနပါရမီ=စွဲစွဲမြဲမြဲဆောက်တည်ခြင်း၊

၉။ မေတ္တာပါရမီ=ချစ်ခင်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊

၁၀။ ဥပေက္ခာပါရမီ=လျစ်လျူရှုခြင်း၊

ဟူ၍ ဆယ်ပါးရှိသည်။

ထိုပါရမီဆယ်ပါးတို့တွင် တစ်ပါးလျှင် ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ ဟူ၍ သုံးပါးစီ ပြားသောကြောင့် ပါရမီသည် အကျယ်အားဖြင့် သုံးဆယ်ဖြစ်လေသည်။

ဥပမာ–ဒါနသည် (၁) ဒါနပါရမီ၊ (၂) ဒါနဥပပါရမီ (၃) ဒါန ပရမတ္ထပါရမီ ဟူ၍ သုံးပါးပြားသကဲ့သို့ သီလစသည်တို့၌လည်း ထို့အတူပင် သုံးပါးစီ ပြား၏။

ဤသုံးပါးတို့အတွက် ရှေးဦးစွာ–

(၁) သားမယား၊ ရွှေငွေ အစရှိသော အသုံးအဆောင်ဝတ္ထု၊

(၂) မိမိ၏ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်၊

(၃) အသက်

ဟူ၍ သုံးမျိုးပိုင်းခြားအပ်၏။ ထို့နောက် ဒါနအတွက်–

(၁) သားမယား၊ ရွှေငွေအစရှိသော အသုံးအဆောင် ဝတ္ထုကို

စွန့်လှူခြင်းသည် ဒါနပါရမီ၊

(၂) မိမိ၏လက်ခြေအစရှိသော အင်္ဂါကြီးငယ်ကို စွန့်လှူခြင်းသည် ဒါနဥပပါရမီ၊

(၃) အသက်ကို စွန့်လှူခြင်းသည် ဒါနပရမတ္ထပါရမီ ဟူ၍ မှတ်သားအပ်၏။

ထို့အတူပင် သားမယား၊ ရွှေငွေ အစရှိသော အသုံးအဆောင် ဝတ္ထုဟူသောအကြောင်း၊ လက်ခြေအစရှိသော အင်္ဂါကြီးငယ် ဟူသော အကြောင်း၊ အသက်ဟူသော အကြောင်းတို့ကြောင့် မလွန်ကျူးဘဲ သီလကို စောင့်ထိန်းခြင်း သုံးမျိုးကို သီလပါရမီ၊ သီလ ဥပပါရမီ၊ သီလပရမတ္ထပါရမီ ဟူ၍ အစဉ်အတိုင်း မှတ်ယူအပ်၏။ ကြွင်းသော ပါရမီ (၈)ပါးတို့၌လည်း ဤနည်းအတူပင် မှတ်ယူအပ်၏။ သို့ဖြင့် ပါရမီဆယ်ပါးသည် အကျယ်အားဖြင့် သုံးဆယ် ပြားလေသည်။

ထိုသို့ပါရမီဆယ်ပါး၊ အပြားသုံးဆယ် ပြားပုံကို မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးက မဟာဗုဒ္ဓဝင်ကျမ်း၌–

“(က) သက်မဲ့သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလပါရမီ။

(ခ) အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှ၊ စွန့်နိုင်က၊ ဥပပါရမီ။

(ဂ) အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထမည်။

(ဃ) ပါရမီဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်ညီ”

–ဟူ၍ လင်္ကာစီကုံး ရေးသားခဲ့သည်။

မိထွေးတော် ဂေါတမီသည် ရှေးလွန်လေပြီးသော ကမ္ဘာ တစ်သိန်းထက်ကပင် ဖော်ပြပါ ပါရမီကုသိုလ်များကို စွမ်းအားရှိသမျှ ဖြည့်ကျင့်ဆည်းပူး၍ ရတ္တညူတေဒဂ်ဘွဲ့ထူးရှင် ထေရီမကြီးဖြစ်လိုသည့် ဆန္ဒဖြင့် ယင်း သာဝကဗောဓိ ဆုမြတ်ကို တစ်စိုက်မတ်မတ် တောင့်တပန်ဆင်ခဲ့လေသည်။

## ဆုတောင်း

ဆုတောင်းဆိုသည်မှာ မိမိပြုသော ကုသိုလ်အတွက် ဘုရားရှင်ကို တိုင်တည်၍ အလိုရှိရာဆုကို တောင့်တ (ပန်ဆင်) မှုသာဖြစ်၏။ ဘုရားအလောင်းစသော ရှေးရှေး သူတော်ကောင်းကြီးများသည် ဒါနစသော ပါရမီ ကောင်းမှုတစ်ခုကို ပြုလုပ်ရာ၌ မိမိတို့ လိုလားသော ဗောဓိဆု တစ်ခုခုကို တောင့်တပန်ဆင် ပြုလုပ်ကြမြဲဖြစ်သည်။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် နိယတ ဗျာဒိတ် ကို မရမီ ရှေးအခါကပင် ဘုရားအဆူဆူတို့၏အထံ၌ ပါရမီကုသိုလ်များကို ဆည်းပူးပြုလုပ်၍ စိတ်ဖြင့်သာ သမ္မာသမ္ဗောဓိ (ဘုရား)ဆုကို တောင့်တပန်ဆင်ခဲ့၏။ သုမေဓာ ရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံယူတော်မူအံ့သောအခါ၌လည်း "ယောကျ်ားမြတ်တစ်ဆူ ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရား အထံ၌ ငါ၏အသက်ကို မငဲ့မကွက် ရက်ရက်ကြီးကုတ် ပြုလုပ်အပ်သည့် ရွံ့ညွန်ပျောင်းဝယ် လျောင်း၍ ကြည်ဖြူ ကျောက်ဆစ်တံတားခင်းလှူခြင်းတည်းဟူသော သူမတူတန် အဓိကာရ ဤကောင်းမှုကံကြောင့် ငါသည် သဗ္ဗညုဘုရား အဖြစ် သို့ရောက်၍ များစွာသော သတ္တဝါ အပေါင်းကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆယ်ကယ်ဟင်နိုင်လို၏" ဟု သမ္မာသမ္ဗောဓိ (ဘုရား)ဆုကို နှုတ်မြွက်ပန်ဆင်ခဲ့လေသည်။

မဟာပဒုမ ပစ္စေကဗုဒ္ဓါအလောင်းအလျာသည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကုသိုလ်များကို ဖြည့်ဆည်းခဲ့၍ ဤဘဒ္ဒကမ္ဘာ ကဿပဘုရားရှင် သာသနာတော်၌ ယောဂါဝစရ ဖြစ်၍ စုတေသောအခါ ဗာရာဏသီပြည်၌ သေဋ္ဌေးသား ဖြစ်ခဲ့၏။ ထိုသေဋ္ဌေးသားဘဝ၌ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်မိသော (ပရဒါရ ကာမေသုမိစ္ဆာစာရ) ကံကြောင့် ငရဲသို့ ကျရောက်ခဲ့ရ၏။

ငရဲမှ လွတ်မြောက်သောအခါ၌လည်း သေဌေးသမီး အဖြစ်ဖြင့် မိန်းမဘဝ၌ ဖြစ်ရ၏။ အရွယ်ရောက်သောအခါ အမျိုးအနွယ်တူ သေဌေးသားနှင့် ထိမ်းမြားခဲ့ရသော်လည်း ပရဒါရ ကံကြွင်းကြောင့် လင်သား နှင့်ယောက္ခမတို့၏ နှစ်သက်မြတ်နိုးမှုကို မခံရဘဲ အပြစ်မရှိ အပြစ်ရှာ၍ မလိုမုန်းထား မျက်မာန်ပွားခြင်းကိုသာ ခံနေခဲ့ရရှာသည်။ သို့ဖြင့် သေဌေးသမီးသည် တစ်နေ့သ၌ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးအား သပိတ်၌ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များကို လောင်းလှူ၍ သပိတ်၏ အထက်၌ ပဒုမ္မာကြာပန်းများ ဖုံးလွှမ်း၍လည်းကောင်း၊ အောက်မှလည်း ပဒုမ္မာကြာပန်း ကလပ်ခံ၍လည်းကောင်း ဆက်ကပ်လှူဒါန်း၍ အောက်ပါအတိုင်း ငါးမျိုးသောဆုကို တောင့်တပန်ဆင်ခဲ့လေသည်။

၁။ ဤကောင်းမှုကြောင့် ပဒုမ္မာကြာပန်းကို လူအများတို့ နှစ်သက်မြတ်နိုးသကဲ့သို့ တပည့်တော်မ သည်လည်း ဖြစ်လေရာရာ ဘဝသံသရာ၌ လူအများ၏ နှစ်သက် မြတ်နိုးခြင်းကို ခံရပါလို၏။

၂။ ဖြစ်ရာဘဝဝယ် အမိဝမ်းတိုက်၌ ပဋိသန္ဓေ မနေရမူ၍ ပဒုမ္မာကြာပွင့်၌သာ ပဋိသန္ဓေ တည်နေရပါလို၏။

၃။ ဖြစ်လေရာရာ ဘဝသံသရာ၌ မိန်းမသား မဖြစ်ရမူ၍ အမျိုးကောင်းသား မင်းယောကျ်ားသာဖြစ်ရပါလို၏။

၄။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရာ အဆုံးဘဝ၌ အရှင် ဘုရားတို့ ရအပ်သော ပစ္စေက ဗောဓိဉာဏ်ကို ရရှိပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏။

၅။ တပည့်တော်မ၏ ကိုယ်အဆင်းသည် ပဒုမ္မာကြာပန်း အဆင်းနှင့် တူ၍ ကိုယ်ရနံ့သည်လည်း ပဒုမ္မာကြာနံ့ သင်းရပါလို၏။

ဤ၌ မဟာပဒုမ ပစ္စေက ဗုဒ္ဓါအလောင်းအလျာသည် မိန်းမသားဘဝဖြင့်ပင် ပစ္စေက ဗောဓိဆုကို တောင်းတပန်ဆင်ခဲ့ သည်ကိုတွေ့ရသည်။ သို့ရာတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါတို့၏ အဖြစ် သည် မိန်းမသားတို့ ရရှိအပ်သော အရာဌာန မဟုတ်သဖြင့် ယောကျ်ားဆုကို ရှေးဦးစွာ တောင်းတပန်ဆင်ပြီးမှသာ မိမိလိုရာ ဗောဓိဆုကို ပန်ဆင်နိုင်သည်ကိုမူ သတိပြုရပေမည်။

အဂ္ဂသာဝက အရှင်သာရိပုတ္တရာ အလောင်းအလျာသည်လည်း သရဒ ရှင်ရသေ့ဘဝဖြင့် ပါရမီကောင်းမှုပြု၍ အနောမဒဿီ ဘုရား ရှင်၏ ခြေတော်ရင်း၌ အဂ္ဂသာဝက ဆုမြတ်ကို တောင်းတပန်ဆင် ခဲ့သည်။ ထို့အတူပင် အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလန် အလောင်း အလျာသည်လည်း သိရိဝဍ္ဎန သေဌေးသားဘဝဖြင့် အနောမဒဿီ ဘုရားရှင်ခြေတော်ရင်း၌ပင် အဂ္ဂသာဝက ဆုမြတ်ကို တောင်းတ ပန်ဆင်၍ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ကြသည်။ ဤသို့ရှေးရှေး သူတော်ကောင်းကြီးများသည် ပါရမီကောင်းမှုတစ်ခုခုကို ပြုလုပ်၍ မိမိလိုလားသော ဗောဓိဆုမြတ်ကို တောင်းတပန်ဆင်ခဲ့ကြလေသည်။

## ဆုတောင်းပြည့်ရန် ကြောင်းငါးတန်

ထိုသို့ ဆုတောင်းရာ၌ မိမိတို့ တောင်းတ ပန်ဆင်သော ဆုတောင်းများ ပြည့်ရန်အတွက် အကြောင်းတရား ငါးမျိုးနှင့် ပြည့်စုံ ရန် လိုအပ်ပေသည်။ ယင်းတို့မှာ–

၁။ သဒ္ဓါ=ဘုရားစသော ရတနာမြတ်သုံးပါးအပေါ် ယုံကြည်ခြင်း၊

၂။ သီလ=စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း၊

၃။ သုတ=မြတ်စွာဘုရား၏ စကားတော်များကို များစွာ ကြားနာဖူးခြင်း၊

၄။ စာဂ=အာမိသကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

၅။ ပညာ=ကမ္မဿကတဉာဏ်ပညာနှင့် ပြည့်စုံခြင်းတို့ ဖြစ်သည်။

ဤအကြောင်းတရား ငါးမျိုးတို့နှင့်ပြည့်စုံပါက မိမိတို့ တောင်းတပန်ဆင်သော ဆုများ ပြည့်စုံနိုင်ပါသည်။ သို့ရာတွင် ဆုသာတောင်း၍ ဖော်ပြပါ အကြောင်းတရား ငါးမျိုးတို့နှင့် မပြည့်စုံ လျှင်သော်လည်းကောင်း၊ အကြောင်းတရား ငါးမျိုးနှင့် ပြည့်စုံ သော်လည်း ဆုတောင်းပန်ဆင်မှု မပြုခဲ့လျှင်သော်လည်းကောင်း၊ မိမိတို့ တောင်းတ ပန်ဆင်သောဆုများ မပြည့်စုံနိုင်ရုံသာမက ဒေဝဂတိ ၊ မနုဿဂတိ ဟူသော လားရာ ဂတိလည်း မြဲနိုင်မည် မဟုတ်ချေ။

ဥပမာအားဖြင့် ကောင်းကင်သို့ ပစ်လွှတ်အပ်သော ဒုတ်သည် မြေပြင်သို့ ပြန်ကျ လာသည့်အခါတွင် အဖျားဘက်ဖြင့် ပြန်ကျလာမည် ကိုလည်းကောင်း၊ အလျားလိုက် ပြန်ကျလာမည်ကိုလည်းကောင်း၊ အရင်းဘက်ဖြင့် ပြန်ကျလာမည်ကိုလည်းကောင်း တပ်အပ် သေချာ မသိနိုင်၊ မပြောနိုင်သကဲ့သို့ ဖော်ပြပါ အကြောင်းအင်္ဂါရပ် ငါးမျိုးနှင့် မပြည့်စုံ သူ၊ ဆုတောင်းပန်ဆင်မှု မပြုသူတို့၏ လားရာဂတိမှာလည်း လူ့ရပ်နတ်ထံ သုဂတိ ဘုံဘဝတို့၌ အဖြစ်မမြဲတတ်ချေ။

သို့ဖြစ်၍ ဒါန စသော ပါရမီကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလုပ်ရာတွင် အထက်ပါ အကြောင်းအင်္ဂါရပ်ငါးမျိုးနှင့် ပြည့်စုံစေ၍ မိမိတို့လိုလားသော ဗောဓိဆုမြတ် တစ်ခုခုကိုလည်း တောင်းတ ပန်ဆင်သင့်ပေသည်။

## ပဒုမုတ္တရမြတ်ဗုဒ္ဓ

ဤကမ္ဘာမှပြန်၍ ရေတွက်လျှင် ကမ္ဘာတစ်သိန်းထက်၌ တစ်ခုသော သာရကမ္ဘာတွင် ပဒုမုတ္တရဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သည်။ ထိုဘုရားရှင်၏ ခမည်းတော်မှာ ဟံသာဝတီပြည့်ရှင် အာနန္ဒ မင်းကြီးဖြစ်၍ မယ်တော်မှာ သုဇာတာ မိဖုရားကြီးဖြစ်သည်။ ဘုရားအလောင်းတော်၏ အမည်ကား ပဒုမုတ္တရ မင်းသား ဖြစ်သည်။ မင်းသားကို ဖွားမြင်သောအခါ ပဒုမ္မာကြာပန်းမိုး ရွာသွန်းသောကြောင့် ပဒုမုတ္တရမင်းသားဟု အမည် မှည့်ခေါ်ခြင်းဖြစ်သည်။ ထိုဘုရားအလောင်းအလျာ ပဒုမုတ္တရမင်းသားသည် အရွယ်ရောက်သောအခါ ဝသုဒတ္တာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ သား တစ်ယောက် ဖွားမြင်ပြီးသောအခါတွင် တောထွက်တော်မူသည်။

အလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကို ခုနစ်ရက်မျှသာ ကျင့်၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ရက်အနည်းဆုံး ဒုက္ကရ စရိယာကျင့်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင် ငါးဆူတို့တွင် တစ်ဆူအပါအဝင်ဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့်တစ်ပြိုင်နက် စကြာဝဠာတိုက်တစ်သောင်း အတွင်း အလုံးစုံကို တန်ဆာဆင်ပေးသည့်ပမာ ပဒုမ္မာကြာပန်းမိုး ရွာသွန်းခဲ့၏။ ထို့နောက် ဗောဓိပလ္လင်ထက်၌ ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူ၍ ရှစ်ရက်မြောက်သောနေ့တွင် ဗောဓိပလ္လင်မှ မြေသို့ ခြေတော်ချကာမျှ၌ပင် မဟာပထဝီမြေကြီးကို ခွဲထွက်၍ ပဒုမ္မာကြာပွင့်ကြီး ခံလာ၏။ ကြွသွားတော်မူလေရာတိုင်းတွင် ခြေတော်အောက်က ပဒုမ္မာကြာပွင့်ကြီးများ ခံလာသဖြင့် "ပဒုမုတ္တရ မြတ်စွာဘုရား" ဟု ထင်ရှားတော်မူသည်။

## အမတ်ကြီး၏သမီးဘဝ

မိထွေးတော်ဂေါတမီအလောင်းအလျာသည် ထိုပဒုမုတ္တရ ဘုရားရှင်၏လက်ထက်တော်အခါတွင် ဟံသာဝတီပြည်၌ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာသော အမတ်ကြီးတစ်ဦး၏ သမီးဖြစ်ခဲ့၏။

တစ်နေ့သ၌ အလောင်းအလျာ အမျိုးကောင်းသမီးကလေးသည် ဖခင်ဖြစ်သူ အမတ်ကြီးနှင့်အတူ ဘုရားရှင်ကျောင်းတော်သို့ သွားရောက် တရားနာ၏။ ထိုတရားပွဲ၌ ပဒုမုတ္တရ ဘုရားရှင်သည် မိထွေးတော်ဖြစ်သော ရဟန္တာထေရီမကြီးအား သိက္ခာဝါ ကြီးသော အရာ၌ အသာဆုံး၊ အမြတ်ဆုံး "ရတ္တညူ ဧတဒဂ်" ဘွဲ့ထူးကို ချီးမြှင့်တော်မူသည်။

အမျိုးကောင်းသမီးကလေးသည် ရတ္တညူဧတဒဂ် ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသည့် ထေရီမကြီးကို တွေ့မြင်ရာမှ အားကျလာခဲ့၏။ ထေရီမကြီးကဲ့သို့ ဖြစ်လိုသည့် စိတ်ဆန္ဒများလည်း ပြင်းပြလာခဲ့၏။ သို့ဖြင့် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ ဧတဒဂ် ဘွဲ့ထူးရှင် ထေရီမကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို မေးလျှောက်လေသည်။ ဘုရားရှင်က ဧတဒဂ်ဘွဲ့ထူးရှင် ထေရီမကြီးသည် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်ကပင် ဒါနစသော ပါရမီကုသိုလ်များကို ဖြည့်ကျင့်ဆည်းပူး၍ ဆုတောင်းပန်ဆင်ခဲ့သောကြောင့် ဤသို့သော ဘွဲ့ထူးကို ဆွတ်ခူးရယူနိုင်ခြင်းဖြစ်ကြောင်း မိန့်တော်မူလေသည်။

ဤတွင်အမျိုးကောင်းသမီးကလေးသည် မိမိလည်း ဒါနစသော ပါရမီကုသိုလ်များကို ဖြည့်ကျင့်ဆည်းပူး၍ ဆုတောင်း ပန်ဆင်လျှင် တစ်ဆူဆူသော ဘုရားရှင်၏ထံတော်မှောက်၌ ရတ္တညူ ဧတဒဂ် ဘွဲ့ထူးကို ဆွတ်ခူးရယူနိုင်သူ ဖြစ်ရမည်ဟု ယုံကြည်ခဲ့၏။ ထိုသို့ ယုံကြည်သည့်အတိုင်းပင် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆည်းပူးရန်

ဖခင်အမတ်ကြီးထံ ခွင့်ပန်သည်။ ဖခင်အမတ်ကြီးကလည်း အနှုးအညွတ် ခွင့်ပြုသဖြင့် အမျိုးကောင်းသမီးကလေးသည် မဏ္ဍပ်ကြီး တစ်ဆောင်ကို ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်သည်။ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကိုလည်း လိုလေသေးမရှိအောင် စီစဉ်စုဆောင်းသည်။ ဆောင်ရွက်စရာကိစ္စအားလုံး ပြီးပြည့်စုံသောအခါ ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ သံဃာတော်များကို မဏ္ဍပ်သို့ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်တိုင်တိုင် အလှူပွဲကြီးကို ဆင်ယင်ကျင်းပလေသည်။

ခုနစ်ရက်ပြည့်မြောက်သည့် အလှူပွဲကြီး နောက်ဆုံးနေ့တွင် ကောင်းမှုရှင် အမျိုးသမီးကလေးသည် ပဒုမုတ္တရ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်ဆင်း၍ ဤသို့ ဆုတောင်း ပန်ဆင်လေသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် ဤယခု လှူဒါန်းရသော ကောင်းမှုကုသိုလ် အစုစုကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင် တစ်ဆူဆူ၏ ထံတော်မှောက်တွင် အရှင်မြတ်ဘုရား၏ မိထွေးတော် ထေရီအရှင်မကြီးကဲ့သို့ အမျိုးသမီးအပေါင်းတို့တွင် ပထမဆုံး ဘိက္ခုနီအဖြစ်ကိုရရှိ၍ ရတ္တညူ ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်ရသူဖြစ်ရပါလို၏ အရှင်ဘုရား"

ပဒုမုတ္တရ ဘုရားရှင်ကလည်း အမျိုးသမီးကလေး၏ နောင်ဖြစ်လတ္တံ့သော အလားအလာကောင်းကို အနာဂတံသ ဉာဏ်တော်ဖြင့် တပ်အပ်သေချာ မြင်တော်မူ၍ "ဒါယိကာမလေး၊ ဤသို့ ပြုရသော ကောင်းမှုကုသိုလ်ကြောင့် နောင်အခါ ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူမည့် ဂေါတမ ဘုရားရှင်၏ လက်ထက်တော်တွင် ဂေါတမီအမည်ဖြင့် ဘုရားရှင်၏ မိထွေးတော်ဖြစ်၍ သင်၏ ဆုတောင်း ပြည့်စုံလိမ့်မည်" ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

ထိုသို့ ဘုရားရှင်က မြွက်ကြားတော်မူသည့် ဗျာဒိတ်စကားကို ကြားရသောအခါ အမျိုးကောင်းသမီးကလေးသည် ဖော်မပြ

နိုင်လောက်အောင် နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇတရားများ ဖြစ်ပွား၍ ရွှင်လန်းအားတက်လာခဲ့၏။ သူမ ပန်ဆင်ရယူလိုသော ဆုသည် မကြာမီအချိန်ကာလအတွင်းမှာပင် ပြည့်ဝလာမည်ကဲ့သို့ မှတ်ထင်ကာ ထက်သန် သောစေတနာ၊ ကြည်လင်သော သဒ္ဓါတရား တို့ဖြင့် ဒါနစသော ပါရမီကောင်းမှုများကို အသက်ထက်ဆုံး ဖြည့်ကျင့်ဆည်းပူး၍ ထိုဘဝမှ သေလွန်သောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေသည်။

## ထူးကဲသာလွန် ဂုဏ်ဆယ်မွန်

အလောင်းအလျာ အမျိုးကောင်းသမီးကလေးသည် ထူးထူး ခြားခြား ထက်သန်သော စေတနာ၊ သဒ္ဓါတရားဖြင့် ဖြည့်ဆည်းခဲ့သော ပါရမီကုသိုလ်တို့၏ စွမ်းအားသတ္တိကြောင့် တာဝတိံသာ နတ်ပြည်၌ လည်း နတ်သမီးတကာတို့ထက်-

၁။ အဆင်းလှခြင်း၊

၂။ အသံသာယာခြင်း၊

၃။ ကိုယ်ရနံ့ သင်းပျံ့ကြိုင်လှိုင်ခြင်း၊

၄။ ခဲဖွယ်ဘောဇဉ်အရသာ (နတ်သုဒ္ဓါ)တို့နှင့် အထူးပြည့်စုံခြင်း၊

၅။ အတွေ့အထိ နူးညံ့သိမ်မွေ့ခြင်း၊

၆။ အသက်ရှည်ခြင်း၊

၇။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပခြင်း၊

၈။ ချမ်းသာကြီးခြင်း၊

၉။ အခြံအရံများခြင်း၊

၁၀။(အခြားသော နတ်တို့ကို လွှမ်းမိုး၍) အစိုးရခြင်း။

-ဟူသော ဂုဏ်ဆယ်ပါးတို့ဖြင့် လွှမ်းမိုးသာလွန်၍ သိကြားမင်း၏ အမြတ်နိုးဆုံး မိဖုရားကြီး ဖြစ်ခဲ့ရလေသည်။

## ရေခပ်ကျွန်မ အကြီးအကဲဘဝ

လောကဌ သတ္တဝါတို့သည် ကောင်းမှု၊ မကောင်းမှု ဟူသော ကံနှစ်ပါးကို အခွင့်သင့်သလို ပြုလုပ်လေ့ရှိကြ၏။ ထိုသို့ မိမိတို့ ပြုလုပ်ခဲ့ကြသော ကံတရားများသည်လည်း ထိုထိုဘုံဘဝတို့၌ အခွင့်သင့်သလို အကျိုးပေးတတ်ကြလေသည်။ ကောင်းသောကံသည် ကောင်းကျိုးကို ပေး၍ မကောင်းသောကံကား မကောင်းသောအကျိုးကို ပေးလေ့ရှိသည်။ သို့သော် ဘဝသံသရာတစ်ခွင်တွင် ကျင်လည်နေကြရသော သတ္တဝါတို့သည် ကောင်းကျိုး၊ ဆိုးကျိုး ဟူသော အကျိုးနှစ်မျိုးကို တစ်သမတ်တည်း ခံစားကြရသည်ကား မဟုတ်ပါချေ။ တစ်ခါတစ်ရံ ကောင်းမှုကံက အကျိုးပေးခွင့်သာ၍ ကောင်းကျိုးကို ခံစားရသကဲ့သို့၊ တစ်ခါတစ်ရံ မကောင်းမှုကံက အကျိုးပေးရန် အခွင့်သာပြန်လျှင်လည်း မကောင်းသော အကျိုးတရားများကို ခံစားကြရပြန်သည်။ ဤသည်မှာ ကံတရားတို့၏ ဖြစ်ရိုးဖြစ်စဉ် ကမ္မနိယာမပင် ဖြစ်ပေသည်။

မိထွေးတော် ဂေါတမီအလောင်းအလျာဖြစ်သော အမျိုးကောင်းသမီးကလေးသည် ပဒုမုတ္တရ ဘုရားရှင်၏ ခြေတော်ရင်း၌ ဗျာဒိတ်ပန်းကို ပန်ဆင်ခဲ့ပြီး နောက်ပိုင်းတွင် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ဘဲ လူ့ပြည်၊နတ်ရပ် ကောင်းမြတ်သော ဘုံဌာနတို့၌သာ ကျင်လည်ခဲ့ရ၍ ဤဘဒ္ဒကမ္ဘာသို့ ရောက်ရှိလာခဲ့သည်။

ဤဘဒ္ဒကမ္ဘာ၌ တတိယမြောက် ပွင့်တော်မူခဲ့သော ကဿပဘုရားရှင်၏ သာသနာတော် ကွယ်ပသွားချိန်တွင် နတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည်၌ လူအဖြစ်ကို ရရှိခဲ့ပြန်သည်။ သို့သော် ကံကြမ္မာလေကြမ်း တိုက်ခတ်မှုကြောင့် ထိုဘဝတွင် ထက်သန်သော ကုသိုလ်၏ အကျိုးပေးလည့် မကြုံခဲ့သဖြင့် အောက်တန်းစားကျွန်မိုး၌

ဖြစ်ရလေသည်။

ခင်ပွန်းသည်ဖြစ်သူ (အရှင်နန္ဒက မထေရ်အလောင်း) က ကျွန်အလုပ်သမား ငါးရာတို့ကို ကြီးမှူးအုပ်ချုပ်ရသည့် အကြီးအကဲ ခေါင်းဆောင်ဖြစ်၍ မိထွေးတော် ဂေါတမီ အလောင်းအလျာ အမျိုးသမီးကလေးမှာလည်း ရေခပ်ကျွန်မ ငါးရာတို့ကို ကြီးမှူး အုပ်ချုပ်ရသူ အကြီးအကဲ ခေါင်းဆောင်ပင် ဖြစ်လေသည်။

## ဝါဆိုကျောင်းအလှူ

ဝါဆိုခါနီးကာလ တစ်နေ့သောအခါတွင် ဟိမဝန္တာတောင် နန္ဒမူလိုဏ်၌ သီတင်းသုံး တော်မူကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးဆူတို့သည် ဗာရာဏသီမြို့တော်သို့ ကောင်းကင်ခရီးဖြင့် ကြွလာ တော်မူ၍ မြို့၏အနီးရှိ ရသေ့ရဟန်းတို့ ကောင်းကင်ခရီးမှ သက်ဆင်း တော်မူရာ ဣသိပတန အမည်ရှိသော တောအုပ်၌ သက်ဆင်းတော် မူကြ၏။ ထို့နောက် သင်္ကန်းများကို သပ္ပါယ်တော်မူကာ ဗာရာဏသီ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူကြ၏။ မျှတရုံ ဆွမ်းဘောဇဉ်များကို ခံယူရရှိသောအခါ ဣသိပတန တောအရပ်သို့ ပြန်ကြွ၍ ဆွမ်း ဘုဉ်းပေးတော်မူကြသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွါလာခဲ့သော ရဟန်းတော်များတွင် အဝင်အပါ ဖြစ်တော်မူကြ၏။ ရဟန်းဟူသည် ဝါဆိုသောအခါ ဝါဆိုစရာ ကျောင်းသင်္ခမ်းရှိမှဖြစ်၏။ ဝါဆိုကျောင်းမရှိဘဲ ဝါကပ်တော်မမူ ကြရပေ။ သို့ဖြစ်၍ ဝါဆိုရန် အချိန်နီးကပ်လာလျှင် ဝါဆိုကျောင်း ရှာရသည်မှာ ဓမ္မတာပင်ဖြစ်၏။ ဝါဆိုကျောင်း မရခဲ့သော် ကျောင်း ဆောက်လုပ်ပေးမည့် လက်သမားကို တောင်းခံ၍ ဝါဆိုကျောင်းကို ဆောက်လုပ်စေရ၏။ ဆောက်လုပ်ပေးမည့် လက်သမားကို မရခဲ့သော်

ကိုယ်တိုင်သော်လည်း ဆောက်လုပ်ရမည်ဖြစ်၏။ သို့ဖြစ်၍ ဝါဆို ကျောင်းဆောက်လုပ်ပေးနိုင်မည့် လက်သမား ဒါယကာ တောင်းခံရန်အတွက် ပဉ္စကဗုဒ္ဓါ အရှင်မြတ်တို့သည် ညနေချမ်း အခါတွင် ဗာရာဏသီမြို့တွင်းသို့ဝင်၍ ဗာရာဏသီ သေဋ္ဌေးအိမ် တံခါး၌ ရပ်တော်မူကြသည်။ ဗာရာဏသီသေဋ္ဌေးထံမှ လက်သမား ဒါယကာကို အလှူခံ၍ မရခဲ့သဖြင့် တည်ကြည်ငြိမ်သက်စွာပင် ဗာရာဏသီမြို့တွင်းမှ ပြန်ကြွတော်မူလာကြသည်။

ရေခပ်ကျွန်မ ခေါင်းဆောင်ဖြစ်သော အမျိုးသမီးသည် ရေခပ်ရန် ရေဆိပ်သို့ ထွက်လာစဉ်က ပဉ္စကဗုဒ္ဓါ အရှင်မြတ်တို့ မြို့တွင်းသို့ ဝင်ကြသည်ကို လမ်းတွင် ဖူးမြင်လိုက်ရ၏။ ယခုတစ်ဖန် မြို့တွင်းမှ ပြန်ကြွလာသောအခါတွင်လည်း လမ်းတွင် ခရီးရင်ဆိုင် ဆုံမိပြန်သဖြင့် ရေအိုးကို အသာချကာ ရှိခိုးဦးညွှတ်လျက် အကျိုးအကြောင်းကို မေးမြန်းလျှောက်ထားလေ၏။

(အမျိုးသမီး)။ အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် မြို့တွင်းသို့ ဝင်ကြွ၍ မကြာမြင့်မီပင် ပြန်ကြွတော်မူခဲ့ကြပါ၏။ အကြောင်း အဘယ်သို့ ရှိပါသနည်း။

(ပဉ္စကဗုဒ္ဓါ)။ ဒါယိကာမ၊ ငါတို့သည် ဝါဆိုကျောင်းဆောက်လုပ်ရန်အတွက် လက်သမားတောင်းခံရန် မြို့တွင်းသို့ ဝင်ခဲ့ကြခြင်းဖြစ်၏။

(အမျိုးသမီး)။ ရခဲ့ပါပြီလား အရှင်ဘုရားတို့။

(ပဉ္စကဗုဒ္ဓါ)။ မရခဲ့ပါ ဒါယိကာမ။

(အမျိုးသမီး)။ အရှင်မြတ်တို့ဘုရား၊ ဤဝါဆိုကျောင်းကို ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ လူကုံထံတို့သာ ဆောက်လုပ် လှူဒါန်း ကောင်းပါသလား၊ သို့မဟုတ်

ဆင်းရဲနွမ်းပါး ပစ္စည်းမဲ့ လူတန်းစားများ ဖြစ်ကြသော တပည့်တော်မများလည်း ဆောက်လုပ်လှူဒါန်းနိုင်ပါသလားဘုရား။

(ပစ္စေကဗုဒ္ဓါ)။ ဒါယိကာမ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ လူကုံထံဖြစ်စေ၊ ဥစ္စာမဲ့မွဲ သူဆင်းရဲပင်ဖြစ်စေ မည်သူမဆို ဆောက်လုပ်လှူဒါန်းနိုင်ပါ၏။

အမျိုးသမီးကလေးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ဝါဆိုကျောင်းကို မည်သူမဆို ဆောက်လုပ်လှူဒါန်းနိုင်ကြောင်း မိန့်ကြားတော်မူသည့် စကားကို ကြားရလေလျှင် လွန်စွာအားရ ဝမ်းမြောက်လျက်–

"အရှင်မြတ်တို့ဘုရား၊ ဝါဆိုကျောင်းကို တပည့်တော်မတို့ ဆောက်လုပ်လှူဒါန်းကြ ပါမည်၊ နက်ဖြန်ခါ တပည့်တော်မတို့၏ ဆွမ်းကို အလှူခံကြွတော်မူကြပါဘုရား"

ဟု ပင့်ဖိတ်လျှောက်ထားလေသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကလည်း အမျိုးသမီး၏ လျှောက်ထား တောင်းပန်မှုကို ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူကြသည်။

ထို့နောက် ရေခပ်ကျွန်မ ခေါင်းဆောင် အမျိုးသမီးသည် ရေခပ်လမ်း၌ပင်ရပ်၍ လာတိုင်းလာတိုင်းသော ရေခပ်ကျွန်မတို့ကို စဝေးဖိတ်ခေါ်လေ၏။ ရေခပ်ကျွန်မတို့ စုံညီကြသောအခါ ဤသို့ ပြောဆိုလေသည်။

(ခေါင်းဆောင်အမျိုးသမီး)။ ရှင်မတို့၊ ရှင်မတို့သည် အမြဲတစေ သူတစ်ပါးအိမ်၌ ကျွန်အလုပ်ကို လုပ်လိုကြသလော၊ သို့မဟုတ် ကျွန် အဖြစ်မှ လွတ်လိုကြသလော။

(ကျွန်မများ) ။ အို ရှင်မ၊ ငါတို့သည် ယနေ့ပင် ကျွန်

အဖြစ်မှ လွတ်လိုကြပါကုန်၏။

(ခေါင်းဆောင်အမျိုးသမီး)။ သို့ဖြစ်လျှင် ငါသည် ပဉ္စကဗုဒ္ဓါ အရှင်မြတ် ငါးဆူတို့ကို နက်ဖြန် ကောင်းမှုကုသိုလ် ပြုလုပ်ရန်အတွက် ပင့်ဖိတ် အပ်ပြီ၊ အမိတို့၏ အရှင်သခင် လင်ယောကျ်ားများကို နက်ဖြန်တစ်နေ့တာ လုပ်အား လှူဒါန်းရန် တိုက်တွန်းကြကုန်လော့။

(ကျွန်မများ) ။ ကောင်းပါပြီ အရှင်မ။

ရေခပ်ကျွန်မ ငါးရာတို့ကလည်း ဝမ်းမြောက်ဝမ်းသာပင် ဝန်ခံကြ၍ ညနေချမ်းအခါ အလုပ်မှ ပြန်လာကြကုန်သော လင်ယောကျ်ားများကို တိုက်တွန်းပြောဆိုကြ၏။ လင်ယောကျ်ားများကလည်း သဘောတူ လက်ခံကြ၏။

ထို့နောက် ရေခပ်ကျွန်မ ဇနီးမောင်နှံစုံ ငါးရာတို့သည် အကြီး အကဲခေါင်းဆောင်အိမ်၌ စည်းဝေးကြပြီးလျှင် မနက်ဖြန်တွင် ပဉ္စကဗုဒ္ဓါအရှင်မြတ်ငါးဆူတို့အား ဆွမ်းလှူဒါန်းရန်နှင့် ဝါဆိုကျောင်း ဆောက်လုပ်လှူဒါန်းမည့် အစီအစဉ်များကို တိုင်ပင် ဆွေးနွေးကြ၏။ စေတနာသဒ္ဓါတရား နည်းပါး၍ တွန့်တိုကြသူများကိုလည်း အလှူဒါန၏ အကျိုးတရားများကို သဘောပေါက်အောင် ပြောပြ၍ နှိုးဆော်စည်းရုံးကြ၏။ ဤသို့ဖြင့် ရေခပ်ကျွန်မ ဇနီးမောင်နှံစုံ ငါးရာတို့သည် အတူတကွ ကောင်းမှုကုသိုလ် ပေါင်းစုပြုလုပ်ကြရန် သဘောတူညီမှု ရရှိကြလေသည်။

နောက်တစ်နေ့တွင် ရေခပ်ကျွန်မ အမျိုးသမီးငါးရာတို့က ပဉ္စကဗုဒ္ဓါ အရှင်မြတ်တို့အား ဆွမ်းဖြင့် လုပ်ကျွေးလှူဒါန်းကြ၏။ ကျွန်ယောကျ်ား ငါးရာတို့ကလည်း ဓား၊ တူရွင်း စသည် ကိုယ်စီ

ကိုင်ဆောင်၍ ဣသိပတန မိဂဒါဝုန်တောကြီးအတွင်း၌ ဝါဆိုကျောင်း ငါးဆောင်ကို လူတစ်ရာလျှင် တစ်ဆောင်ကျစီ ဆောက်လုပ်ကြသည်။ အလုပ်သမား ငါးရာတို့၏ လုပ်အားဖြင့် ဝါဆိုကျောင်း ငါးဆောင်မှာ နေ့ချင်းပြီး မြောက်လေသည်။

စင်္ကြံ၊ ရေချိုးအိမ်၊ ဝစ္စကုဋီမှစ၍ လိုအပ်သမျှ အဆောက် အအုံများကိုလည်း ဆောက်လုပ်ပေးကြ၏။ နေစရာ ထိုင်စရာ ညောင်စောင်း၊ အင်းပျဉ် စသော သေနာသန အသုံးအဆောင် များကိုလည်း ပြည့်စုံအောင် စီမံပေး၏။ သောက်ရေ၊ သုံးဆောင်ရေ မှစ၍ လိုအပ်သမျှ အစစပြည့်စုံအောင် စီမံဆောင်ရွက်ပြီးစီးသောအခါ ပဉ္စဝဂ္ဂီ အရှင်မြတ်များအား ဤသခ်မ်းကျောင်းများ၌ ဝါကပ် သီတင်းသုံးတော်မူရန် လျှောက်ထားကြ၏။ အရှင်မြတ်တို့ကလည်း တောင်ပန်လျှောက်ထားမှုကို လက်ခံ၍ ဝါကပ်သီတင်းသုံး တော်မူကြ သည်။

## ဝါတွင်းကာလ ဆွမ်းဒါန

ရေခပ်ကျွန်မ ဇနီးမောင်နှံစုံ ငါးရာတို့သည် ထိုဝါတွင်း သုံးလပတ်လုံး ပဉ္စဝဂ္ဂီ ဗုဒ္ဓါအရှင်မြတ်ငါးဆူတို့အား အလှည့်ကျ ဆွမ်းလုပ်ကျွေး လှူဒါန်းကြ၏။ အကယ်၍ အလှည့်ကျသော အိမ်က ဆွမ်းလုပ်ကျွေးလှူဒါန်းရန် မတတ်နိုင်လျှင် ခေါင်းဆောင် အမျိုးသမီး သည် မိမိအိမ်မှ ဆွမ်းအတွက် လိုအပ်သော ဆန်၊ ဆီ စသော ပစ္စည်းများကို ထုတ်ပေး၍ ချက်ပြုတ်စီရင် လှူဒါန်းစေသည်။

## တိစီဝရိတ်သင်္ကန်းအလှူ

ဤသို့ဖြင့် သီတင်းဝါလ ကျွတ်ခါနီးသောအခါတွင် ခေါင်း ဆောင် အမျိုးသမီးသည် ရေခပ်ကျွန်မ ဇနီးမောင်နှံ မိသားစု ငါးရာ

တို့ကို အိမ်ထောင်စု တစ်စုလျှင် သင်္ကန်းလျာအဝတ် တစ်ထည် ကျစီ ရက်လုပ်စေ၏။ စွမ်းနိုင်သမျှ ဝါချည်အကြမ်းစားဖြင့် ရက်လုပ်ကြရသဖြင့် အဝတ်ကြမ်း ငါးရာ ဖြစ်လာ၏။ ခေါင်းဆောင် အမျိုးသမီးသည် ထိုအထည်ကြမ်း ငါးရာကို ရောင်းချပြီးလျှင် ရရှိလာသော အသပြာငွေဖြင့် ချောမွေ့ကောင်းမွန်သော ချည်များကို ဝယ်ယူ၍ ပဉ္စဝဂ္ဂီ အရှင်မြတ်ငါးဆူတို့အတွက် တိစီဝရိတ် သင်္ကန်းသုံးထည်ကျစီ ရက်လုပ်လေ၏။ ဝါကျွတ်သောနေ့၌ ပဉ္စဝဂ္ဂီ အရှင်မြတ်များ ပဝါရဏာ ပြုပြီးကြသောအခါ ရေခပ် ကျွန်မ ဓနီးမောင်နှံစုံငါးရာတို့သည် မိမိတို့ ချွေးနဲစာဖြင့် ဖြစ်ပေါ် လာသော တိစီဝရိတ်သင်္ကန်းတို့ကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆက်ကပ်လှူဒါန်းကြလေသည်။

ပဉ္စဝဂ္ဂီ အရှင်မြတ်တို့လည်း တိစီဝရိတ်သင်္ကန်းတို့ကို အလှူခံတော်မူကြပြီးလျှင် ပစ္စည်းလေးပါး အလှူရှင် ဓနီးမောင်နှံစုံ ငါးရာတို့၏ ရှေ့မှောက်မှာပင် ကောင်းကင်သို့ ပျံတက်၍ နန္ဒမူ လိုဏ်ဂူသို့ ပြန်ကြွတော်မူကြသည်။

ကောင်းမှုရှင် ဓနီးမောင်နှံစုံ ငါးရာတို့သည် ကောင်းကင်ခရီးဖြင့် ကြွတော်မူသွားကြသည့် ပဉ္စဝဂ္ဂီအရှင်မြတ်တို့ကို ဝမ်းနည်းဝမ်းသာ မျက်ရည်ဖြင့်ပြည့်သော မျက်နှာတို့ဖြင့် ဖူးမြော်တသ ကျန်ရစ်ခဲ့ကြ လေသည်။

## ဓနီးမောင်နှံ ရာသက်ပန်

ထိုရေခပ်ကျွန်မ ခေါင်းဆောင် ဓနီးမောင်နှံနှင့်တကွ ရေခပ် ကျွန်မ ဓနီးမောင်နှံစုံ ငါးရာတို့သည် ရတနာမြတ်သုံးပါးတို့အပေါ်၌ ယုံကြည်မှု (သဒ္ဓါ)၊ ကိုယ်ကျင့်သီလ စောင့်ထိန်းမှု (သီလ)၊ ပေးကမ်းစွန့်ကြဲလှူဒါန်းမှု (စာဂ)၊ ကံနှင့် ကံ၏အကျိုးတရားတို့အပေါ်

ယုံကြည်မှု (ကမ္မဿကတဉာဏ်ပညာ) တူညီကြကုန်သည်ဖြစ်၍ ရာသက်ပန် ကာလပတ်လုံး ဒါန၊ သီလ စသော ပါရမီကုသိုလ်များကို အတူတကွ ပေါင်းစုညီညာ ဖြည့်ဆည်းခဲ့ကြသည်။

ထိုသို့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူညီစွာဖြင့် ဒါန၊ သီလ စသော ပါရမီ ကုသိုလ်များကို အတူတကွ ဖြည့်ဆည်းခဲ့ကြသော ပါရမီရှင်တို့သည် မျက်မှောက်ဘဝတွင် စိတ်တူကိုယ်တူ ပျော်ပျော် ရွှင်ရွှင်ဖြင့် ရာသက်ပန်ကာလပတ်လုံး လက်တွဲသွားနိုင်ကြရုံသာမက နောင်တမလွန်ဘဝ သံသရာအဆက်ဆက်တို့၌လည်း အတူတကွပင် လက်တွဲ၍ ဘဝ ခရီးလမ်းကို ချမ်းသာစွာ လျှောက်လှမ်းနိုင်ကြမည် ဖြစ်လေသည်။

သို့ဖြစ်၍ ဇနီးမောင်နှံ ရာသက်ပန်မက ဘဝသံသရာ အဆက် ဆက် ရွှေလက်တွဲ၍ လျှောက်လှမ်းလိုကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် "ဆင်ဖြစ်လျှင်လည်း တစ်ကျင်းထဲ နေရ၍ ငှက်ဖြစ်လျှင်လည်း တစ်ကိုင်းတည်း နားရပါလို၏" ဟု ဆုတောင်းနေကြမည့်အစား သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူညီစွာဖြင့် ဒါန၊ သီလ စသော ပါရမီကုသိုလ်များကို အတူတကွ ဖြည့်ကျင့် ဆည်းပူးကြရမည်သာဖြစ်လေသည်။

ဖော်ပြပါ တရားလေးပါးကို လက်ကိုင်ထား၍ အတူတကွ ပါရမီကုသိုလ်များကို ဖြည့်ဆည်းခဲ့ကြသော ရေခပ်ကျွန်မ ဇနီးမောင်နှံစုံ ငါးရာတို့သည် ထိုဘဝမှ သက်တမ်းကုန်၍ စုတေကြသောအခါ တာဝတိံသာ နတ်ပြည်၌ အတူတကွပင် နတ်သား၊ နတ်သမီးများ ဖြစ်ကြ၍ နတ်စည်းစိမ်များကို ခံစားကြရလေသည်။

ဤသို့ဖြင့် ကောင်းမှုကုသိုလ်ပြုဖော်ပြုဖက် ဇနီးမောင်နှံစုံ ငါးရာတို့သည် အပါယ်လေးပါးသို့ မလားမရောက်မူ၍ လူ့ပြည် နတ်ပြည်တို့၌ သာ စုန်ချီတစ်ခါ၊ ဆန်ချီတစ်လှည့် ကျင်လည်ခဲ့ကြရ၏။

ထိုသို့ ကျင်လည်ခဲ့ကြရာတွင် တစ်ခါတစ်ရံ ရေခပ်ကျွန်မ ငါးရာတို့သည် ခင်ပွန်းသည်ငါးရာတို့၏ အိမ်၌ အသီးသီးဖြစ်ကြရ၍ တစ်ခါတစ်ရံ၌မူ (အရှင်နန္ဒက မထေရ်အလောင်း) ကျွန်ခေါင်းဆောင်ကြီး၏ အိမ်၌ တပေါင်းတည်း ဖြစ်ကြရသည်လည်း ရှိ၏။ တစ်ခုသောဘဝ၌ (အရှင်နန္ဒက မထေရ်အလောင်း) ကျွန်ခေါင်းဆောင်ကြီးသည် နတ်ပြည်မှ စုတေခဲ့၍ ဇမ္ဗူဒိပ်ကျွန်း၌ မင်းအဖြစ်ကို ရရှိခဲ့၏။ ထိုအခါတွင် (မိထွေးတော် ဂေါတမီအလောင်း) ကျွန်မခေါင်းဆောင် အမျိုးသမီးမှာလည်း နတ်ပြည်မှ စုတေခဲ့၍ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်ခဲ့၏။ ရေခပ်ကျွန်မ ငါးရာတို့သည်လည်း နတ်ပြည်မှပင် စုတေကြ၍ ကြွယ်ဝချမ်းသာသော အမျိုးတို့၌ ဖြစ်ကြပြီးလျှင် အရွယ်သို့ရောက်သောအခါ မိဖုရားငါးရာ ဖြစ်ခဲ့ကြလေသည်။ ထိုဘဝတွင်လည်း ကုသိုလ်ကောင်းမှု အတူတကွ ဆည်းပူးကြ၍ စုတေသောအခါ နတ်ပြည်၌ ဖြစ်ကြရလေသည်။

ဤသို့ ကောင်းမှုကုသိုလ် ပြုဖော်ပြုဖက်ဖြစ်၍ ဘဝပေါင်းများစွာ အတူတကွ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံခဲ့ဖူးခြင်းကြောင့်ပင် နောက်ဆုံးဘဝတွင် "ပုဂ္ဂိုလ်ခင်မှ တရားခင်" ဆိုသည့်အတိုင်း (ကျွန်ခေါင်းဆောင် ဖြစ်ခဲ့ဖူးသူ) အရှင်နန္ဒက မထေရ်၏ အဆုံးအမ ဩဝါဒကို နာယူကာမျှဖြင့် (ရေခပ်ကျွန်မ ဖြစ်ခဲ့ဖူးသူ) သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ထေရီများအဖြစ်သို့ အသီးသီး ရောက်ရှိခဲ့ကြလေသည်။

## ရက်ကန်းသည်မ အကြီးအကဲဘဝ

မိထွေးတော် ဂေါတမီအလောင်း အမျိုးကောင်းသမီးသည် ကုသိုလ်ကောင်းမှု ပြုဖော်ပြုဖက်ဖြစ်ကြသော ဇနီးမောင်နှံစုံ ငါးရာတို့နှင့်အတူတကွ နတ်စည်းစိမ်များကို ခံစား၍ ထိုဘဝမှ စုတေ

သောအခါ ဗာရာဏသီပြည် အနီးအနားရှိ ရက်ကန်းသည် ရွာတစ်ရွာ၌ ရက်ကန်းသည်များစွာတို့ကို ကြီးမှူးအုပ်ချုပ်ရသူ အကြီးအကဲ ခေါင်းဆောင်ဖြစ်လာ၏။

တစ်နေ့သ၌ ပဒုမဝတီ မိဖုရားကြီး၏သားတော်များဖြစ်ကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် ဗာရာဏသီမင်းကြီး၏ ပင့်ဖိတ်မှုဖြင့် နန်းတော်သို့ ကြွတော်မူခဲ့ကြ၏။ သို့ရာတွင် နန်းတော်သို့ ရောက်သောအခါ နေရာထိုင်ခင်း ပေးမည့်သူ ဆွမ်း လှူဒါန်းမည့်သူ မဆိုထားဘိ၊ ထွက်၍ကြည့်မည့်သူမျှပင် မတွေ့မြင်ရသဖြင့် နန်းတော်မှ ပြန်ကြွတော်မူခဲ့ကြ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် အပြန်ခရီးတွင် ရက်ကန်းသည်ရွာသို့ ကြွတော်မူခဲ့ကြ၏။ ထိုအခါ ရက်ကန်းသည် အကြီးအကဲ အမျိုးကောင်းသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဖူးမြင်ရလျှင်ပင် ကြည်ညိုသဒ္ဓါဖြစ်ကာ ဝမ်းမြောက်ဝမ်းသာ ရှိခိုးဦးညွှတ်၍ ဆွမ်းဖြင့် လုပ်ကျွေးလှူဒါန်းလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့လည်း ရက်ကန်းသည် အကြီးအကဲ အမျိုးကောင်းသမီး ဆက်ကပ်လှူဒါန်းသော ဆွမ်းကို အလှူခံ ဘုဉ်းပေးတော်မူကြပြီးလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူကြသည်။

ရက်ကန်းသည် အကြီးအကဲ အမျိုးကောင်းသမီးသည် အသက်ထက်ဆုံးပင် ဒါန၊ သီလ စသော ပါရမီကုသိုလ်များကို ဖြည့်ဆည်း၍ ထိုဘဝမှ စုတေသောအခါတွင်လည်း အပါယ်လေးပါးသို့ မကျမရောက်မူ၍ နတ်ပြည်၊ လူ့ပြည်တို့၌သာ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရသည်။

သို့ဖြင့် မိထွေးတော် ဂေါတမီ အလောင်းအလျာ အမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းတိုင်တိုင် ဒါန၊ သီလ စသော ပါရမီကောင်းမှုများကို ဖြည့်ဆည်း၍ ရတ္တညူ တေဒဂ်ဆုမြတ်ကို တောင်းတပန်ဆင်ခဲ့လေသည်။

# အခန်း (၂)
# မိထွေးတော် ဂေါတမီ၏ ပစ္စုပ္ပန်ဘဝနှင့် ဆောင်ရွက်ချက်များ

## မိထွေးတော် ဂေါတမီ၏ မျိုးဆက်ဆွေစဉ်

ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကုသိုလ်များကို ဖြည့်ဆည်းခဲ့၍ ပါရမီဆုတောင်း ရေးကောင်းမှုနှင့် ပြည့်စုံခဲ့သော မိထွေးတော် ဂေါတမီ အလောင်းအလျာ အမျိုးကောင်းသမီးသည် ဤဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူခါနီးသော အချိန်ကာလဝယ် မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ဒေဝဒဟပြည်တွင် အဥ္ဇနမင်းကြီးနှင့် ယသောဓရာ မိဖုရားကြီးတို့၏ သမီးတော် ဖြစ်လာခဲ့သည်။

မိထွေးတော် ဂေါတမီ၏ ခမည်းတော်၊ မယ်တော်တို့သည် သာမန်မင်းမျိုးမင်းနွယ်များ မဟုတ်ကြချေ။ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှ နွယ်ဖွားတ်မပျက် ဆင်းသက်လာခဲ့သော အသမ္ဘိန္နခတ္တိယနွယ်စဉ် သကျသာကီဝင် မင်းမျိုးမင်းနွယ်များ ဖြစ်ကြသည်။

## ကမ္ဘာဦးအစ မဟာသမ္မတမင်းဆက်

ဤဘဒ္ဒကမ္ဘာ၌ ကမ္ဘာဦးသူ လူပေါင်းတို့၏ ရှေးဦးအစ ပထမဆုံးသော မင်းမှာ ကျွန်ုပ်တို့၏ ဂေါတမ မြတ်ဗုဒ္ဓအလောင်းတော်ပင်ဖြစ်၏။ အမည်တော်ကား "မနု" ဟု ခေါ်တွင်သည်။

ထိုမနုမည်သော အလောင်းတော်မင်းမြတ်သည် လူပေါင်းတို့ထက် အဆင်းလှ၏။ ရှုချင်စဖွယ် ရှိ၏။ ကြည်ညိုဖွယ် ရှိ၏။ ဘုန်းတန်ခိုး အာနုဘော်လည်း ကြီး၏။ ကောင်းမြတ်သော ဂုဏ်ကျေးဇူး အပေါင်းနှင့်လည်း ပြည့်စုံ၏။

ကမ္ဘာဦးအစဖြစ်သော ထိုခေတ်ကာလ၌ လူတို့သည် ကိုယ်ကျင့်တရား ဖြူစင်ကြ၏။ မကောင်းမှု ဒုစရိုက်တရားများကို လွန်ကျူးမှု မပြုကြချေ။ ကာလအတန်ကြာသောအခါမှ သူတစ်ပါး ဥစ္စာကို ခိုးယူခြင်း (အဒိန္နာဒါန)၊ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်း (မုသာဝါဒ) စသော မကောင်းမှုများကို ပြုလုပ်ကျူးလွန်သူတို့ ပေါ်ပေါက်လာခဲ့ကြ၏။ သို့ဖြစ်၍ မကောင်းမှုများကို တားဆီးနိုင်ရန်အတွက် ကမ္ဘာဦးသူ လူအပေါင်းတို့သည် စည်းဝေး တိုင်ပင်ကြ၍ မိမိတို့အပေါ် စီမံအုပ်ချုပ်မည့် ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်တင်မြှောက်ရန် သဘောတူ ဆုံးဖြတ်ကြသည်။

ထိုဆုံးဖြတ်ချက်အရ ဘုရားအလောင်းတော် မနု သည်သာလျှင် အများကြည်ညို လေးစားလောက်သည့် ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၍ အသင့်လျော်ဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟု ဆန္ဒ တူညီကြ၏။ ထို့နောက် လူအပေါင်းတို့သည် အလောင်းတော်ထံသို့ ချဉ်းကပ်၍ မိမိတို့အပေါ် သင့်လျော်ကောင်းမွန်သော အစီအစဉ်ဖြင့် စီမံအုပ်ချုပ်ရန် တောင်းပန်ကြသည်။

ဤသို့ ကမ္ဘာဦးသူ လူအပေါင်းတို့က တရားသဖြင့် စီမံအုပ်ချုပ်သူ အကြီးအကဲအဖြစ် အကန့်အကွက် မရှိ၊ တညီတညွတ်

တည်း သဘောတူ ဆန္ဒပေး၍ သမုတ်ခဲ့ကြသဖြင့် အလောင်းတော် "မန"သည် ကမ္ဘာဦးအစတွင် ပထမဆုံး "မဟာသမ္မတမင်း" အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထိုမဟာသမ္မတမင်းအဖြစ်ကို ခံယူ၍ စီမံအုပ်ချုပ်မှုတာဝန်ကို ထမ်းဆောင်ရသဖြင့် အအုပ်ချုပ်ခံရသူ လူအပေါင်းတို့က မိမိတို့ လုပ်ဆောင်ရရှိသော ပစ္စည်းဥစ္စာမှ ဆယ်ဖို့တစ်ဖို့၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံး၊ ဆယ်ပွင့်တစ်ပွင့်ကို အလောင်းတော်မင်းမြတ်အား စီမံအုပ်ချုပ်ခ အခွန်အတုတ်အနေဖြင့် ပေးဆက်ပူဇော်ကြရလေသည်။ ယင်းအချက်များကို ကြည့်လျှင် ပြည်သူတို့က သင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ပြီးလျှင် အများဆန္ဒအရ "သမ္မတတင်မြှောက်၍ စီမံအုပ်ချုပ်မှုတာဝန်ကို ပေးအပ်ခြင်း၊ အခွန်အတုတ် ကောက်ခံခြင်း၊ အခွန်အတုတ် ပေးဆောင်ခြင်း အစဉ်အလာမှာ ကမ္ဘာဦးကာလ ထို အချိန်ကပင် စတင်ပေါ်ပေါက်လာခဲ့ကြောင်း သိနိုင်ပေသည်။

ထိုအလောင်းတော် မဟာသမ္မတမင်းသည် လယ်ယာမြေ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်မှုစသော အမှုအခင်းများ မပေါ်ပေါက်စေရန်နှင့် အကယ်၍ ပေါ်ပေါက်လာပါက လည်း ဆုံးဖြတ်ခွင့်၊ စီမံခွင့် အာဏာရှိ၏။ ထို့ကြောင့် "ခတ္တိယ" ဟူသော အမည်ကိုလည်း ရရှိလေသည်။

တစ်ဖန် (ချစ်ခြင်း၊ မုန်းတီးခြင်း၊ မသိနားမလည် မကျွမ်းကျင် မလိမ္မာခြင်း၊ ကြောက်ခြင်း ဟူသော) အဂတိလေးပါး ကင်းရှင်းလျက် မင်းကျင့်တရားနှင့်အညီ ပြည်သူအများ ကျေနပ်နှစ်သက်အောင် စီမံအုပ်ချုပ်တတ်သောကြောင့် "ရာဇ" ဟူသော အမည်ကိုလည်း ရရှိပြန်လေသည်။ ဤဘဒ္ဒကမ္ဘာ၌ မဟာသမ္မတ၊ ခတ္တိယ၊ ရာဇ ဟူသော အမည်သုံးပါးကို အစဆုံး ရရှိခဲ့သူမှာ အလောင်းတော် "မန" ပုဂ္ဂိုလ်သူမြတ်ပင်ဖြစ်သည်။

နေမင်းသည် သတ္တဝါတို့အား အမိုက်မှောင်ကို ပယ်ဖျောက်၍ အရောင်အလင်းကို ပေးလျက် ထွန်းလင်းတောက်ပသကဲ့သို့ ကမ္ဘာဦးသူ လူပေါင်းတို့အား အသိဉာဏ်မျက်စိကို ပေးလျက် ဒုတိယမြောက် နေတစ်စင်း ထွန်းလင်းထွက်ပေါ်လာသည့်အလား ကြီးမြတ်သော ဂုဏ်ကျေးဇူး အရောင်အလင်းကို ဆောင်ပေးတတ်သောကြောင့် မဟာသမ္မတမင်းကို အာဒိစ္စဝံသ (နေနွယ်မျိုးနွယ်) ဟူ၍လည်း တင်စားခေါ်ဆိုကြလေသည်။

ထိုကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ သားစဉ်မြေးဆက် မျိုးနွယ်မပျက် ဆင်းသက်အုပ်စိုးခဲ့ကြသော မင်းတို့ကား ဩက္ကာ ကရာဇ်မင်းအထိ မင်းဆက်ပေါင်း (၂၅၂၅၆) နှစ်သိန်းငါးသောင်း နှစ်ထောင်ငါးရာငါးကျိပ်ခြောက်ယောက်ရှိ၏။ ထိုမင်းတို့၏ အစဉ် အဆက်ကို ကျီးသဲလေးထပ် ဆရာတော်က မဟာဝင် ဝတ္ထုဦး အကျယ်ရေတွက် ပြဆိုထားသည်။ မင်းကွန်းတိပိဋက ဆရာတော်က လည်း ၎င်းကျမ်းကိုပင် မှီငြမ်းပြု၍ မဟာဗုဒ္ဓဝင်ကျမ်း၌ အကျယ် ရေတွက် ပြတော်မူသည်။ မန်လည်ဆရာတော်ကလည်း မဟာသုတ ကာရီ မဃဒေဝလင်္ကာကျမ်း၊ ဒုတိယပိုင်း (၁)၊ ရာဇဝင်ခဏ်း ပိုဒ်ရေ (၃၁) ၌-

“မဟာသမ္မတ၊ မင်းမှစ၍၊ ဩက္ကာကထိ၊ အယှိတွက်ကိန်း၊ ဂဏန်းချိန်းသော်၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင့်ငါးရာ၊ ငါးကျိပ် သာ၍၊ သချာ်နောက်ပွား၊ မင်းခြောက်ပါးတည်း၊ ပိုင်ခြားရွှေမင်း၊ ရှေးဦးတင်သည်၊ ရာဝင်ပထမ ဝေခြမ်းတည်း” ဟူ၍ စပ်ဆိုထား သည်။

သို့ဖြစ်၍ မဟာသမ္မတမင်းမှစ၍ သားစဉ်မြေးဆက် (၂၅၂၅၆) နှစ်သိန်းငါးသောင်းနှစ်ထောင်ငါးရာငါးကျိပ် ခြောက်ယောက် မြောက် မင်းမှာ ဩက္ကာကရာဇ်မင်း ဖြစ်ကြောင်းသိရပေသည်။

## သကျသာကီဝင်မင်းမျိုး စတင်ဖြစ်ပေါ်လာပုံ

သကျသာကီဝင်မင်းတို့၏ အစဆုံးမင်းမှာ သြက္ကာကရာဇ်မင်းကြီးဖြစ်၏။ ထိုမင်းသည် စကားပြောသောအခါ ခံတွင်းမှ ဥက္ကာ (မီးရှူး) ရောင်ထွက်သောကြောင့် "သြက္ကာက" ဟု အမည်တွင်သည်။

သြက္ကာကရာဇ်မင်းကြီး စိုးစံရာ တိုင်းပြည်ကို မဟာဝင်ဝတ္ထုဋ္ဌိ ဗာရာဏသီပြည်ဟု ပြဆိုထား၏။ သို့သော် ထိုမင်း၏ တိုင်းပြည်ကို ဗာရာဏသီပြည်ဟု ကောက်မမှတ်သင့်ပေ။ အကြောင်းမှာ ထိုသြက္ကာကရာဇ်မင်းကြီး၏ သမီးတော်အကြီးဆုံး ပိယာမင်းသမီးနှင့် ဗာရာဏသီပြည့်ရှင် ရာမမင်းတို့ လက်ထပ်ကြကြောင်းကို သီလက္ခန် အဋ္ဌကထာ၊ အမ္ဗဋ္ဌသုတ်အဖွင့်၌ ပြဆိုထားသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ ထို့ကြောင့် သြက္ကာကရာဇ်မင်းကြီး စိုးစံရာ တိုင်းပြည်မှာ ဗာရာဏသီပြည်မှတစ်ပါး အခြားတိုင်းပြည်တစ်ပြည် ဖြစ်စရာရှိပေသည်။

ထိုသြက္ကာကရာဇ်မင်းကြီး၌ ဟတ္ထာမိဖုရား၊ စိတ္တာမိဖုရား၊ ဇန္တုမိဖုရား၊ ဓာလိနီမိဖုရား၊ ဝိသာခါမိဖုရား ဟူ၍ မိဖုရားငါးပါးရှိ၏။ ထိုမိဖုရားတို့တွင် အကြီးဆုံး အဂ္ဂမဟေသီဖြစ်သော ဟတ္ထာမိဖုရားကြီးမှ သြက္ကာမုခမင်းသား၊ ကရကဏ္ဍုမင်းသား၊ ဟတ္ထိနိက မင်းသား၊ သိနိသူရမင်းသားဟူသော သားတော်လေးပါးနှင့် ပိယာမင်းသမီး၊ သုပ္ပိယာမင်းသမီး၊ အာနန္ဒာမင်းသမီး၊ ဝိဇိတာမင်းသမီး၊ ဝိဇိတသေနာမင်းသမီးဟူသော သမီးတော်ငါးပါး ဖွားမြင်၏။ ဤသို့ သားတော်သမီးတော်ကိုးပါးကို ဖွားမြင်ပြီးသောအခါ ဟတ္ထာမိဖုရားကြီး နတ်ရွာစံလေသည်။

ထိုအခါ သြက္ကာကရာဇ်မင်းကြီးသည် အသက်အရွယ် နုနယ်၍ အဆင်းလှသော မင်းသမီးငယ်တစ်ပါးကို အဂ္ဂမဟေသီ မိဖုရားကြီး အရာထားတော်မူ၏။ ထိုမိဖုရားမှ ဇန္တုမင်းသားကို ဖွားမြင်သည်။

ဇန္တုမင်းသားကို ဖွားမြင်၍ ငါးရက်မြောက်သောနေ့၌ ရှုချင်စဖွယ် ဝတ်စားတန်ဆာဆင်ယင်၍ သြဂ္ဂာကရာဇ် မင်းကြီးအား ပြသ ကြသည်။ မင်းကြီးလည်း သားတော် ဇန္တုမင်းသားကို မြင်လျှင် အလွန်နှစ်သက် ဝမ်းမြောက်တော်မူလှသဖြင့် ဇန္တုမယ်တော် မိဖုရားအား "အလိုရှိရာဆုကို ယူစေ" ဟု ဆုပေးတော်မူသည်။ မိဖုရားသည် ချက်ချင်း ဆုမယူသေးဘဲ ဆွေတော်မျိုးတော်များနှင့် တိုင်ပင်ပြီးမှ သားတော် ဇန္တုမင်းသားအား ထီးမွေနန်းမွေကို ပေးအပ်ရန် တောင်းဆို လေသည်။

မင်းကြီးလည်း သားတော်ကြီးများ ရှိနေသဖြင့် ဤဆုကို မယူရန် အမျိုးမျိုး ဖျောင်းဖျပြောဆို၏။ သို့သော် မိဖုရားက အစဉ်တစိုက် ထိုဆုကိုသာ တောင်းဆိုနေသဖြင့် နောက်ဆုံးတွင် ဂတိအတိုင်း "ဇန္တုမင်းသားအား ထီးမွေနန်းမွေ ပေးပါမည်" ဟု ဝန်ခံလိုက်ရလေသည်။

ထို့နောက် မင်းကြီးသည် သားတော်ကြီးလေးပါးတို့ကို ရှေ့တော်သို့ ခေါ်၍ "ချစ်သားတို့ ငါသည် သားတော် ဇန္တုမင်းသားကို ဖွားမြင်ပြီးသောအခါ သားတော်ကလေးကို မြင်ရလျှင် လွန်စွာ နှစ်သက်ဝမ်းမြောက်လှသဖြင့် "အလိုရှိရာဆုကို ယူစေ" ဟု အလျင်စလို ဆုပေးမိခဲ့၏။ ဇန္တုမယ်တော်သည် အခြားသောဆုကို မယူဘဲ သားတော်ဇန္တုမင်းသားအား ထီးနန်းအမွေ ပေးသနားရန် ဆုကိုသာ တောင်းဆိုခဲ့၏။ ထို့ကြောင့် သားတော်တို့သည် မင်္ဂလာဆင်၊ မင်္ဂလာမြင်း၊ မင်္ဂလာရထားတို့ကို ချန်ထား၍ အလိုရှိရာ ဆင်၊ မြင်း၊ ရထားတို့ကို ယူ၍ နေပြည်တော်မှ ထွက်ခွါသွားကြပြီးလျှင် ငါနတ်ရွာစံလွန်သောအခါမှ ဤပြည့်ထီးနန်းကို သိမ်းမြန်းစိုးစံကြ ကုန်လော့" ဟု မိန့်တော်မူပြီး အမတ်ကြီး ရှစ်ယောက် တို့နှင့်အတူ စေလွှတ်တော်မူသည်။

မင်းသားတို့လည်း ခမည်းတော်၏ အမိန့်အတိုင်း ဆင်မြင်း ရထားနှင့် စစ်သည် ဗိုလ်ပါတို့ကို ယူဆောင်၍ ခမည်းတော်ကို ကန်တော့ပြီးလျှင် နေပြည်တော်မှ ထွက်ခွာခဲ့ကြ၏။ မင်းသားတို့၏ နှမတော်အရင်းများဖြစ်ကြသော မင်းသမီးငါးပါးတို့လည်း ခမည်းတော်ထံ ခွင့်ပန်၍ မောင်တော်မင်းသားများနှင့်အတူ လိုက်ပါခဲ့ကြ၏။ ပြည်သူပြည်သား အများအပြားလည်း မင်းသားတို့နောက် လိုက်ပါလာခဲ့ကြသည်။

ဤသို့လိုက်ပါလာခဲ့ကြသော မင်းသားတို့၏ ဗိုလ်ပါ ပရိသတ်သည် ပထမနေ့ တစ်ယူဇနာ၊ ဒုတိယနေ့၌ နှစ်ယူဇနာ၊ တတိယနေ့၌ သုံးယူဇနာခန့်ရှိ၏။ မင်းသားတို့သည် ထိုဗိုလ်ပါပရိသတ်တို့ဖြင့် မင်းတစ်ပါးတို့၏ တိုင်းနိုင်ငံကို တိုက်ခိုက် မယူလိုကြသဖြင့် ဟိမဝန္တာတောင်သို့သာ ဦးတည်သွား၍ ထီးနန်းတည်ရန်နေရာကို ရှာကြသည်။

## ကပိလဝတ်ပြည် တည်ထောင်ခြင်း

ထိုအချိန်မှာပင် ဂေါတမ ဘုရားအလောင်းတော် ကပိလ ပုဏ္ဏားသည် လူ့ဘောင်လောကကို ငြီးငွေ့သဖြင့် ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောင်နံပါး ရေကန်အနီးရှိ ကျွန်းတော၌ သစ်ရွက်မိုး သင်္ခမ်းကျောင်းဆောက်၍ သီတင်းသုံးနေ၏။

အလောင်းတော် ကပိလရသေ့သည် ဘူမိဇာလ (မြေကြန်အင်္ဂါ လက္ခဏာကို သိသော) အတတ်ကို တတ်သိသူဖြစ်၍ အထက် ကောင်းကင်သို့ အတောင်ရှစ်ဆယ်၊ မြေအောက်သို့ အတောင် ရှစ်ဆယ်အထိ မြေ၏အကျိုးအပြစ်တို့ကို သိမြင်၏။

ထိုကပိလရသေ့နေသော သင်္ခမ်းကျောင်းအရပ်၌ မြက်သစ်ပင်၊ ချုံနွယ်တို့သည် လက်ယာရစ်လည်လျက် အရှေ့အရပ်သို့သာ

အဖျားအညွန့် တက်ကုန်၏။ ထိုအရပ်၌ ခြသေ့်၊ သစ်၊ ကျား တို့က သမင် ၊ ဒရယ်၊ ယုန်ငယ် စသော ခွန်အားနည်းသော သတ္တဝါ တို့ကို လိုက်သောအခါ ထိုနေရာသို့ရောက်လျှင် ဆက်၍ မလိုက်ဝံ့ ကြချေ။ သမင်၊ ဒရယ်၊ ယုန်ငယ် စသော သတ္တဝါတို့က ပြန်လည် ခြိမ်းခြောက်သဖြင့် ပြန်ပြေးကြရ၏။ မြွေနှင့် ကြောင်တို့က ဖားနှင့် ကြွက်တို့ကို လိုက်သောအခါ၌လည်း ထိုနေရာသို့ ရောက်လျှင် ရှေ့ဆက်မလိုက်ဝံ့ကြချေ။ ဖားနှင့်ကြွက်တို့က ပြန်လည်ခြိမ်းခြောက် သဖြင့် နောက်သို့ ဆုတ်ကာ ပြန်ပြေးကြရ၏။ အလောင်းတော်ရသေ့ သည် ဤအချင်းအရာကို တွေ့မြင်သဖြင့် ဘူမိနက်သန် မှန်သော ထိုအရပ်၌ သင်္ခမ်းကျောင်းဆောက်၍ နေထိုင်ခြင်းဖြစ်သည်။

မြို့နေရာရှာသော မင်းသားညီနောင်တို့သည် ထိုသင်္ခမ်းကျောင်း အနီးသို့ ရောက်သွားကြ၏။ အလောင်းတော် ရသေ့လည်း မင်းသား တို့ကိုမြင်လျှင် အကြောင်းစုံကို မေးမြန်းလေ၏။ မင်းသားတို့က မြို့နေရာ ရှာကြကြောင်း လျှောက်ထားကြသောအခါ မင်းသားတို့ အပေါ်၌ သနားကရုဏာ သက်လှသဖြင့် သူ၏ သင်္ခမ်းကျောင်း နေရာ၌ မြို့တည်ရန် တိုက်တွန်းလေသည်။

"ဤသင်္ခမ်းကျောင်းနေရာ၌ တည်အပ်သောမြို့သည် ဇမ္ဗူဒိပ်၌ အမြတ်ဆုံးမြို့ ဖြစ်လိမ့်မည်။ ဤမြို့၌ ဖွားမြင်သူသည် ရန်သူ အရာအထောင်ကိုပင် လွှမ်းမိုးနှိမ်နင်းနိုင်လိမ့်မည်။ ဤနေရာ၌ မြို့ကို တည်ထောင်ကြကုန်၊ ငါ၏ သင်္ခမ်းကျောင်းနေရာ၌ နန်းတော်ကို တည်ဆောက်ကြကုန်၊ ဤအရပ်၌ နေထိုင်လျှင် ဒွန်းစဏ္ဍားသားပင် ဖြစ်စေကာမူ စကြဝတေးမင်း၏ အားအစွမ်းဖြင့် အလွန်မြင့်မြတ်သူ ဖြစ်လိမ့်မည်"ဟုလည်း မိန့်တော်မူ၏။

မင်းသားတို့က "အရှင်ရသေ့၏ သင်္ခမ်းကျောင်းရာဖြစ်သည် မဟုတ်ပါလော" ဟု လျှောက်ထားကြရာ "ငါ၏သင်္ခမ်းကျောင်းရာဟု

ထွေရာစဉ်းစား အကြံမများကြကုန်လင့်၊ ငါ့အတွက် မြို့နံပါး တစ်နေရာတွင် သခ်မ်းကျောင်း အစားဆောက်ပေးပြီးလျှင် ဤနေရာ၌ မြို့တည်၍ မြို့အမည်ကို "ကပိလဝတ္ထုမြို့" ဟု မှည့်ခေါ်ကြကုန်" ဟု မိန့်တော်မူသည်။

မင်းသားတို့လည်း အလောင်းတော်ရသေ့ မိန့်ကြားသည့် အတိုင်းပင် သခ်မ်းကျောင်း နေရာ၌ မင်းနန်းအိမ်နှင့်တကွ မြို့သစ် တည်ဆောက်ကြပြီးလျှင် ကပိလရသေ့ကြီးကို ဂုဏ်ပြုသည့်အနေဖြင့် မြို့အမည်ကို "ကပိလဝတ္ထုမြို့" ဟု မော်ကွန်းတင်မှည့်ခေါ်ကြသည်။ "ကပိလရသေ့၏နေရာ" ဟု အဓိပ္ပါယ်ရလေသည်။

ထိုကပိလဝတ္ထုမြို့သည် အိန္ဒိယပြည် ဟိမဝန္တာတောင်အနီး သက္ကတိုင်း အတွင်း၌ တည်ရှိ၏။ နောင်အခါတွင် သကျသာကီဝင်ဟု ထင်ရှားသော မင်းမျိုးတို့၏ တိုင်းနိုင်ငံဖြစ်၍ သက္ကတိုင်း၏ မြို့တော် လည်း ဖြစ်လာသည်။ ဘုရားအလောင်းတော်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထီးနန်းစိုးစံရာ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား ဖွားမြင်တော်မူရာ ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ အစဉ်သတိရ အောက်မေ့အပ်ရာ၊ သွားရောက်ဖူးမြော် သံဝေဂ ယူသင့်ရာ (သံဝေဇနိယဌာန) မြို့တော်မြတ်လည်း ဖြစ်သည်။

ယခုအခါ ကပိလဝတ္ထုမြို့ဟောင်းသည် အိန္ဒိယနယ်စပ်၊ နီပေါပြည်နယ်တွင်း တောလီဝှာမြို့နယ်၊ ပါဒရိယား (Padaria) ရွာ၌ တည်ရှိ၍ လုမ္ဗနီဥယျာဉ်မှ ဆယ်မိုင်ခန့် ဝေးကွာသည်။ ယခင် အိန္ဒိယပြည်အတွင်း ရှိခဲ့၍ ၁၈၅၇ ခုနှစ်တွင် အိန္ဒိယသူပုန်ထ သောအခါ နီပေါဘုရင်ထံမှ အကူအညီရသဖြင့် အင်္ဂလိပ်အစိုးရက ထိုဒေသကို နီပေါပြည်ထဲသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

## သကျသာကီဝင် ဟု ခေါ်တွင်ခြင်း

မင်းသားတို့တွင် ဩက္ကာမုခမင်းသားသည် အစ်ကိုအကြီးဆုံး ဖြစ်၍ ကပိလဝတ်ပြည်၌ ပထမဆုံးမင်းပြု၏။ ထိုသို့ ဩက္ကာမုခမင်း အမှူးရှိသော မင်းသား၊ မင်းသမီးတို့သည် ကပိလဝတ်ပြည်၌ ထီးနန်းစိုးစံနေထိုင်လာခဲ့ကြရာ အိမ်ထောင်ပြုသင့်သောအရွယ်သို့ပင် ရောက်လာခဲ့ကြ၏။ ထိုအခါ ခမည်းတော် ထည့်လိုက်သော အမတ်ကြီး ရှစ်ယောက်တို့သည် "ဤမင်းသား၊ မင်းသမီးတို့သည် အရွယ်သို့ ရောက်ကြလေပြီ။ အကယ်၍ ခမည်းတော် မင်းတရားကြီးအထံ၌ ဖြစ်လျှင် သားတော်၊ သမီးတော်တို့၏ အိမ်ထောင်ရေးကို ကိုယ်တော် တိုင် စီမံတော်မူပေလိမ့်မည်။ ယခုမူကား မင်းသား၊ မင်းသမီးတို့၏ အိမ်ထောင်ရေးသည် ငါတို့တာဝန်သာ ဖြစ်တော့သည်" ဟု ကြံစည် ကြ၍ မင်းသားတို့နှင့် တိုင်ပင်ဆွေးနွေးကြသည်။

မင်းသားတို့လည်း "ဤအရပ်၌ ငါတို့နှင့် အမျိုးဇာတ်နွယ် တူသော မင်းသမီးကို မမြင်၊ နှမတော်တို့နှင့် အမျိုးဇာတ်နွယ် တူသော မင်းသားကိုလည်း မမြင်၊ အမျိုးဇာတ်နွယ် မတူသောသူတို့နှင့် အိမ်ထောင်ဖက် ပြုကြလျှင်လည်း ငါတို့၏ သားသမီးတို့သည် မစင်ကြယ်ကြကုန်ရာ၊ အမျိုးဇာတ်နွယ် ရောယှက်ပျက်စီးခြင်းသို့ ရောက်ကြပေလိမ့်မည်" ဟု ပြောဆိုကြ၍ အမျိုးအနွယ်ကို စောင့်သော အားဖြင့် နှမတော်ငါးပါးတွင် အမတော်အကြီးဆုံး ပိယာမင်းသမီးကို မယ်တော်အရာထား၍ နှမတော်လေးပါးနှင့် မောင်တော်လေးပါး အသီးသီး ထိမ်းမြားစုံဖက်ကြလေသည်။

ထိုအကြောင်းကို ခမည်းတော် ဩက္ကာရာဇ်မင်းကြီး ကြားသိတော် မူလေလျှင် "အချင်းတို့၊ သားတော် သမီးတော်တို့သည် အမျိုးအနွယ် ကို စောင့်ရှောက်နိုင်စွမ်း ရှိကြပေသည်တကား" ဟု ဝမ်းမြောက်စကား မိန့်ကြားတော်မူသည်။ ထိုစကားသည် မာဂဓ (ပါဠိ) ဘာသာဖြင့်

"သကျာဝတဘောကုမာရာ" ဟူ၍ဖြစ်သည်။ ယင်းစကား၏အစ စကားလုံးဖြစ်သော "သကျာ" ဟူသော စကားကို အစွဲပြု၍ နောင်အခါ၌ ဩက္ကာမုခ စသော မင်းသား၊ မင်းသမီးတို့နှင့် ထိုမင်းသား၊ မင်းသမီးတို့မှ ဖွားမြင်ဆင်းသက်လာသော မင်းမျိုးအဆက်ဆက်ကို "သကျသာကီဝင်"ဟု ခေါ်တွင်လေသည်။

ဤ၌ သကျ သဒ္ဒါကား "စွမ်းနိုင်ခြင်း" ဟု အဓိပ္ပါယ်ရှိသည်။ သာကီဝင်ကား မာဂဓ (ပါဠိ)ဘာသာဖြင့် "သာကိယဝံသ" ဖြစ်၏။ "သကျေဘဝေါ သာကိယော" ဟူသော ဝစနတ္ထအရ သကျမင်းမျိုး၌ ဖြစ်သောကြောင့် သာကိယမည်၏။ ယင်း သာကိယကိုပင် သာကီဟု မြန်မာမှုပြု၍ သာကီဝင် - သာကီမျိုး-သာကီနွယ် ဟုဆိုသည်။ သာကီမင်း အဆက်အနွယ်၊ သာကီမင်းမျိုးဟု အဓိပ္ပါယ်ရှိသည်။

သီလက္ခန်ဒီကာသစ်၌ကား "သာကရုက္ခပဋိစ္ဆန္နံ" စသော သက္ကဋနိဃဏ္ဍုကျမ်းလာ ဂါထာကိုဆောင်၍ (ကပိလ ရသေ့၏ နေရာဖြစ်သော ဟိမဝန္တာတောင် နံပါး ရေကန်အနီးရှိ) သာက ဟု ဆိုအပ်သော ကျွန်းတော၌ နေသောကြောင့် "သကျသာကီဝင်" ဟု ခေါ်တွင်ကြောင်း တစ်နည်းတစ်ဖုံ ဖွင့်ဆိုထားသည်။ ကျွန်းတောစ် မင်းမျိုးဟု ဆိုလိုပေသည်။

## ကောလိယပြည် တည်ထောင်ခြင်း

ဩက္ကာမုခ စသော မင်းသားတို့သည် နှမတော်တို့နှင့် ထိမ်းမြားစုံဖက်လာခဲ့ကြရာ သားတော်၊ သမီးတော်တို့ဖြင့် ကြီးပွားတိုးတက်လာခဲ့သည်။ ထိုစဉ် မယ်တော်အရာထားသော အမတော်ကြီး ပိယာမင်းသမီးသည် ရေးကံမကောင်း အကြောင်းမလှသဖြင့် ကုဋ္ဌနူနာစွဲကပ်လာခဲ့၏။ တစ်ကိုယ်လုံး အဖုအပိမ့်များထွက်၍ ကလောပွင့်၊ ပင်လယ်ကသစ်ပွင့် အဆင်းကဲ့သို့ နီမြန်းလာသည်။

ထိုအခါ မင်းသားတို့သည် အမတော်ကြီးနှင့် အတူတကွ နေထိုင်စားသောက် နေကြလျှင် ရောဂါကူးစက်မည်ကို စိုးရိမ်လာကြ၏။ သို့ဖြင့် တစ်နေ့တွင် ဥယျာဉ်ကစား သွားကြမည့်ဟန်ပြု၍ အမကြီးပိယာကို ရထားဖြင့် တင်ဆောင်ခဲ့ကြ၏။ တောတွင်း တစ်နေရာသို့ရောက်လျှင် ရေကန်သဖွယ် လေးထောင့်ကျင်းကြီး တူးစေ၍ အစား အစာရိက္ခာများ လုံလောက်စွာ ထည့်သိုပြီးလျှင် အမကြီး ပိယာကို ထည့်သွင်းခဲ့ကြ၏။ အပေါ်မှလည်း ပျဉ်ချပ်များ မိုးကာ၍ တံခါးအပိတ်အဆို့များ စီမံပြီးလျှင် မြေဖို့ ထားရစ်ခဲ့ကြသည်။

ထိုအချိန်မှာပင် ဗာရာဏသီပြည့်ရှင် ရာမမင်းသည်လည်း ကုဋ္ဌနူနာ စွဲကပ်သဖြင့် မိဖုရား၊ မောင်းမမိဿံတို့က စက်ဆုပ်ရွံရှာကြသည်ကို ရှက်နိုးထိတ်လန့်၍ သားတော်ကြီးအား ထီးနန်းလွှဲအပ်ပြီးလျှင် ဟိမဝန္တာတောသို့ ထွက်လာခဲ့၏။ ရာမမင်းသည် တောတွင်း၌ သစ်ရွက်တဲနန်း ဆောက်လုပ်၍ သစ်သီး၊ သစ်ရွက်၊ သစ်မြစ်၊ သစ်ဖု တို့ကို စားသုံးနေထိုင်ခဲ့ရာ မကြာမီပင် နူနာရောဂါ ပျောက်ကင်းသွားလေသည်။ သို့ရာတွင် ရာမမင်းသည် နေပြည်တော်သို့ မပြန်တော့ဘဲ တောတွင်း၌ပင် နေထိုင်ခဲ့သည်။

တစ်နေ့သ၌ တောတွင်းလှည့်လည်စဉ် ပင်စည်ပင်လုံးကြီးမား၍ အတွင်း၌ အခေါင်းရှိသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရသဖြင့် သစ်ခေါင်းကို ရှင်လင်းသုတ်သင်ပြီးလျှင် အဝင်အထွက် တံခါး၊ လေသာတံခါး၊ အဆင်းအတက် လှေကားများ ပြုလုပ်တပ်ဆင်၍ ထိုသစ်ခေါင်း နန်းအိမ်၌ နေထိုင်လေသည်။

ထိုရာမမင်းသည် မီးအိုးကင်း၌ မီးထည့်၍ ညအခါ၌ သမင်အော်သံ၊ ဝက်အော်သံ၊ ခြင်္သေ့၊ သစ်၊ ကျားသံတို့ကို မှတ်သား၍ အိပ်၏။ နံနက်မိုးလင်းသောအခါ ထိုအရပ်များသို့သွား၍ ခြင်္သေ့၊ သစ်၊ ကျားတို့၏ စားကြွင်း အသားတို့ကို ယူဆောင်ပြီး မီးကင်

၍ စားသည်။

တစ်နေ့တွင် ရာမမင်းသည် နံနက်မိုးသောက်ချိန်၌ အိပ်ရာမှထ၍ မီးဖိုပြီး ထိုင်နေ၏။ ထိုစဉ် မနီးမဝေးဖြစ်သော ပိယာမင်းသမီး၏ မြေအိမ်ကျင်းထက်၌ ကျားတစ်ကောင်သည် မင်းသမီး၏ ကိုယ်နံ့ ရသဖြင့် မြေများကို ယက်လေ၏။ မြေကြီးများ ကုန်၍ ပျဉ်ချပ်အကြားမှ ကျားကိုမြင်ရလျှင် မင်းသမီးသည် ကြောက်လန့်တကြား အော်ဟစ်လေသည်။

ရာမမင်းသားသည် ထိုအသံကို ကြားရလျှင် မိန်းမအသံဟု သိသဖြင့် နံနက်စောစော ထိုအရပ်သို့သွား၍ စုံစမ်းရှာဖွေ၏။ မြေအိမ်ကျင်းအတွင်းမှ ပိယာမင်းသမီးကို တွေ့မြင်ရလျှင် ဖြစ်ပျက်ပုံ အလုံးစုံ မေးမြန်း၍ မိမိနေရာ သစ်ခေါင်းနန်းအိမ်သို့ ခေါ်ဆောင်လာခဲ့၏။ ထို့နောက် မင်းသမီးအား မိမိ စားသုံးခဲ့သော သစ်သီး၊ သစ်ရွက်၊ သစ်မြစ်၊ သစ်ဖု ဆေးဝါးများကို ကျွေးမွေး၍ ရောဂါ ပျောက်ကင်းအောင် ပြုစုသည်။ မင်းသမီးသည် မကြာမီပင် နူနာရောဂါ ပျောက်ကင်း၍ ရွှေအဆင်းကဲ့သို့ အသားအရေ စိုပြေလှပ တင့်တယ်လာ၏။ ရာမမင်းလည်း ထိုမင်းသမီးနှင့်ပင် အတူတကွ ပေါင်းသင်း နေထိုင်လေသည်။

ပိယာမင်းသမီးသည် ရာမမင်းနှင့် ပေါင်းသင်းနေထိုင်ခဲ့ရာ သားယောကျ်ား အမြွှာ အစုံ တစ်ဆယ့်ခြောက်ကြိမ် တိုင်တိုင် ဖွားမြင်သဖြင့် သားတော် သုံးကျိပ်နှစ်ယောက် ထွန်းကားသည်။ မင်းသားတို့ အရွယ်သို့ရောက်သောအခါ ခမည်းတော် ရာမမင်းသည် အဋ္ဌာရသ အတတ်ပညာများကို သင်ကြားပေးသည်။

တစ်နေ့သ၌ ရာမမင်း၏ ဗာရာဏသီ နေပြည်တော်မှ မုဆိုး တစ်ယောက်သည် ဟိမဝန္တာတောအတွင်း လှည့်လည်ရင်း ရောက်လာ၏။ မုဆိုးသည် ရာမမင်းကိုမြင်လျှင် မှတ်မိသဖြင့် အဖြစ်သနစ်

အကြောင်းစုံကို မေးမြန်း၍ ဗာရာဏသီပြည်သို့ ရောက်သောအခါ ရာမမင်း၏ သားတော် မင်းတရားထံ ဝင်၍ အကြောင်းစုံကို လျှောက်တင်လေသည်။

ဗာရာဏသီမင်းလည်း ဝမ်းမြောက်လှသဖြင့် စစ်အင်္ဂါလေးပါးနှင့်တကွ ဟိမဝန္တာ တောအရပ်သို့သွား၍ ခမည်းတော်အား ဗာရာဏသီပြည်သို့ပြန်၍ မင်းပြုပါရန် တောင်းပန်၏။ ရာမမင်းလည်း "ငါကား ဗာရာဏသီမင်းအဖြစ်ကို အလိုမရှိတော့ပြီ၊ ဤအရပ်မှာပင် ငါနေထိုင်ရာ သစ်ပင်ကို ဖယ်ရှား၍ မြို့သစ်တည်ထောင်လော့" ဟု မိန့်တော်မူ၏။ သားတော် မင်းတရားလည်း ခမည်းတော်၏ အလိုဆန္ဒအတိုင်း ထိုအရပ်၌ မြို့သစ် တည်ထောင်၏။

မြို့သစ်၏အမည်ကို ခမည်းတော်၏ နေထိုင်ရာ ကလောပင်ကို ဖယ်ရှား၍ မြို့တည်ထောင်သောကြောင့် "ကောလိယမြို့" ဟူ၍လည်းကောင်း၊ ကျားတို့ သွားလာကျက်စားရာ လမ်းခရီး၌ တည်ထားသောကြောင့် "ဗျဂ္ဃပထမြို့" ဟူ၍လည်းကောင်း အမည်နှစ်မျိုး မော်ကွန်းထိုး၍ ခမည်းတော်အား အပ်နှင်းပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လေသည်။

ရာမမင်းနှင့် မိဖုရားတို့လည်း ကောလိယ (ဗျဂ္ဃပထ)မြို့၌ပင် ထီးနန်း စည်းစိမ်ကို ခံစားတော်မူကြ၏။ သို့ဖြင့် သားတော်တို့ အရွယ်ရောက်သောအခါ ပိယာမိဖုရားကြီးသည် သားတော်များကို ခေါ်၍ "ချစ်သား တို့၊ သားတော်တို့သည် ဆွေမျိုးဉာတိ မရှိကြသူများ မဟုတ်ကြကုန်၊ ကပိလဝတ်ပြည်၌ စံနေကြသော သကျသာကီဝင်တို့သည် သားတော်တို့၏ ဦးရီးတော်များ ဖြစ်ကြ၏။ ဦးရီးတော်တို့၏ သမီးတော် များသည် ဤသို့ဤပုံ ဝတ်စားဆင်ယင်ထုံးဖွဲ့ကြ၏။ ထိုမင်းသမီးတို့ ရေချိုးဆိပ်သို့ ထွက်လာသောအခါ နှစ်သက်မြတ်နိုးရာ မင်းသမီးကို ဆောင်ယူကြကုန်လော့" ဟူ၍ ပြောဆိုမှာကြားသည်။

မင်းသားတို့လည်း မယ်တော် မှာကြားသည့်အတိုင်းပင် ကပိလဝတ်ပြည်မှ ဦးရီးတော်တို့၏ သမီးတော်များ ရေချိုးဆိပ်သို့သွား၍ စောင့်နေကြ၏။ မင်းသမီးများ ရေချိုးပြီး၍ ဆံပင်ကို ဖြန့်လှန်းနေကြစဉ် မိမိတို့ နှစ်သက်မြတ်နိုးရာ မင်းသမီးကို ဆောင်ယူကြ၍ မိမိတို့၏ အမျိုးအမည်များကို ကြွေးကြော်ခဲ့ကြသည်။ ထိုသတင်းကို သာကီဝင်မင်းတို့ ကြားသိလျှင် "ဤမင်းသားတို့သည် အမတော်ကြီး ပိယာ၏သား၊ ငါတို့၏ တူတော်များသာဖြစ်ကြသည်" ဟု ပြောဆို၍ ကြည်ဖြူကျေနပ်ကြသည်။ သို့ဖြင့် ကပိလဝတ်နှင့် ကောလိယမင်းတို့ ဆွေမျိုးရင်းချာ မောင်နှမအချင်းချင်း ထိမ်းမြား၍ သကျသာကီဝင်တို့၏ အနွယ်အဆက်များ ဆင်းသက်ပြန့်ပွားခဲ့လေသည်။

## ဒေဝဒဟပြည် တည်ထောင်ခြင်း

ကပိလဝတ်နှင့် ကောလိယပြည် နှစ်ပြည်ထောင်အကြားတွင် မွေ့လျော်ဖွယ်ကောင်းသော ရေအိုင်ကြီး တစ်ခုရှိ၏။ သာကီဝင်မင်းတို့သည် ထိုရေအိုင်ကြီးသို့သွား၍ ရေကစားလေ့ရှိကြ၏။ ယင်းသို့ သာကီဝင်မင်းတို့ ရေကစားရာဖြစ်သောကြောင့် ထိုရေအိုင်ကြီးကို "ဒေဝဒဟ" ဟု ခေါ်တွင်လေသည်။

နောင်အခါတွင် ဤရေအိုင်သို့ ရေကစားလာကြသော သာကီဝင်မင်းတို့သည် နေပြည်တော်သို့ မပြန်ကြတော့ဘဲ တည်းခိုရာ တဲနန်းများဆောက်၍ နေထိုင်ကြသည်။ ထိုအခါမှစ၍ အစဉ်သဖြင့် စည်ကားကြီးကျယ်လာခဲ့ရာ မြို့ကြီးတစ်မြို့အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ထိုမြို့ကို ဒေဝဒဟအိုင်ကို အစွဲပြု၍ "ဒေဝဒဟမြို့" ဟု မော်ကွန်းတင်ကြသည်။ ထိုမြို့၌ နေထိုင်ကြသော သာကီဝင်မင်းတို့ကိုလည်း "ဒေဝဒဟ သာကီဝင်" ဟု ခေါ်တွင်လေသည်။

ထိုဒေဝဒဟမြို့တော်သည် မြတ်ဗုဒ္ဓ၏ မယ်တော် မဟာမာယာ၊

မိထွေးတော် ဂေါတမီနှင့် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ကြင်ယာတော် ယသောဓရာ မင်းသမီးတို့၏ ဇာတိမြို့တော်ဖြစ်၏။ ယခုအခါ အိန္ဒိယနိုင်ငံသားတို့က ၎င်းမြို့ကို ကသ္သာ (နိဂုံးရွာကြီး) ဟု ခေါ်ဆိုကြသည်။ ထိုဒေဝဒဟမြို့တော်ဟောင်း တည်နေရာအမှန်ကို ကမ္ဘည်းကျောက်စာဌာနများက တိတိကျကျ မှတ်သားချက် မရှိသေးချေ။ သို့သော် ကျမ်းဂန်လာ စကားများအရ ဒေဝဒဟသည် သာဝတ္ထိနှင့် ရာဇဂြိုဟ်တို့၏ အရှေ့တောင်အရပ်၌ တည်ရှိ၍ ဘုရားအလောင်းတော်ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်နှင့် ဒေဝဒဟသည် ဆွမ်းခံရွာ ပြုလောက်အောင်ပင် နီးကပ်သည်ဟု သိရ၏။ တစ်ဖန် ဘုရားအလောင်းတော် ဖွားမြင်တော်မူခါနီး ဒေဝဒဟသို့သွားသော မယ်တော်မဟာမာယာ၏ ခရီးစဉ်နှင့် ရောဟိဏီမြစ်တည်နေပုံ အနေအထားကို ထောက်၍လည်းကောင်း၊ ကပိလဝတ္ထုမှ အရှေ့တောင်ဘက် ဆယ့်ခုနစ်မိုင်အကွာတွင် ဒေဝဒဟ တည်ရှိသည်ဟူသော ဖာဟီယန်မှတ်တမ်း စကားအရလည်းကောင်း၊ ကပိလဝတ်နှင့် ဒေဝဒဟအကြား၌ လုမ္ဗိနီဥယျာဉ်တည်ရှိ၍ ဥယျာဉ်၏တောင်ဘက် နှစ်မိုင်၊ သုံးမိုင် အကွာတွင် ဒေဝဒဟ တည်ရှိမည်ဟု ခန့်မှန်းကြသည်။ ယခုအခါ နီပေါအစိုးရ ရဲစခန်း တည်ရှိရာ (ဘဂဝန်ပုရ်) အမည်ရှိသော အရပ်သည်ပင် ဒေဝဒဟမြို့ဟောင်း နေရာဖြစ်မည်ဟု ယူဆကြသည်။

အထက်ပါ ကပိလဝတ်၊ ကောလိယ၊ ဒေဝဒဟ သုံးပြည်ထောင်တို့သည် သကျသာကီဝင်တို့၏ နေထိုင်ရာ တိုင်းပြည်များဖြစ်ကြ၏။ ထိုသကျသာကီဝင်တို့သည် ဖော်ပြခဲ့သည့်အတိုင်း ဩက္ကာမုခမင်းမှစ၍ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းတိုင်အောင် ဆွေတော်မျိုးတော် အချင်းချင်းသာ အပြန်အလှန် ထိမ်းမြားလက်ထပ်၍ အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ ထို့ကြောင့် "အသမ္ဘိန္နခတ္တိယမင်းမျိုး" ဟုလည်း ထင်ရှားလေသည်။

ဩက္ကာမုခမင်းမှစ၍ ဇေယျသေနမင်းတိုင်အောင် (၈၂၀၁၀) ရှစ်သောင်းနှစ်ထောင်တစ်ကျိပ်သော သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်ကို အစဉ်အလာမပျက် အုပ်စိုးခဲ့ကြသည်။ ထိုတွင် နောက်ဆုံးဖြစ်သော ဇေယျသေနမင်းမှ သီဟဟနုမင်းသားနှင့် ယသောဓရာမင်းသမီးတို့ ထွန်းကားသည်။

ထိုအချိန်မှာပင် ဒေဝဒဟပြည်ကို အုပ်စိုးသော ဥက္ကာသက္ကမင်းနှင့် ယသဝတီ မိဖုရားတို့မှ ဒေဝဒဟသက္က မင်းသားကို ဖွားမြင်သည်။ ထိုဒေဝဒဟသက္ကမင်းမှ အဉ္စနမင်းသားနှင့် ကဉ္စနာမင်းသမီးတို့ ထွန်းကားသည်။

ဤသို့ ကပိလဝတ်မင်းနှင့် ဒေဝဒဟမင်းတို့ သားတော်သမီးတော်နှစ်ပါးစီ ထွန်းကားကြရာတွင် ကပိလဝတ်ပြည်ရှင် ဇေယျသေနမင်း၏ သားတော် သီဟဟနုမင်းသားသည် ဒေဝဒဟ ပြည်ရှင် ဒေဝဒဟသက္ကမင်း၏ သမီးတော် ကဉ္စနာမင်းသမီးကို မိဖုရားမြှောက်၍ ကပိလဝတ်ပြည်၌ မင်းပြု၏။ ထိုမင်းမိဖုရားတို့မှ သုဒ္ဓေါဒနေ၊ ဓောတောဒန၊ သက္ကောဒနေ၊ သုက္ကောဒနေ၊ အမိတောဒန ဟူသော သားတော်ငါးပါးနှင့် အမိတ္တာ (အမိတာ)၊ ပါလိတာ ဟူသော သမီးတော်နှစ်ပါး ထွန်းကားသည်။

ထိုအချိန်မှာပင် ဒေဝဒဟပြည်ရှင် ဒေဝဒဟသက္ကမင်း၏ သားတော် အဉ္စနမင်းသားသည် ကပိလဝတ်ပြည်မှ ဇေယျသေနမင်း၏ သမီးတော် ယသောဓရာ (သုလက္ခဏာ) မင်းသမီးကို မိဖုရားမြှောက်၍ ဒေဝဒဟပြည်၌ မင်းပြု၏။ ထိုမင်းမိဖုရားတို့မှ မဟာမာယာမင်းသမီး၊ မဟာပဇာပတိဂေါတမီမင်းသမီးဟူသော သမီးတော်နှစ်ပါးနှင့် ဒဏ္ဍပါဏိမင်းသား၊ သုပ္ပဗုဒ္ဓမင်းသား ဟူသော သားတော်နှစ်ပါးထွန်းကားသည်။ ထိုတွင် မဟာပဇာပတိ ဂေါတမီ (မိထွေးတော် ဂေါတမီ) မှာ ဒုတိယမြောက် သမီးတော်ဖြစ်သည်။

သို့ဖြစ်၍ မိထွေးတော်ဂေါတမီသည် ဒေဝဒဟ သာကီဝင် အဥ္စနမင်းကြီးနှင့်ကပိလဝတ် သာကီဝင် ယသောဓရာမိဖုရားကြီးတို့မှ နွယ်ဖွားတော်မပျက် ဆင်းသက်ဖွားမြင်လာသည့် အသမ္ဘိန္နခတ္တိယနွယ်စဉ် သကျသာကီဝင် မင်းသမီးတစ်ပါးဖြစ်ကြောင်း သိရပေသည်။

## မိထွေးတော်ဂေါတမီ၏ ဖွားသက္ကရာဇ်စိစစ်ချက်

အဥ္စနမင်းနှင့် ယသောဓရာ မိဖုရားတို့၏ သားတော်၊ သမီးတော်လေးပါးအနက် မိထွေးတော် ဂေါတမီသည် ဒုတိယမြောက် သမီးတော်ဖြစ်၏။ အမတော်အကြီးဆုံးမှာ မဟာမာယာ ဖြစ်သည်။

မိထွေးတော် ဂေါတမီ၏ ဖွားသက္ကရာဇ်ကို ကျမ်းဂန်တို့၌ ဖော်ပြထားခြင်း မရှိသဖြင့် အတိအကျ မသိရပေ။ သို့သော် မိထွေးတော်ဂေါတမီသည် မဟာမာယာမင်းသမီးအောက် ဖွားမြင်၍၊ မဟာမာယာ၏ ညီမငယ်ဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ထေရီဂါထာ အဋ္ဌကထာတို့၌ ဖော်ပြထားသည်။ တစ်ဖန် မဟာမာယာမင်းသမီး မတ်တတ်သွားနိုင်သောအရွယ်၌ မိထွေးတော် ဂေါတမီကို ဖွားမြင်ကြောင်းကို သမန္တစက္ခုဒီပနီကျမ်း၌ ဖော်ပြထားသည်။

ထိုအချက်ကို ထောက်လျှင် မတ်တတ်သွားနိုင်သော အရွယ်မှာ အများအားဖြင့် တစ်နှစ်ကျော် နှစ်နှစ်ခန့်အတွင်းဖြစ်၍ မိထွေးတော် ဂေါတမီသည် မဟာမာယာမင်းသမီးအောက် နှစ်နှစ်ခန့်ငယ်ကြောင်း သိနိုင်ပေသည်။

## မဟာမာယာ၏ ဖွားသက္ကရာဇ်

မဟာမာယာ၏ ဖွားသက္ကရာဇ်ကိုလည်း ကျမ်းဂန်တို့၌ ဖော်ပြထားသည်ကို မတွေ့ရချေ။ သို့သော် သုတ်မဟာဝါအဋ္ဌကထာ၊

ဥပရိပဏ္ဏာသ အဋ္ဌကထာတို့၌-

"ဗောဓိသတ္တမာတာပိ ပဋ္ဌမဝယေသမ္ပတ္တိံ အနုဘဝိတ္ဗာ မဇ္ဈိမ ဝယဿ တတိယကောဋ္ဌာသေ ဝိဇာယိတ္ဗာ ကာလံကရောတိ တိအယ မေတ္ထ ဓမ္မတာ "

"ဘုရားအလောင်း မယ်တော်သည် ပထမအရွယ်၌ ထီးနန်းစည်းစိမ်ကို ခံစားပြီး၍ မဇ္ဈိမအရွယ်၏ (သုံးပုံအနက်) တတိယအပုံသို့ ရောက်သောအခါ၌ အလောင်းတော်ကို ဖွားမြင်ပြီးလျှင် နတ်ရွာစံရမြဲ ဓမ္မတာဖြစ်၏။"

-ဟု ဖွင့်ဆိုထား၏။

ယင်းအဋ္ဌကထာဆရာတို့၏ ဖွင့်ဆိုချက်များကို အတိအကျ ရေတွက်၍ ရှေးဆရာတို့က-

"ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက် "

-ဟူ၍ လင်္ကာစီကုံး ရေးသားခဲ့ကြသည်။

ဤလင်္ကာ၌ "ဆပညာသ"ဟူသည်မှာ ငါးဆယ့်ခြောက်နှစ် ဖြစ်၏။ "ငါးမာသဝယ်၊ သုံးရက်ပယ်" ဟုဆိုရာ၌ ငါးလထဲတွင် သုံးရက်ကို ပယ်နုတ်လိုက်လျှင် လေးလနှင့် နှစ်ဆယ့်ခွန်နစ်ရက် ဖြစ်၏။ အဓိပ္ပါယ်မှာ "ဘုရားအလောင်း မယ်တော်မဟာမာယာသည် အသက် ငါးဆယ့်ခြောက်နှစ်၊ လေးလ၊ နှစ်ဆယ့်ခုနစ်ရက် အရွယ်၌ နတ်ရွာစံသည်ဟု ဆိုလိုပေသည်။

တစ်ဖန် မယ်တော်မဟာမာယာ၏ ဘုရားအလောင်းတော်ကို ပဋိသန္ဓေယူသောအရွယ်ကိုလည်း-

"နှစ်နှင့်ရက်ဝယ်၊ ကေသတ်ပယ်၊ လဝယ်ခွေးစွက်၊ သန္ဓေသက်" ဟူ၍ ဆက်လက်စီကုံး ရေးသားထား၏။

ဤ၌ ဆပညာသအရ ငါးဆယ့်ခြောက်နှစ်ဝယ် ကေ(တစ်နှစ်)

ပယ်နုတ်လျှင် ငါးဆယ့်ငါးနှစ်ဖြစ်၏။ ရှေးလေးလတွင် ဒွေး (နှစ်လ) စွက် (ပေါင်း)လျှင် ခြောက်လဖြစ်၏။နှစ်ဆယ့်ခုနစ်ရက်ဝယ် သတ် (ခုနစ်ရက်) ပယ်နုတ်လျှင် ရက်နှစ်ဆယ်ဖြစ်၏။ စုပေါင်းအဓိပ္ပါယ်မှာ "မယ်တော်မဟာမာယာသည် အသက် ငါးဆယ့်ငါးနှစ်၊ ခြောက်လ၊ အရက်နှစ်ဆယ်အရွယ်၌ ဘုရားအလောင်းတော်ကို ပဋိသန္ဓေယူသည်" ဟုဆိုလိုပေသည်။

မှန်ပါသည်။ မယ်တော်မဟာမာယာ လူဖြစ်ချိန်၌ လူတို့၏ သက်တမ်းမှာ အနှစ်တစ်ရာတမ်းဖြစ်၏။ ယင်းအနှစ်တစ်ရာတမ်းကို သုံးပုံပုံလျှင် ပထမအရွယ် သုံးဆယ့်သုံးနှစ်၊ လေးလ၊ မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ်၊ လေးလ၊ ပစ္ဆိမအရွယ် သုံးဆယ့်သုံးနှစ် လေးလ ဖြစ်၏။

မယ်တော်မဟာမာယာသည် ပထမအရွယ် သုံးဆယ့်သုံးနှစ် လေးလ၌ ထီးနန်းစည်းစိမ်ကို ခံစား၏။ မဇ္ဈိမအရွယ် သုံးဆယ့်သုံးနှစ်၊ လေးလကို သုံးပုံပုံလျှင် ပထမအပုံ တစ်ဆယ့်တစ်နှစ်၊ တစ်လ၊ ဆယ်ရက်၊ ဒုတိယအပုံ တစ်ဆယ့်တစ်နှစ်၊ တစ်လ၊ ဆယ်ရက်၊ တတိယအပုံ တစ်ဆယ့်တစ်နှစ်၊ တစ်လ၊ ဆယ်ရက်ဖြစ်၏။ ထိုတွင် ပထမအပုံနှင့် ဒုတိယအပုံကို နှစ်ရပ်ပေါင်းလျှင် ငါးဆယ့်ငါးနှစ်၊ ခြောက်လ၊ အရက်နှစ်ဆယ်ဖြစ်၏။ ထိုအခါ၌ မယ်တော်မဟာမာယာသည် ဘုရားအလောင်းတော်ကို ပဋိသန္ဓေယူခဲ့သည်။ ထို့ကြောင့်–

"နှစ်နှင့်ရက်ဝယ်၊ ကေသတ်ပယ်၊ လဝယ်ဒွေးစွက်၊ သန္ဓေသက်" ဟူ၍ လင်္ကာစီကုံး ရေးသားခြင်းဖြစ်သည်။ ၎င်းငါးဆယ့်ငါးနှစ်၊ ခြောက်လ၊ အရက်နှစ်ဆယ်ထဲတွင် ဘုရားအလောင်းတော် ပဋိသန္ဓေနေသော ဆယ်လနှင့် ဖွားမြင်ပြီးနောက် ခုနစ်ရက်ကို ထည့်ပေါင်းလျှင် မယ်တော်မဟာမာယာ နတ်ရွာစံချိန်၌ အသက် ငါးဆယ့်ခြောက်နှစ်၊ လေးလ၊ နှစ်ဆယ့်ခုနစ်ရက် ဖြစ်၏။ ဤသည်ကို ရည်၍–

"ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်"

ဟူ၍ လင်္ကာစီကုံးရေးသားခြင်းဖြစ်သည်။

"မယ်တော် မဟာမာယာသည် ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ နတ်ရွာစံ၍၊ တုသိတာနတ်ပြည်၌ (သန္တုသိတနတ်သား) ဖြစ်၏"

ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ဆိုသဖြင့် မယ်တော်မဟာမာယာ နတ်ရွာစံသောခုနှစ်မှာ မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ (ဘီစီ–၆၂၄) ကဆုန်လပြည့်ကျော် ခြောက်ရက်၊ ကြာသပတေးနေ့ ဖြစ်၏။

နတ်ရွာစံချိန်၌ အသက် ငါးဆယ့်ခြောက်နှစ်၊ လေးလ၊ နှစ်ဆယ့်ခုနစ်ရက် အရွယ်ရှိသည်ဟု ဆိုသဖြင့် မယ်တော်မာဟာမာယာ ၏ ဖွားသက္ကရာဇ်မှာ မဟာသက္ကရာဇ် ၁၁–ခုနှစ်၊ (ဘီစီ–၆၈၀) နတ်တော်လပြည့်ကျော် ၉–ရက် ဖြစ်ကြောင်း သိရ၏။

မိထွေးတော် ဂေါတမီသည် မယ်တော်မဟာမာယာဒေဝီအောက် နှစ်နှစ်ခန့် ငယ်သည်ဟု ခန့်မှန်းသဖြင့် မိထွေးတော်ဂေါတမီ၏ ဖွားသက္ကရာဇ်မှာ မဟာသက္ကရာဇ် ၁၃–ခုနှစ် (ဘီစီ–၆၇၈) ကလိယုဂ် နှစ် ၂၄၈၀–ခုနှစ်ဖြစ်ကြောင်း သိနိုင်ပေသည်။

## မိထွေးတော်ဂေါတမီ၏ ငယ်နာမည်

မိထွေးတော် ဂေါတမီအလောင်းအလျာ မင်းသမီးကလေးသည် ကမ္ဘာတစ်သိန်းထက်မှစ၍ ဖြည့်ဆည်းခဲ့သော ပါရမီကောင်းမှုတို့ကြောင့် ဖွားမြင်လာသည့်အခါ မိန်းမမြတ်တို့၏ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါနှင့်ပြည့်စုံ၍ ရုပ်ရည်လက္ခဏာ တင့်တယ်လှပ၏။ ခမည်းတော်၊ မယ်တော်တို့သည် ရုပ်ရည်လက္ခဏာ တင့်တယ်လှပ၍ ထူးခြားမြင့်မြတ်သော ကြန်အင်နှင့် ပြည့်စုံသည့် သမီးရတနာကလေးကို

အနွယ်တော်နှင့် လိုက်ဖက်သောအမည်ဖြင့် "ဂေါတမီ"ဟု ချစ်စနိုး ခေါ်ဝေါ်ကြသည်။ ဂေါတမအနွယ်မှ ဆင်းသက်လာသူဟု ဆိုလိုပေသည်။

မင်းသမီးကို ဖွားမြင်၍ ရက်တစ်ရာပြည့်မြောက်သောနေ့တွင် နာမကရဏ မင်္ဂလာ (နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာ) သဘင်ကြီးကို ခမ်းနားစွာ ဆင်ယင်ကျင်းပသည်။ ထိုနေ့၌ ခမည်းတော် အဉ္ဇန မင်းကြီးသည် ဗေဒင်အရာတွင် ကျွမ်းကျင်သော ပုဏ္ဏား ပညာရှိများကို ဖိတ်၍ သမီးတော်ကလေး၏ ကြန်အင်လက္ခဏာကို ကြည့်ရှု လျှောက်ကြားစေသည်။ ပုဏ္ဏားပညာရှိတို့သည် မင်းသမီးကလေး၏ ထူးခြားမြင့်မြတ်သော ကြန်အင်လက္ခဏာကို ကြည့်၍ ဤသို့ နိမိတ်ဖတ် လျှောက်ကြားလေသည်။

"ဤမင်းသမီးမှ သမီးတော် ဖွားမြင်လျှင် ထိုသမီးတော်သည် စကြဝတေးမင်း၏ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မည်။ သားတော် ဖွားမြင်လျှင် ထိုသားတော်သည် စကြဝတေးမင်း ဖြစ်လိမ့်မည်။ ဤသို့လျှင် သမီးတော်ပင်ဖွားဖွား၊ သားတော်ပင်ဖွားဖွား နှစ်ပါးစုံသော အခြင်းအရာအားဖြင့် ဤမင်းသမီး၏ သားသမီးသည် အထက်တန်းကျ မြင့်မြတ်သူချည်း ဖြစ်ပေလိမ့်မည်"

ထိုသို့ ပုဏ္ဏားပညာရှိတို့ နိမိတ်ဖတ် လျှောက်ကြားမှုကို အစွဲပြု၍ မင်းသမီးကလေး၏ အမည်ကို ဂုဏ်အနက်နှင့် လိုက်ဖက်အောင် "မဟာပဇာပတိ" ဟု မှည့်ခေါ်လေသည်။ အထက်တန်းကျ မြင့်မြတ်သော သားသမီးတို့၏ အရှင် (မိခင်) ဟု ဆိုလိုပေသည်။

ယင်းသို့ အနွယ်တော်နှင့် လိုက်ဖက်သောအမည်၊ ဂုဏ်အနက်နှင့် လိုက်ဖက်သောအမည်နှစ်ရပ်ကို ပေါင်းစပ်၍ မင်းသမီးကလေး၏ အမည်ကို "မဟာပဇာပတိ ဂေါတမီ" ဟု ခေါ်တွင်ကြသည်။

ထိုချိန်မှစ၍ မဟာပဇာပတိဂေါတမီ ဟူသော အမည်သည်

သာကျသာကီဝင်တို့၏ တိုင်းနိုင်ငံအတွင်းသို့ ပြန့်နှံ့ကျော်ကြား သွားလေသည်။

## မိထွေးတော် ဂေါတမီဟု ခေါ်တွင်ခြင်း

ဒေဝဒဟပြည်ကို အစိုးရသော အဥ္စနမင်းကြီးနှင့်ယသောဓရာ မိဖုရားတို့၏ သမီးတော်များဖြစ်ကြသော မဟာမာယာနှင့် မဟာပဇာပတိဂေါတမီ မင်းသမီးတို့သည် အရွယ်ရောက်သောအခါတွင် ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဓနေ မဟာရာဇာသည် ညီအစ်မနှစ်ယောက်လုံးကိုပင် ထိမ်းမြားၡ် အမတော် မဟာမာယာ မင်းသမီးကို အဂ္ဂမဟေသီ မိဖုရားကြီးအရာ၌ ထားတော်မူသည်။

မဟာမာယာနှင့် မဟာပဇာပတိ ဂေါတမီ မင်းသမီးတိုသည် သုဒ္ဓေါဓနေ မဟာရာဇာ၏ ကပိလဝတ် ရွှေနန်းတော်သို့ လိုက်ပါ၍ နန်းစည်းစိမ်ကို ခံစားကြရ၏။ ယင်းသို့ ကပိလဝတ် ရွှေနန်းတော်၌ ပျော်စံလာခဲ့ကြရာ ဒုတိယအရွယ်ဖြစ်သော အသက်ငါးဆယ့်ငါးနှစ် အရွယ်သို့ရောက်သောအခါတွင် မဟာမာယာ၏ ဝမ်းကြာတိုက်ဝယ် အလောင်းတော်မြတ်၏ သန္ဓေတည်လာလေသည်။

မဟာမာယာသည် အလောင်းတော်မြတ် သန္ဓေသား ဖွားမြင်ခါနီး သောအချိန်တွင် ဒေဝဒဟမြို့တော်ရှိ ဆွေမျိုးတော်များထံသို့ သွားရောက်တွေ့ဆုံလိုသော ချင်ခြင်း တပ်လာခဲ့၏။ သို့ဖြစ်၍ သုဒ္ဓေါဓနေ မဟာရာဇာသည် ညီမတော် မဟာပဇာပတိ ဂေါတမီနှင့် အတူရွှေဝေါတော်များနှင့်တကွ မင်းခမ်းမင်းနား အပြည့်အစုံ စီမံ ပေးလိုက်ရ၏။ မဟာမာယာသည် ကပိလဝတ်မြို့တော်နှင့် ဒေဝဒဟမြို့တော် နှစ်ခုအကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့၏။ ယင်းသို့ ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်သည့်နေ့တွင် ဘုရားအလောင်း

မယ်တော်တို့၏ ဓမ္မတာအတိုင်း ကံတော်ကုန် နတ်ရွာစံလေသည်။

မဟာမာယာ နတ်ရွာစံ၍ မကြာမီမှာပင် သုဒ္ဓေါဒန မဟာရာဇာသည် မဟာပဇာပတိ ဂေါတမီကို အဂ္ဂမဟေသီ မိဖုရား အရာ၌ ထားတော်မူ၏။ မဟာပဇာပတိဂေါတမီသည် အမတော် မဟာမာယာမှ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပြီး ချိန်မှစ၍ "မိထွေးတော်" ဟူသော အမည်ထူးကို ရရှိလာခဲ့သည်။

မှန်ပါသည်။ မိထွေးဟူသော ဝေါဟာရသည် မိခင်၏ညီမ၊ သို့မဟုတ် ဖခင်၏နောက်မယားကို သားသမီးများက ခေါ်ဝေါ်သည့် အသုံးအနှုန်းဖြစ်၏။ ဤဝေါဟာရအသုံးအနှုန်းနှင့်စပ်၍ မြန်မာ အဘိဓာန်ကျမ်း၌–

၁။ မိခင်၏ညီမ

၂။ ဖခင်၏ နောက်မယား

ကို မိထွေးဟု ခေါ်ဝေါ်သုံးနှုန်းကြောင်း ဖော်ပြထား၏။ အဘိဓာနပ္ပဒီပိကာပါဠိ၌လည်း–

"မာတုစ္ဆာမာတုဘဂိနီ"

"မိခင်၏အစ်မ၊ ညီမသည် မိကြီး၊ မိထွေး မည်၏။"

ဟူ၍ ဖော်ပြထား၏။ ဤအလို မိခင်၏အမဖြစ်သူကို "မိကြီး"၊ ညီမဖြစ်သူကို "မိထွေး" ဟု ခေါ်ဝေါ်သုံးနှုန်းကြောင်း သိရသည်။

ဤ၌ မဟာပဇာပတိဂေါတမီသည် ဘုရားအလောင်း မယ်တော် မဟာမာယာ၏ ညီမတော်အရင်းလည်း ဖြစ်၏။ တစ်ဖန် ဘုရား အလောင်း မယ်တော် နတ်ရွာစံတော်မူပြီးသည့်နောက်၌ ခမည်းတော် သုဒ္ဓေါဒန မဟာရာဇာသည် မဟာပဇာပတိ ဂေါတမီကို မယ်တော် မဟာမာယာ၏ အရိုက်အရာဖြစ်သော အဂ္ဂမဟေသီ မိဖုရားကြီးအရာ၌ ထားတော်မူခဲ့သဖြင့် ခမည်းတော်၏ နောက်မိဖုရားကြီး (ဒုတိယမြောက် အဂ္ဂမဟေသီ မိဖုရားကြီး) လည်း ဖြစ်၏။ သို့ဖြင့် မဟာပဇာပတိ

ဂေါတမီသည် ဘုရားအလောင်းတော်နှင့် "မိထွေး" တော်စပ်ခဲ့လေသည်။

ဤသို့ ဘုရားအလောင်းတော်နှင့် မိထွေး တော်စပ်သဖြင့် "မိထွေးတော်" ဟူသော အမည်ထူးကို ရရှိခဲ့ခြင်းဖြစ်သည်။ အမည်အပြည့်အစုံမှာ "မိထွေးတော် မဟာပဇာပတိ ဂေါတမီ" ဖြစ်၏။ ဤကျမ်း၌ မဟာပဇာပတိ ဟူသော အန္ဝတ္ထ (အနက်သို့ အစဉ်လိုက်သော) အမည်ကို ချန်၍ ခေါ်ဆိုရ လွယ်ကူစေရန်အတွက် "မိထွေးတော် ဂေါတမီ" ဟု ခေါ်ဝေါ်သုံးနှုန်းထားခြင်းဖြစ်ပေသည်။

## မိထွေးတော် ဂေါတမီနှင့် ဘုရားအလောင်းတော်

ဘုရားအလောင်းတော် မယ်တော် မဟာမာယာသည် မဟာသက္ကရာဇ် ၆၈–ခုနှစ် (ဘီစီ–၆၂၄) ကဆုန်လပြည့်၊ သောကြာနေ့၌ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူ၍ ခုနစ်ရက်အကြာတွင် ကံတော်ကုန် နတ်ရွာ လားတော်မူသည်။ အမတော် မဟာမာယာမှ ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူပြီး နောက်သုံးရက်မြောက်သောနေ့တွင် မိထွေးတော် ဂေါတမီမှလည်း နန္ဒမင်းသားကို ဖွားမြင်တော်မူသည်။ မဟာမာယာ နတ်ရွာလားချိန်၌ ဘုရားအလောင်းတော်မှာ ခုနစ်ရက်သားမျှသာ ရှိသေး၍ နန္ဒမင်းသားမှာမူ ငါးရက်သားမျှသာ ရှိသေးသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ခုနစ်ရက်သားအရွယ် လူမမည် မိတဆိုးကလေးဘဝဖြင့် လောကအလယ်တွင် ကျန်ရစ်ခဲ့ရှာသော အလောင်းတော် မင်းသားကလေးအပေါ် ချစ်အားပိုခဲ့သည်။ သားတော်ကလေးအား နို့တိုက်ကျွေးခြင်းစသော ထိန်းချီယုယအမှုကိစ္စများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းကျွမ်းကျင်၍ ရုပ်အဆင်းနှင့် ပြည့်စုံသော အထိန်းတော် အမျိုးသမီး နှစ်ရာ့လေး

ဆယ်တို့ကို ရွေးချယ်၍ စနစ်တကျ ခန့်ထားတော်မူသည်။ ထို အထိန်းတော်တို့၏ လိုအပ်သော အမှုကိစ္စများကို ဆောင်ရွက် ပေးနိုင်ရန်အတွက်လည်း အစေခံ ယောကျ်ား ခြောက်ဆယ်တို့ကို ခန့်အပ်ထားသည်။ ထိုအထိန်းတော်နှင့် အစေခံ ယောကျ်ားတို့ တာဝန်ကျေပြွန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး ကြပ်မတ်ပေးရန်အတွက် အမတ်ခြောက်ဆယ်တို့ကိုလည်း ထပ်ဆင့် ခန့်ထားတော်မူသည်။ ဤသို့ဖြင့် သားတော်ကလေး၏ ထိန်းချီ ယုယ အမှုကိစ္စအဝဝအတွက် ဝန်ထမ်း သုံးရာ့ခြောက်ဆယ်တို့ကို စနစ်တကျ စီမံခန့်ထားတော် မူခဲ့သည်။ ဤအချက်ကိုကြည့်လျှင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ၏ အလောင်းတော် မင်းသားကလေးအပေါ် ထားရှိသည့် မေတ္တာ ထုထည် မည်မျှကြီးမားလှသည်ကို သိနိုင်ပေသည်။

ခမည်းတော် မင်းကြီးက သားတော်ကလေးအပေါ် မေတ္တာ တရား ထုထည် ကြီးမားသကဲ့သို့ မိထွေးတော် ဂေါတမီ၏ တူသားဖြစ်သော အလောင်းတော်မင်းသားကလေးအပေါ် ထားရှိသည့် မေတ္တာတရားကလည်း အင်အားမသေးလှချေ။ ခမည်းတော်ကြီးက အထိန်းတော် အချီတော်များ ခန့်အပ်၍ စနစ်တကျ ပြုစုစောင့်ရှောက် စေသည်ကိုပင် စိတ်မချနိုင်သဖြင့် ဖွားမြင်ပြီးစ ငါးရက်သား အရွယ်မျှသာ ရှိသေးသည့် မိမိ၏ရင်သွေးငယ် နန္ဒမင်းသားကလေးကို အထိန်းတော်များလက်သို့ ပေးအပ်၍ မိမိကိုယ်တိုင်ကမူ အလောင်း တော် မင်းသားကလေးကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့သည်။ ထိန်းချီယုယ အမှုကိစ္စ အဝဝကိုလည်း ကိုယ်တိုင်ပင် ယုယပိုက်ထွေး ပြုစုပေးသည်။ မှက်၊ ခြင်၊ ယင် မသန်းရအောင် စောင့်ရှောက်ခဲ့သည်။ အချမ်းအပူ ကလူနှိပ်စက်ခြင်း မခံရအောင် အကာအကွယ်ပေးခဲ့သည်။ အလောင်း တော်မင်းသားကလေးအပေါ် မေတ္တာတွင် ကရုဏာဆင့်၍ အကြင်နာ တရားလည်း ပိုမိုထားရှိခဲ့သည်။ သို့ဖြင့် အလောင်းတော်မင်းသား

ကလေးသည် မိထွေးတော် ဂေါတမီ၏ ရင်ခွင်၌ စံနေတော်မူရသည်က များလေသည်။ ယင်းသို့ သာမန် မိန်းမသားတို့ ထားနိုင်ခဲသော မေတ္တာမျိုးဖြင့် အလောင်းတော်မင်းသားကလေးအပေါ် ပြုစုယုယခဲ့ခြင်းကြောင့်လည်း မိထွေးတော်ဂေါတမီ၏ ဂုဏ်သတင်းမှာ ကပိလဝတ် နန်းတော်တွင်းသာမက တစ်တိုင်းပြည်လုံးတိုင် ကြိုင်လှိုင်သင်းပျံ့ခဲ့လေသည်။

လူ့လောက၌ အိမ်ထောင်စုံ ဇနီးမောင်နှံများကိုကြည့်လျှင် အိုမင်းသည့်တိုင် သေတပန် သက်တဆုံး ပေါင်းသင်းကြရသော ဇနီးမောင်နှံတို့ကား ရှားပါးလှ၏။ သင်္ခါရ သဘောတရားအတိုင်း တစ်နည်းမဟုတ်တစ်နည်း သေကွဲ၊ ရှင်ကွဲ ကွဲကွာကြရသည်က များ၏။ ယင်းသို့ ဇနီးမောင်နှံတို့ ကွဲကွာကြရသည့်အခါမျိုးတွင် လူမမည် သားငယ် သမီးငယ်ကလေးများမှာ လောကအလယ်၌ မျက်နှာငယ်၍ ကျန်ရစ်ခဲ့ကြရသည်။ မိဘတို့ အိမ်ထောင်သစ် ထူထောင်ကြသောအခါတွင်လည်း မိထွေး၊ ပထွေးတို့က ထိုလူမမယ် ကလေးငယ်များကို မိခင်ရင်း၊ ဖခင်ရင်း ပမာ ဖြူစင်သန့်ရှင်းသော မေတ္တာစိတ်ဖြင့် မွှမ်မွှမ်တတ ချစ်နိုင်ကြသူကား ရှားပါးလှ၏။ တစ်ဖက် စောင်းနင်း နိုင်ထက်ကလူ ပြုမူသည်ကသာ များသည်။

မိထွေးတော် ဂေါတမီကား ထိုသို့မဟုတ်ချေ။ ထိုထို မိထွေး၊ ပထွေးတို့၏ စိတ်နေသဘောထား အပြုအမူများနှင့် ကွာခြားဘိ၏။ မိမိရင်သွေးရင်းချာကို အထိန်းတော်များ လက်သို့ ပေးအပ်၍ တူသား တော်စပ်သူ အလောင်းတော် မင်းသားကလေးကို ရင်သွေး အရာတွင်ထား၍ ကိုယ်တိုင် နို့ချိုတိုက်ကျွေး မွေးမြူခဲ့သည်။ သစ်သီးတစ်လုံး၊ မုန့်တစ်ခုမှစ၍ ညီတော်နောင်တော် မင်းသား နှစ်ဖော်တို့အား ညီတူညီမျှ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ အတိုင်းမသိသော မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့် သားတော်နှစ်ပါးအပေါ်

ထပ်တူထပ်မျှ ချစ်နိုင်ခဲ့သည်။ ထို့ကြောင့်ပင် "မိထွေး" ဆိုလျှင် မိထွေးတော် ဂေါတမီ တစ်ယောက်သာ ကောင်းသည်" ဟု ဆိုစမှတ် ပြုခဲ့ကြလေသည်။

## မျောက်ဘဝက ချစ်မေတ္တာ

မိထွေးတော်ဂေါတမီနှင့် ဘုရားအလောင်းတော်တို့ကား ဤဘဝတွင် ဤမျှသာ ဆုံဆည်း၍ ချစ်ခင်မြတ်နိုးခဲ့ကြသူများ မဟုတ်ကြပေ။ သံသရာတစ်ခွင် ကျင်လည်ခဲ့ရစဉ်ကလည်း တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ ချစ်ခဲ့ကြသူများဖြစ်သည်။

မိထွေးတော် ဂေါတမီ အလောင်းအလျာသည် နှစဉ်ကာလ တစ်ခုသောဘဝတွင် ဟိမဝန္တာတော၌ မျောက်မကြီး ဖြစ်ခဲ့၏။ ဘုရားအလောင်းတော်မှာလည်း ထိုမျောက်မကြီး၏ သားတော်ဖြစ်၍ "မဟာနန္ဒိယမျောက်မင်း"ဟု အမည်တွင်သည်။ ညီတော် အရှင် အာနန္ဒာအလောင်းမှာ "စူဠနန္ဒိယ"မျောက်မင်း ဖြစ်သည်။ မျောက် ညီနောင်တို့၏ နောက်လိုက် မျောက်ပရိသတ်မှာ ရှစ်သောင်း ပမာဏရှိသည်။

မိခင်မျောက်မကြီးမှာ အိုမင်းမစွမ်းရှိ၍ မျက်စိနှစ်ကွင်းလည်း အလင်းမရရှာတော့သဖြင့် မျောက်ညီနောင်တို့သည် မိခင်အိုကြီးကို အစာရှာ၍ ကျွေးမွေးပြုစုသည်။ တစ်နေ့သ၌ မျောက်ညီနောင်တို့သည် မိခင်အိုကြီးကို အစာကျွေးနေစဉ် မုဆိုး တစ်ယောက်သည် ညောင်ပင် အောက်သို့ ရောက်လာခဲ့သည်။ ရုတ်တရက်ဖြစ်၍ မျောက် ညီနောင်တို့သည် မိခင်အိုကြီးကို သယ်ပြေးရန် အချိန်မရလိုက်သဖြင့် မိမိတို့သာ ကိုယ်လွတ်ရန်း၍ သစ်ခက်များအကြားသို့ ဝင်ပုန်းနေကြသည်။ ဤတွင် မုဆိုးသည် အသင့်တွေ့ရသော မျောက်အိုမကြီးကို ပစ်ခတ်ရန် လေးဖြင့် ချိန်သည်။ ဤအဖြစ်ကို မြင်တွေ့ရသော

အလောင်းတော် မဟာနန္ဒိယ မျောက်မင်းသည် မိခင်ကြီးအပေါ် ချစ်ခင်ကြင်နာသောစိတ်ဖြင့် နှလုံးသည်းပွတ် ကြေပျက်မတတ် ခံစားရရှာသည်။ သို့ဖြင့် ပုန်းအောင်းနေရာမှ ထွက်၍ မိခင်အိုကြီး ရှေ့မှရပ်လျက် "အို--- မုဆိုး၊ ငါ၏ အမိသည် မျက်စိလည်း မမြင်၊ အားလည်း နည်း၏၊ သူ့ကို မသတ်ပါလင့်၊ သူ့အစား ငါ့ကို သတ်ယူပါလော့" ဟုဆိုသည်။ မုဆိုလည်း မဟာနန္ဒိယမျောက်မင်းကို ပစ်ချလိုက်သည်။ ထို့နောက် မုဆိုးသည် မျောက်အိုမကြီးကို ပစ်ခတ်ရန် ထပ်မံ၍ ချိန်ရွယ်ပြန်သည်။ ဤတွင် ညီတော် အာနန္ဒာအလောင်း စူဠနန္ဒိယသည် မိခင်အိုကြီး၏ ရှေ့သို့ထွက်၍ မတ်တတ်ရပ်လျက် "အို--- မုဆိုး၊ သင်သည် ငါတို့ညီနောင်ကို သတ်ယူ၍ ငါတို့၏ မိခင်ကြီးအား ဇီဝိတဒါန ပြုပါလော့" ဟု တောင်းပန်ရှာသည်။ မုဆိုးသည် စူဠနန္ဒိယကိုလည်း ပစ်ချလိုက် ပြန်သည်။ သို့တိုင် မျောက်အိုမကြီးအား ချမ်းသာမပေးဘဲ ကလေးများ အတွက်ဟု ရည်ရွယ်၍ ပစ်ခတ်ဆောင်ယူသွားလေသည်။

ဤဖြစ်ရပ်ကို ကြည့်လျှင် အလောင်းတော် မဟာနန္ဒိယ မျောက်မင်းနှင့် စူဠနန္ဒိယတို့သည် တိရစ္ဆာန်များပင် ဖြစ်သော်လည်း မိထွေးတော် ဂေါတမီအလောင်း မိခင်မျောက်မကြီးအပေါ် အသက်ပေး၍ ချင်ခင်ကြင်နာခဲ့ကြသည်မှာ ထင်ရှားပေသည်။

## အသက်နှင့်ထပ်တူ ချစ်ခဲ့သည့် မိထွေးတော်

မိထွေးတော်ဂေါတမီ အလောင်းအလျာ၏ ဘုရားအလောင်းတော်အပေါ် အသက်နှင့်ထပ်တူ ချစ်ခင်ကြင်နာခဲ့ပုံကိုလည်း သာဓကပြလိုပါသည်။

တစ်ခုသောဘဝတွင် မိထွေးတော် ဂေါတမီအလောင်းအလျာသည် ဗာရာဏသီပြည့်ရှင် မဟာပတာပမင်း (ဒေဝဒတ်အလောင်း)၏

အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်ခဲ့သည်။ မိဖုရားကြီး၏ အမည်မှာ "စန္ဒာဒေဝီ" ဖြစ်သည်။ ဘုရားအလောင်းတော်မှာ စန္ဒာဒေဝီမိဖုရား၏ သားတော် "ဓမ္မပါလ" ဖြစ်သည်။ မင်းသားငယ် ခုနစ်လသား အရွယ်သို့ရောက်ရှိချိန် တစ်နေ့သောအခါတွင် မိဖုရားကြီးသည် သားတော်ကလေးနှင့် ကြည်နူးဝမ်းသာ ကစားနေသည်။ ထိုအချိန်တွင် မဟာပတာပမင်းသည် အဆောင်တော်ထဲသို့ ဝင်လာရာ မိဖုရားကြီးမှာ သားတော်ကလေးအပေါ်၌ ချင်မြတ်နိုးသည့် ဇောလွှမ်းယှက်နေသဖြင့် ရုတ်တရက် နေရာမှ မထမိဘဲ ဖြစ်သွားသည်။ ထိုအဖြစ်ကို ကျေနပ်ခြင်း မရှိသော မင်းသည် ချက်ချင်းပင် အဆောင်တော်ထဲမှ ပြန်ထွက်သွားကာ "ဤမိဖုရားသည် ယခုကပင် သားမာန်တက်၍ ငါ့ကိုပင် ဂရုစိုက်ဖော် မရပေ၊ သည်သား ကြီးပြင်းလာခဲ့လျှင်ကား ငါ့ကို လူရာ၌ပင် သွင်းတော့မည် မဟုတ်ပေ။ ထိုသားကို ယခုကပင် သုတ်သင်မှ ဖြစ်မည်" ဟုလည်း ကြံစည် သွားသည်။

မင်း၏ အရိပ်အခြည်ကို နားလည်လိုက်သော မိဖုရားကြီးသည် ဝမ်းနည်းပက်လက်ဖြင့် သားတော်ကလေးကို ရင်ဝယ်ပိုက်၍ ငိုရှိုက်နေသည်။ ထိုအခိုက်မှာပင် ပါးကွက်အာဏာသားများသည် အဆောင်ထဲသို့ ဝင်လာကြပြီးလျှင် မိဖုရားကြီး၏ ကျောပြင်ကို ရိုက်ပုတ်၍ သားတော်ကလေးကို အတင်း တရကြမ်း ဆွဲထုတ်ယူသွားကြသည်။ ပါးကွက်အာဏာသားများက "အရှင်မင်းကြီး မည်သို့ ပြုရပါမည်နည်း" ဟု မင်းကိုမေးလျှောက်ရာ မင်းက "ပျဉ်ပြားတစ်ချပ်ပေါ်တွင် ပက်လက် အိပ်လျက်သား ချထား" ဟု အမိန့်ပေးလိုက်သည်။ ထိုခဏမှာပင် စန္ဒာဒေဝီ မိဖုရားကြီးသည်လည်း ရှိုက်ကြီးတငင် ငိုကြွေးလျက် ရောက်လာသည်။

မင်းက မင်းသားငယ်ကလေးကို လက်အစုံကို ဖြတ်ရန် ပါးကွက်သားများကို အမိန့်ပေးသည်။ ဤတွင် စန္ဒာဒေဝီ မိဖုရားကြီးက

"အရှင်မင်းကြီး၊ မင်းသားငယ်သည် ခုနစ်လသားအရွယ်သာရှိသေး၍ တစ်စုံတစ်ရာကိုမျှ မသိသေးပါ၊ မည်သည့်အပြစ်မျှလည်း မရှိပါ၊ မိမိတွင်သာ အပြစ်ရှိ၍ မိမိလက်ကိုသာ ဖြတ်ပါ" ဟုပြောဆို၍ လက်ကိုထိုးခံပေးသည်။ သို့ရာတွင် မင်းက မင်းသားငယ်၏ လက်အစုံကိုသာ ဖြတ်စေသည်။ သို့တိုင် နုနယ်သော မင်းသားငယ်သည် ငိုလည်း မငို၊ မျက်ရည်လည်း ယိုစီးခြင်း မရှိ၊ ခန္တီမေတ္တာကို ရှေ့သွားပြု၍ သည်းခံရှာသည်။ မိဖုရားကြီးသည် သားတော်ကလေး၏ ပြတ်သွားသော လက်ပိုင်းကလေးများကို ကောက်ယူ၍ တယုတယ သိမ်းဆည်းထားလိုက်သည်။

မင်းက ခြေထောက်အစုံကို ဖြတ်ပိုင်းရန် အမိန့်ပေးသော အခါ၌လည်း မိဖုရားကြီးသည် သူ၏ ခြေထောက်အစုံကိုသာ ဖြတ်ပိုင်းရန် တောင်းပန်ရှာသည်။ သို့ရာတွင် မရ၊ မင်းသားငယ်၏ ခြေထောက်အစုံကိုသာ ဖြတ်ပိုင်းစေသည်။ မိဖုရားကြီးသည် ခြေထောက်ပြတ်ကလေးများကိုလည်း သိမ်းဆည်း၍ "အရှင်မင်းကြီး၊ လက်ခြေများ မရှိသော သားကို မိခင်သည် ပြုစုလုပ်ကျွေးအပ်ပါသည်၊ ကျွန်ုပ်သည် ကျွန်ုပ်ပြု၍ သားကို ပြုစုလုပ်ကျွေးမည်၊ ကျွန်ုပ်အား သားကို ပေးပါလော့" ဟု တောင်းပန်သည်။

မင်းက သားတော်ကလေးကို မပေးရုံမျှမက "ခေါင်းကိုပါ ဖြတ်ပိုင်းလော့" ဟု အမိန့်ပေးပြန်လေသည်။ ထိုအခါတွင်လည်း စန္ဒာဒေဝီ မိဖုရားသည် သူ့ခေါင်းကို ဖြတ်ပါရန် ဇက်ကို ညွှတ်ပေးလိုက်သည်။ သို့သော်မင်းက မိဖုရားခေါင်းကို မဖြတ်စေဘဲ မင်းသားငယ်၏ ခေါင်းကိုသာ ဖြတ်ပိုင်းစေသည်။ ထိုမျှဖြင့် အားမရသေးဘဲ မင်းသားငယ်၏ ကိုယ်ကလေးကို အပေါ်သို့ မြှောက်တင်လျက် အောက်မှ သံလျက်နှင့် ခံ၍ ကစားစေသည်။ ပွဲထွက်လာသော အသားစိုင် အသားတစ်ကလေးများကို စန္ဒာဒေဝီ မိဖုရားကြီးက

တယုတယ ကောက်ယူသိမ်းဆည်းသည်။ သားတော်ကလေး၏ မရှုမလှ သေပွဲ ဝင်ရပုံကို တွေ့မြင်နေရသော မိဖုရားကြီး ခမျာ နှလုံးကွဲ၍ အသဲကျွမ်းမတတ် တစ်ဆတ်ဆတ်တုန်အောင် နာကြည်း ခံစားရရှာသည်။ သို့ဖြင့် တစ်စတစ်စ သောကမီး လောင်မြိုက် ခံခဲ့ရရှာသော စန္ဒာဒေဝီ မိဖုရားကြီးသည် နောက်ဆုံးတွင် ထိုနေရာ၌ပင် နှလုံးကွဲ၍ သေပွဲဝင်နေရရှာလေသည်။

ဤဖြစ်ရပ်တွင်လည်း မိထွေးတော် ဂေါတမီအလောင်းအလျာ စန္ဒာဒေဝီ မိဖုရားကြီးသည် အလောင်းတော် မင်းသားကလေးအပေါ် အသက်နှင့်ထပ်တူထပ်မျှ ချစ်ခင်မြတ်နိုးကြောင်းကို သက်သေပြခဲ့ လေသည်။

ဤသို့ နှစ်ဥဘဝများကပင် အလောင်းတော် မင်းသားကလေး အပေါ် အသက်နှင့်ထပ်တူ ချစ်ခင်ကြင်နာလာခဲ့ရသော မိထွေး တော်ကြီးသည် ပါရမီရင့်ကျက်သည် နောက်ဆုံးဘဝ၊ နောက်ဆုံး ကာလဖြစ်သော သိဒ္ဓတ္ထမင်းသားဘဝ၌ မည်သည့် အတိုင်းအတာအထိ ချင်ခင်ကြင်နာမြတ်နိုးရှာမည်ကို ခန့်မှန်း၍ မရနိုင်ပါချေ။ သို့ဖြစ်၍ မိထွေးတော်ကြီးသည် အလောင်းတော်မင်းသားကလေး အပေါ်၌ သားတော်ရင်းနှင့်မခြား မေတ္တာထားနိုင်ခဲ့လေသည်။ "မိတဆိုးလေး ပါကလား" ဟူသော အသိစိတ်ဖြင့် အကြင်နာတရားလည်း ပို၍ ပြုစုယုယခဲ့သည်။ မိထွေးတော်ကြီး၏ ကျေးဇူးတရားကား ဘုရား အလောင်းတော် မင်းသားအပေါ်၌ အတိုင်းအတာမရှိ ကြီးမား လှပေသည်။

## မိထွေးတော် ဂေါတမီ သောတာပန် တည်ခြင်း

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မယ်တော် မဟာ မာယာ နတ်ရွာစံချိန်မှစ၍ မိထွေးတော် ဂေါတမီ နို့ချိုတိုက်ကျွေး

ပြုစု၍ ယုယစောင့်ရှောက်မှုအောက်၌ အစဉ်သဖြင့် ကြီးပြင်းလာခဲ့ရသည်။

အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ဘဒ္ဒကစ္စာနာခေါ်ယသောဓရာ နှင့် ထိမ်းမြား၍ ကပိလဝတ် ထီးနန်းကို စိုးစံတော်မူခဲ့၏။ တစ်ဆယ့်သုံးနှစ်တိုင်တိုင် ထီးနန်းစည်းစိမ်ကို ခံစားပြီးလျှင် အသက်နှစ်ဆယ့်ကိုးနှစ်အရွယ်တွင် တောထွက်တော်မူ၍ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူခဲ့၏။ ထို့နောက် သက်တော်သုံးဆယ့်ငါးနှစ်အရွယ် (မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဘီစီ -၅၈၉) ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့) တွင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဝါကို ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာ တရားဦး ဟောတော်မူရာဖြစ်သော ဗာရာဏသီပြည်၊ ဣသိပတနမိဂဒါဝုန်တောတွင် ဝါကပ်တော်မူ၏။ ထို့နောက် ဝါကျွတ်သောအခါ ဥရုဝေလတောအုပ်သို့ ကြွတော်မူ၍ ရသေ့ညီနောင်ရှင်တစ်ထောင်တို့ကို တန်ခိုးပြာဋိဟာ အမျိုးမျိုးပြ၍ ချေချွတ်တော်မူသည်။

ထို့နောက် ဗိမ္ဗိသာရမင်းကြီး၏ တောင်းပန်ချက် ရှိခဲ့သည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ဗိုလ်ခြေပရိသတ် တစ်သိန်း၊ တစ်သောင်းတို့ကို သောတာပန်တည်စေပြီးလျှင် ပရိသတ် တစ်သောင်းတို့ကို သရဏဂုံသီလ၌ တည်စေတော်မူသည်။ ထို့နောက် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ကာဠုဒါယီ အမတ်ကို စေလွှတ်၍ နေပြည်တော်သို့ ပင့်ဆောင်သဖြင့် ထိုနှစ် တပေါင်းလပြည့်နေ့တွင် ရဟန္တာနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်မှ ထွက်ကြွ၍ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရွှေချက်တော်သိုရာ ကပိလဝတ် နေပြည်

တော်သို့ ရောက်တော်မူသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမှူးရှိသော ဆွေတော်မျိုးတော်တို့သည် အသင့်ကြိုတင်စီစဉ်ထားသည့်အတိုင်း ဘုရားရှင်နှင့်တကွ သံဃာတော်များကို နိဂြောဓာရုံကျောင်းတော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။ မြတ်ဗုဒ္ဓသည် နိဂြောဓာရုံကျောင်းတော်သို့ ရောက်တော်မူသောအခါ ရဟန္တာ နှစ်သောင်း ခြံရံလျက် ဗုဒ္ဓါသန (ဘုရားရှင်၏နေရာ) ပလ္လင်ထက်၌ တင့်တယ်စွာ ထိုင်နေတော်မူသည်။

ထိုအခါ သာကီဝင်မင်းတို့သည် ဇာတိမာန်ခက်ထန်သူများဖြစ်ကြသည့်အတိုင်း "သိဒ္ဓတ္ထ မင်းသားသည် ငါတို့ အောက်အသက်အရွယ် ငယ်သူသာ ဖြစ်၏။ ငါတို့၏ သားငယ်၊ မြေးငယ်၊ ညီငယ်မျှသာဖြစ်၏ "ဟု သဘောထား၍ ငယ်ရွယ်သူများကိုသာ ရှိခိုးစေကြ၏။ မိမိတို့ ကိုယ်တိုင်ကမူ ရှိခိုးဦးခိုက်ခြင်း မပြုကြဘဲ ဘာသိဘာသာပင် ပြောဆိုနှုတ်ဆက်၍ ဟိတ်ဟန်မပျက် ထိုင်နေကြသည်။

ထိုအခါ မြတ်ဗုဒ္ဓသည် ဇာတိမာန် ခက်ထန်ကြသော ဆွေတော်မျိုးတော်တို့အား "ဘုရားရှင်တို့၏ ခွန်အား စွမ်းပကားကို ထင်ရှားပြအံ့" ဟု ကြံတော်မူ၍ အဘိညာဉ် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်တော်မူ၏။ ထို့နောက် သာကီဝင် မင်းတို့၏ ဦးထိပ်၌ ဖဝါးခြေမှုန့်ကို ကြဲချဘိသကဲ့သို့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။ ထိုအခါတွင်မှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နှင့်တကွ ဆွေတော်မျိုးတော် သာကီဝင်မင်းအပေါင်းတို့သည် မာန်မာနကို နှိမ်ချ၍ ရှိခိုးဦးခိုက်ကြသည်။ မြတ်ဗုဒ္ဓလည်း ခမည်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာတော်နှင့် ဝေဿန္တရာ ဇာတ်တော်တို့ကို ဟောကြားတော်မူသည်။

တရားပွဲ ပြီးဆုံးသောအခါ ဆွေတော်မျိုးတော်တို့သည် မြတ်ဗုဒ္ဓ

ကို ရှိခိုးဦးချ၍ အသီးအသီး ပြန်သွားကြသည်။ မည်သူကမျှ နက်ဖြန်နံနက် ဆွမ်းအလှူခံကြွတော်မူရန် မပင့်ဖိတ်ခဲ့ကြချေ။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးလည်း “ငါ့သားတော် ဘုရားသည် ငါ့နန်းတော်သို့သာ ဆွမ်းစားကြွလိမ့်မည်” ဟု စိတ်ချယုံကြည်လျက် အထူး မပင့်ဖိတ်ဘဲ ပြန်သွားလေသည်။

မြတ်ဗုဒ္ဓသည် နောက်တစ်နေ့တွင် ရဟန္တာနှစ်သောင်း ခြံရံလျက် ကပိလဝတ်မြို့တွင်းသို့ ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံ ကြွတော်မူ၏။ဤ၌ “ဆွမ်းခံ”ဟူသော စကားသည် ဗုဒ္ဓဘာသာဝင် တို့အနေဖြင့် အယဉ်ကျေးဆုံး သုံးနှုန်းထားသည့် ဝေါဟာရဖြစ်၏။ ဆွမ်းခံကြွသော ရဟန်းတော်တစ်ပါး၏ သွင်ပြင်ကို ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့၏ အမြင်ဖြင့် သာမန်ရှုမြင်ကြည့်လျှင် အလွန်အောက်တန်းကျသည်ဟု ယူဆဖွယ်ရှိ၏။ ရဟန်းသည် လူတကာတို့ အမြတ်တနိုးထား၍ အမျိုးမျိုး ပြုပြင်ခြယ်သလျက်ရှိကြသည့် ဆံပင်တို့ကို အကြွင်းအကျန် မရှိ ရိတ်ပယ်ထား၏။ ခန္ဓာကိုယ်ပေါ်တွင်လည်း လူတို့၏ ဝတ်စားဆင်ယင်ပုံနှင့် လုံးဝမတူသော သင်္ကန်းဟု ခေါ်သည့် ချုပ်စပ်ဖာထေးထားသော ဖန်ရည်ဆိုး အဝတ်ကို ဝတ်ရုံထား၏။ လက်နှစ်ဖက်တွင်လည်း သပိတ်ဟုခေါ်သည့် ခွက်မည်းကြီးကို ပွေ့ပိုက်စွဲကိုင်၍ အိမ်ပေါက်စေ့ လှည့်လည် တောင်းခံ စားသောက်၏။ ဤသည်မှာ ရဟန်း၏သွင်ပြင်နှင့် ရဟန်း၏ အပြစ်ကင်းစင်သော အသက်မွေးမှု ပင်ဖြစ်၏။ စင်စစ်အားဖြင့် ဤသို့ ဆင်းရဲချမ်းသာ မခွဲခြားဘဲ အိမ်စဉ်လှည့်လည် ဆွမ်းခံ၍ ရသမျှသော အာဟာရဖြင့် တင်းတိမ် ရောင့်ရဲခြင်း၊ အကျင့်သည် ရသတဏှာကို ပယ်သတ်ချိုးနှိမ်ရာ ရောက်၏။ ကိုယ်စိတ်နှစ်ပါးလည်း ချမ်းသာ၏။ တစ်နည်းအားဖြင့် လောင်းသူလှူသူတို့အား အကျိုးများသဖြင့် ဝေနေယျသတ္တဝါတို့အား ချီးမြှောက်ရာ ရောက်၍ မွန်မြတ်သောကျင့်စဉ်လည်း ဖြစ်ပေသည်။

သို့ရာတွင် ဗုဒ္ဓဘာသာဝင်ဖြစ်စ တွေ့မြင်စလည်း မရှိသေးသော ခမည်းတော်သုဒ္ဓေါဓနမင်းကြီးသည် "သားတော်ဘုရား၊ ခွက်မည်းကြီးကို လက်မှာဆွဲကိုင်၍ အိမ်စဉ်လှည့်လည် ဆွမ်းခံနေသည်" ဟူသော သတင်းစကားကို ကြားရလျှင် အလွန်ပင် ထိတ်လန့်တုန်လှုပ်သွား၏။ မိမိတို့၏ သကျသာကီဝင်မျိုးနွယ်များကို အရှက်ရအောင် ပြုရက်လေခြင်း ဟု ရင်ထုမနာလည်း ဖြစ်မိ၏။ သို့ဖြင့် မင်း၏ကုန္ဒြေကိုပင် မဆည်နိုင်ရှာဘဲ ဝတ်လဲတော် (ပုဆိုး) ကို ဆွဲကိုင်လျက် နန်းရင်ပြင်မှ အလျင်အမြန်ထွက်ကာ သားတော် ဘုရား ဆွမ်းခံရာ လမ်းဆီသို့ အပြေးအလွှား ရောက်လာခဲ့၏။ မြတ်ဗုဒ္ဓ၏ ရှေ့တော်မှောက်သို့ ရောက်လျှင် "အရှင်ဘုရား၊ အဘယ်ကြောင့် ခမည်းတော်တို့ကို အရှက်ခွဲဘိသနည်း၊ အဘယ်ကြောင့် ယခုလို ဆွမ်းခံလှည့်လည် နေဘိသနည်း၊ ဤမျှလောက်သော ရဟန်းသံဃာတို့အတွက် ခမည်းတော်၏အထံ၌ ဆွမ်းပြည့်စုံစွာ မရနိုင်ဟု မှတ်ထင်ဘိသလော၊ ခမည်းတော်တို့၏ အမျိုးအနွယ်သည် မဟာသမ္မတ ခတ္တိယ နွယ်စဉ် သကျသာကီဝင်မျိုးနွယ်ဖြစ်၏၊ အိမ်စဉ်လှည့်လည် တောင်းခံစားသော အမျိုးအနွယ် မဟုတ်ပါ" ဟု ကရုဏာ ဒေါသဖြင့် ပြစ်တင်စကား လျှောက်ကြားလေသည်။

မြတ်ဗုဒ္ဓလည်း "ခမည်းတော် မင်းကြီး၊ ငါတို့ကား ဒီပင်္ကရာ စသောဘုရားရှင်တို့၏ အနွယ်တော်မှ ဆင်းသက်လာခဲ့၏၊ ဤသို့ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်းသည် ဘုရားရှင်တို့၏ အနွယ်စဉ်ဆက် ဆင်းသက်လာသော ကျင့်ဝတ်ဖြစ်၏၊ ဂင်္ဂါဝါဠု သဲစုထပ်မျှ ပွင့်တော်မူကြသည့် ဘုရားရှင်တို့သည်လည်း ဤသို့ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်း အကျင့်ဖြင့် အသက်မွေးမှု ပြုတော်မူကြသည်မှာ ဓမ္မတာဖြစ်၏"ဟု မိန့်ကြားတော်မူသည်။ ထို့နောက် လမ်းခရီးအကြား၌ပင် ရပ်တော်မူ၍ ဤသို့ တရားစကား

ဟောကြားတော်မူသည်။

"ဥတ္တိဋ္ဌေနပ္ပမဇ္ဇေယျ၊ ဓမ္မံသုစရိတံစရေ။
ဓမ္မစာရီသုခံသေတိ၊ အသ္မိံလောကေပရမှိစ။ "

"ဆွမ်းခံဝတ်၌ မမေ့လျော့ရာ၊ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သော သူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာနေရ၏။"

ဤတရားဂါထာအဆုံးတွင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဤတွင် မိမိတို့ သာကီမျိုးနွယ်ကို အရှက်ရအောင် ပြုရက်လေခြင်းဟု ဒေါနှင့်မာန်နှင့်ပြေးလာခဲ့သော ခမည်းတော်ကြီးသည် ဒေါသမာနတရားတို့ ကွယ်ပျောက်ကင်းစင်၍ အပြန်ခရီးတွင် ကြည်လင်ရွှင်ပျသော မျက်နှာဖြင့် သပိတ်တော်ကို ထမ်း၍ သားတော်ဘုရားနှင့်တကွ သံဃာတော်များကို ရွှေနန်းတော်သို့ ပင့်ဆောင်လာခဲ့သည်။

ရွှေနန်းတော်သို့ရောက်လျှင် မြတ်ဗုဒ္ဓသည် အသင့်ပြင်ဆင်ထားသော နေရာထက်၌ ရဟန္တာအပေါင်းခြံရံလျက် ထိုင်နေတော်မူ၏။ ခမည်းတော်ကြီးနှင့် မိထွေးတော်ဂေါတမီတို့လည်း သင့်တင့်သော အရပ်၌ နေရာယူလျက် ရှိခိုးဦးချထိုင်နေကြသည်။ ထိုအခါတွင် မြတ်ဗုဒ္ဓသည် ခမည်းတော်ကြီးနှင့် မိထွေးတော်တို့အား ချီးမြှောက်သော အားဖြင့် တရားစကား မိန့်ကြားတော်မူသည်။

"ဓမ္မံစရေသုစရိတံ၊ နနံဒုစ္စရိတံစရေ။
ဓမ္မစာရီသုခံသေတိ၊ အသ္မိံလောကေပရမှိစ"

"သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာ

နေရ၏။"

ဤတရားဂါထာ ဒေသနာကို နာယူနေကြသော ခမည်းတော်ကြီးနှင့် မိထွေးတော် တို့၏ အဇ္ဈတ္တသန္တာန်၌ ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ နီဝရဏ ကင်းစင်သောစိတ်၊ ဝမ်းမြောက်သောစိတ်၊ ကြည်လင်သောစိတ်အစဉ်တို့ ယိုဖိတ်ဖြစ်ပေါ်နေကြ၏။ ဤသို့ ကြည်လင်သော စိတ်အစဉ်ဖြင့် အရိယာမဂ်လမ်းစဉ်သို့ သက်ဝင်လျက် တရားတော်ကို နာယူခဲ့ကြရာ ဒေသနာအဆုံးတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ်အဆင့်သို့ တက်လှမ်းရောက်ရှိ၍ မိထွေးတော် ဂေါတမီမှာလည်း သောတာပန်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤသို့ဖြင့် မိထွေးတော် ဂေါတမီသည် မြတ်ဗုဒ္ဓ ကပိလဝတ် နေပြည်တော်သို့ ပထမဆုံး ကြွတော်မူလာသည့်နောက်တစ်နေ့ (မဟာသက္ကရာဇ် ၁၀၄–ခုနှစ်၊ ကဆုန်လပြည့်ကျော် တစ်ရက်နေ့)တွင် သောတာပန် အရိယာ သာဝိကာမကြီး ဖြစ်ခဲ့ရလေသည်။

## မိထွေးတော် ဂေါတမီ၏ သင်္ကန်းတော်အလှူ

မြတ်ဗုဒ္ဓအမှူးရှိသော သံဃာတော်များသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်မှုဖြင့် ကပိလဝတ် နေပြည်တော်၌ သီတင်းသုံးနေတော်မူစဉ် ကာလအတွင်း နေ့စဉ် ရွှေနန်းတော်သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးတော်မူကြရသည်။

ဤသို့ နန်းတော်သို့ ကြွရောက်တော်မူစဉ် ခင်းထားအပ်သော နေရာထက်၌ ရဟန္တာအရှင်မြတ်နှစ်သောင်း ခြံရံလျက် ထိုင်နေတော်မူသော မြတ်ဗုဒ္ဓ၏ အတုမရှိသော ရုပ်အဆင်း တင့်တယ်သပ္ပါယ်ပုံကို ဖူးမြင်ရသဖြင့် မိထွေးတော် ဂေါတမီ၏ စိတ်အစဉ်၌ အလွန်ပင် ကြည်ညိုသဒ္ဓါ ဖြစ်ပွားခဲ့လေသည်။ "ငါ့သားတော်သည်

အလှူနှင့်တင့်တယ် သပ္ပါယ်ပေစွတကား" ဟူလည်း နှစ်သက်ကြည်နူးမိသည်။ သို့ဖြင့် မိထွေးတော်ကြီးအား ဤသို့ အကြံအစည်တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

"ငါ့သားတော် အလောင်းနှစ်ဆယ့်ကိုးနှစ်အရွယ်အထိ လူ့ဘောင်၌ နေစဉ်က စားဝတ်နေရေး ကိစ္စအဝဝကို ငါကိုယ်တိုင် စီမံပေးခဲ့ရ၏။ ယုတ်စွအဆုံး ငှက်ပျောသီးကလေးကိုပင် ငါကိုယ်တိုင် ပေး၍ ကျွေးမွေးခဲ့၏။ ယခုလည်း ငါ့သားတော်အား ငါကိုယ်တိုင် ဝါဖတ် ဗိုင်းငင်၍ သင်္ကန်းရက်လုပ် လှူဒါန်းပေအံ့"

ယင်းသို့ ကြံစည်မိသည့်အတိုင်းပင် မိထွေးတော်ဂေါတမီသည် ဈေးမှ ဝါများကို ဝယ်ယူစေ၍ မိမိကိုယ်တိုင် ဝါကြိတ်သည်။ ဝါဖတ်သည်။ ဗိုင်းငင်သည်။ ထို့နောက် မိမိအဆောင်အနီး နန်းရင်ပြင်မှာပင် ရက်ကန်းရုံ ဆောက်လုပ်စေ၍ ရက်ကန်းသည်များကို ခေါ်ပြီးလျှင် သင်္ကန်းလျာအဝတ်ကို ရက်စေသည်။ သင်္ကန်းလျာ ရက်လုပ်နေစဉ် ကာလ၌ ရက်ကန်းသည်တို့အား မိမိစားသုံးသည့် စားဖွယ်သောက်ဖွယ်တို့ဖြင့် ကျွေးမွေးပြုစုသည်။ မိထွေးတော်ကြီးသည် အခါအားလျော်စွာ အထိန်းတော်များ ခြံရံလျက် ရက်ကန်းရုံသို့ သွား၍ ကိုယ်တိုင်လည်း ပါဝင်ရက်လုပ်သည်။

ဤသို့ သင်္ကန်းလျာအဝတ်ကို စီမံရက်လုပ်ရခြင်းမှာ ကပိလဝတ် ရွှေနန်းတော်အတွင်း၌ အဖိုးထိုက်သော အဝတ်အထည်များ မရှိ၍ မဟုတ်ချေ။ မိမိကိုယ်တိုင် စိုက်ထုတ်ကျ၍ စီမံရက်လုပ်အပ်သော သင်္ကန်းကိုသာ သားတော်ဘုရားအား အမြတ်တနိုးကြည်ညို၍ ကိုယ်တိုင် ကိုယ်ကျ လှူဒါန်းလို၍ဖြစ်သည်။

သို့ဖြင့် သင်္ကန်းလျာအဝတ် ရက်လုပ်ပြီးစီးသောအခါ ရက်ကန်းသည်များအား များစွာသော ဆုလာဘ်တို့ဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သည်။ သင်္ကန်းလျာအဝတ်ကိုလည်း နံ့သာကြုတ်၌

ထည့်၍ ရန့်သင်းအောင် ထားလိုက်သည်။ ထို့နောက် "ကျွန်ုပ်၏ သားတော် ဘုရားအတွက် သင်္ကန်းလျာအဝတ်ကို ကိုယ်တိုင် ယူဆောင်၍ နိဂြောဓာရုံကျောင်းတော်သို့ သွားရောက် လှူဒါန်းလိုပါ သည်" ဟု သုဒ္ဓေါဒနမင်းကြီးအား လျှောက်တင်လေသည်။

သုဒ္ဓေါဒနမင်းကြီးလည်း ရွှေနန်းတော်မှ နိဂြောဓာရုံကျောင်း တော်အရောက် လမ်းခရီးတစ်လျှောက်လုံးကို သုတ်သင်စေတော်မူ၏။ လမ်းတိုင်းလမ်းတိုင်း၊တံမြက်လှဲခတ်၍ ရေပြည့်အိုးများကိုလည်း တည်ထားစေ၏။ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကိုလည်း စိုက်ဆောက် စေ၏။ ဤသို့ လမ်းခရီးကို သုတ်သင်တန်ဆာဆင်ပြီးသောအခါ တစ်လမ်းလုံးကို ပန်းမျိုးစုံ ကြဲဖြန့်၍ ပန်းမွေ့ရာ ခင်းစေသည်။

မိထွေးတော်ဂေါတမီသည် မိဖုရားတို့၏ အဆောင်အယောင် တန်ဆာ အပြည့်အစုံကို ဝတ်ဆင်ပြီးလျှင် သင်္ကန်းလျာ ထည့်ထားသော နံ့သာကြုတ်ကို ကိုယ်တိုင်ရွက်၍ ပန်းမွေ့ရာ ခင်းထားသော မင်းလမ်းမ ကြီးအတိုင်း နိဂြောဓာရုံ ကျောင်းတော်သို့သွားသည်။ သာကီဝင် မင်းသမီးများနှင့်အခြွေအရံများကလည်း ဝတ်စားတန်ဆာအပြည့်အစုံ ဝတ်ဆင်ပြီးလျှင် ပူဇော်ဖွယ် ဝတ္ထုပစ္စည်းများကို ကိုင်ဆောင်၍ လိုက်ပါလာကြသည်။ မြတ်ဗုဒ္ဓထံတော်သို့ ရောက်သောအခါ ခြေတော်အစုံကို ဦးခိုက်၍ ဤသို့ လျှောက်ထားသည်။

"အရှင်မြတ်ဘုရား၊ အရှင်ဘုရားကို ရည်စူး၍ အသစ်ဖြစ်သော ဤသင်္ကန်းလျာအစုံကို တပည့်တော်မ ကိုယ်တိုင် ဗိုင်းငင်၊ ဝါဖတ်၍ ရက်လုပ်ခဲ့ပါသည်။ တပည့်တော်မအား သနားငဲ့ညှာသောအားဖြင့် အလှူခံတော်မူပါဘုရား"

"ဂေါတမီ၊ သံဃာကိုလှူလော့၊ သံဃာကိုလှူလျှင် ငါဘုရားကို လည်း လှူပြီးပင်ဖြစ်ပေသည်"

မြတ်ဗုဒ္ဓသည် မိထွေးတော်ဂေါတမီက မိမိအား (ပုဂ္ဂလိက)

လှူခြင်းကို ပယ်မြစ်၍ သံဃာတော်အား (သံဃိက) လှူရန် တိုက်တွန်းတော်မူသည်။ သို့ရာတွင် မိထွေးတော်ကြီးသည် မြတ်ဗုဒ္ဓ၏ အလိုတော်ကို သဘောမပေါက်နိုင်ရှာပေ။ မိမိကိုယ်တိုင် စီမံရက်လုပ်လာခဲ့သော သင်္ကန်းလျာကို ရည်စူးထားသည့်အတိုင်း သားတော် ဘုရားကိုသာ လှူဒါန်းလိုသည်။ သားတော်ဘုရားကိုယ်တိုင် အလှူခံ၍ ဝတ်ရုံသည်ကိုသာ အားပါးတရ ဖူးမြင်လိုသည်။ သို့ဖြင့် သင်္ကန်းလျာအစုံကို အလှူခံတော်မူရန် သုံးကြိမ်တိုင်အောင် လျှောက်ထားသည်။ မြတ်ဗုဒ္ဓကလည်း သုံးကြိမ်တိုင်အောင်ပင် ပယ်မြစ်၍ သံဃာအား (သံဃိက) လှူဒါန်းရန် တိုက်တွန်းတော်မူသည်။

မိထွေးတော်ဂေါတမီသည် မိမိကိုယ်တိုင် လုံ့လစိုက်၍ စီမံရက်လုပ်လာခဲ့သော သင်္ကန်းလျာကို သားတော်ဘုရားက အလှူခံတော်မမူဘဲ ပယ်မြစ်တော်မူခဲ့သဖြင့် ဝမ်းနည်းအားငယ်စိတ်များ ဖြစ်ပေါ်လာလေသည်။ ဤတွင် အနီး၌ရှိသော အရှင်အာနန္ဒာသည် မနေသာတော့သဖြင့် ဤသို့ ကူညီလျှောက်ထားလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားသည် မိထွေးတော်ဂေါတမီ လှူဒါန်းသည့် သင်္ကန်းလျာအစုံကို အလှူခံတော်မူပါ။ မိထွေးတော်ဂေါတမီသည် ဘုရားရှင်အပေါ် အလွန်ကျေးဇူးများခဲ့ပါသည်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က လူဖြစ်အောင် ကျွေးမွေးပြုစုလာခဲ့ပါသည်။ နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့သူလည်း ဖြစ်ပါသည်။

"အရှင်ဘုရား၊ မိထွေးတော်ဂေါတမီသည် ဘုရားရှင်အပေါ် ကျေးဇူးများသကဲ့သို့ ဘုရားရှင်သည်လည်း မိထွေးတော်ဂေါတမီအပေါ် ကျေးဇူးများခဲ့ပါသည်။ ဘုရားရှင်ကို အကြောင်းပြု၍ မိထွေးတော် ဂေါတမီသည် ရတနာမြတ်သုံးပါးတို့၌ သက်ဝင် ဆည်းကပ်လာခဲ့ပါသည်။ ကံငါးပါးကိုလည်း

စောင့်စည်း လုံခြုံစေခဲ့ပါသည်။ အရိယာတို့ နှစ်သက်မြတ်နိုးအပ်သော အကျင့်သီလနှင့်လည်း ပြည့်စုံလာခဲ့ပါသည်။

"အရှင်ဘုရား၊ အရှင်ဘုရားကို အကြောင်းပြု၍ မိထွေးတော်ဂေါတမီသည် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါးတို့၌ ယုံမှားကင်း၍ ဉာဏ်အမြင် ရှင်းခဲ့ပါသည်။ ဤသို့ပင် ဘုရားရှင်သည် မိထွေးတော် ဂေါတမီအပေါ် ကျေးဇူးများခဲ့ပါသည် ဘုရား"

ဤ၌ အရှင်အာနန္ဒာ၏ လျှောက်ထားလိုရင်းမှာ မိထွေးတော်ဂေါတမီသည် ဘုရားရှင်အပေါ်၌ ကျေးဇူးများသူ ဖြစ်သကဲ့သို့ ဘုရားရှင်သည်လည်း မိထွေးတော် ဂေါတမီအပေါ် ကျေးဇူးများသူဖြစ်၏။ သို့ဖြစ်၍ မိထွေးတော်ဂေါတမီက ဘုရားရှင်အား ကျေးဇူးတုံ့ဆပ်သည့်အနေဖြင့် လှူဒါန်းသည့် သင်္ကန်းလျာအစုံကို ဘုရားရှင်ကလည်း မိထွေးတော် ဂေါတမီ၏ ကျေးဇူးတရားကို ထောက်၍ သနားငဲ့ညှာသောအားဖြင့် အလှူခံတော်မူရန် လျှောက်ထားခြင်းဖြစ်၏။

သို့ရာတွင် ဘုရားရှင်က "ရတနာမြတ်သုံးပါး၌ သက်ဝင်ဆည်းကပ်သူ စသည်အဖြစ်သို့ ရောက်အောင် နည်းလမ်းညွှန်ပြ ဆုံးမပေးခဲ့သော ဆရာအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ပစ္စည်းလေးပါး လှူဒါန်းခြင်းမျှဖြင့် ပြည့်စုံလုံလောက်သော ကျေးဇူးတုံ့ဆပ်ခြင်း မဖြစ်နိုင်" ဟု မိန့်ကြား၍ သံဃာတော်အား (သံဃိက) လှူဒါန်းရန်သာ တိုက်တွန်းတော်မူသည်။ သို့ဖြင့် မိထွေးတော် ဂေါတမီသည် ဘုရားရှင်အတွက် ရည်စူး၍ ကိုယ်တိုင် စိမံရက်လုပ်လာခဲ့သော သင်္ကန်းလျာအစုံကို ဘုရားရှင်၏ တိုက်တွန်းတော်မူချက်အတိုင်း သံဃာတော်အား ရည်မှန်း၍ သံဃိက လှူဒါန်းခဲ့ရလေသည်။

## ဘုရားရှင်အား လှူခြင်းထက် သံဃာအားလှူခြင်းက ပို၍အကျိုးကြီးသလော

ဤတွင် ဘုရားရှင်သည် မိမိအား လှူဒါန်းသော သင်္ကန်းလျာကို အဘယ်ကြောင့် သံဃာအား ပေးလှူရန် တိုက်တွန်းတော်မူသနည်း။ ဘုရားရှင်အား (ပုဂ္ဂလိက)လှူခြင်းထက် သံဃာအား (သံဃိက) လှူခြင်းက ပို၍ အကျိုးကြီးသလော" ဟူ၍ မေးစရာရှိလာပါသည်။

ဤပြဿနာကား ရှေးပဝေသဏီကပင် ပေါ်ပေါက်ခဲ့ဖူးပါသည်။ သာသနာတော်နှစ် (၅၀၀) (ခရစ်မပေါ်မီနှစ် ၁၀၀) ခန့်အချိန်က ပေါ်ပေါက်လာခဲ့သော ယောနကတိုင်း ၊ သာဂလပြည့်ရှင် မိလိန္ဒမင်းကြီး မေးသဖြင့် ရှင်နာဂသိန်ထေရ် ဖြေခဲ့ရဖူးသည်။ နှောင်းခေတ်သုတေသီတို့ မေးသဖြင့် နှောင်းခေတ်ပညာရှင်တို့လည်း ဖြေခဲ့ရဖူးသည်။ ဤပြဿနာနှင့်ပတ်သက်၍-

၁။ ဘုရားရှင်အား (ပုဂ္ဂလိက)လှူခြင်းက ပို၍အကျိုးကြီးသည်။

၂။ သံဃာအား (သံဃိက) လှူခြင်းက ပို၍ အကျိုးကြီးသည်။ ဟူ၍ အဖြေနှစ်မျိုးကို တွေ့ရသည်။ ဤသို့ အဖြေနှစ်မျိုးထွက်လျက်ရှိရာ မည်သည့်အဖြေကိုသာ လက်ခံသင့်သနည်း။ ဤပြဿနာကား ပုဂ္ဂလိက၊ သံဃိက ခွဲခြားဝေဖန်၍ ဖြေသင့်သော ပြဿနာဖြစ်သည်။

ဤပြဿနာ၌ "သံဃေဂေါတမိဒေဟိ" စသော စကားရပ်သည် လွန်စွာအရေးပါလှသည်။ ဤစကားရပ်သည် ဘုရားရှင်က မိမိအား လှူဒါန်းသော သင်္ကန်းလျာကို သံဃာတော်အား ပေးလှူရန် တိုက်တွန်းသည့် စကားရပ်ဖြစ်သည်။ "ဘုရားရှင်သည် မိမိအား လှူဒါန်းသော သင်္ကန်းလျာကို အဘယ်ကြောင့် သံဃာအား ပေးလှူရန် တိုက်တွန်းတော်မူသနည်း" ဟူသော မေးခွန်း၏ အဖြေသည် အထူးသတိပြု

ရမည့်အဖြေ ဖြစ်သည်။ ဤမေးခွန်း၌-

၁။ သံဃာအား လှူအပ်သော အလှူသည် အကျိုးကြီးသော ကြောင့် "သံဃေဂေါတမိဒေဟိ" စသည်ဖြင့် တိုက်တွန်း သည်။

၂။ သံဃာအား လှူအပ်သော အလှူသည် အကျိုးကြီးသော ကြောင့် "သံဃေဂေါတမိဒေဟိ"စသည်ဖြင့် တိုက်တွန်း သည် မဟုတ်။

ဟူ၍ တိုက်တွန်းခြင်းအကြောင်း၌ အဖြေ နှစ်မျိုးရှိသည်။

ဤအဖြေနှစ်မျိုးအနက် အမှတ် (၁) အဖြေကို သံဃာအား (သံဃိက) လှူခြင်းက ပို၍အကျိုးကြီးသည်ဟု ဆရာတို့ဖြေဆိုကြ၏။ အမှတ် (၂) အဖြေကို ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းက ပို၍ အကျိုးကြီးသည်ဟု ဆရာတို့ ဖြေဆိုကြ၏။ ဤအဖြေနှစ်မျိုးအနက် အမှတ် (၁) အဖြေသည် တိုက်ရိုက်အဖြေဖြစ်၍ အမှတ်(၂) အဖြေ ကား သွယ်ဝိုက်၍ သိရသောအဖြေဖြစ်သည်။

အဋ္ဌကထာဆရာသည် "ဘုရားရှင်သည် မိမိအား လှူဒါန်းသော သင်္ကန်းလျာကို အဘယ်ကြောင့် သံဃာအား ပေးလှူရန် တိုက်တွန်း တော်မူသနည်း" ဟူသော မေးခွန်းကို ကိုယ်တိုင်မေး၍ "မိထွေးတော် ဂေါတမီအပေါ်၌ အစဉ်သနားတော်မူသောကြောင့် တိုက်တွန်းတော် မူသည်" ဟု ကိုယ်တိုင်ပင် ဖြေဆိုခဲ့သည်။

ထင်ရှားအောင်ဆိုရလျှင် ဘုရားရှင်အား ဤသို့ အကြံဖြစ်ပေါ် ခဲ့၏။

"မိထွေးတော် ဂေါတမီအား ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗ၊ မုဉ္စ၊ အပရ ဟူသော စေတနာသုံးတန်၊ ရဟန်းသံဃာကို အကြောင်းပြု၍ စေတနာသုံးတန်ပေါင်း စေတနာခြောက်တန် တစ်ပေါင်းတည်းဖြစ်၍ နေ့ညဉ့်ရှည်ကြာ စီးပွားချမ်းသာ

ဖြစ်လာလိမ့်မည်”

ဤသို့ မိထွေးတော်ကြီးအပေါ်၌ အစဉ်သနားတော်မူခြင်း (ဝါ) မိထွေးတော်ကြီးအား နေ့ညဥ့်ရှည်ကြာ စီးပွားချမ်းသာ ဖြစ်လာနိုင်ခြင်းကြောင့်သာ သံဃာအား လှူရန် တိုက်တွန်းတော်မူခြင်း ဖြစ်သည်။ ဤအဖြေစကားရပ်၌ “သံဃာအား လှူခြင်းက ပို၍ အကျိုးကြီးသောကြောင့် တိုက်တွန်းတော်မူသည် မဟုတ်” ဟူသော အဖြေကိုလည်း သိရသည်။ ဤအဖြေကား သွယ်ဝိုက်၍ သိရသော အဖြေဖြစ်သည်။

## အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်

ဤလူ့လောက၌လည်းကောင်း၊ တစ်ပါးသော နတ်၊ ဗြဟ္မာလောက၌လည်းကောင်း၊ ဘုရားရှင်ထက် သာလွန်မြင့်မြတ်သော အလှူခံပုဂ္ဂိုလ် မဆိုထားဘိ၊ ဘုရားရှင်နှင့် တူသော အလှူခံပုဂ္ဂိုလ်ပင် မရှိချေ။ ဘုရားရှင်ကား “ ငါနှင့် ငါသာ နှိုင်းစရာ” ဟု ဆိုရသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ သံယုတ္တနိကာယ်၌ မာဃဝ ဂါမိက နတ်သားသည် ဘုရားရှင်၏ ရှေ့တော်မှောက်၊ နတ်လူတို့၏ အလယ်၌ ဤသို့ လျှောက်ဆိုခဲ့ကြောင်း ပြဆိုထား၏။

> “ရာဇဂြိုဟ်ရှိ တောင်ငါးလုံးတို့တွင် ဝိပုလတောင်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။ ဟိမဝန္တာရှိ တောင်အပေါင်းတို့တွင် ကေလာသတောင်ကို အမြတ်ဆုံးဟု ဆိုအပ်၏။ ကောင်းကင်၌ သွားလာသော နေ၊ လ၊ နက္ခတ်၊ တာရာ အပေါင်းတို့တွင် နေမင်းကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏”
>
> “မြစ်အပေါင်းတို့တွင် သမုဒ္ဒရာကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။ နက္ခတ်အပေါင်းတို့တွင် လမင်းကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။ နတ်နှင့်တကွသော လူအပေါင်းတို့တွင်

ဘုရားရှင်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏"

ဘုရားရှင်ကလည်း မာဏဝဂမိက နတ်သား လျှောက်ဆိုအပ်သော စကားသည် ကောင်းသောဆိုခြင်းဖြစ်ကြောင်း အတည်ပြုပေးတော်မူ၏။

ဘုရားရှင် ကိုယ်တော်တိုင်လည်း ဤသို့ မိန့်ဆိုတော်မူခဲ့၏။

"ရဟန်းတို့၊ လောက၌ တစ်ဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်လာသည်ရှိသော် များစွာသော လူတို့၏ အစီးအပွားဖြစ်ရန်၊ လူပေါင်းကို အစဉ်စောင့်ရှောက်ရန်၊ နတ်၊ လူတို့၏ အကျိုးစီးပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်ပေါ်လာ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူကား-- ပူဇော်အထူးကို ခံတော်မူထိုက်သော (သစ္စာလေးပါး တရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတည်း"

အရှင်နာဂသိန်ထေရ်ကလည်း မိလိန္ဒမင်းကြီး၏ အမေးကို ဤသို့ ဖြေကြားတော်မူခဲ့၏။

"ဘဝသုံးပါးတို့၌ မြတ်စွာဘုရားထက် အလှူကို ခံထိုက်သည်လည်းဖြစ်သော၊ လွန်သည်လည်း ဖြစ်သော၊ လွန်ကဲသည်လည်း ဖြစ်သော၊ တစ်စုံတစ်ယောက်သော သတ္တဝါသည် မရှိ။ မြတ်စွာဘုရားသည်သာလျှင် လွန်၏၊ လွန်ကဲ၏၊ ထူးချွန်၏ ။

သို့ဖြစ်၍ ဘုရားရှင်ထက် သာလွန်မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်မည်သည် မရှိ။ ဘုရားရှင်သည်သာ အသာလွန်ဆုံး၊ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် အသာလွန်ဆုံး၊ အမြတ်ဆုံး၊ အလှူခံပုဂ္ဂိုလ်ဖြစ်သော ဘုရားရှင်အား ပေးလှူအပ်သော အလှူသည်သာ အကျိုးအကြီးဆုံးဖြစ်၏။ "ဘုရားရှင်အား ပေးလှူအပ်သော (ပုဂ္ဂလိက) အလှူသည်သာ သံဃာအား လှူအပ်သော (သံဃိက)

အလှူထက် ပို၍ ကျိုးကြီးမြတ်သည်” ဟု ဆိုလိုပေသည်။

ထို့ကြောင့် ဘုရားရှင်သည် မိမိအား ပေးလှူအပ်သော သင်္ကန်းလျာကို သံဃာအား လှူရန် တိုက်တွန်းတော်မူခြင်းသည် သံဃာအား (သံဃိက)လှူခြင်းက ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းထက် အကျိုးကြီးသောကြောင့် “သံဃေဂေါတမိဒေဟိ” စသည်ဖြင့် တိုက်တွန်းတော်မူခြင်း မဟုတ်၊ မိထွေးတော်ကြီးအား စေတနာ ခြောက်တန် တစ်ပေါင်းတည်းဖြစ်၍ နေ့ညဥ့်ရှည်ကြာ စီးပွားချမ်းသာ ဖြစ်လာလိမ့်မည်ကို ရည်ရွယ်၍ သံဃာအား ပေးလှူရန် တိုက်တွန်းခြင်း ဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဝိတဏ္ဍဝါဒီတို့ကား သံဃာအား (သံဃိက) လှူခြင်းသည် ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းထက် ပို၍ အကျိုးကြီးသည်ဟု ဆိုကြသည်။ ထိုဝိတဏ္ဍဝါဒီတို့က “သံဃေ ဂေါတမိဒေဟိ၊ သံဃေဒိန္နေအဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ” ဟူသော ပါဠိကိုပင် အထောက်အထား သာဓကပြုကြသည်။ သံဃာအား (သံဃိက) လှူခြင်းက ပို၍ အကျိုးကြီးသောကြောင့် “သံဃေဂေါတမိဒေဟိ” စသည်ဖြင့် သံဃာအား လှူရန် တိုက်တွန်းတော်မူခြင်းဖြစ်၏ ဟုဆိုလိုပါသည်။

အဋ္ဌကထာဆရာသည် ဝိတဏ္ဍဝါဒီတို့၏ အကြောင်းပြချက်၌ အပြစ်ရှိနိုင်ကြောင်း ရှင်းပြ၍ ထိုဝိတဏ္ဍဝါဒီတို့၏ အကြောင်းပြချက်ကို ပယ်ဖျက်တော်မူခဲ့သည်။ ဘုရားရှင်သည် မိမိအား လှူသောသင်္ကန်းလျာကို သံဃာအား လှူရန် တိုက်တွန်းသောကြောင့် ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းထက် သံဃာအား (သံဃိက) လှူခြင်းက ပိုမြတ်သည်။ အကျိုးကြီးသည်ဟု ဆိုငြားအံ့။ ဤအတူပင် အခြားသူတို့အား ပေးလှူရန် တိုက်တွန်းသော အထောက်အထားများလည်း ရှိပေသည်။

ဘုရားရှင်သည် ပါစိတ်ပါဠိတော်၌ "အာနန္ဒာ–စားကြွင်းစားတို့အား မုန့်ကို ပေးလော့" ဟူ၍လည်းကောင်း။ ဝိနည်းမဟာဝါ ပါဠိတော်၌" ကစ္စာန--- စားကြွင်းစားတို့အား တင်လဲကို ပေးလော့" ဟူ၍လည်းကောင်း မိန့်တော်မူခဲ့ပါသည်။ ဤ၌ စားကြွင်းစားတို့အား ပေးလှူခြင်းသည် ဘုရားရှင်အား လှူခြင်းထက် အကျိုးကြီးသည် ဟူသော အဓိပ္ပါယ် ရောက်လာနိုင်သည်။ စင်စစ်အားဖြင့် စားကြွင်းစားတို့အား ပေးလှူခြင်းသည် ဘုရားရှင်အား လှူခြင်းထက် အကျိုးမကြီးနိုင်ချေ။ ထိုအကြောင်းနှင့်စပ်၍ ရှင်နာဂသိန်ထေရ်ကလည်း မိလိန္ဒမင်းကြီးအား ဤသို့ မိန့်ကြားတော်မူခဲ့၏။

"မင်းမြတ် -- ယောကျာ်းသည် မင်း၏ လက်ဆောင်ပဏ္ဏာကို ဆောင်ယူခဲ့၏။ မင်းသည် ထိုလက်ဆောင်ပဏ္ဏာကို အခြားသော အခစားအားလည်းကောင်း၊ ဗိုလ်ပါအားလည်းကောင်း၊ စစ်သူကြီးအား လည်းကောင်း၊ ပုရောဟိတ်အားလည်းကောင်း ပေးငြားအံ့၊ ထိုယောကျာ်းသည် ထိုမျှ လောက်သော လက်ဆောင်ကို ရကာမျှဖြင့် မင်းထက် လွန်ကဲသည်မူလည်း ဖြစ်သလော၊ ထူးချွန်သည်မူလည်း ဖြစ်သလော"

"အရှင်ဘုရား၊ မဖြစ်ပါ၊ အရှင်ဘုရား ထိုယောကျာ်းသည် မင်းခစားပါတည်း၊ မင်းကို မှီ၍ အသက်မွေးရပါ၏။ ထိုမင်းခစား အရာ ထားလိုသော မင်းသည် လက်ဆောင်ပဏ္ဏာကို ပေးပါ၏။"

"မင်းမြတ်--ဤအတူသာလျှင် ထိုမျှလောက်သော မိုးရေခံသက်န်းကို လှူစေကာမျှဖြင့် သံဃာတော်သည် မြတ်စွာဘုရားထက် လွန်ကဲသည်မူလည်း မဖြစ်ချေ။ ထူးချွန်သည်မူလည်း မဖြစ်ချေ။ စင်စစ်သော်ကား မြတ်စွာဘုရား၏ အလုပ်

အကျေးသာတည်း။ မြတ်စွာဘုရား ကိုမှီ၍ အသက်မွေးရ၏။ ထိုမိမိအရာ၌ ထားတော်မူလိုသော မြတ်စွာဘုရားသည် သံဃာအား မိုးရေခံသင်္ကန်းကို ပေးလှူစေ၏။"

သို့ဖြစ်၍ ဘုရားရှင်က မိမိအား လှူဒါန်းသော သင်္ကန်းလျာကို သံဃာအား ပေးလှူရန် တိုက်တွန်းကာမျှဖြင့် သံဃာအား (သံဃိက) လှူခြင်းသည် ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းထက် အကျိုးကြီးသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် "သံဃာအား (သံဃိက) လှူခြင်းသည် ဘုရားရှင်အား (ပုဂ္ဂလိက) လှူခြင်းထက် အကျိုးကြီးသည်ဟူသော ဝိတဏ္ဍဝါဒီတို့၏ အယူကို အဋ္ဌကထာ ဆရာကပင် ပယ်ဖျက်တော်မူခဲ့သည်။

## နောင်လာနောက်သားတို့ သံဃာ၌ ရှိသေလေးစားရန်

အဋ္ဌကထာဆရာသည် မိထွေးတော်ဂေါတမီအား နေ့ညဥ့် ရှည်ကြာ စီးပွားချမ်းသာဖြစ်စေလိုသောကြောင့် သံဃာအား ပေးလှူရန် တိုက်တွန်းတော်မူသည် ဆိုခဲ့၏။ ဤအကြောင်းပြချက်သည်လည်း အားရကျေနပ်ဖွယ် မရှိချေ။ စင်စစ်အားဖြင့် မိထွေးတော်ဂေါတမီသည် ဤဘဝ၌ပင် ပရိနိဗ္ဗာန်စံဝင်မည့် ပစ္ဆိမဘဝိက (နောက်ဆုံးဘဝ၌ဖြစ်သူ) ရဟန္တာထေရီမ အလောင်းအလျာဖြစ်၏။ နေ့ညဥ့်ရှည်ကြာ စီးပွားချမ်းသာဖြစ်ရန် မလိုတော့ပေ။ နောင်လာနောက်သားများ သံဃာ၌ ရှိသေလေးစားမှုဖြစ်စေရန်အတွက်သာ သံဃာအား ပေးလှူရန် "သံဃေ ဂေါတမီဒေဟိ" စသည်ဖြင့် တိုက်တွန်းတော်မူခြင်းဖြစ်သည်။

မှန်ပါသည်။ဘုရားရှင်အား ဤသို့အကြံဖြစ်ပေါ်ခဲ့၏။

"ငါဘုရားသည် ကြာရှည်လေးမြင့်စွာ တည်တံ့နေနိုင်မည် မဟုတ်၊ ငါဘုရား၏ သာသနာတော်သည် ရဟန်း **သံဃာ၌** တည်လိမ့်မည်၊ နောင်လာနောက်သားများ သံဃာ၌ **ရှိသေ**

လေးစားမှု ဖြစ်စေသတည်း”

ဤသို့ နောင်လာနောက်သားတို့ သံဃာ၌ ရှိသေလေးစားမှု ဖြစ်စေလိုသော အကြံတော်ဖြင့် ဘုရားရှင်သည် မိထွေးတော်ဂေါတမီက မိမိအား (ပုဂ္ဂလိက) လှူဒါန်းသည့် သင်္ကန်းလျာကို သုံးကြိမ်တိုင်တိုင် ပယ်မြစ်၍ သံဃာအား လှူရန် တိုက်တွန်းတော်မူခဲ့ခြင်းဖြစ်သည်။ ထင်ရှားအောင်ဆိုရလျှင် ဤသို့လှူဒါန်းစေခြင်းဖြင့် နောင်လာနောက်သားများ (ဒိဋ္ဌာနုဂတိ) အတုလိုက်၍ ကျင့်သုံးလာနိုင်သည်။ ဘုရားရှင်သည်ပင် မိမိအား လှူဒါန်းအပ်သော သင်္ကန်းလျာကို သံဃာအား လှူဒါန်းစေသေးသည်။ သံဃာဟူသည် “အလှူခံပါ တကား” ဟု နောင်လာနောက်သားများ သံဃာ၌ ရှိသေလေးစားမှု ဖြစ်၍ ပစ္စည်းလေးပါး လှူဒါန်းရကောင်းမှန်း သိလာလိမ့်မည်။ သံဃာတော်သည် ပစ္စည်းလေးပါး မဆင်းရဲ မပင်ပန်းဘဲ ဘုရား စကားတော်များကို သင်ယူ၍ ရဟန်းတရားကို အားထုတ်နိုင်လိမ့်မည်။ ဤသို့ သင်ယူ အားထုတ်ခဲ့သော် ငါဘုရား သာသနာတော်သည် နှစ်ပေါင်းငါးထောင် ရှည်မြင့်ကြာအောင် တည်တံ့လိမ့်မည်။ ဤသို့ ငါးထောင် သာသနာ ရှည်မြင့်ကြာအောင် ထမ်းဆောင်ကြမည့် သံဃာတော်၌ လေးလေးစားစား တန်ဖိုးထား၍ လှူဒါန်းကြစေ ရန်အတွက် “သံဃေဂေါတမိဒေဟိ” စသည်ဖြင့် တိုက်တွန်း တော်မူခဲ့ခြင်း ဖြစ်သည်။ သံဃာအား (သံဃိက) လှူခြင်းက ဘုရားရှင်အား (ပုဂ္ဂလိက)လှူခြင်းထက် ပို၍ အကျိုးကြီးသောကြောင့် တိုက်တွန်းခြင်း မဟုတ်ဟု ဆိုလိုပါသည်။

ထိုသို့ ဘုရားရှင်က သင်္ကန်းလျာကို သံဃာအား ပေးလှူရန် တိုက်တွန်းသောခါ အရှင်အာနန္ဒာကလည်း မိထွေးတော်လှူဒါန်းသည့် သင်္ကန်းလျာအစုံကို အလှူခံတော်မူပါရန် ထပ်မံ၍ တောင်းပန်ခဲ့၏။ ဤသို့ အရှင်အာနန္ဒာ၏ တောင်းပန်မှုကြောင့်လည်း ဘုရားရှင်ထက်

လေးစားမှု ဖြစ်စေသတည်း”

ဤသို့ နောင်လာနောက်သားတို့ သံဃာ၌ ရိုသေလေးစားမှု ဖြစ်စေလိုသော အကြံတော်ဖြင့် ဘုရားရှင်သည် မိထွေးတော်ဂေါတမီက မိမိအား (ပုဂ္ဂလိက) လှူဒါန်းသည့် သင်္ကန်းလျာကို သုံးကြိမ်တိုင်တိုင် ပယ်မြစ်၍ သံဃာအား လှူရန် တိုက်တွန်းတော်မူခဲ့ခြင်းဖြစ်သည်။ ထင်ရှားအောင်ဆိုရလျှင် ဤသို့လှူဒါန်းစေခြင်းဖြင့် နောင်လာနောက်သားများ (ဒိဋ္ဌာနုဂတိ) အတုလိုက်၍ ကျင့်သုံးလာနိုင်သည်။ ဘုရားရှင်သည်ပင် မိမိအား လှူဒါန်းအပ်သော သင်္ကန်းလျာကို သံဃာအား လှူဒါန်းစေသေးသည်။ သံဃာဟူသည် “အလှူခံပါ တကား” ဟု နောင်လာနောက်သားများ သံဃာ၌ ရိုသေလေးစားမှု ဖြစ်၍ ပစ္စည်းလေးပါး လှူဒါန်းရကောင်းမှန်း သိလာလိမ့်မည်။ သံဃာတော်သည် ပစ္စည်းလေးပါး မဆင်းရဲ မပင်ပန်းဘဲ ဘုရား စကားတော်များကို သင်ယူ၍ ရဟန်းတရားကို အားထုတ်နိုင်လိမ့်မည်။ ဤသို့ သင်ယူ အားထုတ်ခဲ့သော် ငါဘုရား သာသနာတော်သည် နှစ်ပေါင်းငါးထောင် ရှည်မြင့်ကြာအောင် တည်တံ့လိမ့်မည်။ ဤသို့ ငါးထောင် သာသနာ ရှည်မြင့်ကြာအောင် ထမ်းဆောင်ကြမည့် သံဃာတော်၌ လေးလေးစားစား တန်ဖိုးထား၍ လှူဒါန်းကြစေ ရန်အတွက် “သံဃေဂေါတမီဒေဟိ” စသည်ဖြင့် တိုက်တွန်း တော်မူခဲ့ခြင်း ဖြစ်သည်။ သံဃာအား (သံဃိက) လှူခြင်းက ဘုရားရှင်အား (ပုဂ္ဂလိက)လှူခြင်းထက် ပို၍ အကျိုးကြီးသောကြောင့် တိုက်တွန်းခြင်း မဟုတ်ဟု ဆိုလိုပါသည်။

ထိုသို့ ဘုရားရှင်က သင်္ကန်းလျာကို သံဃာအား ပေးလှူရန် တိုက်တွန်းသောခါ အရှင်အာနန္ဒာကလည်း မိထွေးတော်လှူဒါန်းသည့် သင်္ကန်းလျာအစုံကို အလှူခံတော်မူပါရန် ထပ်မံ၍ တောင်းပန်ခဲ့၏။ ဤသို့ အရှင်အာနန္ဒာ၏ တောင်းပန်မှုကြောင့်လည်း ဘုရားရှင်ထက်

သာလွန် အကျိုးများ၏ ဟူ၍ ဟောတော်မမူ”

ဤမိန့်ဆိုချက်အရ “ပုဂ္ဂလိက အလှူသည် သံဃိကအလှူထက် မသာလွန်၊ သံဃိကအလှူသည်သာ ပုဂ္ဂလိက အလှူထက် သာလွန်သည်”ဟူ၍ အဓိပ္ပါယ် သက်ရောက်သည်။ သို့ရာတွင် ပုဂ္ဂလိက အရ ပုဂ္ဂလိက အားလုံးကို ယူသင့်၊ မယူသင့် သံဃိက အရလည်း သံဃိက အားလုံးကို ယူသင့်၊ မယူသင့် စဉ်းစားရန် လိုအပ်ပေသည်။

## ပုဂ္ဂလိက အလှူ (၁၄)မျိုး

ဘုရားရှင်သည် မိထွေးတော် ဂေါတမီ၏ သင်္ကန်းလှူဒါန်းမှုနှင့် ဆက်စပ်၍ ဒက္ခိဏာဝိဘင်္ဂသုတ်တော်၌ ပုဂ္ဂလိကအလှူ၊ သံဃိကအလှူ ဟူ၍ အလှူနှစ်မျိုးကို ခွဲခြား၍ ဟောကြားတော်မူခဲ့၏။ ထိုတွင် ပုဂ္ဂလိက အလှူသည် (၁၄)မျိုး ရှိ၏။ ယင်းတို့မှာ–

၁။ မြတ်စွာဘုရားအား လှူခြင်း
၂။ ပစ္စေကဗုဒ္ဓါအား လှူခြင်း
၃။ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာပုဂ္ဂိုလ်အား လှူခြင်း
၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် (သို့မဟုတ်) အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူခြင်း
၅။ အနာဂါမ်ပုဂ္ဂိုလ်အား လှူခြင်း
၆။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် (သို့မဟုတ်) အနာဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်အား လှူခြင်း
၇။ သကဒါဂါမ်ပုဂ္ဂိုလ်အား လှူခြင်း
၈။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သော ပုဂ္ဂိုလ်၊

(သို့မဟုတ်)သကဒါဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်အား လှူခြင်း

၉။ သောတာပန်ပုဂ္ဂိုလ်အား လှူခြင်း

၁၀။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သောပုဂ္ဂိုလ် (သို့မဟုတ်) သောတာပတ္တိမဂ်၌တည်သောပုဂ္ဂိုလ်အား လှူခြင်း

၁၁။ သာသနာပ၌ ရာဂကင်းသော လောကီစျာန်အဘိညာဉ်ရ ရသေ့ရဟန်းပုဂ္ဂိုလ်အား လှူခြင်း

၁၂။ သီလရှိသော (သီလဝန္တ) လူပုထုဇဉ်ပုဂ္ဂိုလ်အားလှူခြင်း

၁၃။ သီလမရှိသော (ဒုဿီလ)လူပုထုဇဉ်ပုဂ္ဂိုလ်အားလှူခြင်း

၁၄။ တိရစ္ဆာန်အား လှူခြင်း

တို့ဖြစ်သည်။ ဤသည်ကိုပင် အလှူခံ တစ်ကျိပ်လေးပါး ဟူ၍လည်း ခေါ်ဆိုကြသည်။

ထိုတွင် အယုတ်ဆုံးဖြစ်သော တိရစ္ဆာန်အား တစ်နပ်စာ ဝအောင် ကျွေးမွေးသော အလှူသည် ဘဝတစ်ရာတို့၌ အသက်ရှည်ခြင်း (အာယု)၊ အဆင်းလှခြင်း (ဝဏ္ဏ)၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း (သုခ)၊ ခွန်အားကြီးခြင်း (ဗလ)၊ မှန်ကန်သင့်မြတ်၊ ဖျတ်လတ်လျင်မြန် ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံခြင်း (ပဋိဘာန) ဟူသော ကောင်းကျိုးငါးပါးကို ရနိုင်၏။ သီလမရှိသူ(ဒုဿီလ)ပုဂ္ဂိုလ်အား တစ်နပ်စာ ဝအောင် ပေးလှူလျှင် ဘဝတစ်ထောင်၊ သီလရှိသူ (သီလဝန္တ) ပုဂ္ဂိုလ်အား တစ်နပ်စာ ဝအောင် ပေးလှူလျှင် ဘဝတစ်သိန်း၊ သာသနာပ၌ ရာဂကင်းသော လောကီစျာန် အဘိညာဉ်ရ ရသေ့၊ ရဟန်းတို့အား တစ်နပ်စာ ဝအောင်ပေးလှူလျှင် ဘဝပေါင်း ကုဋေ တစ်သိန်း၊ သရဏဂုံသီလရှိသူ လူသာမဏေ မှစ၍ သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ဘဝပေါင်းအသင်္ချေ၊ ဤမှ **အထက်**

မြတ်စွာဘုရားတိုင်အောင်သော အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူရာ၌ ကား ဆိုဖွယ်ရာပင် မရှိတော့ချေ။ ဘဝပေါင်း အသင်္ချေ မရေမတွက် နိုင်သော ဘဝတို့၌ ဆိုအပ်ခဲ့ပြီးသော ကောင်းကျိုးတရား ငါးပါးတို့ကို ရနိုင်ကြောင်း ဟောတော်မူသည်။

ဤ၌ အလှူခံပုဂ္ဂိုလ်တို့၏ သီလ၊ သမာဓိ၊ ပညာဂုဏ် အားလျော်စွာ အကျိုးတရားများလည်း အဆင့်ဆင့် ကြီးမားသာလွန် ကြသည်ကို တွေ့ရလေသည်။

## သံဃိကအလှူ (၇) မျိုး

ပုဂ္ဂလိက အလှူထက် သာလွန်၍ အကျိုးကြီးသော သံဃိက အလှူသည် ခုနစ်မျိုးရှိ၏။ ယင်းတို့မှာ–

၁။ ဘုရားအမှူးရှိသော ဘိက္ခု၊ ဘိက္ခုနီသံဃာနှစ်ပါးစုံအား လှူခြင်း

၂။ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘိက္ခုသံဃာ၊ ဘိက္ခုနီ သံဃာနှစ်ပါးစုံအား လှူခြင်း

၃။ ဘိက္ခုသံဃာသက်သက်အားသာ လှူခြင်း

၄။ ဘိက္ခုနီသံဃာသက်သက်အားသာ လှူခြင်း

၅။ ဘိက္ခု၊ ဘိက္ခုနီသံဃာ နှစ်ဘက်မှ "ဤရွေ့ ဤမျှ ညွှန်ကြားတော်မူပါ" ဟု လျှောက်ထား၍ သံဃာက ညွှန်ကြား လိုက်သော ပုဂ္ဂိုလ်စုအား (သံဃာစိတ်ထားဖြင့်) လှူခြင်း

၆။ ဘိက္ခုသံဃာတစ်ဘက်၌သာ မိမိတတ်နိုင်သမျှ "ဤရွေ့ ဤမျှ ညွှန်ကြားတော်မူပါ" ဟုလျှောက်ထား၍ သံဃာက ညွှန်ကြား လိုက်သော ပုဂ္ဂိုလ်စုအား (သံဃာစိတ်ထား ဖြင့်)လှူခြင်း

၇။ ဘိက္ခုနီသံဃာ တစ်ဘက်၌သာ မိမိ တတ်နိုင်သမျှ "ဤရွှေ့ ဤမျှ ညွှန်ကြားတော်မူပါ" ဟုလျှောက်ထား၍ သံဃာက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်စုအား( သံဃာ စိတ်ထားဖြင့်) လှူခြင်း

တို့ဖြစ်သည်။ ဤခုနစ်မျိုးသော ဌာနတို့၌ သံဃာ့ဂုဏ်တော်ကို နှလုံးသွင်း ဆင်ခြင်၍ သံဃိကမြောက် လှူဒါန်းလျှင် ဘဝပေါင်း အသင်္ချေ မရေမတွက်နိုင်အောင် ကောင်းကျိုးတရားငါးပါးကို ရရှိနိုင်လေသည်။

ဤသို့ ပုဂ္ဂလိကအလှူ (၁၄)မျိုး၊ သံဃိကအလှူ (၇)မျိုးရှိရာတွင် ဤနေရာ၌ ပုဂ္ဂလိကအလှူ (၁၄)မျိုးကို-

၁။ ဘုရားပုဂ္ဂလိက (၁)ပါး

၂။ အခြားပုဂ္ဂလိက (၁၃)ပါး ဟူ၍ နှစ်မျိုးခွဲခြားရာ၏။ သံဃိကအလှူ (၇)မျိုးကိုလည်း-

၁။ ဘုရားအမှူးရှိသော ဘိက္ခု၊ ဘိက္ခုနီသံဃာ (ဗုဒ္ဓပ္ပမုခ သံဃိက) (၁)ပါး

၂။ (ဘုရားရှင် မပါ) အခြားသံဃိက (၆)ပါး ဟူ၍ နှစ်မျိုး ခွဲခြားရာ၏။

ဤသို့ ခွဲခြားပြီးလျှင် ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် အရ "ပုဂ္ဂလိက အလှူသည် သံဃိကအလှူထက် မသာလွန်" ဟူ၍ ဆိုရာ၌ ပုဂ္ဂလိကအရ ပုဂ္ဂလိက နှစ်မျိုးလုံးကို ယူလျှင် အဋ္ဌကထာနှင့် ဆန့်ကျင်နေမည်။ အဋ္ဌကထာဆရာသည် "ဘုရားရှင်ထက် သာလွန် သော အလှူခံပုဂ္ဂိုလ် မရှိ" ဟုဆိုသောကြောင့် ဖြစ်၏။ အကယ်၍ ပုဂ္ဂလိကအရ ဘုရားပုဂ္ဂလိကကို ချန်၍ အခြားပုဂ္ဂလိက (၁၃)ပါးကို ယူပြန်လျှင်လည်း "ဘုရားပုဂ္ဂလိက အလှူသည် သံဃိက အလှူထက် သာလွန်သည်" ဟူ၍ ဆိုရာရောက်ပြန်၏။ သို့ဖြစ်လျှင် ဝေလာမ

သုတ်ပါဠိတော်နှင့် ဆန့်ကျင်နေမည်။ ဝေလာမသုတ်၌ "ဗုဒ္ဓပ္ပမုခ သံဃိက အလှူသည် ဘုရားပုဂ္ဂလိက အလှူထက် သာလွန်သည်" ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်၏။ ဤစကားရပ်များကို ကောက်ချက်ချလျှင်–

၁။ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်တိုက်ရိုက်အဓိပ္ပါယ်အရ ပုဂ္ဂလိက အလှူထက် သံဃိကအလှူက သာလွန်အကျိုးကြီးသည်။

၂။ ၎င်းအဋ္ဌကထာ အဆိုအရ သံဃိက အလှူထက် ဘုရားပုဂ္ဂလိက အလှူက သာလွန်အကျိုးကြီးသည်။

၃။ ဝိတဏ္ဍာဝါဒီ အလိုအရ ပုဂ္ဂလိက အလှူထက် သံဃိက အလှူက သာလွန် အကျိုးကြီးသည်။

၄။ ဝေလာမသုတ်ပါဠိတော်အရ ဘုရားပုဂ္ဂလိကအလှူထက် ဗုဒ္ဓပ္ပမုခ သံဃိက အလှူက သာလွန်အကျိုးကြီးသည် ဟူ၍ ဖြစ်ပါသည်။

ဤသို့တစ်ကျမ်းနှင့်တစ်ကျမ်း အယူဝါဒ အဆိုအမိန့် မတူညီသကဲ့သို့ ဖြစ်နေပေသည်။ ဤသို့အယူဝါဒ အဆိုအမိန့်ချင်း မတူညီရာ၌ တူညီအောင် ညှိဖို့ရန် မလွယ်ကူလှချေ။ သို့ဖြစ်၍ ဆရာတို့က "စာကြည့်ထက် စာညှိခက်သည်" ဟု ဆိုကြသည်။ ဤသို့ဆိုခဲ့ကြခြင်းမှာ ပိဋကတ်သုံးပုံသည် နည်းမျိုးစုံတို့ဖြင့် သိမ်မွေ့နက်နဲ ခက်ခဲသောကြောင့်ဖြစ်သည်။ ဤသို့ သိမ်မွေ့နက်နဲသော အရာများ၌"နီ၊ နေ၊ သဒ်၊ နာ ဤလေးဖြာ၊ နက်မှာဆုံးဖြတ်ကြောင်း" ဟူသည်နှင့်အညီ–

၁။ တိုက်ရိုက်သိအပ်သော နီတတ္ထနည်း

၂။ ဆောင်၍သိအပ်သောနေယျတ္ထနည်း

၃။ အနီး၌တည်သော သဒ္ဒါတစ်ပါးဖြင့် သိရသော

သဒ္ဒန္တ ရသနိဓာနနည်း

၄။ ကြွင်းသောနာနာနယ (နည်းအမျိုးမျိုး)တို့ကို လက်ကိုင်ထား၍ ဆုံးဖြတ်ရမြဲဖြစ်သည်။

ဤ၌ နာနာနယခေါ် ယထာလာဘ (ရသင့်သည့် အားလျော်စွာ ယူရသော) နည်းဖြင့် ဆုံးဖြတ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် "အကြင်နေရာ၌ အကြင်နည်းဖြင့်ယူသော် ချီးမွမ်းအပ်သော အနက် အဓိပ္ပါယ်ကို ရ၏၊ ထိုနေရာ၌ ထိုနည်းဖြင့် ယူရမည်" ဟူ၍ သဒ္ဒနီတိ ဆရာလမ်းညွှန်ချက် ရှိသောကြောင့်ဖြစ်သည်။

ဤလမ်းညွှန်ချက်အရ "ပုဂ္ဂလိကအလှူသည် သံဃိကအလှူထက် မသာလွန်" ဟုဆိုရာ၌

၁။ ပုဂ္ဂလိကအရ ဘုရားပုဂ္ဂလိကကို ယူလျှင် သံဃိကအရ ဗုဒ္ဓပ္ပမုခသံဃိကကို ယူရပါမည်။ (ဘုရားပုဂ္ဂလိကသည် ဗုဒ္ဓပ္ပမုခ သံဃိကထက် မသာလွန်ဟု ဆိုလိုသည်။)

၂။ ပုဂ္ဂလိကအရ (ဘုရားပုဂ္ဂလိကမှတပါး) အခြားပုဂ္ဂလိက (၁၃)ပါးကိုယူလျှင် သံဃိကအရ သံဃိက (၇)မျိုးလုံးကို ယူရပါမည်။ (အခြားပုဂ္ဂလိကသည် သံဃိက နှစ်မျိုးလုံး ထက် မသာလွန်ဟု ဆိုလိုသည်)

"သံဃိကအလှူသည် ပုဂ္ဂလိကအလှူထက် သာလွန်သည်" ဟုဆိုရာ၌–

၁။ သံဃိကအရ–ဗုဒ္ဓပ္ပမုခသံဃိကကိုယူလျှင်၊ ပုဂ္ဂလိကအရ– ပုဂ္ဂလိက နှစ်မျိုးလုံးကို ယူရပါမည်။ (ဗုဒ္ဓပ္ပမုခသံဃိကသည် ပုဂ္ဂလိက နှစ်မျိုးလုံးထက် သာလွန်သည်ဟု ဆိုလိုသည်။)

၂။ သံဃိကအရ–(ဘုရားမပါ)အခြား သံဃိက (၆)ပါးကို ယူလျှင်၊ ပုဂ္ဂလိက အရလည်း (ဘုရားပုဂ္ဂလိကမှတပါး) အခြားပုဂ္ဂလိက (၁၃)ပါးကိုသာ ယူရပါမည်။ (အခြား

သံဃိကသည် အခြားပုဂ္ဂလိကထက် သာလွန်သည်ဟု ဆိုလိုပါ သည်။)

"ဘုရားပုဂ္ဂလိကအလှူသည် သံဃိကအလှူထက် သာလွန် သည်" ဟုဆိုရာ၌ သံဃိကအရ (ဘုရားမပါ) အခြားသံဃိက (၆)ပါးကို ရည်၍ဆိုသည်။

"သံဃိကအလှူသည် ဘုရားပုဂ္ဂလိက အလှူထက်ပင် သာ လွန်သည်" ဟုဆိုရာ၌ သံဃိကအရ ဗုဒ္ဓပ္ပမုခသံဃိကကို ရည်၍ ဆိုသည်ဟူ၍ မှတ်ယူသင့်ပါသည်။ ဤသို့ယူမှသာ တစ်ကျမ်းနှင့် တစ်ကျမ်း အယူဝါဒ အဆိုအမိန့်ခြင်း ဆန့်ကျင်မှုမရှိဘဲ ပြဿနာ အားလုံး ပြေလည်သွားလိမ့်မည်ဟု ယူဆပါသည်။

## သင်္ကန်းလှူဒါန်းချိန်

ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ ဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ပထမအကြိမ် ကြွရောက်တော်မူလာချိန်မှာပင် မိထွေးတော် ဂေါတမီအား သင်္ကန်းလျာ ရက်လုပ်လှူဒါန်းရန် အကြံဖြစ်ပေါ်၍ စီမံရက်လုပ်လှူဒါန်းကြောင်း--- စသည်ဖြင့် ဖော်ပြ ထားသည်။ ထိုသုတ်ပါဠိတော်၌မူ ဘုရားရှင်က မိထွေးတော် ဂေါတမီအား သင်္ကန်းလျာအစုံကို သံဃာအား (သံဃိက) လှူဒါန်းရန် တိုက်တွန်း တော်မူသောအခါတွင် အရှင်အာနန္ဒာက ဘုရားရှင်နှင့် မိထွေးတော် ဂေါတမီတို့ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် ကျေးဇူး များကြပုံကို လျှောက်ထား၍ ထိုသင်္ကန်းလျာအစုံကို အလှူ ခံတော်မူရန် ဘုရားရှင်အား တောင်းပန်လျှောက်ထားကြောင်း စသည်ဖြင့် လာရှိသည်ကို တွေ့ရသည်။

ဤတွင် စဉ်းစားဖွယ်ရှိသည်မှာ အရှင်အာနန္ဒာသည် ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ပထမအကြိမ် ကြွရောက်တော်မူလာချိန်၌

ရဟန်းမဖြစ်သေးချေ။ ဘုရားရှင် ကပိလကဝတ် နေပြည်တော်မှ ပြန်ကြွ၍ မလ္လတိုင်း၊ အနုပိယ သရက်တောသို့ရောက်မှ ရဟန်းပြုတော်မူသည်။ ဇာတ်အဋ္ဌကထာ စသည်တို့၌လည်း ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အောက်ဖိုလ်သုံးပါး၌ တည်စေပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကြောင်းကိုသာ ဖော်ပြထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ဘုရားရှင် ပထမအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူလာချိန်၌ မိထွေးတော်ဂေါတမီအား သင်္ကန်းလျာကို ကိုယ်တိုင်စီမံရက်လုပ်လှူဒါန်းရန် အကြံဖြစ်ပေါ်လာခဲ့၏။ ယင်းသို့ ကြံစည်မိသည့်အတိုင်းပင် သင်္ကန်းလျာကို စီမံရက်လုပ်၍ နောက်တစ်ကြိမ် ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူလာသောအခါမှ သင်္ကန်းလျာအစုံကို ကြီးစွာသော အခမ်းအနားဖြင့် လှူဒါန်းခြင်းဖြစ်သည်ဟု ယူဆရပေသည်။

ဤသို့ မိထွေးတော်ဂေါတမီ သင်္ကန်းအလှူကို အကြောင်းပြု၍ ဘုရားရှင်သည် တပည့်သံဃာတော်အား နောင်လာနောက်သားတို့ လေးလေးစားစား တန်ဖိုးထား၍ လှူဒါန်းပူဇော်မှု ပြုစေရန်အတွက် ချီးမြှောက်ခွင့်ရရှိခဲ့သည် ။ သံဃာတော်သည်လည်း ဘုရားရှင်၏ ချီးမြှောက်မှုကြောင့် နောင်လာနောက်သားတို့ ရိုသေလေးစားမှုကို ခံယူရခြင်း၊ ပစ္စည်းလေးပါး မပင်မပန်း ချမ်းသာစွာဖြင့် ဂန္ထဓုရ ၊ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ပါး ရဟန်းတရာများကို အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်ခြင်း စသည့် အကျိုးတရားများကို ရရှိခဲ့ကြသည်။ လှူဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း ဘုရားရှင် ဟောကြားတော်မူအပ်သော ဒက္ခိဏဝိဘင်္ဂသုတ်တော်ကို နာယူရသဖြင့် ပုဂ္ဂလိကအလှူ၊ သံဃိကအလှူနှင့် ထိုအလှူတို့၏ အကျိုးတရားများ၊ အလှူ၏ စင်ကြယ်ပုံများကို သိရှိကြ၍ အမြတ်ဆုံးအလှူကို ရွေးချယ်

စိစစ်၍ လှူဒါန်းနိုင်ကြသည်။ မိထွေးတော်ဂေါတမီသည်လည်း ဘုရားအမှူးရှိသော သံဃာတော်အား (ဗုဒ္ဓပ္ပမုခသံဃိကမြောက်) လှူဒါန်းရသဖြင့် ကြီးမားမြင့်မြတ်သော အကျိုးတရားများကို ရခဲ့လေသည်။ သို့ဖြင့် မိထွေးတော်ဂေါတမီ၏ သင်္ကန်းအလှူသည် အတ္တပရ (မိမိသူတစ်ပါး) လောကသာသနာ နှစ်ဖြာသောအကျိုး စီးပွားကို တိုးပွားစေသည့် သာသနာ့သမိုင်းဝင် အလှူကြီး ဖြစ်ခဲ့ရ လေသည်။

ထိုသို့ ဘုရားရှင်အား မိထွေးတော်ဂေါတမီက သင်္ကန်းလျာ လှူဒါန်းခြင်းကိုဂုဏ်ပြုမှတ်တမ်းတင်သည့်အနေဖြင့် မိထွေးတော် ဂေါတမီ သင်္ကန်းလျာ လှူဒါန်းသောနေရာ၌ နောင်လာနောက်သား များက စေတီတော်တစ်ဆူကို တည်ထားခဲ့ကြသည်။ ယင်းစေတီကို မိမိဖူးမြင်ခဲ့ရကြောင်း တရုပ်ရဟန်းတော် ဖာဟီရန်က သူ၏ ခရီးစဉ် မှတ်တမ်း၌ ဖော်ပြထားသည်။

## ဘိက္ခုနီသာသနာနှင့် မိထွေးတော်ဂေါတမီ၏ ဆောင်ရွက်ချက်

မိထွေးတော်ဂေါတမီ၏ ပစ္စုပ္ပန်ဘဝ ဆောင်ရွက်ချက်တို့တွင် အထူးခြားဆုံးသော ဆောင်ရွက်ချက်မှာ အမျိုးသမီးများ သာသနာ တော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ပင်ဖြစ်သည်။

အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့်တည်းဟူသော အခွင့်အရေးကို လွယ်လွယ်ကူကူ ရရှိခဲ့ခြင်းကား မဟုတ်ချေ။ စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်မှ ရရှိခဲ့သော အခွင့်အရေးကြီးပင် ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဣသိပတန မိဂဒါဝုန်တော၌ ပထမဆုံး ဝါကပ်သီတင်းသုံးတော်မူချိန် ကာလ

အတွင်းမှာပင် ဘိက္ခု(ရဟန်းယောကျ်ား) ပရိသတ်၊ ဥပါသကာ (ရတနာသုံးပါးကို ရိုသေဆည်းကပ်သောယောကျ်ား) ပရိသတ်၊ ဥပါသိကာ(ရတနာသုံးပါးကို ရိုသေဆည်းကပ်သော မိန်းမ)ပရိသတ် ဟူသော ပရိသတ်သုံးပါးတို့ ပေါ်ပေါက်ခဲ့သည်။ ပရိသတ်လေးပါး ပြည့်စုံရန် ဘိက္ခုနီ (ရဟန်းမိန်းမ) ပရိသတ်တစ်မျိုးသာ ကျန်ရှိနေပေသည်။

မြတ်ဗုဒ္ဓသည် ဘိက္ခု(ရဟန်းယောကျ်ား) ပရိသတ် ပေါ်ထွန်းလာရေးအတွက် ပဉ္စဝဂ္ဂီငါးဦး၊ ယသလုလင်နှင့် သူငယ်ချင်းဟောင်းငါးကျိပ်လေးယောက် စသော အမျိုးကောင်းသားတို့အား "ဧဟိ ဘိက္ခု"ခေါ်တော်မူ၍ လွယ်လင့်တကူပင် ရဟန်းပြုခွင့်ပေးခဲ့ သော်လည်း ဘိက္ခုနီ (ရဟန်းမိန်းမ) ပရိသတ် ပေါ်ထွန်းလာရေးအတွက် အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့်ကိုမူ အလွယ်တကူ ခွင့်ပြုတော်မမူခဲ့ချေ။ မိထွေးတော်ဂေါတမီကိုယ်တိုင် ဆင်းရဲပင်ပန်းကြီးစွာဖြင့် အကြိမ်ကြိမ်တောင်းပန်မှ ခွင့်ပြုတော်မူခဲ့သည်။

## ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ဆောင်ရွက်ခြင်း

မိထွေးတော်ဂေါတမီသည် မြတ်ဗုဒ္ဓ ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ် ကြွရောက်၍ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ကပင် ဘိက္ခုနီပြုခွင့်ကို တောင်းပန်ခဲ့သည်။ သို့ရာတွင် မြတ်ဗုဒ္ဓက ခွင့်ပြုတော်မမူဘဲ ပယ်မြစ်တော်မူခဲ့သည်။

သို့သော် မိထွေးတော်ဂေါတမီကား စိတ်အားမလျှော့ခဲ့ပေ။ အခွင့်သင့်သောအခါတွင် နောက်တစ်ကြိမ် ထပ်မံ၍ တောင်းပန်ရန်အတွက် အချိန်အခါကို ငံ့လင့်စောင့်စားနေခဲ့သည်။ သို့ဖြင့် မြတ်ဗုဒ္ဓ ဝေသာလီပြည်၊ မဟာဝုန်တောရှိ ကူဋာဂါရ ကျောင်းတိုက်၌ ပဉ္စမမြောက်ဝါကို ဝါကပ်သီတင်းသုံးတော်မူသောအခါတွင် နောက်တစ်ကြိမ်

ဘိက္ခုနီပြုခွင့်တောင်းရန် အကြောင်းဖန်လာခဲ့သည်။ ဤအကြိမ်၌ကား မိထွေးတော်ကြီးတစ်ဦးတည်း မဟုတ်တော့ချေ။ ပါရမီဖြည့်ဘက် ဖြစ်ကြသော သာကီဝင် မင်းသမီးငါးရာတို့နှင့်အတူ လာ၍ တောင်းပန် ခြင်းဖြစ်သည်။ သူတို့အားလုံး ကပိလဝတ် နန်းတော်ကပင် ဆံပင် များကို ရိတ်ပယ်၍ ဖန်ရည်ဆိုး အဝတ်များကို ဝတ်ရုံခဲ့ကြသည်။ မြတ်ဗုဒ္ဓအား မရှိသေ မလေးစားရာ ရောက်မည်စိုးသဖြင့် မည်သည့် ယာဉ်ရထားကိုမျှ မစီးကြဘဲ ကပိလဝတ်နှင့် ဝေသာလီ အကြား ငါးဆယ့်တစ်ယူဇနာ ခရီးကို ခြေလျင်လျှောက်လာခဲ့ကြသည်။ ဤမျှ ဝေးကွာသောခရီးကို သွားဖူးလာစ မရှိဘဲ ခြေလျင်လျှောက်ခဲ့ရသဖြင့် ခြေဖဝါးအစုံတို့ ဖူးရောင်ပေါက်ကွဲ၍ သွေးမြေကျခဲ့ရသည်။ တစ်ကိုယ် လုံး ချွေးများယိုစီး၍ မြူမှုန်အလိမ်းလိမ်း ကပ်လျက် ပင်ပန်းကြီးစွာဖြင့် လာခဲ့ကြရသည်။

ကူဋာဂါရ ကျောင်းတိုက်သို့ ရောက်သောအခါတွင်လည်း မြတ်ဗုဒ္ဓထံတော်သို့ မဝင်ဝံ့ကြသဖြင့် တံခါးမုဒ်အပြင်ဘက်မှာပင် ငိုကြွေးနေကြရလေသည်။ နောက်ဆုံးတွင် အရှင်အာနန္ဒာ၏ အကူအညီ ဖြင့် မိထွေးတော် ဂေါတမီသည် ဂရုဓမ်ရှစ်ပါးကို ဝန်ခံ၍ သာသနာတော်၌ ဘိက္ခုနီအဖြစ်ကို ပထမဆုံး ရရှိခဲ့လေသည်။ ဤသို့ မိထွေးတော် ဂေါတမီသည် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် မျက်ရည်၊ ချွေး၊ သွေးတို့ကို စတေး၍ ဆင်းရဲပင်ပန်း ကြီးစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရလေသည်။ (အကျယ်ကို အခန်း ၃ တွင် ဖော်ပြထားသည်။)

## သာကီဝင် မင်းသမီးတို့ ဘိက္ခုနီပြုခွင့် ရအောင် ဆောင်ရွက်ခြင်း

မိထွေးတော်ဂေါတမီသည် အရှင်အာနန္ဒာ၏ ထံတော်မှောက်၌ ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်းဖြင့် ဘိက္ခုနီအဖြစ်သို့ရောက်ရှိခဲ့ပြီးနောက်

မိမိနှင့်အတူပါလာကြသော သာကီဝင်မင်းသမီးငါးရာတို့ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန် တာဝန်ရှိနေပြန်သည်။ သို့ဖြင့် မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ မိမိနှင့်အတူပါလာကြသော သာကီဝင် မင်းသမီး ငါးရာတို့ကို ဘိက္ခုနီပြုပေးရန်အတွက် မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို လျှောက်ထားလေသည်။

ထိုအခါတွင် မြတ်ဗုဒ္ဓသည် ရဟန်းများကို ခေါ်၍ "ရဟန်းယောကျ်ားများက ရဟန်းမိန်းမများကို (ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့်) ရဟန်းခံခွင့်ပေးရန်" ခွင့်ပြုမိန့်ကြားတော်မူသည်။

ဤသို့ မြတ်ဗုဒ္ဓထံတော်မှ ခွင့်ပြုချက်ရရှိပြီးသောအခါ ရဟန်းတို့သည် မိထွေးတော်ဂေါတမီကို ဥပဇ္ဈာယ်ဆရာပြု၍ သာကီဝင် မင်းသမီးငါးရာတို့ကို ယခုခေတ် ရဟန်းယောကျ်ားများကို ရဟန်းခံပေးသကဲ့သို့ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပေးကြသည်။ ထိုအချိန်က ဘိက္ခုနီသံဃာ မရှိသေးသဖြင့် ချွတ်ယွင်းချက် အနေဖြင့် ဘိက္ခုသံဃာ တစ်ဘက်တည်းဖြင့်သာ ရဟန်းခံပေးရခြင်းဖြစ်သည်။ ဘိက္ခုနီသံဃာ ပြည့်စုံလာသောအခါ၌ကား အမျိုးသမီးများကို ဘိက္ခုနီသံဃာအထံ၌တစ်ကြိမ်၊ ဘိက္ခုသံဃာ့အထံ၌တစ်ကြိမ် ဉတ္တိစတုတ္ထ ကမ္မဝါစာ (၂)ကြိမ်ဖတ်၍ ရဟန်းခံပေးရသည်။ ဤသို့ မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် သာကီဝင် မင်းသမီးငါးရာတို့လည်း သာသနာတော်၌ ဘိက္ခုနီအဖြစ်ကို ရရှိခဲ့ကြလေသည်။

## ဘိက္ခုနီတို့၏ ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ လျှောက်ထားခြင်း

မိထွေးတော်ဂေါတမီ ထေရီမကြီးသည် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်၍ ဘိက္ခုနီ သာသနာကြီး ပေါ်ထွန်းလာပြီးသောအခါ၌လည်း ဘိက္ခုနီတို့နှင့် ပတ်သက်စပ်ဆိုင်သော ကိစ္စအဝဝတို့ကို ဦးဆောင်ခေါင်းရွက်

ပြု၍ အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

လောက၌ "လူရှိလျှင် ပြဿနာရှိသည်" ဟူသော ဆိုရိုးစကားအတိုင်း လူတို့နေထိုင်ရာ လူ့လောက၊ လူ့အသိုင်းအဝိုင်းအတွင်း၌ လူမှုရေးပြဿနာများရှိကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယင်းလူမှုပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မင်းစသော အုပ်ချုပ်သူအာဏာပိုင် အဖွဲ့အစည်းများက အခါအားလျော်စွာ စည်းမျဉ်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်း၍ လိုက်နာစေရသည်။ ထို့အတူပင် လူ့ဘောင်လောကကို စွန့်ခွာ၍ ရဟန်းဘောင်၊ ရဟန်းလောကသို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်တို့တွင်လည်း စစ်မှန်သော သဒ္ဓါတရားသက်သက်ဖြင့် သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာကြသူများရှိသကဲ့သို့ စား, ဝတ်, နေရေး, အိမ်ထောင်ရေး စသောလူမှုရေး အဆင်မပြေမှုများကြောင့် ဝင်ရောက်လာကြသူများလည်း ရှိကြပေရာ ရဟန်းလောကတွင်လည်း အကြောင်းအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ပေါ်ပေါက်လာခဲ့ရလေသည်။

ယင်းသို့ ပြဿနာများ ပေါ်ပေါက်၍ ကျူးလွန်မှု အပြစ်တစ်စုံတစ်ရာ ရှိလာသောအခါမျိုး၌ မြတ်ဗုဒ္ဓသည် ကျူးလွန်သည့်အပြစ်အားလျော်စွာ သိက္ခာပုဒ်များကို ပြဋ္ဌာန်းပညတ်တော်မူရလေသည်။ ဤသို့ဖြင့် ရဟန်းတော်များ မပြုလုပ်ရန် တားမြစ်သည့် ဝါရိတ္တသိက္ခာပုဒ်များနှင့် လိုက်နာကျင့်သုံးရန် ခွင့်ပြုထားသော စာရိတ္တသိက္ခာပုဒ်များ ပေါ်ပေါက်လာခဲ့ရလေသည်။

ထိုသို့ ရဟန်းတော်များအတွက် လိုက်နာကျင့်သုံးရန် သိက္ခာပုဒ်များကို ပညတ်တော်မူရသကဲ့သို့ ဘိက္ခုနီများ ပေါ်ထွန်းလာသောအခါ၌လည်း ဘိက္ခုနီတို့ လိုက်နာကျင့်သုံးရန်အတွက် သိက္ခာပုဒ်များကိုလည်း ထပ်မံပညတ်တော်မူရပြန်သည်။

ဤတွင် ဘိက္ခုနီတို့ လိုက်နာကျင့်သုံးရန် ပညတ်အပ်သော

သိက္ခာပုဒ်တို့အနက် ရဟန်းယောကျ်ားများနှင့်ဆက်ဆံ (ပတ်သက်)သော သိက္ခာပုဒ်၊ ရဟန်းယောကျ်ားများနှင့် မဆက်ဆံ (မပတ်သက်)သော သိက္ခာပုဒ် ဟူ၍ နှစ်မျိုးနှစ်စား ရှိလာလေသည်။ သို့ဖြစ်၍ မိထွေးတော် ဂေါတမီထေရီမကြီးသည် မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ အထက်ပါ သိက္ခာပုဒ်များနှင့်ပတ်သက်၍ ဘိက္ခုနီတို့ အနေဖြင့် မည်သို့မည်ပုံ လိုက်နာကျင့်သုံးရမည်ကို ကွဲကွဲပြားပြား သိသာထင်ရှားစေရန် လျှောက်ထားလေသည်။ ထိုအခါ မြတ်ဗုဒ္ဓက–

"ဂေါတမီ၊ ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် ဆက်ဆံပတ်သက်ကုန်၏။ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ ရဟန်းယောကျ်ားတို့ ကျင့်သကဲ့သို့ ကျင့်ကြကုန်လော့"

"ဂေါတမီ၊ ရဟန်းမိန်းမတို့၏ အကြင်သိက္ခာပုဒ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မဆက်ဆံ (မပတ်သက်) ကုန်၊ ထိုသိက္ခာပုဒ်တို့နှင့် စပ်လျဉ်း၍ ပညတ်တော်မူသည့်အတိုင်း ကျင့်ကုန်လော့"

ဟူ၍ မိန့်ကြားတော်မူလေသည်။

ဤသို့ မိထွေးတော်ဂေါတမီ ထေရီမကြီး၏ဦးဆောင်လျှောက်ထားပေးမှုကြောင့် ဘိက္ခုနီတို့၏ ဝိနည်းသိက္ခာပုဒ်နှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ လိုက်နာကျင့်သုံးရမည်ဟူသော ပြဿနာမှာ သိသာထင်ရှား ပြေလည်သွားခဲ့ရလေသည်။

ထို့ပြင် မိထွေးတော်ဂေါတမီ ထေရီမကြီးသည် ဘိက္ခုနီသံဃာအားလုံးနှင့်သက်ဆိုင်သော ပါတိမောက်ပြမှု၊ ဥပုသ်ပဝါရဏာပြုမှု၊ အာပတ်ကုစားမှု၊ ကံကြီးကံငယ်ဆောင်ရွက်မှု၊ အဓိကရုဏ်းငြိမ်းစေမှု စသော သံဃာ့ကံများကိုလည်း မြတ်ဗုဒ္ဓညွှန်ကြားတော်မူသည့်အတိုင်း ဦးဆောင်၍ စနစ်တကျ လိုက်နာဆောင်ရွက်တော်မူခဲ့သည်။

သာသနာတော်အတွင်းသို့ဘိက္ခုနီအဖြစ် ဝင်ရောက်ခိုလှုံ လာကြသည့် ထေရီမအားလုံးကို့အပေါ်၌ သမီးတော် ဇနပဒ ကလျာဏီနှင့်မခြား မေတ္တာ၊ ကရုဏာထား၍ သွန်သင်ဆုံးမ နည်းလမ်းပြတော်မူခဲ့သည်။ သို့ဖြစ်၍ မိထွေးတော်ကြီးသည် ပရိနိဗ္ဗာန် ဝင်စံခါနီးသောအခါ၌ မြတ်ဗုဒ္ဓအား တောင်းပန်လျှောက်ထားရာတွင် "အရှင်ဘုရား၏ ခွင့်ပြုချက်ဖြင့် ရဟန်းမတို့အပေါ် သွန်သင်ဆုံးမ, ခဲ့ရာ၌ အမှားအယွင်းများ ရှိခဲ့ပါလျှင်လည်း သည်းခံခွင့်လွှတ်တော်မူပါဘုရား" ဟု ထည့်သွင်းလျှောက်ထားခဲ့သည်။ မြတ်ဗုဒ္ဓကလည်း အမှားအယွင်း အပြစ်တစ်စုံတစ်ရာ မရှိကြောင်း မိန့်ကြားတော်မူသည်။

ဤသို့ဖြင့် မိထွေးတော်ဂေါတမီထေရီမကြီးသည် ဘိက္ခုနီသာသနာ စတင်ပေါ်ထွန်းလာချိန်မှစ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီး နောက်ဆုံးအချိန်အထိ ဘိက္ခုနီသာသနာကြီး အစွန့်ရှည်ဖွာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေသည်။

## မိထွေးတော် ဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည့် သုတ္တန်တရားတော်များ

မြတ်ဗုဒ္ဓသည် သုတ္တန်တရားတော်များကို ဟောကြားတော်မူရာ၌ သုတ္တနိက္ခေပခေါ် အကြောင်းလေးမျိုးကို အခြေခံ၍ ဟောကြားတော်မူလေ့ရှိသည်။ ယင်းတို့မှာ–

၁။ ဟောကြားသော ပုဂ္ဂိုလ်၏ အလို အဇ္ဈာသယ (အတ္တဇ္ဈာသယ)

၂။ နာကြားမည့်ပုဂ္ဂိုလ်၏ အလိုအဇ္ဈာသယ(ပရဇ္ဈာသယ)

၃။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ မေးခွန်း မေးလျှောက်ခြင်း (ပုစ္ဆာဝသိက)

၄။ အကြောင်းထူးကိစ္စတစ်ရပ် ဖြစ်ပေါ်လာခြင်း(အတ္ထုပ္ပတ္တိ) တို့ဖြစ်သည်။ ယင်းအကြောင်းလေးရပ်တို့ အနက် တစ်ရပ်ရပ်သော အကြောင်းအားလျော်စွာ သုတ္တန်တရား တော်များကို ဟောကြားတော်မူခဲ့လေသည်။

ထိုသို့ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သုတ္တန်တရားတော်တို့တွင် မိထွေးတော်ဂေါတမီ၏ အလိုအဇ္ဈာသယ၊ မိထွေးတော် ဂေါတမီ၏ တောင်းပန်လျှောက်ထားခြင်း၊ မိထွေးတော် ဂေါတမီနှင့် စပ်လျဉ်း၍ အကြောင်းထူးကိစ္စတစ်ရပ် ပေါ်ပေါက်လာခြင်း စသော အကြောင်းများကြောင့် ဟောကြားတော်မူခဲ့သော သုတ္တန်များလည်း ပါဝင်လေသည်။ ယင်းတို့မှာ ဒက္ခိဏာဝိဘင်္ဂသုတ်၊ ဂေါတမီသုတ်၊ သံခိတ္တသုတ်၊ နန္ဒကောဝါဒသုတ်၊ ဓမ္မပဒဂါထာတို့ဖြစ်သည်။

## ဒက္ခိဏာဝိဘင်္ဂသုတ်

ထိုတွင် အထင်ရှားဆုံးသော သုတ္တန်မှာ "ဒက္ခိဏာဝိဘင်္ဂ"သုတ်တော်ပင်ဖြစ်သည်။ အလှူဒါနအမျိုးမျိုးကို ခွဲခြမ်းစိပ်ဖြာ၍ ဟောကြားသော သုတ်ဟု အဓိပ္ပါယ်ရသည်။ ဤသုတ်တော်ကို သင်္ဂါယနာတင် မထေရ်မြတ်တို့က သုတ္တန္တပိဋက မဇ္ဈိမနိကာယ် အဝင်အပါ ဥပရိပဏ္ဏာသ ပါဠိတော်တွင် ထည့်သွင်း၍ သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ဤသုတ်တော်ကို မိထွေးတော် ဂေါတမီ၏ သင်္ကန်းလျာ လှူဒါန်းခြင်းကို အကြောင်းပြု၍ နောင်လာနောက်သားများ သံဃာတော်၌ ရိုသေလေးစားမှု ဖြစ်စေရန်အတွက် တပည့်သား သံဃာတော်အား ချီးမြှောက်တော်မူရန် အကြောင်းထူးတစ်ရပ် ပေါ်ပေါက်လာ၍ ဟောကြားတော်မူခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓသည် ကပိလဝတ်ပြည်သို့ ကြွရောက်၍ နိဂြောဓာရုံ

ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် မိထွေးတော်ဂေါတမီသည် သင်္ကန်းလျာအစုံကို ကိုယ်တိုင်စီမံ ရက်လုပ်၍ ကျောင်းသို့လာရောက် လှူဒါန်းသည်။ ထိုအခါ မြတ်ဗုဒ္ဓက ကိုယ်တော်တိုင် အလှူခံတော် မမူဘဲ သံဃာတော်အား လှူဒါန်းရန် မိန့်ကြားတော်မူသည်။ မိထွေးတော်ကြီးကလည်း မြတ်ဗုဒ္ဓအားကိုယ်တော်တိုင် အလှူခံတော် မူရန် သုံးကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထားသည်။ သို့ရာတွင် မြတ်ဗုဒ္ဓက လက်မခံဘဲ သံဃာတော်အား လှူဒါန်းရန်သာ တိုက်တွန်းတော်မူသည်။

ဤတွင် အရှင်အာနန္ဒာက "မိထွေးတော် ဂေါတမီသည် မယ်တော် မဟာမာယာ နတ်ရွာစံချိန်မှစ၍ နို့ချိုတိုက်ကျွေး မွေးမြူခဲ့သဖြင့် ဘုရားရှင်အပေါ် ကျေးဇူးများကြောင်း၊ ဘုရားရှင်သည်လည်း မိထွေးတော် ဂေါတမီအပေါ်၌ သရဏဂုံ တည်စေခြင်း စသည်တို့ကြောင့် ကျေးဇူးများကြောင်း" လျှောက်ထား၍ မိထွေးတော်ကြီး လှူဒါန်းသည့် သင်္ကန်းလျာအစုံကို အလှူခံတော်မူပါရန် ကြားဝင်၍ တောင်းပန်လေသည်။

သို့ရာတွင် မြတ်ဗုဒ္ဓက "သရဏဂုံ စသည် တည်အောင် နည်းလမ်းညွှန်ပြ ဆုံးမ,ပေးခဲ့သော ဆရာအား တပည့်ဖြစ်သူက အရိုအသေပေးရုံ၊ ပစ္စည်းလေးပါး လှူဒါန်းရုံမျှဖြင့် ပြည့်စုံလုံလောက် သော ကျေးဇူးတုံ့ပြန်မှု " ဟု မဆိုနိုင်ကြောင်း မိန့်ကြား၍ သံဃာ တော်အား လှူဒါန်းရန်သာ တိုက်တွန်းတော်မူသည်။

ထို့နောက် ပုဂ္ဂလိကအလှူ (၁၄)မျိုး၊ (အလှူခံတစ်ကျိပ်လေး)၊ **သံဃိက**အလှူ (၇)မျိုးနှင့် ၎င်းအလှူတို့၏ အကျိုးတရားများကို ဟောကြားတော်မူ၍ နောင်အခါ၌ ရဟန်းဟု ဆိုရရုံ လည်ပင်း၌ သင်္ကန်းပတ်ထားသူရဟန်းယုတ်(ဒုဿီလ) များကိုပင် သံဃိကဒါန မြောက်အောင် လှူဒါန်းနိုင်လျှင် အကျိုးအသင်္ချေ ရနိုင်ကြောင်း၊

ယင်းသံဃိကဒါနထက် ပုဂ္ဂလိကဒါနကို မည်သည့်နည်းနှင့်မျှ အကျိုးများသည်ဟု မဆိုနိုင်ကြောင်းကိုလည်း မိန့်ကြားတော်မူသည်။ (အကျယ်ကို ဖော်ပြပြီး ဖြစ်ပါသည်။)

## အလှူ၏ စင်ကြယ်ခြင်း လေးမျိုး

ထို့ပြင် မြတ်ဗုဒ္ဓသည် အလှူဒါနပြုကြရာ၌ စင်ကြယ်ခြင်း လေးမျိုးကိုလည်း ဟောကြားတော်မူသည်။ ယင်းတို့မှာ–

၁။ လှူသူဘက်မှ စင်ကြယ်၍ အလှူခံဘက်မှ မစင်ကြယ်သောအလှူ၊

၂။ အလှူခံဘက်မှ စင်ကြယ်၍ လှူသူဘက်မှ မစင်ကြယ်သောအလှူ၊

၃။ အလှူပေး၊ အလှူခံ နှစ်ဘက်စလုံးမှ မစင်ကြယ်သောအလှူ၊

၄။ အလှူပေးအလှူခံ နှစ်ဘက်စလုံးမှ စင်ကြယ်သော အလှူ ဟူ၍ဖြစ်သည်။

ထိုတွင် သီလရှိသောသူသည် ကံ၏အကျိုးကို ယုံကြည်လျက် တရားသဖြင့် ရသောပစ္စည်းကို သီလမရှိသောပုဂ္ဂိုလ်အား လှူလျှင် ထိုအလှူသည် လှူသူဘက်မှသာ စင်ကြယ်၏။

သီလမရှိသောပုဂ္ဂိုလ်သည် ကံ၏အကျိုးကို မယုံကြည်ဘဲ မတရားရသော ပစ္စည်းကို သီလရှိသောပုဂ္ဂိုလ်အား လှူလျှင် ထိုအလှူသည် အလှူခံဘက်မှသာ စင်ကြယ်၏။

သီလမရှိသောပုဂ္ဂိုလ်သည် ကံ၏အကျိုးကို မယုံကြည်ဘဲ မတရားရသော ပစ္စည်းကို သီလမရှိသောပုဂ္ဂိုလ်အား လှူလျှင် ထိုအလှူသည် အလှူပေး၊ အလှူခံ နှစ်ဘက်လုံးမှ မစင်ကြယ်ချေ။

သီလရှိသောပုဂ္ဂိုလ်သည် ကံ၏အကျိုးကို ယုံကြည်လျက်

တရားသဖြင့် ရသောပစ္စည်းကို သီလရှိသောပုဂ္ဂိုလ်အား လှူလျှင်၊ ထိုအလှူသည် အလှူပေး၊ အလှူခံ နှစ်ဘက်လုံးမှ စင်ကြယ်၍ ကြီးကျယ်မြင့်မြတ်သော အကျိုးရှိသော အလှူမည်၏ ဟုလည်း အကျယ်အားဖြင့် ဝေဖန်ဟောကြားတော်မူသည်။

ဤသို့ မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ မြတ်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ပုဂ္ဂလိကအလှူ၊ သံဃိက အလှူနှင့် ၎င်းအလှူတို့၏ အကျိုးတရားများ၊ အလှူ၏ စင်ကြယ်ခြင်း လေးပါးတို့ကို နာယူမှတ်သားရသဖြင့် နောင်လာနောက်သားတို့အနေဖြင့် အမြတ်ဆုံးအလှူကို ရွေးချယ်စိစစ် လှူဒါန်းနိုင်ကြလေသည်။

ဤသုတ်တော်တွင် မြတ်ဗုဒ္ဓက သံဃာတော်အား လှူရန် တိုက်တွန်းတော်မူသောအခါ မိထွေးတော် ဂေါတမီသည် သူ၏ သင်္ကန်းလျာအစုံကို မည်သူ့အား လှူဒါန်းသွားကြောင်း မပါရှိတော့ပေ။ သို့ရာတွင် မြတ်ဗုဒ္ဓက ဤမျှ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူပြီး သောအခါ မိထွေးတော် ဂေါတမီသည် မြတ်ဗုဒ္ဓတိုက်တွန်းတော်မူသည့် အတိုင်း ရည်ရွယ်ချက် ပြောင်းလဲ၍ ဘုရားအမှူးရှိသော သံဃာ တော်အား (သံဃိဃဒါနမြောက်) လှူဒါန်းသွားသည်ဟုပင် ယူဆ ရပေသည်။

## ဂေါတမီသုတ်

ဤသုတ်တော်ကို သင်္ဂါယနာတင် မထေရ်မြတ်တို့က သုတ္တန္တ ပိဋက၊ အင်္ဂုတ္တရနိကာယ် အဝင်အပါ အဋ္ဌကနိပါတ် ပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ဤသုတ်တော်ကို ဟောကြားတော်မူရခြင်းမှာ အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့် ပေးပါရန် မိထွေးတော် ဂေါတမီ၏ တောင်းပန် လျှောက်ထားမှုကို အကြောင်းပြု၍ ဟောကြားတော်မူခြင်းဖြစ်သည်။

ဤသုတ်၌ မြတ်ဗုဒ္ဓ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် မိထွေးတော်ဂေါတမီ လာရောက်၍ ဘိက္ခုနီ ပြုခွင့်တောင်းပုံ၊ တစ်ဖန် မြတ်ဗုဒ္ဓ ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် မိထွေးတော် ဂေါတမီနှင့်အတူ သာကီဝင် မင်းသမီးငါးရာတို့ ဘိက္ခုနီ ပြုခွင့်တောင်းရန် သွားရောက်ခဲ့ပုံ၊ အရှင်အာနန္ဒာ၏ အကူအညီဖြင့် ဘိက္ခုနီပြုခွင့် ရရှိခဲ့ပုံများကို ဟောကြားထားသည်။

တစ်ဖန် "အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် မရရှိခဲ့လျှင် သာသနာတော်သည် အနှစ်တစ်ထောင်ပတ်လုံး တည်မည်။ ယခုမူအမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ရရှိသွားသောကြောင့် သာသနာတော်သည် အနှစ်ငါးရာသာ တည်တော့မည်" ဟုလည်း ဟောကြားတော်မူသည်။

ထို့နောက် အမျိုးသမီးများ၏ ယောကျ်ားနည်းသော အိမ်ကို ခိုးသူတို့ လွယ်လင့်တကူ ဝင်ရောက်ဖျက်ဆီးနိုင်သကဲ့သို့လည်းကောင်း၊ ဖလံဖြူရောဂါပိုးကျသော သလေးခင်း၊ အူနီရောဂါကျသော ကြံခင်းတို့သည် ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ လည်းကောင်း၊ အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့်ရရှိခြင်းကြောင့် သာသနာတော်သည် ကြာမြင့်စွာ တည်တံ့နိုင်မည် မဟုတ်ကြောင်းတို့ကို ဥပမာဆောင်၍ ဟောကြားတော်မူသည်။

သို့ရာတွင် ကန်ဘောင်ရိုးကို ရေများ မကျော်လွန်နိုင်အောင် ကြိုတင်၍ ကန်ဆောင်၊ ကန်သင်းဖွဲ့ထားသကဲ့သို့ ဘိက္ခုနီတို့အတွက် ဂရုဓမ္မရှစ်ပါးကို ကြိုတင်ပညတ်ထားပြီးဖြစ်ကြောင်းကိုလည်း မိန့်ကြားတော်မူသည်။

ဤသုတ်၌ ဟောကြားထားသောအကြောင်းအရာအားလုံးသည် ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၊ ဘိက္ခုနီခန္ဓက၌ ဟောထားချက်

များနှင့် အားလုံးထပ်တူပင် ဖြစ်သည်ကို တွေ့ရသည်။ (အကျယ်ကို အခန်း (၃) ၌ ဖော်ပြထားသည်။)

## သံခိတ္တသုတ်

ဤသုတ်တော်ကို သင်္ဂါယနာတင် မထေရ်မြတ်တို့က သုတ္တန္တပိဋက၊ အင်္ဂုတ္တရနိကာယ် အဝင်အပါ အဋ္ဌကနိပါတ် ပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ဤသုတ်တော် ဖြစ်ပေါ်လာရပုံမှာ မိထွေးတော် ဂေါတမီသည် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိပြီးနောက် မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ "တပည့်တော်မအား အကျဉ်းချုပ်တရား ဟောကြားတော်မူပါ၊ အရှင်ဘုရား ဟောကြားတော်မူသော တရားအကျဉ်းကို မှတ်သားနာယူပြီးလျှင် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ တစ်ဦးတည်း တရားနှလုံးကျင့်သုံးလိုပါသည်" ဟု တောင်းပန်လျှောက်ထားသဖြင့် ဟောကြားတော်မူခြင်းဖြစ်သည်။ "သံခိတ္တ" ဟူသည်မှာ အကျဉ်းချုပ်တရားဟု အဓိပ္ပါယ်ရသည်။

မြတ်ဗုဒ္ဓသည် အကျဉ်းချုပ်တရား ဟောကြားရန်တောင်းပန်လာသော မိထွေးတော်ကြီးအား ခုနစ်ရက်သားအရွယ်မှစ၍ လူလားမြောက်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့သော ကျေးဇူးတရားများကို ပေးဆပ်သောအားဖြင့် တရားအကျဉ်းချုပ်ကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

> "ဂေါတမီ၊ ဤတရားတို့သည် စွဲလမ်းမှု ရာဂဖြစ်ခြင်းငှါ၊ ဝဋ်တရားနှင့်ယှဉ်စပ်ခြင်းငှါ၊ ကိလေသာကို တိုးပွားစေခြင်းငှါ၊ အလို တဏှာကြီးထွားခြင်းငှါ၊ မရောင့်မရဲ သူ့ထက်ကဲခြင်းငှါ၊ အပေါင်းအဖော်နှင့် မွေ့လျော်ပျော်ပါးနေခြင်းငှါ၊ လုံ့လမရှိ ပျင်းရိခြင်းငှါ၊ လုပ်ကျွေး မွေးမြူရခက်ခြင်းငှါ ဖြစ်ကုန်၏ဟု

မိမိကိုယ်တိုင် **သိမြင်** ငြားအံ့၊ ထိုတရားတို့သည် ဘုရားရှင် ဟောကြားသော တရားတော် မဟုတ်၊ဘုရားရှင် ပညတ်တော်မူအပ်သော ဝိနည်းမဟုတ်၊ ဘုရားရှင် ပေးသနားတော်မူအပ်သော အဆုံးအမ မဟုတ်ဟူ၍ ကေန်မုချ မှတ်ယူရာ၏။"

"ဂေါတမီ ဤတရားတို့သည် စွဲလမ်းမှု ရာဂကင်းခြင်းငှါ၊ ဝဋ်တရားနှင့် မစပ်ယှဉ်ခြင်းငှါ၊ ကိလေသာကို ဖျက်ဆီးခြင်းငှါ၊ အလိုတဏှာ ကင်းကွာခြင်းငှါ၊ သူ့ထက်မကဲ ရောင့်ရဲလွယ်ခြင်းငှါ၊ အဖော်မမှီး တစ်ကိုယ်တည်းနေခြင်းငှါ၊ မဆုတ်မနစ် အားသစ်ခြင်းငှါ၊ လုပ်ကျွေးမွေးမြူ လွယ်ကူစေခြင်းငှါ ဖြစ်ကုန်၏ဟု မိမိကိုယ်တိုင် သိမြင်ငြားအံ့၊ ထိုတရားတို့သည် ဘုရားရှင် ဟောကြားသော တရားတော်တည်း၊ ဘုရားရှင် ပညတ်တော်မူအပ်သော ဝိနည်းတော်တည်း၊ ဘုရားရှင် ပေးသနားတော်မူအပ်သော အဆုံးအမတော်တည်း ဟူ၍ ကေန်မုချ မှတ်ယူရာ၏"

ဤအကျဉ်းချုပ် (သံခိတ္တ) ဒေသနာတော်ကို ဟောကြားတော်မူသည့်အဆုံး၌မှာပင် ကုသိုလ်ပါရမီ ပြည့်ဝစုံညီခဲ့လေပြီးသော မိထွေးတော် ဂေါတမီ ထေရီမကြီးသည် ကိလေသာ အာသဝေါတို့ကုန်ခန်း၍ ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိည ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## နန္ဒကောဝါဒသုတ်

ဤသုတ်တော်သည် အရှင်နန္ဒကမထေရ်က သာကီဝင် မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့အား ဟောကြားဆုံးမ,တော်မူသော သုတ်ဖြစ်သည်။ သို့ရာတွင် မြတ်ဗုဒ္ဓ၏ အလိုတော်နှင့်အညီ ဟောကြားခဲ့သော သုတ္တန်ဖြစ်၍ ကိုယ်တော်တိုင် ဟောကြားတော်

မှုသကဲ့သို့ပင် အလေးအမြတ် ပြုအပ်သောကြောင့် သင်္ဂါယနာတင် မထေရ်မြတ်တို့က သုတ္တန္တပိဋက၊ မဇ္ဈိမနိကာယ် အဝင်အပါ ဥပရိပဏ္ဏာသ ပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

ဤသုတ်တော် ဖြစ်ပေါ်လာရပုံမှာ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိထွေးတော် ဂေါတမီထေရီမကြီးသည် သာကီဝင် မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့နှင့်အတူ မြတ်ဗုဒ္ဓ အထံတော်သို့ ချဉ်းကပ်၍ ဘိက္ခုနီတို့အား သွန်သင်ဆုံးမ ဩဝါဒပေးရန် တောင်းပန်လေသည်။

ဤသို့ မိထွေးတော် ဂေါတမီ၏ တောင်းပန်လျှောက်ထားမှုကို အကြောင်းပြု၍ မြတ်ဗုဒ္ဓသည် မထေရ်ကြီးများကို အလှည့်ကျဖြင့် ဘိက္ခုနီတို့အား ဆုံးမဩဝါဒပေးရန် မိန့်ကြားတော်မူသည်။ သို့ဖြင့် မထေရ်မြတ်တို့သည် ထေရ်စဉ်အလိုက် အလှည့်ကျဖြင့် ဘိက္ခုနီတို့အား ဆုံးမဩဝါဒ ပေးကြရသည်။

အရှင်နန္ဒကကား မိမိအလှည့်ကျသော်လည်း ဘိက္ခုနီတို့အား ဆုံးမဩဝါဒ မပေးလိုသဖြင့် အကြောင်းအမျိုးမျိုးပြ၍ ရှောင်လွှဲနေခဲ့သည်။ ယင်းသို့ ရှောင်လွှဲနေခြင်းမှာလည်း အကြောင်းထူးရှိသည်။ အရှင်နန္ဒကမထေရ် အလောင်းအလျာသည် လွန်လေပြီးသော ကမ္ဘာ တစ်သိန်းထက်က ရေခပ်ကျွန် အကြီးအကဲဘဝ၌ ဖြစ်စဉ်ကပင် မိထွေးတော်ဂေါတမီ အလောင်းအလျာ၏ ခင်ပွန်းသည်ဖြစ်ခဲ့၍ သာကီဝင် မင်းသမီးအလောင်းအလျာ ကျွန်မ ငါးရာတို့နှင့် ပါရမီ ဖြည့်ဆည်းခဲ့ဖူး၏။ ထို့နောက် နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည် ပြီးလျှင် တစ်ခုသော ဘဝဝယ် ဇမ္ဗူဒိပ်ကျွန်း၌ မင်းအဖြစ်ကို ရရှိခဲ့၏။ ထိုစဉ်ကလည်း သာကီဝင် မင်းသမီးငါးရာတို့သည် အရှင်နန္ဒက မထေရ်အလောင်း ဇမ္ဗူဒိပ်မင်း၏ မိဖုရားငါးရာ ဖြစ်ခဲ့ကြ၍

ချစ်ခင်မြတ်နိုးစွာဖြင့် ရွှေလက်တွဲ၍ ပါရမီကောင်းမှုများကို အတူတကွ ဖြည့်ဆည်းခဲ့ကြ ဖူးလေသည်။

အရှင်နန္ဒက မထေရ်သည် ဤသို့ သာကီဝင် မင်းသမီးငါးရာတို့ မိမိ၏ မိဖုရားများဖြစ်ခဲ့ကြဖူးသည်ကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် မြင်တော်မူ၍ ဤသို့ စဉ်းစားမိ၏။ "ငါကဲ့သို့ပင် ပုဗ္ဗေနိဝါသ ဉာဏ်အမြင် ရှိကြကုန်သော မထေရ်တို့သည် ဘိက္ခုနီတို့၏အလယ်၌ ဆုံးမ ဩဝါဒစကား ပြောကြားနေသော ငါ့ကို မြင်တွေ့ကြလျှင် အရှင် နန္ဒကသည် ယခုတိုင် ကြင်ယာဟောင်း မိဖုရားများကို မစွန့်နိုင် သေးပါတကား၊ တင့်တယ်လှပသော မိဖုရားများ ဝန်းရံလျက် နေသေး၏တကား"ဟု ထင်မှတ်ကြပေလိမ့်မည်။ "ယင်းသို့ စဉ်းစား မိသဖြင့် မိမိအလှည့်ကျသော်လည်း ဩဝါဒ မပေးဘဲ ရှောင်လွှဲ နေခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓကလည်း "ဤသာကီဝင် မင်းသမီး ဘိက္ခုနီ ငါးရာ တို့သည် အရှင်နန္ဒကနှင့် ပါရမီဖြည့်ဖက်များဖြစ်၍ ချစ်ခင်မြတ်နိုးစွာ နေခဲ့ကြဖူး၏။ အရှင်နန္ဒကကို မြင်တွေ့ရလျှင်ပင် စိတ်ကြည်လင် ကြ၏။ အရှင်နန္ဒက၏ ဆုံးမဩဝါဒကို မျှော်လင့်တောင့်တနေကြ၏။ အရှင်နန္ဒက၏ တရားစကားကို နာယူလိုကြ၏" ဟု သိမြင်တော် မူသဖြင့် ဘိက္ခုနီတို့အား ထေရ်စဉ်အလိုက် အလှည့်ကျ ဆုံးမဩဝါဒ ပေးရန် တာဝန်ပေးခြင်းဖြစ်သည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် ဩဝါဒပေးရန် အလှည့်ကျသော အရှင်နန္ဒကကို ခေါ်တော်မူ၍ ဘိက္ခုနီတို့အား ဩဝါဒပေးရန် တိုက်တွန်းတော်မူသည်။ အရှင်နန္ဒကလည်း မလွှဲမရှောင်သာတော့ သဖြင့် ဘိက္ခုနီတို့ သီတင်းသုံးရာ ရာဇကာရုံ ကျောင်းသို့သွားရောက်၍ ဩဝါဒပေးရသည်။ အရှင်နန္ဒက ဟောကြားသော ဩဝါဒတရားတော် ဖြစ်၍ ဤသုတ်ကို "နန္ဒကောဩဝါဒသုတ်" ဟူ၍ခေါ်တွင်လေသည်။

## အတွင်းအာယတန စသည်ကို အမေးအဖြေ ပြုခြင်း

ဘိက္ခုနီတို့သည် အရှင်နန္ဒက ကြွလာသည်ကို မြင်ကြလျှင် ခြေဆေးရေတည်ခြင်း၊ နေရာခင်းခြင်းများကို ပြုလုပ်ကြ၏။ အရှင်နန္ဒကသည် ခြေဆေးပြီးလျှင် ခင်း**ထားအပ်သော** နေရာထက်၌ ထိုင်၍ ဘိက္ခုနီတို့အား ဤသို့ မိန့်ကြားတော်မူသည်။

"နှမတို့၊ ငါသည် သင်တို့အား မေး၍မေး၍ ဟောပြောအံ့။ ယင်းသို့ မေးရာ၌ သင်တို့သိလျှင် "သိပါသည်" ဟု ဖြေကြားလော့။ မသိလျှင်လည်း "မသိပါ" ဟု ဖြေကြားလော့။ တစ်စုံတစ်ခုသော အနက်အဓိပ္ပါယ်၌ တွေးတောယုံမှားခြင်း ရှိလျှင်လည်း ငါကိုသာ ပြန်၍ မေးကြကုန်လော့"

"အရှင်ဘုရား၊ ဤသို့ ဖိတ်ကြားခြင်းဖြင့်ပင် တပည့်တော်တို့သည် အရှင်ဘုရားအား လွန်စွာ ကျေနပ်**နှစ်သ**က်လှပါသည် ဘုရား"

"နှမတို့၊ သင်တို့ မည်သို့ မှတ်ထင်ကြသနည်း၊ စက္ခုပသာဒသည် **မြဲ**သလော၊ မမြဲသလော"

"မမြဲပါဘုရား"

"မမြဲသော တရားသည် ဆင်းရဲသလော၊ ချမ်းသာသလော"

"ဆင်းရဲပါသည်ဘုရား"

"မြဲလည်းမမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၍ ဖောက်ပြန်ခြင်းသဘော ရှိသောတရားကို "ငါ့ဟာ၊ ငါ, ငါ၏ကိုယ်" ဟူ၍ ရှုမြင်ရန် သင့်လျော်ပါမည်လော"

(သောတစသော ကျန်အာယတနတို့၌လည်း ဤနည်းအတိုင်းပင် အမေးအဖြေ ပြုသည်။)

"မသင့်လျော်ပါ ဘုရား၊ အဘယ်ကြောင့်ဆိုသော် "ကျ

အတွင်း အာယတန ခြောက်ပါးတို့သည် မမြဲကုန်” ဟူ၍ တပည့်တော်တို့သည် ရှေးအခါကပင် ကောင်းသော ပညာဖြင့် သိမြင်ပြီးသောကြောင့် ဖြစ်ပါသည်”

“နှမတို့၊ ကောင်းလှပေ၏။ ကောင်းသောပညာဖြင့် ဟုတ်တိုင်း မှန်စွာသိမြင်သော အရိယာ တပည့်အား ဤသို့သာ ဖြစ်ပေ၏”

ထို့နောက်ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဟူသော အပြင်အာယတနခြောက်ပါးတို့၌လည်းကောင်း၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟူသော ဝိညာဏ်ခြောက်ပါးတို့၌ လည်းကောင်း ရှေးနည်းအတိုင်းပင် အမေးအဖြေပြုတော်မူသည်။

## ဆီမီး ဥပမာ

“နှမတို့၊ ဥပမာကား တောက်နေသော ဆီမီး၏ဆီသည် လည်းကောင်း၊ မီးစာသည်လည်းကောင်း၊ မီးတောက်သည် လည်း ကောင်း၊ အလင်းရောင်သည်လည်းကောင်း မတည်မြဲဘဲ ဖောက်ပြန် ခြင်း သဘော ရှိကုန်၏။ အကယ်၍ တစ်စုံတစ်ယောက်သောသူက ထိုဆီမီး၏ ဆီ၊ မီးစာ နှင့် မီးတောက်တို့သည် မတည်မြဲဘဲ ဖောက်ပြန်ခြင်းသဘောရှိကုန်သော်လည်း ယင်းတို့ကိုစွဲ၍ ဖြစ်သော အလင်းရောင်ကား ခိုင်ခံ့တည်မြဲ၍ ဖောက်ပြန်ခြင်းသဘော မရှိကုန်ဟူ၍ ပြောဆိုခဲ့သော် ထိုစကားသည် မှန်ကန်ပါမည်လော”

“အရှင်ဘုရား၊ ထိုစကားသည် မမှန်ကန်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် မတည်မြဲသော ဆီ၊ မီးစာနှင့် မီးတောက်တို့ကို စွဲ၍ ဖြစ်သော အလင်းရောင်သည်လည်း မတည်မြဲကြောင်း ဆိုဖွယ်မရှိ သောကြောင့် ဖြစ်ပါသည်။”

"နှမတို့ ထိုဥပမာအတိုင်းပင် အာယတနခြောက်ပါးကို အစွဲပြု၍ ခံစားအပ်သောဝေဒနာကို ခိုင်ခံ့တည်မြဲ၍ ဖောက်ပြန်ခြင်း သဘော မရှိဟု ဆိုခဲ့သော် ထိုစကားသည် မှန်ကန်ပါမည်လော့"

"အရှင်ဘုရား၊ မမှန်ကန်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုထို အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာတို့သည် ထိုအကြောင်းတရား ချုပ်သော် ချုပ်ငြိမ်းကြကုန်သည်သာ ဖြစ်သော ကြောင့်ပါတည်း"

"နှမတို့၊ ကောင်းလှပေ၏။ ဤသည်မှာ အရိယာ တပည့်တို့၏ အမြင်ပင်ဖြစ်ပေ၏"

## သစ်ပင် ဥပမာ

"နှမတို့၊ ဥပမာတစ်နည်းကား–စိမ်းလန်းနေသော သစ်ပင်ကြီး ၏ မတည်မြဲသော အမြစ်၊ ပင်စည်၊ အခက်၊ အရွက်တို့ကို စွဲမှီ၍ဖြစ်သော အရိပ်သည်လည်း မတည်မြဲဘဲ ဖောက်ပြန်ခြင်း သဘောရှိသကဲ့သို့ ထို့အတူပင် အပြင်အာယတနခြောက်ပါးတို့ကို စွဲမှီ၍ဖြစ်သော ခံစားမှုဝေဒနာ ဟူသမျှသည်လည်း "မတည်မြဲဘဲ ဖောက်ပြန်ခြင်းသဘောရှိ၏။"

## နွားသတ်သမား ဥပမာ

"နှမတို့၊ ဥပမာ တစ်နည်းကား–ကျွမ်းကျင်သော နွားသတ် သမားသည် နွားကိုသတ်ပြီး အတွင်းမှ အသားကိုယ်ထည်ကို လည်းကောင်း၊ အပြင်မှ အရေကိုယ်ထည်ကိုလည်းကောင်း၊ မပျက်စေ ဘဲ အကြားမှ အမြှေး၊ အကြောစပ်များကိုသာလျှင် ထက်သော သားလှီးဓားဖြင့် လှီးဖြတ်၍ အရေကို ခွာရာ၏။ ထို့နောက် ယင်းအရေဖြင့်ပင် ထိုနွားကို ပြန်ဖုံးပြီး "ဤနွားသည် ရှေးကကဲ့သို့ပင်

ဤအရေနှင့် တစပ်တည်းရှိ၏”ဟု ပြောဆိုခဲ့သော် ထိုစကားသည် မှန်ကန်ပါမည်လော”

“အရှင်ဘုရား၊ ထိုစကားသည် မမှန်ကန်နိုင်ပါ”

“နှမတို့၊ အနက်အဓိပ္ပါယ်ကို သိမြင်စေရန် ဤဥပမာကို ငါဆောင်ခြင်းဖြစ်၏။ ထိုဥပမာ၌ အတွင်းအသားကိုယ်ထည်ဟူသည် အတွင်းအာယတနခြောက်ပါးကို ဆိုလို၏။ အပြင်မှ အရေကိုယ်ထည်ဟူသည် အပြင်အာယတန ခြောက်ပါးကို ဆိုလို၏။ အကြားမှ အမြွှေး၊ အကြောစပ် ဟူသည် နှစ်သက်စွဲလမ်းခြင်း နန္ဒီရာဂကို ဆိုလို၏။ ထက်သောသားလှီးဓားဟူသည် အတွင်းအာယတန ခြောက်ပါးနှင့် အပြင်အာယတနခြောက်ပါးတို့အား ကြားမှ ဖွဲ့စပ်ပေးသော ကိလေသာသံယောဇဉ်ကို ဖြတ်တောက်ပစ်သည့် အရိယာပညာကို ဆိုလို၏။

## ဗောဇ္ဈင်ခုနစ်ပါး

“နှမတို့၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသော ရဟန်းသည် အာသဝေါ ကင်းသော စိတ်၏လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုကို မျက်မှောက်ဘဝ၌ပင် အသိဉာဏ်ထူးဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ရရောက်၍ နေနိုင်၏။ ဗောဇ္ဈင်ခုနစ်ပါးဟူသည် ကိလေသာ ဆိတ်သုဉ်းခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းကိုမှီ၍ စွန့်လွှတ်မှုသို့ ညွတ်ကိုင်းသော သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများခြင်းဖြစ်၏”

အရှင်နန္ဒကသည် ဘိက္ခုနီတို့အား အထက်ပါအတိုင်း ဟောကြား ဆုံးမပြီး တရားပွဲကို ရုတ်သိမ်းလေသည်။ ဘိက္ခုနီတို့သည် တရားပွဲပြီးဆုံးလျှင် မြတ်ဗုဒ္ဓအားလည်း သွားရောက်ရှိခိုးကြပြီး

မိမိတို့ ကျောင်းသို့ ပြန်သွားကြ၏။ ထိုအခါ မြတ်ဗုဒ္ဓသည် ရဟန်းတို့အား "ရဟန်းတို့၊ ဘိက္ခုနီတို့သည် အရှင်နန္ဒက၏ တရားဒေသနာကို ကျေနပ်နှစ်သက်ကြ၏။ သို့သော် လဆန်းတစ်ဆယ့်လေးရက်နေ့ ညဥ့် ထွက်သောလကဲ့သို့ စိတ်နှလုံး ပြည့်ဝမှုကား မရှိကြသေးပေ" ဟု မိန့်ကြားတော်မူသည်။ ထို့နောက် အရှင်နန္ဒကကို နောက်တစ်နေ့တွင်လည်း ယင်းဩဝါဒဖြင့်ပင် ဘိက္ခုနီတို့အား ဆုံးမ,ရန် တိုက်တွန်းတော်မူသည်။ မြတ်ဗုဒ္ဓ၏ တိုက်တွန်းတော်မူချက်အရ အရှင်နန္ဒကသည် နောက်တစ်နေ့တွင်လည်း အထက်ပါ ဩဝါဒဖြင့်ပင် ဘိက္ခုနီတို့အား သွန်သင်ဆုံးမတော်မူ၏။ ထိုအခါ မြတ်ဗုဒ္ဓက လဆန်းတစ်ဆယ့်ငါးရက်နေ့ညဥ့် ထွက်သောလသည် ပြည့်ပြည့်ဝဝ ရှိသကဲ့သို့ ဘိက္ခုနီတို့သည်လည်း အရှင်နန္ဒက၏ တရားဒေသနာဖြင့် အလိုဆန္ဒ ပြည့်ဝသွားကြပြီဖြစ်ကြောင်း၊ ထိုသာကီဝင် မင်းသမီး ဘိက္ခုနီငါးရာတို့တွင် အနိမ့်ဆုံးဖြစ်သော ဘိက္ခုနီသည် သောတာပန်အဆင့်သို့ ဆိုက်ရောက်ပြီဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ **ရဟန်းအ**ပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆို၍ ကောင်းချီးပေးတော်မူကြလေသည်။

## ဓမ္မပဒလာ ဂါထာတစ်ပုဒ်

မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားဒေသနာ ဂါထာတစ်ပုဒ် ရှိပါသေးသည်။ ယင်းဂါထာကို သင်္ဂါယနာတင် မထေရ်မြတ်တို့က သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ် အဝင်အပါ ဓမ္မပဒပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

ထိုတရားဂါထာဒေသနာကို ဟောကြားတော်မူရခြင်းမှာ "ဘိက္ခုနီ တို့က မိထွေးတော်ဂေါတမီ ထေရီမကြီးအား ဆရာဥပဇ္ဈာယ်

မရှိ။ မိမိဘာသာ သက်န်းဝတ်လာသူ” ဟု စွပ်စွဲပြောဆိုကြသည်ကို အကြောင်းပြု၍ ဟောတော်မူခြင်း ဖြစ်သည်။

မိထွေးတော်ဂေါတမီသည် မြတ်ဗုဒ္ဓ၏ ခွင့်ပြုတော်မူချက်အရ ဂရုဓံရှစ်ပါးကို ဝန်ခံခြင်းမျှဖြင့် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိလာခဲ့သူ ဖြစ်၏။ ဥပဇ္ဈာယ်ယူခြင်း၊ ကမ္မဝါစာဖတ်ခြင်း စသော ပြုဖွယ်ကိစ္စများ မရှိခဲ့ချေ။ ဤသည်ကိုပင် အချို့သော ဘိက္ခုနီတို့က “မိထွေးတော် ဂေါတမီထေရီသည် ဆရာဥပဇ္ဈာယ် မရှိ၊ မိမိဘာသာ သက်န်းဝတ် လာသူဖြစ်၏” ဟု စွပ်စွဲပြောဆို၍ ဥပုသ်၊ ပဝါရဏာကို အတူ တကွ မပြုဘဲ နေခဲ့ကြသည်။

ဤအကြောင်းကို မြတ်ဗုဒ္ဓ ကြားသိတော်မူလေလျှင် “ငါသည် မိထွေးတော်ဂေါတမီကို ဂရုဓံရှစ်ပါးကိုပေး၍ ဘိက္ခုနီအဖြစ် ခွင့်ပြုခဲ့၏။ သို့ဖြစ်၍ ငါသည်ပင် မိထွေးတော် ဂေါတမီ၏ ဆရာ၊ ငါသည် ပင် ဥပဇ္ဈာယ်ဖြစ်၏။ ကာယဒုစရိုက်စသည်မှ ရှောင်ကြဉ်ပြီးသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ယုံမှားသံသယ မဖြစ်သင့်” ဟု မိန့်ကြား၍ အောက်ပါ တရားဂါထာ ဒေသနာကို ဟောတော်မူသည်။

“ယဿကာယေနဝါစာယ၊ မနသာနတ္ထိဒုက္ကဋံ။
သံဝုတံတီဟိဌာနေဟိ၊ တမဟံဗြူမိဗြာဟ္မဏံ။ ”

“အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်း ကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုခြင်း မရှိ၊ ကိုယ်နှုတ်စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ထို ပုဂ္ဂိုလ်ကို “ဗြာဟ္မဏ” (မကောင်းမှုကို အပပြုပြီးသူ) ဟု ငါဘုရား ဟောတော်မူ၏”

ဤသို့ မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ ဟောကြားတော် မူအပ်သော သုတ္တန်တရားတော်များကို နာကြားရသူ ဝေနေယျ သတ္တဝါတို့သည် ဓမ္မသဝနကုသိုလ်ကို ရရှိကြရုံသာမက ပါရမီထူး

ရှိခဲ့ဖူးသူများသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော ဉာဏ်အထူးများကိုပင် ဆွတ်ခူးရရှိကြ၍ သံသရာဝဋ် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းဓာတ်သိမ်းရာ နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုနိုင်ခဲ့ကြသည်။ မိထွေးတော် ဂေါတမီ၏ ဆောင်ရွက်ချက်များကား လောက၊ သာသနာ နှစ်ဖြာကောင်းကျိုး တိုးပွားဖြစ်ထွန်းခဲ့ပေသည်။

## အခန်း (၃)
## ဘိက္ခုနီသာသနာ စတင်ဖြစ်ပေါ်လာပုံ

### ဘိက္ခုနီ သာသနာ

"ဘိက္ခုနီသာသနာ" ဟူသော စကားရပ်၌ "ဘိက္ခုနီ" ဟူသော ပါဠိဝေါဟာရနှင့် "သာသနာ" ဟူသော ပါဠိသက် ဝေါဟာရ နှစ်ခုကို ပေါင်းစပ်ထားသည်။ ထိုတွင် "ဘိက္ခုနီ" ဟူသည်မှာ သာသနာ့ဘောင်သို့ ဝင်ရောက်လာသည့်အမျိုးသမီး သာသနာ့ဝန်ထမ်း ရဟန်းမကို ဆိုပါသည်။

"သာသနာ" ဟူသော ဝေါဟာရမှာ "သာသန" ဟူသော ပါဠိစကားကို မြန်မာမှုပြုထားသည့် ပါဠိသက် ဝေါဟာရဖြစ်သည်။ ထို "သာသန" သဒ္ဒါသည်-

(က) အာဏာ-အမိန့်စကား၊

(ခ) အာဂမ-အာဂုမ်ပါဠိ၊ ဘုရားစကားတော်၊

(ဂ) လေခ-သတင်းစကား၊ စာသတင်း၊ နှုတ်သတင်း၊

(ဃ) အနုသာသန-အဆုံးအမ၊

(င) ဒေသနာ-ပါဠိတော်အစဉ်၊

(ဇ) သိက္ခာ–အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသိက္ခာသုံးရပ် အကျင့်မြတ်၊

(ဆ) အရိယဓမ္မ–သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော အရိယာဖြစ်ကြောင်းတရား၊

(ဇ) ဘိက္ခုဘာဝ–ရဟန်း၏အဖြစ်၊ ရဟန်း၏ဘဝ စသော အနက်များကို ဟောစွမ်းနိုင်ပါသည်။

ဤသို့ သာသနသဒ္ဒါ ဟောစွမ်းနိုင်သောအနက်များတွင် "ဘိက္ခုနီသာသနာ"ဟူသော စကားရပ်၌ ပါဝင်သော "သာသနာ" ဟူသော ဝေါဟာရနှင့် သက်ဆိုင်သောအနက်မှာ "ဘိက္ခုဘာဝ" (ရဟန်း၏အဖြစ်၊ ရဟန်း၏ဘဝ)အနက်ဖြစ်ပါသည်။ ဤ၌ အလျော်အားဖြင့် "ဘိက္ခုနီဘာဝ (ရဟန်းမ၏အဖြစ်၊ ရဟန်းမ၏ဘဝ) အနက်ကို ယူလိုပါသည်။ ယင်းအနက်ကို ရည်ညွှန်း၍ "သာသနာ" ဟု သုံးနှုန်းထားခြင်းဖြစ်သည်။ သို့ဖြစ်၍ "ဘိက္ခုနီသာသနာ" ဟူသည်မှာ ရဟန်းမ၏အဖြစ်၊ ရဟန်းမ၏ဘဝ၊ တစ်နည်းအားဖြင့် ရဟန်းမတို့၏ဘဝဖြစ်စဉ်ဟု အဓိပ္ပါယ်ရပါသည်။

ဤအခန်း၌ ဘိက္ခုနီ (ရဟန်းမ)တို့ စတင်ဖြစ်ပေါ်ပုံမှစ၍ ဘိက္ခုနီသာသနာ အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် အသက်ပမာ အရေးပါသည့် ဂရုဓံရှစ်ပါး၊ ဘိက္ခုနီတို့၏ ဝိနည်းကျင့်ဝတ်၊ ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်မှု စသည်တို့ကို အခန်းအသီးသီးခွဲ၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ဘိက္ခုနီသာသနာအစ မိထွေးတော်ဂေါတမီက

အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရ၍ ဘိက္ခုနီသာသနာ ပေါ်ထွန်းလာရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ မိထွေးတော်ဂေါတမီပင်ဖြစ်သည်။ မိထွေးတော်ဂေါတမီ၏ စွမ်းစွမ်း

တမံ ကြိုးပမ်းဆောင်ရွက်မှုကြောင့်ပင် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်တည်းဟူသော အခွင့်အရေးကြီးကို ရရှိလာခဲ့ခြင်း ဖြစ်သည်။ မိထွေးတော်ဂေါတမီသည် ထိုအခွင့်အရေးကြီးကို ရရှိရေးအတွက် မျက်ရည်၊ ချွေး၊ သွေးတို့ကို စတေး၍ ပင်ပန်းကြီးစွာ ကြိုးပမ်းခဲ့ရလေသည်။

မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုသည် အမျိုးသမီး ထု တစ်ရပ်လုံးအတွက် မျက်မှောက်ဘဝ လွတ်လပ်မှု သာမက သံသရာ ဝဋ်ဒုက္ခမှ လွတ်မြောက်မှုအကျိုးကိုပါ ရရှိစေခဲ့သည်။ တစ်နည်းအားဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာ သုခကို ရရှိစေခဲ့သည်ဟု ဆိုရပေမည်။

မှန်ပါသည်။ အမျိုးသမီးများသည် မြတ်ဗုဒ္ဓ ပွင့်ထွန်းတော် မမူမီ ခေတ်အခါက အဖိနှိပ်ခံ လူတန်းစား တစ်ရပ်အဖြစ် ရပ်တည် ခဲ့ကြရသည်။ ထိုခေတ်က ထွန်းတောက်ခဲ့သော ဗြာဟ္မဏဝါဒ အရှိန်အဝါအောက်၌ ပြားပြားဝပ်မျှ အနှိမ်ခံနေခဲ့ကြရသည်။ ဗြာဟ္မဏ တို့သည် ဗုဒ္ဓပွင့်ထွန်းတော်မမူမီ နှစ်ပေါင်းလေးထောင်ခန့်ကပင် စတင်၍ မဇ္ဈိမဒေသတွင် ဘာသာရေး၊ ပညာရေး၊ စီးပွားရေးတို့၌ အပေါ်စီးက ရယူထားခဲ့ကြသည်။ ခတ္တိယတို့ကား စစ်ရေးနှင့် အုပ် ချုပ်ရေးမျှကိုသာ အဓိက တာဝန်ယူခဲ့ကြရသည်ဟု ဆိုပါသည်။

မဇ္ဈိမဒေသ၏ ရာဇဝင်သမိုင်းကြောင်းအရ အမျိုးသမီးများသည် အရာမရောက် အောက်ကျနောက်ကျဖြစ်ခဲ့ရရုံမျှမက ယောကျ်ားများ၏ အလေးမထားသော ကျေးကျွန်ဘဝ သာသာမျှသာ ရှိခဲ့ကြသည်။ အမျိုးသမီးများသည် အပြစ်ပေါင်းစုံ စုဝေးရာသတ္တဝါတစ်မျိုးကဲ့သို့ သဘောထားခြင်းကို ခံကြရ၍ ယောကျ်ားများ၏ ထားရာ၌ နေ၍ စေရာသို့ သွားကြရသည်။

ဗြာဟ္မဏတို့၏ ထုံးစံအရ ယောကျ်ားသေ၍ မုဆိုးမ ဖြစ်သွား

ပါက ထိုမိန်းမသည် ယောကျ်ားသင်္ဂြိုဟ်သော မီးပုံထဲသို့ ခုန်ဆင်းသေရသည်။ ထိုသို့ မသေဝံ့ပါက ယောကျ်ားအပေါ် သစ္စာမဲ့သူဖြစ်၍ လူ့ပတ်ဝန်းကျင်မှ ဝိုင်းကြဉ်ခံရသည်။ ယောက္ခမအိမ်မှ နှင်ထုတ်ခံရသည်။ မိဘများကလည်း ရှက်သဖြင့် လက်မခံဝံ့ကြချေ။ မုဆိုးမခမျာ လေလွင့်ပျက်စီးရတော့သည်။

အကယ်၍ မိဘဆွေမျိုးများအိမ်၌ လက်ခံထားပါကလည်း ကျက်သရေတုံးသော၊ မင်္ဂလာမရှိသော မိန်းမကြီးဖြစ်၍ ခေါင်းတုံးရိတ်ထားရသည်။ အိမ်ရှိ အောက်ခြေသိမ်းအလုပ်များကို လုပ်ရ၍ အကြွင်းအကျန်ကိုသာ စားရရှာသည်။

မဇ္ဈိမဒေသတွင်သာမက ကမ္ဘာအရပ်ရပ်တွင်လည်း အမျိုးသမီးများသည် ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ တန်းတူအခွင့်အရေးများကို မရရှိခဲ့ကြချေ။

အတတ်ပညာ သင်ကြားမှု၊ ရာထူးဆက်ခံမှု၊ အမွေဆက်ခံမှုစသည်တို့တွင်လည်း ယောကျ်ားများနှင့်သာ ထိုက်တန်၍ အမျိုးသမီးများနှင့် မသက်ဆိုင်သကဲ့သို့ လစ်လျူရှုခြင်းကို ခံခဲ့ကြရသည်။

ထိုခေတ်အခါက မင်းပုဏ္ဏားများသည် အရာအထောင်မကသော မိဖုရား, မောင်းမ, မိဿံများ ခြံရံလျက် အခွင့်ထူးများကို ခံယူခဲ့ကြသည်။ အမျိုးသမီးများသည် ယောကျ်ားသားတို့အတွက် အပြုအစု၊ အယုအယများဖြင့် ဖျော်ဖြေရုံသက်သက်မျှသာ ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် "ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင်"ဟုပင် ဆိုစမှတ် ပြုခဲ့ကြခြင်း ဖြစ်ပေသည်။

အမျိုးသမီးများသည် မင်းနှင့်ထိမ်းမြားလျှင် မိဖုရား၊ ပုဏ္ဏားနှင့်ထိမ်းမြားလျှင် ပုဏ္ဏားကတော် အခေါ်ခံရသည်မှအပ ထူးခြားသော အခွင့်အရေးများကို မရရှိခဲ့ကြချေ။

ထို့ပြင် မဇ္ဈိမဒေသရှိ အမျိုးသမီးများသည် သားသမီးမွေးဖွား

ရာ၌ပင် သားယောကျ်ားကလေး ဖွားမြင်သည့် အိမ်ရှင်မများသာ မျက်နှာပွင့်လန်း၍ အခွင့်အရေးပေးခြင်းကို ခံကြရသည်။ သားသမီး မမွေးပြန်ပါကလည်း ယောကျ်ားများ၏ စွန့်ပစ်ခြင်းကို ခံကြရသည်။ ဘုရားအလောင်း မယ်တော် မဟာမာယာသည်ပင် သားသမီး မွေးဖွားချိန်တန်၍ မဖွားမြင်ခဲ့သဖြင့် သကျမျိုးနွယ် ဆွေတော်မျိုးတော်တို့၏ အလယ်တွင် မျက်နှာငယ်ရ၊ အကဲ့ရဲ့ခံခဲ့ရလေသည်။

ခေါင်းပါးသော သံဃာန်းကို ဝတ်ရုံဆင်မြန်းသော (လူခစီဝရ ဓာရကာ) အရာဝယ် တေဒဂ်ဘွဲ့ထူးကို ချီးမြှင့်ခြင်းခံခဲ့ရသူ ကိသာ ဂေါတမီ ထေရီမအလောင်းအလျာ အမျိုးသမီးကလေးမှာလည်း သာဝတ္ထိပြည်ဝယ် သူဆင်းရဲမျိုး၌ဖြစ်၍ အရွယ်ရောက်သောအခါ သဌေးသားတစ်ယောက်နှင့် အကြောင်းပါသဖြင့် သဌေးကတော် ဖြစ်လာခဲ့သည်။ သို့သော် ကိသာဂေါတမီသည် သဌေးအိမ်၌ "သူဆင်းရဲသမီး"ဟု လွှမ်းမိုးနှိပ်စက် နိုင်ထက်ကလူ ပြုမူခြင်းကိုသာ ခံနေခဲ့ရရှာသည်။

သို့ရာတွင် သားဦးယောကျ်ားကလေး ဖွားမြင်လာသောအခါ တွင် အိမ်သားအားလုံးက အမြတ်တနိုးထား၍ အရေးတယူ ဆက်ဆံ ခြင်းကို ခံယူခဲ့ရသည်။ ကိသာဂေါတမီမှာ သားကလေးကို အကြောင်းပြု၍ အိမ်သားများ၏ ချင်ခင်မြတ်နိုးမှုကို ခံယူခဲ့ရသဖြင့် သားကလေးအပေါ် ချစ်အားပိုခဲ့ရသည်။ ဤသို့ ချစ်အားပို၍ ယုယု ယယ ပြုစုစောင့်ရှောက်နေသည့်ကြားကပင် သားကလေးခမျာ သူငယ်နာရောဂါတစ်မျိုးဖြင့် ရုတ်တရက် သေဆုံးသွားရှာသည်။

လူကြီးမိဘများက ချစ်လှစွာသော မြေးကလေးအား နှမြောတသ ငိုကြွေးကြလျက် သုသာန်ပို့ရန် ပြင်ဆင်ကြ၏။ ကိသာဂေါတမီကား သားကလေးအပေါ် သူတို့ထက် ပို၍ အချစ်ကြီး၏။ "ငါသည် ဤအိမ်၌ အနှိမ်ခံဘဝမှ သားကလေးကို အကြောင်းပြု၍ အမြတ်တနိုး

ချစ်ကြည်ဆက်ဆံမှုကို ခံခဲ့ရ၏။ ဤသူတို့ကား ငါ့သားကလေးကို မြို့ပြင်၌ စွန့်ပစ်ရန် ကြိုးစားနေကြကုန်၏” ဟု ကြံတွေး၍ ယူကျုံးမရ ဖြစ်နေရရှာသည်။ သားကလေး သေသည်ဟု ဆိုရသော် လည်း ဆရာကောင်း၊ သမားကောင်းနှင့် တွေ့ရလျှင် အသက်ပြန်ရှင်လာနိုင်လိမ့်မည်ဟုလည်း ထင်နေမိ၏။ ဤသို့ဖြင့် အသုဘပို့ရန် ပြင်ဆင်ထားသော သားကလေးကို ဖွတ်အတင်းပွေ့ယူကာ အိမ်မှ ထွက်ပြေးလာခဲ့လေသည်။

သားရှုးမကလေး ကိသာဂေါတမီသည် သားကလေးအလောင်းကို ရင်ဝယ်ပိုက်၍ “ကျွန်မသားကလေးအတွက် အသက်ရှင်ဆေးပေးကြပါ” ဟု နှုတ်မှ တတွတ်တွတ် ရေရွတ်ရင်း တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည်လာခဲ့၏။ နောက်ဆုံးတွင် မြတ်ဗုဒ္ဓထံတော်သို့ရောက်၍ တရားရေအေးကို သောက်သုံးရသဖြင့် သောကငြိမ်း၍ ဘိက္ခုနီအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤဖြစ်ရပ်များကို ကြည့်လျှင် မဇ္ဈိမဒေသရှိ အမျိုးသမီးများ၏ ဘဝကို သိနိုင်ပေသည်။ သို့ဖြစ်၍ ထိုခေတ်အခါက အမျိုးသမီးများသည် သားဦးယောကျ်ားကလေး ဖွားမြင်ရရေးကို ဆုထူးဆုမြတ်တစ်ခုအဖြစ် တောင့်တလိုလားခဲ့ကြသည်။ ထိုဆုအတွက် ထူးခြားသော တန်ခိုးရှင်များ၊ နတ်ဒေဝါများကို ပူဇော်ပသ၍ တောင်းတပန်ဆင်သမှု ပြုကြသည်. အစဉ်အလာများလည်း ရှိခဲ့ကြသည်။

ဃနာနို့ဆွမ်း ကပ်လှူပူဇော်သူ သေဋ္ဌေးသမီး သုဇာတာသည် သားဦးယောကျ်ားကလေး ဖွားမြင်ရရေးအတွက် ပညောင်ပင်သို့သွား၍ ညောင်စောင့်နတ်ကို တိုင်တည်ကာ “အကျွန်ုပ်သည် အကယ်၍ ဇာတ်တူအမျိုးအိမ်သို့ လိုက်ပါရ၍ ပထမကိုယ်ဝန်၌ သားယောကျ်ားကို ရရှိခဲ့ပါလျှင် နှစ်စဉ် ဗလိ ပူဇော်မှု ပြုပါမည်” ဟု ကတိပြု၍ သားဆုကို ယန်ဆင်ခဲ့သည်။

ကျောင်းအမကြီး ဝိသာခါနှင့် အတူတကွ ဥပုသ်သီလ စောင့်သုံးကြသည့် သာဝတ္ထိမြို့သူ အမျိုးသမီးများကလည်း “ပထမ ကိုယ်ဝန်၌ သားယောကျ်ားဆုကို တောင့်တပန်ဆင်၍ ဥပုသ်သီလ စောင့်ကြပါသည်” ဟု သူတို့၏ အလိုဆန္ဒကို ပြောဆိုခဲ့ကြသည်။ ဤအချက်များကို ကြည့်လျှင်လည်း ထိုခေတ်အခါက အမျိုးသမီး များသည် ကုသိုလ်ကောင်းမှုပြုကြရာ၌ပင် သားဆုပန်၍ ပြုလုပ်လေ့ ရှိကြသည်ကို တွေ့ရလေသည်။

ထိုသို့ဗြာဟ္မဏဝါဒ အရှိန်အဝါအောက်တွင် တစ်လျှောက်လုံး အနှိမ်ခံလာခဲ့ရသော အမျိုးသမီးများ၏ ဘဝသည် မြတ်ဗုဒ္ဓ ပွင့်ထွန်း တော်မူလာသော အချိန်အခါတွင်မှ အနည်းငယ် ခေါင်းထောင် လာနိုင်ခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ ယောကျ်ား၊ မိန်းမ ခွဲခြားမှု မရှိချေ။ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိမိတို့ ပြုမှု၊ ပြောဆို၊ ကြံစည်မှု ဟူသော ကံတရား၏ ကောင်းမှု၊ မကောင်းမှု အပေါ်တွင်သာ အခြေတည်၍ ကောင်းမွေဆိုးမွေကို ခံစားကြရသည်။ သာသနာတော်၏ အနှစ်သာရ အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ် တိုင်အောင်ပင် ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ မိမိတို့၏ အလိုဆန္ဒ အတိုင်း လွတ်လပ်စွာ ဖန်တီးခွင့်၊ ကျင့်ကြံအားထုတ်ခွင့် ရှိသည်။ မိမိတို့၏ ကျင့်ကြံအားထုတ်မှု အားလျော်စွာ မဂ်၊ ဖိုလ်တရားထူးများ ကိုလည်း ရရှိခံစားနိုင်ခွင့်ရှိပေသည်။

နောက်ဆုံးတွင် အမျိုးသမီးများအတွက် အထွတ်အထိပ်ဆုံး ဖြစ်သော သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုခွင့်ကိုပင် ယောကျ်ား များနှင့် တန်းတူအခွင့်အရေး ရရှိခဲ့လေသည်။

ဤသို့ မဇ္ဈိမဒေသ၏ အခြေအနေအရ အလွန် အခွင့်အရေး နည်းပါးနိမ့်ကျလှသော အမျိုးသမီးများ၏ ဘဝကို ပြောင်းလဲမြှင့်တင်၍ ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရရှိအောင် ကြိုးပမ်း

ဆောင်ရွက်ခဲ့သူမှာ မိထွေးတော်ဂေါတမီ ပင်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်၍ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိလာသော အခါတွင်လည်း မိထွေးတော်ဂေါတမီသည် အမျိုးသမီးတို့တွင် အစဆုံး ဘိက္ခုနီအဖြစ်ကို ရရှိခဲ့သည်။ ထိုမျှသာ မကသေးပေ။ ဘိက္ခုနီတို့တွင် အစဆုံး အာသဝေါကုန်ခန်း၍ ရဟန္တာထေရီအဖြစ်သို့ ရောက်ရှိခဲ့သူမှာလည်း မိထွေးတော်ဂေါတမီပင်ဖြစ်သည်။ သို့ဖြစ်၍ "ဘိက္ခုနီ သာသနာအစ မိထွေးတော်ဂေါတမီက" ဟု ဆိုရခြင်း ဖြစ်ပေသည်။

## မိထွေးတော်ဂေါတမီ ဘိက္ခုနီပြုခွင့် တောင်းခြင်း

မြတ်ဗုဒ္ဓသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဝါတော်တစ်ဝါအရတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စေခိုင်းချက်အရ ဖွားဖက်တော် ကာဠုဒါယီမထေရ် တောင်းပန် လျှောက်ထားသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမှူးရှိသော ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်တော်မူရန် ဇာတိဌာနီ ကပိလဝတ် နေပြည်တော်သို့ မဟာသက္ကရာဇ် ၁၀၄–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပထမဆုံးအကြိမ် ကြွရောက်တော်မူလာခဲ့၏။ ထိုနေ့မှာပင် ရေမိုးအစုံအစုံ တန်ခိုးပြာဋိဟာတို့ကိုပြ၍ သာကီမျိုးနွယ် ဆွေတော် မျိုးတော်တို့၏ ဇာတိမာန်ကို ချိုးနှိမ်ကာ သရဏဂုံ သီလ၌တည်စေတော်မူသည်။

နောက်တစ်နေ့ (ကဆုန်လပြည့်ကျော် တစ်ရက်နေ့)တွင် ရဟန္တာ နှစ်သောင်း ခြံရံလျက် ကပိလဝတ် မြို့တွင်းသို့ ဝင်၍ အိမ်စဉ်လှည့်လည် ဆွမ်းခံကြွတော်မူသည်။ ထိုစဉ် ဆွမ်းခံကြွရပါမည်လားဟု ပြစ်တင်စကားပြောကြားလာသော ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား တရားဟောကြား၍ သောတာပန် တည်စေခဲ့သည်။

ထို့နောက် ခမည်းတော်ကြီး၏ တောင်းပန်လျှောက်ထားမှုဖြင့် ကပိလဝတ် ရွှေနန်းတော်သို့ ရဟန္တာအရှင်မြတ် နှစ်သောင်း ခြံရံလျက် ကြွတော်မူသည်။ နန်းတော်သို့ ရောက်သောအခါတွင်လည်း ခမည်းတော်ကြီးနှင့် မိထွေးတော် တို့အား တရားဟောကြားတော်မူရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သကဒါဂါမိတည်၍ မိထွေးတော် ဂေါတမီမှာလည်း သောတာပန်အရိယာ သာဝိကာ မကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် အဂ္ဂသာဝကနှစ်ပါး ခြံရံလျက် ယသောဓရာ၏ နန်းတော်သို့ ကြွတော်မူ၍ "စန္ဒကိန္နရီဇာတ်" ကို ဟောတော်မူသည်။

မြတ်ဗုဒ္ဓသည် ကပိလဝတ် နေပြည်တော်သို့ရောက်၍ သုံးရက် မြောက်သောနေ့တွင် ညီတော် (မိထွေးတော် ဂေါတမီ၏ သားတော်) နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူသည်။ ခုနစ်ရက် မြောက်သော နေ့တွင် အမွေပေးရန် တောင်းခံလာသော သားတော် ရာဟုလာအား လောကုတ္တရာအမွေကို ပေးသောအားဖြင့် ရှင်ပြုပေး တော်မူသည်။ ရှစ်ရက်မြောက်သောနေ့တွင် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးအား မဟာဓမ္မပါလဇာတ်ကို ဟောကြား၍ အနာဂါမ် အဖြစ်သို့ ရောက် အောင် ချီးမြှောက်တော်မူသည်။

ထိုသို့ သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာတို့ သာသနာ့ဘောင်သို့ ဝင်ရောက်ကြ၍ သုဒ္ဓေါဒန မင်းကြီးမှာလည်း အနာဂါမ် အရိယာအဖြစ်သို့ ရောက်ရှိသွားချိန်မှာပင် မိထွေးတော် ဂေါတမီသည်လည်း ကမ္ဘာတစ်သိန်းထက်က ဖြည့်ကျင့်ဆည်းပူးလာ ခဲ့သော ပါရမီကုသိုလ်တို့၏ နှိုးဆော်မှုကြောင့် သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုရန် စိတ်အကြံများ ဖြစ်ပေါ်လာခဲ့လေသည်။ သို့ဖြင့် မိထွေးတော်ဂေါတမီသည် (ကဆုန်လ မကုန်မီ ရက်ပိုင်းအတွင်းမှာပင်) မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ နိဂြောဓာရုံ ကျောင်းတော်သို့သွား

ရောက်၍ အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့်ပေးပါရန် ဤသို့ တောင်းပန်လျှောက်ထားသည်။

"အရှင်ဘုရား၊ တောင်းပန်ပါ၏။ မာတုဂါမ (အမျိုးသမီးများ) သည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုလိုပါ၏"

"ဂေါတမီ--မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ (အမျိုးသမီးများ) ၏ ရဟန်းဖြစ်ခြင်းကို သင် မနှစ်သက်အပ်"

မိထွေးတော်ဂေါတမီ၏ တောင်းပန်လျှောက်ထားမှုကို မြတ်ဗုဒ္ဓက အထက်ပါအတိုင်း မိန့်ကြား၍ ပယ်မြစ်တော်မူသည်။

မိထွေးတော် ဂေါတမီလည်း အမျိုးသမီးများ သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုခွင့် ရရှိရန်အတွက် စိတ်အား ထက်သန်လှသဖြင့် သုံးကြိမ်တိုင်တိုင် အထက်ပါအတိုင်း တောင်းပန်လျှောက်ထားသည်။ မြတ်ဗုဒ္ဓကလည်း အမျိုးသမီးများ သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုခြင်းကို မလိုလား၊ မနှစ်သက်ရန် သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူခဲ့သည်။

ယင်းသို့ ပယ်မြစ်တော်မူရခြင်းမှာလည်း အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ကို လုံးဝ မပေးလို၍ကား မဟုတ်ပေ။ လောက၌ လူတို့သည် လွယ်လွယ်ကူကူရသော ပစ္စည်းကို တန်ဖိုး မထားတတ်ကြ။ ခဲခဲယဉ်းယဉ်း ရှာဖွေရရှိသည့် ပစ္စည်းကိုမှ မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်ကြ၏။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့်ကို လွယ်လင့် တကူ ခွင့်ပြုတော် မမူလိုဘဲ "အပင်ပန်း အဆင်းရဲခံ၍ အကြိမ်ကြိမ်

တောင်းပန်မှ ခွင့်ပြုတော်မူမည်။ ယင်းသို့ ခွင့်ပေးအပ်သည့် ဘိက္ခုနီအဖြစ်ကိုမှ "ခဲခဲယဉ်းယဉ်း ဆင်းရဲပင်ပန်းကြီးစွာ တောင်းပန်မှ ရအပ်သော ဘိက္ခုနီအဖြစ်ပါတကား" ဟု အောက်မေ့လျက် အမျိုးသမီးများသည် မြတ်မြတ်နိုးနိုး တန်ဖိုးထား၍ ကောင်းမွန်ရိုသေစွာ စောင့်ထိန်းကြ ပေလိမ့်မည်" ဟု စဉ်းစားဆင်ခြင်တော်မူ၍ ဘိက္ခုနီအဖြစ်ကို အလေးဂရု ပြုစေလိုသည့်အတွက် ပယ်မြစ်တော်မူခြင်းသာဖြစ်သည်။

ဤသို့ သုံးကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထားရာတွင် သုံးကြိမ်လုံး ပယ်မြစ်ခြင်းကို ခံရသဖြင့် မိထွေးတော်ကြီးသည် ရှေ့ဆက်၍ လျှောက်ထားရန် မဝံ့တော့ပေ။ "မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက် ရဟန်းပြုခြင်းကို ဘုရားရှင် ခွင့်ပြုတော်မမူပါတကား" ဟု ယူကျုံးမရဖြစ်၍ မျက်ရည်ပြည့်သောမျက်နှာဖြင့် သားတော်ဘုရား၏ ထံတော်ပါးမှ ဖယ်ခွာခဲ့ရရှာသည်။ နိဂြောဓာရုံကျောင်းတော်သို့ လာခဲ့စဉ်က မျှော်လင့်ချက်ကြီးစွာဖြင့် လာခဲ့ခြင်းဖြစ်၍ မိထွေးတော်ကြီးမှာ ရွှင်လန်းတက်ကြွနေခဲ့သော်လည်း အပြန်ခရီးတွင်ကား ဝမ်းနည်းကြေကွဲ၍ မျက်ရည် မဆည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

စင်စစ်အားဖြင့် မိထွေးတော်ကြီးသည် မိမိကိုယ်တိုင်ကပင် ဘိက္ခုနီ ပြုရန် စိတ်အား ထက်သန်နေခဲ့ခြင်းဖြစ်၏။ သို့ရာတွင် မိမိတစ်ဦးတည်း ဘိက္ခုနီပြုခွင့် ရရှိရေးအတွက်ကိုသာ ဦးတည်ချက် မထားခဲ့ချေ။ အမျိုးသမီးထု တစ်ရပ်လုံး သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးကို ဦးတည်၍ ရည်မှန်းချက်ကြီးစွာဖြင့် တောင်းပန် လျှောက်ထားခဲ့သည်။ အထက်ပါ မိထွေးတော် ဂေါတမီ၏ လျှောက်ထားချက်ကို ကြည့်ပါက အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြု၍ တောင်းပန် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ ယင်းသို့ အမျိုးသမီး

ထု ဟာစ်ရုပ်လုံးကို ကိုယ်စားပြု၍ တောင်းပန်လျှောက်ထားမှု မအောင်မမြင် ဖြစ်ခဲ့ရသည့်အတွက်လည်း မိထွေးတော်ကြီးအဖို့ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရရှာလေသည်။

သို့သော် မိထွေးတော်ဂေါတမီကား ရင့်ကျက်ပြီးသော ပါရမီရှင် ကစ်ဦးဖြစ်သူပီပီ စိတ်အား မလျော့ခဲ့ပေ။ "တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မိမိ အလိုဆန္ဒ ပြည့်ဝ အောင်မြင်ရမည်" ဟု နှလုံးသွင်းလျက် မျှော်လင့်ချက်ကြီးစွာဖြင့် အချိန်အခါကို စောင့်ဆိုင်းငံ့လင့်နေခဲ့သည်။

မြတ်ဗုဒ္ဓလည်း ကပိလဝတ်ပြည်၌ မွေ့လျော်သမျှ သီတင်းသုံး၍ ရသမျှအချိန်ကလေးအတွင်း၌ ခမည်းတော်ကြီးအား အနာဂါမ်အဆင့် အထိ ခရီးပေါက်အောင် ချီးမြှောက်တော်မူခဲ့သည်။ ထို့နောက် ကဆုန်လကုန်ခန့်တွင် ဇာတိဌာနီ ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ ဒုတိယမြောက် ဝါကို ကပ်ဆို သီတင်းသုံးတော်မူသည်။ တတိယဝါနှင့် စတုတ္ထဝါကိုလည်း ထိုဝေဠုဝန်ကျောင်းတော်၌ပင် ဝါကပ်သီတင်းသုံးတော်မူသည်။ သို့ဖြင့် လေးနှစ်တာမျှသော အချိန်တို့ ကုန်လွန်ခဲ့လေသည်။

## ဒုတိယအကြိမ် ဘိက္ခုနီပြုခွင့် တောင်းရန် ကြိုးပမ်းခြင်း

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ စတုတ္ထဝါ ကပ်ဆိုသီတင်းသုံးတော်မူပြီး၍ ဝါကျွတ်သောအခါတွင် ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၇–ခုနှစ်၊ နယုန်လဆန်းစအချိန်တွင် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန် ကျောင်းတော်၌ ခေတ္တသီတင်းသုံးတော်မူသည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်တို့ ဆွေတော်မျိုးတော် အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းဖြစ်၏။ ယင်းသို့ ဆွေတော်မျိုးတော်တို့

အချင်းချင်း စိတ်ဝမ်းကွဲကြရခြင်း အကြောင်းရင်းမှာ–နှစ်ပြည်ထောင် အကြား ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲမှုနှင့် ပတ်သက်၍ အငြင်းပွားရာမှ စတင်ခဲ့သည်။ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်ရှိ လယ်သမားများသည် ထိုမြစ်ရေကို အားကိုးပြု၍ စပါးစိုက်ပျိုးကြရ၏။ ထိုနှစ် နယုန်လတွင် မိုးဦးခေါင်သဖြင့် မြစ်ရေမှာ များများ မရှိချေ။ ဤရေကို တမံတုတ်၍ သွင်းယူလျှင်လည်း ကမ်းနှစ်ဘက်လုံးအတွက် မလုံလောက်ပေ။ တစ်ဘက်ဘက်မှ သွင်းယူမှသာ တန်ကာကျမည်ဖြစ်၏။

သို့ဖြစ်၍ ကမ်းနှစ်ဘက်မှ လယ်သမားများသည် ဤမြစ်ရေကို မိမိတို့ဘက်မှ သွင်းယူနိုင်ရေးအတွက် စကားဆိုကြရာ နှစ်ဘက်လုံး က မလိုက်လျောနိုင်ကြသဖြင့် ရန်စကားများ ပြောဆိုလာကြ၏။ ဤသို့ မိမိတို့အချင်းချင်း စကားများကြရာမှ "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဆိုသကဲ့သို့ နှစ်ပြည်ထောင်ရှိ မင်းညီမင်းသား များ၏ ရေးဟောင်းနှောင်းဖြစ်များကိုပါ ထိခိုက်ပြောဆိုလာကြ၏။ ဤတွင် နှစ်ပြည်ထောင်မှ ဆွေတော်မျိုးတော်များသည် စိတ်မထိန်း နိုင်ကြတော့ဘဲ စစ်တပ်ကြီးများ ချီ၍ ထွက်လာခဲ့ကြတော့သည်။

ရင်ဆိုင်တွေ့ဆုံကြသည်နှင့် တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက် ချေမှုန်းရန် မာန်တင်းလာခဲ့သော နှစ်ဘက်စစ်သည်တော်များသည် ရောဟိဏီမြစ်ကမ်းပါး တစ်ဘက်ဒီသို့ တစ်ပြိုင်နက် ဆိုက်ရောက် လာခဲ့ကြ၏။ ဤကဲ့သို့သော စစ်အင်အား၊ ဤကဲ့သို့သော အမျက် ဒေါသဖြင့် ရင်ဆိုင်တိုက်ခိုက်ကြလျှင် မည်သည့်ဘက်ကမှ အောင်ပွဲ ရနိုင်မည် မဟုတ်ချေ။ တစ်ဘက်နှင့်တစ်ဘက် သဲကြီးမဲကြီး တိုက်ခိုက်ကြရင်း အားလုံး သေပွဲဝင်ကြရမည်သာဖြစ်၏။ လူ့အသက် နှင့် နှိုင်းစာလျှင် ဘာမျှ တန်ဖိုးမရှိသော မြစ်ရေကလေးကို အကြောင်းပြု၍ ဆွေတော်မျိုးတော်အပေါင်းတို့ သွေးချောင်းစီး

ကုန်ကြရတော့မည်။ ထိုအချိန်ကလေးမှာပင် မြတ်ဗုဒ္ဓသည် နှစ်ဘက်စစ်သည်တော်များ၏ အလယ်ဗဟိုဖြစ်သည့် ရောဟိဏီမြစ်၏ အထက်ကောင်းကင်ယံသို့ ကြွရောက်လာ၍ ကမ်းနှစ်ဘက်မှ မျက်မာန်တင်းနေကြသူများအား ငြိမ်းချမ်းရေးတရား ဟောကြား တော်မူ၏။ ဤတွင် နှစ်ပြည်ထောင်စစ်သည်တို့ လက်နက်ကိုယ်စီ စွန့်၍ စစ်ပြေငြိမ်းခဲ့ကြသည်။

ထိုအခါတွင် သွေးချောင်းစီးမည့် ဘေးမှ လက်မတင်ကလေး လွတ်မြောက်လာခဲ့ကြရသော ဆွေတော်မျိုးတော်တို့သည် မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်ကို အလေးအမြတ်ပြု၍ ကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်ဘက်လျှင် နှစ်ရာ့ငါးဆယ်စီသော သာကီဝင် မင်းသားတို့ကို မြတ်ဗုဒ္ဓအား အခြံအရံ အလုပ်အကျွေးအဖြစ် ပေးလှူကြသည်။ မြတ်ဗုဒ္ဓလည်း မင်းသားငါးရာတို့ကို ဧဟိဘိက္ခုခေါ်၍ ရဟန်းအဖြစ် ချီးမြှောက်တော်မူ၏။ ထိုသာကီဝင်မင်းသား ရဟန်းငါးရာတို့သည် မြတ်ဗုဒ္ဓ၏ လမ်းညွှန်မှုကို ခံယူ၍ ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်ခဲ့ကြရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေသည်။

ထိုသို့ သာကီဝင် မင်းသားရဟန်းငါးရာတို့ ရဟန္တာများအဖြစ်သို့ ရောက်ရှိသွားခြင်းသည်ပင် ဘိက္ခုနီ သာသနာပေါ်ထွန်းလာစေရန်အတွက် တွန်းအားတစ်ခုဖြစ်ပေါ်စေခဲ့သည်။ အကြောင်းမှု–မင်းသားငါးရာတို့ ရဟန်းပြုသွားချိန်မှစ၍ ကျန်ရစ်သူဇနီးဟောင်း မင်းသမီးငါးရာတို့သည် မင်းသားတို့ သာသနာ့ဘောင်၌ မပျော်မွေ့ဘဲ မိမိတို့ထံသို့ ပြန်လာကြလိမ့်မည်ဟု မျှော်လင့်နေကြ၏။ သာကီဝင်မင်းသား ရဟန်းတို့အထံသို့လည်း သာသနာ့ဘောင်၌ မွေ့လျော်မနေကြဘဲ မိမိတို့ထံသို့ အမြန်ပြန်လာကြရန် စာလွှာများ မကြာခဏပေးပို့ခဲ့ကြသည်။ ယင်းသို့ မင်းသားတို့ သာသနာ့ဘောင်၌ မပျော်မွေ့ဘဲ ပြန်ရောက်လာကြမည့်အချိန်ကို မျှော်လင့်စောင့်စား နေချိန်မှာပင်

"သာကီဝင်မင်းသား ရဟန်းငါးရာတို့ အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားကြပြီ" ဟူသော သတင်းကို ကြားသိရသည့် ဇနီးဟောင်း မင်းသမီးငါးရာတို့မှာ မျှော်လင့်ချက်ဝေး၍ ပူဆွေးသောက ရောက်ခဲ့ ကြရလေသည်။

မင်းသားတို့ ပြန်လာဖို့ရန်အတွက် မျှော်လင့်ချက် မရှိတော့ သဖြင့် မင်းသမီးငါးရာတို့မှာ အားကိုးရာမဲ့ ဖြစ်ကြရသည်။ သို့ဖြင့် မင်းသမီးတို့ စုရုံးကြ၍ "ငါတို့မှာ ယခုအခါ အိမ်ထောင်သစ် ထူထောင်ကြရန်လည်း မသင့်လျော်ပေ။ မိထွေးတော်ဂေါတမီထံသို့ သွားကြပြီးလျှင် မြတ်စွာဘုရား သာသနာတော်၌ ဘိက္ခုနီပြုခွင့်ရအောင် တောင်းပန်စေ၍ ငါတို့အားလုံး ဘိက္ခုနီ ပြုကြကုန်စို့" ဟု တိုင်ပင် ဆုံးဖြတ်ကြသည်။

မြတ်ဗုဒ္ဓလည်း နယုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တောကြီး အတွင်း၌ သာကီဝင်မင်းသား ရဟန္တာ အရှင် မြတ်ငါးရာတို့နှင့်တကွ စကြဝဠာတိုက်တစ်သောင်းမှ စည်းဝေး ညီညာ ရောက်ရှိလာကြသည့် နတ်ဗြဟ္မာအပေါင်းတို့အား မဟာသမယ သုတ္တန် စသည်ကို ဟောကြားတော်မူသည်။ ထို့နောက် ဝေသာလီ ပြည်သို့ ဒေသစာရီကြွတော်မူ၍ ဝေသာလီမြို့၏ အနောက်ဘက် တစ်ဂါဝုတ် (၂-မိုင်) အကွာရှိ မဟာဝုန်တောကြီးအတွင်း ကူဋာဂါရ (စုလစ်မွန်းချွန်အထွတ်တပ်သော) ကျောင်းတိုက်၌ ပဉ္စမဝါကပ်ဆို သီတင်းသုံးတော်မူသည်။

ထိုသို့ မြတ်ဗုဒ္ဓ ဝေသာလီပြည်၊ မဟာဝုန်တောအတွင်း၊ ကူဋာဂါရကျောင်းတိုက်၌ ပဉ္စမ ဝါကပ်ဆိုသီတင်းသုံးတော်မူချိန်မှာပင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည် ရွှေနန်းတော် အတွင်း မင်္ဂလာထီးဖြူတော်အောက်၌ အရဟတ္တဖိုလ်ကို မျက်မှောက် ပြု၍ ပရိနိဗ္ဗာန်စံဝင်သွားလေသည်။

ဘဝခရီးတစ်လျှောက်လုံး အားကိုးအားထားပြုလာခဲ့ရသော ကျေးဇူးရှင်ကြီး မျက်နှာလွှဲသွားသဖြင့် မိထွေးတော် ဂေါတမီမှာ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရ၏။ သို့ရာတွင် စိတ်ထဲမှာ ရှိသမျှ သွန်ချ၍ကား မငိုကြွေးနိုင်ရှာပေ။ မိမိ၏အရိပ်အောက်၌ မှီခိုနေကြသည့် ငယ်ရွယ်သူများကို ငဲ့ညှာရပေသေးသည်။ လင်ရောသားပါ လက်လွှတ်ခဲ့ရသော ယသော်ဓရာ၊ လက်ထပ်ပွဲပြီးစကလေးတွင် မောင်တော်နှင့် ခွဲခွာခဲ့ရသော ဇနပဒကလျာဏီတို့ကို ဖျောင်းဖျစကားဆိုရင်း မိမိ၏ အဆွေးစိတ်များကို မျိုသိပ်ထားရလေသည်။

ထီးနန်းအမွေကို ဆက်ခံကြမည့် သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာတို့မှာလည်း သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုသွားကြသဖြင့် ပျားကောင်းမရှိသော ပျားအုံကြီးပမာ အုပ်စိုးသူ မဟာရာဇာ မရှိတော့သော နန်းတော်ကြီးတွင် မိထွေးတော် ဂေါတမီကသာ ဘဝတူ မိန်းမသားများကို စောင့်ရှောက်ထိန်းသိမ်း၍ နေရသည်။

မိထွေးတော်ဂေါတမီသည် ရှေးမဆွကပင် သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုရန် စိတ်အားထက်သန်နေခဲ့ရာ ကျေးဇူးရှင်ကြီး မျက်နှာလွှဲသွားသောအချိန်မှစ၍ ထီးရိပ်နန်းရိပ်အောက်၌ မပျော်ပိုက်တော့ပေ။ တာဝန်အရ သမီးတော်နှင့် တူမတော်များကို ထိန်းသိမ်းစောင့်ရှောက်နေခဲ့ရသော်လည်း စိတ်အစဉ်မှာ သားတော်ဘုရားထံသို့သာ ရောက်ရှိနေသည်။ ထီးရိပ်နန်းရိပ်ကို ကျောခိုင်း၍ သားတော်ဘုရား၏ သာသနာတော်အရိပ်အောက်၌ ဘိက္ခုနီအဖြစ် ဝင်ရောက်ခိုလှုံ၍ တရားရေအေးကို သောက်သုံးလိုသည့် ဆန္ဒသာပြင်းပြနေခဲ့သည်။

ထိုအချိန်မှာပင် ကပိလဝတ်နှင့် ကောလိယမှ သာကီဝင် မင်းသားရဟန်းငါးရာတို့၏ဇနီးဟောင်း မင်းသမီးငါးရာတို့လည်း

မိထွေးတော် ဂေါတမီထံသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။ မင်းသမီးတို့သည် ကြိုတင်တိုင်ပင်လာခဲ့ကြသည့်အတိုင်း မိထွေးတော်ကြီးအား မြတ်စွာဘုရား သာသနာတော်၌ ဘိက္ခုနီပြုခွင့်ရအောင် တောင်းပန်ပေးရန် တိုက်တွန်းပြောဆိုကြသည်။ မိထွေးတော်ဂေါတမီလည်း မိမိကိုယ်တိုင်ကပင် ဘိက္ခုနီပြုရန် စိတ်အားထက်သန်နေခဲ့ရာ သာကီဝင်မင်းသမီးတို့က တိုက်တွန်းလာသောအခါတွင် လွယ်လင့်တကူပင် သဘောတူခဲ့သည်။ သို့ဖြင့် ဒုတိယအကြိမ် ဘိက္ခုနီပြုခွင့်တောင်းရန် အကြောင်းဖန်လာခဲ့လေသည်။

သို့ရာတွင် မိထွေးတော်ဂေါတမီသည် မြတ်ဗုဒ္ဓ ကပိလဝတ်ပြည်၊ နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က သာသနာတော်၌ အမျိုးသမီးများအား ဘိက္ခုနီပြုခွင့် ပေးရန် ပထမတစ်ကြိမ် တောင်းပန်ခဲ့ဖူး၏။ ထိုစဉ်က ပယ်မြစ်တော်မူခဲ့သဖြင့် ယခုအကြိမ်၌လည်း ထိုသို့ ပယ်မြစ်ခြင်း ခံရမည်ကို စိုးရိမ်နေမိ၏။ သို့ဖြစ်၍ "ယခုအကြိမ်၌မူ ဆံပင်ကို ရိတ်ပယ်၍ ရဟန်းမအသွင်ကို တစ်ခါတည်း ဝတ်ဆင်သွားမည်။ ယင်းသို့ ရဟန်းမအသွင် ဝတ်ဆင်ထားပြီးဖြစ်သဖြင့် သားတော်ဘုရားသည် ဘိက္ခုနီပြုခွင့်ကို မပေးဘဲ နေတော့မည် မဟုတ်" ဟု ကြံစည်မိသည်။

ထိုသို့ ကြံစည်မိသည့်အတိုင်းပင် သာကီဝင်မင်းသမီးတို့အား "ချစ်သမီးတို့၊ ငါတို့အားလုံး သားတော်ဘုရားအထံသို့ သွား၍ ဘိက္ခုနီပြုခွင့် တောင်းကြစို့၊ သို့ရာတွင် ငါတို့သည် လူဝတ်ကြောင်ဘဝဖြင့် သွားရန် မသင့်ပေ၊ ဆံပင်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်ကာ ရဟန်းမ အသွင်ဖြင့် သွားကြကုန်စို့" ဟု တိုင်ပင်ပြောဆိုလေသည်။

မင်းသမီးများကလည်း မိထွေးတော်ကြီး၏ အဆိုကို သဘောတူလက်ခံကြ၏။ သို့ဖြင့် မိထွေးတော်ဂေါတမီအမှူးရှိသော သာကီဝင်

မင်းသမီးငါးရာတို့သည် တစ်သက်တာကာလပတ်လုံး အမြတ်တနိုး ထား၍ ပြုပြင်ခြယ်သလာခဲ့ကြသော ဆံပင်များကို မငဲ့မတွယ် ရိတ်ပယ်ကြသည်။ ထို့နောက် ဖန်ရည်ဆိုးအဝတ်များကို ဝတ်ဆင်၍ ရဟန်းမအသွင်ကို ယူကြကာ မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ ဝေသာလီသို့သွားရန် ပြင်ဆင်ကြလေသည်။

## ကပိလဝတ်နှင့် ဝေသာလီ ခရီးအကွာအဝေး

ကပိလဝတ်ပြည်နှင့်ဝေသာလီပြည်သည် ယူဇနအားဖြင့် (၅၁) ယူဇနာ ကွာဝေးသည်ဟု အရှင်မဟာဗုဒ္ဓဃောသ ဖော်ပြခဲ့၏။ ယင်းယူဇနာ ခရီးအကွာအဝေးကို တိုင်းတာရာ၌ အယူအဆ အမျိုးမျိုးရှိသည်ကို တွေ့ရပေသည်။ သို့ဖြစ်၍ ရှေးအခါက ပြဆို ထားခဲ့သော ယူဇနာနှင့် ယခုခေတ်အတိုင်းအတာ ပမာဏနှစ်မျိုးကို ကိုက်ညီအောင် တွက်ချက်တိုင်းတာရပေမည်၊ ထိုသို့ တွက်ချက် တိုင်းတာရာ၌ ကျမ်းဂန်လာ ယူဇနာတွက်နည်း လေးနည်းကို မှတ်သားရာ၏။ ယင်းတို့မှာ–

၁။ လေးဂါဝုတ် တစ်ယူဇနာ

၂။ ခုနစ်တောင်တစ်တာ၊ တာတစ်ထောင် တစ်ယူဇနာ

၃။ ရထားထမ်းပိုးတစ်ပြန် တစ်ယူဇနာ

၄။ လေးကောသ တစ်ယူဇနာ

ဟူ၍ ဖြစ်ပါသည်။ ၎င်းလေးနည်းတွင် ပထမနည်းသည် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်မင်း၏ ပမာဏကို ပြရာ၌ တိုင်းတာအပ်သော ပမာဏ ယူဇနာနည်းဖြစ်၏။

ဒုတိယနည်းသည် "ဝေဿန္တရာဇာတ်တော်လာ မဒ္ဒီဒေဝီသည် တစ်ညဥ့်တည်းမှာပင် အသွားအပြန် တစ်ဆယ့်ငါးယူဇနာ ခရီး ပေါက်သည်" ဟုဆိုရာမျိုး၌ တိုင်းတာအပ်သော ယူဇနာနည်းဖြစ်၏။

တတိယနည်းသည် မဟာဇနက ဇာတ်တော်လာ "ယောဇနေ သုမဟာနိမိ" ဟူသော စကားအရ တိုင်းတာအပ်သော ယူဇနာနည်း ဖြစ်၏။

စတုတ္ထနည်းသည် "စတုသုယောဇနေသုသက်သံ" စသည်ဖြင့် ပြဆိုအပ်သောအရာ၌ တိုင်းတာအပ်သော သခ်တကျမ်းလာ ယူဇနာ နည်းဖြစ်၏။

ဤလေးနည်းတွင် တစ်နည်းနည်းဖြင့် ကုန်းလမ်း ရေလမ်း ခရီးအလိုက် တွက်ယူရ၏။ ကုန်းလမ်းခရီး တွက်ယူရာ၌ စတုတ္ထ နည်းသည် ရှေးက ပြဆိုထားသော ကုန်းလမ်းခရီး အကွာအဝေး ယူဇနာများနှင့် ကိုက်ညီသည်ဟု တောင်ပေါက်ဆရာတော်က ဆိုပါ သည်။

ထိုစတုတ္ထနည်းတွင် "လေးကောသ တစ်ယူဇနာ" ဟု ဆိုရာ၌ "တစ်ကောသ"သည် မည်မျှအတိုင်းအရှင်ပမာဏရှိသည်ကို စိစစ်ရန် လိုအပ်၏။ ကျော်အောင်စံ ဆရာတော်က အဘိဓာန်နိဿယ၌–

> "အတောင် ၂၀၀၀ = ၁ ကောသ၊ အတောင် ၈၀၀၀ = ၁ ကောသ၊ အသံအားဖြင့် တစ်ခေါ်ဝေးသော အရပ်သည် တစ်ကောသ "

ဟု ဆိုပါသည်။ စတုရင်္ဂဗလ အမတ်ကြီးကလည်း ဤနည်းအတူပင် အဘိဓာန်ဋီကာ၌ ဖော်ပြထားသည်။ ထိုဖော်ပြချက်များကို ကိုးကား ၍ ဆရာဦးကျော်လွင် (နှစ်ဘက်လှ) က သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ အစိန္တေယျတရား စာအုပ်၌–

> "အတောင် ၂၀၀၀ = ၁ ကောသ ဟူသော စကားသည် မာနတ္တကျမ်းစကားနှင့် ညီညွတ်၍ အတောင် ၈၀၀၀ = ၁ ကောသ ဟူသော စကားသည် သက္ကတအဘိဓာန်ကျမ်းများ၏ ဖော်ပြချက်နှင့် ဟပ်မိသည်။ အတောင် ၈၀၀၀ = ၁

ကောသ နှုန်းဖြင့် တွက်လျှင် လေးကောသ (ဝါ) တစ်ယူဇနာသည် ၉–မိုင်တိတိရှိ၍၊ အာသာ အန်ထော်နီမက်ဒွန်နယ်လ်၏ နာဂရီ၊ သက္ကတ၊ အင်္ဂလိပ် အဘိဓာန်ကြီး၌ တစ်ယူဇနာ ၉–မိုင်ရှိသည်ဟု ဖော်ပြချက်နှင့် ကိုက်ညီသည် ”

ဟု သုံးသပ်ပြပါသည်။

အဘယာရာမ ရွှေဂူဆရာတော်ကမူ အဘိဓာန်နိဿယသစ်၌ ထောမနိဓိကျမ်းတို့အဆိုကို ကိုးကား၍–

“တစ်ယူဇနာကို အတောင် (၃၅၂၀) ရှိ၏။ အင်္ဂလိပ်မိုင်ဖြင့် ရေတွက်လျှင် သာသနာကျမ်းအဆို တစ်ယူဇနာ၌ ၁၂ မိုင်၊ ၅ ဖာလုံ၊ ၃၆၀ တောင်ရှိ၏။ လီဿာဝတီကျမ်းအဆို တစ်ယူဇနာ၌ ၉ မိုင်၊ ၃၂၀ တောင်ရှိ၏။ မတန္တရအဆို တစ်ယူဇနာ၌ ၁ မိုင်၊ ၁ ဖာလုံ၊ ၄၀ တောင်ရှိ၏။ ထိုသုံးမျိုးတို့တွင် သာသနာယူဇနာဖြင့် မြင့်မိုရ်တောင်၊ စကြဝဠာတောင်၏ အမြင့်ကို ရေတွက်အပ်၏။ မြို့ရွာ အကွာအဝေး စသည်တို့၌ သင့်လျော်ရာ ယူဇနာဖြင့် ရေတွက်သင့်၏ ”

ဟု ဆိုထားပါသည်။

အထက်ပါအဆိုများအရ အတောင် ၈၀၀၀ = ၁ ကောသ၊ လေးကောသ = ၁ ယူဇနာ ရေတွက်သောနည်းသည် သက္ကတ အဘိဓာန်ကျမ်း၊ အာသာအန်ထော်နီမက်ဒွန်နယ်လ်၏ နာဂရီ၊ သက္ကတ၊ အင်္ဂလိပ် အဘိဓာန်ကျမ်း၊ လိလာဝတီကျမ်းတို့၏ အဆိုများနှင့် ကိုက်ညီသည်ကို တွေ့ရ၏။ ဤအလိုအားဖြင့် ရှေးအဆိုတစ်ယူဇနာ၌ အင်္ဂလိပ်မိုင် ၉ မိုင်ခန့်ရှိသည်ဟု မှတ်ယူရပေမည်။

မြန်မာတို့အယူအဆမှာ တစ်ယူဇနာ ၁၃ မိုင်နီးပါးရှိသည်ဟု ဆိုပါသည်။ တွက်ယူပုံမှာ–

"ဆယ်ဆံချည် ၁ နှမ်း၊ ခြောက်နှမ်း ၁ မုယော၊ လေး မုယော ၁ လက်သစ်၊ ရှစ်လက်သစ် ၁ မိုက်၊ သုံးမိုက် ၁ တောင်၊ လေးတောင် ၁ လံ၊ ခုနစ်တောင် ၁ တာ၊ နှစ်ဆယ် တာ ၁ ဥသဘ၊ နှစ်ဆယ်ဥသဘ ၁ ဂါဝုတ်၊ လေးဂါဝုတ် ၁ ယူဇနာ"

ဟူသော လင်္ကာအတိုင်းဖြစ်၏။ ဤလင်္ကာ၌ ခုနစ်တောင် ၁ တာမှစ၍ ဖော်ပြသော တွက်နည်းသည် သီဟိုဠ်အရှင် မောဂ္ဂလန် ပြုစုသော မာဂဓအဘိဓာန်၊ ဘူမိဝဂ်လာ သင်္ချာစကားများနှင့် ညီညွတ်သည်ကို တွေ့ရ၏။ သို့ဖြစ်၍ နှစ်တောင် = ၁ ကိုက် နှုန်းဖြင့် တွက်ယူပါက "နှစ်တောင် = ၁ ကိုက် ၊ ခုနစ်တောင် ၃ ၁/၂ ကိုက် = ၁ တာ၊ နှစ်ဆယ်တာ = ၁ ဥသဘ = ၇၀ ကိုက်၊ နှစ်ဆယ်ဥသဘ = ၁ ဂါဝုတ် = ၁၄၀၀ ကိုက်၊ လေးဂါဝုတ် = ၁ ဂါဝုတ် = ၅၆၀၀ ကိုက်၊ လေးဂါဝုတ် = ၁ ယူဇနာ = ၂၂၄၀၀ ကိုက်၊ တစ်မိုင် = ၁၇၆၀ ကိုက်ဖြစ်၍ တစ်ယူဇနာ၌ ၂၂၄၀၀/၁၇၆၀ မိုင် = ၁၂.၇၃) ၁၃ မိုင်နီးပါးရှိသည်ကို တွေ့ရသည်။

တစ်ဖန် ဗြဟ္မဇာလသုတ် အဋ္ဌကထာ၌ ရာဇဂြိုဟ်နှင့် နာလန္ဒမြို့သည် တစ်ယူဇနာကွာဝေးသည်ဟု အရှင်မဟာဗုဒ္ဓဃောသ ဖော်ပြခဲ့၏။ ယခုလက်ရှိ မိုင်အားဖြင့် (မီးရထားလမ်း) ၈ မိုင် တိတိ ရှိသည်။ သို့ဖြစ်၍ နှစ်မိုင် = ၁ ကောသ၊ လေးကောသ = ၁ ယူဇနာ ဟူသော စတုတ္ထနည်းနှင့် ကိုက်ညီသည်ကို တွေ့ရ သည်။

နောက်ပိုင်းခေတ် သီဟိုဠ်ပညာရှင်များသည် အင်္ဂလိပ် ၁၆ မိုင် = ၁ ယူဇနာ ယူသော ပေါရာဏဝါဒအဆိုကို ပယ်၍ "၈ မိုင် = ၁ ယူဇနာ၊ ၇ ၁/၂ မိုင် = ၁ ယူဇနာ၊ ၇ မိုင် = ၁ ယူဇနာ၊ ၆ မိုင် = ၁ ယူဇနာ " ဟူ၍ ထိုက်သင့်သလို တွက်ယူသည်

ဟု ဆိုရာ ၎င်းပညာရှင်များသည် စတုတ္ထနည်းကိုပင် အသုံးပြုကြောင်း သိရပါသည်။ အိန္ဒိယနိုင်ငံ ရှေးဟောင်းဒေသများ အကွာအဝေးကို တိုင်းတာရာ၌လည်း ဤနည်းကိုပင် အသုံးပြုသည်ဟု ဆိုပါသည်။

မဟာစည်ဆရာတော်ကလည်း ဓမ္မစကြာတရားတော်ကြီး စာအုပ်၌ "ဗောဓိမဏ္ဍိုင်မှ ဗာရာဏသီ မိဂဒါဝုန်အထိ (၁၈) ယူဇနာ၊ ယခုခေတ်မိုင်အားဖြင့် (၁၄၂) မိုင်ဝေးကွာသည်ဟူ၍ လည်းကောင်း ၊ ဗောဓိမဏ္ဍိုင်နှင့် ဂယာ (၃) ဂါဝုတ် ဝေးသည်ဟု အဋ္ဌကထာဆရာ ဆို၏။ ယခုခေတ် မိုင်ဖြင့် (၆) မိုင်ရှိသည်။ ဂယာမြို့မှ (တောင်အရပ်) ဗောဓိမဏ္ဍိုင်အထိ လမ်းတစ်လျှောက် မိုင်တိုင် အတိအကျရှိသည် " ဟူ၍လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရ၏။ အထက်ပါ ဖော်ပြချက်များအရ ရှေးအဆို တစ်ယူဇနာ၌ အင်္ဂလိပ်မိုင် ၈–မိုင်ခန့်ရှိသည်ဟု မှတ်ရပေမည်။

ထို့ပြင် A Record of The Buddhist Countries စာအုပ်၌ တစ်ယူဇနာကို ငါးမိုင်မှုအထိ ရှိသည် ဟူ၍လည်းကောင်း Buddhist India စာအုပ်၌ ၇ ½ မိုင်ဖြင့် တွက်ပြထားသည်ကို လည်းကောင်း တွေ့ရသည်။

သို့ဖြစ်၍ ရှေးအဆို ယူဇနာကို ယခုခေတ်မိုင်နှုန်းဖြင့် တွက်ချက်တိုင်းတာရာ၌–

၁ ယူဇနာကို –

(က) ၉ မိုင်
(ခ) ၁၂ မိုင်၊ ၅ ဖာလုံ၊ ၃၆၀ တောင်
(ဂ) ၉ မိုင်၊ ၃၂၀ တောင်
(ဃ) ၁ မိုင်၊ ၁ ဖာလုံ၊ ၄၀ တောင်
(င) ၁၂.၇၃ မိုင် (၁၃ မိုင်နီးပါး)

(စ) ၈ မိုင်
(ဆ) ၁၆ မိုင်
(ဇ) ၇$\frac{၁}{၂}$ မိုင်
(ဈ) ၇ မိုင်
(ည) ၆$\frac{၁}{၂}$ မိုင်
(ဋ) ၅ မိုင် ဟု အယူအဆအမျိုးမျိုးရှိသည်ကို တွေ့ရပေသည်။

သို့ရာတွင် ကပိလဝတ်နှင့် ဝေသာလီ ခရီးအကွာအဝေးကို တွက်ချက်တိုင်းတာရာ၌ ကုန်းလမ်းခရီးဖြစ်ခြင်း၊ ကုန်းလမ်းခရီး တွက်ယူရာ၌ ရှေးအဆို ယူဇနာများနှင့် ကိုက်ညီခြင်း၊ အိန္ဒိယနိုင်ငံ နယ်နိမိတ် အပါအဝင်ဖြစ်ခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံ ရှေးဟောင်း ဒေသများ အကွာအဝေး တိုင်းတာရာ၌ အသုံးပြုသော "နှစ်မိုင် = ၁ ကောသ၊ လေးကောသ = ၁ ယူဇနာ" ဟူသော စတုတ္ထနည်းကို အသုံးပြု၍ တစ်ယူဇနာကို ၈ မိုင်နှုန်းဖြင့် တွက်ယူလိုပါသည်။ ယင်းသို့ တွက်ယူပါက ရှေးအဆို ကပိလဝတ်နှင့်ဝေသာလီ (၅၁) ယူဇနာ ခရီးသည် ယခုခေတ် အင်္ဂလိပ်မိုင်ဖြင့် ၄၀၈ (၅၁ x ၈ = ၄၀၈) မိုင်ခန့်ရှိမည်ဖြစ်ပါသည်။

## ဝေသာလီသို့ ခြေကျင်ခရီး

ဤမျှ ဝေးကွာသောခရီးကို သွားဖို့စီစဉ်ကြသောအခါ ကပိလဝတ်နှင့် ကောလိယ ရှိ သာကီဝင်မင်းတို့သည် ဆံပင်များကို ရိတ်ပယ်၍ ထေရီမယ်အသွင်ကိုယူပြီးကြသူများအား တား၍လည်း ရနိုင်တော့မည် မဟုတ်သည်ကို သိရှိကြသဖြင့် "ဤမျှ ဝေးကွာသောခရီးကို နူးညံ့သိမ်မွေ့သော နန်းတွင်းသူ မင်းသမီးတို့ ခြေကျင် သွားရန် မသင့်လျော်" ဟု တိုင်ပင်ကြပြီးလျှင် ရွှေထမ်းစင်ငါးရာတို့ကို အသင့်စီမံပေးကြ၏။ သို့ရာတွင် မိထွေးတော်ဂေါတမီနှင့် မင်းသမီး

ငါးရာတို့သည် ထမ်းစင်တို့ကိုစီး၍ သွားကြလျှင် ဘုရားရှင်အား မရှိသေ မလေးစားရာ ရောက်မည်စိုးသဖြင့် မည်သူမျှ မစီးကြဘဲ ကပိလဝတ်မှ (၅၁) ယူဇနာ (၄၀၈- မိုင်ခန့်) ဝေးကွာသော ဝေသာလီ ခရီးကို ခြေကျင်သာ သွားခဲ့ကြလေသည်။

သာကီဝင် မင်းတို့လည်း ထမ်းစင်ဖြင့်သွားရန် တိုက်တွန်း၍ မရသည့်အဆုံး၌ မင်းသမီးတို့ သွားလာမှု လုံခြုံချောမွေ့စေရန်အတွက် အရှေ့အနောက် အစောင့်အရှောက်များကို စီမံပေးကြရ၏။ ဆန်, ဆီ စသည့် စားနပ်ရိက္ခာတို့ကိုလည်း လှည်းများဖြင့် တင်ဆောင်၍ စခန်းချ ရပ်နားရာ နေရာတို့၌ မင်းသမီးတို့အတွက် စားသောက် ဖွယ်ရာနှင့် အိပ်ရာနေရာတို့ကို စီမံဆောင်ရွက်ပေးရန် မင်းချင်း ယောကျ်ားတို့ကိုလည်း တပါတည်း ထည့်လိုက်လေသည်။

နန်းတော်၌ သက်တောင့်သက်သာနေလာခဲ့ကြသော သာကီဝင် မင်းသမီးများသည် ဤမျှဝေးကွာသောခရီးကို ခြေကျင်သွားကြရသဖြင့် အလွန်တရာ ပင်ပန်းနွမ်းနယ်ကြရ၏။ တစ်ကိုယ်လုံး ဇောချွေးများ ပြန်ကာ မြူမှုန်များနှင့် လုံးထွေးနေကြရ၏။ ခရီးကြမ်းကို သွားဖူး လာစ မရှိခဲ့ကြသဖြင့် မင်းသမီးတို့၏ နုနယ်သောခြေတို့မှာ မလှမ်း ချင်အောင် နာကျင်နေကြ၏။ ခြေဖဝါးအစုံတို့မှာလည်း ဖူးရောင် ပေါက်ကွဲ၍ သွေးသံရဲရဲဖြင့် မရှုရက်စရာ ဖြစ်နေကြရသည်။

သို့သော် မိထွေးတော်ဂေါတမီနှင့် သာကီဝင် မင်းသမီး တို့သည်ပင်ပန်းနွမ်းနယ်မှုကို ဥပေက္ခာပြု၍ စားချိန်အိပ်ချိန်မှတပါး မနားမနေ ခရီးဆက်ခဲ့ကြသည်။ ထိုတွင် အံ့ဩဖွယ်ကောင်းသည်မှာ မိထွေးတော် ဂေါတမီပင်ဖြစ်၏။ မိထွေးတော်ကြီးသည် ထိုအချိန်က အသက် (၉၄) နှစ်ခန့်အရွယ် ဇရာပိုင်း သို့ပင်ရောက်ရှိနေပြီဖြစ်၏။ နန်းတွင်း၌ မွေး၍ နန်းတွင်းမှာပင် ကြီးပြင်းခဲ့ရသူ မိထွေးတော်ကြီးသည် ဤမျှကြမ်းတမ်းဝေးကွာသည့် ခရီးကို ခြေကျင်သွားဖို့ရန် စိတ်ကူးမျှပင်

ထည့်ဖူးလိမ့်မည် မဟုတ်ပေ။ ယခုမူအမျိုးသမီးများ၏ နိမ့်ကျသော ဘဝအခြေအနေမှ လွတ်မြောက်၍ မြတ်ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ရရှိရေးအတွက် အသက်အရွယ်ကြီး၍ အိုမင်းရင့်ရော်မှုကိုပင် ပဓာနမထားဘဲ ငယ်ရွယ်သူမင်းသမီးများနှင့်အတူရင်ပေါင်တန်း၍ ကြမ်းတမ်းဝေးကွာသောခရီးကို စွန့်စွန့်စားစား ထွက်ခွာလာခဲ့သည်။ မိထွေးတော်ကြီး၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရည်မှန်းချက် ကြီးမားမှု၊ ဇွဲ၊ လုံ့လရှိမှုနှင့် စွမ်းရည် အားမာန်တို့ကား ထူးခြားမြင့်မြတ်၍ အံ့မခန်းပင်ဖြစ်ပေသည်။

မိထွေးတော်ဂေါတမီ ဦးဆောင်သော သာကီဝင် မင်းသမီးတို့သည် ငါးဆယ့်တစ်ယူဇနာ (၄၀၈ မိုင်ခန့်) ဝေးကွာသည့် ဝေသာလီ ခရီးကို တစ်နေ့တစ်ယူဇနာ (၈ မိုင်) နှုန်းဖြင့် သွားလျှင်ပင် ရက်ပေါင်း ငါးဆယ်ကျော်သွားရမည်ဖြစ်၏။ မြတ်ဗုဒ္ဓ ရာဇဂြိုဟ်မှ ကပိလဝတ်သို့ရဟန္တာ နှစ်သောင်းတို့နှင့်အတူ ခြေကျင်ကြွတော်မူခဲ့စဉ်က ယူဇနာ ခြောက်ဆယ်ခရီးကို တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ရက်ပေါင်းခြောက်ဆယ် ကြွတော်မူခဲ့ရ၏။ ယောကျ်ားသားများပင် တစ်နေ့ တစ်ယူဇနာ ခရီးသာ ကြွတော်မူနိုင်ခဲ့ကြရာ မိန်းမသားများ ဖြစ်ကြသည့် သာကီဝင် မင်းသမီးတို့ အနေဖြင့် ထိုစံနှုန်းထက်ပို၍ သွားနိုင်ကြမည် မဟုတ်ပေ။ သို့ဖြစ်၍ ငါးဆယ့်တစ်ယူဇနာ ဝေးကွာသည့် ဝေသာလီ ခရီးကို ရက်ပေါင်း ငါးဆယ်ကျော်ကြာ စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ အပြည့်အဝဖြင့် ပင်ပန်းဆင်းရဲစွာ သွားခဲ့ကြရမည်ပင်ဖြစ်သည်။

ဤသို့ဖြင့် မိထွေးတော်ဂေါတမီ ဦးဆောင်သော မင်းသမီးတို့သည် ဝါဆိုလပြည့်ကျော်ခန့်မှစ၍ ခရီးထွက်ခဲ့ကြရာ တော်သလင်း လဆန်းပိုင်းတွင် မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တော၊ ကူဋာဂါရ ကျောင်းတိုက်သို့ ရောက်ရှိလာခဲ့ကြသည်။

သို့သော် ယခင်က အမျိုးသမီးများ သာသနာတော်သို့ဝင်၍ ဘိက္ခုနီ ပြုခွင့်ရရေးကို ဘုရားရှင်ကိုယ်တိုင် ပယ်မြစ်တော်မူခဲ့ဖူးသည်ကို တွေး၍ စိတ်အားငယ်ကာ ကျောင်းတိုက်အတွင်းသို့ မဝင်ဝံ့ကြပေ။ ထို့ပြင် "ငါတို့သည် ဘုရားရှင်၏ ခွင့်ပြုချက်မရသေးဘဲ မိမိတို့ ဘာသာ ရဟန်းမအသွင်ကို ဝတ်ဆင်လာခဲ့ကြ၏။ ဤသို့ ရဟန်းမ အသွင် ဝတ်ဆင်လာခဲ့ကြသည်ကိုလည်း ဇမ္ဗူဒိပ်တစ်ကျွန်းလုံး သိရှိကျော်ကြားခဲ့လေပြီ။ ဘုရားရှင်က ငါတို့အား ဘိက္ခုနီပြုခွင့်ကို လွယ်လင့်တကူ ခွင့်ပြုတော်မူခဲ့လျှင် ဆိုဖွယ်မရှိပေ။ အကယ်၍ ခွင့်ပြုတော်မမူခဲ့ပါမူ အကြီးအကျယ် အကဲ့ရဲ့ ခံရပေတော့မည်" ဟု တွေးတော ပြောဆိုကြကာ မျက်ရည်ပြည့်သော မျက်နှာများဖြင့် တံခါးမုဒ်၏ အပြင်ဘက်တွင်ရပ်လျက် ငိုကြွေးနေကြလေသည်။

## ဘိက္ခုနီသာသနာ စတင်ခွင့်ပြုတော်မူခြင်း

ထိုသို့ မိထွေးတော်ဂေါတမီနှင့် သာကီဝင် မင်းသမီးတို့ ကျောင်းတိုက်တံခါးမုဒ်ဝတွင် စုရုံးရောက်ရှိနေကြသည့် သတင်းကို အရှင်အာနန္ဒာ ကြားသိလေလျှင် တံခါးမုဒ်ဝသို့ ကြွလာ၍ မိထွေးတော်ကြီးအား အကြောင်းစုံကို မေးမြန်းတော်မူသည်။

"အို- မိထွေးတော်ဂေါတမီ၊ အဘယ့်ကြောင့် ဖူးရောင်သော ခြေအစုံ၊ မြူမှုန်များ လိမ်းကျံသော ခန္ဓာကိုယ်၊ မျက်ရည် ပြည့်သော မျက်နှာများဖြင့် ငိုကြွေးလျက် တံခါးမုဒ် အပြင် ဘက်၌ ရပ်နေရပါသနည်း"

"အရှင်ဘုရား အာနန္ဒာ၊ ဘုရားရှင်က အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့် ပေးတော်မမူသဖြင့် စိတ် မချမ်းမသာဖြစ်၍ ဤနေရာ၌ ငိုကြွေးလျက်သာ ရပ်နေကြရ ပါသည်"

"မိထွေးတော်ဂေါတမီ၊ သို့ဖြစ်လျှင် ဤနေရာ၌ပင် ခေတ္တ ခဏမျှ စောင့်ဆိုင်းငံ့လင့်နေရစ်ပါ၊ မြတ်စွာဘုရားထံတော်သို့ သွား၍ အမျိုးသမီးများအား သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရအောင် တောင်းပန်လျှောက်ထားပေးပါမည်"

အရှင်အာနန္ဒာသည် မိထွေးတော်ကြီးနှင့် သာကီဝင်မင်းသမီး တို့၏ ဖြစ်ပျက်ပုံ အလုံးစုံကို သိမြင်ရ၍ လွန်စွာပင် သနားကရုဏာ ဖြစ်မိ၏။ ဘုရားရှင်၏ ခွင့်ပြုချက် မရသေးဘဲ မိမိတို့ဘာသာ ရဟန်းမအသွင် ဝတ်ဆင်လာခဲ့ကြခြင်းကို မထောက်ခံရဲသော်လည်း အပြစ်မတင်ရက်ပေ။ မင်းသမီးတို့၏ ဘဝအခြေအနေကို စာနာ ထောက်ထား၍ သူတို့၏ သဒ္ဓါတရားကို တန်ဖိုးထားမိ၏။ သို့ဖြစ်၍ မိထွေးတော်ကြီးအား နှစ်သိမ့်စကားပြောကြားကာ ဘုရားရှင်ထံတော် မှောက်သို့ ဝင်ရောက်၍ ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ မိထွေးတော်ဂေါတမီသည် ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်မှ သာကီဝင်မင်းသမီး ငါးရာတို့ နှင့်အတူ ကျောင်းတော် တံခါးမုဒ်ဝသို့ ရောက်နေပါသည်။ ငါးဆယ့်တစ်ယူဇနာ ဝေးကွာသောခရီးကို ခြေကျင်လာ ခဲ့ကြရသဖြင့် ဖူးဖူးရောင်သော ခြေအစုံ၊ မြူမှုန်လိမ်းကျံသော ခန္ဓာကိုယ်၊ မျက်ရည်ပြည့်သော မျက်နှာများဖြင့် ငိုကြွေးနေကြ ပါသည်။ ဘုရားရှင်က အမျိုးသမီးများအား သာသနာ တော်၌ ဘိက္ခုနီပြုခွင့် မပေးသဖြင့် ကိုယ်ရောစိတ်ပါ ဆင်းရဲကြီးစွာ ခံစားနေကြရပါသည်။ အရှင်ဘုရား တပည့်တော် တောင်းပန်ပါ၏။ အမျိုးသမီးများအာ သာသနာ တော်၌ ဘိက္ခုနီပြုခွင့် ပေးတော်မူပါဘုရား"

"ချစ်သား အာနန္ဒာ.....မသင့်၊ သာသနာတော်သို့ အမျိုးသမီး များ ဝင်ရောက်၍ ဘိက္ခုနီပြုခြင်းကို သင်ချစ်သား

မလိုလား မနှစ်သက်ပါနှင့်”

အရှင်အာနန္ဒာသည် မိထွေးတော်ကြီး၏ ဆင်းရဲဒုက္ခကြီးစွာ ရောက်နေရပုံကို မြင်တွေ့ခဲ့ရ၍ လွန်စွာသနားတော်မူလှသဖြင့် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် အထက်ပါအတိုင်း သုံးကြိမ်သုံးခါတိုင်တိုင် တောင်းပန်လျှောက်ထားသည်။ မြတ်ဗုဒ္ဓကလည်း သုံးကြိမ်လုံးပင် ပယ်မြစ်တော်မူခဲ့သည်။

ထိုအခါ အရှင်အာနန္ဒာသည် “ဘုရားရှင်ကား သာသနာတော်၌ အမျိုးသမီးများအား ဘိက္ခုနီပြုခွင့်ကိုပေးတော်မမူပြီ၊ သို့ရာတွင် မိထွေးတော်ကြီးတို့၏ ပုဂ္ဂလအဓိဋ္ဌာန်ဖြင့် မရလျှင် ဓမ္မာဓိဋ္ဌာန်ဖြင့် တစ်မျိုးတစ်ဖုံ လှည့်၍ လျှောက်တင်ကြည့်ဦးမည်” ဟု ကြံစည်၍ ဤသို့ လျှောက်ထားသည်။

“အရှင်ဘုရား၊ အမျိုးသမီးများသည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုရန် ထိုက်တန်ပါ၏လော”

“ချစ်သားအာနန္ဒာ၊ အမျိုးသမီးများသည် ဘုရားရှင် သာသနာတော်၌ ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုရန် ထိုက်တန်ပေ၏”

“အရှင်ဘုရား၊ အမျိုးသမီးများသည် ဘုရားရှင် သာသနာတော်၌ ရဟန်းပြုသောအားဖြင့် ဖိုလ်လေးတန်ကို မျက်မှောက်ပြုရန် ထိုက်တန်ပါလျှင် အမျိုးသမီးများအား သာသနာတော်၌ ရဟန်းပြုခွင့် ပေးတော်မူစေချင်ပါသည်။ အရှင်ဘုရား၊

မိထွေးတော်ဂေါတမီသည် ဘုရားရှင်အပေါ် အလွန်ကျေးဇူးများသူ ဖြစ်ပါသည်။ ဘုရားရှင်၏ မိထွေးတော်ရင်းလည်း ဖြစ်ပါသည်။ အရှင်ဘုရားကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဖွားသစ်စ အရွယ်မှစ၍ ယုယပိုက်ထွေးကျွေးမွေးခဲ့သူလည်း ဖြစ်ပါသည်။ မယ်တော်မဟာမာယာနတ်ရွာစံချိန်မှစ၍ အရှင်ဘုရားကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့သူလည်းဖြစ်ပါသည် ။အရှင်ဘုရား တောင်းပန် ပါသည်။ အမျိုးသမီးများအား သာသနာတော်၌ ရဟန်းပြုခွင့် ပေးတော်မူပါဘုရား”

ဤသို့ ဓမ္မဓိဋ္ဌာန်အားဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ လျှောက်တင်သောအခါတွင်မှ မြတ်ဗုဒ္ဓက–

“ချစ်သားအနန္ဒာ၊ မိထွေးတော်ဂေါတမီသည် ဂရုဓမ်ရှစ်ပါး ကျင့်ဝတ်တရားကို အသက်ထက်ဆုံး မလွန်ကျူးဘဲ ဦးထိပ်ရွက် ပန်ဆင်လိုက်နာကျင့်သုံးပါမည်ဟု ဝန်ခံငြားအံ့၊ ထိုသို့ ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်းသည်ပင်လျှင် မိထွေးတော်ကြီးအတွက် ရဟန်းခံခြင်းကိစ္စ ဖြစ်စေလော့”

ဟု မိန့်ကြားတော်မူ၍ သာသနာတော်သို့ ဘိက္ခုနီအဖြစ် ဝင်ရောက်လာသည့် အမျိုးထုတစ်ရပ်လုံး လိုက်နာကျင့်သုံးရမည့် ဂရုဓမ်ရှစ်ပါး ကျင့်ဝတ်တရားကို ဟောကြားကာ “ဘိက္ခုနီ သာသနာ” ကို စတင် ခွင့်ပြုတော်မူသည်။

ယင်းသို့ခွင့်ပြုတော်မူရခြင်းမှာလည်း ကမ္ဘာတစ်သိန်းထက်က ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့၍ အရဟတ္တဖိုလ်ရရှိရန် ဥပနိဿယ (အားကြီးသောအကြောင်းအထောက်အပံ့) ရှိပြီးသူ ပါရမီရှင် အမျိုးသမီးများ သာသနာတော်သို့ ဝင်ရောက်နိုင်ရန် အတွက်ပင် ဖြစ်သည်။ ရှေးရှေးဘုရားရှင်တို့လည်း ထိုနည်းအတူပင် ဘိက္ခုနီ

သာသနာကို ခွင့်ပြုတော်မူခဲ့ကြသည်။

မြတ်ဗုဒ္ဓလည်း ဘိက္ခုနီသာသနာ ခွင့်ပြုရမည်ကို ကြိုတင်သိမြင်တော်မူပြီးဖြစ်သည်။ သို့ဖြစ်ပါလျက် အကြိမ်ကြိမ် ပယ်မြစ်တော်မူရခြင်းမှာ အမျိုးသမီးများသည် အစစ်အမှန် သဒ္ဓါတရား အလွန်နည်းပါးကြ၏။ သဒ္ဓါအစစ် ဖြစ်ပြန်ကလည်း မတည်မြဲလှ။ အပြောင်းအလဲ မြန်တတ်ကြ၏။ ထို့ကြောင့် ဘိက္ခုနီပြုခွင့်ကို လွယ်လင့်တကူ ခွင့်မပေးဘဲ ခဲယဉ်းစွာ တောင်းပန်မှ ခွင့်ပြုတော်မူခြင်းဖြစ်သည်။ ထို့ပြင် အကြောင်းတစ်ချက်မှာ လွယ်လွယ်ကူကူရသော ပစ္စည်းထက် ခက်ခက်ခဲခဲရသော ပစ္စည်းကိုမှ ပိုမိုမြတ်နိုး တန်ဖိုးထားတတ်သော လူ့သဘာဝအရ ဘိက္ခုနီဘဝကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်ရန်လည်း ရည်ရွယ်တော်မူသည့် သဘောပင် ဖြစ်သည်။

အရှင်အာနန္ဒာလည်း မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် ဂရုဓမ်ရှစ်ပါးကို ဦးထိပ်ရွက်ပန်ဆင်၍ ကျောင်းတိုက်တံခါးမုခ်ဝ၌ မျှော်လင့်စောင့်စားနေရှာသော မိထွေးတော်ဂေါတမီထံသို့ ဝမ်းမြောက်ဝမ်းသာ ပြောကြားလာ၏။

မိထွေးတော်ဂေါတမီလည်း အရှင်အာနန္ဒာ မိန့်ကြားသည့် စကားကို ကြားရလေလျှင် ဝမ်းမြောက်ဝမ်းသာဖြင့် လက်အုပ်ချီမိုးလျက်–

> "အရှင်ဘုရား အာနန္ဒာ၊ လှချင်ပချင် တန်ဆာဆင်လေ့ရှိသော လုလင်ပျို၊ မိန်းမပျိုသည် ခေါင်းလျှော်, ရေချိုးပြီးကာစ၌ ကြာပန်း၊ မြတ်လေးပန်းစသည်ကို ပေးလာလျှင် မငြင်းဆန်ဘဲ လက်နှစ်ဘက်ဖြင့် တရိုတသေ ခံယူ၍ ဦးခေါင်းတည်းဟူသော မြတ်အင်္ဂါထက်၌ နှစ်သက်မြတ်နိုးစွာ ပန်ဆင်ဘိသကဲ့သို့ တပည့်တော်မသည်လည်း ဤဂရုဓမ်ရှစ်ပါးကို ဦးထိပ်ရွက်

ပန်ဆင်၍ အသက်ထက်ဆုံး မလွန် ကျူးဘဲ လိုက်နာကျင့်သုံး
ပါမည်ဘုရား”

ဟု ဝန်ခံလျှောက်ထားလေသည်။ ဤသို့ ဂရုဓံရှစ်ပါးကို ဝန်ခံခြင်းသည်ပင် မိထွေးတော်ဂေါတမီအတွက် ရဟန်းခံခြင်းကိစ္စ ပြီးမြောက်အောင်မြင်၍ သာသနာတော်၌ အစဆုံး ဘိက္ခုနီအဖြစ်ကို ဆွတ်ခူးရရှိခဲ့လေသည်။ (သိမ်ဝင်၍ ကမ္မဝါစာ ဖတ်စရာ မလို တော့ချေ။)

ဤရဟန်းခံခြင်းမျိုးကို ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ (ဂရုဓံရှစ်ပါး ကို ခံယူခြင်းဖြင့် ခွင့်ပြုအပ်သော ပဥ္စင်းခံခြင်း) ဟုခေါ်သည်။ ဤသာသနာတော်၌ ဂရုဓံရှစ်ပါးကို ခံယူကာမျှဖြင့် ရဟန်းအဖြစ်ကို ရရှိခဲ့သူမှာ မိထွေးတော်ဂေါတမီ တစ်ဦးတည်းသာရှိသည်။ ဤသို့ ဘုရားရှင်၏ အမိန့်အာဏာတော်ဖြင့် ရဟန်းအဖြစ်ကို ရရှိခဲ့သဖြင့် ဘုရားရှင်သည်ပင် အရှင်မကြီး၏ ဥပဇ္ဈာယ်ဆရာ အရာ၌ တည်နေ တော်မူလေသည်။

ဤသို့ အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ရရှိ၍ ဘိက္ခုနီသာသနာတော်ကြီး ပေါ်ထွန်းလာရခြင်းမှာ မိထွေးတော် ဂေါတမီ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရည်ရွယ်ချက် ကြီးမားမှု၊ ဇွဲ၊ လုံ့လရှိမှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုနှင့် အရှင်အာနန္ဒာ၏ ကရုဏာတရားကြီးမားစွာဖြင့် ပံ့ပိုးကူညီမှုကြောင့်ဖြစ်သည်ဟု ဆိုရပေ မည်။

သို့ဖြင့် မြတ်ဗုဒ္ဓဝင်္ဂတိုင်း၊ ဝေသာလီပြည်၊ မဟာဝုန်တော အတွင်းရှိ ကူဋာဂါရကျောင်းတိုက်၌ ပဥ္စမဝါကို ကပ်ဆို သီတင်းသုံး တော်မူစဉ် မဟာသက္ကရာဇ် ၁၀၇–ခုနှစ် (ဘီစီ –၅၈၅) တွင် ဘိက္ခုနီ သာသနာ စတင်ပေါ်ထွန်းလာခဲ့လေသည်။

## ဂရုခံရှစ်ပါးနှင့် ဘိက္ခုနီသာသနာ

"ဂရုခံ" ဟူသောဝေါဟာရမှာ ဂရုဓမ္မမှ ဆင်းသက်လာသည့် ပါဠိသက် ဝေါဟာရဖြစ်သည်။ ယင်းဂရုဓမ္မကို ဂရုဓမ်ဟု မကာရန္တ(မ်-သတ်) ဖြင့်လည်းကောင်း ၊ ဂရုခံဟုနိဂ္ဂဟိတန္တ (သေးသေးတင်) ဖြင့်လည်းကောင်း ရေးသုံးပြုကြ၍ (ဘိက္ခုနီတို့) အလေးအမြတ် ခံယူကျင့်သုံးအပ်သောတရားဟု အဓိပ္ပါယ်ရသည်။

မြတ်ဗုဒ္ဓသည် အမျိုးသမီးများ သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုခွင့်ကို အရှင်အာနန္ဒာ အကြိမ်ကြိမ်တောင်းပန်မှ ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ထိုသို့ ခွင့်ပြုတော်မူရာတွင်လည်း ချွင်းချက်မရှိ ခွင့်ပြုတော်မူခြင်း မဟုတ်ပေ။ မိထွေးတော်ဂေါတမီက ဂရုခံရှစ်ပါးကို အသက်ထက်ဆုံး ဦးထိပ်ရွက်ပန်ဆင် လိုက်နာကျင့်သုံး ပါမည်ဟု ဝန်ခံမှသာ ဘိက္ခုနီပြုခွင့်ပေးရန် အတိအလင်း မိန့်ကြား၍ ချွင်းချက်ဖြင့် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

ဤသို့ မြတ်ဗုဒ္ဓ မိန့်ကြားတော်မူချက်ကို ကြည့်လျှင် ဂရုခံရှစ်ပါးသည် ဘိက္ခုနီသာသနာ ပေါ်ထွန်းလာရေးအတွက် မည်မျှ အရေးပါသည့် သော့ချက်ဖြစ်သည်ကို သိနိုင်ပေသည်။ တစ်နည်းအားဖြင့် ဘိက္ခုနီသာသနာ၏အသက် ဟုလည်း ဆိုသင့်ပါသည်။ အကြောင်းမူ မိထွေးတော်ဂေါတမီသည် ထိုဂရုခံရှစ်ပါးကို အသက်ထက်ဆုံး မလွန်ကျူးဘဲ လိုက်နာကျင့်သုံးပါမည်ဟု ဝန်မခံနိုင်ပါက ဘိက္ခုနီပြုခွင့် မရသဖြင့် ဘိက္ခုနီသာသနာ ပေါ်ထွန်းလာနိုင်မည် မဟုတ်သကဲ့သို့ နောင်လာနောက်သား ဘိက္ခုနီများ အနေဖြင့်လည်း ယင်းဂရုခံရှစ်ပါးကို ဦးထိပ်ရွက်ပန်ဆင် လိုက်နာကျင့်သုံးခြင်း မရှိပါက ဘိက္ခုနီသာသနာ အခွန့်ရှည်စွာ တည်တံ့နိုင်မည် မဟုတ်သောကြောင့်ဖြစ်သည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် အမျိုးသမီးများကို သာသနာတော်

သို့ ဝင်၍ ဘိက္ခုနီပြုခွင့် ပေးခြင်းကြောင့် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘိက္ခုနီသာသနာ၏ သော့ချက်၊ အသက်သဖွယ်ဖြစ်သော ဂရုဓံရှစ်ပါးကို ပညတ်ချက်ထား တော်မူပြီးမှသာ ဘိက္ခုနီအဖြစ် ခွင့်ပြုတော်မူခြင်းဖြစ်သည်။

## ဂရုဓံရှစ်ပါး

ယင်းသို့ ဘိက္ခုနီတို့ အလေးအမြတ်ပြု၍ ခံယူကျင့်သုံးရမည့် ဂရုဓံရှစ်ပါးမှာ–

၁။ ဘိက္ခုနီမသည် သိက္ခာဝါတစ်ရာ ရစေကာမူ ယနေ့မှ ပြုသစ်စဖြစ်သော ရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆို ခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းကို ပြုရမည်။

၂။ ဘိက္ခုနီမသည် (ယူဇနာဝက်အတွင်း ဩဝါဒပေးမည့်) ရဟန်းယောကျ်ား မရှိသောကျောင်း၌ ဝါမဆိုရ။

၃။ ဘိက္ခုနီမသည် လခွဲတိုင်း (ဆယ့်ငါးရက်တစ်ကြိမ်) ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း၊ အဆုံးအမခံရန် ချဉ်းကပ်ခြင်းဟူသော ဤတရားနှစ်ပါးတို့ကို လိုလား တောင့်တရမည်။

၄။ ဘိက္ခုနီမသည် ဝါကျွတ်ပြီးသောအခါ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက် သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ဟူသော အကြောင်းသုံးမျိုးတို့ဖြင့် (အပြစ်ရှိခဲ့သော် ပြောဆိုဆုံးမရန်) ဖိတ်ကြားရမည်။

၅။ ဘိက္ခုနီမသည် သံဃာဒိသေသ်အပတ်သို့ ရောက်လတ် သော် ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သံဃာ၌ ပက္ခမာနတ် (ဆယ့်ငါးရက် ကျင့်ရသော မာနတ်) ကျင့်ရမည်။

၆။ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးတို့၌ ကျင့်ပြီးသော

သိက္ခမာန်အား ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သောသံဃာ၌ ပဉ္စင်းခံခြင်းကို ရှာရမည်။

၇။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို မည်သည့်အကြောင်းနှင့်မျှ မဆဲရေးရ၊ မခြိမ်းချောက်ရ။

၈။ ဤယနေ့မှစ၍ ဘိက္ခုနီမတို့က ရဟန်းတို့အပေါ် ပြောဆိုဆုံးမခွင့်ကို ပိတ်ပင်အပ်၏။ ဘိက္ခုနီတို့အပေါ်တွင်ကား ရဟန်းတို့က ပြောဆိုဆုံးမရမည်။

ဤကျင့်ဝတ်တရားရှစ်ပါးကို အရိအသေ အလေးအမြတ်ပြု၍ အသက်ထက်ဆုံး မလွန်ကျူးဘဲ လိုက်နာကျင့်သုံးရမည် ဟူ၍ဖြစ်သည်။

မိထွေးတော်ဂေါတမီသည် အထက်ပါ ဂရုဓမ်ရှစ်ပါးကို ခံယူခြင်းဖြင့်ပင် ရဟန်းခံခြင်းကိစ္စ ပြီးမြောက်၍ ဘိက္ခုနီအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ဘိက္ခုနီသာသနာ၏အစ၌ ဂရုဓမ်ရှစ်ပါးကို ခံယူခြင်းဖြင့် ရဟန်းအဖြစ်ကို စတင်ခွင့်ပြုပညတ်တော်မူခဲ့လေသည်။

ထူးခြားသည်မှာ ဝိနည်းဒေသနာတော်၌ ရဟန်းများအတွက် သိက္ခာပုဒ်များကို ပညတ်တော်မူရာတွင် မြတ်ဗုဒ္ဓသည် တစ်စုံတစ်ရာသော ကျူးလွန်မှု ဖြစ်ပေါ်လာပြီးမှသာ ထိုအမှုကို နောက်ထပ်တစ်ဖန် မကျူးလွန်ကြစေရန် သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့၏။ ဤနေရာတွင် ဘိက္ခုနီတို့အတွက်ကား ပြစ်မှုကျူးလွန်သည်အထိ စောင့်တော်မမူဘဲ ကြိုတင်၍ ပညတ်တော်မူခြင်းပင်ဖြစ်သည်။ ဤပညတ်ချက်မျိုးကို ပညတ်တော်ကိုးမျိုးတွင် အနုပ္ပန္နပညတ်ဟု ခေါ်ဆိုရလေသည်။ ဤသို့ ကြိုတင်၍ ပညတ်တော်မူရခြင်းမှာလည်း ကန်ဘောင်ကို ရေများ မကျော်လွန်မီက ကြိုတင်၍ ကန်ဘောင်, ကန်သင်း ဖွဲ့ထားသကဲ့သို့ပင် ဖြစ်ပေသည်။

ထိုသို့ ဘိက္ခုနီများအတွက် ကြိုတင်ပညတ်တော်မူအပ်သော ဂရုဓမ်ရှစ်ပါးကို လေ့လာကြည့်လျှင် ဘိက္ခုနီတို့အနေဖြင့် ရဟန်း

ယောကျ်ားများအပေါ် ထာဝစဉ် ရိုသေလေးစားစေရန်နှင့် မိန်းမတို့၏ မာန်မာနကို ချိုးနှိမ်ရန် ရည်ရွယ်၍ ရဟန်းယောကျ်ားများထက် ပိုမိုတင်းကြပ်စွာ ပညတ်ထားသည်ဟု ယူဆရပေသည်။ ယင်းသို့ ပညတ်တော်မူရခြင်းမှာလည်း သာသနာတော် အစွန့်ရှည်စွာ တည်တံ့ရေးပင်ဖြစ်သည်။ ဤအချက်ကို နှိုင်းယှဉ်၍ တင်ပြလိုပါသည်။

## ၁။ ပထမ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး သူဆင်းရဲမျိုးဟူသော အမျိုးလေးပါးတို့တွင် မည်သည့်အမျိုး အနွယ်မှဖြစ်စေ ရဟန်းအဖြစ်သို့ ရောက်ရှိလာသောအခါတွင် အချင်းချင်း တစ်ပါးနှင့်တစ်ပါး ဆက်ဆံရာ၌ သိက္ခာဝါငယ်သူက သိက္ခာဝါကြီးသူကို ရှိခိုခြင်း စသည်ဖြင့် ရိုသေလေးစားမှု ပြုကြရ၏။ ယင်းသို့ ရိုသေလေးစားမှု ပြုနိုင်ရန်အတွက် ရဟန်းဖြစ်စအခါကပင် ရဟန်းသစ်အား ရဟန်းဘဝသို့ ရောက်ရှိသည့် အရိပ်၊ ဥတု၊ နေ့ အဖို့၊ ညအဖို့တို့ကို ပြောကြားထားရလေသည်။ ဘိက္ခုနီတို့ကိုမူ မိမိထက် သိက္ခာဝါ တစ်ရာပင် ကြီးစေကာမူ ရှိခိုးခြင်း စသဖြင့် အရိုအသေ မပြုရပေ။

ဘိက္ခုနီတို့ကား အချင်းချင်းဖြစ်မူ သိက္ခာဝါငယ်သူက သိက္ခာဝါ ကြီးသူကို ရှိခိုးခြင်စသည်ဖြင့် ရိုသေလေးစားမှု ပြုကြရ၏။ ရဟန်း ယောကျ်ားတို့ အပေါ်၌ကား ပထမဂရုဓမ္မအရ မိမိတို့က သိက္ခာဝါ တစ်ရာပင် ရှိနေစေကာမူ ယနေ့မှ ပြုသစ်စဖြစ်သော ရဟန်းအား ရှိခိုးခြင်း စသည်ဖြင့် အရိုအသေပြုကြရမည် ဖြစ်ပေသည်။

## မာတုဂါမကို ရှိမခိုးရ

အထက်ပါ ပထမဂရုဓမ္မ ပညတ်ချက်ကို မိထွေးတော်

ဂေါတမီအနေဖြင့်မူ ပါရမီ ရင့်ကျက်ပြီးသူပီပီ မာန်မာနတရားများကို ချိုးနှိမ်၍ အသက်ထက်ဆုံး လိုက်နာကျင့်သုံးရန် ခံယူပြီးဖြစ်၍ ဆိုဖွယ်ရာ မရှိပေ။ သို့ရာတွင် အခြားသော ဘိက္ခုနီတို့ကမူ သိက္ခာဝါ ကြီးသူ ဘိက္ခုနီများက သိက္ခာဝါငယ်သူ ပြုသစ်စ ရဟန်းများကိုပင် ရှိခိုးဦးချ အရိုအသေပြုနေကြရသည်ကို မလိုလား မနှစ်သက်ကြချေ။ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ အချင်းချင်း ကြီးစဉ်ငယ်လိုက် သိက္ခာဝါငယ်သူက သိက္ခာဝါကြီးသူကို ရှိခိုးခြင်းစသည်ဖြင့် အရိုအသေ ပြုရန် လိုလားကြသည်။ ဤသို့ သိက္ခာဝါ ငယ်ရွယ်သူ ရဟန်းများကို ရှိခိုးဦးချ နေကြရခြင်းမှာ မိထွေးတော်ဂေါတမီ၏ ဝန်ခံမှုကြောင့်ဖြစ်၏။ သို့ဖြစ်၍ မိထွေးတော်ဂေါမီကသာ တောင်းပန်လျှင် ရဟန်း ယောကျ်ားနှင့် ရဟန်းမိန်းမတို့ အချင်းချင်း ကြီးစဉ်ငယ်လိုက် ရှိခိုးခြင်း စသည်ဖြင့် အရိုအသေပြုခြင်းကို ဘုရားရှင် ခွင့်ပြုတော်မူပါလိမ့်မည်ဟု ပြောဆိုလာကြသည်။

သို့ဖြင့် မိထွေးတော်ဂေါတမီသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ အချင်းချင်း ကြီးစဉ်ငယ်လိုက် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း ၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းများကို ခွင့်ပြုပါမည့်အကြောင်း မြတ်ဗုဒ္ဓအား လျှောက်ထား ပေးရန် တောင်းပန်ခဲ့ရလေသည်။

အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ မိထွေး တော်ကြီး၏ တောင်းပန်မှုကို လျှောက်ထားသည်။ ထိုလျှောက် ထားချက်နှင့် ပတ်သက်၍ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း ပြတ်သား စွာ မိန့်ကြားတော်မူသည်။

"အာနန္ဒာ၊ မာတုဂါမ (အမျိုးသမီး) ကို ရဟန်းယောကျ်ား များက ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းများကို ငါဘုရား ခွင့်ပြုဖို့ရန် လုံလောက်သော

အကြောင်း တစ်စုံတစ်ရာ မရှိချေ။ အာနန္ဒာ၊ ချွတ်ယွင်း ဖောက်ပြန် မမှန်သောတရားရှိကြသည့် တိတ္ထိတို့သော်မှ မာတုဂါမ (အမျိုးသမီး)ကို ရှိခိုးဦးချ အရိုအသေ မပြုကြပါဘဲလျက်၊ ငါဘုရားက အဘယ်ကြောင့် မာတုဂါမ (အမျိုးသမီး)ကို ရှိခိုးဦးချ အရိုအသေပြုဖို့ရန် ခွင့်ပြုနိုင်အံ့နည်း”

ထို့နောက် ရဟန်းတို့ကို စည်းဝေးစေပြီးလျှင်–

“ရဟန်းတို့၊ မာတုဂါမ (အမျိုးသမီး) ကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်း အမှုများကို မပြုလုပ်အပ်။ ပြုလုပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ”

ဟု သိက္ခာပုဒ် ပညတ်၍ ရဟန်းယောကျ်ားများက မာတုဂါမ (အမျိုးသမီး) များကို ရှိခိုးဦးချ အရိုအသေ မပြုကြရန် တားမြစ်တော်မူခဲ့သည်။

ဤအချက်ကိုကြည့်လျှင် မြတ်ဗုဒ္ဓသည် သိက္ခာပုဒ်များကို ပညတ်တော်မူရာ၌ ပုဂ္ဂိုလ်တစ်ဦး၊ ပုဂ္ဂိုလ်တစ်စု၏ အလိုဆန္ဒကို လိုက်တော်မမူဘဲ လောက,ဓမ္မလမ်းကြောင်းသို့သာ လိုက်၍ ပညတ်တော်မူသည်ကို တွေ့ရပေသည်။

## ၂။ ဒုတိယ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် နိဿယမုစ္စနက (နိဿယည်းဆရာနှင့် လွတ်ကင်း၍ နေနိုင်သည့်) အင်္ဂါ (၇)ပါး နှင့် ပြည့်စုံ၍ အမိုးအကာရှိသော ဝါဆိုကျောင်းကိုရလျှင် မည်သည့်နေရာ၌မဆို ဝါဆို၊ ဝါကပ် သီတင်းသုံး နေနိုင်ကြ၏။

ဘိက္ခုနီတို့ကား ဒုတိယ ဂရုဓမ္မအရ နိဿယမုစ္စနက အင်္ဂါ (၇)ပါးနှင့် ပြည့်စုံ၍ အမိုးအကာရှိသော ဝါဆိုကျောင်းကို ရစေကာမူ

ထိုကျောင်းသည် ယူဇနာဝက်အတွင်း ဘေးကင်းသော အရပ်၌ ဩဝါဒပေးမည့် ရဟန်းယောကျ်ားမရှိသောကျောင်းမျိုး ဖြစ်နေပါက ထိုကျောင်း၌ ဝါဆိုဝါကပ်ခြင်း မပြုရပေ။ အကြောင်းမူ ဘိက္ခုနီတို့သည် လခွဲတိုင်း (ဆယ့်ငါးရက်တစ်ကြိမ်) ဘိက္ခုသံဃာ့ထံသို့ ဥပုသ်မေးရန်နှင့် ဩဝါဒခံယူလိုပါကြောင်း တောင်းပန်ရန် သွားကြရ၏။ ထိုသို့ ဘိက္ခုသံဃာ့ထံသို့ သွားရာ၌ ယူဇနာဝက်အတွင်း ဘေးအန္တရာယ် ကင်းရှင်းသောအရပ်၌ ရဟန်းယောကျ်ား ရှိမှသာ နေ့ချင်းပြန် သွားလာနိုင်မည်ဖြစ်၏။ သို့ဖြစ်၍ ဘိက္ခုနီများကို ယူဇနာဝက်အတွင်း ဘေးအန္တရာယ် ကင်းရှင်းသောအရပ်၌ ဩဝါဒပေးမည့် ရဟန်းယောကျ်ား မရှိသော ကျောင်းမျိုး၌ ဝါမဆိုရန် ပညတ်တော်မူခြင်းဖြစ်သည်။

## ၃။ တတိယ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် လခွဲတစ်ကြိမ် (ဆယ့်ငါးရက်တစ်ကြိမ်ကျ) လပြည့်၊ လကွယ်နေ့များ၌ ဥပုသ်အိမ်၊ သိမ်အပြင်၌ စည်းဝေး၍ ဥပုသ်ပြုကြရ၏။

ဘိက္ခုနီတို့ကား တတိယဂရုဓမ္မအရ လခွဲတစ်ကြိမ် (ဆယ့်ငါးရက်တစ်ကြိမ်ကျ) လပြည့်လကွယ် ဥပုသ်နေ့များ၌ စာတုဒ္ဒသီဥပုသ်ဖြစ်လျှင် ဆယ့်သုံးရက်နေ့၊ ပန္နရသီဥပုသ်ဖြစ်လျှင် ဆယ့်လေးရက်နေ့များကပင် ဘိက္ခုသံဃာ့ထံသို့ သွား၍ "ယခုလာမည့် ဥပုသ်သည် စတုဒ္ဒသီ (ဆယ့်လေးရက်မြောက်) ဥပုသ်ပါလား၊ ပန္နရသီ (ဆယ့်ငါးရက်မြောက်) ဥပုသ်ပါလား" ဟု ဥပုသ်နေ့ကို မေးခြင်း၊ တပည့်တော်များ ဩဝါဒခံယူလိုပါသည်ဟု ခွင့်တောင်းခြင်းကို ပြုကြရ၏။ ထိုသို့ ဥပုသ်ကိုမေးခြင်း၊ ဩဝါဒကို ခံယူလိုပါကြောင်း ခွင့်တောင်းပြီးလျှင် လပြည့်၊ လကွယ် ဥပုသ်နေ့များ၌

ရဟန်းယောကျ်ားများနည်းတူ ဥပုသ်အိမ်၊ သိမ်အပြင်၌ စည်းဝေး၍ ဥပုသ်ပြုကြရ၏။ ထိုဥပုသ်နေ့၏ နောက်တစ်ရက် (အထွက်တစ်ရက်) ၌ ဩဝါဒ ပေးနိုင်မည့် ဘိက္ခုနောဝါဒက သမ္မုတိရသောရဟန်း တစ်ပါးထံသို့သွား၍ ဩဝါဒကို ခံယူကြရ၏။ ဩဝါဒါစရိယ ရဟန်းက ဘိက္ခုနီတို့ အလေးအမြတ် ခံယူကျင့်သုံးအပ်သည့် ဂရုခံ ရှစ်ပါးနှင့် အခြားသင့်လျော်သည့်တရားကို ဩဝါဒ ပေးရသည်။

## ၄။ ပဝါရဏာ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် ဝါကျွတ်ပြီးသောအခါ ဘိက္ခု သံဃာ့ အထံ၌ မသင့်လျော်သည်ကို မြင်သည်ဖြစ်စေ၊ တစ်ဆင့်စကား ကြားသည်ဖြစ်စေ၊ ယုံမှားသံသယ ရှိသည်ဖြစ်စေ ဤသုံးမျိုးဖြင့် ပြောနိုင်, ဆိုနိုင်, သတိပေး ဆုံးမ,နိုင်ရန် ဖိတ်ကြားရ၏။ ထိုသို့ ဖိတ်ကြားခြင်းကို ရဟန်းယောကျ်ား အချင်းချင်းသာ ပြုဖို့ရန် တာဝန်ရှိကြ၏။

ဘိက္ခုနီတို့ကား ပဝါရဏာဂရုဓမ္မအရ ဘိက္ခုနီသံဃာ့အထံ၌ တစ်ကြိမ်၊ ဘိက္ခုသံဃာ့အထံ၌ တစ်ကြိမ် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော အကြောင်းသုံးမျိုးတို့ဖြင့် အပြစ်ရှိခဲ့သော် ပြောဆို ဆုံးမရန် နှစ်ကြိမ် ဖိတ်ကြားရ၏။ ယင်းသို့ ဖိတ်ကြားခြင်းကို ရှေးဦးစွာ ဆယ့်လေးရက် အဖိတ်နေ့တွင် ဘိက္ခုသံဃာ့အထံ၌ ပြုကြရ၏။

ထိုနေ့မှာပင် မနက်ဖြန် ဘိက္ခုသံဃာ့အထံ၌ ဖိတ်ကြားဖို့ရန် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီတစ်ဦးကို ရွေးချယ်၍ သမ္မုတိပေးကြရ၏။ လပြည့်နေ့၌ ဘိက္ခုနီအားလုံး ဘိက္ခုသံဃာ့ အထံသို့ သွားရောက်ကြပြီးလျှင် ဖိတ်ကြားဖို့ရန် ရွေးချယ်ခံထားရသည့် သမ္မုတိရသူ ဘိက္ခုနီမက ဘိက္ခုနီသံဃာအားလုံးကို ကိုယ်စားပြု၍

မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း ဟူသော အကြောင်းသုံးမျိုးဖြင့် အပြစ်ရှိခဲ့သော် ပြောဆိုဆုံးမရန် ဖိတ်ကြားရ၏။ ဤသို့ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာ့အထံ၌ နှစ်ကြိမ် ဖိတ်ကြားရလေသည်။

## ၅။ ပဉ္စမ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် သံဃာဒိသေသ်အာပတ် သင့်ရောက်ခဲ့သော် အာပတ်သင့်ကြောင်းကို ဖွင့်ဟမပြောဘဲ ဖုံးလွှမ်းထားမိခဲ့သည့် ညဉ့်အရေအတွက်အတိုင်း ဘိက္ခုသံဃာ့အထံ၌ ပရိဝါသ် ဆောက်တည်ကြရ၏။ ယင်းသို့ ပရိဝတ် ဆောက်တည်ပြီးသော ရဟန်းသည် မိမိ၏ အကျင့်သီလအပေါ် အခြားရဟန်းတော်များ၏ ယုံကြည်စိတ်ချ နှစ်သက်မြတ်နိုးမှု ရှိစေရန် ခြောက်ညဉ့်ပတ်လုံး မာနတ်အကျင့်ကို ကျင့်ရ၏။ အာပတ်ကို တစ်ညဉ့်မျှ ဖုံးလွှမ်းထားခြင်း မပြုဘဲ နေ့ချင်းညချင်း ဖွင့်ဟဝန်ခံမှု ပြုထားသောရဟန်းမှာ ပရိဝါသ် ဆောက်တည်ရန် မလိုဘဲ မာနတ်အကျင့်ကိုသာ ကျင့်ရ၏။ ခြောက်ညဉ့် မာနတ်ကျင့်ပြီးသော ရဟန်းသည် အာပတ်စင်ကြယ်သော (ပကတတ်) ရဟန်းအဖြစ် ပြန်လည် အသိအမှတ်ပြုခံနိုင်ရန်အတွက် သိမ်အတွင်း၌ အနည်းဆုံး သံဃာနှစ်ဆယ် စည်းဝေးစေ၍ မိမိအား သံဃာ့အဖွဲ့ အစည်း အတွင်းသို့ ပြန်လည်ခေါ်ဆောင်ပါရန် ရှိခိုးတောင်းပန်ရ၏။ ထိုအခါ နှစ်ကျိပ်ပြည့်သော ဘိက္ခုသံဃာက ဉတ္တိစတုတ္ထကမ္မဝါစာ ဖတ်၍ သံဃာ့ဘောင်သို့ ပြန်လည်သွင်းခေါ်ခြင်း "အဗ္ဘာနကံ" ကို ပြုကြရသည်။

ဘိက္ခုနီတို့ကား ပဉ္စမဂရုဓမ္မအရ သံဃာဒိသေသ် အာပတ် သင့်ခဲ့သော်ရဟန်းယောကျ်ားများကဲ့သို့ ပရိဝတ် ဆောက်ရန် မလိုချေ။ အာပတ်ကို ဖုံးလွှမ်းသည်ဖြစ်စေ၊ မဖုံးလွှမ်းသည်ဖြစ်စေ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာ့အထံ၌ ပက္ခမာနတ် (ဆယ့်ငါးရက်

ကျင့်ရသော မာနတ်) အကျင့်ကိုသာ ကျင့်ကြရ၏။ ယင်းသို့ ပက္ခမာနတ် ကျင့်ပြီးသော ဘိက္ခုနီမကို အနည်းဆုံး နှစ်ဆယ် အရေအတွက်ရှိသော ဘိက္ခုနီသံဃာက သိမ်အတွင်း၌ ဥတ္တိစတုတ္ထ ကမ္မဝါစာကိုဖတ်၍ သံဃာ့ဘောင်သို့ ပြန်လည်သွင်းခေါ်ခြင်း "အဗ္ဘာနကံ"ကို ပြုကြရသည်။ ဤ၌ ထူးခြားသည်မှာ ရဟန်း ယောကျ်ားများသည် အာပတ်ကို ဖုံးလွှမ်းထားသော ညဥ့်အရေ အတွက်အတိုင်း ပရိဝါသ် ဆောက်တည်ရ၍ မာနတ်အကျင့်ကို ခြောက်ညဥ့်သာ ကျင့်ရ၏။ ဘိက္ခုနီတို့ကား ပရိဝါသ် ဆောက်တည်ရန် မလိုဘဲ တစ်ဆယ့်ငါးရက် ပက္ခမာနတ် ကျင့်ကြရခြင်းပင်ဖြစ်သည်။

## ၆။ ဆဋ္ဌမ ဂရုဓမ္မ

ရဟန်းတော်များသည် ရဟန်းပြုလိုသော အမျိုးကောင်းသားကို ရှေးဦးစွာ ဆံပင်၊ မုတ်ဆိတ်၊ ကျင်စွယ်တို့ကို ရိတ်ပယ်စေခြင်း၊ ဖန်ရည်ဆိုး အဝတ်သင်္ကန်းကို ဝတ်ရုံစေခြင်း၊ သရဏဂုံသုံးပါးကို ပီပီသသ ပို့ချပေးခြင်း ဟူသော အင်္ဂါရပ် သုံးပါးတို့ဖြင့် ရှင်သာ မဏေပြုပေးရ၏။

ထို့နောက် အသက်နှစ်ဆယ်ပြည့်၍ ရဟန်းအဖြစ်သို့ ရှုင့်နေသူ ရဟန်းလောင်း သာမဏေကို သိမ်အတွင်း၌ မဇ္ဈိမဒေသဖြစ်လျှင် အနည်းဆုံး ရဟန်း ဆယ်ပါး ၊ ပစ္စန္တရစ် (တိုင်းစွန်ပြည်နားဖြစ်သော မြို့ရွာ) အရပ်ဒေသဖြစ်လျှင် အနည်းဆုံး ငါးပါး ၊ အရေအတွက် ရှိသော ဘိက္ခုသံဃာက ဥတ္တိစတုတ္ထ ကမ္မဝါစာကို ဖတ်၍ ရဟန်း ခံပေးခြင်းဖြင့် ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်၏။

ဘိက္ခုနီတို့ကား ဘိက္ခုနီ ပြုလိုသော အမျိုးကောင်းသမီးကို ရှေးဦးစွာ အထက်ဖော်ပြပါ အင်္ဂါရပ်သုံးပါးတို့ဖြင့်ပင် သာမဏေရီ (သာမဏေမ) ပြုပေးရ၏။ ထို့နောက် အသက်ပြည့်သော်လည်း

ရဟန်းပြုမပေးရသေးဘဲ "ဆဋ္ဌမ ဂရုဓမ္မအရ သိက္ခမာန်ဘဝ၌ နှစ်နှစ်လုံးလုံး ပါဏာတိပါတ၊ အဒိန္နာဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ သုရာမေရယ၊ ဝိကာလဘောဇန ဟူသော သိက္ခာပုဒ်ခြောက်ပါးကို မကျိုးမပေါက်အောင် စောင့်ထိန်းစေရ၏။ ထိုသို့ သိက္ခာမာန် ဖြစ်ဖို့ရန်လည်း ဘိက္ခုနီသံဃာ့ထံ သိက္ခာသမ္မုတိကို တောင်းရ၏။ ဘိက္ခုနီသံဃာ့ထံမှ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော သိက္ခာသမ္မုတိကို ရပြီးမှ "ပါဏာတိပါတာ ဝေရမဏိံ ဒွေ့ဝဿာနိ အဝီတိက္ကမ္မသမာဒါနံ သမာဒိယာမိ=သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်ပတ်လုံး မလွန်ကျူးဘဲ ဆောက်တည်ပါ၏" စသည်ဖြင့် သိက္ခာပုဒ် ခြောက်ပါးကို ဆောက်တည်စေရ၏။ ထိုသိက္ခာပုဒ်ခြောက်ပါးတို့ကို ကျင့်နေဆဲဖြစ်သော သာမဏေရီ (သာမဏေမ)ကိုပင် သိက္ခမာန် (သိက္ခာကို မြတ်နိုးသူ) ဟုခေါ်၏။

## သိက္ခမာန် (၃)မျိုး

ထိုသိက္ခမာန်သည်-

(၁) မဟာသိက္ခမာန်

(၂) ဂိဟိဂတာသိက္ခမာန်

(၃) ကုမာရိဘူတာသိက္ခမာန် ဟူ၍ သုံးမျိုးရှိ၏။

ထိုတွင် အသက် ၂၀ ကျော်ပြီးသူ သာမဏေမကို မဟာသိက္ခမာန် ဟုခေါ်၏။ ၎င်းကို သိက္ခာသမ္မုတိ ပေးသည့်အခါ ဉတ်ကမ္မဝါစာတို့၌ ယောကျ်ားတစ်ပါး သွားလာအပ်ပြီးသူ ဂိဟိဂတာဖြစ်စေ၊ ယောကျ်ားနှင့် မသွားလာ မဆက်ဆံဖူးသူ အပျိုစင် ကုမာရိဘူတာဖြစ်စေ "သိက္ခမာနာ" ဟု သာခေါ်ဝေါ်သုံးစွဲရသည်။ "ဂိဟိဂတာ" ဟုလည်းကောင်း၊ "ကုမာရိဘူတာ" ဟုလည်းကောင်း မခေါ်ဝေါ် မသုံးစွဲရချေ။

အသက် ၁၀နှစ်မှ ၁၈နှစ်အတွင်း ယောကျ်ားတစ်ပါး သွားလာအပ်ပြီးသူ (ဂိဟိဂတာ) သာမဏေမများကို "ဂိဟိဂတာ သိက္ခမာန်" ဟု ခေါ်၏။ ၎င်းတို့ကို သိက္ခာသမ္မုတိ ပေးသည့်အခါ ဥတ်ကမ္မဝါစာတို့၌ "ဂိဟိဂတာ" ဟုလည်းကောင်း " သိက္ခမာနာ" ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲနိုင်၏။

၁၈နှစ်မှ အနှစ် ၂၀ အတွင်း ယောကျ်ား သွားလာအပ်ပြီးသူ "ဂိဟိဂတာ" သာမဏေမများကိုမူ"ဂိဟိဂတာ သိက္ခမာနာ" ဟူသော နာမည်အပြင် "ကုမာရိဘူတာ" ဟုလည်း ခေါ်ဝေါ်သုံးစွဲနိုင်၏။ အကြောင်းကား– အသက် ၁၈ နှစ်မှ ၂၀ အတွင်း အရွယ်သည် ကုမာရိဘူတ သာမဏေမတို့၏ သိက္ခာ (၆)ပါးကို ကျင့်ရာအရွယ် ဖြစ်သောကြောင့်ဖြစ်၏။

၁၈နှစ်မှ အနှစ် ၂၀ အတွင်း ယောကျ်ားနှင့် မသွားလာ မဆက်ဆံဖူးသူ အပျိုစင် သာမဏေမများကို "ကုမာရိဘူတာ သိက္ခမာန်"ဟု ခေါ်၏။ ၎င်းတို့ကို သိက္ခာသမ္မုတိ ပေးသည့်အခါ ဥတ်ကမ္မဝါစာ တို့၌ "ကုမာရိဘူတာ" ဟုလည်းကောင်း၊ "သိက္ခမာနာ" ဟုလည်း ကောင်း ခေါ်ဝေါ်သုံးစွဲနိုင်၏။ "ဂိဟိဂတာ" ဟုကား မခေါ်ဝေါ် မသုံးစွဲရချေ။

ထိုတွင် ယောကျ်ားတစ်ပါး သွားလာအပ်ဖူးသော (ဂိတိဂတာ) မိန်းမသားတို့သည် အချမ်းအပူစသော ဆင်းရဲဒုက္ခများကို အပျိုစင်ထက် ခံနိုင်ရည်ရှိကြ၏။ ထို့ကြောင့် အသက် ၁၂ နှစ် ပြည့်၍ နှစ်နှစ်ပတ်လုံး (၆)ပါးသော သိက္ခာပုဒ်တို့၌ ကျင့်ပြီးသော ဂိဟိဂတာသိက္ခမာန်သည် ဝုဋ္ဌာနသမ္မုတိ ကို ရမှ ဘိက္ခုနီပြုခွင့်ရ၏။

ယောကျ်ားနှင့် မသွားလာ မဆက်ဆံဘူးသော အပျိုစင် (ကုမာရိဘူတာ) မိန်းမသားတို့ကား စိတ်ရောကိုယ်ပါ နုနယ်ကြ၏။ အချမ်းအပူစသော ဒုက္ခများကို ယောကျ်ားတစ်ပါး သွားလာအပ်ဖူးသော

(ဂိဟိဂတာ) မိန်းမများလောက် ခံနိုင်ရည် မရှိကြချေ။ အသက် ၂၀ အရွယ်ရောက်မှသာ ထိုဒုက္ခများကို ခံနိုင်ရည်ရှိကြ၏။ သို့ဖြစ်၍ အပျိုစင် ကုမာရိဘူတာသိက္ခမာန်သည် အသက် ၂၀ ပြည့်မှသာ ဘိက္ခုနီပြုခွင့်ကို ရနိုင်၏။

## သာမဏေရီသီလနှင့် သိက္ခမာန်သီလ

ရှိးရိုးသာမဏေရီ (သာမဏေမ) များသည်-

(က) ပါဏာတိပါတာဝေရမဏီ
(ခ) အဒိန္နာဒါနာဝေရမဏီ
(ဂ) အဗြဟ္မစရိယာဝေရမဏီ
(ဃ) မုသာဝါဒါဝေရမဏီ
(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏီ
(စ) ဝိကာလဘောဇနာဝေရမဏီ
(ဆ) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ
(ဇ) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ
(ဈ) ဥစ္စာသယန မဟာသယနာ ဝေရမဏီ
(ည) ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ ဟု ဆို၍ သိက္ခာပုဒ် (၁၀)ပါးတို့ကို ဆောက်တည်ရ၏။

သိက္ခမာန်တို့ကား-

(က) ပါဏာတိပါတာဝေရမဏီ ဒွေဝဿာနိ အဝိတိက္ကမ္မ သမာဒါနံ သမာဒိယာမိ
(ခ) အဒိန္နာဒါနာဝေရမဏီ ဒွေဝဿာနိ အဝိတိတက္ကမ္မ သမာဒါနံ သမာဒိယာမိ
(ဂ) အဗြဟ္မစရိယာဝေရမဏီ ဒွေဝဿာနိ အဝိတိက္ကမ္မ

သမာဒါနံ သမာဒိယာမိ

(ဃ) မုသာဝါဒါဝေရမဏီ ဒွေဝဿာနိ အဝိကိက္ကမ္မ သမာဒါနံ သမာဒိယာမိ

(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏီ ဒွေဝဿာနိ အဝိတိက္ကမ္မ သမာဒါနံ သမာဒိယာမိ

(စ) ဝိကာလဘောဇနာဝေရမဏီ ဒွေဝဿာနိ အဝိတိက္ကမ္မ သမာဒါနံ သမာဒိယာမိ " ဟု ဆို၍ သိက္ခာပုဒ် (၆)ပါးတို့ကို အထူးပြု ဆောက်တည်ရ၏။ ထိုတွင် ရိုးရိုးသာမဏေတို့၏ စောင့်ထိန်းမှုကား သိက္ခာပုဒ် တစ်ပါးပါးပျက်လျှင် သက်ဆိုင်ရာ ဒဏ်ထမ်းခြင်း၊ လူဝတ်လဲ၍ သိက္ခာပုဒ်များကို နောက်ထပ် ဆောက်တည်ခြင်းမျှဖြင့် ပြီးနိုင်၏။ သိက္ခမာန်အဖြစ် ကျင့်နေသူကား သိက္ခာပုဒ် (၆)ပါးတွင် တစ်ပါးပါး ပျက်လျှင် အစမှစ၍ ပြန် ဆောက်တည်ရ၏။ ဥပမာအားဖြင့် နှစ်နှစ်ပြည့်ကာနီးမှ သိက္ခာပုဒ် တစ်ပါးပါးပျက်ပြားလျှင် ပထမရက်က ပြန်၍ ဆောက်တည်ရ၏။ နှစ်နှစ်နီးပါး စောင့်ထိန်းပြီးသား ရက်များ အချည်းနှီး ဖြစ်သွားတော့၏။ ဤသို့ နှစ်နှစ်တိတိ သိက္ခာပုဒ် (၆)ပါးကို မပျက်မစီးအောင် စောင့်ထိန်းပြီးသူ သိက္ခမာန်ကို ဘိက္ခုနီပြုပေးလိုလျှင် သိက္ခမာန်ဘဝမှ ထမြောက်ကြောင်း ဝုဋ္ဌာနသမ္မုတိကို ဘိက္ခုနီသံဃာ့ထံ ခွင့်တောင်းရ၏။

ဘိက္ခုနီသံဃာ့ထံမှ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော ဝုဋ္ဌာနသမ္မုတိရပြီးသော သိက္ခမာန်ကို ရှေးဦးစွာ ဘိက္ခုနီသံဃာ့ထံ၌ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် တစ်ကြိမ် ရဟန်းခံရ၏။ ထို့နောက် ဘိက္ခုသံဃာ့အထံ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် တစ်ကြိမ်ရဟန်းခံရ၏။ ဤသို့ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သောသံဃာ့အထံ၌ နှစ်ကြိမ် ရဟန်းခံပြီးမှသာ ဘိက္ခုနီပြုခြင်းကိစ္စ ပြီးမြောက်အောင်မြင်၏။ ဤအချက်များကိုကြည့်လျှင် ဘိက္ခုနီတို့၏ ရဟန်းခံခြင်းသည်

ရဟန်းယောကျ်ားတို့၏ ရဟန်းခံခြင်းထက် မည်မျှခက်ခဲသည်ကို သိနိုင်ပေသည်။

## ၇။ သတ္တမ ဂရုဓမ္မ

ရဟန်းယောကျ်ားများသည် ရဟန်းအချင်းချင်း အက္ကောသ ဝတ္ထု ဆယ်မျိုးတို့ဖြင့် ဆဲရေးလျှင် ပါစိတ်အာပတ် သင့်၏။ ဘိက္ခုနီ နှင့် လူသာမဏေတို့ကို ဆဲရေးလျှင်ကား ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီတို့ကား သတ္တမဂရုဓမ္မအရ ရဟန်းယောကျ်ားများကို မည်သည့်အကြောင်း မည်သည့်နည်းပရိယာယ်နှင့်မျှ မဆဲရေးရ။ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကိုပြ၍လည်း မခြိမ်းခြောက်ရချေ။ အကယ်၍ ရဟန်းယောကျ်ားများကို အက္ကောသ ဝတ္ထုဆယ်မျိုးတွင် တစ်မျိုးမျိုးကို ထိခိုက်၍ ဆဲရေးလျှင် ပါစိတ်အာပတ် သင့်၏။ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကိုပြ၍ ခြိမ်းခြောက်လျှင်လည်း ပါစိတ်အာပတ်သင့်၏။ သာမဏေနှင့် လူဝတ်ကြောင်များကို ဆဲဆိုခြိမ်းခြောက်လျှင်ကား ဒုက္ကဋ်အာပတ် သင့်၏။

ဤသို့ ဘိက္ခုနီများအနေဖြင့် ရဟန်းယောကျ်ားများကို မဆဲဆို၊ မခြိမ်းခြောက်ရန် ရဟန်းယောကျ်ားများထက် ကြီးလေးသော အာပတ်ဖြင့် ပညတ်ထားသည်ကို တွေ့ရပါသည်။

## ၈။ အဋ္ဌမ ဂရုဓမ္မ

အဋ္ဌမဂရုဓမ္မအရ ဘိက္ခုနီတို့က ရဟန်းယောကျ်ားများအပေါ် ပြောဆိုဆုံးမခွင့်ကို ဟားမြစ်ပိတ်ပင်ထားသဖြင့် ဘိက္ခုနီတို့သည် အကြီးအကဲအရာ၌တည်၍ ရဟန်းယောကျ်ားများကို “ဒီလိုသွား၊ ဒီလိုလာ၊ ဒီလိုဝတ်၊ ဒီလိုရုံ” စသည်ဖြင့် မပြောဆို မဆုံးမရချေ။

အကယ်၍ ပြောဆိုဆုံးမဖွယ် အပြစ်တစ်စုံတစ်ရာ တွေ့စေကာမူ တိုက်ရိုက်ပြောဆို မဆုံးမရဘဲ "ရှေ့က မထေရ်ကြီးများတော့ ဒီလို မသွားလာ မ၀တ်ကြပါဘူး" စသည်ဖြင့် ပရိယာယ်စကားမျှကိုသာ ပြောဆိုရ၏။

ရဟန်းယောကျ်ားတို့ကား အကြီးအကဲအရာ၌တည်၍ ဘိက္ခုနီများကို " ဒီလို၀တ်၊ ဒီလိုရုံ၊ ဒီလို မ၀တ်နဲ့၊ ဒီလိုမရုံနဲ့" စသည်ဖြင့် ပြောဆိုဆုံးမနိုင်၏။ ပြောဆိုဆုံးမဖွယ် အပြစ်တစ်စုံတစ်ရာတွေ့လျှင် ငေါက်ငန်း၍ပင် ပြောဆိုဆုံးမနိုင်၏။

ဤ၌လည်း ရဟန်းယောကျ်ားတို့အား ဘိက္ခုနီများအပေါ် ပြောဆိုဆုံးမဖို့ရန် အခွင့်အရေး အပြည့်အ၀ ပေးထားသည်ကို တွေ့ရ၏။ ဂရုဓမ်တရားရှစ်ပါးကို ခြုံ၍ကြည့်လျှင် ရဟန်းယောကျ်ားများ ထက် ဘိက္ခုနီများကို ပို၍ တင်းကြပ်စွာ ပညတ်ထားသည်ကို တွေ့ရပါသည်။

အထက်ပါ နှိုင်းယှဉ်ဖော်ပြချက်များကို ကြည့်လျှင် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူ ရဟန်းပြုခွင့် ပေးသည်ဟု ဆိုသော်လည်း နှိမ့်ချလွန်းသည်။ အချုပ်အချယ် များလွန်းသည်ဟု ယူဆဖွယ်ရှိ၏။ စင်စစ်အားဖြင့် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ရှေ့သွားခေါင်းဆောင်ပြု၍ ကြိုးပမ်း ဆောင်ရွက်ခဲ့သူ မိထွေးတော်ဂေါတမီသည် အမျိုးအနွယ်အားဖြင့် လည်းကောင်း၊ အဆင့်အတန်း အားဖြင့်လည်းကောင်း အမျိုးသမီးတို့ တွင် အထွတ်အထိပ်ဆုံးဖြစ်၏။

ယင်းအချက်များကို အကြောင်းပြု၍မာန်မာန ထော်လွှားနိုင် သည်။ ရဟန်းဘ၀သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော ကိလေသာတရားတို့ ကင်းစင်၍ သံသရာ၀ဋ်ဒုက္ခမှ လွတ်မြောက်ရန် ကျင့်ရ၏။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် သာကီ၀င်မျိုးတို့၏ မာန်မာနကို

ချိုးနှိမ်ပြီးဖြစ်စေရန် ရည်ရွယ်၍ ဂရုခံရှစ်ပါးကို ပညတ်တော်မူခြင်းလည်း ဖြစ်ပေမည်။ အကြောင်းတစ်ချက်မှာ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ဆိုဘိသကဲ့သို့ မိထွေးတော်ဂေါတမီလို အထွတ်အထိပ် မိန်းမမျိုးသော်မှ မာန်မာနကို ချိုးနှိမ်၍ ဂရုခံတရားကို လိုက်နာနိုင်ခဲ့သေးလျှင် အခြားသော မိန်းမတို့အနေဖြင့်လည်း မာန်မာနကို ချိုးနှိမ်၍ ဂရုခံရတရားကို လိုက်နာကျင့်သုံးနိုင်ကြပေမည်။ ထို့ပြင် နောင်အခါ၌ သဒ္ဓါ၊ ပညာနည်းပါးသော အမျိုးသမီးများလည်း သာသနာတော်သို့ ဝင်ရောက်လာကြ၍ ရဟန်းယောကျ်ားများနှင့် ရောယှက်ရှုပ်ထွေးကာ သာသနာတော် တည်တံ့ရေးသည် ထက်ဝက်ခန့် လျော့ပါး၍ လျင်လျင်မြန်မြန် ပျောက်ကွယ်သွားမည့်အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့်လည်း ဂရုခံတရားကို ပညတ်တော်မူခြင်းဖြစ်သည်။ ထိုအကြောင်းကို အရှင်အာနန္ဒာအား မြတ်ဗုဒ္ဓကိုယ်တော်တိုင် အတိအလင်း မိန့်ကြားတော်မူခဲ့သည်။

"အာနန္ဒာ၊ မြတ်စွာဘုရား သာသနာတော်၌ မာတုဂါမ (အမျိုးသမီး) တို့သာ ရဟန်းပြုခွင့် မရခဲ့ကြလျှင် ဤသာသနာတော်သည် နှစ်ပေါင်း တစ်ထောင်အထိ တည်လိမ့်မည်။ ယခုမူကား မာတုဂါမ (အမျိုးသမီး)တို့ ရဟန်းပြုခွင့် ရကြသောကြောင့် သာသနာတော်သည် နှစ်ပေါင်းငါးရာသာ တည်လတ္တံ့."

"အာနန္ဒာ၊ ဥပမာအားဖြင့် ဖလံဖြူနာ (ဆစ်ပိုးနာ) ကျရောက်သော သလေးစပါးခင်းသည် ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ ထို့အတူပင် မာတုဂါမ (အမျိုးသမီး)တို့ ရဟန်းပြုခွင့် ရကြသောအခါ သာသနာတော်သည် ကြာမြင့်စွာ မတည်တံ့နိုင်ပေ"

"အာနန္ဒာ၊ ဥပမာအားဖြင့် အရုဏ်ရောဂါ ကျရောက်သော

ကြံခင်းသည် ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ ထို့အတူပင် မာတုဂါမ (အမျိုးသမီး)တို့ ရဟန်းပြုခွင့် ရကြသော သာသနာတော်သည် ကြာမြင့်စွာ မတည်တံ့နိုင်ပေ"

"အာနန္ဒာ၊ ယောကျ်ားသည် ရေကန်ကြီး၏ ကန်ဘောင်ရိုးကို ရေများ မကျော်လွန်နိုင်အောင် ကြိုတင်၍ ကန်ဘောင်ရိုး ဖွဲ့သကဲ့သို့ ထို့အတူပင် ငါဘုရားသည် ဘိက္ခုနီတို့အား ကြိုတင်၍ ဂရုဓမ်ရှစ်ပါးကို ပညတ်ခဲ့ပြီ၊ ထိုဂရုဓမ်ရှစ်ပါးကို ဘိက္ခုနီတို့ အသက်ထက်ဆုံး မကျူးလွန်အပ်ပေ "

ဟူ၍ဖြစ်ပါသည်။

အထက်ပါ မြတ်ဗုဒ္ဓ၏ မိန့်ကြားတော်မူချက်များသည် ဂရုဓမ် တရားရှစ်ပါးသည် ဘိက္ခုနီသာသနာတော်ကြီး ပေါ်ထွန်းလာရေး အတွက် အဓိကသော့ချက်ဖြစ်ရုံသာမက သာသနာတော်အဓွန့်ရှည်စွာ တည်တံ့ရေးအတွက်လည်း အသက်သဖွယ်ဖြစ်၍ မည်မျှအရေးပါသည် ဟူသော အချက်ကို ညွှန်ပြလျက်ရှိပါသည်။

## သာသနာနှစ်ငါးထောင်

"သာနာတော်၌ မာတုဂါမ (အမျိုးသမီး) တို့ ရဟန်းပြုခွင့် မရခဲ့ကြလျှင် ဤသာသနာတော်သည် နှစ်ပေါင်းတစ်ထောင်အထိ တည်တံ့လိမ့်မည်။ ယခုမူကား မာတုဂါမ (အမျိုးသမီး)တို့ ရဟန်းပြုခွင့် ရကြသောကြောင့် သာသနာတော်သည် နှစ်ပေါင်းငါးရာသာ တည်လတ္တံ့" ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခြင်းသည် အမြတ်ဆုံး ပါရမီအလွန်ကဲဆုံးဖြစ်သော ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်ကိုသာ ရည်ရွယ်၍ မိန့်တော်မူခြင်းဖြစ်၏။ ထိုပဋိသမ္ဘိဒါ ပတ္တ ရဟန္တာခေတ် မှာလည်း ဂရုဓမ်ရှစ်ပါး အတားအဆီးကို ကြိုတင်ပညတ်တော်မူခဲ့သဖြင့် နှစ်ပေါင်းငါးရာမက မူလအတိုင်း နှစ်ပေါင်းတစ်ထောင်တည်တံ့မည်ဟု

ဗုဒ္ဓမတ္တညူ (ဘုရားရှင်၏ အလိုတော်ကို သိသူ) အဋ္ဌကထာဆရာ အရှင်မြတ်တို့ ဖွင့်ဆိုကြပါသည်။

ထို့နောက် သာသနာနှစ်ငါးထောင်ကို ပိုင်းခြားပြဆိုတော်မူကြ၏။ ထိုသို့ သာသနာနှစ်ငါးထောင် ပိုင်းခြားပြဆိုတော်မူရာတွင် အဋ္ဌကထာတို့ တစ်ကျမ်းနှင့်တစ်ကျမ်း ရေတွက်ပုံချင်း တူညီမှု မရှိသည်ကို တွေ့ရပါသည်။

ဝိနည်းအဋ္ဌကထာ၌ –

(က) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ် ၁၀၀၀
(ခ) သုက္ခဝိပဿကရဟန္တာခေတ် နှစ် ၁၀၀၀
(ဂ) အနာဂါမ်ခေတ် နှစ် ၁၀၀၀
(ဃ) သကဒါဂါမ်ခေတ် နှစ် ၁၀၀၀
(င) သောတာပန်ခေတ် နှစ် ၁၀၀၀

အားဖြင့် နှစ်ပေါင်းငါးထောင်ပတ်လုံး ပဋိဝေဓသာသနာတော် တည်တံ့မည်ဟု ပြဆိုထားပါသည်။

ဒီဃနိကာယ် အဋ္ဌကထာ၌ကား

(က) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ် ၁၀၀၀
(ခ) ဆဠဘိညရဟန္တာခေတ် နှစ် ၁၀၀၀
(ဂ) တေဝိဇ္ဇရဟန္တာခေတ် နှစ် ၁၀၀၀
(ဃ) သုက္ခဝိပဿကရဟန္တာခေတ် နှစ် ၁၀၀၀
(င) ပါတိမောက္ခခေတ် နှစ် ၁၀၀၀

အားဖြင့် နှစ်ပေါင်းငါးထောင် တည်တံ့မည်ဟု ပြဆိုပါသည်။

ဤအဋ္ဌကထာကြီးနှစ်စောင်လာ သာသနာတော် နှစ်ပေါင်းငါးထောင် သတ်မှတ်ပြဆိုချက်များသည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်နိုင်သော နှစ်တစ်ထောင် အပိုင်းအခြားသာတူ၍ ကျန်ခေတ်လေးပါး သတ်မှတ်ချက်များမှာ လုံးဝတူညီမှု မရှိချေ။ ယင်းအဋ္ဌကထာကြီး

နှစ်စောင် အဆိုတူညီအောင် ညှိယူပုံကို ပဋိပတ္တိက္ကမဋီကာကျမ်း၌ အောက်ပါအတိုင်း ပြဆိုထားပါသည်။

"ဒုတိယသာသနာတော် နှစ်တစ်ထောင်ကာလ၌ သုက္ခဝိပဿက ရဟန္တာအဖြစ်များ၍ ဆဠဘိည ရဟန္တာအဖြစ်ကား နည်းပါး၏။"

"တတိယသာသနာတော် နှစ်တစ်ထောင်ကာလ၌ အနာဂါမ် အဖြစ်များ၍ တေဝိဇ္ဇရဟန္တာဖြစ်ခြင်းကား နည်းပါး၏"

"စတုတ္ထသာသနာတော် နှစ်တစ်ထောင်ကာလ၌ သကဒါဂါမ် အဖြစ်များ၍ သုက္ခဝိပဿက ရဟန္တာဖြစ်ခြင်းကား နည်းပါး၏။"

"ပဉ္စမသာသနာတော် နှစ်တစ်ထောင်ကာလ၌ ပါတိမောက္ခ သီလသိက္ခာကို စောင့်ထိန်းသော ပုထုဇဉ်သာ များ၍ သောတာပန် ဖြစ်ခြင်းကား နည်းပါး၏။ "

အင်္ဂုတ္တရအဋ္ဌကထာ၌မူ ပဋိသမ္ဘိဒါ ပတ္တရဟန္တာခေတ်ကိုသာ နှစ်ဖြင့် အတိအကျ ပိုင်းခြားပြဆို၍ ကျန်ခေတ်များကိုကား နှစ်ဖြင့် အတိအကျ ပိုင်းခြားပြဆိုခြင်း မရှိပေ။ ယင်းအဋ္ဌကထာ ပြဆိုပုံမှာ–

(က) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ် ၁၀၀၀

(ခ) ထို့နောက် ဆဠဘိညရဟန္တာခေတ်

(ဂ) ထို့နောက် တေဝိဇ္ဇရဟန္တာခေတ်

(ဃ) ထို့နောက် သုက္ခဝိပဿကရဟန္တာခေတ်

(င) ထို့နောက် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ဟူသော သေက္ခခေတ် ဟူ၍ ဖြစ်ပါသည်။

ဤ၌ ဆဠာဘိည စသောခေတ်လေးခုကို သချာတပ်၍ အတိအကျ မပြဆိုသည်သာ ထူး၍ ခေတ်ရေတွက်ပုံမှာ ဒီဃနိကာယ် အဋ္ဌကထာနှင့် အတူတူပင် ဖြစ်ပါသည်။

သံယုတ်အဋ္ဌကထာ၌လည်း အင်္ဂုတ္တိုရ်အဋ္ဌကထာနည်းတူပင် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်မှ သေက္ခခေတ်အထိ တဖြည်းဖြည်း သာသနာတော် ဆုတ်ယုတ်ပုံကို ပြဆိုထားပါသည်။ နှစ်အတိအကျ ပိုင်းခြားပြဆိုချက်ကား မပါရှိချေ။ ထူးခြားသည်မှာ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာခေတ်ကို မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီး သာသနာနှစ် တစ်ထောင်ဖြင့် သတ်မှတ်၍ သံယုတ် အဋ္ဌကထာ၌ကား မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူစဉ် ပဌမ ဗောဓိ (ဝါတော်နှစ်ဆယ်) ဖြင့် သတ်မှတ်ခြင်းပင်ဖြစ်သည်။

ထေရဂါထာ အဋ္ဌကထာ ပြဆိုချက်ကား ဖော်ပြခဲ့ပြီးသော အဋ္ဌကထာတို့ ပိုင်းခြားပြဆိုချက်များနှင့် လုံးဝခြားနားလျက်ရှိ၏။ ယင်းအဋ္ဌကထာ၌ သာသနာတော်ကို ယုဂ် (ခေတ်) ငါးမျိုးဖြင့် ပိုင်းခြားပြဆိုထားပါသည် ။ ယင်းယုဂ် (ခေတ်) ငါးမျိုးတို့မှာ–

| | |
|---|---|
| (က) ဝိမုတ္တိယုဂ် | (ဝိမုတ္တိခေတ်) |
| (ခ) သမာဓိယုဂ် | (သမာဓိခေတ်) |
| (ဂ) သီလယုဂ် | (သီလခေတ်) |
| (ဃ) သုတယုဂ် | (သုတခေတ်) |
| (င) ဒါနယုဂ် | (ဒါနခေတ်) |

ဟူ၍ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသာသနာတော်သည် ဝိမုတ္တိယုဂ် (ဝိမုတ္တိ ခေတ်) မှ တဖြည်းဖြည်း တစ်ခုပြီးတစ်ခု ကွယ်မည်ဟုဆိုပါသည်။ ယင်းယုဂ် (ခေတ်) ငါးမျိုးတို့၏ နှစ်ကာလကို မူတည်၍ မည်မျှဟု အချိန်ကာလ ပိုင်းခြားသတ်မှတ်ချက် မပါရှိချေ။

အခြားသော အဋ္ဌကထာ စသည်တို့၌ကား "ဂေါတမ မြတ်စွာ ဘုရားသာသနာတော်သည် အနှစ်ငါးထောင်ကာလပတ်လုံး တည်တံ့ မည်" ဟုသာ လာရှိ၍ နှစ်ငါးထောင်ကို ခေတ်အားဖြင့် လည်းကောင်း၊ နှစ်အားဖြင့်လည်းကောင်း ပိုင်းခြားသတ်မှတ်ချက် မပါရှိချေ။

အထက်ပါ သာသနာနှစ် ငါးထောင်ပိုင်းခြားပြဆိုချက်များသည် အဋ္ဌကထာဆရာအရှင်မြတ်တို့၏ ပိုင်းခြားပြဆိုချက်များသာ ဖြစ်၍ ပါဠိတော်တို့၌မူ သာသနာတော် တည်တံ့မည့် အချိန်ကာလကို ပိုင်းခြားပြဆိုချက် တစ်စုံတစ်ရာ လာရှိသည်ကို မတွေ့ရချေ။

ယင်းသို့ သာသနာတော် နှစ်ငါးထောင် တည်တံ့မည်ဟု နှစ်ကာလ အတိအကျ ပိုင်းခြားပြဆိုချက်များနှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးက ဤသို့ မှတ်ချက်ချပြခဲ့ပါသည်။

"သာသနာနှစ်မည်သည် ပိုင်းပိုင်းခြားခြား ပြဋ္ဌာန်းချက်နှင့် ထားရသော အရာမျိုး မဟုတ်။ ခေတ်ကာလ သမယနှင့် သာသနာပြုပုဂ္ဂိုလ် အဆက်ဆက်တို့၏ အစွမ်းသတ္တိအလိုက် တည်ရှိရသော အရာမျိုး ပေတည်း။ "

သုတေသန သရုပ်ပြ အဘိဓာန် ဆရာတော်ကလည်း-

"မြတ်ဗုဒ္ဓသာသနာတော်ကား အနှစ်ငါးထောင်သာ တည်နေနိုင် သည်ဟု ဘယ်ပါဠိတော်မှာမှ မလာမရှိ။ စင်စစ် သာသနာတော်ကို ကျင့်သုံးလိုက်နာထမ်းဆောင် စောင့်ရှောက်သူတို့၏ အပေါ်၌သာ တည်ရှိနေသည်။ "

ဟု သုံးသပ်ပြထားပါသည်။

ပညာရှင်တစ်ဦးကလည်း-

"သာသနာတော် ကွယ်၊ မကွယ်ကို နှစ်ဖြင့်တွက်ခြင်းထက် လူအခြေအနေဖြင့် တွက်ခြင်းက ပို၍သင့်လျော်၏။ "

မဟာပရိနိဗ္ဗာနသုတ်၌ကား-

သုဘဒ္ဒပရိဗိုဇ်အား မြတ်ဗုဒ္ဓက "ချစ်သားသုဘဒ်၊ ဤရဟန်းတို့သည် ကောင်းစွာနေကုန်ငြားအံ့၊ လောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ရာ" ဟု မိန့်ကြားတော်မူချက်ရှိ၏။

ယင်းမိန့်ကြားတော်မူချက်နှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးအား

အရှင်နာဂသေန (အရှင်နာဂသိန်) မထေရ်က ဥပမာဆောင်၍ ထင်ရှားအောင် ဤသို့ ပြဆိုခဲ့ပါသည်။

"မင်းမြတ်၊ ရေသစ်တို့ဖြင့် ပြည့်လျှံ၍ ကန်ဘောင်ကို လျှံတက်သော ရေရှိသော၊ ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော ကန်ဘောင်ရှိသော တစ်ဘက်ဆည်ကန်၌ ရေမကုန်ခန်းမီ မိုးကြီးသည် အစဉ်မပြတ် အထပ်ထပ် ရွာသွန်းခဲ့သော် ထိုတစ်ဘက်ဆည်ကန်၌ ရေတို့ မကုန်ခန်း မလျော့ပါးရာ သကဲ့သို့၊ ထို့အတူပင် မြတ်ဗုဒ္ဓ သာသနာတော်တည်းဟူသော သူတော်ကောင်းတရား ကန်တော်ကြီးသည် အကျင့်သီလဂုဏ်၊ ဝတ်အကျင့် ၊ ဓုတင်အကျင့် ဟူသော ညစ်ကြေးမတင် ဖြူစင်သော ရေသစ်တို့ ပြည့်လျှံလျက် သာသနာ ကန်တော်ကြီး၏ ကန်ဘောင်ကို ကျော်လွန်၍ ဘဝဂ်တိုင်အောင် လျှံတက်ပွားစီးလျက်ရှိ၏။

ထိုသာသနာ ကန်တော်ကြီး၌ ဘုရားသားတော်တို့သည် အကျင့်သီလဂုဏ်၊ ဝတ်အကျင့်၊ ဓုတင်အကျင့် ဟူသော မိုးရေကို အစဉ်မပြတ် အထပ်ထပ် ရွာသွန်းစေကုန်မူကား မြတ်ဗုဒ္ဓ၏ သာသနာတော်တည်းဟူသော သူတော်ကောင်း တရား ကန်တော်ကြီးသည် ရှည်မြင့်စွာ တည်ရာ၏။ လောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းရာ။

မြတ်ဗုဒ္ဓသည် ဤအကြောင်းကို ရည်ရွယ်တော်မူ၍ "ချစ်သား သုဘဒ်၊ ဤရဟန်းတို့သည် ကောင်းစွာနေကုန်ငြားအံ့၊ လောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းရာ" ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ ပညာရှင်တို့၏ အယူအဆ အဆိုအမိန့်များ၊ မြတ်ဗုဒ္ဓ မိန့်ကြားတော်မူချက်နှင့် အရှင်နာဂသိန် မထေရ်၏

ဖွင့်ဆိုမိန့်ကြားချက်များကို ကောက်ချက်ချကြည့်လျှင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရေးသည် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ များနှင့် ဗုဒ္ဓဘာသာဝင် အားလုံးတို့အပေါ်၌သာ မူတည်လျက်ရှိကြောင်း သိရပေသည်။

ဗုဒ္ဓဘာသာဝင် (အထူးသဖြင့်) သာသနာပြု မင်းကောင်းမင်းမြတ် တို့၏ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှု၊ ကူညီပံ့ပိုးမှုကို လုံလောက်စွာ ရရှိ၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ဘက်မှလည်း မိမိတို့၏ အဓိက တာဝန်ကြီးနှစ်ရပ်ဖြစ်သော ဂန္ထ ဓုရ ၊ ဝိပဿနာဓုရ ဟူသော ဓုရ နှစ်ပါးကို အပြည့်အဝ တာဝန် အသီးသီး ထမ်းဆောင်ကြမည် ဆိုပါလျှင် မြတ်ဗုဒ္ဓ၏ သာသနာ တော်ကြီးသည် အဓွန့်ရှည်ကြာ တည်တံ့နေမည်သာဖြစ်၏။ သာသနာ တော်ကြီး ယနေ့ထက်တိုင် စည်ပင်ပြန့်ပွား ထွန်းကားနေခြင်းမှာ လည်း ပထမသင်္ဂါယနာမှသည် ဆဋ္ဌသင်္ဂါယနာတိုင်အောင် ဆရာ စဉ်ဆက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ကြသော အရှင်မဟာ ကဿပစသော သာသနာ့ထိပ်ခေါင်တင် ထေရ်အရှင်မြတ်တို့၏ စွမ်းရည်သတ္တိနှင့် အဇာတသတ် စသော သာသနာပြု မင်းကောင်း မင်းမြတ် တို့၏ ချီးမြှောက်ထောက်ပံ့မှု၊ ကူညီပံ့ပိုးမှုများကြောင့်ပင် ဖြစ်ပေသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သာသနာပြုမင်းနှင့် ပြည်သူတို့၏ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှုနှင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပရိယတ္တိသဒ္ဓမ္မ (ပရိယတ္တိသာသနာ)ကို အာဂုံဆောင်သူ၊ ပို့ချသူ၊ သင်ကြားသူ၊ လေ့လာသူ။ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါး ဟူသော ပဋိပတ္တိသဒ္ဓမ္မ (ပဋိပတ္တိသာသနာ)ကို ဖြည့်ကျင့်သူ၊ ပွားများအားထုတ်သူ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ရှိနေ သမျှ ထိုသာသနာပြုပုဂ္ဂိုလ်တို့၏ စွမ်းရည်အလျောက် မဂ်၊ ဖိုလ်၊

နိဗ္ဗာန် ဟူသော လောကုတ္တရာတရား ကိုးပါးကို ထိုးထွင်းသိမြင် မျက်မှောက်ပြုရခြင်း ပဋိဝေဓသဒ္ဓမ္မ (ပဋိဝေဓသာသနာ) သည်လည်း တည်ရှိနေမည်သာဖြစ်၍ လောကကြီးသည် ရဟန္တာတို့မှ ဆိတ်သုဉ်းနိုင်မည် မဟုတ်ပေ။

မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ "အသုညော လောကော အရဟန္တေဟိ အဿ–လောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ရာ" ဟု အမြင့်ဆုံး ရဟန္တာပုဂ္ဂိုလ်ကို ပဓာနနည်းဖြင့် တိုက်ရိုက်ဟောထားတော်မူ၏။ စင်စစ်အားဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့မှ မဆိတ်သုဉ်းနိုင်ဟု မှတ်ယူရပေမည်။

ထိုသို့ယူလျှင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ တည်ရှိနေသမျှ အရိယာပုဂ္ဂိုလ် ရှိနိုင်၏။ ယင်းသာသနာသည်လည်း သင်ယူသူ၊ ပို့ချသူ၊ ကျင့်ကြံအားထုတ်သူရှိနေသမျှ တည်ရှိနေမည်သာဖြစ်၍ မြတ်ဗုဒ္ဓသာသနာတော်သည် ခေတ်၊ နှစ် အကန့်အသတ်မရှိ တည်ရှိနေမည်သာ ဖြစ်သည်ဟု ယူဆရပေသည်။

## မြတ်ဗုဒ္ဓ ခွင့်ပြုတော်မူသည့် ရဟန်းရှစ်မျိုး

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် (ဘီစီ ၅၈၈) ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ သဗ္ဗညုတာသိမြင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့၏။ ဘုရားဖြစ်တော်မူပြီးနောက် ပထမဦးစွာ ဆောင်ရွက်တော်မူခဲ့သော လုပ်ငန်းမှာ တရားဟောတော်မူခြင်းနှင့် ရဟန်းတော်အဖွဲ့အစည်းကို ဖွဲ့စည်း တည်ထောင်တော်မူခြင်းပင် ဖြစ်ပါသည်။ ထိုလုပ်ငန်းကြီးနှစ်ရပ်ကို ဘုရားဖြစ်တော်မူပြီးနောက် ရက်ခြောက်ဆယ် (နှစ်လ) မြောက်သောနေ့တွင် စတင်ဆောင်ရွက်တော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်နေ့ နံနက်စောစော၌ သက်န်းကို

ပြင်ဝတ်တော်မူပြီး ဘုရားဖြစ်တော်မူရာ ဗောဓိမဏ္ဍိုင်အရပ်နှင့် တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာသော ကာသိတိုင်း၊ ဗာရာဏသီပြည် အနီးရှိ မိဂဒါဝုန်တောသို့ ကြွတော်မူခဲ့ရာ နေမဝင်မီ ရောက်တော်မူ၏။ ထိုတော၌ ပဉ္စဝဂ္ဂီဟု ထင်ရှားသည့် လူသားရဟန်း ငါးဦးတို့အား မိမိဘုရားဖြစ်ကြောင်း ပြောပြပြီး အနောက်အရပ်၌ နေမဝင်မီ အရှေ့အရပ်၌ လထွက်ပေါ်လာစဉ် ဓမ္မစကြာဒေသနာကို စတင် ဟောကြားတော်မူခဲ့လေသည်။

ဒေသနာတော်အဆုံး၌ သစ္စာတရား သိမြင်သွားသော အရှင် ကောဏ္ဍညအား "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ရဟန်းတော် အရှင်မြတ် တစ်ပါးကို ဤသာသနာတော်၌ ပထမဦးစွာ ပေါ်ထွန်းစေခဲ့ပါသည်။ ဤ၌ "ဧဟိ-လာလော့" ဟုခေါ်တော်မူသဖြင့် "သင် အလိုရှိအပ်သော ရှင်ရဟန်းအဖြစ်ကို လက်ခံလော့" ဟု ခွင့်ပြုရာရောက်ပါသည်။ ဤရဟန်းမျိုးကို "ဧဟိဘိက္ခုရဟန်း" ဟု ခေါ်ပါသည်။ မြတ်ဗုဒ္ဓသည် ဤနည်းဖြင့် ရဟန်းယောကျ်ားအဖွဲ့အစည်းကို စတင်ဖွဲ့စည်း တည်ထောင်တော်မူခဲ့ပါသည်။ နောင်တွင် အခြားသောနည်းဖြင့် ရဟန်းပြုနည်းများကိုလည်း အခါအားလျော်စွာ ခွင့်ပြုတော်မူပါသည်။

ရဟန်းမိန်းမ အဖွဲ့အစည်းကိုမူ ရဟန်းယောကျ်ားများကဲ့သို့ အလွယ်တကူ ခွင့်ပြုတော်မမူခဲ့ချေ။ မြတ်ဗုဒ္ဓ ဝါတော်တစ်ဝါအရတွင် ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွတော်မူစဉ်က မိထွေးတော် ဂေါတမီ၏ ရဟန်းပြုခွင့် တောင်းခြင်းကို ပယ်မြစ်တော်မူခဲ့သည်။ ထိုစဉ်က တစ်နှစ်ခန့်သာ ရှိသေးသည့် ရဟန်းယောကျ်ား အဖွဲ့ အစည်းသည် ကျစ်လစ်ခိုင်မာမှု မရှိသေးသည့်အတွက် ဝိသဘာဂအာရုံ ဖြစ်သော မာတုဂါမ (အမျိုးသမီး)တို့နှင့် ရောယှက်ရှုပ်ထွေး၍ ယိမ်းယိုင်သွားမည်ကို စိုးရိမ်တော်မူသောကြောင့်လည်း ဖြစ်ဟန်တူပါ သည်။ ငါးဝါမြောက် ဝါကို ဝေသာလီပြည်၊ မဟာဝန်တော၊

ကုဋာဂါရကျောင်းတိုက်၌ ဝါကပ် သီတင်းသုံးတော်မူသောအခါ မိထွေးတော်ဂေါတမီအား ဂရုဓံရှစ်ပါးကို ခံယူစေခြင်းဖြင့် ရဟန်းမိန်းမအဖြစ် ခွင့်ပြုတော်မူကာ ရဟန်းမိန်းမ အဖွဲ့အစည်းကို စတင်ဖွဲ့စည်း တည်ထောင်တော်မူခဲ့ပါသည်။ ဤသို့ဖြင့် မြတ်ဗုဒ္ဓသာသနာတော်၌ ရဟန်းယောကျ်ားအဖွဲ့အစည်း၊ ရဟန်းမိန်းမ အဖွဲ့အစည်း ဟူ၍ ကျစ်လစ်ခိုင်မာသော အဖွဲ့အစည်းကြီးနှစ်ရပ် ပေါ်ပေါက်လာခဲ့ပါသည်။

ယင်းအဖွဲ့အစည်းကြီးနှစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရာတွင် မြတ်ဗုဒ္ဓသည် အခြေအနေနှင့် အချိန်အခါ အားလျော်စွာ ရဟန်းပြုပေးနည်း ရှစ်မျိုးကို ခွင့်ပြုတော်မူခဲ့ပါသည်။ ထိုသို့ ခွင့်ပြုပုံအခြင်းအရာ ကွဲပြားသည်၏ အစွမ်းအားဖြင့် ရဟန်းရှစ်မျိုးရှိပါသည်။ ယင်းတို့မှာ–

၁။ ဧဟိဘိက္ခုပသမ္ပဒါရဟန်း
၂။ သရဏဂမနူပသမ္ပဒါရဟန်း
၃။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း
၄။ ပဉှာဗျာကရဏူပသမ္ပဒါရဟန်း
၅။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း
၆။ ဒူတေနူပသမ္ပဒါရဟန်း
၇။ အဋ္ဌဝါစိကူပသမ္ပဒါရဟန်း
၈။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း–တို့ဖြစ်ပါသည်။

## ၁။ ဧဟိဘိက္ခုပသမ္ပဒါရဟန်း

ထိုတွင် ဧဟိဘိက္ခုပသမ္ပဒါရဟန်း ဟူသည်မှာ မြတ်ဗုဒ္ဓက "ဧဟိဘိက္ခု –ရဟန်းလာလော့" ဟု မြွက်ကြားရုံမျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုး ဖြစ်၏။

ထိုဧဟိဘိက္ခုရဟန်းအဖြစ်ကို သာမန်ပုဂ္ဂိုလ်တို့ မရရှိနိုင်ကြချေ။ အကြောင်းအင်္ဂါရပ်သုံးပါးနှင့် ပြည့်စုံသော ပါရမီရှင် ပုဂ္ဂိုလ်ထူးများသာ ရရှိနိုင်ကြပါသည်။

## ဧဟိဘိက္ခုအင်္ဂါသုံးပါး

ဧဟိဘိက္ခု ဖြစ်နိုင်သော အကြောင်းအင်္ဂါသုံးပါးမှာ–

၁။ အရိယာပုဂ္ဂိုလ်ကိုဖြစ်စေ၊ သို့မဟုတ် သီလဝန္တ (သီလရှိသူ) ပုထုဇဉ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ပရိက္ခရာရှစ်ပါး သို့မဟုတ် သင်္ကန်းမျှကို ပေးလှူဖူးခြင်း ၊

၂။ ပေးလှူသည့်အခါ၌ "ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိ ဘိက္ခု ဘာဝါယပစ္စယော ဟောတု– ဤပရိက္ခရာ အလှူဒါနသည် ကျွတ်တန်းဝင်ရာ နောင်ဘုရားရှင် သာသနာတော်၌ ဧဟိဘိက္ခုရဟန်းဖြစ်ရခြင်း၏ အကူအညီ အထောက်အပံ့ ဖြစ်ပါစေသတည်း" ဟု ဆုတောင်းခဲ့ဖူးခြင်း၊

၃။ ပစ္ဆိမဘဝိကပုဂ္ဂိုလ် (နောက်ဆုံးဘဝ၌ဖြစ်သော ဘုရား ရဟန္တာလောင်း)ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် မိမိ၏ တရားဓမ္မကို နာကြား၍ အကျွတ်တရား ရကာ ရှင်ရဟန်းပြုပေးပါရန် တောင်းပန်လာသော အမျိုးကောင်းသား အား ဧဟိဘိက္ခုရဟန်းဖြစ်ရန် ဖော်ပြပါ ပါရမီဆုတောင်းအကြောင်း ဥပနိဿယနှင့် ပြည့်စုံလျှင် နီမြန်းသော ပုံသုကူသင်္ကန်းအတွင်းမှ ရွှေအဆင်းရှိသော လက်ျာလက်တော်ကို ထုတ်၍ ဗြဟ္မာမင်း၏ အသံနှင့်တူသော မြတ်သောအသံတော်ဖြင့် "ဧဟိဘိက္ခုစရဗြဟ္မစရိယံ သမ္မာဒုက္ခဿအန္တကိရိယာယ–ရဟန်းလာလော့၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာကျင့်လော့" ဟု မြွက်ကြားတော်မူ၏။

ထိုသို့ မြတ်ဗုဒ္ဓက မြွက်ကြားတော်မူလိုက်သည်နှင့် တပြိုင်နက် ဧဟိဘိက္ခု အခေါ်ခံရသည့် ပုဂ္ဂိုလ်သည် လူ၏အသွင်၊ လူ၏ ဝတ်စားဆင်ယင်မှုအားလုံး ကွယ်ပျောက်၍ ရဟန်း၏အသွင်၊ ရဟန်း၏ ဝတ်စားဆင်ယင်မှုအားလုံး ပေါ်ပေါက်လာလေတော့၏။ ဆံ၊ မုတ်ဆိတ်တို့ကို ရိတ်ပယ်ပြီး ဖန်ရည်ဆိုးသောသင်္ကန်းတို့ကို ဘစ်ထည်ကို ဝတ်၊ တစ်ထည်ကို ရုံလျက်၊ တစ်ထည်ကို ပခုံး၌တင်ကာ လက်ဝဲပုခုံးစွန်း၌ ကြာညိုပန်းအဆင်းရှိသော သပိတ်ကို လွယ်ပြီး ဖြစ်လေတော့၏။

ဤသို့ ပရိက္ခရာရှစ်ပါးကို သူ့နေရာ၌သူ ဆင်မြန်းပြီးဖြစ်ကာ ဝါတော်ခြောက်ဆယ် (သက်တော်ရှစ်ဆယ်)ရှိသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဖွယ်သော ဣရိယာပုထ်နှင့် ပြည့်စုံစွာ မြတ်ဗုဒ္ဓသာလျှင် ဆရာ၊ မြတ်ဗုဒ္ဓသာလျှင် ဥပဇ္ဈာယ်ဖြစ်၍ မြတ်ဗုဒ္ဓကိုသာလျှင် ရှိခိုးလျက် တည်နေလေတော့၏။ ဤရဟန်းမျိုးကို "ဧဟိဘိက္ခု ရဟန်း"ဟု ခေါ်ပါသည်။

ဤသို့ ဧဟိဘိက္ခုရဟန်းဝတ်ရုံဆင်မြန်းရသော ပရိက္ခရာများ ကား ဘုရားရှင်၏တန်ခိုး၊ အခြားသောနတ်၊ ဗြဟ္မာတို့၏ တန်ခိုး ကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ရှေးဘဝက ပရိက္ခရာ လှူဒါန်း၍ ဆုတောင်းခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးဝိပါက်တန်ခိုး (ကမ္မဝိပါကဇိဒ္ဓိ)ကြောင့် ဖြစ်ပေါ်လာရခြင်းသာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ပထမ ဗောဓိကာလ (ဝါတော်နှစ်ဆယ်အတွင်း) အစပိုင်း၌ ပါရမီဆုတောင်း ရှိခဲ့ဖူးသူ အမျိုးကောင်းသားများကို ဧဟိဘိက္ခုရဟန်း အဖြစ်ဖြင့်သာ ရဟန်းပြုပေးတော်မူခဲ့၏။ ထိုကာလ အတွင်း သာသနာတော်၌ ဧဟိဘိက္ခုရဟန်းတော်ပေါင်း နှစ်သောင်း၊ ရှစ်ထောင်၊ခြောက်ရာ၊လေးဆယ်၊တစ် (၂၈၆၄၁)ပါး ပေါ်ထွန်းခဲ့ ပါသည်။ ၎င်းတို့မှာ–

အညာသိကောဏ္ဍညမထေရ် အမှူးရှိသော ပဉ္စဝဂ္ဂီ မထေရ် ငါးဦး၊ ယသမထေရ်နှင့် ၎င်း၏အဆွေခင်ပွန်း ရဟန်းတော် ငါးဆယ့်လေးဦး၊ ဘဒ္ဒဝဂ္ဂီညီနောင် သုံးဆယ်၊ ဥရုဝေလကဿပ ရှေ့ဆောင် ဟစ်ထောင်သော ရသေ့ဟောင်း ရဟန်းများ၊ အဂ္ဂသာဝက နှစ်ပါးနှင့် ၎င်းတို့၏အခြံအရံ နှစ်ရာ့ငါးဆယ်၊ အင်္ဂုလိမာလမထေရ် ဤသို့အားဖြင့် ဝိနည်းပိဋကတ်လာ ဧဟိဘိက္ခုရဟန်း တစ်ထောင်၊ သုံးရာ၊ လေးဆယ့်တစ် (၁၃၄၁)ပါး။

သေလပုဏ္ဏားနှင့် တပည့်ပုဏ္ဏားသုံးရာ၊ မဟာကပ္ပိနမင်းနှင့် ထိုမင်း၏အခြံအရံ ယောကျ်ားတစ်တောင်၊ သုဒ္ဓေါဒန မင်းကြီးက သားတော်ဘုရားကို ပင့်ဆောင်ရန် စေလွှတ်အပ်သော ကပိလဝတ်ပြည်သားတစ်သောင်း၊ ဗာဝရီယ ပုဏ္ဏားကြီး၏ တပည့် အဇိတ စသော ယောကျ်ားတစ်သောင်း၊ ခြောက်ထောင်။ ဤသို့အားဖြင့် သုတ္တန်ပိဋကတ်၌ လာသော ဧဟိဘိက္ခုရဟန်း နှစ်သောင်း၊ ခုနစ်ထောင်၊ သုံးရာ (၂၇၃၀၀) ပါး၊ နှစ်ရပ်ပေါင်း ဧဟိဘိက္ခုရဟန်း နှစ်သောင်း၊ရှစ်ထောင်၊ ခြောက်ရာ၊ လေးဆယ်၊ တစ် (၂၈၆၄၁)ပါး ဖြစ်ပါသည်။

ဤသည်တို့မှာ ထင်ရှားသောနေရာတို့မှ ယူ၍ ပြဆိုသော စာရင်းသာဖြစ်ပေရာ ထို့ထက် အလွန်လည်း ရှိနိုင်သေးသည်ဟု ယူဆရပါသည်။

## ဧဟိဘိက္ခုနီ ရှိ၊ မရှိ စိစစ်ချက်

မြတ်ဗုဒ္ဓသည် အမျိုးသားများနှင့် တန်းတူအမျိုးသမီးများကိုလည်း သာသနာတော်၌ ရဟန်းမ ပြုခွင့်ပေးတော်မူခဲ့၏။ သို့ဖြစ်လျှင် အမျိုးသားများကို ဧဟိဘိက္ခုရဟန်းအဖြစ် ချီးမြှောက်ခွင့်ပြုတော်မူ

သကဲ့သို့ အမျိုးသမီးများကိုလည်း ဟေဘိက္ခုနီ ရဟန်းမအဖြစ် ချီးမြှောက်ခွင့်ပြုတော်မူရာ၏။ ဟေဘိက္ခု ဖြစ်နိုင်သော အကြောင်း အင်္ဂါရပ်သုံးမျိုးတွင်လည်း အမျိုးသမီး၊ အမျိုးသား ခွဲခြားမှု မပါရှိသဖြင့် ပါရမီဆုတောင်းအကြောင်း ဥပနိဿယနှင့် ပြည့်စုံလျှင် အမျိုးသမီးများကိုလည်း ဟေဘိက္ခုနီ ခေါ်တော်မူရာ၏။ ဘိက္ခုနီ ဝိဘင်္ဂပဒဘာဇနီ၌ ဘိက္ခုနီအမျိုးအစား တစ်ဆယ့်နှစ်မျိုးကို ရေတွက်ပြဆိုရာတွင်လည်း ဘိက္ခုသိက္ခာပဒဝိဘင်္ဂ၊ ပဒဘာဇနီမှာကဲ့သို့ပင် "ဧဟိဘိက္ခုနီတိဘိက္ခုနီ- ရဟန်းမ လာလော့ဟု မြတ်စွာဘုရား ခေါ်တော်မူကာမျှဖြင့် ဖြစ်သောရဟန်းမ"ဟူ၍ ဟေဘိက္ခုနီ ရဟန်းမကို ထည့်သွင်းရေတွက် ပြဆိုထားသည်ကို တွေ့ရ၏။ ယင်းအချက်များကို ထောက်ဆလျှင် ဟေဘိက္ခုနီ ရှိနိုင်ရာ၏ဟု ယူဆဖွယ်ရှိနေပါသည်။ သို့ရာတွင် အထက်ဖော်ပြပါ ဟေဘိက္ခုစာရင်း၌ ဟေဘိက္ခုနီတစ်ဦး တစ်ယောက်မျှ ပါရှိသည်ကို မတွေ့ရချေ။ ယင်းသို့ ဟေဘိက္ခုနီ မပါရှိခြင်းမှာ ရဟန်းမိန်းမတို့အား ရဟန်းယောကျ်ားတို့ကဲ့သို့ ဟေဘိက္ခုနီအဖြစ်ဖြင့် ရဟန်းပြုခြင်း မရှိခြင်းကြောင့်ဟု ဆိုပါသည်။

ဟေဘိက္ခု ဖြစ်နိုင်သော အကြောင်းအင်္ဂါရပ် သုံးမျိုးတွင် အမျိုးသမီး၊ အမျိုးသား ခွဲခြားမှု မပါရှိသဖြင့် အကယ်၍ မြတ်ဗုဒ္ဓသည် ဘိက္ခုနီအဖြစ် စပ်ယှဉ်လာသော အမျိုးသမီးအချို့ကို "ဟေဘိက္ခုနီ"ဟု ခေါ်တော်မူခဲ့လျှင် ဟေဘိက္ခုနီ ရဟန်းမ ဖြစ်လာနိုင်စရာ အကြောင်း ရှိ၏။ သို့သော် အမျိုးသမီးတို့အား ကတာဓိကာရ ဟူသော ရှေးဘဝက ပြုဖူးသော ကုသိုလ်ပါရမီ အဆောက်အဦး ဆုတောင်း၊ ဆုယူမှု မရှိသောကြောင့် ဟေဘိက္ခုနီ ခေါ်တော်မမူဟု ဆရာတို့ ကြံဆပြဆိုကြသည်။

ဘိက္ခုနီဝိဘင်္ဂ၊ ပဒဘာဇနီ၌ ဟေဘိက္ခုနီ ထည့်သွင်းရေတွက် ပြထားခြင်းမှာလည်း ရဟန်းမိန်းမများ ဟေဘိက္ခုနီအဖြစ်ဖြင့် ရဟန်းပြု

ခဲ့ခြင်းရှိသောကြောင့် ရေတွက်ပြဆိုခြင်း မဟုတ်ချေ။ ဒေသနာတော် အစဉ် ကျရောက်လာသောကြောင့်သာ ရေတွက်ပြဆိုတော်မူရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

မှန်ပါသည်။ ဘုရားရှင်တို့သည် တရားဟောတော်မူရာ၌ ဒေသနာအစဉ် ကျရောက်လာသဖြင့် ဟောတော်မူကြသည်မှာ ဓမ္မတာဖြစ်၏။ အချို့နေရာ၌ မရနိုင်၊ မရှိနိုင်သော်လည်း ဒေသနာအစဉ် ကျရောက်လာသဖြင့် ဟောတော်မူထားသည်ကို တွေ့ရပါသည်။ ပုဂ္ဂလပညတ်ဌိတကပ္ပိနိဒ္ဒေသ၌–

"ကမ္ဘာကို တည်စေနိုင်သော "ဌိတကပ္ပိ" ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤသောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်ခိုက်လည်း ဖြစ်၏။ ကမ္ဘာ၏ မီးလောင်တော့မည့်အခါလည်း ဖြစ်၏။ အကြင်မျှလောက် ဤသောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုနိုင်သေး၊ ထိုမျှလောက် ကမ္ဘာသည် မီးမလောင်နိုင်ရာ၊ ဤပုဂ္ဂိုလ်ကို ကမ္ဘာကို တည်စေနိုင်သောပုဂ္ဂိုလ်ဟု ဆိုအပ်၏"

ဟူ၍ ဟောတော်မူ၏။ ထိုသို့ "ဌိတကပ္ပိ" ပုဂ္ဂိုလ်ကို မြတ်ဗုဒ္ဓ ဟောကြားတော်မူသော်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော် တည်ရှိနေစဉ်၌ ကမ္ဘာ မပျက်နိုင်။ ကမ္ဘာပျက်ချိန်၌လည်း သာသနာတော် မရှိနိုင်တော့ပေ။ ဤသို့ သာသနာတော်နှင့် ကမ္ဘာပျက်ခြင်း နှစ်ပါး မဆုံဆည်းနိုင်၊ ဌိတကပ္ပိပုဂ္ဂိုလ်မည်သည် မရှိနိုင်သော်လည်း မြတ်ဗုဒ္ဓသည် သောတာပတ္တိမဂ်၏ အခြားမဲ့ဖြစ်သော ဖိုလ်၏ အန္တရာယ် မရှိခြင်းကို ပြတော်မူခြင်းငှာ ဒေသနာအစဉ် ကျရောက်သောကြောင့် ဤ၌ "ဌိတကပ္ပိ" ပုဂ္ဂိုလ်ကို ဟောကြားတော်မူခြင်း ဖြစ်၏။ "ဌိတကပ္ပိ" ပုဂ္ဂိုလ် အမှန်တကယ် ရှိခြင်းကြောင့် ဟောကြား

တော်မူခြင်းကား မဟုတ်ချေ။

ဤဘိက္ခုနိဝိဘင်္ဂ၊ ပဒဘာဇနီ၌လည်း မြတ်ဗုဒ္ဓသည် ဒေသနာ အစဉ်ကျရောက်လာသောကြောင့်သာ "ဇဟိဘိက္ခုနီ"ကို ထည့်သွင်း ရေတွက်ပြဆိုတော်မူခြင်းဖြစ်၏။ "ဇဟိဘိက္ခုနီ" အမှန်တကယ် ရှိသောကြောင့် ရေတွက်ပြဆိုတော်မူခြင်း မဟုတ်ဟု မှတ်ရပါမည်။

အချို့ဆရာတို့ကမူ ရဟန်းယောကျ်ားတို့အား မြတ်ဗုဒ္ဓနှင့် အနေနီး၍ "ဇဟိဘိက္ခု" ခေါ်ထိုက်၏။ ရဟန်းမိန်းမတို့ကား အနေဝေးသောကြောင့် "ဇဟိဘိက္ခုနီ"မခေါ်ထိုက် ဟုဆိုကြ၏။ ထိုဆရာတို့၏ အဆိုသည် အကြောင်းယုတ္တိ မသင့်၍ မမှတ်ထိုက်ချေ။ အနေနီးမှု၊ ဝေးမှုနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓက ဤသို့ မိန့်ကြား တော်မူခဲ့၏။

"ရဟန်းတို့၊ ရဟန်းသည် အဘိဇ္ဈာများသူ၊ ကာမတို့၌ အားကြီးသော ရာဂရှိသူ၊ မစောင့်စည်းသော ဣန္ဒြေရှိသူ ဖြစ်ခဲ့ပါမူ ထိုရဟန်းသည် ငါဘုရား၏ သင်္ကန်းစွန်းကို ကိုင်၍ ငါဘုရား၏ ခြေရာ၌ ခြေကို ချနင်းလျက် နောက်မှနောက်မှ လိုက်ပင်လိုက်သော်လည်း ထိုရဟန်းသည် ငါဘုရားမှ ဝေးသည်သာတည်း၊ ငါဘုရားသည်လည်း ထိုရဟန်းမှ ဝေးသည်သာတည်း။ အကြောင်းကား–ရဟန်းတို့၊ ထိုရဟန်းသည် တရားကို မမြင်၊ တရားကို မမြင်သည်ရှိသော် ငါဘုရားကိုလည်း မမြင်သောကြောင့်တည်း။ ရဟန်းတို့၊ ရဟန်းသည် အဘိဇ္ဈာ မများသူ၊ ကာမတို့၌ အားကြီးသော ရာဂ မရှိသူ၊ စောင့်စည်းသော ဣန္ဒြေရှိသူ ဖြစ်ခဲ့မူ ထို ရဟန်းသည် ယူဇနာတစ်ရာ ဝေးသောအရပ်၌ပင် နေသော် လည်း ငါဘုရားနှင့် နီးသည်သာတည်း။ ငါဘုရားသည်လည်း ထိုရဟန်းနှင့် နီးသည်သာတည်း။ အကြောင်းကား–ရဟန်းတို့၊

ထိုရဟန်းသည် တရားကို မြင်၏။ တရားကို မြင်သည်ရှိသော်
ငါဘုရားကိုလည်း မြင်သောကြောင့်တည်း"

သို့ဖြစ်၍ ဧဟိဘိက္ခုနီခေါ်ခြင်း၊ မခေါ်ခြင်းသည် အနေနီးမှု၊ ဝေးမှုနှင့် မသက်ဆိုင်ဟုသာ မှတ်ရပါမည်။

ဤ၌ ဧဟိဘိက္ခုနီအဖြစ် ရှိ၊ မရှိနှင့် ပတ်သက်၍ လျှဉ်းပါးဖွယ်ရှိနေပါသေးသည်။ ထေရီဂါထာ ပါဠိတော် ဘဒ္ဒါကုဏ္ဍလကေသာထေရီဝတ္ထု၌-

"နိဟစ္စဇာဏုံဝန္ဒိတွာ၊ သမ္မုခါအဉ္ဇလိံအကံ။
"ဧဟိဘဒ္ဒေ" တိမံ အဝစ၊ သာ မေ အာသူပသမ္ပဒါ။ "
"ငါသည် ဒူးနှစ်ဘက်ကိုထောက်၍ ရှိခိုးပြီးလျှင် မျက်မှောက်
တော်၌ လက်အုပ်ချီခြင်းကို ပြုပြီ။ (မြတ်စွာဘုရားသည်)
"ဘဒ္ဒါ လာလော့"ဟု ငါ့ကို မိန့်တော်မူ၏။ ထိုသို့ မိန့်
တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ
၏။"

ဟူ၍လည်းကောင်း၊ ထိုဘဒ္ဒါကုဏ္ဍလကေသာထေရီအပဒါန်၌လည်း-

"အာယာစိတော တဒါအာဟ၊ "ဧဟိဘဒ္ဒေ"တိနာယကော။
တဒါဟံဥပသမ္ပန္နာ၊ ပရိတ္တံတောယမဒ္ဒသံ"
"ထိုအခါ (ငါသည် ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို) တောင်းပန်
ခဲ့၏။ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သမီး ဘဒ္ဒါ
လာလော့" ဟု မိန့်ဆိုတော်မူ၏။ ထိုအခါ ငါသည်
ပဉ္စင်းဖြစ်ပြီး၍ အနည်းငယ်သော ရေကို တွေ့မြင်ခဲ့၏"

ဟူ၍လည်းကောင်း ပါရှိ၏။ ထိုစကားတို့၏ အဓိပ္ပါယ်ကို ဆင်ခြင်လျှင် "ဧဟိဘဒ္ဒေ" ဟူသည်မှာ "ဧဟိဘိက္ခုနီ"ဟု ခေါ်သောစကားရပ်ကဲ့သို့ပင် ဖြစ်နေပါသည်။ ထို့ပြင် "သာမေအာသူပသမ္ပဒါ၊ တဒါဟံဥပသမ္ပန္နာ" ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အားပဉ္စင်းဖြစ်ကြောင်း

ဖြစ်ခဲ့ရပါ၏။ ထိုအခါ ငါသည် ပဋ္ဌင်းဖြစ်၍”ဟူသော စကားရပ်တို့ကြောင့် မုချ ဧဟိဘိက္ခုနီ ရှိနိုင်ရာသေး၏ ဟု စဉ်းစားစရာပင် ဖြစ်နေပါသည်။

သို့သော်လည်း အဋ္ဌကထာဆရာက ထို “ဧဟိဘဒ္ဒေ” ဟူသော စကားကို “ချစ်သမီး ဘဒ္ဒါ လာလော့၊ ဘိက္ခုနီတို့ ကျောင်းသို့သွား၍ ဘိက္ခုနီမတို့အထံ၌ ဘိက္ခုနီအဖြစ် ရဟန်းခံယူလော့” ဟု ငါ (ဘဒ္ဒါကုဏ္ဍလကေသာ)ကို ခိုင်းစေ၏။ မြတ်စွာဘုရား၏ ထို စေခိုင်းချက်သည် ငါ့အား ရဟန်းဖြစ်ခြင်းအကြောင်း ဖြစ်၏” ဟု ဖွင့်ဆိုထားပြီးလျှင် “ဧဟိဘိက္ခုနီ” ဟူ၍ မရှိနိုင်ကြောင်း အခိုင်အမာ ပြဆိုထားပါသည်။

တစ်ဖန် “ဧဟိဘိက္ခုနီနှင့် သရဏဂုံသုံးပါးဖြင့် ရဟန်းမဖြစ်ရသူတို့ကို အခြားသောဘုရားရှင်တို့လက်ထက်၌ ရှိကြောင်း အချို့ဆရာများ ဆိုသေး၏” ဟု ဝိနည်းဋီကာတွင် ပြဆိုပြီးလျှင်၊ ထိုစကားသည် ငါတို့ ဘုရားလက်ထက်၌လည်း ဖြစ်သင့်၏ဟု လျှဉ်းပါးဖွယ် ရှိခြင်းကြောင့်လည်းကောင်း၊ ဧဟိဘိက္ခုနီအား တားမြစ်ကန့်သတ်ထားခြင်း၏ အရိပ်ထင်ခြင်းကြောင့်လည်းကောင်း မသင့်သကဲ့သို့ ထင်ကြောင်း ဆက်လက်ပြဆိုထားလေသည်။

ဓမ္မပဒအဋ္ဌကထာ၊ ဝိသာခါဝတ္ထု၌လည်း “ဤသက်န်းဒါန၏ အကျိုးကြောင့် ဤမဟာလတာ ပသာဓန တန်ဆာကို ရရှိ၏။ မှန်ပေ၏၊ မိန်းမသားတို့အား သင်္ကန်းဒါနသည် မဟာလတာ ပသာဓန တန်ဆာကိုရခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်၏။ ယောကျ်ားတို့အား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းဖြင့် (ဧဟိဘိက္ခုအဖြစ်ဖြင့်) အထွတ်အထိပ်သို့ ရောက်၏” ဟု ဖော်ပြပါရှိလေသည်။

အထက်ပါ အထောက်အထားများအရ ဘိက္ခုနီတို့၌ “ဧဟိ

ဘိက္ခုနီ” အဖြစ် မရှိဟု မှတ်သားရပါမည်။

## ၂။ သရဏာဂမဏူပသမ္ပဒါရဟန်း

သရဏာဂမဏူပသမ္ပဒါရဟန်းဟူသည်မှာ “ဗုဒ္ဓံသရဏံ ဂစ္ဆာမိ” စသည်ဖြင့် သရဏဂုံသုံးပါးကို သုံးကြိမ်တိုင်တိုင် ပီပီသသ ရွတ်ဆို ခံယူဆောက်တည်ကာမျှဖြင့် ရဟန်းအဖြစ်သို့ရောက်သော ရဟန်းမျိုး ဖြစ်၏။

ဤသို့ သရဏဂုံသုံးပါးဖြင့် ရှင်ပြု၊ ရဟန်းခံခြင်းကို ပထမ ဝါကျွတ်တော်မူစ၊ သာသနာထွန်းလင်းစအချိန်ကပင် စတင်ခွင့်ပြုတော် မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီ မထေရ်ငါးဦး၊ အရှင်ယသမထေရ်နှင့် ထိုမထေရ်၏ အဆွေခင်ပွန်း ဟောင်း ရဟန်းတော် ငါးဆယ့်လေးပါး၊ ဤရဟန္တာအရှင်မြတ် ခြောက်ဆယ်တို့နှင့် အတူ ပထမဝါကို ကပ်ဆိုတော်မူ၍၊ ဝါမှထတော် မူသောအခါတွင် ထိုအရှင်မြတ်တို့ကို မိမိထံမှောက်သို့ စုရုံးစေပြီးလျှင် ဤသို့ မိန့်ကြားတော်မူသည်။

“ရဟန်းတို့၊ လူအများတို့၏ စီးပွားချမ်းသာဖြစ်စေရန်၊ လောကကို စောင့်ရှောက်ရန်၊ နတ်လူတို့၏ ကောင်းကျိုး ချမ်းသာကို သယ်ပိုးဆောင်ရွက်ရန် ထိုထိုဒေသများသို့ လှည့်လည်၍ တရားဓမ္မ ဟောပြကြကုန်လော့၊ တစ်ကြောင်း တည်းသော ခရီး၌ နှစ်ပါး မသွားကြကုန်လင့် ”

ထို့နောက် မြတ်ဗုဒ္ဓနှင့် ခြောက်ဆယ်သော ရဟန္တာ အရှင် မြတ်တို့သည် မိမိတို့ ကြွတော်မူမည့် ခရီးကို အသီးသီး ရွေးချယ် တော်မူကြကာ မိဂဒါဝုန်တောမှ ထွက်ခွာတော်မူကြသည်။

ယင်းသို့ သာသနာပြုခရီး ကြွတော်မူကြသော ရဟန်းတော်

တို့သည် ထိုထိုအရပ်ဒေသတို့မှ ရှင် ၊ ရဟန်း ပြုလိုကြသည့် ရှင်လောင်း၊ ရဟန်းလောင်း အမျိုးကောင်းသားများကို ရှင်ရဟန်းပြုပေးရန်အတွက် မြတ်ဗုဒ္ဓထံတော်သို့ ခေါ်ဆောင်လာခဲ့ကြရသည်။ ထိုထို ဝေးလံသော အရပ်ဒေသတို့မှ ခေါ်ဆောင်လာခဲ့ကြရသဖြင့် ရဟန်းတော်များနှင့် ရှင်လောင်း၊ ရဟန်းလောင်းတို့အားလုံး ပင်ပန်းနွမ်းနယ်ကြရသည်။ ထိုသို့ ပင်ပန်းနွမ်းနယ်ကြရသည်ကို မြတ်ဗုဒ္ဓသိမြင်တော်မူ၍ ရဟန်းတို့အား မိမိတို့ကိုယ်တိုင်ပင် ထိုထိုအရပ်ဒေသတို့၌ သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူလေသည်။

ဤသို့ သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခြင်းသည် အချိန်ကာလအားဖြင့် မကြာမြင့်လှချေ။ မြတ်ဗုဒ္ဓဒေသစာရီ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် တပို့တွဲလပြည့်ကျော်ခန့်တွင် အရှင်သာရိပုတ္တရာအား ရာဓပုဏ္ဏားကို ရဟန်းပြုပေးရန် မိန့်တော်မူရာတွင် သရဏဂုံသုံးပါးဖြင့် ခွင့်ပြုအပ်သော ပဋ္ဌင်းခံခြင်းကို ပယ်ဖျက်ရုပ်သိမ်းတော်မူခဲ့ပါသည်။

သို့ဖြစ်၍ သရဏာဂမဏူပသမ္ပဒါရဟန်းအဖြစ် ခွင့်ပြုသောအချိန်ကာလမှာ လေးလကျော် ငါးလခန့်သာရှိမည်ဖြစ်သည်။ ဤရဟန်းအဖြစ်ကိုလည်း ဘိက္ခုနီမတို့ မရရှိနိုင်ကြချေ။ သို့ဖြစ်ပါလျက် ဘိက္ခုနီဝိဘင်္ဂ၊ ပဒဘာဇနီ၌ “တီဟိသရဏာ ဂမနေဟိ ဥပသမ္ပန္နာတိဘိက္ခုနီ – သရဏဂုံသုံးပါးတို့ဖြင့်ဖြစ်သော ဘိက္ခုနီ” ဟု ရေတွက်ပြဆိုခြင်းမှာလည်း ဒေသနာအစဉ် ကျရောက်သည်၏ အစွမ်းအားဖြင့်သာ ပြဆိုခြင်းဖြစ်သည်ဟု ဆိုပါသည်။

## ၃။ ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ ရဟန်း

ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းဟူသည်မှာ–မြတ်ဗုဒ္ဓက "ဤပုံ ဤနည်း ကျင့်ရမည်" ဟု ပေးထားသော အဆုံးအမ ဩဝါဒကို ခံယူလိုက်နာကာမျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုးဖြစ်၏။

မြတ်ဗုဒ္ဓသည် မိမိထံတော်မှောက်သို့ တပည့်အဖြစ် ခံယူ ရောက်ရှိလာသော အရှင်မဟာ ကဿပကို "ချစ်သား ကဿပ၊ ထိုင်လော့၊ သင်ချစ်သားအား ငါဘုရားသည် အမွေကို ပေးတော့အံ့" ဟု မိန့်တော်မူပြီးလျှင် ဤအဆုံးအမ ဩဝါဒသုံးမျိုးကို ပေးတော်မူသည်။

"ကဿပ၊ သင်သည် မြင့်မြတ်သော အမျိုးဇာတ်ကြောင့် မာန်မာနကြီးခဲ့သူဖြစ်၏။ ထို့ကြောင့် အကြီးအငယ်၊ အရွယ် အလတ်ဖြစ်သော သီတင်းသုံးဖော်တို့နှင့် ပြင်းပြသော ရှက်ကြောက်ခြင်း ရှိစေရန် ကျင့်သုံးရမည်။

"ကဿပ၊ သင်သည် အကြားအမြင် ဗဟုသုတ ပေါများ လှသူဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာ ရသောအခါ ကြားနာရသမျှကို တစ်လုံးမကျန် နားစိုက်၍ နှစ်နှစ်ခြိုက်ခြိုက် ကြားနာနိုင်ရန် ကျင့်သုံးရမည်။

"ကဿပ၊ သင်သည် ရုပ်ရည်ရူပကာယ လှပတင့်တယ် သူဖြစ်၍ မိမိကိုယ်ကို ပြန်၍ သာယာတတ်၏။ ထို့ကြောင့် သုခနှင့် တကွဖြစ်သော ကာယဂတာသတိကို မစွန့်မခွါ နေနိုင်စေရန် ကျင့်သုံးရမည်။ "

ဤဩဝါဒသုံးမျိုးကို နာကြားခံယူခြင်းဖြင့်ပင် အရှင်မြတ်၏ ရဟန်းပြုခြင်းကိစ္စ ပြီးမြောက်သွား၏။ ဤသို့ မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒကို ခံယူခြင်းဖြင့် ရဟန်းဘဝ ရရှိသူမှာ ဤအရှင်မြတ်

တစ်ပါးတည်းသာ ရှိပေသည်။

## ၄။ ပဥှာဗျာကရဏူပသမ္ပဒါရဟန်း

ပဥှာဗျာကရဏူပသမ္ပဒါရဟန်း ဟူသည်မှာ မြတ်ဗုဒ္ဓ၏ အမေးတော်ကို ဖြေဆိုကာမျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုးဖြစ်၏။

အခါတစ်ပါးတွင် မြတ်ဗုဒ္ဓသည် ပုဗ္ဗာရုံကျောင်းတော်၌ စင်္ကြံ ကြွတော်မူစဉ် အရှင်မြတ်နှင့်အတူ စင်္ကြံကြွရင်း လိုက်ပါလာသော ခုနစ်နှစ်သားအရွယ် သောပါက သာမဏေငယ်ကို "ချစ်သား သောပါက၊ ဥဒ္ဒုမာတကသညာ ၊ ရူပသညာ ဟူသော ဤတရား နှစ်ပါးတို့သည် ထူးသောအနက်အဓိပ္ပါယ်၊ ထူးသောသဒ္ဒါ ရှိကုန် သလော၊ သို့မဟုတ် အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာ ထူးခြား ကုန်သလော" စသည်ဖြင့် အသုဘနှင့်စပ်သော ပြဿနာ ဆယ်မျိုးကို မေးတော်မူ၏။

ထိုအခါ သောပါက သာမဏေငယ်က "မြတ်စွာဘုရား၊ ဥဒ္ဒုမာတကသညာ၊ ရူပသညာဟူသော ဤတရားနှစ်ပါးတို့သည် အနက် အဓိပ္ပါယ်တူကြ၍ သဒ္ဒါမျှသာ ထူးခြားပါကုန်၏" စသည်ဖြင့် ဖြေ ဆိုလေ၏။ ဤသို့ မေးသမျှ ပြဿနာကို ပြေလည်စွာ ဖြေဆိုသဖြင့် မြတ်ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်နှင့် နှီးနှော၍ ဖြေဆိုနိုင်ပေသည် တကားဟု အားရနှစ်သက်တော်မူကာ ထိုပြဿနာကို ဖြေဆိုကာမျှဖြင့် သောပါက သာမဏေငယ်အား ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏။

ဤသို့ ပြဿနာကို ဖြေဆိုကာမျှဖြင့် ရဟန်းဘဝ ရရှိသူမှာလည်း ဤသာသနာတော်၌ ရှင်သောပါက သာမဏေငယ် တစ်ပါးတည်းသာ ရှိပေသည်။

## ၅။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း

ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းဟူသည်မှာ–ဂရုဓံရှစ်ပါးကို အသက်ထက်ဆုံး ဦးထိပ်ရွက်ပန်ဆင်၍ မလွန်ကျူးဘဲ လိုက်နာကျင့်သုံးပါမည်ဟု ဝန်ခံကာမျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမျိုးဖြစ်၏။

ဤရဟန်းအဖြစ်ကား ပထမဆုံး ဘိက္ခုနီ ဖြစ်လာသော မိထွေးတော်ဂေါတမီအတွက် ခွင့်ပြုတော်မူခြင်းဖြစ်၏။ မိထွေးတော်ဂေါတမီသည် မြတ်ဗုဒ္ဓ၏ အမိန့်တော်ဖြင့် အရှင်အာနန္ဒာထံမှ ဂရုဓံတရားရှစ်ပါးကို နာယူ၍၊ ယင်းဂရုဓံရှစ်ပါးကို အသက်ထက်ဆုံး မလွန်ကျူးဘဲ လိုက်နာကျင့်သုံးပါမည်ဟု ဝန်ခံကာမျှဖြင့်ပင် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဤသို့ ဂရုဓံရှစ်ပါးကို ဝန်ခံကာမျှဖြင့် ရဟန်းဘဝကို ရရှိခဲ့သူမှာလည်း ဤသာသနာတော်၌ မိထွေးတော်ဂေါတမီထေရီမကြီး တစ်ပါးတည်းသာ ရှိပေသည်။

## ၆။ ဒူတေနူပသမ္ပဒါရဟန်း

ဒူတေနူပသမ္ပဒါရဟန်းဟူသည်မှာ–တမန်စေလွှတ် ခံယူစေခြင်းဖြင့် ရဟန်းအဖြစ်သို့ ရောက်သောရဟန်းမျိုး ဖြစ်၏။

ဤရဟန်းအဖြစ်ကို အဍ္ဍကာသိပြည့်တန်ဆာမကလေးအတွက် အထူး ခွင့်ပြုတော်မူရခြင်းဖြစ်၏။ အဍ္ဍကာသိကား ဤသာသနာတော်၌ ထူးထူးခြားခြား တမန်စေလွှတ်ခံယူစေခြင်းဖြင့် ဘိက္ခုနီအဖြစ်ကို ရရှိခဲ့သော ရဟန္တာအရှင်မတစ်ပါးဖြစ်၏။

ကဿပဘုရားရှင်၏ လက်ထက်တော်တွင် ဤအရှင်မ အလောင်းအလျာသည် အမျိုးကောင်းသမီးတစ်ယောက်ဖြစ်၍ ရဟန်းပြုခဲ့ဖူး၏။ ထိုဘိက္ခုနီမသည် ပါတိမောက္ခသံဝရသီလနှင့်တကွ

ဣန္ဒြေငါးပါးတို့ကို စောင့်စည်းခဲ့၏။ အစားအသောက်၌ အတိုင်းအရှည်ကို သိခဲ့၏။ နိုးကြားတက်ကြွစွာ နေထိုင်ခဲ့၏။ ကမ္မဋ္ဌာန်းတရားကို အားထုတ်ခဲ့၏။

## ဝစီဘေဒ ထိတိုင်းရှ

သို့ရာတွင် တစ်နေ့သ၌ ပုထုဇဉ်တို့၏ သဘာဝအတိုင်း ဒေါသ မာနတရားတို့ လွှမ်းမိုးနှိပ်စက်ခံရကာ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာထေရီတစ်ပါးကို အမျက်ထွက်သဖြင့် "ပြည့်တန်ဆာမ" ဟူ၍ ဆဲရေးမိ၏။ ထိုမကောင်းမှုကြောင့် ထိုဘိက္ခုနီမသည် ငရဲသို့ ကျရောက်ခံစားရ၏။ ငရဲမှ လွတ်မြောက်လာသောအခါတွင်လည်း ထိုအကုသိုလ်ကံကြွင်းကြောင့် ဖြစ်လေရာဘဝတိုင်း၌ ပြည့်တန်ဆာမ ဖြစ်ခဲ့ရရှာ၏။ ဤဘုရားရှင်လက်ထက်တော်အခါတွင် ကာသိတိုင်း၊ ဗာရာဏသီပြည်၌ သူဌေးကြီးတစ်ဦး၏ သမီး ဖြစ်လာ၏။ သူဌေးသမီး အရွယ်ရောက်လတ်သော် ရဟန္တာထေရီမအား ဆဲရေးမိခဲ့သော ဝစီဒုစရိုက် မကောင်းမှု ကံကြွင်းကြောင့်ပင် ပြည့်တန်ဆာမ ဖြစ်လာရလေ၏။ "ဝစီဘေဒ ထိတိုင်းရှ" ဆိုသည့်အတိုင်း မဆင်မခြင် ပြောဆိုမှားမိခဲ့သော ဝစီကံ၏ မကောင်းကျိုးကား ကြောက်မက်ဖွယ်ကောင်းလှသဖြင့် ဆင်ခြင်သင့်ပေသည်။

ရှေးကပြုခဲ့ဖူးသော မကောင်းမှုကြောင့် ဤသို့ ဖြစ်ရသော်လည်း ထိုပြည့်တန်ဆာမသည် ရုပ်ရည်အဆင်း လှပကျော့ရှင်း၏။ သတ်မှတ်ထားသော အဖိုးနှုန်းထားပေး၍ ပျော်ပါးလာသော ယောကျာ်းတို့အား တာဝန်ကျေအောင် ပြုစုသောအားဖြင့် အကျင့်သိက္ခာနှင့် ပြည့်စုံ၏။

ထို့ကြောင့်ပင် ပြည့်တန်ဆာမနှင့် ပျော်ပါးလိုသူများသည် တစ်ရက်တာ (တစ်နေ့နှင့်တစ်ည)အတွက် ကာသိတိုင်းအတွင်းရှိ

ဇနပုဒ် အားလုံးတို့မှ တစ်နေ့တာအတွက် ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေ တစ်ထောင်နှင့်အမျှ ပေးကြရ၏။ ထို့ကြောင့် ပြည့်တန်ဆာမ၏ အမည်ကို "ကာသိ" ဟု ခေါ်တွင်လေသည်။ နောင်အခါတွင်ကား ပျော်ပါးလိုသူများသည် တစ်ရက်တာလုံးအတွက် အသပြာတစ်ထောင် မပေးနိုင်ကြတော့သဖြင့် နေ့ဝက် (နေ့ပိုင်း၊ သို့မဟုတ် ညပိုင်း) အတွက် ကာသိတိုင်း၏ တစ်နေ့တာ ရရှိသော အခွန်ဘဏ္ဍာ၏ ထက်ဝက်အသပြာ ငါးရာပေး၍ ပျော်ပါးကြရ၏။ ဤသို့ ကာသိတိုင်း၏ တစ်နေ့တာအတွက် ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေ၏ တစ်ဝက်ဖြင့် လက်ခံရသည်ကို အကြောင်းပြု၍ ထိုပြည့်တန်ဆာမကို "အဍ္ဎကာသိ" ဟူ၍ အများက ခေါ်ဝေါ်ကြလေသည်။

ပြည့်တန်ဆာမကလေး အဍ္ဎကာသိသည် ပြုမိမှားခဲ့သော မကောင်းမှုကံ၏ အပြစ်ဒဏ်ကို ခါးစည်းခံနေရ၍ မိမိ၏ဘဝကို ငြီးငွေ့စက်ဆုပ်လာ၏။ ကဿပ ဘုရားရှင်၏ သာသနာတော်ကို ထမ်းရွက်ခဲ့ဖူးသော ကုသိုလ်ကံ၏ အကျိုးပေးရန် အလှည့် ကြုံလာပြန်သဖြင့် သာသနာတော်သို့ ဝင်၍ ဘိက္ခုနီပြုရန် စိတ်အား ထက်သန်လာခဲ့၏။ သို့ဖြင့် ဘိက္ခုနီတို့အထံ၌ ရှင်၊ ရဟန်းမ အဖြစ်ကို ခံယူလေသည်။

ထို့နောက် မြတ်ဗုဒ္ဓ အထံတော်၌ ရဟန်းမအဖြစ် ထပ်မံခံယူရန်အတွက် သာဝတ္ထိပြည်သို့ သွားရန် စီစဉ်လေ၏။ ထိုသတင်းကို သေသောက်ကြူး ကာလသားတို့ ကြားသိရလေလျှင် ရှေးအခါက ငွေကြေး မတတ်နိုင်သဖြင့် ပျော်ပါးခွင့် မရရှိခဲ့ရသူ အဍ္ဎကာသိကို လမ်းမှ ဖမ်းယူ၍ ပျော်ပါးရန် တိုင်ပင်စောင့်ဆိုင်းနေကြလေသည်။

ထိုအကြောင်းကို အဍ္ဎကာသိ ကြားသိရသောအခါ မြတ်ဗုဒ္ဓရှိရာ သာဝတ္ထိသို့ မသွားဝံ့တော့သဖြင့် ရဟန်းမအဖြစ် ထပ်မံခံယူရန်

အခက်ကြုံနေရသည်။ သို့ဖြင့် မြတ်ဗုဒ္ဓထံတော်သို့ တမန်စေလွှတ်၍ "တပည့်တော်မသည် အရှင်ဘုရား၏ အထံ၌ ရဟန်းမ အဖြစ် ခံယူလို၏။ အရှင်ဘုရား၏အထံသို့ လာရောက်ဖို့ရန်လည်း အခက် အခဲ ကြုံတွေ့နေရပါ၏။ အဘယ်သို့ ပြုကျင့်ရပါမည်နည်းဘုရား" ဟု လျှောက်ကြားစေသည်။

ဤတွင် မြတ်ဗုဒ္ဓသည် အဍ္ဍကာသိ၏ အခက်အခဲကို စာနာထောက်ထားတော်မူကာ–

"အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိဥပသမ္ပာဒေတုံ "

"ရဟန်းတို့တမန်ဖြင့်လည်း ပဉ္စင်းခံပေးခြင်းငှာ ခွင့်ပြု၏" ဟု ဝိနည်းပညတ်ချက် ထုတ်ပြန်၍ ဘိက္ခုနီတမန်ဖြင့် ပဉ္စင်းခံ ပေးခြင်းကို ခွင့်ပြုတော်မူ၏။

ဤသို့ ဘိက္ခုနီတမန်ဖြင့် ပဉ္စင်းခံပေးရသော ရဟန်းမျိုးကို "ဒူတေနူပသမ္ပဒါရဟန်း" ဟု ခေါ်ဆိုရ၏။ ဤရဟန်းအဖြစ်ကို ဤသာသနာတော်၌ အဍ္ဍကာသိထေရီတစ်ပါးတည်းသာ ရရှိခဲ့ပေ သည်။

## ၇။ အဋ္ဌဝါစိကူပသမ္ပဒါရဟန်း

အဋ္ဌဝါစိကူပသမ္ပဒါရဟန်းဟူသည်မှာ –ဘိက္ခုနီသံဃာထံ၌ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်အားဖြင့် လေးကြိမ်၊ ဘိက္ခု သံဃာထံ၌ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်အားဖြင့် လေးကြိမ် ဤသို့ ဉတ်ကမ္မဝါစာ ရှစ်ကြိမ် (ဉတ္တိစတုတ္ထကမ္မဝါစာနှစ်ကြိမ်) ရွတ်ဖတ်ခြင်းဖြင့် ရဟန်းအဖြစ်သို့ ရောက်သောရဟန်းမျိုးဖြစ်၏။

ဤရဟန်းမျိုးကား ဘိက္ခုနီများသာဖြစ်၏။ ဘိက္ခုနီအဖြစ် ခံယူလိုသော အမျိုးကောင်းသမီးများသည် ဆဋ္ဌမ ဂရုဓမ္မပညတ်ချက် အတိုင်း သိက္ခမာန်ဘဝဖြင့် နှစ်နှစ်ပတ်လုံး ပါဏာတိပါတ စသော

သိက္ခာပုဒ် ခြောက်ပါးတို့ကို မကျိုးမပေါက်အောင် စောင့်ထိန်းရ၏။ ထိုသို့ စောင့်ထိန်းပြီးသော ဘိက္ခုနီမလောင်း သိက္ခမာန်ကို ဘိက္ခုနီသံဃာထံ၌ ဥတ္တိစတုတ္ထကံဖြင့် ယခုခေတ် ရဟန်းတော်များ ရဟန်းခံသကဲ့သို့ ပထမတစ်ကြိမ် ရဟန်းခံ ပေးရ၏။ ဤသို့ ဉတ်လျှင် လေးကြိမ်မြောက်သောကံဖြင့် နှစ်ကြိမ် ရဟန်းခံပြီးမှသာ ဘိက္ခုနီအဖြစ် ခံယူခြင်းကိစ္စ ပြီးမြောက်အောင်မြင်၏။ ဤ ရဟန်းခံခြင်းမျိုးကို "အဋ္ဌဝါစိကူပသမ္ပဒါ" ဟုခေါ်ဆိုရသည်။ တစ်နည်းအားဖြင့် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ ဟူသော နှစ်ဘက်သော သံဃာထံ၌ ရဟန်းအဖြစ်သို့ ရောက်သောကြောင့် "ဥဘတော ဥပသမ္ပန္နဘိက္ခုနီ" ဟူ၍လည်း ခေါ်ဆိုရလေသည်။ ဤရဟန်းခံခြင်းမျိုးကား မိထွေးတော်ဂေါတမီ သာကီဝင်မင်းသမီး ငါးရာတို့မှတစ်ပါး တစ်သာသနာလုံးရှိ ဘိက္ခုနီတို့၏ ရဟန်းခံခြင်းမျိုးဖြစ်ပေသည်။

## ၈။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း

ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်းဟူသည်မှာ–ဘိက္ခုသံဃာထံ၌ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်အားဖြင့် လေးကြိမ်ရွတ်ဖတ်ရသော ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သောရဟန်းမျိုး ဖြစ်၏။

မြတ်ဗုဒ္ဓသည် ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံခြင်းကို ပထမဝါမှ ထတော်မူပြီးနောက် ဒေသစာရီ လှည့်လည်တော်မူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရာဓပုဏ္ဏားကို ရဟန်းခံပေးရာ၌ စတင်ခွင့်ပြုတော်မူပါသည်။ အချိန်ကာလအားဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ကိုးလအကြာ တပို့တွဲလပြည့်ကျော်ခန့် ဖြစ်သည်။

တစ်နေ့သ၌ ရာဓ အမည်ရှိသော ပုဏ္ဏားကြီးသည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်လာ၍ ရဟန်းများထံ ချဉ်းကပ်လျက်

ရဟန်းပြုလိုကြောင်း တောင်းပန်လျှောက်ထား၏။ ရဟန်းများကား "ဤပုဏ္ဏားကြီးသည် အသက်အရွယ် အိုမင်းလှပြီ၊ ဝတ်ကြီးဝတ်ငယ်ကို ပြုစုနိုင်မည် မဟုတ်" ဟု တွေးတောကာ ရဟန်းပြုမပေးကြပေ။ ပုဏ္ဏားကြီးသည် ရဟန်းပြုခွင့် မရသဖြင့် ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲကာ ပိန်ချုံးကျုံလှီ၍ မရှုမလှ ဖြစ်နေရှာသည်။

မြတ်ဗုဒ္ဓသည် ပုဏ္ဏားကြီး၏ ဖြစ်အင်ကို မြင်တော်မူရလျှင် ရဟန်းများအား အကြောင်းစုံ မေးမြန်းတော်မူ၏။ ထို့နောက် ပုဏ္ဏားကြီး၏ ရှေးကောင်းမှုနှင့် ပြည့်စုံကြောင်းကို သိမြင်တော်မူသဖြင့် ရဟန်းအပေါင်းကို စည်းဝေးစေတော်မူပြီးလျှင် "ရဟန်းတို့၊ ရာဓ ပုဏ္ဏား ပြုခဲ့ဖူးသော ကျေးဇူးတရားကို သိရှိသောရဟန်း ရှိပါလျှင် ထိုရဟန်းသည် ရာဓပုဏ္ဏားအား ရဟန်းပြုပေးပါလော့" ဟု မိန့်ကြားတော်မူ၏။ ထိုအစည်းအဝေးတွင် ပါဝင်နေသော အရှင်သာရိပုတ္တရာသည် "အရှင်ဘုရား၊ ရာဓပုဏ္ဏားသည် တပည့်တော်အား ဆွမ်း တစ်ယောက်မ လောင်းလှူဖူးပါသည်။ ထိုကျေးဇူးကို ထောက်ထား၍ တပည့်တော် ရဟန်းပြုပေးပါမည် ဘုရား" ဟု လျှောက်ထားလေသည်။

မြတ်ဗုဒ္ဓလည်း ကောင်းချီးပေးတော်မူ၍ အရှင်သာရိ ပုတ္တရာအား ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးရန် ခွင့်ပြု တော်မူ၏။ ဤတွင် အရှင်သာရိပုတ္တရာက ရာဓပုဏ္ဏားကြီးကို မည်သို့မည်ပုံ ရဟန်းပြုပေးရမည်ကို လျှောက်ထားသည်။ ဤသို့ အရှင်သာရိပုတ္တရာ၏ လျှောက်ထားသော အကြောင်းအရာနှင့် စပ်လျဉ်း၍ မြတ်ဗုဒ္ဓသည် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ဤသို့ မိန့်ကြားတော်မူသည်။

"ယာ သာ ဘိက္ခဝေမယာ တီဟိသရဏဂမနေဟိ ဥပသမ္ပဒါ အနုညာတာ၊ တံအဇ္ဇတဂ္ဂေ ပဋိက္ခိပါမိ "

"ရဟန်းတို့၊ သရဏဂုံသုံးပါးဖြင့် ငါဘုရား ခွင့်ပြုတော်မူ အပ်ခဲ့သောပဉ္စင်းခံခြင်းကို ယနေ့မှစ၍ ပယ်ဖျက်အပ်ပြီ"

"အနုဇာနာမိဘိက္ခဝေဉတ္တိစတုတ္ထေနကမ္မေနဉပသမ္ပါဒေတုံ"

"ရဟန်းတို့၊ ဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းခံရန် ခွင့်ပြု၏"

ဤသို့လျှင် သရဏဂုံသုံးပါးဖြင့် ပဉ္စင်းခံခြင်းကို ပယ်ဖျက်၍ ဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းခံခြင်းကို ခွင့်ပြုတော်မူသည်။

ဤ၌ ရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓ ဗာရာဏသီပြည့် မိဂဒါဝုန်တော၌ ပထမ ဝါကျွတ်တော်မူပြီးစကပင် သရဏဂုံ သုံးပါးဖြင့်ရှင်၊ ရဟန်းပြုခွင့်ပေးတော်မူခဲ့သည်ကို မသိ၍ မေးလျှောက်တော်မူခြင်းကား မဟုတ်ချေ။ သာသနာတော် ပွင့်လင်းစအချိန်က ရဟန်းတော်များ ချမ်းချမ်းသာသာဖြင့် သာသနာပြုနိုင်ကြစေရန် ရည်ရွယ်၍ လွယ်လွယ်ကူကူ ခွင့်ပြုတော်မူခဲ့သော သရဏဂုံသုံးပါးဖြင့် ပဉ္စင်းခံပေးခြင်းကို ပယ်ဖျက်၍ လေးလေးနက်နက် ပဉ္စင်းခံ ပေးခြင်းကို ခွင့်ပြုတော်မူစေလိုသောကြောင့်သာ လျှောက်ထားရခြင်းဖြစ်သည်။

ဤဉတ္တိစတုတ္ထကံဖြင့် ပဉ္စင်းခံခြင်းသည် ဘိက္ခု၊ ဘိက္ခုနီ နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်ဟု ဆိုသင့်ပါသည်။

မှန်ပါသည်။ မိထွေးတော် ဂေါတမီသည် မိမိအဖို့ရာ ဂရုဓံရှစ်ပါးကို ခံယူခြင်းဖြင့် ပဉ္စင်းခံခြင်းကိစ္စ ပြီးမြောက်၍ ဘိက္ခုနီအဖြစ်သို့ ရောက်ရှိပြီးသောအခါ သာကီဝင်မင်းသမီး ငါးရာတို့ကို ခေါ်ဆောင်၍ မြတ်ဗုဒ္ဓထံသို့ ချဉ်းကပ်လေ၏။ မြတ်ဗုဒ္ဓထံသို့ ရောက်သောအခါ မိမိနှင့်အတူ ပါလာကြသည့် ဤသာကီဝင် မင်းသမီးတို့၏ သာသနာ့ဘောင်သို့ ဝင်ရောက်နိုင်ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို လျှောက်ထားသည်။

ဤသို့ မိထွေးတော်ဂေါတမီ လျှောက်ထားသော အကြောင်းအရာနှင့် စပ်လျဉ်း၍ မြတ်ဗုဒ္ဓသည် ရဟန်းအပေါင်းကို စည်းဝေး

စေပြီးလျှင် ဤသို့ မိန့်ကြားတော်မူ၏။

"အနုဇာနာမိဘိက္ခဝေဘိက္ခုဟိဘိက္ခုနိယောဥပသမ္ပာဒေတုံ"

"ရဟန်းတို့၊ ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ပဥ္စင်းခံပေးရန် ခွင့်ပြု၏"

ဤသို့ မြတ်ဗုဒ္ဓ၏ ခွင့်ပြုတော်မူချက်ဖြင့် မိထွေးတော် ဂေါတမီနှင့် အတူပါလာကြသော သာကီဝင် မင်းသမီး ငါးရာတို့သည် မိထွေးတော်ဂေါတမီ ထေရီမကြီးကို ဥပဇ္ဈာယ်ပြု၍ ဘိက္ခုသံဃာထံ၌ ဉတ္တိစတုတ္ထကံဖြင့် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။

ဤသာကီဝင်မင်းသမီး ဘိက္ခုနီငါးရာတို့ကို ဘိက္ခုသံဃာ တစ်ဘက်တည်း၌သာ ရဟန်းအဖြစ်သို့ ရောက်သောကြောင့် "ဧကတော ဥပသမ္ပန္နာဘိက္ခုနီ" ဟုလည်း ခေါ်ဆိုရလေသည်။

ဤသို့ ရဟန်းမိန်းမတို့ကို ဘိက္ခုသံဃာ တစ်ဘက်တည်း၌ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံပေးရန် ခွင့်ပြုတော်မူခြင်းသည် ဘိက္ခုနီသာသနာ ပေါ်ထွန်းစဖြစ်၍ ဘိက္ခုနီသံဃာ ပြည့်ပြည့်ဝဝ မရှိသေးသဖြင့် သာကီဝင်မင်းသမီးငါးရာတို့အတွက် အနုပညတ် ထုတ်၍ ချွင်းချက်ဖြင့် ခွင့်ပြုတော်မူခြင်းသာဖြစ်သည်။ ဤခွင့်ပြုချက်သည် အခြားသော ရဟန်းမိန်းမတို့နှင့် သက်ဆိုင်ခြင်း မရှိချေ။

အကြောင်းမူ အခြားသော ရဟန်းမိန်းမများအတွက်ကား ဂရုဓံရှစ်ပါးကို ပညတ်တော်မူစဉ်ကပင် ဆဋ္ဌမ ဂရုဓမ္မဖြင့် "သိက္ခာပုဒ်ခြောက်ပါးကို နှစ်နှစ်ပတ်လုံး ကျင့်ပြီးသော သိက္ခမာန်ကို ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာထံ၌ ပဥ္စင်းခံခြင်းကို ရှာမှီးရမည်" ဟု မူလပညတ်ချက် ပါရှိပြီးဖြစ်သောကြောင့် ဖြစ်သည်။

ဤသို့ ဘိက္ခုသံဃာ တစ်ဘက်တည်း၌ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံ၍ ဘိက္ခုနီအဖြစ်ကို ရရှိသူမှာလည်း ဤသာသနာတော်၌ သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့သာရှိပေသည်။

သို့ဖြစ်၍ နောင်အခါ၌မှ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါ ရဟန်းအဖြစ်ကို ရဟန်းယောကျာ်းများသာ ရရှိနိုင်ကြ၍ ရဟန်းမိန်းမတို့ မရရှိနိုင်ဟုသာ မှတ်ယူရပေမည်။

## ဘိက္ခုနီတို့ ရနိုင်သော ရဟန်း လေးမျိုး

ဤပြဆိုခဲ့သော ရဟန်းရှစ်မျိုးတို့ကား ဝိနည်း ပိဋကတ်လာ မြတ်ဗုဒ္ဓ ခွင့်ပြုတော်မူအပ်ခဲ့သော ရဟန်းတို့ဖြစ်ပါသည်။ ထိုတွင် ဘိက္ခုနီတို့ ရနိုင်သော ရဟန်းအမျိုးအစားမှာ–

၁။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း

၂။ ဒူတေနူပသမ္ပဒါရဟန်း

၃။ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း

၄။ အဋ္ဌဝါစိကူပသမ္ပဒါရဟန်း–ဟူ၍ လေးမျိုးတို့ ဖြစ်ပါသည်။ ထိုလေးမျိုးတို့တွင်လည်း

–ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်းအဖြစ်ကို မိထွေးတော် ဂေါတမီထေရီတစ်ပါးတည်းသာ ရအပ်၏။

–ဒူတေနူပသမ္ပဒါရဟန်းအဖြစ်ကို အဍ္ဍကာသိထေရီ တစ်ပါးတည်းသာ ရအပ်၏။

–ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်းအဖြစ်ကို မိထွေးတော် ဂေါတမီနှင့်အတူ ပါလာကြသည့် သာကီဝင်မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့သာ ရအပ်၏။

–အဋ္ဌဝါစိကူပသမ္ပဒါရဟန်းအဖြစ်ကိုကား မိထွေးတော်ဂေါတမီ သာကီဝင် မင်းသမီး ငါးရာနှင့် အဍ္ဍကာသိ တို့မှတစ်ပါး တစ်သာသနာလုံးရှိ ဘိက္ခုနီအားလုံးတို့ ရရှိအပ်ပါသည်။

သို့ရာတွင် ယခုအခါ သာသနာတော်၌ ဘိက္ခုနီတို့ အနွယ် အဆက် ပြတ်၍ ဘိက္ခုနီသာသနာ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သဖြင့်

အမျိုးကောင်းသမီးများအတွက် ဘိက္ခုနီ ပြုနိုင်သည့် အခွင့်အလမ်းမှာလည်း ဆုံးရှုံးသွားခဲ့ရပြီ ဖြစ်ပေသည်။

## ဘိက္ခုနီတို့၏ ဝိနည်းကျင့်ဝတ်

"ဘိက္ခုနီတို့၏ ဝိနည်းကျင့်ဝတ်" ဟူသည်မှာ ဘိက္ခုနီ (ရဟန်းမိန်းမ) တို့ လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းဥပဒေ၊ ကျင့်ဝတ် သိက္ခာပုဒ်များကို ဆိုလိုပါသည်။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရက်ခြောက်ဆယ် (နှစ်လ) မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့မှစ၍ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ရဟန်းယောကျ်ား အဖွဲ့အစည်း (ဘိက္ခုသံဃာ) ကို စတင် တည်ထောင်တော်မူခဲ့ရာ ကပိလဝတ်ပြည်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူမည့် တပေါင်းလပြည့်နေ့အထိ ရှစ်လအတွင်းမှာပင် ရဟန်းယောကျ်ား (ဘိက္ခုသံဃာ)ပေါင်း နှစ်သောင်းကျော်ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။ ထိုနောက် ငါးဝါမြောက် ရောက်သောအခါတွင်မူ ရဟန်းမိန်းမ အဖွဲ့အစည်း (ဘိက္ခုနီသံဃာ) ကို စတင်ဖွဲ့စည်း တည်ထောင်တော်မူခဲ့ပြန်ပါသည်။ ထိုအချိန်မှစ၍ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ စသော လူတန်းစား အလွှာအသီးသီးမှ အမျိုးကောင်းသမီးများလည်း သာသနာတော်သို့ ဘိက္ခုနီအဖြစ် ဝင်ရောက်လာခဲ့ကြလေသည်။

ထိုသို့ မြတ်ဗုဒ္ဓသာသနာ၌ အဖွဲ့အစည်းကြီးနှစ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာသည်နှင့်အမျှ ယင်းအဖွဲ့အစည်းဝင် ဘိက္ခု၊ ဘိက္ခုနီတို့ လိုက်နာကျင့်သုံးရမည့် ဝိနည်း ဥပဒေ ခေါ် ကျင့်ဝတ် သိက္ခာပုဒ်များသည်လည်း မရှိမဖြစ် အမှန်ပင် လိုအပ်လာပေသည်။

## အကြောင်းမပေါ်ခင် ကြိုတင်ပညတ်တော်မမူ

သို့သော် မြတ်ဗုဒ္ဓသည် အကြောင်းတစ်စုံတစ်ရာ မပေါ်သေးခင် ဝိနည်း ဥပဒေကို ကြိုတင်ပညတ်တော်မမူ၊ အကြောင်း ဝတ္ထုတစ်စုံတစ်ခု ပေါ်ပေါက်လာမှသာ ပညတ်တော်မူပါသည်။

အကြောင်းတစ်စုံတစ်ရာ မပေါ်သေးဘဲ ဝိနည်း ဥပဒေကို ပညတ်လိုက်ပါက မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကို ကာလညု ဖြစ်တော်မူသော မြတ်ဗုဒ္ဓ သိရှိတော်မူပြီးဖြစ်၏။ ထိုစဉ်က သာသနာတော်အတွင်းသို့ ဝင်ရောက်လာကြသူများမှာ အများအားဖြင့် သာကီဝင် မင်းသား၊ မင်းသမီးများ၊ ပုဏ္ဏားမျိုးနွယ်များ၊ သူဌေးသူကြွယ်များဖြစ်ကြ၏။ ထိုသူတို့သည် မိမိတို့ ရပိုင်ခွင့်ရှိသည့် စည်းစိမ်ချမ်းသာနှင့် မိဘဆွေမျိုး စသော အသိုင်းအဝိုင်းများကို စွန့်ခွာ၍ သဒ္ဓါတရား စစ်စစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်လာသူများ ဖြစ်ကြ၏။ သာသနာ့ဘောင်၌ ရရသမျှ ပစ္စယဖြင့် ရောင့်ရဲကာ ကိုယ်နှင့်အသက်ကို မငဲ့မကွက်ဘဲ သိက္ခာသုံးရပ်ကို စိုက်စိုက်မတ်မတ်ကြိုးစားဖြည့်ကျင့်နေသူများလည်း ဖြစ်ကြ၏။ ဤသို့သော ပရိသတ်၌ "မေထုန် မမှီဝဲရ၊ သူ့ပစ္စည်း မခိုးရ" စသည်ဖြင့် အကြောင်းမဲ့ ဝိနည်း ဥပဒေကို ပညတ်တော်မူလိုက်ပါလျှင် သူတစ်ပါးတို့၏ ရှုတ်ချပြစ်တင်ဖွယ် ဖြစ်ပေရာ၏။ သည်မျှသာ မကသေးချေ။ မြတ်ဗုဒ္ဓ၏ သိက္ခာပုဒ် ပညတ်နိုင်ခွင့် စွမ်းအင်ဉာဏ်တော်အားကိုလည်း သတ္တဝါတို့ မသိနိုင်ပေတော့ရာ။ ပညတ်အပ်သော ဝိနည်း ဥပဒေသည်လည်း မတည်တံ့နိုင်ပေရာ။ အနာမပေါ်သေးခင် ခွဲစိပ်ကုသ၍ ဆေးတင်ပေးပါက ရောဂါရှင်က ကျေးဇူးတင်မည်မဟုတ်သည့်အပြင် "ငါ၏ အသားကောင်းကို ခွဲစိပ်ရသည်လား" ဟု အပြစ်တင်ခြင်းကိုပင် ခံရသကဲ့သို့ဖြစ်ပေရာ၏။

အကြောင်းဝတ္ထု၊ အပြစ်တစ်စုံတစ်ရာ ပေါ်ပေါက်လာ

သည့်အခါတွင် ရဟန်းသံဃာအပေါင်းကို စည်းဝေးစေ၍ ၊ထိုအစည်းအဝေး၌ အမှုရှင် ရဟန်း (သို့မဟုတ်) ရဟန်းမကို စစ်ဆေးမေးမြန်းတော်မူ၏။ ထိုသို့ စစ်ဆေးမေးမြန်းတော်မူပြီးမှ အပြစ်တင်ထိုက်လျှင် အပြစ်တင်တော်မူ၍ ဆုံးမဩဝါဒကို မိန့်ကြားတော်မူ၏။ ထိုဆုံးမဩဝါဒကို ကြားနာရသော သံဃာတော်အများကပင် ဤအမှုမျိုး နောင် မပေါ်အောင် ဝိနည်းဥပဒေတော် ထားထိုက်သည်ဟု သဘောပေါက် နားလည်လာသော အခါကျမှသာ ထိုက်သင့်ရာ ဥပဒေကို ပညတ်တော်မူလေ့ရှိပါသည်။ ဤနည်းဖြင့်သာလျှင် ဘိက္ခု၊ ဘိက္ခုနီတို့ လိုက်နာကျင့်သုံးရမည့် ဝိနည်း ဥပဒေများကို ပညတ်တော်မူခဲ့ပါသည်။

## ဥဘတောဝိဘင်္ဂလာ ဘိက္ခုနီဆိုင်ရာသိက္ခာပုဒ်များ

ဤသို့ မြတ်ဗုဒ္ဓမဟာကရုဏာတော် ပြဋ္ဌာန်းပညတ်တော်မူအပ်သော ဝိနည်းဥပဒေတော်သည် သင်္ဂါယနာတင် အစီအစဉ်အားဖြင့်–

(၁) ဥဘတောဝိဘင်္ဂ (ဘိက္ခုဝိဘင်္ဂ၊ ဘိက္ခုနီဝိဘင်္ဂ)

(၂) ခန္ဓက (မဟာဝါခန္ဓက၊ စူဠဝါခန္ဓက)

(၃) ပရိဝါ ဟူ၍ သုံးပိုင်းရှိ၏။

သင်ရိုး ပိဋကကျမ်းအရေအတွက်အားဖြင့်ကား–

(၁) ပါရာဇိက (ပါရာဇိကဏ်)

(၂) ပါစိတ္တိယ (ပါစိတ်)

(၃) မဟာဝဂ္ဂ (ဝိနည်းမဟာဝါ)

(၄) စူဠဝဂ္ဂ (စူဠဝါ)

(၅) ပရိဝါရ(ပရိဝါ) ဟူ၍ ငါးကျမ်းရှိ၏။

ထိုတွင် ဥဘတောဝိဘင်္ဂ အဝင်အပါ ပါစိတ်ပါဠိတော်လာ

ဘိက္ခုနီတို့ လိုက်နာစောင့်ထိန်းရမည့် သိက္ခာပုဒ်များမှာ–

(၁) ကျူးလွန်မိလျှင် ရဟန်းဘဝ၌ ဆက်လက်ရပ်တည်နိုင်ခွင့် မရှိ။ လူဝတ်လဲရသည့်အထိ အပြစ်ကြီးလေးသော ပါရာဇိက သိက္ခာပုဒ် ရှစ်ပါး။

(၂) ကျူးလွန်မိလျှင် ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာထံ၌ ပက္ခမာနတ် (ဆယ့်ငါးရက် ကျင့်ရသော မာနတ်) အကျင့်ကို ကျင့်ရသည့် ဒုတိယ အပြစ်အကြီးဆုံး ဖြစ်သော သံဃာ ဒိသေသ်သိက္ခာပုဒ်တစ်ဆယ့်ခုနစ်ပါး။

(၃) လက်ခံယူဆောင်သိမ်းဆည်းထားသည့် ပစ္စည်းကိုလည်း စွန့်ပစ်ရ၊ ပါစိတ်အာပတ်လည်း သင့်သော နိဿဂ္ဂိယ ပါစိတ်သိက္ခာပုဒ် သုံးဆယ်။

(၄) ပစ္စည်းကို စွန့်ရမှု မပါ။ ပါစိတ်အာပတ် အပြစ်သက်သက်သာ သင့်ရောက်သော ပါစိတ္တိယ သိက္ခာပုဒ် တစ်ရာ့ခြောက်ဆယ့်ခြောက်ပါး။

(၅) ဂါရယှံအယျောခမ္ဘံအာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနိယံ၊ တံပဋိ ဒေသေမိ ဟူ၍ သီးခြားဒေသနာ ပြောကြားရသော ပါဋိ ဒေသနိယ သိက္ခာပုဒ်ရှစ်ပါး။

(၆)နားလည်အောင် သင်ကြားလေ့လာထိုက်၊ နားလည်သည့် အတိုင်းလည်း လိုက်နာကျင့်သုံးထိုက်သော သေခိယ သိက္ခာပုဒ် ခုနစ်ပါးဆယ့်ငါးပါး။

(၇) အဓိကရဏ်းကို ငြိမ်းစေနိုင်သော အဓိကရဏ သမထ ခုနစ်ပါးဟူ၍ အကျဉ်းအားဖြင့် (၃၁၁) သုံးရာတစ်ဆယ့် တစ်ပါး ရှိပါသည်။

အကျယ်အားဖြင့် ရေတွက်လျှင် ရဟန်းယောကျ်ားများအတွက် ပညတ်တော်မူထားသည့် သိက္ခာပုဒ်များတွင် ဘိက္ခုနီများနှင့်

သက်ဆိုင်သော အချို့သိက္ခာပုဒ်များ၊ မဟာဝဂ္ဂပါဠိတော်၊ စူဠဝဂ္ဂ ပါဠိတော်တို့၌ ပြဆိုအပ်သော ကျင့်ဝတ် သိက္ခာပုဒ်များကိုလည်း ထည့်သွင်းရေတွက်ပါက ရဟန်းယောကျ်ားများကဲ့သို့ပင် သိက္ခာပုဒ် ပေါင်း ကုဋေကိုးထောင်ကျော် (ကုဋေကိုးထောင်၊ တစ်ရာ့၊ ရှစ်ဆယ်၊ ငါးသန်း၊ သုံးသောင်း ၊ ခြောက်ထောင်) ရှိမည်ပင် ဖြစ်ပါသည်။ ရဟန်းယောကျ်ားတို့ လိုက်နာစောင့်ထိန်းကြရသည့် ဝိနည်းသိက္ခာပုဒ် များကား– ပါရာဇိကသိက္ခာပုဒ် လေးပါး၊ သံဃာဒိသေသ်သိက္ခာပုဒ် တစ်ဆယ့်သုံးပါး၊ အနိယတသိက္ခာပုဒ်နှစ်ပါး၊ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်သုံးဆယ်၊ သုဒ္ဓပါစိတ်သိက္ခာပုဒ် ကိုးဆယ့်နှစ်ပါး၊ ပါဋိ ဒေသနီသိက္ခာပုဒ်လေးပါး၊ သေခိယသိက္ခာပုဒ် ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏသမထခုနစ်ပါးဟူ၍ သိက္ခာပုဒ်ပေါင်း အကျဉ်းအားဖြင့် (၂၂၇) နှစ်ရာ့၊ နှစ်ဆယ်၊ ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်၊ တစ်ရာ့၊ ရှစ်ဆယ်၊ ငါးသန်း၊ သုံးသောင်း၊ ခြောက် ထောင် ရှိပါသည်။

သို့ဖြစ်၍ ဘိက္ခုနီတို့ လိုက်နာစောင့်ထိန်းရသည့် ဝိနည်း၊ သိက္ခာပုဒ်များသည် ရဟန်းယောကျ်ားတို့ လိုက်နာစောင့်ထိန်းရသည့် သိက္ခာပုဒ် အရေအတွက်ထက် (၈၄)ပါး ပိုလွန်သည်ကို တွေ့ရပါသည်။ ယင်းသို့ သိက္ခာပုဒ်အရေအတွက် ပိုလွန်များပြားရုံမျှသာမကသေးပေ။ ဘိက္ခုနီတို့အတွက် သိက္ခာပုဒ်များကို ပညတ်တော်မူရာတွင် ရဟန်း ယောကျ်ားများထက် ပိုမိုကြီးလေးသော အာပတ်တို့ဖြင့် တင်းတင်း ကြပ်ကြပ် ပညတ်ထားသည်ကိုလည်း တွေ့ရပါသည်။

ထိုအချက်ကို ထင်ရှားအောင် သာဓက ပြပါမည်။ ရဟန်း ယောကျ်ားတို့၌ အပြစ်အကြီးဆုံး ပါရာဇိကအာပတ် သင့်ရောက် နိုင်သည့် ပြစ်မှု လေးခုရှိ၏။ ယင်းတို့မှာ–

၁။ မေထုန်မှီဝဲမှု

၂။ (လူတို့ပိုင်ဆိုင်သော) သူ့ပစ္စည်းကို ခိုးမှု

၃။ လူသတ်မှု

၄။ ဈာန်၊ မဂ်၊ ဖိုလ် မရဘဲ ရသည်ဟု ဝါကြွားပြောဆိုမှုတို့ဖြစ်သည်။

ထိုပြစ်မှုလေးခုတို့အနက် တစ်ခုခုကို ကျူးလွန်မိပါက ပါရာဇိက အာပတ်သင့်၍ ရဟန်းဘဝ ဆုံးရှုံးရတော့၏။

ဘိက္ခုနီတို့၌ကား ရဟန်းယောကျ်ားတို့အတွက် ပညတ်ထားသည့် ပြစ်မှုလေးခုအပြင်–

၅။ ယောကျ်ား၏ (ညှပ်ရိုးအောက် ပုဆစ်ဒူးဝန်းအထက်ပိုင်း၌) ကိုင်တွယ်သုံးသပ်သည်ကို သာယာမှု

၆။ (ပါရာဇိက ကျနေသူ၏ ဂုဏ်သိက္ခာကို ကာကွယ်လိုသည့်စိတ်ဖြင့်) ပါရာဇိကအပြစ်ကို ဖုံးလွှမ်းထားမှု

၇။ သံဃာက နှင်ထုတ်ထားသော (ဥက္ခိတ္တက) ရဟန်း၏နောက်လိုက်လုပ်မှု

၈။(က) ယောကျ်ားက လက်စွဲသည်ကို သာယာမှု

(ခ) မိမိဝတ်ထားသောသင်္ကန်းကို ကိုင်သည်ကို သာယာမှု

(ဂ) ယောကျ်ား၏အနီး၌ ရပ်မှု

(ဃ) ယောကျ်ားနှင့် နီးနီးကပ်ကပ်နေ၍ စကားပြောမှု

(င) ယောကျ်ားချိန်းဆိုသည့်နေရာသို့ သွားမှု

(စ) မိမိထံသို့ ယောကျ်ားလာသည်ကို သာယာမှု

(ဆ) ကိုယ်လက်နှီးနှောခံလို၍ အမိုးအကာ ဖုံးကွယ်ရာအရပ်သို့ ဝင်နေမှု

(ဇ) ကိုယ်လက်နှီးနှောခံလို၍ မိမိကိုယ်ကို ယောကျ်ားအနီးသို့ တိုးပေးမှု ဟူ၍ ပါရာဇိက အာပတ်သင့်ရောက်နိုင်သည့် ပြစ်မှုရှစ်ခုရှိသည်။

ထိုတွင် ငါးခုမြောက်သိက္ခာပုဒ်၌ ဘိက္ခုနီသည် ယောကျ်ားက ညှပ်ရိုးအောက်ပိုင်း၊ ပုဆစ်ဒူးဝန်းအထက်ပိုင်း၌ ကိုယ်လက်နှီးနှောမှု ပြုလာသည်ကို သာယာရုံမျှဖြင့်ပင် ပါရာဇိက အာပတ်သင့်၍ ရဟန်းဘဝလည်း ဆုံးရှုံးရ၏။

ရဟန်းယောကျ်ားတို့ကား အမျိုးသမီးနှင့် ကိုယ်လက်နှီးနှောမှု ပြုရာတွင် သံဃာဒိသေသ်အာပတ်မျှသာ သင့်၏။ သို့ရာတွင် အမျိုးသမီးက လာ၍ ကိုင်တွယ်သုံးသပ်သည်ကို မိမိက မလှုပ်မရှား၊ လုံ့လမပြုဘဲ သာယာရုံမျှသာယာနေလျှင်အာပတ်မျှပင်မသင့်ချေ။

ခြောက်ခုမြောက် သိက္ခာပုဒ်တွင်လည်း ဘိက္ခုနီသည် ပါရာဇိက ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ ပါရာဇိက ကျနေမှန်းသိလျက်၊ ယင်းပါရာဇိက ကျနေသူရဟန်းမ၏ ဂုဏ်သိက္ခာကို ကာကွယ်လိုစိတ်ဖြင့် အပြစ်ကို ဖုံးကွယ်ထားလျှင် ပါရာဇိက အာပတ်သင့်၍ ရဟန်းဘဝလည်း ဆုံးရှုံးရ၏။

ရဟန်းယောကျ်ားတို့ကား ထိုသို့ ပါရာဇိကအာပတ်ကို ဖုံးကွယ်ထားရာ၌ ပါစိတ်အာပတ်မျှ သင့်ပေသည်။

ခုနစ်ခုမြောက် သိက္ခာပုဒ်တွင်လည်း ဘိက္ခုနီသည် မိစ္ဆာအယူကို မစွန့်သဖြင့် သံဃာက အပေါင်းအသင်း မလုပ်ဖို့ရန် နှင်ထုတ်ထားသော (ဥက္ခိတ္တက) ရဟန်း၏အယူဝါဒကို သဘောတူလက်ခံ၍ နောက်လိုက်လုပ်နေပါက ပါရာဇိက အာပတ်သင့်၍၊ ရဟန်းဘဝလည်း ဆုံးရှုံးရ၏။

ရဟန်းယောကျ်ားတို့ကား ဥက္ခိတ္တက ရဟန်း၏ မိစ္ဆာအယူကို လိုက်ယူလျှင် ထိုရဟန်းကို ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ရ၏။ ဥက္ခိတ္တက ရဟန်းမှန်းသိလျက် အာမိသသမ္ဘောဂ ၊ ဓမ္မသမ္ဘောဂ ပြုလျှင် ပါစိတ် အာပတ်သင့်၏။

ရှစ်ခုမြောက် သိက္ခာပုဒ်၌ကား ဘိက္ခုနီသည် ဖော်ပြပါ

ပြစ်မှုရှစ်မျိုးကို တစ်ပေါင်းတည်းဖြစ်စေ၊ တစ်ခုချင်းဖြစ်စေ ၊ ရှစ်ခုလုံး ပြည့်အောင် ကျူးလွန်လျှင် ပါရာဇိက အာပတ် သင့်၏။ တစ်မျိုးမျိုးကိုသာ ကျူးလွန်ပါက ထုလ္လစ္စဥ်း အာပတ်သင့်၏။

ရဟန်းယောကျာ်းတို့ကား အမျိုးသမီးက လက်လာစွဲကိုင်သည်ကို မိမိက လုံးလမပြုဘဲ သာယာနေလျှင် အာပတ်မသင့် ၊ မိမိက ပြန်လည်နှိုးနှောသုံးသပ်မှသာ သံဃာဒိသေသ် အာပတ်သင့်၏။

မိမိဝတ်ထားသော သင်္ကန်းကို အမျိုးသမီးက လာကိုင်ရာ၌လည်း မိမိက လုံ့လမပြုဘဲ သာယာနေလျှင် အာပတ် မသင့် ၊ မိမိက အမျိုးသမီးဝတ်ထားသည့် အဝတ်အထည် စသည်ကို ကိုင်တွယ်သုံးသပ်မှသာ ထုလ္လစဉ်းအာပတ် သင့်၏။

အမျိုးသမီးနှင့် တစ်ယောက်ချင်း အမိုးအကာ စသည် ဖုံးကွယ်ရာ၌ နေလျှင် ပါစိတ်အပတ် သင့်၏။ အမျိုးသမီး ချိန်းရာအရပ်သို့ သွားရာ၌ ဒုက္ကဋ်အာပတ် သင့်၏။

အမျိုးသမီး၏ အနီး၌ ရပ်မှု၊ စကားပြောမှု၊ မိမိထံသို့ အမျိုးသမီး လာသည်ကို သာယာမှု၊ ကိုယ်လက် နှိုးနှောလို၍ အမျိုးသမီးအနီးသို့ တိုးပေးမှုတို့၌ကား ပြစ်မှုမမြောက်သဖြင့် အာပတ် မသင့်ပေ။

အထက်ပါ နှိုင်းယှဉ်ဖော်ပြချက်များကိုကြည့်လျှင် ဘိက္ခုနီတို့အတွက် အဘက်ဘက်က ကြီးလေးသော အာပတ်တို့ဖြင့် တင်းတင်းကြပ်ကြပ် ပညတ်ထားသည်ကို တွေ့နိုင်ပါသည်။ ယင်းသို့ ပညတ်ရခြင်းမှာလည်း မိန်းမသားများသည် ပင်ကိုယ်ကပင် စိတ်ထားနုနယ်အားငယ်သူများဖြစ်၍ အထူးစောင့်စည်း ထိန်းသိမ်းရမည့်သူများဖြစ်သောကြောင့် ထိုကဲ့သို့ ပညတ်တော်မူဟန်ရှိပါသည်။ လူ့လောက၌ သားယောကျာ်းကလေးများအား သွားမှုလာမှုစသော အချို့နေရာတို့၌ လွတ်လပ်ခွင့် ပေးထားနိုင်သော်လည်း၊ ထိုနေရာမျိုးမှာပင် သမီးမိန်းကလေးများအား လွယ်လပ်ခွင့် မပေးနိုင်ဘဲ ချုပ်ချယ်ထားကြသည့်

မိဘတို့ကဲ့သို့ ဖြစ်ပါသည်။

ဘိက္ခုနီတို့သည် မြတ်ဗုဒ္ဓ၏ ပညတ်တော်မူအပ်သော အကျဉ်းအားဖြင့် (၃၁၁) သုံးရာ၊ တစ်ဆယ့်၊ တစ်ပါး၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော်သော ဤသိက္ခာပုဒ်များကို မကျိုး၊ မပေါက်၊ မပြောက်၊ မကျား၊ ညှိုးနွမ်းမှု မရှိစေရန် လိုက်နာစောင့်ထိန်းကြရပေသည်။

## ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်မှု

ဘိက္ခုနီ ၃့၏ ဝိနည်းကျင့်ဝတ်များကို ဖော်ပြပြီးနောက် ဖော်ပြသင့်သော အကြောင်းအရာတစ်ခုမှာ ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်မှုပင် ဖြစ်ပါသည်။

ယခုအခါ ဘိက္ခုနီ သာသနာ ကွယ်ပျောက်ခဲ့ပြီး ဖြစ်သဖြင့် ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်ပုံကို မတွေ့မြင်ကြရတော့ပေ။ ယင်းသို့ မတွေ့မြင်ကြရသဖြင့် ရှေးအခါက ဘိက္ခုနီများသည် မည်သို့မည်ပုံ ဝတ်ဆင်ကြလေသနည်း။ ယခုခေတ် သီလရှင် ဆရာလေးများ ဝတ်ဆင်ကြသကဲ့သို့ ကိုက်တို (ချွေးခံ)၊ အင်္ကျီလက်ရှည်၊ ကိုက်ရှည်၊ ကိုယ်ရုံ၊ ခါးဝတ် (ထမိ)၊ ပခုံးတင် ပင်နီများကို ဝတ်ဆင်ကြလေသလော။ သို့မဟုတ် ယခုခေတ် ရဟန်းသာမဏေများကဲ့သို့ သင်းပိုင် (ခါးဝတ်သင်္ကန်း)၊ ဧကသီ (ကိုယ်ရုံသင်္ကန်း)၊ ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး) ဟူသော သင်္ကန်းသုံးထည်ကိုပင် ဝတ်ရုံကြလေသလောဟု တွေးတောယုံမှားဖွယ် ရှိနေပါသည်။ သို့ဖြစ်၍ ဤအခန်း၌ သင်္ကန်းဖြစ်ပေါ်လာပုံနှင့် ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်ပုံများကို ရေးသားဖော်ပြပါမည်။

## ဇာတိ (အမျိုးအစား) သင်္ကန်းခြောက်မျိုး

သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများ ဝတ်ရုံသုံးဆောင်အပ်သော ဖန်ရည်ဆိုး အဝတ်အထည်ကို စီဝရ (သင်္ကန်း) ဟု ခေါ်ဆိုရသည်။ ယင်းသင်္ကန်းသည် အမျိုးအစားအားဖြင့် ခြောက်မျိုး ရှိသည်။ ယင်းတို့မှာ–

(၁) ခုံချည်ဖြင့် ရက်သောသင်္ကန်း (သို့မဟုတ်) ခေါမတိုင်း၌ ဖြစ်သော သင်္ကန်း

(၂) ဝါချည်ဖြင့် ရက်သော သင်္ကန်း

(၃) ပိုးချည်ဖြင့်ရက်သော သင်္ကန်း

(၄) လူမွေး၊ သားရဲမွေးတို့မှတစ်ပါး ကြွင်းသော သားမွေးတို့ဖြင့် ရက်သော ကမ္ဗလာ (သက္ကလတ်) သင်္ကန်း

(၅) ပိုက်ဆံလျှော်ချည်ဖြင့် ရက်သော သင်္ကန်း

(၆) ဘန်ချည်ဖြင့် ရက်သောသင်္ကန်း (သို့မဟုတ်)ခုံချည်စသော ချည်ငါးမျိုးရောနှော၍ရက်သော သင်္ကန်းတို့ဖြစ်သည်။

## အနုလောမ (အလျော်) သင်္ကန်းခြောက်မျိုး

ထို့ပြင် ဖော်ပြခဲ့ပြီးသော ခုံချည်စသော သင်္ကန်းမျိုးအား လျော်သော သင်္ကန်းခြောက်မျိုးလည်း ရှိပါသေးသည်။ ယင်းတို့မှာ–

(၁) ဘွဲ့ဖြူ သင်္ကန်း

(၂) ပဋ္ဋုဏ္ဏတိုင်းဖြစ် ပိုးချည်သင်္ကန်း

(၃) သောမာရတိုင်းဖြစ် ပိုးချည်သင်္ကန်း

(၄) စိန့်တိုင်းဖြစ် ပိုးချည်သင်္ကန်း

(၅) တန်ခိုးကြောင့်ဖြစ်သော သင်္ကန်း

(၆) နတ်တို့လှူသော သင်္ကန်း တို့ဖြစ်သည်။

ဤသင်္ကန်းခြောက်မျိုးသည် ဖော်ပြပြီးသော ခုံချည်စသော

သင်္ကန်းမျိုး အားလျော်သည်ဖြစ်သောကြောင့် ရဟန်း၊ သာမဏေတို့ ဝတ်ရုံအပ်သော အနုလောမ (အလျော်) သင်္ကန်းများ ဖြစ်ကြသည်။

စီဝရ (သင်္ကန်း) ဟူသော အမည်သည် သင်းပိုင်၊ ကောသိ၊ နှစ်ထပ်သင်္ကန်းကြီး ဤသုံးထည်၏ အမည်သာ မဟုတ်၊ ရဟန်း အသုံးအဆောင် အဝတ်အထည် မှန်သမျှ စီဝရ (သင်္ကန်း) မည်သည်သာဖြစ်၏။

## မြတ်ဗုဒ္ဓ ခွင့်ပြုသည့် သင်္ကန်းကိုးထည်

အဓိဋ္ဌာန် (စွဲမြဲစွာ ဆောက်တည်ခြင်း) ဟု ဆိုအပ်သော ဝိနည်းမှု၊ သို့မဟုတ် ဝိကပ္ပနာ (မိမိဥစ္စာအဖြစ်မှ ကင်းအောင်ပြုခြင်း) ဟု ဆိုအပ်သော ဝိနည်းမှု တစ်ခုခုပြုလုပ်၍ သုံးဆောင်ဝတ်ရုံရသော သင်္ကန်းသည် အရွယ်ပမာဏအားဖြင့် ကိုးထည်ရှိ၏။ ယင်းတို့မှာ–

(၁) အိပ်ရာခင်း

(၂) မျက်နှာသုတ်ပုဝါ

(၃) ပရိက္ခာရစောဠ(ပိတ်တိုဖျင်စ စသော သင်္ကန်းမချုပ်ရသေးသော အထည်များ)

(၄) နိသီဒိုင် (နေရာထိုင်)

(၅) အမာ(အနာ)လွှမ်းသင်္ကန်း

(၆) မိုးရေခံသင်္ကန်း

(၇) သင်းပိုင် (ခါးဝတ်သင်္ကန်း)

(၈) ကောသိ(ကိုယ်ရုံသင်္ကန်း)

(၉) ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး) တို့ဖြစ်သည်။

ဤသင်္ကန်းကိုးထည်တို့အနက် –

(၁) အိပ်ရာခင်းကို နိသီဒိုင် (နေရာထိုင်)က ငယ်နေသည့်အတွက် အိပ်ရာနေရာကို လုံခြုံအောင် မခင်းလောက်သောကြောင့် ခွင့်ပြု

တော်မူသည်။

(၂) မျက်နှာသုတ်ပုဝါကို ဝိသာခါ လှူဒါန်းသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။

(၃) ပရိက္ခာရစောဠကို ရေစစ်၊ သပိတ်အိပ် စသည် လိုအပ်နေသောကြောင့် ခွင့်ပြုတော်မူသည်။ ဤသင်္ကန်းသုံးထည်တို့၌ အကြီးဆုံးပမာဏသည် မည်မျှရှိရမည်ဟု သတ်မှတ်ချက် မပါရှိချေ။ အသေးဆုံးကား မြတ်ဗုဒ္ဓ လက်သစ်တော်ဖြင့် အလျား ရှစ်သစ်၊ အနံ လေးသစ် ၊ လက်သမားအတောင် (ကိုက်တောင်) အားဖြင့် အလျားတစ်တောင်၊ အနံတစ်ထွာ ရှိရမည်။ သို့မှသာ အဓိဋ္ဌာန်၊ ဝိကပ္ပနာ လောက်ပါသည်။

(၄)နိသီဒိုင် (နေရာထိုင်)ကိုမူ ရဟန်းများကို အကြောင်းပြု၍ ခွင့်ပြုတော်မူပါသည်။ ခွင့်ပြုရခြင်း အကြောင်းမှာ–ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်အာဟာရတို့ကို သုံးဆောင်ကြပြီးနောက် သတိသမ္ပဇဉ်ကင်းလျက် အိပ်ပျော်သည့်အခါ အိပ်မက်မက်၍ သုက်လွှတ်သဖြင့် ကိုယ်ခန္ဓာ၊ သင်္ကန်း၊ ကျောင်း အိပ်ရာနေရာတို့ကို သုက်အညစ်အကြေးများဖြင့် လူးပေလိမ်းကျံမိကြသည်။ ယင်းအဖြစ်ကို မြတ်ဗုဒ္ဓ မြင်တော်မူ၍ ကိုယ်ကိုစောင့်ရှောက်ခြင်း (ကာယဂုတ္တိ)၊ သင်္ကန်းကို စောင့်ရှောက်ခြင်း (စီဝရဂုတ္တိ)၊ အိပ်ရာနေရာကို စောင့်ရှောက်ခြင်း (သေနာသနဂုတ္တိ) အကျိုးငှာ နိသီဒိုင် (နေရာထိုင်) ကို ခွင့်ပြုတော်မူရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤနိသီဒိုင်ကို "သုက်နှီး သင်္ကန်း" ဟုလည်း ခေါ်စမှတ်ပြုကြလေသည်။

ယင်းနိသီဒိုင်ကို အိပ်ရာပေါ်၌ အိပ်ရာလွှမ်းကဲ့သို့ ခင်း၍လည်း ထိုင်နိုင်၊ အိပ်နိုင်ပါသည်။ ဆွမ်းစားသောအခါ ဆွမ်းဟင်းစက်များ မပေမကျံစေရန် တစ်ပိုင်းကို ခင်း၍ အမြိတ်အဆာတို့ကို တင်ပလ္လင် ခွေပေါ်၌ တင်ကာ အသုံးပြုကြသည်။ အထူးသဖြင့် သင်းပိုင်အတွင်း

ရှေ့တည့်တည့်က ခံ၍ ဝတ်ဖို့ရန် ဖြစ်သည်။ ဝတ်သည့်အခါ ရှေ့ဘက်က ခံဝတ်လျှင် အလယ်က အမြိတ်စကို နောက်သို့ ခါးတောင်းကျိုက်သကဲ့သို့လည်းကောင်း၊ နောက်ဘက်က ခံဝတ်လျှင် ယင်းအလယ်အမြိတ်စကို ပေါင်ကြားမှ ရှေ့သို့ယူ၍ ကြိုးငယ်ဖြင့် ချည်၍လည်းကောင်း ဝတ်ရပါသည်။

နိသီဒိုင်၏ အကြီးဆုံး အရွယ်ပမာဏမှာ မြတ်ဗုဒ္ဓ၏ လက်သန်းအထွာတော်ဖြင့် အလျားနှစ်ထွာ၊ အနံတစ်ထွာခွဲ၊ အမြိတ်အဆာ တစ်ထွာရှိရမည်ဟု သတ်မှတ်ချက် ရှိပါသည်။

မြတ်ဗုဒ္ဓ၏ အထွာတော်သည် —ရှင်စောတစ်ထွာ၊ မဖ်သုံးထွာ" ဟုဆိုသည့်အတိုင်း မဇ္ဈိမပုရိသ (လူလတ်တန်းစား)၏ သုံးထွာနှင့် ညီမျှသည်။ မဇ္ဈိမပုရိသ၏ အထွာအတောင်သည် လက်သမားတို့၏ အထွာအတောင် (ကိုက်ထွာ၊ ကိုက်တောင်) နှင့် တူညီပါသည်။

(၅) အမာ (အနာ) လွှမ်းသင်္ကန်းကို ရှင်ဗေလဋ္ဌသီသ အား ဝဲကြီးနာ စွဲသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ ခါးနှင့် ဒူးဆစ်အကြား၌ ယားနာ၊ ဝဲနာ၊ သွေးစုနာ စသော အရည်ထွက် သည့် အနာများ ပေါက်လျှင် သင်းပိုင်ကို ပေကျံမည် စိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်း ကာကွယ်ဖို့ရန် သုံးဆောင်ခွင့်ပြုသော သင်္ကန်းမျိုးဖြစ်သည်။ ယင်းအမာလွှမ်း သင်္ကန်း၏ အကြီးဆုံး အရွယ်ပမာဏမှာ မြတ်ဗုဒ္ဓ၏ လက်သန်းအထွာတော်ဖြင့် အလျား လေးထွာ၊ အနံနှစ်ထွာ ။ လက်မသမားအတောင် (ကိုက်တောင်)ဖြင့် အလျား ခြောက်တောင်၊ အနံ သုံးတောင် ရှိရပါမည်။

(၆)မိုးရေခံသင်္ကန်းကို ရေသနုပ်သင်္ကန်းမပါဘဲ မိုးရေ ခံချိုးကြသော ရဟန်းတို့ကို အကြောင်းပြု၍ ကျောင်းအမ ဝိသာခါ၏ တောင်းပန်လျှောက်ထားမှုကြောင့် ခွင့်ပြုတော်မူသည်။ ယင်းသင်္ကန်း ကို မိုးရွာသည့်အခါဝတ်၍ (ရေသနုပ်ကဲ့သို့) မိုးရေကိုခံခြင်း၊ ချိုးခြင်းဖြင့်

အသုံးပြုရသည်။

မိုးရေခံ သင်္ကန်း၏ အကြီးဆုံး အရွယ်ပမာဏမှာ မြတ်ဗုဒ္ဓ၏ လက်သန်းအထွာတော်ဖြင့် အလျား ခြောက်ထွာ၊ အနံ နှစ်ထွာခွဲ ၊ လက်သမားအတောင် (ကိုက်တောင်)ဖြင့် အလျား ကိုးတောင်၊ အနံ သုံးတောင် ဆယ့်ရှစ်သစ်ရှိရပါမည်။

(၇) သင်းပိုင် (ခါးဝတ်သင်္ကန်း)

(၈) ကေသီ (ကိုယ်ရုံသင်္ကန်း)

(၉) ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး)

ဤသုံးထည်ကို တိစီဝရိတ်သင်္ကန်းဟု ခေါ်သည်။ တိစီဝရိတ် သင်္ကန်းကို ရဟန်းတို့ ဝတ်ရုံသုံးဆောင်ရန် မြတ်ဗုဒ္ဓ ခွင့်မပြုမီ ရှေ့အခါက ရဟန်းတော်များသည် ပံ့သကူသင်္ကန်း (ပံသုကူလစီဝရ) ကိုသာ ဝတ်ရုံသုံးဆောင်ကြသည်။ မြတ်ဗုဒ္ဓ ပထမဗောဓိခေါ် ဝါတော်နှစ်ဆယ်ကျော်မှ ဆရာဇီဝက၏ တောင်းပန်မှုကို အကြောင်း ပြု၍ ရဟန်းတို့အား လှူဒါယကာတို့ လှူဒါန်းသည့် သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရန် ခွင့်ပြုတော်မူသည်။

ထိုအခါမှစ၍ ရဟန်းတော်တို့သည် ပံ့ဿကူသင်္ကန်း (ပံသုကူလ စီဝရ) ကိုလည်းကောင်း၊ လှူဒါယကာတို့ လှူဒါန်းသောသင်္ကန်း (ဂဟပတိစီဝရ) ကို လည်းကောင်း ဝတ်ရုံသုံးဆောင်ကြသည်။ သို့ရာတွင် ထိုစဉ်က သင်္ကန်းကို စနစ်တကျ ဖြတ်ချုပ်ဝတ်ရုံ သုံးစွဲကြသည် မဟုတ်သေးချေ။

## သင်္ကန်းကို စနစ်တကျ တီထွင်တော်မူခြင်း

အခါတစ်ပါးတွင် မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့မှ ဒက္ခိဏာ ဂိရိဇနပုဒ်သို့ ဒေသစာရီ ကြွချီတော်မူသည်။ လမ်းခရီးအကြားတွင် ..လေးထောင့် လယ်ကန်သင်းဖွဲ့သော အလျားမှလည်းကောင်း၊

အနံ့မှလည်းကောင်း ရှည်စွာ လယ်ကန်သင်း ထုတ်ချင်းထွင်း၍ ခရီးဆုံကဲ့သို့ လယ်ကန်သင်းဖွဲ့သော မဂဓတိုင်းသားတို့၏ လယ်ကွင်းကို မြင်တော်မူသည်။ ထိုအခါ မြတ်ဗုဒ္ဓက အရှင်အာနန္ဒာအား လယ်ကွင်းပုံစံ နည်းပေး၍ ယင်းလယ်ကွင်းပုံဟန် သဏ္ဌာန်တူစွာ စီဝရ (သင်္ကန်း) ခေါ် အဝတ်အရုံတစ်မျိုးကို တီထွင်ချုပ်လုပ် စေတော်မူသည်။

အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓ စေခိုင်းတော်မူချက်အရ ရဟန်းတော်များ ဝတ်ရုံသုံးဆောင်ရန်အတွက် မြောင်းရှည်၊ မြောင်းတို၊ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ်၊ အလယ်ခေါင်၊ ခေါင်ရံ၊ အနားပတ်တို့ကို ဖြတ်သင့်သည်ကိုဖြတ်၊ စပ်သင့်သည်ကို စပ်၍ စနစ်တကျ ချုပ်လုပ်စီရင်လေသည်။ ထိုအချိန်မှစ၍ မြောင်း၊ အိမ်စသည်ဖြင့် ဖွဲ့ချုပ်အပ်သောသင်္ကန်းကို ရဟန်းတော်များ ဝတ်ရုံသုံးဆောင်တော်မူကြပါသည်။

## တိစီဝရိတ်ကို ခွင့်ပြုတော်မူခြင်း

ရဟန်းတော်တို့သည် စနစ်တကျ ဖွဲ့ချုပ်သော သင်္ကန်းကို ဝတ်ရုံခွင့်ရပြီးနောက် အထည်အရေအတွက် ကန့်သတ်ချက် မရှိသေး၍ ရရှိသမျှ သင်္ကန်းများကို ဆောင်ကြ၊ ဝတ်ကြသည်။ ထိုအခြင်းအရာကို မြတ်ဗုဒ္ဓ မြင်တော်မူလေလျှင် "ငါသည် ရဟန်းတို့အား သင်္ကန်း၌ အပိုင်းအခြား အကန့်အသတ်ကို ထားရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူသည်။

ထို့နောက် မြတ်ဗုဒ္ဓသည် ဝေသာလီပြည် ဂေါတမကမည်သော စေတီ (ပဒေါင်ပင်)၌ သီတင်းသုံးတော်မူစဉ် ချမ်းအေးသော ဆောင်းဥတုအခါဖြစ်သည့် တပို့တွဲ၊ တပေါင်းနှစ်လတို့၏ အကြားဖြစ်သော ဆီးနှင်းကျသည့် ညဥ့်အခါဝယ် လွင်တီးခေါင်၌ တစ်ထည်

တည်းသော သင်္ကန်းကိုခြုံ၍ ညဉ့်ဦးယံကို လွန်စေတော်မူသည်။ ထို့နောက် သန်းခေါင်ယံဝယ် သင်္ကန်းနှစ်ထည် ခြုံလျက်လည်းကောင်း၊ မိုးသောက်ယံဝယ် သင်္ကန်းသုံးထည် ခြုံလျက်လည်းကောင်း၊ မိုးသောက်ယံလွန်၍ အရုဏ်တက်ချိန်ဝယ် သင်္ကန်းလေးထည် ခြုံလျက်လည်းကောင်း ဆောင်းဥတု၏ အအေးဒဏ်ကို ကိုယ်တော်တိုင် စမ်းသပ်တော်မူသည်။ ယင်းသို့ စမ်းသပ်တော်မူပြီးမှ ချမ်းတတ်သော ရဟန်းတို့အတွက် သင်္ကန်းသုံးထည် (လေးထပ်)ရှိလျှင် မျှတနိုင်ပြီဟု အကြံဖြစ်ကာ နှစ်ထပ်သော ဒုကုဋ်သင်္ကန်းကြီး၊ တစ်ထပ်သော ကေသီ (ကိုယ်ရုံသင်္ကန်း) တစ်ထပ်သောသင်းပိုင် (ခါးဝတ်သင်္ကန်း) ဤသင်္ကန်းသုံးထည် (တိစီဝရိတ်) တို့ကို ခွင့်ပြုတော်မူသည်။

ယင်းသင်္ကန်းသုံးထည်အနက် သင်းပိုင်၏ အရှယ်ပမာဏမှာ (အငယ်ဆုံး) အလျားငါးတောင်ဆုပ်၊ အနံနှစ်တောင့်ထွာ သို့မဟုတ် နှစ်တောင်၊ ကေသီနှင့် သင်္ကန်းကြီး၏ အရှယ်ပမာဏမှာ အလျား ငါးတောင်ဆုပ်၊ အနံ သုံးတောင်ဆုပ်ရှိရသည်။ ဤပြဆိုခဲ့သော အတိုင်းအထွာမှာ သင်္ကန်းပိုင်ရှင်၏ အတိုင်းအထွာများဖြစ်သည်။

တောင်ဆုပ်ဟူရာ၌ လေးတောင်ကို အပြည့်တောင်၍ နောက်ဆုံး အတောင်ကိုသာ လက်သီးဆုပ်၍ တောင်ရသည် ဟူ၍လည်းကောင်း၊ အတောင်အားလုံးကိုပင် လက်သီးဆုပ်၍ တောင်ရသည် ဟူ၍ လည်းကောင်း အယူအဆ နှစ်မျိုးရှိသည်။ ထိုတွင် "အတောင် အားလုံးကို လက်သီးဆုပ်၍ တောင်လျှင် အလျားလေးတောင်ထွာ၊ အနံသုံးတောင်မျှ ရှိရကား အငယ်ဆုံးပမာဏ ဟူသော စကားနှင့် သင့်တင့်သည်" ဟုဆိုပါသည်။

အကြီးဆုံး အရှယ်ပမာဏမှာ ဘုရားရှင်၏ သင်္ကန်းတော် ပမာဏအောက် လျော့စေရသည်။ ဘုရားရှင်၏ သင်္ကန်းတော် အရှယ်ပမာဏမှာ ဘုရား အတိုင်းအထွာတော်ဖြင့် အလျားကိုးထွာ

(လေးတောင်ထွာ) အနံ ခြောက်ထွာ (သုံးတောင်) ရှိပါသည်။

သင်္ကန်းချုပ်ရာ၌ "ငါးခန်းသော်လည်းကောင်း၊ ငါးခန်းထက် အလွန်လည်းကောင်း ကောင်းစွာ ဖြတ်တောက်၍ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ် ဖွဲ့ကာ ချုပ်ရသည်" ဟု ဝိနည်း မဟာဝါ၌ လာရှိပါသည်။ ထို့ကြောင့် ကြီးသော အနံရှိသော အဝတ်ကို မဖြတ်ဘဲ ချုပ်ရိုးချုပ်ကြောင်းသာပြ၍ မချုပ်ရ။ နှစ်ခန်း၊ သုံးခန်း၊ လေးခန်း ဖွဲ့သဖြင့်လည်း မချုပ်ရ။ ငါးခန်း၊ ငါးခန်းထက် အလွန်ဖွဲ့ကာ တလုပ်မြောင်းငယ် စသည်တို့၌ ဖြတ်၍ ချုပ်ရသည်။ ပါဠိတော်မူရင်း၌ "ငါးခန်း၊ ငါးခန်းထက်အလွန်" ဟု လာသည်။ အဋ္ဌကထာ၌ "ငါးခန်း၊ ခုနစ်ခန်း၊ ကိုးခန်း၊ ဆယ့်တစ်ခန်း" ဟု ပြသည်။ ယောဇနာ၌ကား ဝါသဒ္ဒါဖြင့် ဆယ့်တစ်ခန်း၊ ဆယ့်သုံးခန်း၊ စသည်ကိုလည်း ချုပ်နိုင်ကြောင်း ပြဆိုထားပါသည်။

စီဝရ (သင်္ကန်း)ကို ကိလေသာ အာသဝေါ ကင်းစင်သော ရဟန္တာပုဂ္ဂိုလ်အား ထိုက်သောတံခွန် (အလံ)သဖွယ် ဖြစ်စေရမည် ဟူသော ရည်ရွယ်ချက်ဖြင့် လူဝတ်ကြောင်များ ဝတ်ဆင်သော အဝတ်များကဲ့သို့ မချုပ်စေဘဲ၊ လေးထောင့်စပ်စပ် အလံပုံသဏ္ဌာန် ဖြစ်စေရပါသည်။

ထို့ပြင် အဖိုးတန်ပစ္စည်းကို ဝတ်ဆင်ခြင်း မဖြစ်စေရန် မည်မျှ ကောင်းမွန်သည့် ပိတ်စကိုပင်ဖြစ်စေ အပိုင်းပိုင်းဖြတ်ရသည်။ ထို့နောက် ကောင်းသောအတွေ့အထိ၊ နူးညံ့မှုကို မဖြစ်စေရန် အပိုင်းအပြတ်တို့ကို ချုပ်စပ်ရသည်။ အရောင်အဆင်းအားဖြင့်လည်း လှပမှု မဖြစ်စေရန် ဆိုးရည်ဆိုးမှု၊ ကပ္ပဗိန္ဒုထိုးမှု စသည်ကို ပြုရသည်။ ဤနည်းဖြင့် တန်ဖိုး၊ အတွေ့အထိ နူးညံ့မှု၊ အရောင်အဆင်း သုံးမျိုးကို ဖျက်ဆီး၍ သင်္ကန်းကို စီမံရပါသည်။

တစ်ဖန် လယ်ယာမြေကွက်ကို အခြေခံ၍ တီထွင်ခြင်းကြောင့်

သင်္ကန်းတော်မြတ်တွင် လယ်ကွက်များ၊ လယ်ကန်သင်းများ ပုံသဏ္ဌာန် ချုပ်လုပ်ရခြင်းလည်း ဖြစ်ပေသည်။

ယင်းသင်္ကန်းကို ဆိုးရာ၌လည်း အဆင်းအရောင် လှပတောက်ပြောင်မှု မဖြစ်စေရန် သစ်ပင်တို့၏ အမြစ်၊ ပင်စည်၊ အရွက်၊ အခေါက်၊ အပွင့်၊ အသီး တို့ကို ပြုတ်၍ မညိုလွန်း၊ မရွှေလွန်း၊ မနီလွန်း၊ မမည်းလွန်းစေဘဲ ပိန္နဲရောင်ကိုသာ ဆိုးရပါသည်။

## သင်္ကန်းမြတ်ဂုဏ်ရည်

ဤသို့ မြတ်ဗုဒ္ဓ စနစ်တကျ တီထွင်ချုပ်ဆိုး ခွင့်ပြုအပ်သော သင်္ကန်းသည် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၊ လူတန်းစားအသီးသီးတို့ ဝတ်ဆင်ကြသော အဝတ်အစားများအားလုံးထက် သာလွန် မြင့်မြတ်ပါသည်။

မြင့်မြတ်ပုံမှာ– အကယ်၍ လူဝတ်ကြောင်တစ်ဦးသည် တရားအားထုတ်၍ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ် တရားထူးတရားမြတ်ကို ရရှိပြီး ကိလေသာ အာသဝေါ ကင်းသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သည် ဆိုပါအံ့။ လူဝတ်ကြောင် အဝတ်အစားသည် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်၏ ဂုဏ်ကို မဆောင်နိုင်သည့်အတွက် ထိုလူဝတ်ကြောင် ရဟန္တာသည် ထိုရဟန္တာဖြစ်သည့်နေ့၌ပင် ပရိနိဗ္ဗာန် စံဝင်ရ၏။ သို့ရာတွင် သင်္ကန်းမြတ်ကို ရရှိ၍ "ရဟန်းအဖြစ်" အဝတ်ပြောင်းလဲ ဝတ်ဆင်လိုက်ပါက "သင်္ကန်းမြတ်ဂုဏ်ရည်"ကြောင့် အသက်မသေ ပရိနိဗ္ဗာန် ချက်ချင်း မစံလွန်ရဘဲ သက်တန်းကုန်သည်အထိ နေခွင့်ရရှိသွားပါသည်။

တစ်ဖန် "ရှေးဦးစွာ သောတာပန်ဖြစ်သော လူဝတ်ကြောင်အား နောက်မှ သောတာပန်ဖြစ်သော ရဟန်းက အရိုအသေ ပြုသင့်သည်" ဟု ပြောဆိုသော သာကီဝင်တို့၏ စကားကို မြတ်ဗုဒ္ဓ ကြားသိရလျှင်

"အမျိုးဇာတ် ပူဇော်ထိုက်သောအကြောင်း၊ အသွင်ပုံဟန် တစ်ခြားစီဖြစ်၏။ အကျင့်အားဖြင့် အဆင့်အတန်း မြင့်သော်လည်း အနာဂါမ်လူပုဂ္ဂိုလ်က "သင်္ကန်းမြတ်ဂုဏ်ရည်" ကြောင့် ယနေ့ ပြုသစ်စဖြစ်သည့် ပုထုဇဉ် သာမဏေကိုပင် အရိုအသေပြုရ၏။ လူသောတာပန်နှင့် ရဟန်းသောတာပန်ကား နှိုင်းစာ၍ မရ။ ရဟန်းသောတာပန်က ရဟန္တာပုဂ္ဂိုလ်၏တံခွန် (အလံ) သဖွယ်ဖြစ်သော (အရဟတ္တဓဇ) "သင်္ကန်းမြတ်ဂုဏ်ရည်" ကြောင့် လူသောတာပန်ထက် သာလွန်မြင့်မြတ်လှတော့သည်" ဟု မိန့်တော်မူ၏။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် သင်္ကန်း၏ မြင့်မြတ်သောဂုဏ်ရည်ကို သိနိုင်ပါသည်။

အထက်ဖော်ပြခဲ့ပြီးသော သင်္ကန်းကိုးထည်တွင် လေးခုမြောက်သော နိသီဒိုင် ခေါ် သုက်နီးသင်္ကန်းမှာ ရဟန်းယောကျ်ားများ အိပ်မက်၌ သုက်လွှတ်သည့်အခါ ခန္ဓာကိုယ်၊ သင်္ကန်း၊ အိပ်ရာနေရာတို့ကို သုက်အညစ်အကြေးများ မလိမ်းကျံမိစေရန် ကာကွယ်သည့် အနေဖြင့် ခွင့်ပြုခြင်းဖြစ်၍ ဘိက္ခုနီ (ရဟန်းမိန်းမ)များနှင့်သက်ဆိုင်ခြင်း မရှိချေ။ ခြောက်ခုမြောက်ဖြစ်သော မိုးရေခံသင်္ကန်းမှာလည်း ရဟန်းယောကျ်ားများ မိုးရွာသည့်အခါ ရေသနုပ်အဖြစ်ဝတ်၍ မိုးရေခံခြင်း၊ ချိုးခြင်းဖြင့် အသုံးပြုရန်အတွက် ခွင့်ပြုခြင်းဖြစ်၏။ ဘိက္ခုနီတို့အတွက်ကား ရေသနုပ်သင်္ကန်းကို သီးခြားခွင့်ပြုတော်မူပြီးဖြစ်၍ ယင်းသင်္ကန်းသည်လည်း ဘိက္ခုနီတို့နှင့် သက်ဆိုင်ခြင်းမရှိချေ။ သို့ဖြစ်၍ နိသီဒိုင်သင်္ကန်း၊ မိုးရေခံသင်္ကန်း နှစ်ထည်မှတစ်ပါးကျန်သင်္ကန်း ခုနစ်ထည်မှာ ဘိက္ခုနီတို့နှင့်လည်း သက်ဆိုင်ရာဘိက္ခုနီတို့ ဝတ်ရုံသုံးဆောင်ကောင်းသည်ဟု မှတ်ရပါမည်။

## ဘိက္ခုနီများအတွက် သီးခြားခွင့်ပြုသည့် သင်္ကန်းသုံးထည်

ထို့ပြင် ဘိက္ခုနီများအတွက် သီးခြား ခွင့်ပြုအပ်သော သင်္ကန်းသုံးထည်လည်း ရှိပါသေးသည်။ ယင်းတို့မှာ–

(၁) ရေသနုပ်သင်္ကန်း

(၂) ဥတုနီးသင်္ကန်း '

(၃) ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း) တို့ဖြစ်သည်။

(၁) ထိုတွင် ရေသနုပ်သင်္ကန်းကို ခွင့်ပြုရခြင်းမှာ အခါတစ်ပါးတွင် ဘိက္ခုနီတို့သည် အစိရဝတီမြစ်အတွင်း ရေဆိပ်တစ်ခု၌ ပြည့်တန်ဆာမတို့နှင့်အတူ အဝတ်မဆီး အချည်းနှီး ရေချိုးကြ၏။ ထိုစဉ် ပြည့်တန်ဆာမတို့က "အရှင်မတို့ ငယ်ငယ်ရွယ်ရွယ်နှင့် အဘယ်ကြောင့် ဤအကျင့်ကို ကျင့်ရသလဲ၊ အရွယ်ရှိတုန်း ကာမဂုဏ် ခံစား၍ အိုမင်းသောအခါမှ ဤအကျင့်ကို ကျင့်လျှင် အရှင်မတို့အား အကျိုးနှစ်ပါး ပြီးနိုင်သည် မဟုတ်ပါလား" ဟု ပျက်ရယ်ပြုကြသည်။ ယင်းသို့ ပျက်ရယ်ပြုခြင်း ခံရသဖြင့် ဘိက္ခုနီမတို့ မျက်နှာမသာမယာ ဖြစ်ခဲ့ကြရသည်။ ထိုအကြောင်းကို ကျောင်းအမ ဝိသာခါ ကြားသိရလေလျှင် အကြောင်းစုံ လျှောက်ထား၍ ဤသို့ တောင်းပန်သည်။

"အရှင်ဘုရား၊ မိန်းမသားတို့အား အဝတ်မဆီး အချည်းနှီး နေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါ၏။ အရှင်ဘုရား တပည့်တော်သည် ဤအကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဘိက္ခုနီသံဃာအား အသက်ထက်ဆုံး ရေသနုပ် လှူဒါန်းလိုပါသည်"

ဤသို့ ဝိသာခါ လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြုက "ရေသနုပ်သင်္ကန်း" ကို ခွင့်ပြုတော်မူခြင်းဖြစ်သည်။

ယင်းရေသနုပ်သင်္ကန်း၏ အကြီးဆုံး အရွယ်ပမာဏမှာ မြတ်ဗုဒ္ဓ၏ လက်သန်းအထွာတော်ဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာ

လက်သမားအတောင့် (ကိုက်တောင်) ဖြင့် အလျား ခြောက်တောင်၊ အနံ သုံးတောင် ရှိရမည်ဟု သတ်မှတ်ချက်ရှိပါသည်။

(၂) ဥတုနီးသင်္ကန်းကို ခွင့်ပြုရခြင်းမှာ- အခါတစ်ပါးတွင် ဥတုဓမ္မတာလာသော ဘိက္ခုနီတို့သည် ကြိမ်ခက်ထားသော ညောင်စောင်း၊ အင်းပျဉ် (ခုတင်၊ ထိုင်ခုံ) တို့အပေါ်၌ ထိုင်ကြ၊ အိပ်ကြလေရာ ခက်ထားသော ကြိမ်တို့ကို ဖောက်၍ အောက်ကြမ်းပြင် အိပ်ရာနေရာတို့၌ သွေးများလူးပေ လိမ်းကျံကုန်၏။ ဤအဖြစ်အပျက်ကို အကြောင်းပြု၍ "ဥတုနီးသင်္ကန်း" ကို ခွင့်ပြုတော်မူခြင်းဖြစ်သည်။ ယင်းသင်္ကန်း၏ ပမာဏကိုမူ ဖော်ပြထားခြင်း မရှိပေ။

(၃) ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း) ကို ခွင့်ပြုရခြင်းမှာ အခါတစ်ပါးဝယ် ဘိက္ခုနီမ တစ်ယောက်သည် ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း) မပါဘဲ ဆွမ်းခံဝင်ရာ လမ်းခရီး၌ လေပွေတိုက်သဖြင့် အပေါ်သင်္ကန်းများ လန်သွားသည့်အခါ လူတို့က "သုန္ဒရာ အယျာယ ထနဒရာ-လှပါပေရဲ့ အရှင်မရဲ့ သားမြတ်နှင့် ဝမ်းဗိုက်ကလေး" ဟု အော်ဟစ်ပြောင်လှောင်ကြသည်ကို အကြောင်းပြု၍ "ရည်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း)" ကို ခွင့်ပြုတော်မူခြင်းဖြစ်သည်။

ဤရင်လွှမ်းတဘက်ခေါ် ရင်လွှမ်းသင်္ကန်းသည် ဘိက္ခုနီတို့အတွက် အမျိုးသမီးများဖြစ်၍ မရှိလျှင်မဖြစ် အမှန်ပင် လိုအပ်လှပေသည်။ ၎င်းကို ပါဠိတော်၌ "သံကစ္စိက" ဟု ဆိုပါသည်။ နိဿယဆရာတို့ကား "ရင်လွှမ်းတဘက်" ဟု အနက်ပြန်ဆိုကြ၏။ ပိဋကတ်မြန်မာပြန်၌လည်း ထို့အတူပင် ပြန်ဆိုထား၏။ ကခ်ါ အဋ္ဌကထာ၌မူ "သံကစ္စိကစီဝရ-ရင်လွှမ်းသင်္ကန်း" ဟု ဆိုထားသည်ကို တွေ့ရပါသည်။

သို့ရာတွင် ဘိက္ခုနီသည် ရင်လွှမ်းတဘက် မပါဘဲ ဆွမ်းခံဝင်ရာ လေဗွေတိုက်၍ အပေါ်သင်္ကန်း လန်သွားသည့်အခါ လူတို့က

လျှောင်ပြောင်ကြသည်ကို အကြောင်းပြု၍ ရင်လွှမ်းတဘက် မပါဘဲ ရွာတွင်းသို့ မဝင်ရန် ပညတ်တော်မူရကား ဤရင်လွှမ်းတဘက်ဟူသည် ကေသီအပေါ်က လွှမ်းရသော တဘက်မျိုး မဟုတ်တန်ရာ။ အတွင်းခံကိုယ်ကြပ် (ဘော်လီ)အင်္ကျီနှင့် သဘောတူဟန် ရှိသော်လည်း အင်္ကျီကို ခွင့်မပြုရကား ကိုယ်ကြပ်(ဘော်လီ) အင်္ကျီလည်း မဟုတ်နိုင်ပေ။ "အဓက္ခကံဥဗ္ဘနာဘိ၊ တဿပဋိစ္ဆာဒနတ္ထာယ - ညှပ်ရိုးနှစ်ဘက်အောက်၊ ချက်၏အထက်ကို ဖုံးလွှမ်းရန်" ဟု ပါဠိတော်၌ ဆိုသောကြောင့် ညှပ်ရိုးနှစ်ဘက်၏အောက်၊ ချက်ပတ်ဝန်းကျင်၏ အထက် (ကိုယ်အထက်ပိုင်း)ကို ဖုံးလွှမ်း၍ ကေသီ အတွင်းဘက် သားမြတ်နှင့် ဝမ်းဗိုက်ကို စည်းထားရသော အဝတ် (အတွင်းခံ ရင်စည်းတဘက်) တစ်မျိုးသာဖြစ်မည်ဟု ယူဆရပါသည်။

ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း)၏ ပမာဏကို ပါဠိ၊ အဋ္ဌကထာတို့၌ ပြဆိုမထားပေ။ ဝဇိရ ဗုဒ္ဓိဋီကာ၌သာ "သံကစ္စိကာယပမာဏံတိရိယံ ဒိယဍ္ဎဟတ္ထာတိပေါရာဏဂဏ္ဌိပဒေဝုတ္တံ" ဟု ဖွင့်ဆိုထားသဖြင့် အနံတစ်တောင့်ထွာ ရှည်ကြောင်းသိရ၏။ အလျားကိုမူ မည်မျှရှည်ရမည်ဟု အထူး ပြဆိုမထားချေ။ သို့ဖြစ်၍ အလျားသည် ခါးဝတ်သင်းပိုင်ပမာဏနှင့်အတူ ငါးတောင် တောင်ဆုပ်ပင်ဖြစ်မည်ဟု ယူဆရပေသည်။ ယင်းသို့ ယူဆရခြင်းမှာလည်း စိဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၌ "ဥဒါယိထေရ်က ဥပ္ပလဝဏ်ထေရီမ၏ သင်းပိုင်ကို အလှူခံရာတွင် ရင်လွှမ်းတဘက်ကို လဲဝတ်၍ ခါးဝတ်သင်းပိုင်ကို ချွတ်လှူသည်" ဟု ဆိုသောကြောင့် ဖြစ်ပါသည်။

## ဘိက္ခုနီသင်္ကန်း ဆယ်ထည်

ဤသို့ဖြင့် ဘိက္ခုနီတို့ ဝတ်ရုံသုံးဆောင်အပ်သော သင်္ကန်းသည်-

(၁) သင်ပိုး (ခါးဝတ်သင်္ကန်း)
(၂) ကေသီ(ကိုယ်ရုံသင်္ကန်း)
(၃) ဒုကုဋ်(နှစ်ထပ်သင်္ကန်းကြီး)
(၄) ရေသနုပ်
(၅) ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း)
(၆) ဥတုနီးသင်္ကန်း
(၇) အိပ်ရာခင်း
(၈) မျက်နှာသုတ်ပုဝါ
(၉) ပရိက္ခာရစောဠ(ပိတ်တို ဖျင်စ စသည်)
(၁၀) အမာလွှမ်းသင်္ကန်း ဟူ၍ ဆယ်ထည်ရှိပါသည်။

ထိုတွင် သင်းပိုင်၊ ကေသီ၊ ဒုကုဋ်သင်္ကန်းသုံးထည်ကို ရဟန်းယောကျ်ားများသည် တိစီဝရိတ်အဓိဋ္ဌာန်တင်၍ ညဥ့်မကင်းစေဘဲ ဝတ်ရုံသုံးဆောင်ရကဲ့သို့ ဘိက္ခုနီတို့လည်း ထိုသင်္ကန်းသုံးထည်ကို ညဥ့်မကင်းစေဘဲ ဝတ်ရုံသုံးဆောင်ရမည်ပင်ဖြစ်ပါသည်။ ဘိက္ခုနီတို့အတွက် သင်္ကန်းသုံးထည် (တိစီဝရိတ်) ချုပ်လုပ်ပုံ အထူးပြဆိုချက်မပါရှိသဖြင့် ရဟန်းယောကျ်ားတို့၏ ချုပ်နည်းအတိုင်း ဓားလှီးဓားဖြတ်၊ မြောင်း၊ အနားပတ်တို့ ပါရှိနေမည်ပင်ဖြစ်ပါသည်။

ယင်းသို့ ရဟန်းယောကျ်ားတို့၏ သင်္ကန်းနှင့် ဘိက္ခုနီ(ရဟန်းမိန်းမ)တို့၏ သင်္ကန်း ထူးခြားမှု မရှိပုံကို စီဝရ ပဋိဂ္ဂဟဏသိက္ခာပုဒ်၌ "ဥဒါယီထေရ်က ဥပ္ပလဝဏ်ထေရီမ၏ သင်းပိုင်ကို အလှူခံ၍ ဝတ်ရုံသည်" ကိုကြည့်သဖြင့် သိနိုင်ပါသည်။ ထိုသိက္ခာပုဒ်မှာပင် မြတ်ဗုဒ္ဓက "သီတင်းသုံးဖော် အချင်းချင်း သင်္ကန်းလဲလှယ်ဝတ်ရုံနိုင်ကြောင်း" ခွင့်ပြုချက် ပါရှိသဖြင့် ယင်းသီတင်း သုံးဖော်ငါးဦးတို့ ဝတ်ရုံသည့် သင်္ကန်းသုံးထည်မှာ ထူးခြားမှုမရှိ၊ ချုပ်လုပ်ပုံချင်း အတူတူပင်ဖြစ်သည်မှာ သိသာပါသည်။

ထူးခြားသည်မှာ ဘိက္ခုနီသည် ရေသနုပ် မပါဘဲ ရေမချိုးရ။ ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း) မပါဘဲ ရွာတွင်းသို့ မဝင်ရဟု ပညတ်ချက်ရှိသဖြင့် ယင်းရေသနုပ်သင်္ကန်းနှင့် ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း)နှစ်ထည်ကိုလည်း တိစီဝရိတ် (သင်္ကန်းသုံးထည်) နှင့်အတူ အမြဲဆောင်၍ ဝတ်ရုံသုံးဆောင်ရခြင်းပင် ဖြစ်သည်။

တစ်ဖန် သဃာဒိသေသသိက္ခာပုဒ်၌ "ဘိက္ခုနီသည် သင်္ကန်းငါးထည်ကို အထုပ်၊ သေတ္တာ စသည်၌ သိမ်းဆည်းမထားဘဲ၊ မှိုတက်ခြင်း၊ အနံ့အသက် မကောင်းခြင်း စသည် မဖြစ်စေရန် အနည်းဆုံး ငါးရက်တစ်ကြိမ်ကျ လှည့်လည်၍ ဝတ်သော်လည်းဝတ်၊ မဝတ်လျှင် နေလှမ်းပေးရမည်။ ဝတ်လည်းမဝတ်၊ နေလည်းမလှမ်းဘဲ ငါးရက်ထက်လွန်လျှင် ပါစိတ်အာပတ်သင့်၏။ " ဟု ပညတ်ချက် ရှိသဖြင့် ယင်းသင်္ကန်းငါးထည်တွင် တစ်ထည်ထည်နှင့် ငါးရက်ထက် ပိုလွန်၍ ကင်းကွာမနေရကြောင်း သိနိုင်ပါသည်။တစ်ဖန် သိက္ခမာန်ကို ရဟန်းခံပေးရာ၌လည်း ယင်းသင်္ကန်းငါးထည် ပြည့်စုံမှသာ ရဟန်းခံပေးရပါသည်။

ထိုတွင် ဥတုနီးသင်္ကန်းကိုမူဥတုဓမ္မတာ လာသောအခါ၌သာ အခြားသင်္ကန်းများနှင့် ကျောင်းအိပ်ရာ နေရာတို့ကို မပေကျံစေရန် ဝတ်ရုံအသုံးပြုရ၏။ ဥတုဓမ္မတာ မလာသောအခါ၌ကား အသုံးပြုဖွယ်မလိုချေ။ အမာလွှမ်းသင်္ကန်းကိုလည်း ထို့အတူပင် အနာပေါက်သောအခါ၌သာ အသုံးပြုရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ဘိက္ခုနီထို့၏ ဝတ်စားဆင်ယင်ပုံမှာ ယခုခေတ် ရဟန်းတော်များ ဝတ်ရုံကြသကဲ့သို့ပင် သင်းပိုင် (ခါးဝတ်သင်္ကန်း)၊ ကေသီ (ကိုယ်ဝတ်သင်္ကန်း)၊ ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး) တို့ကို ဝတ်ရုံကြ၏။ ရင်လွှမ်းတဘက် (ရင်လွှမ်းသင်္ကန်း)ကိုမူ ညှပ်ရိုးနှစ်ဘက်အောက်၊ ချက်၏အလယ် (ကိုယ်အထက်ပိုင်း)ကို ဖုံးလွှမ်း၍

ဧကောသီ၏ အတွင်းဘက်မှ သားမြတ်နှင့် ဝမ်းဗိုက်ကို လုံခြုံအောင် စည်းထားရ၏။ ယခုခေတ် သီလရှင်ဆရာလေးများ ဝတ်ဆင်ကြ သကဲ့သို့ ကိုက်တို (ချွေးခံ)၊ အင်္ကျီလက်ရှည် စသည်တို့ကို မဝတ်ဆင်ရသဖြင့် ယင်းဆရာလေးများနှင့် ဝတ်စားဆင်ယင်ပုံ မတူချေ။ အပေါ်ယံအသွင်အပြင်အားဖြင့် ယခုခေတ် ရဟန်းတော် များ ဝတ်စားဆင်ယင်ပုံနှင့် ဘိက္ခုနီ (ရဟန်းမိန်းမ)တို့၏ ဝတ်စား ဆင်ယင်ပုံမှာ အတူတူပင်ဖြစ်ပေသည်။

## သင်္ကန်းနှင့် မိန်းမသား

အထက်ဖော်ပြပါ အကြောင်းအရာများကိုကြည့်လျှင် မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ကောဏ္ဍညပုဏ္ဏားစသော အမျိုးကောင်းသား တို့သည် ရဟန္တာပုဂ္ဂိုလ်တို့၏ တံခွန် (အလံ) သဖွယ်ဖြစ်သည့် (အရဟတ္တဓဇ) သင်္ကန်းကို ဝတ်ရုံဆင်မြန်း၍ သာသနာတော်၌ ရဟန်းပြုကြပြီးလျှင် (၂၂၇) နှစ်ရာ့နှစ်ဆယ့်၊ ခုနစ်သွယ်သော ဝိနည်း ကျင့်ဝတ်သိက္ခာပုဒ်တော်များကို စောင့်ထိန်းကြကုန်သကဲ့သို့ မိထွေးတော်ဂေါတမီ စသော အမျိုးကောင်းသမီးများလည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ တံခွန် (အလံ) သဖွယ် ဖြစ်သည့် (အရဟတ္တဓဇ) သင်္ကန်းကို ဝတ်ရုံဆင်မြန်း၍ သာသနာတော်၌ ဘိက္ခုနီ ပြုကြပြီးလျှင် (၃၁၁) သုံးရာ၊ တစ်ဆယ့်၊ တစ်ပါးသော ဝိနည်းကျင့်ဝတ်သိက္ခာပုဒ် တော်များကို စောင့်ထိန်းခဲ့ကြသည်ကို သိနိုင်ပေသည်။

သို့ရာတွင် ယခုအခါ ဘိက္ခုနီသာသနာ ပျောက်ကွယ်ခဲ့သည်မှာ နှစ်ပေါင်း တစ်ထောင့်ငါးရာကျော်ခဲ့ပြီးဖြစ်သဖြင့် ဘိက္ခုနီတို့နှင့် ပတ်သက်စပ်ဆိုင်သော အကြောင်းအရာများကို သိရှိသူ အလွန်ပင် နည်းပါးလာခဲ့လေသည်။ ယင်းသို့ ဘိက္ခုနီတို့နှင့် ပတ်သက် စပ်ဆိုင်သည့် အကြောင်းအရာများကို သိရှိသူနည်းပါး လာခဲ့ကြသဖြင့်

ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသည့် မြန်မာနိုင်ငံမှာပင် လူအများစုက မိန်းမသားများလည်း သင်္ကန်းဝတ်၍ ယောကျ်ားများကဲ့သို့ ရဟန်းပြုထိုက်ကြောင်းကို မသိရှိကြတော့ပေ။ သို့ဖြစ်၍ သင်္ကန်းနှင့် မိန်းမသား အပ်စပ်မှု မရှိ။ သင်္ကန်းကို မိန်းမသားတို့ ဝတ်ဖို့ရန် ဝေးစွ၊ မကိုင်ကောင်း၊ မထိကောင်းဟူ၍လည်းကောင်း၊ သိမ်ထဲသို့ မိန်းမသားများ မဝင်ကောင်း ဟူ၍လည်းကောင်း မှတ်ထင်နေကြလေသည်။

စင်စစ်အားဖြင့် မိန်းမသားများလည်း သင်္ကန်းကို ဝတ်ထိုက်၊ ဝတ်ကောင်း၏။ ရဟန်းယောကျ်ားများနည်းတူ သိမ်ထဲသို့ဝင်၍ ဉတ်ကမ္မဝါစာ ရွတ်ဖတ်ခါ ရဟန်းမအဖြစ်ကို ခံယူထိုက်ကြပေသည်။

ရှေးအခါက မိထွေးတော်ဂေါတမီ၊ ခေမာမိဖုရား၊ ဥပ္ပလဝဏ္ဏာ၊ ယသောရော၊ ဇနပဒကလျာဏီ၊ ဓမ္မဒိန္နာ စသော အမျိုးကောင်းသမီးတို့သည် ပါရမီဆုတောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြ၍ မြတ်ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ ပြုလုပ်ကြပြီးလျှင် မိန်းမသားများပင် ဖြစ်ကြသော်လည်း ပဋိသမ္ဘိဒါပတ္တ ၊ ဆဠာဘိည ရဟန္တာထေရီများအဖြစ်သို့ ရောက်ရှိကြ၍ မြေလျှိုးမိုးပျံနိုင်သည့် ဈာန် အဘိညာဉ်တန်ခိုးဣဒ္ဓိပါတ် အမျိုးမျိုးတို့ကို ပြသနိုင်စွမ်း ရှိကြသည်။

ယခုအခါ၌မူဘိက္ခုနီ အနွယ်အဆက် ပြတ်တောက် ကွယ်ပျောက်သွားခဲ့ခြင်းကြောင့်သာ မိန်းမသားများ သင်္ကန်းဝတ်ခွင့်၊ ဘိက္ခုနီပြုခွင့် မရရှိကြတော့ခြင်းဖြစ်ပေသည်။

## အခန်း (၄)
## မြတ်ဗုဒ္ဓလက်ထက် ဘိက္ခုနီသာသနာ

### ဘိက္ခုနီသာသနာ ပွင့်လင်းချိန်

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် (ဘီစီ-၅၈၅) တွင် ပဥ္စမဝါကို ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၊ မဟာဝုန်တောအတွင်းရှိ ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်သီတင်းသုံးတော်မူ၏။ ထိုနှစ် ဝါတွင်းမှာပင် မိထွေးတော်ဂေါတမီနှင့် သာကီဝင် မင်းသမီး ငါးရာတို့အား ဘိက္ခုနီပြုခွင့် ပေးတော်မူသဖြင့် ဘိက္ခုနီသာသနာ စတင်ပေါ်ထွန်းလာခဲ့သည်။

မိထွေးတော်ဂေါတမီသည် မိမိလိုလားတောင့်တခဲ့သည့်အတိုင်း မြတ်ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီ ပြုခွင့်တည်းဟူသော အခွင့်ထူးကြီးကို ဆွတ်ခူးရယူပြီးသောအခါ ဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ မိမိအား အကျဉ်းချုပ်တရား ဟောကြားတော်မူပါရန် တောင်းပန်လျှောက်ထား သည်။

မြတ်ဗုဒ္ဓလည်း မိထွေးတော်ကြီးအား လိုရင်းတိုရှင်း အကျဉ်း ချုပ်တရား (သံခိတ္တ) ဒေသနာတော်ကို ဟောကြားတော်မူသည်။

ယင်းဒေသနာတော်ကို နာကြားရကာမျှဖြင့် မိထွေးတော်ဂေါတမီသည် အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာထေရီမ ဖြစ်လေသည်။

ထေရီမကြီးနှင့်အတူ လိုက်ပါလာကြသော သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့လည်း မကြာမီမှာပင် အရှင်နန္ဒကမထေရ်ထံမှ နန္ဒကောဝါဒ သုတ္တန်တရားတော်ကို နာကြားရသဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာထေရီများအဖြစ်သို့ ရောက်ရှိကြသည်။

ထိုသို့ မိထွေးတော်ဂေါတမီထေရီမကြီးနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့ အရိယာထေရီများအဖြစ်သို့ ရောက်ရှိချိန်မှ စ၍ ဘိက္ခုနီ သာသနာတော်လည်း တစ်နေ့တခြား စည်ပင်ပြန့်ပွား ထွန်းကာလာခဲ့၏။ ယသောဓရာမိဖုရား၊ ခေမာမိဖုရား စသော အဂ္ဂမဟေသီ မိဖုရားကြီးများ၊ ဇနပဒကလျာဏီ၊ အဘိရူပနန္ဒာ စသော သာကီဝင် မင်းသမီးများ၊ ဓမ္မဒိန္နာ၊ ဘဒ္ဒါကာပိလာနိ စသော သေဌေးကတော်ကြီးများ၊ ဥပ္ပလဝဏ်၊ ဥတ္တရာ စသော သေဌေးသမီးငယ်များလည်း ဘိက္ခုနီအဖြစ် သာသနာတော်သို့ ဝင်ရောက်လာကြ၍ မြတ်ဗုဒ္ဓသာသနာတော်ကို အမျိုးသမီးများဘက်မှ ဦးဆောင်လျက် သာသနာ့အသရေ တိုးတက်စေခဲ့ကြသည်။

ဤသို့ပြည့်ရှင်မင်း၏ မိဖုရားကြီးများ၊ အလှကေရီ မင်းသမီးများ၊ သေဌေးကတော်ကြီးများ၊ သေဌေးသမီးငယ်များ စသည်ဖြင့် အနည်းနည်းအဖုံဖုံ ထင်ရှားကျော်ကြားသည့် အမျိုးကောင်းသမီး အများအပြား သာသနာတော်သို့ ဝင်ရောက်လာခဲ့ကြသဖြင့်လည်း ဘိက္ခုနီသာသနာသည် မျက်နှာမညှိုးမငယ် ထည်ထည်ဝါဝါ ပွင့်လင်းနိုင်ခဲ့ပေသည်။

မြတ်ဗုဒ္ဓသာသနာတော်သို့ အမျိုးကောင်းသားများဘက်မှ ယသ သေဌေးသား၏ သူငယ်ချင်း ငါးဆယ့်လေးဦး၊ ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးဆယ်၊ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ညီနောင်

သုံးဦး ခေါင်းဆောင်သော ရသေ့တစ်ထောင်၊ ဥပတိဿ၊ ကောလိတ ခေါင်းဆောင်သော ပရိဗိုဇ် နှစ်ရာ့ငါးဆယ်၊ အင်္ဂတိုင်း၊ မဂဓတိုင်းတို့မှ အမျိုးကောင်းသား တစ်သောင်း၊ ကပိလဝတ်ပြည်သား အမျိုးကောင်းသား တစ်သောင်း စသည်တို့ တစ်စုတည်း၊ တစ်ပေါင်းတည်း ဝင်ရောက်ရဟန်းပြုခဲ့ကြသည့်နည်းတူ အမျိုးကောင်းသမီးဘက်မှလည်း ယသောဓရာနှင့်အတူ သာကီဝင် မင်းသမီးတစ်ထောင်၊ ယသောဓရာ အုပ်ချုပ်မှုအောက်ရှိ သူဌေးသူကြွယ်အမျိုးအနွယ်မှ မိဖုရားငယ်တစ်သောင်း ၊ သာကီဝင်မင်းသမီး မိဖုရားငယ် တစ်သောင်းရှစ်ထောင် ၊ယသဝတီမိဖုရားကြီး ဦးဆောင်သော မင်းသမီး တစ်သောင်းရှစ်ထောင် ၊ ပုဏ္ဏားအမျိုးအနွယ်မှ မိဖုရားငယ် ရှစ်သောင်းလေထောင် တို့သည်လည်း တစ်စုတည်း တစ်ပေါင်းတည်း သာသနာ့ဘောင်သို့ ဝင်ရောက်၍ ဘိက္ခုနီ ပြုခဲ့ကြသည်။

ယင်းသို့ ယသောဓရာ ဦးဆောင်သည့် နန်းတွင်းသူ သာကီဝင်မင်းသမီးများနှင့် မိဖုရားငယ်များ အားလုံးနီးပါး သာသနာ့ဘောင်သို့ ဝင်ရောက်ဘိက္ခုနီ ပြုခဲ့ကြသဖြင့် ရှေးအခါက ကချေသည် မင်းသမီး လေးသောင်းတို့၏ ကခုန်၊ သီဆို၊ တီးမှုတ် ဖျော်ဖြေသံ၊ မင်းသမီးတို့၏ ပုတီး၊ နားတောင်း၊ စသော အဝတ်အစား အဆင်တန်ဆာရောင်တို့ဖြင့် တစ်ထိန်ထိန် တောက်ပြောင်၍ ဆူညံနေခဲ့သော ကပိလဝတ် ရွှေနန်းမ သုံးဆောင်သည် သီချင်းသံ၊ တူရိယာသံတို့ တိတ်ဆိတ်ငြိမ်သက်၍ ဘိက္ခုနီတို့၏ သင်္ကန်းရောင်ဖြင့် တထိန်ထိန် တောက်ပလျက် ရှိနေပေတော့သည်။

ထိုထိုရွာ၊ နိဂုံး၊ မင်းနေပြည်တို့၌လည်း အမျိုးကောင်းသမီး၊ အမျိုးကောင်းချွေးမတို့သည် ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်ဖြစ်သော ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို မြင်တွေ့ကြားသိကြရသဖြင့် ကြည်ညိုသဒ္ဓါဖြစ်ကာ

မိမိတို့၏ မိဘ၊ လင်သား၊ ဆွေမျိုးများကို ခွင့်ပန်ကြကုန်လျက် သာသနာ့ဘောင်သို့ ဝင်ရောက်ဘိက္ခုနီပြုကြသည်။

ထိုအမျိုးသမီးတို့တွင် ရဲရဲတောက် ပါရမီရှင်များဖြစ်ကြသည့် ဘဒ္ဒါကုဏ္ဍလကေသာ သေဋ္ဌေးသမီး၊ ပဋာစာရာ သေဋ္ဌေးသမီး၊ သကုလာ ပုဏ္ဏားသမီး၊ အရှင်သာရိပုတ္တရာ၏ နှမငယ်များဖြစ်ကြသည့် စာလာ၊ ဥပစာလာ၊ သိသူပစာလာ ဟူသော ပုဏ္ဏားသမီးငယ်များ၊ သူဆင်းရဲသမီး ကိသာဂေါတမီ၊ အမ္ဗပါလီ ပြည့်တန်ဆာမ၊ အဘယာသိပြည့်တန်ဆာမ၊ လင်ပစ်မကလေး ဣသိဒါသီ၊ ပုဏ္ဏိကာ ကျွန်မ စသော လူတန်းစားအလွှာအသီးသီးမှ အမျိုးကောင်းသမီး များစွာတို့လည်း သာသနာတော်အရိပ်အောက်သို့ ဘိက္ခုနီအဖြစ် ဝင်ရောက်ခိုလှုံကြကာ ရဟန္တာထေရီများ အဖြစ်သို့ ရောက်ရှိကြသည်။

ထိုသို့ ထူးထူးခြားခြား ကုသိုလ်ပါရမီများကို ဖြည့်ဆည်းခဲ့ကြ၍ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ကြသော ထေရီတို့၏ စာရင်းကို ထိုထိုပါဠိတော်တို့၌ ဖော်ပြပါရှိရာ စူဠဝဂ္ဂပါဠိတော်၌ မိထွေးတော် ဂေါတမီနှင့် သာကီဝင်မင်းသမီး ရဟန္တာထေရီ ငါးရာ၊ ထေရီဂါထာပါဠိတော်၌ ရဟန္တာထေရီပေါင်း ခြောက်ရာ့ငါးပါး၊ ထေရီအပဒါန်ပါဠိတော်၌ ရဟန္တာထေရီ (၁၃၁၀၃၆) တစ်သိန်း၊ သုံးသောင်း၊ တစ်ထောင်၊ သုံးဆယ့်ခြောက်ပါးတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို ဖော်ပြပါရှိသည်ကို တွေ့ရ၏။ ဤစာရင်းများအရ ရဟန္တာထေရီပေါင်း (၁၃၂၁၄၁) တစ်သိန်း သုံးသောင်း၊ နှစ်ထောင်၊ တစ်ရာ၊ လေးဆယ့်တစ်ပါးရှိသည်ကို တွေ့ရပေသည်။ အင်္ဂုတ္တိုရ် ပါဠိတော်၊ သံယုတ်ပါဠိတော်တို့၌ လာရှိသော ရဟန္တာထေရီတို့လည်း အထက်ဖော်ပြပါစာရင်းတွင် ပါဝင်ပြီးဖြစ်သည်။

ဤစာရင်းမှာ ထူးခြားသော ရဟန္တာထေရီမတို့၏ စာရင်း မျှသာဖြစ်၍ ဤစာရင်းတွင် မပါဝင်သော ရဟန္တာထေရီများ၊ အနာ

ဂါမ်၊ သကာဒါဂါမ်၊ သောတာပန် အရိယာထေရီများနှင့် ပုထုဇဉ် ထေရီတို့၏ အရေအတွက်မှာ ထို့ထက် အဆပေါင်းများစွာ ပိုလွန်နိုင်ပေသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘိက္ခုနီ သံဃာအရေအတွက်မှာ ဘိက္ခုသံဃာအရေအတွက်လောက် မများသော်လည်း ကွာခြားလွန်းမည်မဟုတ်ဟု ယူဆရပေသည်။

## ဘိက္ခုနီသာသနာ ပွင့်လင်းခဲ့ရာဌာနများ

ဤသို့မိထွေးတော်ဂေါတမီ ဦးဆောင်သော အဂ္ဂသာဝိကာ ၊ မဟာသာဝိကာ ထေရီမကြီးတို့၏ ကြီးမားသော လုံ့လဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်တွင် စတင်ပျိုးထောင်လာခဲ့သော ဘိက္ခုနီသာသနာသည် မကြာမီ အချိန်ကာလအတွင်းမှာပင် ကောသလတိုင်း သာဝတ္ထိပြည်၊ သက္က တိုင်း ကပိလဝတ္ထုပြည်၊ ဒေဝဒဟပြည်၊ ကောလိယပြည်၊ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၊ ဝံသတိုင်း ကောသမ္ဗီပြည်၊ အဝန္တီတိုင်း ဥဇ္ဇေနီပြည်၊ အာဠဝီပြည်၊ ကာသိတိုင်း ဗာရာဏသီပြည်စသော မဇ္ဈိမဒေသ ထိုထိုတိုင်း၊ နိုင်ငံ မြို့ရွာ နိဂုံးအသီးသီးသို့တိုင်အောင် ပြန့်နှံ့ရောက်ရှိ၍ စည်ပင်ပွင့်လင်းခဲ့ပေသည်။

ထိုတွင် ဝေသာလီပြည်၊ သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်ပြည်တို့သည် ဘိက္ခုနီသာသနာ အပွင့်လင်းဆုံး တိုင်းပြည်များဖြစ်ကြသည်။ ဇေတဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့ကြသည့် ထေရီအများစုသည်လည်း ထိုတိုင်းပြည်များကပင် ဖြစ်သည်ကို တွေ့ရသည်။ မှန်ပါသည်။ ဧတဒဂ်ဘွဲ့ထူးရှင် ဥပ္ပလဝဏ္ဏာထေရီ၊ ပဋာစာရာထေရီ၊ ကိသာဂေါတမီထေရီ၊ သကုလာထေရီ၊ သောဏာ ထေရီတို့သည် သာဝတ္ထိမြို့သူများ ဖြစ်ကြ၏။ ခေမာထေရီ၊ ဓမ္မဒိန္နာထေရီ၊ ဘဒ္ဒါကုဏ္ဍလကေသာထေရီ၊ သိင်္ဂါလမာတာထေရီ

တို့သည် ရာဇဂြိုဟ်မြို့သူများဖြစ်ကြ၏။ မိထွေးတော်ဂေါတမီထေရီ၊ ယသောဓရာထေရီ၊ ဇနပဒကလျာဏီထေရီတို့ကား ကပိလဝတ် မြို့သူများဖြစ်ကြလေသည်။ထို့ပြင် ဗာရာဏသီမြို့သူ ဘဒ္ဒါကာပိလာနီထေရီမှာလည်း ပုဗ္ဗေနိဝါသအရာ၌ ဧတဒဂ်ဘွဲ့ထူးရှင် တစ်ပါး ဖြစ်သည်။ ဝေသာလီမြို့သူများ ဖြစ်ကြသည့် အမ္ဗပါလီထေရီ၊ ထေရိကာထေရီတို့သည်လည်း ဧတဒဂ်ဘွဲ့ထူးကို မဆွတ်ခူးနိုင်ခဲ့ကြ သော်လည်း ထင်ရှားသော ထေရီများ ဖြစ်ကြလေသည်။

ဖော်ပြပါ တိုင်းပြည်တို့၏ မြို့ရွာ၊ နိဂုံး နေရာအနှံ့အပြားမှာပင် ဘိက္ခုနီတို့၏ သိမ်ကျောင်းများ အများအပြား ရှိနေကြောင်းကို သိက္ခာပုဒ် ပညတ်တော်များအရလည်းကောင်း၊ ထေရီဂါထာ၊ ထေရီ အပဒါန်လာ ထေရီမတို့၏ ဖွင့်ဟမိန့်ဆိုချက်များ၊ အတ္ထုပ္ပတ္တိများ အရလည်းကောင်း သိရပေသည်။

ဤသို့ မြတ်ဗုဒ္ဓ၏ သာသနာတော် အရိပ်အောက်၌ သိမ်ကျောင်းများအတွင်းဝယ် ဘိက္ခုနီတို့၏ အသီးသီး ငြိမ်းချမ်း စင်ကြယ်သော နှလုံးသားများဖြင့် ဆောင်ရွက်ဖွယ်ရာ ဝေယျာဝစ္စများကို ပြုလုပ်ဆောင်ရွက်နေကြသည်ကိုလည်းကောင်း၊ သူတော်စင်တို့၏ ဓလေ့အတိုင်း ဆိတ်ငြိမ်ရာ ဌာနတို့၌ တရားနှလုံး ကျင့်သုံးနေကြ သည်ကိုလည်းကောင်း၊ သာယာအေးမြသော တရားဓမ္မ ရွတ်ဖတ် သရဇ္ဈာယ်သံများကိုလည်းကောင်း မြင်ရ၊ တွေ့ရ၊ ကြားနေကြရ ပေသည်။

သိမ်ကျောင်းများအတွင်း၌ တိတ်ဆိတ်ငြိမ်သက်စွာ ဂရား နှလုံး ကျင့်သုံးနေကြသည့် ဘိက္ခုနီတို့၏ ငြိမ်းချမ်းသော ကျင့်စဉ်များကို မြင်တွေ့ကြရသူများအဖို့ တမဟုတ်ချင်း သောကဟူသမျှ ကင်းစင်ပ၍ သန့်စင်ကြည်လင်သော စိတ်အာရုံတို့သည် ပီတိအဟုန်ဖြင့် တဖျပ် ဖျပ် တလှပ်လှပ် လှုပ်ရှားကာ ငြိမ်းချမ်းမှု အရသာကို မျှဝေခံစား

ကြုံရပေသည်။

ဘိက္ခုနီတို့၏ သင်္ခမ်းကျောင်းများသည် သားသေ၊ လင်ဆုံး၍ မိဘမောင်ဖွားများ သေဆုံးကာ လူမှုဒုက္ခအဝဝကို ရင်နှင့် မမျှအောင် ခံစားနေရရှာသူ ပဋာစာရာကဲ့သို့သော အမျိုးသမီးများ၊ တစ်ဦးတည်းသော သားကလေး သေဆုံး၍ သားရူးရူးနေရရှာသူ ကိသာဂေါတမီကဲ့သို့သော အမျိုးသမီးများ၊ လင်သုံးဆက်တိုင် စွန့်ပစ်ခြင်း ခံရ၍ လောကအလယ်တွင် မျက်နှာပင် မပြရဲအောင် အားငယ်နေရရှာသူ ဣသိဒါသီ ကဲ့သို့သော အမျိုးသမီးများ ဤသို့ စသည်ဖြင့် လောကဓံ အမျိုးမျိုးတို့ကြောင့် အိမ်ရာတည်ထောင် လူ့ဘောင်လောကကို စွန့်ခွာလာခဲ့ကြသူ အမျိုးသမီးကြီးငယ်တစ်စုတို့၏ အားထားမှီခိုရာ ဌာနလည်း ဖြစ်ပေသည်။

ထို့ပြင် သာသနာတော်ကို ကြည်ညိုကိုးစားသည့် သဒ္ဓါတရား သက်သက်ဖြင့်လည်းကောင်း၊ သံသရာဝဋ်ဒုက္ခကို ငြီးငွေ့ကြောက်ရွံ့သည့် သံဝေဂဖြင့်လည်းကောင်း ဘိက္ခုနီအဖြစ် ဝင်ရောက်ခိုလှုံလာကြသူ အမျိုးကောင်းသမီးအပေါင်းတို့၏ တရားဓမ္မ ရှာမှီးရာ အဓိကနေရာထူး၊ နေရာမြတ်လည်း ဖြစ်ပေသည်။

## ရာဇိကာရုံကျောင်းတော်

ဘိက္ခုနီတို့၏ သီတင်းသုံးနေထိုင်ရာ သင်္ခမ်းကျောင်းများစွာတို့ အနက် အထင်ရှားဆုံးသော ကျောင်းမှာ ရာဇိကာရုံ (ရာဇကာရာမ) ကျောင်းတော်ပင်ဖြစ်သည်။ သာဝတ္ထိမြို့၏ တောင်ဘက် ဇေတဝန်ကျောင်းတော်နှင့် မနီးမဝေးတွင် တည်ရှိသည်။ ကျောင်းဒါယကာမှာ ပသေနဒီကောသလမင်းကြီးဖြစ်၏။ ဤကျောင်းတော် ဖြစ်ပေါ်လာရပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ပထမ

ဗောဓိ (ဝါတော်နှစ်ဆယ်) အတွင်း ဝါပ ကာလများနှင့် ဆယ့်လေးဝါ မြောက်ဝါကို ကပ်ဆို သီတင်းသုံးတော်မူသည်။ ပထမ ဗောဓိ နောက်ပိုင်းတွင်မူ နှစ်ဆယ့်တစ်ဝါမှ လေးဆယ့်လေးဝါအထိ နှစ်ဆယ့်လေးဝါတိုင်တိုင် ဝါကပ်သီတင်းသုံးတော်မူသည်။ ထိုသို့ သီတင်းသုံးတော်မူစဉ် မြတ်ဗုဒ္ဓအား လာဘ်ပူဇော်သက္ကာရ၊ အခြွေအရံ ပရိသတ်နှင့် လွန်စွာပြည့်စုံတော်မူခဲ့၏။ ယင်းသို့ ပြည့်စုံသည်ကို တိတ္ထိတို့ တွေ့မြင်ရလေလျှင် "ရဟန်းဂေါတမသည် တစ်စုံတစ်ခု သော သီလ၊ သမာဓိ၊ ပညာဂုဏ်ကို မှီ၍ လာဘ်ပူဇော် သက္ကာရကို ရသည်မဟုတ်၊ ဇေတဝန်ကျောင်းတော်ရာမြေ၏ မြင့်မြတ်၍ ဘူမိ နက်သန် မှန်ခြင်းကြောင့်သာ ဖြစ်ပေရာ၏။ ငါတို့လည်း ဇေတဝန် ကျောင်းတော်အနီး၌ ကျောင်းဆောက်လုပ် နေရပါမူကား ရဟန်း ဂေါတမကဲ့သို့ပင် လာဘ်ပူဇော် သက္ကာရ၊ အခြွေအရံ ပရိသတ် ပေါများရာ၏" ဟု ကြံစည်စဉ်းစားမိကြလေသည်။

သို့ဖြင့် တိတ္ထိတို့သည် ပသေနဒီကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ မိမိတို့ သာဝတ္ထိမြို့တောင်ဘက်၊ ဇေတဝန် ကျောင်းတော် အနီးတွင် ကျောင်းဆောက်လုပ်ကြမည်ဖြစ်၏။ ထိုသို့ ကျောင်း ဆောက်ရာတွင် ရဟန်းဂေါတမနှင့် သူ၏တပည့်များက တားမြစ် ကောင်း တားမြစ်ကြလိမ့်မည်။ အကယ်၍ တားမြစ်လာခဲ့လျှင် ခွင့်မပြုရန် ပြောကြား၍ အသပြာငွေတစ်သိန်း လာဘ်ထိုးခဲ့ကြသည်။

ယင်းသို့ ကောသလမင်းကြီးထံမှ ခွင့်ပြုချက်ရယူပြီးသောအခါ တိတ္ထိတို့သည် ဇေတဝန် ကျောင်းတော်အနီးတွင် ကျောင်းဆောက်လုပ် ကြသည်။

ထိုအကြောင်းကို မြတ်ဗုဒ္ဓကြားသိတော်မူလျှင် "တိတ္ထိတို့သည် ဆန့်ကျင်ဘက်လုပ်၍ ရဟန်းသံဃာကို စိတ်ဆင်းရဲအောင် နှောက်ယှက်ကြလိမ့်မည်"ဟု ဆင်ခြင်တော်မူမိ၏။ သို့ဖြစ်၍ ထို

နေရာ၌ တိတ္ထိတို့အား ကျောင်းဆောက်ခွင့် မပြုရန် ပသေနဒီ ကောသလမင်းကြီးထံသို့ အရှင်အာနန္ဒာကို စေလွှတ်၍ မေတ္တာရပ်ခံစေတော်မူသည်။

ကောသလမင်းကြီးသည် တိတ္ထိတို့က သိန်းနှင့်ချီ၍ လာဘ်ထိုးထားသဖြင့် အရှင်အာနန္ဒာနှင့် အတွေ့မခံဘဲ ရှောင်နေသည်။ တစ်ဖန် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်တို့ကို စေလွှတ် ၍ မေတ္တာရပ်ခံစေပြန်ရာ မင်းကြီးသည် အတွေ့မခံဘဲ ခရီးထွက်သွားသည်ဟု လျှောက်ထားစေသည်။ နောက်ဆုံးအကြိမ်တွင်မှု မြတ်ဗုဒ္ဓကိုယ်တော်တိုင် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ မဟာ သာဝကကြီးများနှင့် ဇေတဝန်ကျောင်းတော်ရှိ သံဃာကုန် တန်းစီကြွ၍ နန်းတော်တံခါးဝ၌ ရပ်တော်မူသည်။ ထိုအခါမှ ကောသလမင်းကြီးသည် မနေသာတော့သဖြင့် ထွက်လာခဲ့၍ မြတ်ဗုဒ္ဓ အမှူးရှိသော သံဃာတော်တို့ကို နန်းတော်တွင်းသို့ ပင့်ဆောင်ကာ ယာဂုဆွမ်း ဆက်ကပ်သည်။ ယာဂုဆွမ်း ဘုဉ်းပေးပြီးသောအခါ မြတ်ဗုဒ္ဓသည် အနီးတွင် ထိုင်နေသော ကောသလမင်းကြီးအား "ရှေးအခါက သူတော်ကောင်း ရသေ့၊ ရဟန်းများထံမှ လာဘ်စား၍ အဂတိလိုက် တရားဆုံးဖြတ်ခဲ့သဖြင့် တိုင်းပြည်တစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့ရသည့် "ဘရုဇာတ်တော်" ကို ဟောကြားတော်မူသည်။

ထိုအခါ ကောသလမင်းကြီးသည် "ငါသည် မပြုအပ်သော အမှုကို ပြုမိခဲ့လေပြီ" ဟု နောင်တကြီးစွာရလေ၏။ သို့ဖြင့် တိတ္ထိတို့ကို ထိုအာရာမ်မှ နှင်ထုတ်၍ ယင်းနေရာ၌ ဘိက္ခုနီတို့ သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းဆောက်လုပ်လှူဒါန်းသည်။ ထိုကျောင်းကို ကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းသည်ကို အစွဲပြု၍ "ရာဇိကာရုံ (ရာဇကာရာမ)ကျောင်း"ဟု ခေါ်တွင်လေသည်။

အထက်ပါ အကြောင်းအရာကိုကြည့်လျှင် စက်ဆုပ်ဖွယ်

ကောင်းသည့် လာဘ်ပေး၊ လာဘ်ယူမှုများသည် ရှေးနှစ်ပေါင်းများစွာ ပဝေသဏီကပင် ရှိနေခဲ့သည်မှာ ထင်ရှားပေသည်။ သံဝေဂယူဖွယ် ကောင်းသည်မှာ ကောသလမင်းကြီးသည် ရဟန်းသံဃာတော်များ စိတ်ဆင်းရဲအောင် မပြုအပ်သည့်အမှုကို ပြုမိမှားခဲ့သော မကောင်းမှုကံကြောင့် နတ်ရွာစံခါနီးအချိန်ဝယ် ဧကရာဇ်ဘုရင်ကြီးဘဝမှ မထင်မရှားနန်းကျဘုရင်တစ်ပါးအဖြစ် အဇာတသတ်မင်း၏ နေပြည်တော်ဖြစ်သော ရာဇဂြိုဟ်မြို့၏ အပြင်ဘက်ရှိ သာလာယံဇရပ်ပေါ်ဝယ် ခိုကိုးရာ ကင်းမဲ့စွာဖြင့် အလုပ်အကျွေး မောင်းမငယ်၏ ရင်ခွင်၌ ဘဝနိဂုံးချုပ်ခဲ့ရရှာခြင်းပင်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ထိုအကြောင်းကို သိမြင်တော်မူသဖြင့် "ဤမင်းသည် မိမိတိုင်းနိုင်ငံအတွင်း၌ နတ်ရွာမစံရလတ္တံ့." ဟု ကြိုတင်မိန့်ကြားတော်မူခဲ့လေသည်။

မြတ်ဗုဒ္ဓ သာဝတ္ထိသို့ ကြွရောက်သီတင်းသုံးတော်မူသောအခါ မိထွေးတော်ဂေါတမီထေရီမကြီးနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့လည်း မြတ်ဗုဒ္ဓရှိတော်မူရာ သာဝတ္ထိသို့ လာရောက်ကြ၍ ထိုရာဇိကာရုံကျောင်းတိုက်မှာပင် သီတင်းသုံးနေထိုင်ကြသည်။ ထိုကျောင်းတိုက်မှာပင် အရှင်နန္ဒကမထေရ်သည် သာကီဝင် မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့အား နန္ဒကောဝါဒ သုတ္တန်ကို ဟောကြားတော်မူ၍ အရိယာထေရီများ အဖြစ်သို့ ရောက်စေတော်မူသည်။

မြတ်ဗုဒ္ဓသည်လည်း ထိုကျောင်းတိုက်မှာပင် ဘိက္ခုနီ တစ်ထောင်တို့အား သဟဿဘိက္ခုနီသံဃသုတ္တန်ကို ဟောကြားတော်မူသည်။ ဤသို့ ရာဇိကာရုံကျောင်းတော်သည် ဘိက္ခုနီတစ်ထောင် သီတင်းသုံးနေနိုင်လောက်အောင် ကြီးကျယ်ခန့်ညား ထယ်ဝါသောကြောင့်လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ မိထွေးတော် ထေရီမကြီး သီတင်းသုံးနေထိုင်တော်မူခဲ့ခြင်းကြောင့်လည်းကောင်း သာသနာ့သမိုင်းတွင်

"ရာဇိကာရုံကျောင်းတိုက်" ဟူ၍ ထင်ရှားခဲ့လေသည်။

တရုပ်ရဟန်းတော် ဖာဟီရန်၏ ခရီးစဉ်မှတ်တမ်း၌ "ကောသလဘုရင်မင်းမြတ် အုပ်စိုးသော တိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သော သာဝတ္ထိမြို့၏ အတွင်းဘက်၌ လူနေအိမ်ခြေ နှစ်ရာခန့်ရှိသည်ကို တွေ့ခဲ့ရကြောင်း၊ ဇေတဝန်ကျောင်းတော်ရာအနီးရှိ ဘုရားရှင်၏ မိထွေးတော် ဂေါတမီ ထေရီမကြီး သီတင်းသုံးတော်မူခဲ့သော ရာဇိကာရုံကျောင်းတိုက်နေရာတွင် အထိမ်းအမှတ် စေတီတစ်ဆူ တည်ထားသည်ကို တွေ့ခဲ့ရကြောင်း" ဖော်ပြထား၏။ ယင်းအချက်ကိုကြည့်လျှင် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က မိထွေးတော် ဂေါတမီထေရီမကြီး၏ ဘိက္ခုနီသာသနာတော်အတွက် ဆောင်ရွက်ချက်များသည် နောင်လာနောက်သားများ အထူးသဖြင့် အမျိုးသမီးများ အဖို့ အောက်မေ့တသ အမှတ်ရဖွယ် ဂုဏ်ယူဖွယ်ဖြစ်၍ သာသနာ့သမိုင်းတွင် မည်မျှ အရေးပါခဲ့သည်ကိုလည်း သိနိုင်ပေသည်။

ဤသို့လျှင် မိထွေးတော်ဂေါတမီ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပေါ်ထွန်းလာခဲ့ရသော ဘိက္ခုနီ သာသနာတော်ကြီးသည် မြတ်ဗုဒ္ဓ၏ ဓမ္မ ဝိနယသာသနာတော် အလင်းရောင်အောက်၌ ရုပ်ပိုင်းဆိုင်ရာ ဘိက္ခုနီ ပရိသတ်၊ သင်္ခမ်းကျောင်းစသည်တို့သာ စည်ပင်ပြန့်ပွားနေသည် မဟုတ်ပေ။ စိတ်ပိုင်းဆိုင်ရာ တရားထူး တရားမြတ် ရကြသည့်အပိုင်း၌လည်း ရဟန်းယောကျ်ားများနည်းတူပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီများ၊ ဆဠာဘိည ရဟန္တာထေရီများ၊ တေဝိဇ္ဇပတ္တရဟန္တာထေရီများ၊ သုက္ခဝိပဿက ရဟန္တာထေရီများ၊ တေဒင်္ဂဘွဲ့ရ ရဟန္တာထေရီများ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်အရိယာထေရီများ၊ မြောက်မြားစွာပင် ပေါ်ထွန်းခဲ့ပေသည်။ ဤသို့ဖြင့် မြတ်ဗုဒ္ဓလက်ထက် ဘိက္ခုနီသာသနာတော်ကြီးသည် နေ၊ လ အသွင် အစွမ်းကုန် ထွန်းကားပွင့်လင်းလျက်

ရှိပေသည်။

ဤသို့ မိထွေးတော် ဂေါတမီထေရီမကြီး၏ ဦးဆောင်မှုဖြင့် မိန်းမသားတို့ ရဟန်းပြုကြ၍ ဘိက္ခုနီ သာသနာတော်ကြီး စည်ပင်ပွင့်လင်းလာပုံကို အပဒါန် ဝတ္ထုကျမ်းပြုဆရာတော် ဦးဇေယျသေနအရှင်မြတ်က ဤသို့ လင်္ကာစီကုံး ဂုဏ်ပြုမှတ်တမ်းတင်ထားသည်။

"သုံးလူ့မြတ်စွာ၊ ဓာသတ္ထာ၏၊ မာယာမယ်တော်၊ နတ်ရွာပျော်လျှင်၊ ဘုန်းမော်ဘုရား၊ လောင်းမြတ်ဖျားကို၊ သနားချစ်ခင်၊ မေတ္တာယှဉ်၍၊ ရင်ခွင်ပွေ့ပိုက်၊ နို့ချိုတိုက်လျက်၊ သိုက်မြိုက်ယုယ၊ မွေးမြူရ၍၊ ဗုဒ္ဓမာတာ၊ ဘွဲ့တော်သာသည်၊ ပဇာပတိ၊ သာကီနွင်းဆီ၊ ဂေါတမီခေါ်၊ မိထွေးတော်မြတ်၊ မယ်တော်နတ်သည်၊ ပဗ္ဗဇိတ၊ ဥပသမ္ပဒါ၊ သင်္ကန်းဝါနှင့်၊ သာသနာထမ်း၊ ရဟန်းမိန်းမ၊ ပြုလုပ်ရအောင်၊ ဦးချဖန်ဖန်၊ ခွင့်တောင်းပန်သော်၊ ဂရုဓံတရား၊ ဤရှစ်ပါးကို၊ မမှားမတိမ်း၊ မယိမ်းမယိုင်၊ သက်လုံးတိုင်အောင်၊ ကျင့်နိုင်ပါမူ၊ ကြည်ဖြူမနှေး၊ ခွင့်တောင်းပေး၍၊ မြတ်လေးကြည်လင်၊ ဦးထိပ်ပြင်ဝယ်၊ ပန်ဆင်ယူသုံး၊ ပန်းကုံးရတနာ၊ ခိုင်မာလာသို့၊ ရှစ်ဖြာကျင့်ရန်၊ ဂရုဓံကို၊ ဝန်ခံပြီးခါ၊ သင်္ကန်းဝါနှင့်၊ မဟာဂေါတမီ၊ ဘိက္ခုနီတွင်၊ ထေရီမြတ်လှ၊ သူအစတည်း၊ နောက်မှငါးရာ၊ သူနှင့်ပါသည့်၊ သာကီနွယ်ဖွား၊ မိန်းမများကို ဘုရားမြတ်စွာ၊ မိန့်အာဏာဖြင့်၊ ကမ္မဝါစာ၊ ဖတ်ကာရွတ်ကြား၊ ရဟန်းများက၊ ပဥ္စင်္ဂဖြင့်၊ ဥပသမ္ပဒါ၊ အင်္ဂါငါးတန်၊ ပဥ္စင်းခံ၍၊ ဘုန်းလျှံမြတ်စွာ၊ သာသနာဝယ်၊ ဖန်ဝါသင်္ကန်း၊ ဝတ်ဆင်မြန်းလျက်၊ ရဟန်းမိန်းမ၊ ပြုကြပြီးခါ၊ ထိုငါးရာမှ၊ ဆက်ကာနွယ်လား၊ များစွာထောင်သောင်း၊ မိန်းမပေါင်းတို့၊ ဦးခေါင်းရိတ်ကာ၊ သင်္ကန်းဝါနှင့်၊ သာသနာထမ်း၊ ရဟန်း

မိန်းမ၊ ပြုကြသူတွေ၊ ပေါများလေ၍၊ ဘုန်းပေမြတ်ဖျား၊ ဟောကြားညွှန်ပြ၊ ဩဝါဒဖြင့်၊ မိန်းမသာသနာ၊ ထွန်းလင်းဖြာသည်၊ ရောင်ဝါနေသို့ လင်း၏တည်း”

## တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ

တေဒဂ် ဟူသော ဝေါဟာရမှာ တေဒဂ္ဂ ဟူသော ပါဠိကို မြန်မာမှု ပြုထားသည့် ပါဠိသက် ဝေါဟာရဖြစ်၏။ “ပညာအရာ၊ တန်ခိုးအရာ စသည်တို့တွင် အမြတ်ဆုံး၊ အထူးချွန်ဆုံးအဖြစ် မြတ်စွာဘုရားက သတ်မှတ်တော်မူသော ဂုဏ်အရည်အချင်း၊ဂုဏ်ထူး” ဟု အဓိပ္ပါယ်ရသည်။

မြတ်ဗုဒ္ဓ လက်ထက်တော်အခါက တပည့်သာဝက၊ သာဝိကာများနှင့် ဥပသကာ၊ ဥပါသိကာတို့တွင် ရှေးရှေးသော ဘဝသံသရာတို့၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီကုသိုလ်နှင့် တောင်းတပန်ဆင်ခဲ့ဖူးသော ဆုတောင်းအလျောက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသည်တို့ဖြင့် လွန်ကဲသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့ကို ပရိသတ် အလယ်၌ ရွေးခြယ်ကာ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ထို “တေဒဂ်” ဘွဲ့ထူးကို ချီးကျူးပေးသနားတော်မူလေ့ရှိသည်။

## တေဒဂ်ဘွဲ့ထူးပေးရာ၌ အကြောင်းလေးမျိုး

ဖော်ပြပါ တေဒဂ်ဘွဲ့ထူးကို ချီးမြှင့်ပေးသနားတော်မူရာ၌ အကြောင်းလေးမျိုးရှိသည်။ ထိုလေးမျိုးအနက် အနည်းဆုံးတစ်ပါးနှင့် ညီညွတ်မှသာ ၎င်းဘွဲ့ထူးကို ရရှိနိုင်ပေသည်။ ယင်းတို့မှာ–

၁။ သက်ဆိုင်ရာ အမှုကိစ္စတို့၌ ကျွမ်းကျင်ကြောင်း အထောက်အထား ခိုင်လုံခြင်း (အဋ္ဌုပ္ပတ္တိ)

၂။ ရှေးရှေးဘဝတို့၌လည်း ထိုအမှုကိစ္စ၌ ကျွမ်းကျင်ခဲ့ခြင်း

(အာဂမန)

၃။ ထိုအမှုကိစ္စအပေါ် လေ့ကျက်မှု ဝသီဘောများခြင်း (စိဏ္ဏဝသီ)

၄။ ဂုဏ်အားဖြင့် ထူးချွန်လွန်ကဲခြင်း (ဂုဏာတိရေက) တို့ဖြစ်သည်။

ထိုလေးမျိုးတို့အနက် အချို့ထေရ၊ ထေရီများမှာ တစ်ပါး၊ အချို့မှာ နှစ်ပါး၊ အချို့မှာ သုံးပါး၊ အချို့မှာ လေးပါးလုံးနှင့် ပြည့်စုံကြသည်ဟု ဆိုပါသည်။

မိထွေးတော်ဂေါတမီထေရီမကြီး အမှူးရှိသော ထေရီတို့တွင် အချို့သော ထေရီများသည် ပဋိသမ္ဘိဒါလေးပါး ၊ အဘိညာဉ်ခြောက်ပါး၊ ဝိဇ္ဇာသုံးပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရယူနိုင်ခဲ့ကြရုံ သာမက ဖော်ပြပါ အကြောင်းတရားများနှင့်လည်း ပြည့်စုံ၍၊ ထိုထို ပညာအရာ၊ တန်ခိုးအရာ စသည်တို့၌ ထူးထူးချွန်ချွန် ဆောင်ရွက် နိုင်ခဲ့ကြသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်၌ သာဝိကာတို့အား၊ ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့် ပေးသနားတော်မူသည့်အခါတွင် ဧတဒဂ်ဘွဲ့ထူးရှင် ရဟန္တာထေရီမ တစ်ဆယ့်သုံးပါး ပေါ်ထွန်းခဲ့လေသည်။ ယင်း ဧတဒဂ်ဘွဲ့ထူးရှင်ထေရီများနှင့် ရရှိသော ဧတဒဂ်ဘွဲ့ထူးများမှာ–

၁။ မိထွေးတော် (မဟာပဇာပတိ)

| | |
|---|---|
| ဂေါတမီထေရီ– | ရတ္တညူ ဧတဒဂ်ဘွဲ့ (သိက္ခာဝါကြီးခြင်း) |
| ၂။ ခေမာထေရီ– | မဟာပညာဧတဒဂ်ဘွဲ့ (ဉာဏ်ပညာကြီးခြင်း) |
| ၃။ ဥပ္ပလဝဏ္ဏာထေရီ– | ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့ |

| | |
|---|---|
| | (တန်ခိုးဣဒ္ဓိပါဒ် ကြီးခြင်း) |
| ၄။ပဋ္ဌာစာရာထေရီ- | ဝိနယဓရ ဧတဒဂ်ဘွဲ့ (ဝိနည်းဆောင်ခြင်း) |
| ၅။ဓမ္မဒိန္နာထေရီ- | ဓမ္မကထိက ဧတဒဂ်ဘွဲ့ (တရားဟော ကောင်းခြင်း) |
| ၆။နန္ဒာ(ဇနပဒကလျာဏီ)ထေရီ- | ဈာယီဧတဒဂ်ဘွဲ့၊ (ဈာန်ဝင်စားခြင်း) |
| ၇။(ဗဟုပုတ္တိက)သောဏာထေရီ- | အာရဒ္ဓဝီရိယဧတဒဂ်ဘွဲ့ (လုံ့လဝီရိယကြီးခြင်း) |
| ၈။သကုလာထေရီ- | ဒိဗ္ဗစက္ခုအဘိညာဉ်ဧတဒဂ်ဘွဲ့(နတ်မျက်စိ ကဲ့သို့ မြင်နိုင်စွမ်းရှိခြင်း) |
| ၉။ဘဒ္ဒါကုဏ္ဍလ ကေသာထေရီ- | ခိပ္ပါဘိည ဧတဒဂ်ဘွဲ့ (လျင်မြန်စွာ ထိုးထွင်း သိခြင်း) |
| ၁၀။ဘဒ္ဒါကာပိလာနီထေရီ- | ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဧတဒဂ်ဘွဲ့ (ရှေးဘဝအမျိုးမျိုးကို မြင်နိုင်စွမ်းခြင်း) |
| ၁၁။ဘဒ္ဒါကစ္စာနာ (ယသောဓရာ)ထေရီ- | မဟာဘိညာပတ္တ ဧတဒဂ်ဘွဲ့ (ကြီးကျယ်သောအဘိညာဉ်ပညာ |

သို့ ရောက်ခြင်း)

၁၂။ကိသာဂေါတမီထေရီ- လူခစီဝရဓရတေဒဂ်ဘွဲ့ (ခေါင်းပါးသောသင်္ကန်းကို ဆောင်ခြင်း)

၁၃။သိင်္ဂါလကမာတာထေရီ- သဒ္ဓါဓိမုတ္တတေဒဂ်ဘွဲ့ (သဒ္ဓါတရား ကြီးမားထက်သန်ခြင်း)

တို့ဖြစ်သည်။ ယင်းသို့ တေဒဂ်ဘွဲ့ထူးကို မဆွတ်ခူးနိုင်သော်လည်း တစ်နည်းတစ်ဖုံအားဖြင့် ကျော်ကြားသော ထေရီမများလည်း မြောက်မြားစွာပင် ပေါ်ထွန်းခဲ့ပေသည်။

ဤသို့ တေဒဂ်ဘွဲ့ထူးကို ဆွတ်ခူး ရယူခဲ့ကြသည့် သာသနာ့အာဇာနည် ထေရီမတို့၏ အတုယူဖွယ်၊အားကျဖွယ်၊ သံဝေဂယူဖွယ်ကောင်းသည့်ဖြစ်ရပ်များနှင့် ပါရမီ ဖြည့်ဆည်းခဲ့ပုံများကို ဖော်ပြလိုပါသည်။

## ၁။ မိထွေးတော်ဂေါတမီ ရတ္တညူ တေဒဂ်ဘွဲ့ ရရှိခြင်း

မိထွေးတော်ဂေါတမီ အလောင်းအလျာ အမျိုးကောင်းသမီးသည် ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်အခါက ရတ္တညူ တေဒဂ်ဘွဲ့ထူး ချီးမြှင့်ခြင်း ခံရသော ထေရီမတစ်ဦးကို တွေ့မြင်ခဲ့ရာမှ အားကျကာ ယင်းဆုကို ရယူလိုသည့်ဆန္ဒပြင်းပြလာခဲ့၏။ ထို့နောက် ရတ္တညူ တေဒဂ်ဆုကို ပန်ဆင်လိုသဖြင့် ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ သံဃာတော်များကို မိမိအိမ်သို့ ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်တိုင်တိုင် ဆွမ်းစသော အာမိသဖြင့် လုပ်ကျွေးလှူဒါန်း၍ ရတ္တညူ တေဒဂ်ဆုကို တောင်းတပန်ဆင်ခဲ့၏။

တစ်ဖန် ယင်းဆုကိုပင် တောင်းတပန်ဆင်၍ ကမ္ဘာတစ်သိန်း

တိုင်တိုင် ဒါန စသော ပါရမီကုသိုလ်များကို အကြိမ်ကြိမ် ဖြည့်ဆည်းခဲ့၏။ ယင်းသို့ ပါရမီ ကောင်းမှုများကို ဖြည့်ဆည်းရာ တွင်လည်း ရတနာသုံးပါးတို့ အပေါ်၌ ယုံကြည်မှု (သဒ္ဓါ) ၊ သက်ဆိုင်ရာ စောင့်ထိန်းရမည့်သီလများကို စောင့်ထိန်းမှု (သီလ)၊ ဘုရားရှင်တို့ ဟောကြားသည့် တရားတော်များကို နာယူမှု (သုတ)၊ ဆွမ်းစသော အာမိသကို စွန့်ကြဲလှူဒါန်းမှု (စာဂ)၊ ကံတရားနှင့် ကံ၏အကျိုးတရားများကို ယုံကြည်သော ဉာဏ် (ပညာ) ဟူသော အကြောင်းတရား ငါးမျိုးနှင့် ပြည့်စုံခြင်း၊ ရတ္တညူ တေဒဂ်ဆုကိုပင် တစိုက်မတ်မတ် တောင်းတပန်ဆင်ခဲ့ခြင်းတို့ကြောင့် မိထွေးတော် ဂေါတမီသည် ပါရမီဆုတောင်း ရေးကောင်းမှုနှင့် ပြည့်စုံခဲ့သည်။

တစ်ဖန် မိထွေးတော်ဂေါတမီသည် မြတ်ဗုဒ္ဓသာသနာတော်၌ အမျိုးသမီးများ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ထက်သန်သော ဆွဲ၊ လုံ့လတို့ဖြင့် နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ဒုတိယ အကြိမ်တွင်မူ ကပိလဝတ်နှင့် ဝေသာလီ အကြား ငါးဆယ့်တစ်ယူဇနာ (၄၀၈–မိုင်ခန့်) ဝေးကွာသည့်ခရီးကို အသက်အရွယ်ကြီး၍ အိုမင်း ရင့်ရော်မှုကိုပင် ပဓာနမထားဘဲ ခြေလျင်သွား၍ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဘိက္ခုနီပြုခွင့်ဟူသော အခွင့်ထူးကြီးကို ဦးဦးဖျားဖျား ရရှိရေးအတွက် ဣရိယာပုတ်လေးပါးလုံးမှာပင် စိတ်ရောက်လျက် ရက်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့်ပင် သာသနာ တော်၌ အမျိုးသမီးများကို ဘိက္ခုနီ ပြုခွင့်ပေးသောအခါတွင် မိထွေး တော်ဂေါတမီသည် ဂရုဓံရှစ်ပါးကို ဝန်ခံခြင်းမျှဖြင့်ပင် အမျိုးသမီး တို့တွင် အစဆုံး အဦးဆုံး ဘိက္ခုနီအဖြစ်ကို ရရှိခဲ့သည်။

တစ်ဖန် သစ္စာလေးပါးတရားကို သိမြင်၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရယူရာတွင်လည်း ဘိက္ခုနီ

တို့တွင် အစဆုံး၊ အဦးဆုံးပင် ဖြစ်ပေသည်။

ဤသို့ ဘိက္ခုနီအဖြစ်သို့ ရှေးဦးစွာ ရောက်ရှိခြင်း၊ သစ္စာလေးပါး တရားကို အဦးဆုံး သိမြင်ခြင်း၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူး၍ အစဆုံး ရဟန္တာထေရီအဖြစ်သို့ ရောက်ရှိခဲ့ခြင်းတို့ကြောင့် မိထွေးတော်ဂေါတမီ ထေရီမကြီးသည် ဘိက္ခုနီတို့တွင် သိက္ခာဝါ အကြီးဆုံး၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အားဖြင့်လည်း အသာလွန်ဆုံး ဖြစ်ခဲ့ရလေသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ တပည့် သာဝက၊ သာဝိကာတို့အား မိမိတို့ တောင်းတပန်ဆင် ဖြည့်ဆည်း လာခဲ့သော ပါရမီထူး အားလျော်စွာ ဧတဒဂ် ဘွဲ့ထူးများကို ချီးမြှင့်ပေးသနားတော်မူရာတွင် မိထွေးတော်ဂေါတမီထေရီမကြီးအား–

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံမဟာပဇာပတိဂေါတမီ"
>
> "ရဟန်းတို့၊ ညဥ့်အပိုင်းအခြားကို သိကြသည့် ငါဘုရား၏ တပည့်မ ဘိက္ခုနီတို့တွင် မိထွေးတော် (မဟာ ပဇာပတိ) ဂေါတမီသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်၏။"

ဟု ချီးကျူးတော်မူကာ "ရတ္တညူ ဧတဒဂ်ဘွဲ့" ကို ချီးမြှင့်တော် မူလေသည်။

## ၂။ မဟာပညာဧတဒဂ်ဘွဲ့ထူးရှင် ခေမာထေရီ

ခေမာထေရီသည် ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရား ကြီးအဖြစ်မှ သာသနာတော်တွင်းသို့ ဘိက္ခုနီအဖြစ် ဝင်ရောက်လာကာ ဉာဏ်ပညာကြီးမားသော (မဟာပညာ) အရာ၌ ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါး ဖြစ်ပေသည်။

ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်တွင် ဤထေရီမ အလောင်း

အလျာသည် ဟံသာဝတီမင်းနေပြည်၌ သေဋ္ဌေးသမီး တစ်ယောက် ဖြစ်ခဲ့၏။ တစ်နေ့သ၌ အလောင်းအလျာ သေဋ္ဌေးသမီးသည် ကျောင်းတော်သို့သွား၍ တရားနာ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် သုဇာတာထေရီမအား ဉာဏ်ပညာကြီးမားသော အရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူ၏။ သေဋ္ဌေးသမီးသည် ထေရီမကို အားကျကာ ထိုဧတဒဂ် ဘွဲ့ထူးကို ရယူပန်ဆင်လိုသဖြင့် မိဘများကို ခွင့်ပန်၍ ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များကို မိမိအိမ်သို့ ပင့်ဖိတ်၏။ ခုနစ်ရက်တိုင်တိုင် ဆွမ်းဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်း၌ "မဟာပညာ ဧတဒဂ်" ဆုကို တောင်းတပန်ဆင်ခဲ့လေသည်။

ထိုသေဋ္ဌေးသမီးသည် ဝိပဿီ ဘုရားရှင်လက်ထက်တော်တွင် အမျိုးကောင်းသမီးတစ်ယောက် ဖြစ်လာ၏။ အရွယ်ရောက်သောအခါ သာသနာတော်တွင်းသို့ ဝင်ရောက်ပြီးလျှင် ရဟန်းတရား ပွားများအားထုတ်၏။ ဆန်းကြယ်စွာသော တရားစကားများကို ဟောကြားလျက် သာသနာပြုခဲ့၏။ ထိုမှတစ်ဖန် ကောဏာဂမန ဘုရားရှင်လက်ထက်တော်တွင်လည်း လူ့ဘဝကို ရရှိခဲ့ပြန်၏။ ထိုဘဝတွင် ဓနဉ္ဇာနီနှင့် သုမေဓာ ဟူသော သူငယ်ချင်းမ နှစ်ယောက်တို့နှင့် အတူ သံဃာတော်ကို ရည်စူး၍ ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့၏။ ကဿပဘုရားရှင်၏ လက်ထက်တော်တွင်မူ ဗာရာဏသီပြည်၌ ကိကိမင်းကြီး၏ သမီးတော် ခုနစ်ဖော်တွင် အကြီးဆုံးဖြစ်သော သမဏီမင်းသမီး ဖြစ်ခဲ့၏။ ဘိက္ခုနီပြုလိုသော်လည်း ခမည်းတော်ကြီးက ခွင့်မပြုသဖြင့် ညီမတော်များနှင့်အတူ အပျိုစင်ဘဝဖြင့်ပင် ရာသက်ပန် နေထိုင်ကာ ဥပုသ်သီတင်း စောင့်သုံးခဲ့လေသည်။

သမဏီမင်းသမီးသည် ဤဘုရားရှင်လက်ထက်တော်တွင်

မဒ္ဒတိုင်း၊ သာဂလမြို့၌ မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်ဖြစ်လာ၏။ သမီးတော်ကလေး ဖွားမြင်လာသောအချိန်မှာပင် တိုင်းပြည် တစ်ခွင်လုံး၌ ဘောဇုန်များ ကင်းစင်ကာ အေးချမ်းသာယာလာ၏။ ထို့ကြောင့် ဘေးရန်ကင်းစင်ခြင်းကို အတိတ်နိမိတ်ယူကာ သမီးတော်ကလေးအား "ခေမာမင်းသမီး" ဟူ၍ အမည်မှည့်ခေါ်ကြသည်။

ခေမာမင်းသမီးသည် မိန်းမချော မိန်မလှများ ပေါများရာ မဒ္ဒတိုင်းသူ ဖြစ်သည့်အလျောက် ရုပ်ရည်လက္ခဏာ ချောမောလှပ၍ အလှမာန် ဝင့်ကြွားသူလည်းဖြစ်၏။ သူ၏အဆင်း၊ သူ၏အလှကို ကျမ်းဆရာတို့ အထူးတလည် ဖော်ကျူးရေးသားခဲ့ကြသည်။ အရွယ်ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏ အလွန်ချစ်မြတ်နိုးအပ်သော အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လာလေသည်။

ဗိမ္ဗိသာရမင်းကြီးမှာ သောတာပန်အဆင့်သို့ ရောက်ပြီးသူဖြစ်၍ ရတနာမြတ်သုံးပါးကို မတုန်မလှုပ်သော သဒ္ဓါတရားဖြင့် ကြည်ညိုစွာ ဆည်းကပ်၏။ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဝေဠုဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းကာ ဘုရားရှင်ထံသို့ မကြာခဏ သွားရောက်လေ့ရှိ၏။ ထိုသို့သွားရောက်လေတိုင်း ခေမာမိဖုရားကို အပါခေါ်သော်လည်း တစ်ကြိမ်တစ်ခါမျှ မရခဲ့ချေ။ "ဘုရားရှင်သည် အလှအပ၌ သာယာယစ်မူးခြင်းကို ရှုတ်ချလေ့ရှိသည်" ဟူသော သတင်းစကားကြောင့် ဖြစ်ပေသည်။

မင်းကြီးသည် မိမိက ကျောင်းဒါယကာ အရိယာ သာဝကကြီးတစ်ယောက် ဖြစ်နေပါလျက် မိဖုရားက မြတ်ဗုဒ္ဓထံ အဖူးအမြော် မသွားရောက်သည်ကို ဘဝင်မကျ ဖြစ်နေမိ၏။ သို့သော် ချစ်လှစွာသော မိဖုရားအား မင်းမိန့်ဖြင့်လည်း မခေါ်ယူရက်သဖြင့် ဥပါယ်တမျဉ်ကို ကြံစည်ရတော့၏။ ထိုအကြံအစည်အရ ဘုရားကျောင်းတော် ဆောက်လုပ်ရာ ဝေဠုဝန်ဥယျာဉ်တော်၏ သာယာလှပပုံ၊

စိတ်နှလုံး မွေ့လျော်ဖွယ်ကောင်းပုံ၊ ကြီးကျယ်ခမ်းနားပုံတို့ကို လက်ာသီချင်းများ သီကုံးစေပြီးလျှင် ခေမာမိဖုရားကြီးရှေ့တွင် သဘင်သည်များက သီဆိုတီးမှုတ်ကြရ၏။ ရေးဖွဲ့ထားသော သီချင်းစာသားများနှင့် သီဆိုတီးမှုတ်ပုံတို့က သုတိသာယာ ရှိလှသဖြင့် ခေမာမိဖုရားမှာ ထိုသီချင်းများကို နှစ်ခြိုက်လာရာမှ ဝေဠုဝန် ဉယျာဉ်တော်သို့ပါ သွား၍ ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ဤသို့ဖြင့် ခေမာမိဖုရားသည် မင်းကြီးထံ ခွင့်ပန်၍ အခြံအရံများနှင့်အတူ ဝေဠုဝန်ဉယျာဉ်တော်သို့ ထွက်လာခဲ့၏။ သီချင်းများရေးဖွဲ့ထားသည်နှင့်မခြား လှပတင့်တယ် ရှုချင့်စဖွယ်ကောင်းလှသော ဉယျာဉ်တော်ကို ရှုစားရသဖြင့် အားရပျော်ရွှင်လှ၏။ မျိုးမည်စုံစွာ ဖူးပွင့်ဝေဆာနေကြသော ပန်းပင်များထက်တွင် ပျားပိတုန်းတို့က တစ်ဒီဒီ မြည်သံပေးကာ ဝတ်ရည်စုပ်၍ နေကြ၏။ မြင့်မားလှသော သစ်ပင်ကြီးများပေါ်မှ ဥဩမြည်သံကလည်း လွမ်းတစဖွယ် ရှိနေ၏။ ဉယျာဉ်တော်တစ်ခုလုံး၌ ဘေးရန်ကင်းစွာ ပျော်မြူးနေကြသော ဥဒေါင်းများကလည်း ပန်းဉယျာဉ်ကို အလှဆင်ပေးနေကြ ပြန်လေသည်။

ဉယျာဉ်တော်၏ သာယာလှပပုံတို့ကို တအံ့တဩ ရှုမောနေစဉ်နန်းတော်မှ အမိန့်တော်တစ်ခု ရောက်ရှိလာ၏။ "ခေမာမိဖုရားသည် ဉယျာဉ်တော်သို့ ဝင်ရောက်ပြီးလျှင် ဘုရားရှင် ရှေ့တော်သို့ ဝင်ရောက်ခဲ့ရမည်" ဟူ၍ ဖြစ်လေသည်။

သို့ဖြစ်၍ ခေမာမိဖုရားသည် အမိန့်တော်ကို လေးစားစွာပင် ဘုရားရှင် သီးခြားသီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းတော်သို့ ဝင်လာခဲ့၏။ ခါတိုင်းဆိုလျှင် ဤလိုနံနက်ခင်း၌ ဘုရားရှင် ဆွမ်းခံကြွတော်မူမြဲဖြစ်၍ ကျောင်းတော်မှာ ရှိတော်မူမည်မဟုတ် ဟူ၍ တွက်ဆထားမိ၏။ သို့ရာတွင် သူ၏ တွက်ဆချက်များမှာ

များယွင်းသွားကြပေပြီ။

မြတ်ဗုဒ္ဓသည် ခေမာမိဖုရား လာလိမ့်မည်ကို သိတော်မူ၍ ဆွမ်းခံကြွတော်မမူဘဲ ဂန္ဓကုဋီကျောင်းတော်အတွင်း သလွန်တော်၌ အတုမရှိသော ကျက်သရေတော်ကို ဆောင်လျက် ထိုင်နေတော်မူ၏။ မြတ်ဗုဒ္ဓ၏ အနီးအပါး၌ကား နတ်သမီးတမျှ ချောမောလှပသော မိန်းမပျိုကလေးတစ်ယောက်က ယပ်လေခတ်၍ ပူဇော်နေဟန်ကို လည်း ဖန်ဆင်းထားလေ၏။

မဒ္ဒတိုင်းသူ မိန်းမလှရတနာ မယ်ခေမာသည် မိမိထက် အဆပေါင်းများစွာ ချောမောလှပသူ အလှကေရီမကလေးကို မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားရ၏။ မြတ်ဗုဒ္ဓကို ရှိသေစွာ ရှိခိုးပြီးနောက် အလှကေရီမလေးကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိ၏။ မိမိထက် ပို၍ လှပနေသော်လည်း မနာလိုစိတ်များ ဖြစ်ပွား မလာပေ။ အလှအပကို မြတ်နိုးစွာ ကြည့်နေမိ၏။

ယင်းသို့ မြတ်နိုးစိတ်ဖြင့် တစိမ့်စိမ့်ကြည့်နေဆဲမှာပင် ပျိုမြစ် နုနယ်လှသော အလှကေရီမကလေးသည် ရင့်ရော်လာသလို ဖြစ် လာ၏။ မသိမသာ ရင့်ရော်လာရာမှ သိသိသာသာကြီး အိုမင်းလာ၏။ မိမိကိုယ်ကို မဆောက်တည်နိုင်လောက်အောင် အိုမင်းနေရာမှ ရှေ့တော်မှောက်၌ ဖြုန်းကနဲ လဲကျသွားကာ မသတီစရာ အလောင်း ကောင်ကြီး ဖြစ်သွားလေဘော့သည်။

ခေမာမိဖုရား ထိတ်လန့်တကြား ဖြစ်သွားစဉ်မှာပင် မြတ်ဗုဒ္ဓက မဟာကရုဏာလွှမ်းခြုံသော အသံတော်ဖြင့် ဤသို့ မိန့်ကြားတော် မူလိုက်၏။

"ခေမာ၊ လူမိုက်များတို့ လွန်စွာစုံမက် နှစ်သက်မြတ်နိုး ကြသော ခန္ဓာကိုယ် အပုပ်ကောင်ကြီးကို ရှုစမ်းပါလော့"

"ခေမာ မိမိကိုယ်ခန္ဓာကို မတင့်မတယ် စက်ဆုပ်ဖွယ်ရာ

အသုဘပါတကားဟု ပွားများပါလော့၊ တစ်ခုတည်းသော အာရုံ၌ စိတ်တည်ငြိမ်အောင် ထားရှိပါလော့။ ခန္ဓာကိုယ်ပေါ်မှာ သတိကပ်၍ သုံးသပ်ပါလော့။ ချစ်ခင်တွယ်တာစရာ အရိပ်နိမိတ်များကို ရှောင်ရှား၍ အရိပ် နိမိတ် မပါသော ဘာဝနာကို ပွားများပါလော့။ ငါလှသည်၊ ငါချောသည် ဟူသော မာန်မာနကို ပယ်စွန့်ပါလော့။ ထိုသို့ မာန်မာနကို ပယ်စွန့်ခြင်းကြောင့် စိတ်နှလုံး ငြိမ်းချမ်းစွာ နေထိုင်ရလတ္တံ့။

ခေမာ ပင့်ကူငယ်သည် မိမိရက်လုပ်ထားသော ပင့်ကူအိမ်၌ ကပ်ငြိနေသကဲ့သို့ တဏှာရာဂဖြင့် ကပ်ငြိသူများသည် သံသရာ ရေအလျဉ်သို့ မျောပါကြရကုန်၏။ ပညာရှိတို့သည်ကား တဏှာရာဂကို ပယ်ဖြတ်ကာ ကာမဂုဏ်ခံစားမှုကို ပယ်စွန့်လျက် မငဲ့မကွက် ထွက်ခွာကြပေကုန်၏။"

ဤဒေသနာတော်ကို ကြားနာရသဖြင့် ခေမာမိဖုရားသည် သောတာပန် အရိယာ သာဝိကာမအဖြစ်သို့ ဆိုက်ရောက်လေ၏။

သို့ဖြစ်၍ ရှေးအခါက မိမိ မိုက်မှားခဲ့မိသည်များကို ခြေတော်ရင်း၌ ဝန်ချတောင်းပန်ကာ ယခုတစ်ခဏ ခံစားလိုက်ရသော လောကုတ္တရာ အမြိုက်ချမ်းသာအတွက် ကျေးဇူးစကားများကို လျှောက်ထား၏။ ထို့နောက် မိန်းမသားတို့၏ ဝတ္တရားအရ ဗိမ္ဗိသာရမင်းကြီးထံမှ ရဟန်းပြုရန်အတွက် ခွင့်ပြုချက် တောင်းခံရန် နန်းတော်သို့ ပြန်လာခဲ့ လေသည်။

ခေမာမိဖုရားက ရဟန်းပြုရန် ခွင့်ပန်စကား ပြောကြားလာသောအခါ မိဖုရားအား မြတ်ဗုဒ္ဓရှေ့တော်သို့ မရောက်ရောက်အောင် ကြံဆောင်ခဲ့သော ဗိမ္ဗိသာရ မင်းကြီးသည် ဝမ်းနည်းဝမ်းသာ ဖြစ်သွားရ၏။ မိမိချစ်လှစွာသော အလှရတနာ မိဖုရားတစ်ပါးကို စွန့်လွှတ်ရတော့မည် ဖြစ်သည့်အတွက် ဝမ်းနည်းမိသော်လည်း

သာသနာတော်ကြီးအတွက်ကား ဝမ်းသာရပေသည်။ သို့ဖြစ်၍ မိမိထက်ပို၍ ဣန္ဒြေရင့်ကျက်လာပြီဖြစ်သော မိန်မမြတ်ရတနာအား လက်အုပ်ချီကာ ခွင့်ပြုလိုက်ရပေတော့သည်။

ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရားကို ရွှေထမ်းစင်ဖြင့် တင်ဆောင်ကာ ကြီးကျယ်စွာသော အခမ်းအနားဖြင့် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်၍ ရဟန်းမ ပြုစေသည်။

ဘိက္ခုနီအဖြစ်သို့ ရောက်ပြီးသော ခေမာထေရီသည် တစ်ဆယ့်ငါးရက်မြောက်သောနေ့တွင် ဥပုသ်အိမ်၌ ဝတ်ပြုရင်း ထွန်းညှိထားသော ဆီမီးတိုင်၏ တောက်ပခြင်း၊ ငြိမ်းခြင်းကို မြင်ကာ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဆင်ခြင်သုံးသပ်မိ၏။ ထိုခဏမှာပင် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရရှိကာ ရဟန္တာထေရီမအဖြစ်သို့ ရောက်လေသည်။

နောင်အခါတွင် ခေမာထေရီသည် ပရိယတ်၊ ပဋိပတ် နှစ်ရပ်စလုံးကို စွယ်စုံတတ်မြောက်၍ ပညာရည်ထူးချွန်သူ ဖြစ်လာ၏။ ခက်ခဲနက်နဲသော တရားသဘောများကို လူအများ နားလည်အောင် ဟောကြားတတ်၏။ နူးညံ့သိမ်မွေ့လှသော ဓမ္မရေးရာ ပြဿနာများကို အစွန်းတစ်ဘက်သို့ မငြိစွန်းစေဘဲ တိကျပြတ်သားစွာ ဖြေဆိုတတ်၏။ ပသေနဒီကောသလမင်းကြီးအား သိမ်မွေ့လှစွာသော ဓမ္မရေးရာ ပြဿနာဖြစ်သည့် ခေမာသုတ္တန် ကို ဟောကြား၍ ဦးခိုက်စေနိုင်ခဲ့၏။

ဤသို့ ပညာအရာ၌ ထူးချွန်မှု ဂုဏ်ရည်သည် အခြားသူတို့ထက် သာလွန်နေခြင်းကြောင့်ပင် မြတ်ဗုဒ္ဓသည် ခေမာထေရီအား ဉာဏ်ပညာကြီးမားသောအရာဝယ် အသာဆုံး ၊ အမြတ်ဆုံး "မဟာပညာဧတဒဂ်ဘွဲ့" ကို ချီးမြှင့်တော်မူလေသည်။

## ၃။ ဣဒ္ဓိမန္တ တေဒဂ်ဘွဲ့ထူးရှင် ဥပ္ပလဝဏ္ဏာထေရီ

ဥပ္ပလဝဏ္ဏာထေရီသည် တန်ခိုးကြီးသော (ဣဒ္ဓိမန္တ)အရာ၌ တေဒဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမ တစ်ပါး ဖြစ်ပေသည်။

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်တွင် ဤထေရီမ အလောင်းအလျာသည် သေဌ္ဌေးသမီးတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့သ၌ အလောင်းအလျာ သေဌ္ဌေးသမီးသည် တရားနာ ပရိသတ်များနှင့်အတူ ကျောင်းတော်သို့ လိုက်ပါ၍ တရားနာ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား တန်ခိုးကြီးသောအရာ၌ တေဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူ၏။

သေဌ္ဌေးသမီးသည် တေဒဂ်ဘွဲ့ထူးရှင် ထေရီမကို အားကျကာ ထိုတေဒဂ်ဘွဲ့ကို ရယူပန်ဆင်လိုသဖြင့် ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းလေ၏။ ခုနစ်ရက်တိုင်တိုင် ဆွမ်းကျွေးပွဲကြီး ကျင်းပပြီးသောအခါ ဘုရားရှင်နှင့်တကွ သံဃာတော်များအား တိစီဝရိတ် သင်္ကန်းများ ဆက်ကပ်၏။ ထို့နောက် အဆင်းရောအနံ့ပါ ပြည့်စုံစွာသော ပန်းတို့ဖြင့် ဘုရားရှင်၏ ခြေတော်အစုံကို ပူဇော်ပြီးလျှင် "ဣဒ္ဓိမန္တ တေဒဂ်" ဆုကို ရယူလိုကြောင်း ဆုတောင်းလေသည်။

ထိုသေဌ္ဌေးသမီးသည် ဝိပဿီဘုရားရှင် လက်ထက်တော်တွင် ဗာရာဏသီပြည်၌ သေဌ္ဌေးသမီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်များကို အလှူကြီး ပေးလှူခဲ့၏။ ထို့နောက် ဝိပဿီဘုရားရှင်ကို ကြာပန်းဖြင့် ပူဇော်ပြီးလျှင် ရုပ်ရည်အဆင်း တင့်တယ်လှပခြင်းဆုကို စိတ်ဖြင့်ပင် ပန်ဆင်ခဲ့၏။

ကဿပဘုရားရှင် လက်ထက်တော်သို့ ရောက်သောအခါတွင်

အလောင်းအလျာအမျိုးသမီးသည် ကိကိမင်းကြီး၏ သမီးတော် ခုနစ်ယောက်အနက် နှစ်ယောက်မြောက် သမဏာဂုတ္တာ မင်းသမီး ဖြစ်လာ၏။ သမဏာဂုတ္တာမင်းသမီးသည် အစ်မတော်၊ ညီမတော်များ နှင့်အတူ အနှစ် နှစ်သောင်းတိုင်တိုင် ကောမာရဗြဟ္မစရိယအကျင့် ကို ကျင့်သုံး၍ ပါရမီဖြည့်ဆည်းခဲ့လေသည်။

ဉပ္ပလဝဏ္ဏာထေရီ အလောင်းအလျာသည် ဇာတ်တော်များတွင် ယသောဓရာ အလောင်းအလျာနှင့်အတူ ဘုရားအလောင်းတော်၏ ပါရမီတော်ကို ထူးထူးကဲကဲ ပါဝင်ဖြည့်ဆည်းခဲ့သည်များကိုလည်း တွေ့ရ၏။ ထိုတွင် ဥမ္မာဒန္တီဘဝ၊ ပဒုမဝတီ မိဖုရားကြီးဘဝတို့မှာ လူသိများ၍ အထင်ရှားဆုံးဖြစ်ပေသည်။

ထေရီမ အလောင်းအလျာသည် ဤဂေါတမမြတ်ဗုဒ္ဓ လက်ထက်တော်သို့ ရောက်သောအခါ သာဝတ္ထိမြို့၌ သေဋ္ဌေးတစ်ဦး၏ သမီး ဖြစ်လာ၏။ တစ်ခုသော ဘဝဝယ် လယ်သူမ ဖြစ်ခဲ့စဉ်က ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ကြာညိုပန်း လှူဒါန်း၍ ပန်ဆင်ခဲ့သော ဆုထူးကြောင့် သူမ၏ အဆင်းသည် ကြာညိုပန်း၏ အတွင်းသားကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လှပ၏။ ထို့ကြောင့်ပင် သတို့သမီး၏ အမည်ကို "ဉပ္ပလဝဏ္ဏာ" ဟူ၍ မှည့်ခေါ်ကြလေ၏။ "ကြာညိုပန်း အဆင်းရှိသူ" ဟု ဆိုလိုပါသည်။

ဉပ္ပလဝဏ္ဏာသေဋ္ဌေးသမီး အရွယ်သို့ရောက်သောအခါတွင် သူမ၏ အလှဂုဏ်သတင်းကြောင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှ မင်းများ၊ မင်းညီမင်းသားများ၊ သေဋ္ဌေးသားများ အားလုံးကပင် ဉပ္ပလဝဏ္ဏာနှင့် လက်ထပ်လိုကြောင်း တောင်းဆိုလွှာများ ပို့လာကြ၏။

သို့ဖြစ်၍ သေဋ္ဌေးကြီး ဇနီးမောင်နှံတို့မှာ "ငါတို့ကား ဤ သမီးကလေးတစ်ယောက်သာ ရှိ၏။ တောင်းဆိုသူတွေကလည်း နေ့စဉ်နှင့်အမျှ တိုးပွား၍သာ လာကြ၏။ သူတို့အထဲမှ တစ်ဦး

တစ်ယောက်ကို လက်ခံလိုက်လျှင် ကျန်လူများ၏ အမုန်းမာန်ပွားမှုကို ခံကြရပေတော့မည်" ဟု ကြံစည်တွေးတောလျက် သမီးကလေး အတွက် ရတက်မအေး ဖြစ်နေကြလေသည်။ နောက်ဆုံးတွင် မိဘတို့က သမီးငယ်ကိုခေါ်၍ ဤသို့ အကြံပြုကြသည်။

"ချစ်သမီး ဥပ္ပလဝဏ္ဏာ၊ သမီးကို လိုချင်သူတွေ ပေါများလှသဖြင့် မိဘများမှာ အခက်ကြုံနေရချေပြီ၊ သူတို့ အထဲမှ တစ်ဦးတစ်ယောက်ကို ပေးလိုက်လျှင်လည်း ကျန်လူများ၏ မုန်းမာန်ပွားမှုကို ခံကြရပေမည်။ သို့ဖြစ်၍ ဤဘေးရန် အန္တရာယ်များမှ ကင်းဝေးစေရန် ဘုရားရှင် သာသနာတော်၌ ရဟန်းပြုနိုင်ပါမည်လော"

ဤသို့ မိဘများ အကြံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဥပ္ပလဝဏ္ဏာက "မိခင် ဖခင်တို့ ဘုရားရှင်၏ သာသနာတော်သို့ဝင်၍ ကျွန်မ ရဟန်းပြုပါမည်" ဟု မဆိုင်းမတွပင် ဝန်ခံလိုက်လေ၏။ မြတ်ဗုဒ္ဓသာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ခွင့်ရကြောင်း ကြားသိရသောအချိန်ကပင် သာသနာတော်သို့ ဝင်ရောက်လိုစိတ်များ ဖြစ်ပွားနေခဲ့ရာ မိဘများ၏ သဘောထားကို မသိရသေး၍သာ အခြေအနေကို စောင့်ကြည့်နေခဲ့ရသည်။ ယခုမူ သူမ၏ စိတ်အလို ပြည့်ဝစေရန် အခြေအနေ ပေးလာသဖြင့် မဆိုင်းမတွပင် ဝန်ခံ လိုက်ရခြင်းဖြစ်ပေသည်။

ဤသို့ဖြင့် မိဘတို့သည် သမီးဖြစ်သူ ဥပ္ပလဝဏ္ဏာကို ကြီးကျယ်သော အခမ်းအနားဖြင့် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ကာ ရဟန်းမ ပြုစေလေသည်။

ဥပ္ပလဝဏ္ဏာသည် အလှဂုဏ်ကြောင့် အန္တရာယ်များလှသဖြင့် ဘိက္ခုနီမ ပြုလာခဲ့ရသူဖြစ်၏။ သို့သော် ရှေးဘဝ ဆုတောင်း ပါရမီကောင်းမှုနှင့် ပြည့်စုံသူဖြစ်သည့်အလျောက် ဘိက္ခုနီပြု၍

မကြာမီပင် ဥပုသ်အိမ် သိမ်အပြင်၌ ထွန်းညှိထားသော ဆီမီးတောက်ကို စူးစူးစိုက်စိုက် ရှု၍ တေဇောကသိုဏ်းကို ပွားများကာ ဈာန်သမာပတ်များ ရရှိလာ၏။ ယင်းသို့ ရရှိလာသော ဈာန်သမာပတ်များကိုပင် အခြေပြုလျက် ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်စီးဖြန်းလေရာ ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာထေရီမ ဖြစ်လေသည်။

ယင်းသို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက်ပင် ရှေးဘဝက ပန်ဆင်ခဲ့သည့် ဆုတောင်းအတိုင်း တန်ခိုးဖန်ဆင်းခြင်း၌ ဝသီတော်ငါးတန် လေ့လာနိုင်သူ ဖြစ်လာ၏။ ထေရီမ၏ တန်ခိုးအရှိန်အဝါသည် တစ်နေ့တစ်ခြား ထူးကဲကြီးမားလာ၏။ မိမိရှေ့မှ တန်ခိုးကြီးခဲ့ကြသော အရှင်မများ၏ အရှိန်အဝါကိုပင် ကျော်လွန်လာခဲ့၏။

ထေရီမသည် နောက်တစ်ချိန် (မြတ်ဗုဒ္ဓ ခုနစ်ဝါမြောက် ရောက်သောအခါ)ဝယ် မြတ်ဗုဒ္ဓ သာဝတ္ထိပြည်၊ ကဏ္ဍ သရက်ပင် အနီး၌ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၌ "မြတ်စွာဘုရား၊ တပည့်တော်မ တန်ခိုးပြာဋိဟာ ပြပါရစေဘုရား" ဟု ရဲရဲတောက် စကား လျှောက်ထားခဲ့လေသည်။ ယင်းသို့ လျှောက်ထားဝံ့လောက် အောင်ပင် မိမိ၏ အစွမ်းအာနုဘော်ကိုလည်း ယုံကြည်ခဲ့သူ ဖြစ်ပေသည်။ ဤသို့ တန်ခိုးအရာဝယ် အရှိန်အဝါ ကြီးမားသောအကြောင်းများကြောင့်ပင် မြတ်ဗုဒ္ဓသည် ဥပ္ပလဝဏ္ဏာထေရီအား တန်ခိုးကြီးသောအရာတွင် အသာဆုံး၊ အမြတ်ဆုံး "ဣဒ္ဓိမန္တ တေဒဂ်ဘွဲ့" ကို ချီးမြှင့်တော်မူလေသည်။

မဟာပညာတေဒဂ်ဘွဲ့ထူးရှင် ခေမာထေရီနှင့် ဣဒ္ဓိမန္တ တေဒဂ်ဘွဲ့ထူးရှင် ဥပ္ပလဝဏ္ဏာထေရီမ နှစ်ပါးသည် မြတ်ဗုဒ္ဓ၏ အဂ္ဂသာဝိကာ ထေရီမကြီးများဖြစ်ကြ၏။ ခေမာထေရီမှာ လက်ယာရံ

ထေရီမဖြစ်၍၊ ဥပ္ပလဝဏ္ဏာထေရီမှာ လက်ဝဲရံထေရီမ ဖြစ်ပေသည်။

## ၄။ ဝိနယဓရ ဧတဒဂ်ဘွဲ့ထူးရှင် ပဋာစာရာထေရီ

ပဋာစာရာထေရီသည် လောကဓံမျိုးစုံကို စုပြုံခံစားရ၍ အရှုံးမဘဝသို့ ရောက်ခဲ့ပြီးမှ ဝိနည်းကို ဆောင်သော (ဝိနယဓရ) အရာ၌ ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမ တစ်ပါး ဖြစ်ပေသည်။

ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်တွင် ဤထေရီမ အလောင်းအလျာသည် သေဋ္ဌေးသမီးတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့သောအခါ အလောင်းအလျာ သေဋ္ဌေးသမီးသည် ကျောင်းတော်သို့ သွား၍ တရားနာ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား ဝိနည်းတော်ကို ဆောင်နိုင်သော အရာ၌ ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူ၏။

သေဋ္ဌေးသမီးသည် ဧတဒဂ် ဘွဲ့ထူးရှင် ထေရီမကို အားကျကာ ယင်းဧတဒဂ်ဆုကို ပန်ဆင်လိုသဖြင့် ပဒုမုတ္တရဘုရားနှင့်တကွ သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် ဆွမ်းဘောဇဉ်များဖြင့် ဆက်ကပ်လုပ်ကျွေးပြီးလျှင် တိစီဝရိတ် သင်္ကန်းများကိုလည်း လှူဒါန်း၏။ ထို့နောက် ဘုရားရှင်၏ ခြေတော်ရင်း၌ "ဝိနယဓရ ဧတဒဂ်ဆု" ကို တောင်းတပန်ဆင်ခဲ့လေသည်။

သေဋ္ဌေးသမီးသည် ကဿပဘုရားရှင် လက်ထက်တော်တွင် ကိကိမင်းကြီး၏ သမီးတော်ခုနစ်ပါးအနက် သုံးယောက်မြောက် သမီးတော် ဖြစ်လာ၏။ မင်းသမီး၏ အမည်ကို "ဘိက္ခုနီ" မင်းသမီးဟု မှည့်ခေါ်ကြ၏။ ဘိက္ခုနီမင်းသမီးသည် အစ်မ၊ ညီမများနှင့်အတူ အနှစ် နှစ်သောင်းတိုင်တိုင် အပျိုစင်ဘဝဖြင့်ပင် ဥပုသ်သီတင်း ကျင့်သုံး၍ ပါရမီဖြည့်ဆည်းခဲ့သည်။

ဤဂေါတမမြတ်ဗုဒ္ဓ၏ လက်ထက်တော်တွင် ထိုမင်းသမီးသည် သာဝတ္ထိမြို့၌ သေဌေးကြီးတစ်ဦး၏ သမီးဖြစ်လာ၏။ အရွယ် ရောက်သောအခါ မိဘများက မိမိတို့နှင့် အမျိုးအနွယ်တူ သေဌေးသား တစ်ယောက်နှင့် လက်ထပ်ပေးရန် စီမံကြ၏။ ထိုအချိန်တွင် သေဌေးသမီးမှာ မိမိအိမ်၌ လိုရာကိစ္စ ဟူသမျှကို လုပ်ကိုင် ဆောင်ရွက်ပေးနေရသော ကျွန် (အလုပ်သမား) လုလင်ပျို တစ်ယောက်နှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေကြ၏။ သို့ဖြစ်၍ နေ့စဉ် ဝတ်ဆင်နေကျ လက်ဝတ်လက်စားများကို ယူငင်ကာ ချစ်သူလုလင်ပျိုနှင့်အတူ မိဘတို့အိမ်မှ တိတ်တဆိတ် ထွက်ခွါ ခဲ့လေတော့သည်။

ရွှေဘုံပေါ်မှာ စံနေခဲ့ရာမှ တောရွာဇနပုဒ်သို့ ရောက်လာ ခဲ့သော်လည်း သေဌေးသမီးမှာ စိတ်အား မငယ်ချေ။ လင်မျက်နှာ တစ်ကမ္ဘာထင်၍ ဘဝသစ်ထူထောင်ကာ ပျော်ရွှင်နေကြ၏။ ထိုသို့ ပျော်ရွှင်စွာ နေလာခဲ့ကြရာမှ သေဌေးသမီး၏ ဝမ်း၌ ကိုယ်ဝန်သန္ဓေ ရရှိလာ၏။ ဝမ်းတွင်းမှ သန္ဓေသားသည် တစ်နေ့တစ်ခြား ရင့်မာ လာသည်နှင့်အမျှ သေဌေးသမီး၏ စိတ်သောကများကလည်း ကြီးမားလာကြ၏။ မိဘများနှင့် ကွေကွင်းရသည့်ဒဏ်ကို စောစောက ခံနိုင်ရည် ရှိခဲ့သော်လည်း ယခုမူ ခံနိုင်ရည်အား လျော့ပါးလာ၏။ လူ့လောကဓမ္မတာအရ မိဘတို့သည် သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံ မရှိသဖြင့် မိဘအိမ်သို့ ဖွတ်တိုး၍ ပြန်ဝင်ချင်လာ၏။ မိဘများ၏ ပြုစုစောင့်ရှောက်မှုကို ခံယူကာ သားဖွားလိုလှ၏။ ဤသည်မှာ မိခင်လောင်းတိုင်းလိုလို ခံစားခဲ့ရသော ချင်ခြင်းတစ်ခု ဖြစ်ပေသည်။

ဤအကြောင်းများကို လင်ဖြစ်သူအား ပြောကြားသည့်အခါ "အို–နမ တစ်နေ့နေ့ သွားကြတာပေါ့" ဟူ၍သာ ပြန်ပြောလာ၏။ သူ၏ တစ်နေ့နေ့က ဘယ်သောအခါမှ ရောက်လာမည် မသိပေ။

ဝမ်းတွင်းသန္ဓေသားက ဖွားချိန် နီးသည်ထက် နီးလာလေသည်။ မိန်းမတို့၏ တစ်သက်တာ အရေးအကြီးဆုံး အချိန်မျိုး၌ ရှေ့ကနေ မားမားမတ်မတ် မရပ်လာသဖြင့် သေဋ္ဌေးသမီးမှာ လင်ဖြစ်သူကို စိတ်ပျက်သလို ဖြစ်လာ၏။ သို့ဖြစ်၍ တစ်နေ့တွင် လင်ဖြစ်သူ အလုပ်သွားနေခိုက် မိမိတစ်ယောက်တည်း မိဘရပ်ထံသို့ ပြန်လာခဲ့လေသည်။

နေ့လယ် ထမင်းစားချိန်ရောက်၍ အိမ်ပြန်လာသော လင်ဖြစ်သူသည် အဖြစ်မှန်ကို သိလျှင်သိချင်း အလျင်အမြန် လိုက်လာ၏။ လမ်းတွင် တစ်နေရာမှ မရပ်နားဘဲ အပြေးအလွှား လိုက်လာခဲ့ရာ တောစခန်းတစ်နေရာတွင် ဇနီးသည်ကို မီလာ၏။ ထိုအချိန်၌ သေဋ္ဌေးသမီးသည် အကူအညီ ကင်းမဲ့စွာဖြင့် ကံကောင်းထောက်မ၍ သားငယ်ကို အောင်မြင်စွာ ဖွားမြင်ပြီး ဖြစ်နေ၏။ မီးဖွားခြင်းကိစ္စ ချောချောမောမော ပြီးစီးသွားသဖြင့် မိဘရပ်ထံသို့ ပြန်ချင်စိတ်များလည်း ပြေလျော့သွားလေ၏။ သို့ဖြစ်၍ ဖွားမြင်စ သားငယ်ကို ပွေ့ပိုက်ကာ ဇနီးမောင်နှံ အိမ်ပြန်လာခဲ့ကြလေသည်။

ထိုသားငယ် သွားနိုင်လာနိုင်သောအရွယ်သို့ ရောက်ချိန်တွင် နောက် တစ်ယောက်က သန္ဓေ တည်လာပြန်၏။ ထိုသန္ဓေသား မွေးဖွားရေးအတွက်လည်း ယခင်အတိုင်းပင် ကြုံလာရပြန်၏။ သို့ရာတွင် ဤတစ်ကြိမ်၌ကား သေဋ္ဌေးသမီးမှာ မဖွားမြင်ရသေးချေ။ ကမ္မဇလေများ လှုပ်ရှားလာ၍ ဝေဒနာကြီးစွာ ခံစားနေရဆဲဖြစ်၏။ ထိုအချိန်မှာပင် မိုးကောင်းကင်တစ်ခွင်လုံး တိမ်ညိုတိမ်မဲများ ဖုံးအုပ်လာ၏။ မိုးသက်လေများကလည်း တောလုံးညံမျှ တိုက်ခတ်လာကြ၏။ ပြင်းထန်သော မိုးချုန်းသံကြီးများမှာလည်း စိတ်ချောက်ချားဖွယ်ကောင်းလှ၏။ တစ်ခဏချင်းမှာပင် မိုးကြီးသည်းထန်စွာ ရွာချလာ၏။ လူမှန်းသိစ သားအကြီးလေးမှာ မိုးဒဏ်၊ လေဒဏ်၊

မိုးချုန်းသံကို ကြောက်ရာလွန်း၍ ဝေဒနာခံစားနေရရှာသော မိခင်ကို အားကိုးတကြီး ဖက်ထားရှာ၏။

သေဌေးသမီးသည် လင်ယောကျ်ားအား မိုးဖွားချိန် နီးလာသဖြင့် မိုးလုံနိုင်မည့် နေရာတစ်နေရာကို ရှာပေးရန် ပြောလေသည်။ ဖွားတော့မည့်ဆဲဆဲ ဇနီးသည်၏ စကားကြောင့် လင်ဖြစ်သူသည် ဓားတစ်ချောင်းဖြင့် ထွက်လာခဲ့၏။ မိုးကြား၊ လေကြားမှ ဟိုဟို သည်သည် ရှာဖွေကြည့်လေရာ ချုံကောင်းကောင်းတစ်ခုကို တွေ့လိုက်ရ၏။ အပေါ်က မိုးထားသော ချုံနွယ်များမှာ ထူထပ်စွာ ရှိနေကြ၍ အတန်အသင့် မိုးလုံစရာရှိ၏။ ထိုချုံကိုပင် မီးနေခန်း ပြုလုပ်ရန် ရည်ရွယ်၍ အောက်မှာ ရှိနေသော မြက်ပင်များကို ခုတ်ရှင်း၏။ ထိုးထိုးထောင်ထောင် ဖြစ်နေသော သစ်ကိုင်းများကို ခုတ်ဖြတ်၏။ ထိုအခိုက်မှာပင် ချုံအောက်ရှိ တောင်ပို့အတွင်းမှ မြွေဆိုးက သူ့ခြေထောက်ကို ကိုက်လေရာ ထိုနေရာမှာပင် လဲကျ သေဆုံးရလေသည်။

မိုးကြား လေကြားမှ ဒုက္ခသည် သားအမိတို့သည် သွားရာ လမ်းကို တမျှော်မျှော်ဖြစ်နေကြ၏။ မျှော်သူ မလာနိုင်၍ မလာတော့ သော်လည်း လာနိုင်သူကတော့ အမိဝမ်းမှ ရန်းထွက်လာပေသည်။ မီးနေသည် သေဌေးသမီးမှာ ဖွားမြင်စ ကလေးငယ်နှင့်တကွ သားအကြီးလေးကို ရင်အောက်မှာသွင်း၍ လေးဘက်ထောက်ကာ မိုးဒဏ်လေဒဏ်ကို အုပ်မိုးထားရလေသည်။

ဤသို့ တစ်ညလုံး မိုးဒဏ်လေဒဏ်ကို ကြံ့ကြံ့ခံရင်း သားအမိသုံးယောက် အသက်ရှင်ခွင့် ရလာကြ၏။ နံနက်လင်းသော အခါ မိုးလေများ ကင်းစင်သွား၏။ ထို့ကြောင့် သေဌေးသမီးသည် သားငယ်ကို အနီးဖြင့် ပွေ့ပိုက်ကာ သားအကြီးကို လက်ကဆွဲ၍ သွားလေသူ၏ လမ်းကြောင်းအတိုင်း လိုက်လာကြ၏။ အတန်ငယ်

သွားမိသောအခါ တစ်ဝက်တစ်ပျက် ရှင်းလင်းထားပြီးသော တောချုံအနီး၌ လဲကျသေဆုံးနေသူ လင်ယောကျ်ားကို တွေ့လိုက်ရ၏။ သေဋ္ဌေးသမီးသည် "ငါ့ကို အကြောင်းပြု၍ ငါ၏အရှင် သေဆုံးရရှာလေပြီ" ဟု ပြင်းစွာ ငိုကြွေးလေ၏။

ဤနေရာမျိုးတွင် ဤအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ရသော မိန်းမသားတစ်ယောက်အဖို့ ငိုကြွေးရုံမှတစ်ပါး အခြား ဘာမျှ မတတ်နိုင်တော့ပြီ။ သို့ဖြစ်၍ သွားလေသူကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်၍ သားငယ်ကိုချီ၊ သားကြီးကို လက်ကဆွဲကာ မပြီးဆုံးသေးသော ခရီးကို ဆက်လာခဲ့ကြရ၏။ အတော်အတန် သွားမိသောအခါ လမ်းခရီးအကြားရှိ ချောင်းငယ်တစ်ခုသို့ ရောက်လာခဲ့၏။ တစ်ညလုံး ရွာထားသော မိုးအရှိန်ကြောင့် ချောင်းကလေးမှာ မနက်လှသော်လည်း ရေစီးသန်နေ၏။ ထို့ကြောင့် သေဋ္ဌေးသမီးခမျာ သားနှစ်ယောက်လုံးကို ချီ၍ မကူးရဲချေ။ သားကြီးကို ကမ်းပါးမှာ ချော့မော့ထားခဲ့ပြီး သားငယ်ကို ချီကာ ကူးလာခဲ့၏။ ကမ်းတစ်ဘက်သို့ ရောက်သောအခါ အနီးကိုခင်း၍ သားငယ်ကို သိပ်ထားခဲ့၏။ သားငယ်ကလေးကို ကြောင့်ကြစိတ်ဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း သားအကြီးကို ခေါ်ရန် ရေထဲသို့ ဆင်းလာခဲ့၏။ ရေလယ်သို့ ရောက်သည့်အခိုက်မှာပင် သိန်းစွန်ရဲတစ်ကောင် ရုတ်တရက် ပေါ်လာ၏။ အနီးပေါ်တွင် သိပ်ထားခဲ့သော သားငယ်ကို သားတစ်အမှတ်ဖြင့် တစ်ဟုန်ထိုး သုတ်ချီ၍ ပျံသွားလေတော့သည်။

သေဋ္ဌေးသမီးသည် သားငယ်၏ အဖြစ်ကိုကြည့်၍ နှလုံးသည်းပွတ်များ ပြုတ်ထွက်မတတ် ဝေဒနာကို ခံစားရင်း သားကလေးလွှတ်လိုးလွှတ်ငြား လက်ခုတ်တီး၍ ခြောက်လှန့်ရှာ၏။ ဤသည်ကိုပင် ကမ်းတစ်ဘက်မှ သားအကြီးက သူ့ကို လက်ခုတ်တီး၍ ခေါ်သည်ဟု သင်မှတ်ကာ ရေထဲသို့ ဆင်းလာလေ၏။ မိခင်က တားဆီးရန်

ဟန်ပြင်ဆဲမှာပင် သားကြီးခမျာ ချောင်းရေအဟုန်ဖြင့် မျောပါသွားရှာလေသည်။

သေဋ္ဌေးသမီးခမျာ တစ်ယောက်တည်းမှာပင် ဒုက္ခသုံးမျိုး စုပြုံနှိပ်စက်လာ၏။ တစ်ရက်တာ ကာလအတွင်း လင်ယောကျ်ားနှင့် သားနှစ်ယောက်ကို ဆုံးရှုံးခဲ့ရ၏။ ဤမျှကြီးမားသော လောကဓံကို ခံစားရင်းပင် သေဋ္ဌေးသမီးခမျာ ခရီးဆက်လာခဲ့၏။ မည်မျှကြီးမားသော ဝေဒနာကို ခံစားနေရစေကာမူ မိဘနှစ်ပါး၏ ရင်ခွင်သို့ ဝင်ရောက်၍ ငိုရှိုက်ရလျှင် သက်သာနိုင်စရာရှိ၏။ ထို့ကြောင့်ပင် မိဘများရှိရာ သာဝတ္ထိမြို့တော်ဆီသို့ အားခဲ၍ လာခဲ့ခြင်း ဖြစ်သည်။

သာဝတ္ထိသို့ ရောက်ခါနီးဆဲဆဲ လမ်းခရီးတွင် ခရီးသွားဦးကြီးတစ်ယောက်နှင့် တွေ့ဆုံ၍ ကွဲကွာခဲ့သည်မှာ သုံးနှစ်ခန့်ကြာပြီဖြစ်သော မိဘတို့၏ သတင်းကို မေးကြည့်မိ၏။ ခရီးသည်ဦးကြီး၏ ပြောစကားများမှာ ရင်နင့်ဖွယ်ကောင်းလှသည်။

"အို–သမီးငယ်၊ ယမန်နေ့ညက ရွာချခဲ့သော မိုးဒဏ်လေဒဏ်ကြောင့် သမီးတို့ မိဘများ တိုက်အိမ်ကြီး ပြိုကျခဲ့၏။ တိုက်ပြိုရာတွင် သမီး၏ မိဘနှစ်ပါးနှင့် မောင်ဖြစ်သူပါသွားကြ၏။ သုံးလောင်းပြိုင် သေဆုံးသွားကြသူများကို တစ်ပေါင်းတည်းပင် မီးသဂြိုဟ်နေကြလေရဲ့၊ ဤနေရာမှ မြင်နေရသည့် ညို့ညို့မှိုင်းမှိုင်း တက်နေသော မီးခိုးများကိုသာ ရှုပါလော့ သမီးငယ်"

သေဋ္ဌေးသမီးသည် ခရီးသည်ကြီး ညွှန်ပြသည့် တရိပ်ရိပ်တက်နေသော မီးခိုးလုံးများကို ကြည့်ကာ ဆောက်တည်ရာမရ ဖြစ်ရရှာတော့သည်။

"ငါ၏ သားနှစ်ယောက် ဆုံးခဲ့လေပြီ၊ ငါ၏လင်မှာလည်း လမ်းခရီးမှာပင် သေခဲ့ရပြီ။ မိဘနှစ်ပါးနှင့် မောင်တို့မှာလည်း

ထင်းပုံတစ်ခုတည်းမှာပင် မီးသင်္ဂြိုဟ်ခဲ့ကြရပြီ ”

ရင်နှင့်မဆန့်အောင် ခံစားရသောဝေဒနာများကို နှုတ်မှဖွင့်ဟ၍ ထုတ်လိုက်ရ၏။ သို့ရာတွင် သူ့ရင်ထဲက ဝေဒနာများက လျော့ပါး၍ မသွားပေ။ နှုတ်မှ ရွတ်လေ တိုးလာလေဖြစ်၏။ ထိုနောက်တွင်ကား သတိတရားများ ကင်းကွာသွားကြလေတော့သည်။

သတိတရားများ ကင်းကွာနေကြသဖြင့် ရှက်ရ၊ ကြောက်ရမှန်းလည်း မသိနိုင်တော့ပြီ။ သို့ဖြစ်၍ အဝတ်မပါ ဗလာကိုယ်ချည်းဖြင့် ခြေဦးတည့်ရာ သွားလာနေသော ဒုက္ခသည်မကလေးကို သောက်သောက်စားစား ကာလသားများက “ပဋာစာရာ” ဟု နာမည်ပေးလိုက်ကြ၏။ “အဝတ်မပါ ဗလာကိုယ်ချည်း သွားလာနေသူ၊ တစ်နည်းအားဖြင့် အရှက်အကြောက် ကင်းမဲ့သူ” ဟု ဆိုလို၏။ ရွှတ်ချပြောင်လှောင်သည့်သဘောဖြင့် ပေးလိုက်သော နာမည် ဖြစ်သော်လည်း သူမ၏ အဖြစ်နှင့်ကား လိုက်ဖက်နေပေသည်။

ပူဆွေးသောကဖြင့် အရူးမဘဝ ရောက်နေရှာသော ပဋာစာရာသည် တစ်နေ့တွင် ဇေတဝန်ကျောင်းတော်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။ ဘုရားရှင် တရားဟောနေချိန်ဖြစ်၍ အစွန်အဖျားမှ တရားနာ ပရိတ်သတ်များက တရားပွဲဆီသို့ မဖွယ်မရာ ဝင်ရောက်လာသော ပဋာစာရာကို နှင်ထုတ်ရန် ဟန်ပြင်ကြ၏။ ဤတွင် ဘုရားရှင်က မနှင်ထုတ်ရန် မိန့်တော်မူရ၏။ ပဋာစာရာလည်း ပရိသတ်အတွင်းသို့ စွတ်ဝင်လာခဲ့ရာ ပရိသတ်များမှာ မျက်နှာလွှဲ၍ လမ်းဖယ်ပေးကြရ၏။ မလှမ်းမကမ်းသို့ ရောက်လာသောအခါ မြတ်ဗုဒ္ဓက ကရုဏာပြည့်ဝသော အသံတော်ဖြင့် ဤသို့ မိန့်တော်မူ၏။

“ချစ်သမီး -- သတိတရား လက်ကိုင်ထားလော့”

မြတ်ဗုဒ္ဓ၏ အသံတော်သည် ပဋာစာရာ၏ နားမှတစ်ဆင့် ဟဒယနှလုံးအထိ ရိုက်ခတ်သွား၏။ နှလုံးသားပေါ်မှ ဒဏ်ရာဒဏ်ချက်

များကို ဖယ်ရှားကာ ပုံမှန်အတိုင်း ဖြစ်လာစေရန် နှိုးဆော်ပေးလိုက်၏။ ထိုခဏအတွင်းမှာပင် ပဋာစာရာသည် အသိတရား ပြန်လည်ရရှိလာကာ ပရိသတ်များအကြား ရှက်ရွံ့စွာ ထိုင်လိုက်ရ၏။ တရားနာပရိသတ်တစ်ဦးက အပေါ်ရုံတဘက်ကို လှမ်းပစ်ပေးလိုက်သဖြင့် သူ့ခမျာ ဣန္ဒြေမပျက် တရားနာခွင့် ရသွားရှာသည်။

မြတ်ဗုဒ္ဓသည် ဒုက္ခသည်မကလေး ပဋာစာရာ၏ ကြုံတွေ့ခဲ့ရသော လောကဓံတို့ကို စာနာစိတ်ဖြင့် ကြားနာတော် မူပြီးလျှင်–

"ပဋာစာရာ၊ သမုဒ္ဒရာလေးစင်းနှင့် အပြည့်ရှိသော ရေတို့သည် ဘဝသံသရာ၌ ငိုကြွေးခဲ့ရသော မျက်ရည်များနှင့် နှိုင်းစာသော် အလွန်နည်းလှသေး၏။ ထို့ကြောင့် တရားသဘောကို မမေ့မလျော့ နှလုံးသွင်းသင့်ပေ၏။"

ဤဒေသနာတော်ကို ကြားနာရလျှင် ပဋာစာရာ၏ သောကဝေဒနာများသည် အတန်ငယ် လျော့ပါးသွားကြ၏။ ဤတွင် မြတ်ဗုဒ္ဓက ဆက်လက်၍ မိန့်ကြားတော်မူ၏။

"ပဋာစာရာ၊ သေဘေးကြီးနှင့် ကြုံတွေ့ရသောအခါ သားသမီးတို့ကိုလည်း အားကိုး၍ မရတော့ပေ။ အဆွေအမျိုးများကိုလည်း အားကိုး၍ မရတော့ပေ။ သားသမီး မိဘဆွေမျိုးများ၌ အားထားရာကို ရှာမရနိုင်ချေ။

"ပညာရှိသော ငါဘုရား၏ တပည့်သားသည် ဤသို့သော သဘောကို ကောင်းစွာသိ၍ အကျင့်သီလကို ကျင့်သုံးလျက် နိဗ္ဗာန်သွားကြောင်း မဂ်လမ်းကြောင်းကို ဆောလျင်စွာ သုတ်သင်နိုင်ရာ၏"

ဤဒေသနာတော်ကို အစဉ်လျှောက်ကာ ကြားနာလျက် ဝိပဿနာ လုပ်ငန်းခွင်သို့ ရောက်ရှိနေသော ပဋာစာရာသည် ထိုဒေသနာတော် အဆုံး၌ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

အရိယာတို့၏ မတုန်မလှုပ်သော သဒ္ဒါတရားဖြင့် မိမိအား ရှင်၊ ရဟန်းပြုပေးရန် လျှောက်ထားလေ၏။ မြတ်ဗုဒ္ဓသည် ပဋာစာရာအား ရဟန်းခံပေးရန် ဘိက္ခုနီမတို့ထံသို့ စေလွှတ်တော်မူလေသည်။

ဘိက္ခုနီအဖြစ်သို့ ရောက်ရှိပြီးသောအခါ ပဋာစာရာထေရီမသည် အထက်မဂ်အလို့ငှာ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်လေရာ မကြာမီပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရရှိကာ ရဟန္တာထေရီမဖြစ်လေသည်။

ပဋာစာရာထေရီသည် ရဟန္တာဖြစ်ပြီးချိန်မှစ၍ မြတ်ဗုဒ္ဓအထံတော်၌ အလုံးစုံသော ဝိနည်းပိဋကတ်ကို အကျယ်အားဖြင့် သင်ယူခဲ့၏။ ဝိနည်းတော်ကို လေးစားသောစိတ်ထားဖြင့် ကြိုးကြိုးစားစားသင်ယူသဖြင့် ဝိနည်းဘက်ဆိုင်ရာတွင် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်လာ၏။ နူးညံ့သိမ်မွေ့၍ ရှုပ်ထွေးလှသော အမှုများကိုပင် တိကျမှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်ခဲ့၏။

ဤသို့ ဝိနည်းအရာတွင် အတုမရှိ၊ အခြားသူတို့ထက်ထူးကဲ သာလွန်ခြင်းကြောင့်ပင် မြတ်ဗုဒ္ဓသည် ပဋာစာရာထေရီအား ဝိနည်းကို ဆောင်သော အရာဝယ် အသာဆုံး၊ အမြတ်ဆုံး "ဝိနယဓရေတဒဂ်ဘွဲ့"ကို ချီးမြှင့်တော်မူလေသည်။

## ၅။ ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူးရှင် ဓမ္မဒိန္နာထေရီ

ဓမ္မဒိန္နာထေရီသည် တရားဟောကောင်းသော (ဓမ္မကထိက) အရာ၌ ဧတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော ထေရီမတစ်ပါးဖြစ်သည်။

ပဒုမုတ္တရာဘုရားရှင်လက်ထက်တွင် ဤထေရီမ အလောင်းအလျာသည် ဟံသာဝတီ မင်းနေပြည်၌ ဆင်းရဲနွမ်းပါးသောအမျိုး၌ ဖြစ်ခဲ့ရ၏။ သူတစ်ပါး အခစား လုပ်ကိုင်၍ အသက်မွေးရ၏။

သို့ရာတွင် အသိအလိမ္မာ ဉာဏ်ပညာရှိ၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူဖြစ်၏။ တစ်နေ့သ၌ သူဆင်းရဲမကလေးသည် ရေအိုးကို ရွက်၍ ရေခပ်ရန် ထွက်လာခဲ့ရာ လမ်းတွင် မိမိစားရန်အတွက် မုယောမုန့် ယူလာခဲ့၏။

ထိုစဉ် ပဒုမုတ္တရဘုရားရှင်၏ အဂ္ဂသာဝကတစ်ပါးဖြစ်သော သုဇာတ မထေရ်သည်လည်း ကျောင်းတော်မှ ထွက်၍ ဆွမ်းခံကြွလာရာ သူဆင်းရဲမကလေးနှင့် လမ်းခရီးတွင် ဆုံမိကြ၏။ သူဆင်းရဲမကလေးသည် အရှင်သုဇာတ မထေရ်ကို ဖူးမြင်ရလေလျှင် ကြည်ညို သဒ္ဓါဖြစ်ကာ မိမိစားရန် ယူလာခဲ့သော မုယောမုန့်ကို လောင်းလှူလေ၏။ မထေရ်မြတ်သည် သူဆင်းရဲမကလေးအား ချီးမြှောက်တော်မူလိုသဖြင့် အလှူခံပြီးလျှင် ထိုနေရာမှာပင် ထိုင်၍ ဘုဉ်းပေးတော်မူ၏။ သူဆင်းရဲမကလေးသည် မုယောမုန့်ကို လှူရရုံမျှဖြင့် အားမရနိုင်သေးဘဲ မိမိ၏ ရှည်လျားနက်မှောင်သော ဆံပင်ကို ရသမျှနှင့် ရောင်းချ၍ အရှင်သုဇာတ မထေရ်မြတ်အား မိမိအိမ်သို့ ပင့်ဆောင်ကာ မွန်မြတ်သော ဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေး၏။ ဤအကြောင်းကို သူမ၏ အလုပ်ရှင်သေဋ္ဌေးကတော်ကြီး ကြားသိရလေလျှင် နှစ်သက်ဝမ်းမြောက် လှသဖြင့် မိမိ၏ သားနှင့် ထိမ်းမြားး၍ ချွေးမ ပြုလေ၏။

တစ်နေ့သ၌ အလောင်းအလျာ အမျိုးသမီးကလေးသည် ယောက္ခမဖြစ်သူ သေဋ္ဌေးကတော်ကြီးနှင့်အတူ ပဒုမုတ္တရ ဘုရားရှင်၏ ကျောင်းတော်သို့ လိုက်ပါ၍ တရားနာ၏။ ထိုစဉ် ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား တရားဟောကောင်းသော (ဓမ္မကထိက) အရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူ၏။ အလောင်းအလျာ အမျိုးသမီးကလေးသည် ထိုထေရီမကို အားကျကာ ဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိအိမ်သို့ ပင့်ပြီးလျှင် အလှူကြီး ပေးလှူ၍ "ဓမ္မကထိက" ဧတဒဂ်ဆုကို တောင်းတပန်ဆင်ခဲ့လေသည်။

ပဒုမုတ္တရ ဘုရားရှင်ကလည်း "ဂေါတမဘုရားရှင်လက်ထက်တော် အခါတွင် ထိုဆုတောင်း ပြည့်မည်ဟု " ဗျာဒိတ်စကား မိန့်ကြား တော်မူသည်။

ထိုအလောင်းအလျာအမျိုးသမီးကလေးသည် ဖုဿဘုရားရှင် လက်ထက်တွင် ဖုဿဘုရားရှင်၏ ဘတူမိကွဲ မင်းသားသုံးဦးတို့၏ ဘဏ္ဍာစိုး သေဌေးကတော် ဖြစ်လာ၏။ သေဌေးကတော်သည် သဒ္ဓါတရား ထက်သန်လှသဖြင့် "တစ်ခုပေးပါ" ဟု တောင်းခံလာလျှင် နှစ်ခုပေးလေ့ရှိ၏။ ထိုဘဏ္ဍာစိုး သေဌေးကတော်သည် အသက်ထက် ဆုံး ပါရမီကုသိုလ်များ ဆည်းပူး ပြုလုပ်၍ လူ့ပြည်၊ နတ်ပြည်တို့၌ အဖန်ဖန် ကျင်လည်ခဲ့ရာ ကဿပဘုရားရှင်လက်ထက်တော်အခါတွင် ကိကီမင်းကြီး၏ သမီးတော် ခုနှစ်ဖော်အနက် "သုဓမ္မာ" အမည်ဖြင့် ခြောက်ယောက်မြောက် သမီးတော် ဖြစ်လာလေသည်။ သုဓမ္မာ မင်းသမီးကလေးသည် အမတော်၊ ညီမတော်များနှင့်အတူ နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် အပျိုစင်ဘဝဖြင့် "ကောမာရ ဗြဟ္မစရိယ" အကျင့်ကို ကျင့်ကာ သံဃာတော်များအား ကျောင်း အာရာမ်များ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ထိုပါရမီရှင် မင်းသမီးကလေးသည် ဤဂေါတမဘုရားရှင် လက်ထက်တော်အခါတွင် ရာဇဂြိုဟ်မြို့တော်၌ သေဌေးကြီးတစ်ဦး၏ သမီးဖြစ်ကာ "ဓမ္မဒိန္နာ" ဟု အမည်တွင်လေသည်။ ဓမ္မဒိန္နာ သတို့ သမီး အရွယ်ရောက်လတ်သော် ရာဇဂြိုဟ်မြို့တော်မှာပင် နေထိုင်သော ဝိသာခ သေဌေးသားနှင့် မိဘများ ထိမ်းမြားပေးကြသဖြင့် ဓမ္မ ဒိန္နာသေဌေးကတော်ဟု ထင်ရှားလာလေသည်။

ဝိသာခသေဌေးသည် ပထမအကြိမ် မြတ်ဗုဒ္ဓကို ဖူးမြင်ရချိန် ကပင် သောတာပတ္တိဖိုလ်၌ တည်၍ နောက်တစ်ကြိမ် တရားတော်ကို နာယူရချိန်တွင် သကဒါဂါမိဖိုလ်သို့ ဆိုက်ရောက်လေသည်။ တစ်နေ့

သဥ္ဓ ဝိသာခ သေဋ္ဌေးသည် ဝေဠုဝန်ကျောင်းတော်သို့ သွား၍ တရားနာသဖြင့် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။ ခါတိုင်း နေ့များ၌ ကျောင်းတော်က ပြန်လာလျှင် လှေခါးဦးမှာ အသင့် စောင့်ကြိုနေသော သေဋ္ဌေးကတော် ဓမ္မဒိန္နာ၏ ကမ်းလင့်သော လက်ကို ဆွဲကိုင်၍ ပြာသာဒ်ထက်သို့ တက်နေကျဖြစ်၏။ ထိုနေ့ တွင်ကား အနာဂါမိမဂ်ဖြင့် ကာမရာဂကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၍ ဝိသာခသေဋ္ဌေးသည် ဓမ္မဒိန္နာ၏ လက်ကို မဆွဲကိုင်တော့ဘဲ ဣန္ဒြေ သိက္ခာ တည်ကြည်စွာဖြင့် ပြာသာဒ်ထက်သို့ တက်လာခဲ့၏။ ထမင်းစားကြသောအခါတွင်လည်း ခါတိုင်းကဲ့သို့ ဓမ္မဒိန္နာနှင့်အတူ စကားစမြည် ပြောကာဆိုကာ မစားတော့ဘဲ တစ်ယောက်တည်းသာ တိတ်ဆိတ်ငြိမ်သက်စွာ စားလေ၏။ ညအိပ်ရာဝင်သောအခါတွင်လည်း ကျက်သရေတိုက်ခန်းသို့ မဝင်ဘဲ အခန်းလွတ်တစ်ခုကို ရှင်းလင်းစေ၍ ညောင်စောင်းထက်ဝယ် တစ်ယောက်တည်းသာ အိပ်စက်လေသည်။

ဤတွင် သေဋ္ဌေးကတော် ဓမ္မဒိန္နာက "အို--အရှင်၊ ယနေ့ အရှင်၏ အပြုအမူများသည် ခါတိုင်းနေ့များနှင့်မတူ တစ်မူထူးခြား လှပါ၏။ အရှင့်မှာ ကျွန်တော်မ အပြင် အခြားချစ်ခင်ရသူများ ရှိနေပါသလော၊ သို့မဟုတ် တစ်စုံတစ်ယောက်က စိတ်ဝမ်းကွဲအောင် ပြုလုပ်သူ ရှိနေပါသလော" ဟု မေးမြန်းလေ၏။ ဝိသာခသေဋ္ဌေးက "ဓမ္မဒိန္နာ -- ငါသည် ယနေ့ မြတ်ဗုဒ္ဓ၏ တရားဒေသနာကို ကြားနာရသဖြင့် အနာဂါမိဖိုလ်ဟု ဆိုအပ်သော လောကုတ္တရာ တရားကို သိမြင်ခဲ့ပြီဖြစ်၍ ကာမဂုဏ် အာရုံများကို ခံစားလိုစိတ် ကင်းဆိတ်သွားခဲ့လေပြီ။ သို့ဖြစ်၍ သင်သည် ဤအိမ်၌ နှမငယ် တစ်ယောက်အဖြစ် နေလိုက နေပါ၊ ဤအိမ်၌ မနေလိုလျှင်လည်း လိုချင်သမျှ ပစ္စည်းဥစ္စာများကို ယူ၍ မိဘအိမ်သို့ ပြန်နိုင်ပါသည်" ဟု ပြောကြားလေသည်။

ထိုအခါ ခေမ္မာဒိန္နာက "အို--အရှင်၊ အရှင်တို့ ထွေးအန်ထားသော အန်ဖတ်ကို ကျွန်မက ကောက်ယူ၍ မစား, မမျိုလိုပါ၊ ကျွန်မသည် လူ့ဘောင်မှ ထွက်၍ ရဟန်းမ ပြုလိုပါသည်၊ ရဟန်းမ ပြုရန် ခွင့်ပြုပါလော့" ဟု ခွင့်တောင်းလေ၏။ ဝိသာခ သေဌေးကလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုကာ ခေမ္မာဒိန္နာကို ရွှေထမ်းစင်နှင့် တင်ဆောင်စေ၍ ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ပေးလေသည်။

ဘိက္ခုနီအဖြစ်ကို ရရှိပြီးနောက် ခေမ္မာဒိန္နာထေရီသည် ထိုကျောင်း၌ တစ်ရက်နှစ်ရက်မျှသာ နေထိုင်၏။ ထိုရက်များအတွင်း ပရိသတ်များ ဝင်လာမစဲ တသဲသဲဖြစ်၍ လာဘ်ပူဇော်သက္ကာရ များလှသဖြင့် ကမ္မဋ္ဌာန်းတရား မစီးဖြန်းနိုင်ခဲ့ပေ။ သို့ဖြစ်၍ ခေမ္မာဒိန္နာထေရီသည် ဥပဇ္ဈာယ်ဆရာများထံချဉ်းကပ်ကာ "အရှင်မတို့-တပည့်တော်မသည် လူသူလေးပါး ရောပြွမ်းနေသော ဤနေရာ၌ မပျော်မွေ့ပါ ၊တောရွာကလေးတစ်ရွာသို့ သွားရောက်၍ တိတ်ဆိတ်အေးချမ်းစွာ ကမ္မဋ္ဌာန်းစီးဖြန်းလိုပါသည်ဘုရား" ဟု ခွင့်ပန်၏။ ဥပဇ္ဈာယ်ဆရာများကလည်း ကြည်ဖြူစွာ ခွင့်ပြုကြ၏။

ဤသို့ဖြင့် ခေမ္မာဒိန္နာထေရီသည် ရွာကလေးတစ်ရွာသို့ သွားရောက်၍ အေးချမ်း တိတ်ဆိတ်သော ကျောင်းကလေး၌ နေထိုင်လျက် ဝိပဿနာတရားများ အားထုတ်၏။ ရှေးရှေးဘဝများက သင်္ခါရတရားတို့ကို လက္ခဏာသုံးတန်တင်၍ ဝိပဿနာဉာဏ်ဖြင့် သုံးသပ်ခဲ့ဖူးသူဖြစ်၍ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ပဋိသမ္ဘိဒါရဟန္တာ ခေမ္မာဒိန္နာထေရီသည် မိမိကို အကြောင်းပြု၍ ဆွေမျိုးများ ကုသိုလ်ကောင်းမှု ဖြစ်ကြစေရန် ရည်ရွယ်၍ ရာဇဂြိုဟ်မြို့သို့ ပြန်လာခဲ့၏။

ဤတွင် ဝိသာခသေဌေးက "ဤအရှင်မသည် တောရွာကလေး

သို့ ကမ္မဋ္ဌာန်း စီးဖြန်းရန်ဟုဆို၍ သွားရောက်နေထိုင်ခဲ့၏။ တောရွာကလေး၌ ခဏမျှသာ နေထိုင်ကာ ယခု ရာဇဂြိုဟ်မြို့တော်သို့ ပြန်လာချေပြီ၊ အရှင်မသည် သာသနာတော်မှာ မွေ့လျော်ပါ၏လော" ဟု တွေးတောကာ တရား ရ၊ မရကို စူးစမ်းလိုသဖြင့် ဓမ္မဒိန္နာထေရီမထံ လာရောက်တွေ့ဆုံကာ ခန္ဓာငါးပါးနှင့်စပ်၍ လေးနက်လှစွာသော တရားသဘောတို့ကို မေးလျှောက်လေ၏။

ဓမ္မဒိန္နာထေရီကလည်း ထက်စွာသော သံလျက်ဖြင့် ကုမုဒြာကြာရိုးတို့ကို တိခနဲတိခနဲ လှီးဖြတ်ဘိသကဲ့သို့ မေးလာသမျှသော ပုစ္ဆာ ပြဿနာတို့ကို ထက်လှစွာသော ဉာဏ်ပညာဖြင့် မဆုတ်မဆိုင်း မြင်းလျင်စိုင်းသကဲ့သို့ ဟုတ်တိုင်းမှန်ရာ တိကျစွာ ဖြေကြားလေသည်။

ဝိသာခသေဋ္ဌေးသည် မိမိ၏အမေးနှင့် ဓမ္မဒိန္နာထေရီ၏အဖြေကို ဘုရားရှင်ထံဝင်ရောက်၍ လျှောက်ထား၏။ ဘုရားရှင်က "ဝိသာခ--ဓမ္မဒိန္နာထေရီသည် ပညာရှိပေစွ၊ ငါဘုရား၏ သဗ္ဗညုတ ဉာဏ်တော်နှင့် ညှိနှိုင်း၍ ဖြေကြားတတ်ပေစွ" ဟု ချီးကျူးတော်မူ၏။

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင်က ထောက်ခံချီးကျူးတော်မူသဖြင့် ဓမ္မဒိန္နာထေရီ၏ ဖြေကြားချက်များသည် ဘုရားရှင်ကိုယ်တော်တိုင် ဖြေကြားတော်မူသော ဒေသနာတော်များနှင့် ထပ်တူ ပါဠိတော်စာရင်း သွတ်သွင်းကာ သံဂီတိကာရက သံဃာတော်များက စူဠဝေဒလ္လသုတ် ဟူသော အမည်ဖြင့် မဇ္ဈိမ နိကာယ်မူလ ပဏ္ဏာသ ပါဠိတော်တွင် သင်္ဂါယနာတင်ထားခဲ့ကြလေသည်။

ဤသို့ စူဠဝေဒလ္လသုတ်ကို ဟောကြားတော်မူနိုင်ခြင်းကိုပင် အကြောင်းပြု၍ မြတ်ဗုဒ္ဓသည် ဓမ္မဒိန္နာထေရီအား ဂရားဟော ကောင်းသောအရာဝယ် အသာဆုံးအမြတ်ဆုံး"ဓမ္မကထိကဧတဒဂ်" ဘွဲ့ကို ချီးမြှင့်တော်မူလေသည်။

## ၆။ ရှာယီဇတေဒဂ်ဘွဲ့ထူးရှင် နန္ဒာ (ဇနပဒကလျာဏီ) ထေရီ

နန္ဒာ (ဇနပဒကလျာဏီ)ထေရီသည် ရှာန်ဝင်စားသောအရာ၌ ဇတေဒဂ်ဘွဲ့ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါးဖြစ်သည်။

ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်အခါတွင် ဤထေရီမ အလောင်းအလျာသည် ဟံသာဝတီ မင်းနေပြည်၌ သေဋ္ဌေးသမီးတစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့သောအခါ အလောင်းအလျာ သေဋ္ဌေးသမီးသည် တရားနာ ပရိသတ်နှင့်အတူ ကျောင်းတော်သို့ လိုက်ပါ၍ တရား နာရ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါး အား ရှာန်ဝင်စားသောအရာ၌ ဇတေဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော် မူလေရာ အလောင်းအလျာ သေဋ္ဌေးသမီးသည် ထိုဆုထူးကို ရယူ ပန်ဆင်လိုသဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးလျှင် "ရှာယီ ဇတေဒဂ်" ဆုကို တောင်းတပန်ဆင်ခဲ့လေသည်။

ထိုသေဋ္ဌေးသမီးသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည်, နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပြီးလျှင် ဤဂေါတမဘုရားရှင် လက်ထက်တော်အခါတွင် ခမည်းတော် သုဒ္ဓေါဓနမင်းကြီးနှင့် မဟာပဇာပတိဂေါတမီတို့၏ သမီးတော် ဖြစ်လာ၏။ သမီးတော်၏ အမည်နာမကို "နန္ဒာ" မင်းသမီးဟု မှည့်ခေါ်ကြ၏။ ရုပ်ရည်လက္ခဏာ လှပကျော့ရှင်းသူဖြစ်၍ "အဘိရူပနန္ဒာ" မင်းသမီးဟူ၍လည်း ဖြည့်စွက် ခေါ်ဝေါ်ကြ၏။ ဤသို့သော အလှဂုဏ်ကြောင့်ပင် "ဇနပဒကလျာဏီ" ဟူ၍လည်း အမည်တစ်မျိုးဖြင့် ခေါ်ဝေါ်ကြပြန်လေသည်။

နန္ဒာခေါ် ဇနပဒကလျာဏီကို ခမည်းတော်၊ မယ်တော်တို့က မောင်တော် နန္ဒမင်းသားနှင့် လက်ထပ်ထိမ်းမြားပေးကြ၏။ ထို လက်ထပ်မင်္ဂလာပွဲ မပြီးဆုံးမီမှာပင် ဘုရားရှင် ကြွလာတော်မူကာ ညီတော်နန္ဒမင်းသားအား သပိတ်တော် ထမ်းစေလျက် ကျောင်းတော်သို့ ခေါ်တော်မူ၏။ ကျောင်းတော်သို့ ရောက်သောအခါ အမိန့်တော်ဖြင့်

ရဟန်းဘောင်သို့ သွတ်သွင်းတော်မူ၏။ထို့နောက် ရက်များ မကြာမီမှာပင် သားတော် ရာဟုလာကိုလည်း သာသနာတော်တွင်းသို့ သွတ်သွင်းကာ နေပြည်တော်မှ ဖဲကြွတော်မူလေသည်။

ဘုရားရှင်သိက္ခာတော်ငါးဝါအရတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရာဇပလ္လင်ထက်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ပရိနိဗ္ဗာန် စံဝင်သွား၏။ ထို့နောက် မဟာပဇာပတိဂေါတမီသည် သာကီဝင် မင်းသမီး ငါးရာတို့နှင့်အတူ ရဟန်းမအသွင် ဝတ်ဆင်ကာ ဝေသာလီမြို့တော်သို့လိုက်ပါသွား၏။ အရှင်အာနန္ဒာ၏ အကူအညီဖြင့် သာသနာတော်တွင်းသို့ အမျိုးသမီးများ ဝင်ရောက်ခွင့် ရရှိခဲ့ကြလေသည်။

ဤသို့ဖြင့် ကပိလဝတ်နေပြည်တော်မှ အမတော် (ရာဟုလာမယ်တော်) ယသောဓရာနှင့် သာကီဝင် မင်းသမီးအပေါင်းတို့လည်း အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွာ၍ ဘုရားရှင် သာသနာတော်တွင်းသို့ ဝင်ရောက်သွားကြလေသည်။ မယ်တော်နှင့် အမတော်တို့ သာသနာဘောင်သို့ ဝင်ရောက်သွားကြ၍ ကပိလဝတ် ရွှေနန်းတော်ဝယ် အားကိုးရာမဲ့ ဖြစ်ခဲ့ရသဖြင့် နန္ဒာ (ဇနပဒကလျာဏီ) မင်းသမီးသည် မယ်တော်နှင့်အမတော်တို့ထံသို့ သွားရောက်ကာ ဘိက္ခုနီမ ပြုလေသည်။

နန္ဒာ (ဇနပဒကလျာဏီ)သည် မလွဲမရှောင်သာ၍ ဘိက္ခုနီမ ပြုခဲ့ရသော်လည်း မိမိ၏ လှပချောမောသော ရုပ်ရည်ကို အကြောင်းပြုကာ မာန်ယစ်နေ၏။ ဘုရားရှင်သည် "ရုပ်အဆင်းကို ကဲ့ရဲ့တော်မူ၏" ဟု အောက်မေ့ကာ ဆည်းကပ်ဖို့ရန်လည်း မသွား၊ အဆုံးအမ ဩဝါဒကိုလည်း မခံယူခဲ့ချေ။ ဘုရားရှင်သည် နန္ဒာ (ဇနပဒကလျာဏီ) ထေရီမ၏ ရုပ်မာန်ယစ်နေကြောင်း ကောင်းစွာ သိတော်မူသဖြင့် မိမိအထံတော်သို့ ဩဝါဒ လာရောက်ခံယူရန် အမိန့်ထုတ်ပြန်

တော်မူ၏။နန္ဒာ (ဇနပဒကလျာဏီ)ထေရီ ဩဝါဒ ခံယူရန် ရောက်လာသောအခါ နိမ္မိတရုပ်ပွား မိန်းကလေးကို ဖန်ဆင်းကာ ရုပ်ခန္ဓာတို့၏ အမြဲမရှိပုံ၊ ရွံ့လျော့ ပျက်စီးတတ်ပုံတို့ကို ပြသ၍ ဝိဇယသုတ္တန်ဒေသနာကို ဟောတော်မူ၏။ နန္ဒာ (ဇနပဒကလျာဏီ) ထေရီသည် ထိုဝိဇယသုတ္တန်ဒေသနာကိုပင် အဖန်ဖန် နှလုံးသွင်း၍ သုညတကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ခဲ့ရာ နှစ်ရက်သုံးရက် အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

နန္ဒာ (ဇနပဒကလျာဏီ) ထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးချိန်မှစ၍ ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်ကာ အထွတ်အထိပ်ရောက် ထူးထူးခြားခြား ဈာန်ဝင်စားလေ့ရှိ၏။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် ပရိသတ်လေးပါးတို့ အလယ်၌ နန္ဒာ(ဇနပဒကလျာဏီ) ထေရီအား ဈာန်ဝင်စားလေ့ရှိသောအရာ (ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်လေ့ ရှိသောအရာ) ဝယ်အသာဆုံး၊ အမြတ်ဆုံး "ဈာယီဧတဒဂ်ဘွဲ့" ကို ချီးမြှင့်တော်မူလေသည်။

## ၇။ အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ထူးရှင် (ဗဟုပုတ္တိက) သောဏာထေရီ

သောဏာထေရီသည် လုံ့လဝီရိယ ကြီးမားသော (အာရဒ္ဓဝီရိယ) ရာတွင် ဧတဒဂ်ဘွဲ့ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါးဖြစ်သည်။

ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်အခါတွင် ဤထေရီမအလောင်းအလျာသည် ဟံသာဝတီ မင်းနေပြည်၌ သေဌေးသမီးတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့သောအခါ အလောင်းအလျာ သေဌေးသမီးသည် ကျောင်းတော်သို့ သွားရောက်၍ တရားနာ၏။ ထိုတရား

သဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား လုံ့လဝီရိယ ကြီးမားသော (အာရဒ္ဓဝီရိယ) အရာတွင် ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူ၏။ သေဋ္ဌေးသမီးသည် ထိုဧတဒဂ် ဂုဏ်ထူးကို ရယူပန်ဆင်လိုသည်ဖြစ်၍ ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များအား အလှူကြီး ပေးလှူပြီးလျှင် ထိုဧတဒဂ်ဆုကို ရယူလိုကြောင်း ဆုတောင်းလေသည်။ ပဒုမုတ္တရ ဘုရားရှင်ကလည်း "ဂေါတမ ဘုရားရှင် လက်ထက်တော်အခါတွင် ဆုတောင်းပြည့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ထိုသေဋ္ဌေးသမီးသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည်၊ နတ်ပြည်တို့၌သာလျှင် ကျင်လည်ခဲ့ရ၍ ဤဂေါတမ ဘုရားရှင် လက်ထက်တော်အခါတွင် သာဝတ္ထိမြို့တော်၌ အမျိုးကောင်းသမီး တစ်ယောက် ဖြစ်လာကာ သောဏာသတို့သမီး ဟူ၍ အမည်သညာ ခေါ်တွင်လာ၏။ သောဏာသတို့သမီး အရွယ်ရောက်သောအခါ ဂုဏ်ရည်တူ သေဋ္ဌေးသားတစ်ယောက်နှင့် အိမ်ထောင်ပြုကာ သားသမီး ဆယ်ယောက်တို့ကို ဖွားမြင်ခဲ့၏။ ဤသို့ သားသမီး များလှသဖြင့် "ဗဟုပုတ္တိကသောဏာ" ဟူ၍လည်း သူ့ကို ခေါ်ဝေါ်ကြလေသည်။

သားသမီးများ အရွယ်ရောက်၍ အိမ်ထောင်ပြုသွားကြသောအခါ ခင်ပွန်းဖြစ်သူသည် ရဟန်းပြုသွား၏။ တစ်ဦးတည်း ကျန်ရစ်သူ ဗဟုပုတ္တိကသောဏာ သေဋ္ဌေးကတော်သည် ကျန်ရစ်သော စည်းစိမ် ဥစ္စာအားလုံးကို မိမိအတွက် ချန်မထားဘဲ သားသမီး ဆယ်ယောက် တို့အား အမွေ ခွဲဝေပေးလိုက်၏။ သားသမီးများသည် ကျေးဇူးရှင် မိခင်ကြီးအား နှစ်ရက်သုံးရက်မျှသာ ကြည်ကြည်ဖြူဖြူ ကျွေးမွေး ကြ၏။ နှစ်ရက်သုံးရက်လွန်မြောက်၍ ရက်ကြာလာသောအခါတွင် သားသမီးချင်း တွက်ကပ်ခါ မကြည်မဖြူ ဖြစ်လာကြ၏။ တစ်အိမ်ပြီး တစ်အိမ် ပြောင်းရွှေ့လာသော မိခင်အိုကြီးအား အိမ်ဝမှ ဆီး၍

ပြောဆိုစကား ပြောကြားကြသည်။

ဤတွင် ဗဟုပုတ္တိကသောဏာ သေဒ္ဒွေးကတော်သည် "ဤမျှ လောက် နိပ်စက်တတ်သော သားသမီးများအိမ်မှာနေ၍ ဘာအကျိုး ရှိတော့မည်နည်း" ဟု သံယောဇဉ်ဖြတ်ကာ သာသနာတော်၌ ဘိက္ခုနီမ ပြုလေသည်။

ဘိက္ခုနီမအဖြစ်ကို ရရှိပြီးသော သောဏာထေရီသည် ထိုင်ရာ, ရပ်ရာတို့၌ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ကြိုးကြိုးစားစား စီးဖြန်း၏။ "ငါကား အသက်ကြီးရင့်မှ ရဟန်းမ ပြုလာသူဖြစ်ရကား မမေ့မလျော့သူဖြစ်မှ သင့်တော်မည်"ဟု စဉ်းစားဆင်ခြင်၍ ဘိက္ခုနီ တို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ရင်း ညဥ့်သုံးယံပတ်လုံး ရဟန်းတရားများ အားထုတ်၏။ ကျောင်း အောက်မှာ ကမ္မဋ္ဌာန်း စီးဖြန်းလျှင် ကျောင်းတိုင်ကို ကိုင်တွယ်၍ လည်းကောင်း၊ ကျောင်းအပြင်ဘက်မှာ ကမ္မဋ္ဌာန်း စီးဖြန်းလျှင် သစ်ပင်ကို ကိုင်တွယ်၍လည်းကောင်း၊ ဖွဲလုံ့လ ထက်သန်စွာ ကြိုးစားအားထုတ်၏။ ထိုသို့ မအိပ်မနေ လုံ့လဝီရိယ ကြီးစွာဖြင့် ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်သဖြင့် ဗဟုပုတ္တိက သောဏာထေရီဟု အမည်တွင်ရာမှ လုံ့လဝီရိယ ထက်သန်ပြင်းထန်သူ (အာရဒ္ဓဝီရိယ) သောဏာထေရီဟု ထင်ရှား လာလေသည်။

တစ်နေ့သ၌ ဘိက္ခုနီမတို့သည် ဇေတဝန်ကျောင်းတော်သို့ အဆုံးအမ ခံယူရန် သွားကြသည်ရှိသော် အာရဒ္ဓဝီရိယ သောဏာ ထေရီမကြီးကို ရေနွေး တည်ထားရန် မှာထားခဲ့ကြ၏။ သောဏာ ထေရီမကြီးသည် ရေနွေးအိုးမတည်မီ မီးတင်းကုတ်အနီး၌ လူးလာ တုံ့ခေါက် စကြံလျှောက်ရင်း သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနေလေ၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တော်အတွင်းမှ ထေရီမကြီးရှိရာသို့ ရောင်ခြည်တော်များ လွှတ်ကာ တရားဟော

တော်မူ၏။ တရားတော်ကို အစဉ်လျှောက်၍ ကမ္မဋ္ဌာန်း စီးဖြန်းနေသော သောဏာထေရီမကြီးသည် ထိုတရားတော်အဆုံးမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ထိုအချိန်မှစ၍ "အသက်အရွယ်ကြီးရင့်မှ ရဟန်းမ ပြုသော်လည်း လုံ့လပြင်းထန် ထက်သန်သည်၏ အဖြစ်ကြောင့် မကြာမီပင် သောဏာထေရီမကြီးသည် အရဟတ္တဖိုလ်၌ တည်လေပြီ" ဟု ထေရီမကြီး၏ ဂုဏ်သတင်းသည် ထင်ရှားကျော်ကြားလာလေ၏။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် ပရိသတ်လေးပါးတို့ အလယ်၌ သောဏာထေရီမကြီးအား ဝီရိယပြင်းထန်ထက်သန်သော အရာဝယ် အသာဆုံး၊ အမြတ်ဆုံး "အာရဒ္ဓဝီရိယ တေဒဂ်ဘွဲ့" ကို ချီးမြှင့်တော်မူလေသည်။

## ၈။ ဒိဗ္ဗစက္ခုအဘိညာဉ် တေဒဂ်ဘွဲ့ထူးရှင် သကုလာထေရီ

သကုလာထေရီသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းသောအရာတွင် တေဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမ တစ်ပါးဖြစ်သည်။

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်အခါတွင် ထေရီမအလောင်းအလျာသည် ဟံသာဝတီ မင်းနေပြည်၌ အာနန္ဒာ မင်းကြီး၏ သမီးတော်ဖြစ်ကာ "နန္ဒာ" မင်းသမီးဟု အမည်တွင်ခဲ့သည်။ ပဒုမုတ္တရ ဘုရားရှင်နှင့် ဘတူမိကွဲ မောင်နှမ တော်စပ်၏။ သွေးသား တော်စပ်ရုံမျှသာမက သာသနာတော်ကြီး တစ်ရပ်လုံးကို လေးလေး မြတ်မြတ် ကြည်ညိုဆည်းကပ်သူဖြစ်၍ ကျောင်းတော်သို့ မကြာခဏ သွားရောက်၍ တရားနာလေ့ရှိ၏။

တစ်နေ့သ၌ တရားနာယူစဉ် ပဒုမုတ္တရ ဘုရားရှင်သည်

ထေရီမတစ်ပါးအား ဒိဗ္ဗစက္ခု အဘိညာဉ်ကို လေ့လာနိုင်နင်းသော အရာဝယ် တေဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူ၏။ နန္ဒာမင်းသမီးသည် ထိုတေဒဂ်ဂုဏ်ထူးကို ရယူပန်ဆင်လိုသဖြင့် ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ သံဃာတော်များအား နန်းတော်သို့ ပင့်ဖိတ်၍ ကြီးကျယ်ခမ်းနားသော အလှူတော်ကြီး ပေးလှူကာ ထိုတေဒဂ်ဆုကို တောင်းတပန်ဆင်ခဲ့လေသည်။ ပဒုမုတ္တရာဘုရားရှင်ကလည်း "ဂေါတမဘုရားရှင်သာသနာတော်၌ မင်းသမီး၏ ဆုတောင်း ပြည့်စုံမည်" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

နန္ဒာမင်းသမီးသည် ထိုဘဝမှစ၍ ပါရမီကောင်းမှုများကို ဆက်ကာဆက်ကာ ပြုလုပ်လာခဲ့ပြီးလျှင် ကဿပဘုရားရှင်လက်ထက်တော်၌ ပုဏ္ဏားတစ်ယောက်၏သမီး ဖြစ်လာ၏။ ပုဏ္ဏေးမကလေးသည် အရွယ်ရောက်လာသောအခါ လူ့ဘောင်လောကတွင် မပျော်ရွှင်နိုင်သဖြင့် ပရိဗိုဇ်ရဟန်းများထံ ရဟန်းပြုကာ အဖော်မပါ တစ်ပါးတည်းသာ သွားလာနေထိုင်၏။ ထိုအချိန်၌ တပည့်သာဝကအပေါင်းတို့သည် ပရိနိဗ္ဗာန် စံဝင်တော်မူလေပြီးသော ကဿပဘုရားရှင်၏ ဓာတ်တော်မွေတော်များကို စေတီတော်ကြီး တည်ထားကိုးကွယ်ကြ၏။

တစ်နေ့သ၌ အလောင်းအလျာ ပရိဗိုဇ်ရဟန်းမသည် ရွာထဲသို့ လှည့်လည်၍ ဆီများ အလှူခံလာခဲ့ပြီးလျှင် ထိုဆီများဖြင့် စေတီတော်ကြီးကို ညလုံးပေါက် ဆီမီးများ ထွန်းညှိ၍ ပူဇော်ထားခဲ့လေသည်။

ထိုကောင်းမှုကြောင့်ပင် ပရိဗိုဇ်ရဟန်းမ ကွယ်လွန်သောအခါ တာဝတိံသာနတ်ဘုံသို့ လားရောက်ပြီးလျှင် ဆက်ကာဆက်ကာ နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရကာ ဖြစ်လေရာရာ ဘဝတိုင်းတွင် အထူးသဖြင့် စင်ကြယ်သော နတ်မျက်စိကို ရရှိခဲ့လေသည်။

ဤသို့ကျင်လည်ခဲ့၍ ဤဂေါတမဘုရားရှင်လက်ထက်တော်သို့

ရောက်သောအခါ ထိုကောင်းမှုရှင် အလောင်းအလျာသည် သာဝတ္ထိမြို့တော်၌ ပုဏ္ဏားမျိုးမှ ဖွားမြင်ကာ "သကုလာ" သတို့သမီး ဟူ၍ အမည်သညာ ခေါ်တွင်လာသည်။ သကုလာ သတို့သမီး အရွယ်ရောက်လာသောအခါ မိဘများက မျိုးရိုးတူသော ပုဏ္ဏားတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပေး၏။ အိမ်ရှင်မ သကုလာသည် လင်ယောကျ်ားကို ရိုသေစွာ ပြုစုလုပ်ကျွေးရင်း အိမ်မှုကိစ္စ အဝဝကို ကျေပြွန်စွာ ဆောင်ရွက်ခဲ့၏။သားတစ်ယောက်နှင့် သမီးတစ်ယောက် ရရှိပြီးသောအခါတွင် ဘုရားရှင်သည် သာဝတ္ထိမြို့တော်သို့ ကြွရောက်တော်မူကာ ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူ၏။ ထိုကျောင်းအလှူပွဲကြီး ကျင်းပစဉ်က ဘုရားရှင် ဘုန်းတော် ကံတော်ကြီးမားပုံကို ဖူးမြင်ရကာ ကြည်ညိုသဒ္ဓါ ထက်သန်လာပြီး ဥပါသိကာ တစ်ဦးအဖြစ်ဖြင့် ရတနာမြတ်သုံးပါးကို ကြည်ညို ဆည်းကပ်နေခဲ့လေသည်။

ဤသို့နေလာခဲ့ရာ တစ်နေ့သ၌ သကုလာဥပါသိကာမသည် ရဟန္တာအရှင်မြတ်တစ်ပါးထံမှ သံသရာမှ လွတ်မြောက်ကြောင်း တရားကောင်းကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုမှတစ်ဆင့် ဆက်လက်၍ တရားတော်က နည်းလမ်းညွှန်ကြားသည့်အတိုင်း ပြည့်ပြည့်ဝဝ ကျင့်သုံးလိုသဖြင့် လင်ယောကျ်ားဖြစ်သူထံ ဘိက္ခုနီမ ပြုရန် ခွင့်ပန်လေ၏။ လင်ယောကျ်ားဖြစ်သူ ပုဏ္ဏားကလည်း သာသနာတော်ကို ကြည်ညိုသူဖြစ်၍ အနုးအညွတ် ခွင့်ပြု၏။ သို့ဖြစ်၍ သကုလာ ဥပါသိကာမသည် ချစ်ခင်ကြင်နာစွာ ပေါင်းသင်းဆက်ဆံလာခဲ့သော လင်ယောကျ်ားနှင့် သားသမီးတို့ကို စွန့်ခွာ၍ သာသနာတော်၌ ဘိက္ခုနီမ ပြုလေသည်။

ဘိက္ခုနီမ အဖြစ်ကို ရရှိပြီးလျှင် သကုလာ ထေရီမသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ မကြာမီမှာပင် အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့

ဆိုက်ရောက်လေသည်။

ထို့နောက် ရဟန္တာမ သကုလာထေရီသည် ရှေးရှေးဘဝများစွာက ဆည်းပူးခဲ့သော ပါရမီဆုတောင်း ရှိခဲ့သည့်အတိုင်း ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူးလေ့လာသဖြင့် အလွန်နိုင်နင်းသူ ဖြစ်လာ၏။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် ပရိသတ်လေးပါးတို့အလယ်၌ သကုလာထေရီအား ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းသောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး "ဒိဗ္ဗစက္ခု အဘိညာဉ် ဧတဒဂ်" ဘွဲ့ကို ချီးမြှင့်တော်မူလေသည်။

## ၉။ ခိပ္ပါဘိညာ ဧတဒဂ် ဘွဲ့ထူးရှင် ဘဒ္ဒါကုဏ္ဍလကေသာထေရီ

ဘဒ္ဒါကုဏ္ဍလ ကေသာထေရီသည် တရားတော်ကို လျင်မြန်စွာ သိမြင်နိုင်သော (ခိပ္ပါဘိညာ) အရာ၌ ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာ ထေရီမတစ်ပါးဖြစ်သည်။

ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်တွင် ဤထေရီမ အလောင်းအလျာသည် ဟံသာဝတီမင်းနေပြည်၌ သေဌေးသမီးတစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့သ၌ အလောင်းအလျာ သေဌေးသမီးသည် ကျောင်းတော်သို့သွား၍ တရားနာ၏။ ထို တရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား တရားတော်ကို လျင်မြန်စွာ ထိုးထွင်း၍ သိမြင်သောအရာ၌ ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူ၏။ သေဌေးသမီးသည် ထိုထေရီမကို အားကျကာ ဘုရားရှင်နှင့်တကွ သံဃာတော်များအား အလှူကြီး ပေးလှူပြီးလျှင် "ခိပ္ပါဘိညာ ဧတဒဂ်ဆု" ကို တောင်းတပန်ဆင်ခဲ့လေသည်။

ထိုအလောင်းအလျာ သေဌေးသမီးသည် ကဿပဘုရားရှင် လက်ထက်တော်တွင် ကိကိမင်းကြီး၏သမီးတော်ခုနစ်ယောက်အနက်

လေးယောက်မြောက်သမီးတော် ဖြစ်လာ၏။ မင်းသမီး၏ အမည်ကို "ဘိက္ခုဒါယိကာ"ဟူ၍ မှည့်ခေါ်ကြသည်။ ဘိက္ခုဒါယိကာ မင်းသမီးသည် အမတော်၊ ညီမတော်များနှင့်အတူ အနှစ်နှစ်သောင်း တိုင်တိုင် အပျိုစင်ဘဝဖြင့် "ကောမာရဗြဟ္မစရိယ" အကျင့်ကို ကျင့်၍ ပါရမီဖြည့်ဆည်းခဲ့သည်။

ထိုမင်းသမီးသည် ဤဂေါတမ မြတ်ဗုဒ္ဓလက်ထက်တော်သို့ ရောက်သောအခါတွင် ရာဇဂြိုဟ်မြို့၌ သဌေးသမီးတစ်ဦးဖြစ်လာ၏။ သဌေးသမီး၏ အမည်ကို "ဘဒ္ဒါ" သတို့သမီးဟူ၍ မှည့်ခေါ်ကြ၏။ ဘဒ္ဒါအရွယ်ရောက်သောအခါ တစ်နေ့သ၌ ပြာသာဒ်ထက်၌ ထိုင်နေစဉ် မင်းချင်းယောကျ်ားများက သတ်ဖြတ်ရန် ခေါ်ဆောင်လာသော သတ္တုက ခိုးသားကို မြင်ရသဖြင့် အချစ်စိတ်များ ယိုဖိတ်လာကာ မရလျှင် မနေနိုင်အောင်ပင် ဖြစ်လာရ၏။ "ထိုခိုးသား မောင်ကြီးနှင့်သာ မပေါင်းဖက်ရလျှင် ကျွန်မ သေပွဲဝင်ရပါတော့မည်" ဟူ၍ပင် မိဘများအား မရှက်နိုင်ဘဲ ဖွင့်ဟပြောပြလေတော့သည်။

မိဘနှစ်ပါးမှာလည်း ချစ်ခင်တွယ်တာစရာဟူ၍ ဤသမီးကလေး တစ်ယောက်သာရှိ၏။ ချစ်လှစွာသောသမီးကလေးအား ခိုးသားနှင့် လက်ထပ်ပေးရန် မည်သို့မျှ မဖြစ်နိုင်သဖြင့် အမျိုးမျိုးအဖုံဖုံ ဖျောင်းဖျပြောဆိုကြရ၏။ ဖျောင်းဖျနားချ၍ မရသည့်အဆုံးတွင် သမီးကလေး အသက်ရှင်ရေးကို ဦးစားပေးကာ ဇွတ်မှိတ်၍ စီစဉ်ကြရတော့၏။ မင်းချင်းယောကျ်ားများအား အသပြာ တစ်ထောင် လာဘ်ထိုးကာ သတ္တုက ခိုးသားကို ကယ်ထုတ်ပြီးလျှင် သမီးရှိရာ ပြာသာဒ်ထက်သို့ ပို့ဆောင်ပေးလိုက်ရတော့သည်။

ဘဒ္ဒါသည် မိမိချစ်မြတ်နိုးရသူနှင့် ပေါင်းသင်းနေထိုင်ရသဖြင့် ပျော်မဆုံး မော်မဆုံး ဖြစ်နေ၏။ မိမိကိုယ်ကို အလှဆုံးဖြစ်အောင် ဖီးလိမ်းပြုပြင်တန်ဆာဆင်ကာ သတ္တုကကို လိုလေသေးမရှိအောင်

ပြုစုလုပ်ကျွေး၏။ မရှုမလှ သေရတော့မည့်ဆဲဆဲမှ သေဒွေး သမက် ဖြစ်လာခဲ့ရသော သတ္တုကြ ခိုးသားမှာ ကံကောင်းထောက်မ၍ လွတ်မြောက်လာရပေသည် ဟူ၍ပင် စဉ်းစားမိဟန် မတူပေ။ မမျှော်လင့်ဘဲ ရရှိလာသော စည်းစိမ်များကို မက်မောစွာ ခံစား နေလေသည်။

သို့ရာတွင် နှစ်ရက်သုံးရက်မျှ ကြာသောအခါ သူခိုးဇာတိပြကာ မတင့်မသင့် ကြံစည်လာ၏။ ပြာသာဒ်ကြီးပေါ်မှာ လိုလေသေးမရှိ စည်းစိမ်များကို ခံစားနေရပါလျက် သေဒွေးသမီး၏ လက်ဝတ် ရတနာများကို လိုချင်မက်မောလာမိ၏။ ထိုလက်ဝတ်ရတနာများကို အရယူကာ ယခင်က ခိုးဖော်ခိုးဖက်များနှင့်အတူပျော်ပျော်ပါးပါးကြီး သောက်စားချင်လာ၏။

သို့ဖြစ်၍ ဇနီးဖြစ်သူအား "အို–ဘဒ္ဒါ၊ မောင်ကြီးသည် ခိုးသားတို့အား ပစ်ချရာ ချောက်ကမ်းပါးသို့ ပစ်ချမည့်ဆဲဆဲတွင် တောင်စောင့်နတ်ကို တမ်းတခဲ့၏။ ဤသေဘေးမှ လွတ်မြောက်ခဲ့ ပါလျှင် အရှင်နတ်မင်းအား လာရောက်ပူဇော်ပါမည်ဟု စိတ်ထဲမှ ဆုတောင်းခဲ့၏။ ယခု သေဘေးမှ လွတ်မြောက်လာပြီဖြစ်သဖြင့် တောင်စောင့်နတ်မင်းထံ သွားရောက် ပူဇော်လို၏။ ထို့ကြောင့် နှမဘဒ္ဒါသည် ပူဇော်ပွဲကို ပြင်ဆင်ပါလော့" ဟု ဆိုလေသည်။

ဘဒ္ဒါလည်း လင်သား၏ အလိုဆန္ဒကို ပြည့်ပြည့်ဝဝကြီး ဖြည့်ဆည်းလိုသဖြင့် တောင်စောင့်နတ်မင်းအား ပူဇော်ရန် ပြင်ဆင် လေ၏။မိမိကိုယ်ကိုလည်း အမွှေးနံ့သာများ လိမ်းခြယ်ကာ ဝတ်စား တန်ဆာများကို ဝတ်ဆင်၏။ အားလုံး ပြည့်စုံသောအခါ အခြွေအရံ များနှင့်အတူ ရထားစီးကာ တောင်ခြေသို့ ထွက်လာခဲ့သည်။

အကောက်ကြံ၍ ဟန်ဆောင်နေခဲ့သော သတ္တုကြသည် တောင်ခြေသို့ ရောက်သောခါ တစ်မျိုးကြံစည်ပြန်၏။ အခြွေအရံများကို

တောင်ခြေမှာ နေခဲ့ရန် ပြောဆိုပြီးလျှင် ဘဒ္ဒါတစ်ယောက်တည်းကိုသာ ပူဇော်ပွဲကို ရွက်စေလျက် တောင်ပေါ်သို့ တက်လာခဲ့၏။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ဟန်ဆောင်ပြုံးပြုံး လာခဲ့သော သတ္တုကသည် ဇာတိရုပ်ကို ပြလာခဲ့၏။ ပက်စက်သော အကြံနှင့် ရက်စက်သော အကျင့်စရိုက်များက အထင်းသား ပေါ်လာကြ၏။ သို့ဖြစ်၍ ဘဒ္ဒါအား အပေါ်ရုံတဘက်ကို မြေပေါ်တွင် ခင်းစေ၍ လက်ဝတ်တန်ဆာ ရတနာအားလုံးကို ချွတ်ယည့်ရန် ရိုင်းပြခက်ထန်စွာ အမိန့်ပေးလေ၏။

ရမ္မက်ဖုံး၍ မျက်ကန်းဖြစ်ခဲ့ရသော ဘဒ္ဒါသည် ပင်ကိုယ်ဉာဏ် ထက်သန်သူဖြစ်၍ တောင်ထိပ်ပေါ်သို့ ရောက်လာစဉ်ကပင် အခြေ အနေမှန်ကို ရိပ်စားမိခဲ့၏။ ဤဘေးအန္တရာယ်မှ လွတ်မြောက် နိုင်မည့် နည်းလမ်းကိုလည်း တွေးတောစဉ်းစားလာခဲ့၏။ သို့ဖြစ်၍ ဝတ်ဆင်လာခဲ့မိသမျှ လက်ဝတ်ရတနာများကို ချွတ်၍ တဘက် ပေါ်တွင် ပုံ၍ထားလိုက်ပြီးလျှင် ဤသို့ ပြောဆို၏။

အို–အရှင်၊ အရှင်အား ယခုနောက်ဆုံး မြင်ရခြင်း ဖြစ်ပါ သည်။ နောက်ဆုံးဖြစ်သော ယခုတစ်ခဏကလေးတွင် အရှင်အား ဝတ်စားတန်ဆာ ဆင်ယင်ပေးတုန်းကကဲ့သို့ ပွေ့ဖက်ပြုစုခွင့် ရလိုပါသည်။

ဤသို့ သနားစဖွယ် ပြောဆိုပန်ကြားလေလျှင် သတ္တုကလည်း နောက်ဆုံးအခွင့်အရေးအနေဖြင့် လက်ခံလိုက်၏။ သို့ဖြစ်၍ ဘဒ္ဒါသည် မိမိချစ်မြတ်နိုးခဲ့ရသော ခင်ပွန်းလင်ကို ရှေ့ပိုင်းမှ စိတ်တိုင်းကျ ပွေ့ဖက်ပြုစုပြီးလျှင် နောက်ဘက်သို့ လှည့်လာ၏။ နောက်ဘက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် သတ္တုကကို ချောက်ကမ်းပါးထဲသို့ တအားတွန်းချလိုက်လေ၏။ ကျေးဇူးကန်း၍ အကြံပက်စက်လွန်းသော သတ္တုကသည် ကြောက်မက်ဖွယ် အသံဆိုးကြီးနှင့်အတူ တောင်

အောက်သို့ ကျသွားလေတော့သည်။

ဘဒ္ဒါ၏အပြုအမူကို တွေ့မြင်လိုက်ရသော တောင်စောင့်နတ်သည် "အရာခပ်သိမ်းတို့၌ ယောကျ်ားသည်သာ ပညာရှိသည် မဟုတ်၊ မိန်းမသည်လည်း အကျိုးကို မြော်မြင်ကြံစည်နိုင်သော ပညာရှိ၏"ဟု ချီးကျူးထောမနာ ပြုလေ၏။

တစ်ခဏအတွင်း ထိုးထွင်းဉာဏ်ကို အချက်ကျကျ အသုံးချလိုက်သဖြင့် သေဘေးမှ လွတ်မြောက်ခဲ့ရသော်လည်း ဘဒ္ဒါ၏ စိတ်အစဉ်မှာ ပျော်ရွှင်ချမ်းမြေ့မှု မဖြစ်လာပေ။ မိမိ၏ ကြမ္မာဆိုးရွားလှပုံကိုသာ တွေးတော၍ စိတ်မချမ်းမသာ ဖြစ်နေရ၏။

ဤမျှလောက် ဘဝအကြောင်း မကောင်းလှသဖြင့် အိမ်သို့ မပြန်ချင်လောက်အောင် ငြီးငွေ့လာ၏။ သို့ဖြစ်၍ အခြွေအရံများ မရှိရာ တစ်နေရာမှ ဆင်းပြီးလျှင် လွတ်ရာကျွတ်ရာသို့ လျှောက်လာခဲ့၏။ ခြေဦးတည့်ရာသို့ သွားလာခဲ့ရာ မကြာမီ နိဂဏ္ဌ ရဟန်းများ ထံချဉ်းကပ်၍ ရဟန်းပြုပေးရန် ပန်ကြားလေသည်။

သို့ဖြစ်၍ နိဂဏ္ဌ ရဟန်းများလည်း ထန်းစေ့မှုတ်ကို ပြုလုပ်ထားသော ညှပ်ဖြင့် ဘဒ္ဒါ၏ ဆံပင်များကို ဆွဲ၍ဆွဲ၍ နှုတ်ပေးကြ၏။ ရဟန်းပြုရန် စိတ်ထက်သန်လှသော ဘဒ္ဒါသည် ပြင်းထန်လှစွာသော ဝေဒနာများကို ကြိတ်မှိတ်၍ သည်းခံ၏။ ဆံပင်အားလုံး နှုတ်ပြီးသောအခါ ဘဒ္ဒါသည် နိဂဏ္ဌဂိုဏ်းဝင် ပရိဗိုဇ်မ တစ်ယောက် ဖြစ်လာလေတော့သည်။

ရဟန်းပြုသောနေ့က နှုတ်ထားခဲ့သော ဆံပင်များသည် အချိန်တန်သောအခါ ပြန်ပေါက်လာကြ၏။ သို့ရာတွင် ဖြောင့်ဖြောင့်တန်းတန်းပေါက်မလာနိုင်ကြတော့ပေ။ ကွေ့၍ကောက်၍ ပေါက်လာကာ ဖက်လိပ် နားတောင်းသဖွယ် ရစ်ခွေနေ၏။ ထို့ကြောင့် ဘဒ္ဒါဟူသော ဘွဲ့နာမည် နောက်ဝယ် "ကုဏ္ဍလကေသာ" ဟူသော

အမည်သစ် တိုးလာရပေသည်။ "နားတောင်းသဖွယ် ရစ်ခွေသော ဆံပင်ရှိသူ" ဟု ဆိုလိုပါသည်။

ဘဒ္ဒါကုဏ္ဍလကေသာသည် နိဂဏ္ဌတို့၏ အယူဝါဒများနှင့်တကွ ဝါဒစစ်ထိုး နည်းများကို တတ်မြောက်အောင် သင်ယူပြီးလျှင် အနယ်အနယ်အရပ်ရပ်သို့ လှည့်လည်၏။ တစ်နေရာ၌ ဝါဒရေးရာ တတ်ကျွမ်းသော ပညာရှိတစ်ယောက်ရှိသည်ဟု ကြားလျှင် ထို ပညာရှိထံသို့သွား၍ ဝါဒချင်း ယှဉ်ပြိုင်၏။ အတွေ့အကြုံ ရှိထားပြီးသော ဆရာသမားများထံမှ စနစ်တကျ သင်ယူလာခဲ့သဖြင့် သူ့ဘက်က နိုင်သည်ချည်းပင်ဖြစ်၏။

ဤသို့ အနယ်နယ်အရပ်ရပ်၌ အောင်ပွဲခံလာခဲ့သော ဘဒ္ဒါကုဏ္ဍလကေသာသည် တစ်နေ့သ၌ သာဝတ္ထိမြို့သို့ ရောက်လာ၏။ ထိုအချိန်မှာပင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်လာသော အရှင်သာရိပုတ္တရာနှင့် ဆုံဆည်းကာ ဝါဒချင်း ယှဉ်ပြိုင်ရန် စိန်ခေါ်လာ၏။ စိန်ခေါ်လာသူ ဘဒ္ဒါကုဏ္ဍလကေသာအား မေးလိုသမျှကို မေးရန် အရှင်သာရိပုတ္တရာက ခွင့်ပြုတော်မူ၏။

အရှင်သာရိပုတ္တရာထံမှ ခွင့်ပြုချက် ရလေလျှင် ဘဒ္ဒါ ကုဏ္ဍလကေသာသည် မိမိသင်ကြားတတ်မြောက်ထားသော ဝါဒ ရေးရာ ခက်ရာခက်ဆစ် ပြဿနာများကို မိုးသီးမိုးပေါက် ကျဘိသကဲ့သို့ ဆက်ကာဆက်ကာ မေးမြန်း၏။ မေးလေသမျှ ပြဿနာများကို အရှင်သာရိပုတ္တရာက ပြေလည်စွာ ဖြေကြား၏။ အခက်ဆုံး ထား၍ အားကိုးတကြီး မေးမြန်းလိုက်သော ပြဿနာကိုလည်း ဖြေကြားပြီး ဖြစ်၍ ဘဒ္ဒါအဖို့ နောက်ထပ်မေးစရာ မကျန်တော့ပေ။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာက မေးသူ၏ အလှည့်ကို ယူလိုက်၏။

"ရှင်မ ၊ (ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့်)
တရားတစ်မျိုး ဟူသည် အဘယ်နည်း"

မေးစဉ်က ဝင့်ဝင့်ကြွားကြွား မာန်မာန ထားခဲ့သော ဘဒ္ဒါသည် ဤမေးခွန်းကို ကြားရချိန်မှစ၍ မာန်စွယ်ကျိုးလာ၏။ မေးခွန်း၏ အဖြေမှန်ကို တွေ့လိုတွေ့ငြား အပြန်ပြန်အလှန်လှန် စဉ်းစားသော်လည်း ဘာတစ်ခုမျှ ပေါ်မလာခဲ့ချေ။ သို့ဖြစ်၍–

"အရှင်၊ တပည့်တော်မ မသိပါဘုရား" ဟု ရိုသေစွာ လျှောက်ထားလိုက်ရတော့သည်။

ဤတွင် အရှင်သာရိပုတ္တရာက "ရှင်မ၊ သင်သည်၊ (ငါတို့သာသနာတော်ဝယ် သာမဏေငယ်ကလေးများ လေ့လာရသည့်) ဤတရားမျှကို မသိလျှင် အခြား အဘယ်တရားကို သင် သိနိုင်မည်နည်း" ဟု မိန့်တော်မူလိုက်၏။

ဤသို့ မထေရ်မြတ်က မိန့်တော်မူလေလျှင် ပါရမီရှင်မကလေး ဘဒ္ဒါကုဏ္ဍလကေသာသည် မထေရ်မြတ်၏ ခြေတော်ရင်း၌ ဝပ်ဆင်းကာ "အရှင်ဘုရား၊ အရှင်ဘုရားတို့ကို တပည့်တော် ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား" ဟု လျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာက "ရှင်မ၊ ငါတို့ကို မကိုးကွယ် မဆည်းကပ်နှင့် နတ်နှင့်တကွသော လောက၌ အထွတ်အမြတ်ဆုံးဖြစ်သော ဘုရားရှင်ကိုသာ ကိုးကွယ်ဆည်းကပ်လော့" ဟု မိန့်ကြားလေသည်။

ဤသို့ မိန့်ကြားချက်ကို ဦးထိပ်ရွက် ပန်ဆင်ကာ ဘဒ္ဒါကုဏ္ဍလကေသာသည် ညနေချမ်းအချိန်တွင် မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ရှိခိုးဦးခိုက်လေ၏။ မြတ်ဗုဒ္ဓသည် ဘဒ္ဒါကုဏ္ဍလကေသာ၏ အသိဉာဏ် ရင့်ကျက်ချိန်ကို သိမြင်တော်မူ၍ လေးနက်သော တရားစကားကို ဟောကြားတော်မူ၏။

"သဟဿမပိစေဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံဂါထာပဒံသေယျော၊ ယံ သုတွာဥပသမ္မတိ။"

"(တောဖွဲ့တောင်ဖွဲ့) အကျိုးမဲ့ပုဒ်နှင့်သာ ဆိုင်သောစကား

သည် အခွန်းတစ်ထောင်ရှိစေကာမူ(မမြတ်)၊ ကြားနာရသဖြင့်
ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်
တစ်ပုဒ်သည်သာ ပိုလွန်၍ မြတ်၏"

ဤသို့ လေးပါဒမျှရှိသော တရားဂါထာကို အစဉ်လျှောက်ကာ ကြားနာနေသော ဘဒ္ဒါကုဏ္ဍလကေသာသည် ဂါထာအဆုံးတွင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ယင်းသို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် သာသနာတော်၌ ရဟန်းမ ပြုပေးပါရန် တောင်းပန်လေ၏။ မြတ်ဗုဒ္ဓကလည်း ခွင့်ပြုတော်မူသဖြင့် ဘိက္ခုနီကျောင်းသို့ သွား၍ ရဟန်းမ ပြုလေသ ည်။

ရဟန်းမအဖြစ်သို့ ရောက်ပြီးသောအခါ ဘဒ္ဒါကုဏ္ဍလကေသာ ထေရီသည် "လေးပါဒရှိသော တစ်ဂါထာ အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေပြီ"ဟု တရားတော်ကို လျင်မြန်စွာ သိမြင်နိုင်သူ အဖြစ်ဖြင့် ထင်ရှားကျော်ကြားလေ၏။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဘဒ္ဒါကုဏ္ဍလကေသာအား (မဂ်၊ ဖိုလ်) တရားတော်ကို လျင်မြန်စွာ သိမြင်နိုင်သော အရာဝယ် အသာဆုံး၊ အမြတ်ဆုံး "ခိပ္ပါဘိညာ ဧတဒဂ်ဘွဲ့" ကို ချီးမြှင့်ပေးသနား တော်မူလေသည်။

## ၁၀။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဧတဒဂ်ဘွဲ့ထူးရှင် ဘဒ္ဒါကာပိလာနီထေရီ

ဘဒ္ဒါကာပိလာနီထေရီသည် ရှေးက နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်လည်အောက်မေ့နိုင်သော (ပုဗ္ဗေနိဝါသာနုဿတိ) အရာ၌ ဧတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါးဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော် အခါတွင် ဟံသာဝတီ မင်းနေပြည်၌ (အရှင်မဟာကဿပအလောင်း) ဝေဒေဟ သေဌေးကြီး၏ အိမ်ရှင်မ သေဋ္ဌေးကတော်ဖြစ်ခဲ့၏။ တစ်နေ့သ၌ အိမ်ရှင်မ သေဋ္ဌေးကတော်သည် တရားနာ ပရိသတ်နှင့်အတူ ကျောင်းတော်သို့ လိုက်ပါ၍ တရားနာယူ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား ရှေးက နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်လည် အောက်မေ့နိုင်သောအရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော် မူလေရာ အလောင်းလျာ သေဋ္ဌေးကတော်သည် ထိုဧတဒဂ်ဂုဏ်ထူးကို ရယူပန်ဆင်လိုသဖြင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ကာ ထို ဧတဒဂ်ဆုကို တောင်းတပန်ဆင်ခဲ့လေသည်။

ဤထေရီမ အလောင်းအလျာသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်မှစ၍ အရှင်မဟာကဿပ အလောင်းအလျာနှင့်အတူ ပါရမီကုသိုလ်များကို ဖြည့်ဆည်းလာခဲ့၏။ နောက်ဆုံးဘဝ၌ ဤဂေါတမဘုရားရှင် လက်ထက်တော်အခါတွင် အရှင်မဟာကဿပ အလောင်းအလျာသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ မဂဓတိုင်း၊ မဟာ တိတ္ထပုဏ္ဏားရွာဝယ် ကပိလ မည်သော ပုဏ္ဏားသေဋ္ဌေးကြီး၏ သားဖြစ်ကာ "ပိပ္ပလိ" လုလင်ဟု အမည်သညာ ခေါ်တွင်လာ၏။ ဘဒ္ဒါကာပိလာနီ အလောင်းအလျာသည်လည်း ဗြဟ္မာ့ပြည်မှပင် စုတေခဲ့၍ မဒ္ဒတိုင်း၊ သာဂလမြို့ဝယ် ကောသိယအနွယ်ဖြစ်သော ပုဏ္ဏားသေဋ္ဌေးကြီး၏ သမီးဖြစ်လာကာ "ဘဒ္ဒါ"ဟူ၍ အမည်သညာ ခေါ်တွင်လာ၏။ နောင်အခါတွင် ယောက္ခမဖြစ်သူ "ကပိလပုဏ္ဏား" ၏ ချွေးမဖြစ်သည်ကို အစွဲပြု၍ "ဘဒ္ဒါကာပိလာနီ" ဟု ခေါ်ဝေါ်ကြလေသည်။ ထိုအလောင်းအလျာ နှစ်ဦးတို့ အရွယ်ရောက် သောအခါ မိဘများက ထိမ်းမြားလက်ထပ် ပေးခဲ့ကြ၏။ မိဘများ၏

အစီအမံကို မလွန်ဆန်လိုကြ၍သာ လက်ထပ်ခဲ့ကြခြင်းဖြစ်ပြီး ပါရမီရှင်နှစ်ဦးလုံးကပင် အိမ်ရာတည်ထောင် လူ့ဘောင်လောကကို အလိုမရှိကြ၊ မနှစ်သက်ကြချေ။ အခွင့်အခါသင့်လျှင် တောထွက်၍ ရဟန်းပြုကြရန်သာ အာသီသ ရှိနေကြလေသည်။

သို့ဖြစ်၍ ထိမ်းမြားလက်ထပ်မင်္ဂလာ ပြုပြီးသောနေ့မှာပင် သေဌေးသား သေဌေးသမီးတို့သည် ပန်းကုံးတစ်ကုံးစီ အသင့်ယူဆောင်ခဲ့ကြ၍ အိပ်ရာအလယ်တွင် ထားရှိကြသည်။ အကြင်သူဘက်မှ ပန်းညှိုးလျှင် ထိုသူ၏သန္တာန်ဝယ် ရာဂစိတ် ဖြစ်ပွားသည်ဟု အသိအမှတ် ပြုကြစတမ်း၊ ဤပန်းကုံးများကို မည်သူမျှ မထိကြစတမ်းဟု ကတိကဝတ်စကား ပြောကြားထားကြ၏။ နှစ်ဦးစလုံးပင် တစ်ယောက်နှင့်တစ်ယောက် ထိမိကြမည်ကို စိုးရိမ်ကြသဖြင့် ညဥ့်သုံးယံပတ်လုံး မအိပ်စက်နိုင်ကြဘဲ အချိန်ကို ကုန်လွန်စေခဲ့ကြ၏။ ပန်းကုံးများလည်း မညှိုးနွမ်းကြပေ။ နေ့အခါ၌လည်း ရာဂစိတ်ဖြင့် ပြုံးရွှင်မှုကိုမျှ မပြုကြဘဲ မောင်နှမကဲ့သို့ပင် နေထိုင်ခဲ့ကြလေသည်။

ထိုပါရမီရှင် သေဌေးသား သေဌေးသမီးနှစ်ဦးတို့သည် ကာမဂုဏ်၌ ခုံမင်တပ်မက်မှုဖြင့် ရောယှက်ခြင်း အလျဥ်းမပြု။ အိမ်၏ စီးပွားရေးကိုလည်း လုံးဝမစဥ်းစားကြဘဲ နေထိုင်လာခဲ့ကြ၏။ သို့ဖြင့် မိဘများ ကွယ်လွန်သွားကြသောအခါတွင် "ကာမ၊ ရူပ၊ အရူပတည်းဟူသော ဘဝသုံးပါးတို့ကား မီးဟုန်းဟုန်း တောက်လောင်နေသည့်သစ်ရွက်မိုး တဲကုပ်နှင့် တူကုန်လေစွတကား" ဟု ဘဝသုံးပါးတို့၏အပြစ်ကို မြင်မိကြကာ နှစ်ဦးသဘောတူ ရဟန်းအသွင်ကို ယူ၍ အိမ်မှထွက်လာခဲ့ကြ၏။

လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်သောအခါ "ငါတို့နှစ်ဦးအတူတကွ သွားလာကြသည်ကို အခြားသူတို့ မြင်ကြလျှင်

ဤသူနှစ်ဦးတို့သည် ရဟန်းပြုကြပြီး၍လည်း တစ်ဦးနှင့်တစ်ဦး မခွဲခွာနိုင်ကြကုန်တကား” ဟု အထင်အမြင်လွဲကာ ပြစ်မှားမိကြရာ၏။ သို့ဖြစ်၍ ဤလမ်းနှစ်မွာတွင် နှစ်သက်ရာလမ်း တစ်ခုစီကိုယူ၍ သွားကြကုန်စို့။ “ဘဝတစ်သိန်းထက်က ရွှေလက်တွဲ၍ ပါရမီ ကောင်းမှု ဆည်းပူးပြုလုပ်လာခဲ့ကြသော အဆွေခင်ပွန်းနှစ်ဦးတို့၏ ချစ်ကျွမ်းဝင်မှုသည် ယနေ့ ပြတ်စဲလေပြီ” ဟု ပြောဆိုကာ အရှင် မဟာကဿပက လက်ယာလမ်းသို့ လျှောက်လှမ်းသွား၏။ ဘဒ္ဒါ ကာပိလာနီသည်ကား လက်ဝဲလမ်းကိုယူကာ လျှောက်လာခဲ့၏။ ထိုစဉ်က အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် မရသေးသဖြင့် ပရိဗိုဇ်အရံတစ်ခုသို့ ဝင်ရောက်ကာ ပရိဗိုဇ်ရဟန်းမ ပြု၍ နေခဲ့၏။ ထို့နောက် မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းမှုဖြင့် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိလာသောအခါ မဟာပဇာပတိ ဂေါတမီထေရီမကြီးထံ၌ ဘိက္ခုနီမ ပြုလေသည်။

ဘိက္ခုနီအဖြစ်ကို ရရှိပြီးလျှင် ဘဒ္ဒါကာပိလာနီထေရီသည် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလေရာ မကြာမီမှာပင် အဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဘဒ္ဒါကာပိလာနီထေရီသည် ရဟန္တာမအဖြစ်သို့ ရောက်ရှိပြီး သောအခါ ရှေးရှေးဘဝများက ပါရမီ ဆုတောင်း ကောင်းမှု ကုသိုလ်ပါရှိခဲ့သည့်အတိုင်း အဘိညာဉ်ခြောက်ပါးအနက်မှ ရှေးရှေး ဘဝများက နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်လည်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို အထူးသဖြင့် အလေ့အလာပြု၏။ သို့ဖြစ်၍ ထိုအဘိညာဉ်သည် အထူးထက်မြက် ကြည်လင်လှပေသည်။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် ပရိသတ်လေးပါးတို့အလယ်၌ ဘဒ္ဒါကာပိလာနီထေရီအား ရှေးက နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပြန်လည်အောက်မေ့နိုင်သောအရာဝယ်

အသာဆုံး၊ အမြတ်ဆုံး "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဇောဒဂ်" ဘွဲ့ကို ချီးမြှင့်တော်မူသည်။

## ၁၁။ မဟာဘိညာပတ္တဇောဒဂ်ဘွဲ့ထူးရှင် ဘဒ္ဒါကစ္စာနာ (ယသောဓရာ) ထေရီ

ဘဒ္ဒါကစ္စာနာ(ယသောဓရာ) ထေရီသည် ဘုရားအလောင်းတော်နှင့်အတူ ဘဝပေါင်း အသင်္ချေ အနန္တ ပါရမီဖြည့်ဖော်ဖြည့်ဖက်ဖြစ်၍ နောက်ဆုံးဘဝတွင် အဘိညာဉ်တန်ခိုး ကြီးမားသော (မဟာဘိညာပတ္တ) အရာ၌ ဇောဒဂ်ဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာ ထေရီမတစ်ပါး ဖြစ်သည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်တွင် ပွင့်တော်မူသော ဒီပင်္ကရာ ဘုရားရှင်လက်ထက်တော်တွင် ဘုရားအလောင်းတော်သည် သုမေဓာ မည်သော ရှင်ရသေ့ ဖြစ်ခဲ့၏။ ထေရီမ အလောင်းအလျာသည်လည်း ရမ္မဝတီမြို့၌ သုမိတ္တာမည်သော အမျိုးကောင်းသမီး ဖြစ်ခဲ့၏။ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ အလောင်းတော် သုမေဓာ ရှင်ရသေ့ နိယတ ဗျာဒိတ်ပန်းကို ပန်ဆင်ခဲ့စဉ်က သုမိတ္တာသတို့သမီးကလည်း ဖြစ်လေရာရာ ဘဝတိုင်း၌ ဤအလောင်းတော်မြတ်၏ ပါရမီကို ကူညီဖြည့်ရပါလို၏ဟု ဆုမွန်တောင်းခဲ့လေသည်။

ဤသို့ ဆုမွန်တောင်းခဲ့သည့်အတိုင်းပင် သုမိတ္တာသည် ဘဝသံသရာ ခရီးတစ်လျှောက်၌ အလောင်းတော်မြတ်နှင့် အတူတကွ ပေါင်းဆုံခဲ့ရသည်က များ၏။ ထိုသို့ အလောင်းတော်မြတ် နှင့်အတူ ကြည်ဖြူစွာ လက်တွဲ၍ ပါရမီဖြည့်ခဲ့လေရာ လေးသင်္ချေကျော်လွန်၍ ကမ္ဘာတစ်သိန်းထက်သို့ ရောက်လာသောအခါ ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်သို့ ရောက်လာ၏။

ထိုဘုရားရှင်လက်ထက်တော်အခါတွင် ထေရီမ အလောင်းအလျာသည် ဟံသာဝတီမြို့၌ အမျိုးကောင်းသမီး တစ်ယောက်ဖြစ်လာ၏။ တစ်နေ့သ၌ အမျိုးကောင်းသမီးသည် တရားနာ ပရိသတ်နှင့်အတူ ကျောင်းတော်သို့ လိုက်ပါ၍ တရားနာ၏။ ထိုတရားသဘင်၌ ဘုရားရှင်သည် ထေရီမတစ်ပါးအား အဘိညာဉ်စွမ်းအားကြီးမားသောအရာ၌ ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူ၏။ အလောင်းအလျာ အမျိုးကောင်းသမီးသည် ထေရီမကို အားကျ၍ ဧတဒဂ်ဆုကို ရယူလိုသဖြင့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးလျှင် ဘုရားရှင်၏ ခြေတော်ရင်း၌ "မဟာဘိညာပတ္တ ဧတဒဂ်ဆု" ကို တောင်းတပန်ဆင်ခဲ့လေသည်။

ထိုဘဝမှ တစ်ဖန် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကုသိုလ်များကို ဆည်းပူးခဲ့ပြီးလျှင် ထေရီမ အလောင်းအလျာသည် ဤဂေါတမ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူရာ ကာလဝယ် ဒေဝဒဟမြို့၌ အလောင်းတော်မြတ်၏ ဦးရီးတော် သုပ္ပဗုဒ္ဓ သာကီဝင်မင်း၏ သမီးတော်ဖြစ်လာ၏။ အလောင်းတော်နှင့် တစ်နေ့တည်း၊ တစ်ချိန်တည်း ဖွားမြင်သည့် ဖွားဘက်တော်လည်း ဖြစ်၏။ မင်းသမီး၏ အသားအရေသည် အမျိုးအစား ကောင်းမြတ်လှသော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ဝါဝင်းတောက်ပနေသဖြင့် "ဘဒ္ဒါကစ္စာနာ" မင်းသမီးဟု အမည်သညာ ခေါ်တွင်လာ၏။ နောင်အခါတွင် နှုတ်ထွက် စကားလုံးများ ရွေ့လျားလာကာ "ဘဒ္ဒါကဥ္စနာ" မင်းသမီးဟု ခေါ်ဝေါ်လာကြလေသည်။

ဘဒ္ဒါကစ္စာနာ မင်းသမီးသည် အရွယ်ရောက်လာသည်နှင့်အမျှ အလှကျက်သရေများလည်း တိုးတက်လာ၏။ မင်းသမီး၏ ကောင်းသတင်းဂုဏ်တို့သည် တိုင်းပြည်မြို့ရွာများသို့တိုင် ပျံ့နှံ့ကျော်စောလာ၏။ သက်တူရွယ်တူ လှပကျော့ရှင်းသော ရုံရွှေတော်

များလည်း တစ်နေ့တစ်ခြား ပေါ်များလာ၏။ ထို့ကြောင့် မင်းသမီး၏အမည်ကို "ယသောဓရာ" မင်းသမီး ဟူ၍လည်း ခေါ်ဝေါ်လာကြ၏။ "အခြွေအရံ၊ ကျော်စောခြင်း ဂုဏ်သတင်းကို ဆောင်နိုင်သူ" ဟု ဆိုလိုပါသည်။

ဘဒ္ဒါကစ္စာနာ (ယသောဓရာ) မင်းသမီး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ အလောင်းတော် သိဒ္ဓတ္ထ မင်းသားနှင့် ထိမ်းမြား၍ အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်လာ၏။ ရမ္မ၊ သုဘ၊ သုရမ္မ ဟူသော နန်းပြာသာဒ် သုံးဆောင်ပေါ်တွင် အလောင်းတော်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ထီးနန်းစည်းစိမ်ကို ခံစားလာခဲ့ရ၏။ ဘဝပေါင်းများစွာက ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်လာခဲ့သည့်အားလျော်စွာ ယသောဓရာသည် အလောင်းတော် မင်းသားအား ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေးခဲ့သည်။

ဤသို့ ပြုစုလုပ်ကျွေးလာခဲ့ရာ သက်တော်နှစ်ဆယ့်ကိုးနှစ်အရတွင် သားတော်ကလေး ရာဟုလာကို ဖွားမြင်လာခဲ့၏။ ယင်းသို့ ယသောဓရာ မိဖုရားကြီးမှ သားတော်ကလေးကို ဖွားမြင်သောနေ့မှာပင် အလောင်းတော် သိဒ္ဓတ္ထ မင်းသားလည်း လူ့ဘောင်လောကကို စွန့်ခွါ၍ တောထွက်တော်မူခဲ့လေသည်။

အလောင်းတော်မင်းသား တောထွက်သွားချိန်တွင် မောင်တော်မျက်နှာကို တစ်ကမ္ဘာထင်၍ ချစ်ခင်မြတ်နိုး အားကိုးအားထားပြုခဲ့ရရှာသော ယသောဓရာမှာ ကမ္ဘာကြီးတစ်ခုလုံး ပျက်သကဲ့သို့ဖြစ်ရတော့သည်။

ခမည်းတော် သုဒ္ဓေါဓနမင်းကြီးနှင့် မိထွေးတော်ဂေါတမီမှာလည်း သားတော်မြတ်နှင့် ကွေကွင်းရသည့် ဒဏ်ကို ပြင်းထန်စွာခံစားနေရသည့်ကြားမှ သားသမီးချင်း စာနာစိတ်ဖြင့် ယသောဓရာကို ဖျောင်းဖျနေကြရ၏။ နှစ်သိမ့်ဖွယ်ရာ အကြင်နာစကားများဖြင့်

အားပေးခဲ့ကြရ၏။

ဒေဝဒဟမြို့တော်မှ ခမည်းတော်၊ မယ်တော်များကလည်း ယသောဓရာအား မိမိတို့ထံသို့ ပြန်လာရန် အထောက်တော်များကို စေလွှတ်ကြသည်။ သို့ရာတွင် ယသောဓရာကား ခမည်းတော်၊ မယ်တော်များရှိရာ ဒေဝဒဟမြို့တော်သို့ မပြန်နိုင်ပေ။ မောင်တော်မြတ်ကို ချစ်မြတ်နိုးသော အထိမ်းအမှတ်ဖြင့် မောင်တော်မြတ်နှင့် အကြောင်းဆုံဆည်းခဲ့ရာ ကပိလဝတ် နန်းတော်မှာသာ ဆက်လက်၍ နေလေသည်။

သို့သော် ယသောဓရာသည် အလောင်းတော် မင်းသား တောထွက်ချိန်မှစ၍ မင်းသမီးတို့၏ အသုံးအဆောင်များကို လုံးဝ မသုံးစွဲတော့ပေ။ အလောင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ်စွန့်ကာ ဖန်ရည်ဆိုးသော အဝတ်များကို ဝတ်ဆင်လိုက်ပြီဟု ကြားသိရချိန်မှစ၍ သူကလည်း ဖန်ရည်ဆိုးသော အဝတ်များကိုသာ ဝတ်ဆင်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမစား၊ နံနက်စာ တစ်ထပ်တည်းသာ စားတော့သည်ဟု သိရလျှင် သူကလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲ၍ နေခဲ့၏။ အလောင်းတော်မင်းသားသည် ခုတင်ညောင်စောင်းမပါ၊ မြေကြီးပေါ်မှာသာ အိပ်တော့သည် ဆိုသဖြင့် သူကလည်း ခုတင် ညောင်စောင်းပေါ်မှဆင်းကာ ကြမ်းပြင်ပေါ်မှာသာ အိပ်ခဲ့၏။

အလောင်းတော်မင်းသားသည် ပန်းနံ့သာကို လိမ်းကျံပန်ဆင်ခြင်း မပြုတော့သဖြင့် သူကလည်း မိန်းမသားတို့ သည်းခြေကြိုက်ဖြစ်သည့် ပန်းနံ့သာ လိမ်းခြယ်စရာတို့ကို ပယ်စွန့်ထားလိုက်၏။

အလောင်းတော်မြတ်ကဲ့သို့ နိက္ခမဓာတ် (တောထွက်လိုစိတ်) မကိန်းဝပ်သော်လည်း အလောင်းတော်မြတ်အပေါ် ချစ်ခင်မြတ်နိုး

စိတ်ဖြင့် အတူလိုက်၍ ပြုကျင့်နေခဲ့လေသည်။

ဤသို့ နေထိုင်ရသဖြင့် ယသောဓရာမှာ ပြင်းထန်လှစွာသော စိတ်ဝေဒနာတို့မှ အတန်အသင့် သက်သာရာ ရလာ၏။ တစ်နေ့ တစ်ခြား အသရေ တိုးလာသော သားတော်ကလေး ရာဟုလာ ကလည်း မိခင်၏ စိတ်အစဉ်ကို ကြည်လင်ရွှင်ပျအောင် စွမ်းဆောင် လာ၏။

သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့မှာလည်း သားတော်အတွက် လွမ်းရလေသမျှ မြေးတော်ကလေးကို ချီပိုးရင်း စိတ်ဖြေရာ ရလာကြ၏။ ဤသို့ဖြင့် ဘိုးတော်၊ ဘွားတော်များနှင့် မယ်တော်တို့၏ ပြုစုယုယမှုကို ခံယူခဲ့ရသော သားတော်ကလေး ရာဟုလာမှာ ခုနစ်နှစ်သားအရွယ်သို့ပင် ရောက်လာခဲ့လေသည်။

ထိုအခါတွင် အလောင်းတော်မြတ်လည်း သဗ္ဗညုဘုရား အဖြစ် သို့ ရောက်တော်မူ၍ ပထမဆုံးအကြိမ် ကပိလဝတ် ရွှေနန်းတော်သို့ ကြွတော်မူလာခဲ့၏။ ဘုရားရှင်၏ ထံတော်မှောက်သို့ ခမည်းတော် မိထွေးတော်နှင့် နန်းတွင်းသူ၊ နန်းတွင်းသားအပေါင်းတို့ ဖူးမြော်ရန် လာရောက်ခဲ့ကြသော်လည်း ယသောဓရာသည် အများနည်းတူ နန်းမဆောင်အတွင်းသို့ သွားရောက် မဖူးမြော်ခဲ့ချေ။ "မောင်တော်မြတ် အပေါ်မှာ ငါ၏ကျေးဇူး တရားများ ရှိခဲ့၍ ထိုကျေးဇူးတရားကို အသိအမှတ် ပြုတော်မူပါလျှင် မောင်တော်မြတ် ကိုယ်တိုင် ငါ့နန်း ဆောင်သို့ ကြွလာတော်မူပေလိမ့်မည်" ဟူသော ယုံကြည်စိတ်ဖြင့် နန်းဆောင်ထဲကသာ စောင့်မျှော်၍ နေလေသည်။

ယသောဓရာ စောင့်မျှော်နေခဲ့သည့်အတိုင်း မြတ်ဗုဒ္ဓကလည်း ယသောဓရာ၏ နန်းဆောင်ရှိရာသို့ ကြွတော်မူ၏။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့သည် လက်ဝဲ၊ လက်ယာမှ ခြံရံလျက် လိုက်ပါလာကြ၏။ ခမည်းတော် မင်းတရားကြီးကလည်း သပိတ်

တော်ကို ပိုက်ကာ နောက်တော်ပါးမှ ပါလာခဲ့၏။ မြင့်မြတ်သော သလ္လန်ထက်တွင် အရန်သင့် ခင်းထားပြီးသော နေရာ၌ မြတ်ဗုဒ္ဓ ထိုင်တော်မူမိသောအခါ ယသောဓရာသည် ရှိသေစွာ ချဉ်းကပ်လာပြီးလျှင် ကိုယ်တော်မြတ်၏ ခြေရင်းမှာ ဝပ်ဆင်း၍ ရှိခိုး၏။ ကိုယ်တော်မြတ်၏ ခြေတော်အစုံကို တုန်ယင်သော လက်များဖြင့် ဆုပ်ကိုင်ပွတ်သပ်ကာ အခါခါ နမ်းရှုပ်၏။ ဝမ်းနည်းဝမ်းသာ နှစ်ဖြာတွဲစပ်၍ ထွက်ပေါ်လာကြသော မျက်ရည်များဖြင့် ခြေတော်အစုံ ကြာပဒုံကို ပူဇော်ကန်တော့၏။

အနှစ်နှစ်၊ အလလများက လွမ်းဆွတ်ကြေကွဲခဲ့ရလေသမျှ စိတ်တိုင်းကျ ပူဇော်ကန်တော့နေသော ယသောဓရာကို ခမည်းတော်ကြီးကလည်း မတားမြစ်ပေ။ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးကလည်း မတားဆီးကြပေ။ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ကလည်း "ယသောဓရာမင်းသမီးသည် သူနှစ်သက်သလို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါစေ၊ သူ့ကို မည်သူကမျှ မတားမြစ်ကြပါနှင့်" ဟု မေတ္တာ ကရုဏာ နှစ်ဖြာရောသော စေတနာဖြင့် မိန့်ကြားတော်မူသည်။

ဤသို့ ကိုယ်တော်မြတ်အား စိတ်တိုင်းကျ ပူဇော်ကန်တော့လိုက်ရသဖြင့် အားရကျေနပ်ခဲ့ရသော ယသောဓရာသည် သားတော်ကလေး ရာဟုလာအား မြတ်ဗုဒ္ဓသာသနာတွင်းသို့ သွတ်သွင်းခေါ်ယူသွားသောအခါ နှလုံးသားအစုံကို ထုတ်ယူခြင်း ခံလိုက်ရဘိသကဲ့သို့ ခံစားရပြန်သည်။ တစ်ဖန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ဝင်စံသည့်တွင် စိတ်အားငယ်စရာ ကြုံလာပြန်သည်။ ထိုထက်ပို၍ ဆိုးသည်ကား မိထွေးတော်နှင့် သာကီဝင် မင်းသမီးငါးရာတို့ ကပိလဝတ် နန်းတော်ကို စွန့်ခွာ၍ မြတ်ဗုဒ္ဓ သာသနာတော်၌ ဘိက္ခုနီ ပြုသွားခြင်းပင် ဖြစ်ပေသည်။

ဤသို့ မိထွေးတော်ကြီးက ထီးရိပ်နန်းရိပ်ကို ကျောခိုင်း၍

သာသနာတော်အရိပ်အောက်သို့ ဝင်ရောက်ခိုလှုံသွားသောအခါ ကပိလဝတ် နန်းတော်၌ ယသောဓရာနှင့်တကွ သာကီဝင် မင်းသမီးတို့ အဖို့ အားကိုးရာမဲ့ ဖြစ်သွားတော့၏။ ယင်းသို့ ရှိနေရာမှ နန်းတွင်းသူ အမျိုးသမီးများကလည်း တစ်သုတ်ပြီးတစ်သုတ် သာသနာတော် တွင်းသို့ ဝင်ရောက်သွားကြပြန်၏။ ဤတွင် ယသောဓရာ မိဖုရား လည်း စိတ်နှလုံးကို တုံးတုံးချကာ သာကီဝင်မင်းသမီး တစ်ထောင် တို့နှင့်အတူ မိထွေးတော်ကြီးရှိရာ သာဝတ္ထိမြို့သို့ လိုက်ပါလာကြ၏။ လာခြင်းကောင်းသော မယ်တော်အား သားတော် ရှင်ရာဟုလာက ဇေတဝန်ကျောင်းတော်ဝမှ ဆီး၍ကြိုနေသည်။

ဘဝအသင်္ချေကမ္ဘာကမ္ဘာက ဆုတောင်းလာခဲ့ရသည့်အတိုင်း ယသောဓရာသည် မိမိ လေးမြတ်ကြည်ညိုခဲ့ရသော ကိုယ်တော်မြတ်၏ သာသနာတော်အရိပ် အာဝါသ အောက်တွင် ရဟန်းမအဖြစ် ဝင်ရောက် ခိုလှုံခွင့် ရရှိခဲ့သဖြင့် သောကဟူသမျှ ကင်းစင်ပ၍ ငြိမ်းချမ်းမှု အရသာကို ပြည့်ပြည့်ဝဝကြီး ခံစားရတော့၏။

ရဟန်းမအဖြစ်ကို ရရှိပြီးသောအခါ အရှင်မ ယသောဓရာသည် ငယ်နာမည် ပြန်ပေါ်လာကာ "ဘဒ္ဒါကစ္စာနာထေရီ" ဟု နာမည် ထင်ရှားလာခဲ့၏။ဘဒ္ဒါကစ္စာနာထေရီသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခဲ့ရာ မကြာမီပင် အဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။

ဘဒ္ဒါကစ္စာနာထေရီသည် မိမိရရှိထားသော အဘိညာဉ် ခြောက်ပါးကို ထူးထူးခြားခြား လေ့လာဝင်စား၏။ ထို့ကြောင့် တစ်ထိုင်တည်းမှာပင် အာဝဇ္ဇန်းတစ်မျိုးတည်းဖြင့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ဖြစ်ခဲ့သမျှကို ပြတ်သားစွာ ပြန်လည် အောက်မေ့နိုင်၏။ ဘုရားရှင်တစ်ဆူတစ်ဆူ၏ သာသနာတော်တွင် ကမ္ဘာတစ်သိန်းအထိ ပြန်လည်အောက်မေ့နိုင်သော သာဝက

အမြောက်အမြားရှိ၏။ တစ်သချေင်္နှင့်ကမ္ဘာတစ်သိန်း အောက်မေ့နိုင်သော သာဝကကား လေးပါးမျှသာ ပေါ်ထွန်းမြဲဖြစ်၏။

ဤဂေါတမ မြတ်ဗုဒ္ဓသာသနာတော်၌လည်း အဂ္ဂသာဝက အရှင်မြတ်နှစ်ပါး၊ အရှင်ဗာကုလနှင့် ဘဒ္ဒါကစ္စာနာထေရီအားဖြင့် ဤလေးပါးသာ ပေါ်ထွန်းခဲ့သည်။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဘဒ္ဒါကစ္စာနာထေရီအား အဘိညာဉ် စွမ်းအားကြီးမားသော အရာတွင် အသာဆုံး၊ အမြတ်ဆုံး "မဟာဘိညာပတ္တ ဧတဒဂ်ဘွဲ့" ကို ချီးမြှင့်တော်မူလေသည်။

## ၁၂။ လူခစီဝရစရဧတဒဂ်ဘွဲ့ထူးရှင် ကိသာဂေါတမီထေရီ

ကိသာဂေါတမီထေရီသည် သားသေ အသက်ပြန်ရှင်စေနိုင်သော ဆေးကိုရှာရာမှ သာသနာတော်တွင်းသို့ ဝင်ရောက်လာကာ ခေါင်းပါးဟောင်းနွမ်းသည့် သင်္ကန်းကို ဝတ်ရုံသော (လူခစီဝရစရ) အရာ၌ ဧတဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါးဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်အခါတွင် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး တစ်ယောက်ဖြစ်ခဲ့၏။အလောင်းအလျာအမျိုးကောင်းသမီးသည် တစ်နေ့သ၌ ဘုရားကျောင်းတော်သို့ သွားရောက်၍ တရားနာရ၏။ ထိုတရားသဘင်၌ ပဒုမုတ္တရ ဘုရားရှင်သည် ထေရီမတစ်ပါးအား ခေါင်းပါးဟောင်းနွမ်းသည့် သင်္ကန်းကို ဝတ်ရုံဆင်မြန်းသောအရာ၌ ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးကျူးတော်မူ၏။ အမျိုးကောင်းသမီးသည် ထိုဧတဒဂ်ဆုကို ရယူပန်ဆင်လိုသဖြင့် ပဒုမုတ္တရ ဘုရားရှင် နှင့်တကွ သံဃာတော်များအား စွမ်းအားသတ္တိရှိသည့်အားလျော်စွာ အလှူပေးပြီးလျှင် "လူခစီဝရစရ" ဧတဒဂ်ဆုကို တောင်းတ ပန်ဆင်

ခဲ့လေသည်။ ပဒုမုတ္တရဘုရားရှင်ကလည်း "ဂေါတမဘုရားရှင်သာသနာတော်၌ ထိုဆုတောင်း ပြည့်မည်" ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့လေသည်။

ထိုအမျိုးကောင်းသမီးသည် ဤဘဒ္ဒကမ္ဘာဝယ် တတိယမြောက်ပွင့်တော်မူသော ကဿပဘုရားရှင်လက်ထက်တော်တွင် ဗာရာဏသီပြည်၌ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်တို့အနက် ပဉ္စမမြောက်သမီးတော်ဖြစ်၍ "ဓမ္မာ" မင်းသမီးဟု အမည်သညာ ခေါ်တွင်လာ၏။ ဓမ္မာမင်းသမီးသည် အစ်မတော်၊ ညီမတော်များနှင့်အတူ အနှစ်နှစ်သောင်းတိုင်တိုင် အိမ်ထောင်မပြုဘဲ အပျိုစင်ဘဝဖြင့် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်ကာ ရတနာမြတ်သုံးပါးတို့ကို အလုပ်အကျွေးပြု၍ နေခဲ့လေသည်။

ဓမ္မာမင်းသမီးသည် ထိုဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်သို့ လားရောက်ခဲ့ရပြီးလျှင် ဤဂေါတမ ဘုရားရှင်လက်ထက်တော်အခါတွင် သာဝတ္ထိပြည်ဝယ် သူဆင်းရဲမျိုးနွယ်၌ အမျိုးသမီး ဖြစ်လာလေသည်။ သူမ၏ အမည်ကို "ဂေါတမီ" ဟု မှည့်ခေါ်ကြ၏။ ဂေါတမီကို ကိုယ်ခန္ဓာ ကျုံလှီသေးငယ်လှသဖြင့် "ကိသာဂေါတမီ" ဟု လူအများက အထူးပြု၍ ခေါ်ဝေါ်ကြလေသည်။

ကိသာဂေါတမီ အရွယ်ရောက်လတ်သော် ယခင်က သေဋ္ဌေးဖြစ်ခဲ့ဖူးသော မိသားစုတစ်စုနှင့် အကြောင်းဆက်လာရ၏။ ထိုမိသားစု၏ ဘိုးစဉ်ဘောင်ဆက်မှ ပိုင်ဆိုင်လာခဲ့သော ရွှေရတနာဥစ္စာများသည် "ကံအဟုန် ကုန်သောအခါ စီးပွားဥစ္စာအားလုံးပျက်သုဉ်းတတ်သည်" ဟူသော နိမိကဏ္ဍာသုတ္တန် ဒေသနာတော်အတိုင်း ကုသိုလ်ကံအဟုန် ကုန်လေသဖြင့် အံ့ဩဖွယ်ရာ မီးသွေးခဲများဖြစ်သွားကြ၏။ ထို့ကြောင့် မိသားစုအားလုံး စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်နေကြရ၏။ ဤတွင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသည့်

မိတ်ဆွေတစ်ဦးက ဘုန်းရှင် ကံရှင် ကောင်းမှုရှင် တစ်ယောက် ယောက်၏ အထောက်အကူ ရယူနိုင်စေရန် ထိုမီးသွေးခဲများကို ဈေးမှာတင်၍ ရောင်းချရန် အကြံပေး၏။ သို့ဖြင့် မီးသွေးခဲများကို ဈေးမှာတင်၍ ရောင်းချလေရာ ဈေးဝယ်လာသူများသည် ထိုမီးသွေးခဲ များကို သာမန် မြင်တွေ့နေကျ မီးသွေးခဲများ ထင်မှတ်ကာ စိတ်မဝင်စားကြပေ။ ကိသာ ဂေါတမီသည်ကား မိမိကိစ္စတစ်ခုဖြင့် ဈေးသို့ရောက်လာလေရာ မီးသွေးများ ရောင်းချနေသည့် သေဌေး ဟောင်း ဈေးသည်ကြီးကို မြင်လေလျှင် အို--ဖခင်၊ အဘယ်ကြောင့် ရွှေတုံးရွှေခဲများကို ဈေးမှာတင်ပြီး ရောင်းချနေပါသနည်းဟု မေးမြန်းလေသည်။ သေဌေးဟောင်း ဈေးသည်ကြီးက သမီးငယ် ရွှေတုံးရွှေခဲဟူသည် အဘယ်ဥစ္စာပါနည်း" ဟု မေးမြန်းရာ ကိသာဂေါတမီက "အို--ဖခင်၊ ဤပစ္စည်းများပင် မဟုတ်ပါလော" ဟု ပစ္စည်းများကို ကိုင်၍ ပြလိုက်၏။ ကိသာ ဂေါတမီလက်နှင့် ထိလိုက်သည်နှင့် တစ်ပြိုင်နက် မီးသွေးခဲ အသွင်ဆောင်နေသော ပစ္စည်းများသည် နဂိုမူလအတိုင်း ရွှေတုံးရွှေခဲများ ဖြစ်သွားကြ၏။ ဤတွင် သေဌေးကြီးသည် ကိသာဂေါတမီကို အိမ်သို့ခေါ်သွားကာ မီးသွေးခဲအသွင် ဆောင်နေသော ပစ္စည်းအားလုံး ကို သူ့လက်နှင့် ထိကိုင်စေ၏။ ထိုပစ္စည်းအားလုံးလည်း နဂိုမူလ ရွှေထည်ပစ္စည်းများ ဖြစ်သွားကြ၏။ ထို့နောက် သေဌေးကြီးက မိမိနှင့် ကုသိုလ်ကံ စပ်လှသော ကိသာဂေါတမီကို မိမိသားနှင့် ထိမ်းမြားလက်ထပ် ပေးလိုက်လေသည်။

တစ်နှစ်တာမျှ အချိန်ကြာသောအခါ ကိသာဂေါတမီသည် သားကလေးတစ်ယောက် ဖွားမြင်လာ၏။ မိခင်ဖြစ်သူ ကိသာ ဂေါတမီက ကိုယ်နေကိုယ်ထား ပိန်လှီနေသော်လည်း သားကလေးကား ဝဝကစ်ကစ် ချစ်စရာကလေးဖြစ်နေ၏။ ထို့ကြောင့် လူကြီးမိဘ

အားလုံးက သားကလေးကို ချစ်ခင်ယုယ၍ မဝနိုင်အောင်ဖြစ်ကြရ၏။ သားကလေးကို ချစ်အားပိုကြသဖြင့် မိခင်ဖြစ်သူကိုလည်း ယခင်က ထက်ပို၍ အရေးပေးလာကြ၏။ သမီးရင်းများကဲ့သို့ မြတ်နိုးစွာ ဆက်ဆံလာခဲ့ကြလေသည်။

ကိသာဂေါတမီမှာ မိမိ၏ သားကလေးကို မိသားစုအားလုံးက ချစ်ခင်မြတ်နိုးကြသဖြင့် အားရဝမ်းသာ ဖြစ်လာရ၏။ မိခင်တို့၏ အတိုင်းမသိသော ချစ်ခြင်းမေတ္တာဖြင့် သားကလေးကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့၏။ သားကလေး၏ ရှေ့ရေးကို ကြိုတင်တွေးတောကာ အားကိုးအားထား ပြုလိုသည့် စိတ်ဆန္ဒများလည်း ဖြစ်ပွားလာခဲ့၏။

ဤသို့ မိသားစုအားလုံးက ချစ်ခင်ယုယနေသည့်ကြားကပင် သားကလေးခမျာ သူငယ်နာ ရောဂါတစ်မျိုးဖြင့် ရုတ်တရက် သေဆုံးသွားရှာလေတော့သည်။

လူကြီးမိဘများက ချစ်လှစွာသော မြေးကလေးအား နှမြော တသစွာ ငိုကျွေးလျက် သုသာန်သို့ ပို့ရန် ပြင်ဆင်ကြ၏။ ကိသာဂေါတမီကား အိမ်သားအားလုံးထက်ပို၍ သားကလေးအပေါ် အချစ်ကြီး၏။ အစွဲအလန်းလည်း ကြီး၏။ သို့ဖြစ်၍ ချစ်လှစွာသော သားကလေးကို လူသူမနီး သုသာန်ကြီးသို့ မပို့ရက်နိုင်။ တစ်ကြိမ် တစ်ခါ သေရုံမျှဖြင့် နောက်ထပ်တစ်ဖန် ပြန်၍ မရှင်နိုင်တော့ဟူသော စကားကို လက်မခံနိုင်။ မလှုပ်မယှက် အသက်မရှူတော့၍ သေသည်ဟု ဆိုရသော်လည်း ဆရာကောင်း သမားကောင်းနှင့် တွေ့ရလျှင် သားကလေး အသက်ပြန်၍ ရှင်နိုင်သေး၏။ သားစိတ်ဖြင့် ဤသို့ စိတ်ရူးပေါက်ကာ အသုဘပို့ရန် ပြင်ဆင်ထားသော သားကလေးကို ဒွတ်အတင်းပွေ့ယူကာ အိမ်မှ ထွက်ပြေးလာခဲ့လေသည်။

သားရူးမကလေး ကိသာဂေါတမီသည် တစ်လမ်းဝင် တစ်လမ်း ထွက်ဖြင့် မရပ်မနား ပြေလွှားလာခဲ့၏။ လမ်းတကာမှာ တွေ့လာ

ရသူများအား သားကလေး အသက်ရှင်အောင် စွမ်းဆောင်နိုင်မည့် ဆေးကို မေးမြန်း၏။ အမေးခံရသူတိုင်းက "ဟယ်--အမိုက်မ၊ သေပြီးသူအား ပြန်ရှင်အောင် စွမ်းဆောင်နိုင်သောဆေးဟူ၍ ရှိပါမည်လော" ဟု ပြက်ရယ်ပြောင်လှောင်၍ လွှတ်ကြ၏။

တစ်နေရာတွင်ကား ကိသာဂေါတမီသည် ကံအားလျော်စွာ သားသမီးချင်း စာနာထောက်ထားတတ်သော လူကြီးတစ်ယောက်နှင့် တွေ့ရ၏။ ကိသာဂေါတမီက သားကလေး အသက်ရှင်သန်လာစေနိုင်သော ဆေးကို မေးမြန်းသောအခါ "အို--သမီး၊ သင့်သား၏အသက်ကို ပြန်ရှင်အောင် စွမ်းဆောင်နိုင်မည့်သူမှာ မြတ်စွာဘုရား တစ်ပါးတည်းသာ ရှိလေသည်။ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ သွားရောက်၍ လျှောက်ထားလေလော့" ဟု ညွှန်လိုက်လေသည်။

ကိသာဂေါတမီသည် ထိုလူကြီး ညွှန်ကြားလိုက်သည့်အတိုင်း ဇေတဝန်ကျောင်းတော်ဆီသို့ ဦးတည်လာခဲ့၏။ သားကလေး အသက်ရှင်လာစေလိုသော စိတ်ဇောဖြင့် အလျင်အမြန် လျှောက်လာခဲ့ရာ မကြာမီမှာပင် ဇေတဝန်ကျောင်းသို့ ရောက်လာခဲ့၏။

ထိုအချိန်၌ ဘုရားရှင်သည် ကျောင်းတော်သို့ ရောက်လာကြသောပရိသတ်များအား တရားစကား ဟောကြားတော်မူလျက်ရှိ၏။ သားရူးမကလေး ကိသာဂေါတမီသည် တရားနာပရိသတ်များကြားသို့ စွတ်စွတ်ရွတ်ရွတ် ဝင်လာကာ ဘုရားရှင်ရှေ့မှာ ရပ်ပြီးလျှင်--

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မ၏ သားကလေး အသက်ပြန်ရှင်လာအောင် ကုစားနိုင်မည့် ဆေးကို ပေးသနားတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် ကိသာဂေါတမီ၏ ကျွတ်တန်းဝင်မည့်အရေးကို မျှော်တွေးတော်မူကာ-

"ဂေါတမီ၊ သင်၏သားကလေး အသက်ရှင်ရေးအတွက် ကုစားရန် မုန်ညှင်းစေ့များ လိုအပ်ပေသည်။ တစ်ကြိမ်တစ်ခါမျှ လူမသေဘူးသော အိမ်မှ မုန်ညှင်းစေ့ လက်တစ်ခုပ်စာကို ရှာ၍ ယူခဲ့လော့" ဟု မိန့်ကြားတော်မူလေသည်။

ကိသာဂေါတမီသည် ထိုမိန့်ကြားသံကို ကြားရသည်နှင့် တစ်ပြိုင်နက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သာဝတ္ထိမြို့တော်သို့ အသော့အမြန် ပြန်လာခဲ့၏။ မြို့စွန်မြို့ဖျားမှာ ပထမဦးစွာ တွေ့ရသောအိမ်တစ်အိမ်သို့ စတင်ဝင်ရောက်ကာ အသင့်တွေ့ရသော အမျိုးသမီးကြီးအား–

"အစ်မကြီးရှင့်၊ ဘုရားရှင်က ကျွန်မသားကလေးအတွက် ဆေးဘက်ဝင်မည့်မုန်ညှင်းစေ့များ ရှာဖွေရန် မိန့်တော်မူလိုက်ပါသည်။ အစ်မကြီးတို့အိမ်မှာ မုန်ညှင်းစေ့များရှိပါလျှင် လက်တစ်ခုပ်စာမျှ ရပါရစေ"

ဤသို့ သနားစဖွယ် တောင်းခံလိုက်လေရာ အမျိုးသမီးကြီးကလည်း ကရုဏာသက်လှသဖြင့်–

"အို––မိန်းကလေး၊ အမတို့အိမ်မှာ မုန်ညှင်းစေ့များ ရှိပါသည်။ အသုံးလိုသလောက် ရနိုင်ပါသည်"

"သို့ဖြစ်လျှင် တစ်ဆိတ်လောက် မေးပါရစေ၊ အစ်မကြီးတို့ အိမ်မှာ လူသေဖူးသော အကြိမ်အခါ ရှိခဲ့ပါသလော"

"အို––မိန်းကလေး၊ လူသေဖူးသော အကြိမ်အခါပေါင်း များလှပေပြီ၊ မည်၍မည်မျှ ရှိသည်ဟူ၍ပင် ရေတွက်၍ မရနိုင်တော့ပြီ"

"ဤသို့ဆိုလျှင် အစ်မကြီးတို့အိမ်မှ မုန်ညှင်းစေ့မှာ ဆေးဘက် မဝင်နိုင်တော့ပါ"

ဤသို့ဆိုပြီးလျှင် နောက်တစ်အိမ်သို့ ဝင်ခဲ့ပြန်၏။ ဝင်ခဲ့လေသမျှသော အိမ်များမှာ တစ်စုံတစ်ယောက် သေဆုံးခဲ့ဖူးသည်ချည်း

ဖြစ်နေ၍ ကိသာဂေါတမီမှာ အမောဆိုက်၍လာရ၏။အမောအပန်းပြေ့စေရန် တစ်နေရာ၌ ခေတ္တရပ်နားစဉ် ဘုရားရှင်၏ ရည်ရွယ်ချက်ကို သဘောပေါက် နားလည်လာပေတော့သည်။

သားသေကို အသက်ပြန်ရှင်စေနိုင်သော ဆေးဟူ၍ မရှိပါဘဲလျက် ဘုရားရှင်သည် တိုက်ရိုက်အားဖြင့် မရှိဟူ၍ မိန့်ကြားတော်မမူလိုက်ပေ။ သေခြင်းဟူသော သဘောတရားသည် သည်သားကလေး တစ်ယောက်တည်းနှင့်သာ သက်ဆိုင်သည် မဟုတ်ချေ။ မိမိတစ်ယောက်တည်းမှာသာ ကံကွက်ကျားဖြင့် ခံစားနေရသည် မဟုတ်ချေ။ သက်ရှိသတ္တဝါ မှန်သမျှနှင့် သက်ဆိုင်နေသည်သာ ဖြစ်လေသည်။

"ဤသို့ သေဆုံးချခြင်းသည် တစ်ဦးတစ်ယောက်တည်း၏ သဘောသဘာဝ မဟုတ်။ တစ်ရွာတည်း၏ သဘာဝ မဟုတ်။ တစ်နယ်တည်း၏ သဘာဝ မဟုတ်။ အမျိုးအနွယ် တစ်ခုတည်း၏ သဘာဝ မဟုတ်။ ဤသို့ မတည်မမြဲ ပြိုကွဲပျက်စီးတတ်သော သဘာဝသည် အရှင်သိသမျှ သတ္တဝါအားလုံးနှင့် သက်ဆိုင်နေပေသည် တကား"

ဤသို့ ဟုတ်တိုင်းမှန်စွာ စဉ်းစားမိပြီးလျှင် သားကလေး၏ အလောင်းကို သုသာန်မှာ စွန့်ပစ်လျက် ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ပြီးလျှင် ဘုရားရှင်ထံ ဝင်ရောက်၍ ရိုသေစွာ ရှိခိုးဦးခိုက်လေသည်။

"ဂေါတမီ၊ လိုအပ်သော မုန်ညှင်းစေ့ကို ရခဲ့ပြီလော"

ဒုက္ခသည်မကလေး၏ သံဝေဂ ရရှိလာပုံကို သိမြင်တော်မူပြီးသော ဘုရားရှင်က စကားစ ဖော်လာစေရန် မေးမြန်းတော်မူလိုက်ရာ-

"အရှင်ဘုရား၊ မုန်ညှင်းစေ့ဖြင့် ပြုရမည့်ကိစ္စသည် သူ့အလိုလိုပြီးမြောက်သွားပါပြီဘုရား"

"ဂေါတမီ၊ ကြီးလှစွာသော ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသွားဘိသကဲ့သို့ သားသမီး၊ ကျွဲနွားများဖြင့် မူးရစ်မေ့လျော့၍နေသော၊ မရသေးသော ကာမဂုဏ်ကို တောင့်တလျက် ရရှိပြီးသော ကာမဂုဏ်တို့ကို တွယ်တာကပ်ငြိနေသော သူကို သေမင်းက ခေါ်ဆောင်သွားလေ၏"

ဘုရားရှင်က ဤဒေသနာတော်ကို ဟောကြားတော်မူလိုက်၏။ ကိသာဂေါတမီသည် ထိုဒေသနာတော်အဆုံးတွင် သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရရှိ၏။ ထို့နောက် သာသနာတော်တွင်းသို့ ဝင်ရောက်လိုကြောင်း တောင်းပန်လျှောက်ထားလေရာ ဘုရားရှင်က ဘိက္ခုသံဃာတို့ထံ ချဉ်းကပ်ရန် ညွှန်ကြားတော်မူလိုက်၏။ ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာတို့ကလည်း ကိသာဂေါတမီကို ဝိနည်းတော်နှင့်အညီ ရဟန်းပြုပေးလိုက်ကြလေသည်။

ရဟန်းအဖြစ်ကို ရရှိပြီးလျှင် ကိသာဂေါတမီထေရီသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်း၏။ ထိုစဉ် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်တွင်းမှ ကိသာဂေါတမီ၏ ရှေ့မှောက်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူလာဘိသကဲ့သို့ ရောင်ခြည်တော်များ စေလွှတ်တော်မူပြီးလျှင် ဤသို့ ဟောကြားတော်မူ၏။

> "အကြင်သူသည် သေခြင်းကင်းရာ နိဗ္ဗာန်တရားကို မမြင်ရဘဲ အသက်တစ်ရာ ရှည်ခဲ့ငြားအံ့၊ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ပေ။ နိဗ္ဗာန်တရားကို မြင်သောသူ၏ တစ်ရက်တာမျှ အသက်ရှည်ရခြင်းသည်သာလျှင် မြတ်၏"

ကိသာဂေါတမီထေရီသည် ဤဒေသနာတော်ကို အစဉ်လျှောက်ကာကြားနာရင်း ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေရာ ထိုဒေသနာတော် အဆုံးမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာမ ကိသာဂေါတမီထေရီ၏ ထူးမြတ်သော ဂုဏ်ကျေးဇူးကို သိရှိကြသဖြင့် လူအများက ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားကြ၏။ အလိုရှိသောအခါ မိန့်ကြားရန် လျှောက်ထားကြ၏။ သို့ရာတွင် အရှင်မကား မည်သူ့ကိုမျှ မပြောကြားပေ။ သူ့အလိုအလျောက် ရရှိလာသော ပစ္စည်းလေးပါးဖြင့်သာ ရောင့်ရဲနေ၏။ ပစ္စည်းလေးပါးတို့အနက် အထူးသဖြင့် သင်္ကန်းအပေါ် အလိုဆန္ဒ နည်းပါးလှ၏။ ဒါယကာ၊ ဒါယိကာမများက လှူဒါန်းသော သင်္ကန်း အကောင်းစားများကို သိတင်းသုံးဖော်များအား လှူဒါန်းကာ မိမိကိုယ်တိုင်ကား အလွန်တရာ ဟောင်းနွမ်းနေသော သင်္ကန်းများကိုသာ ဝတ်ရုံ၏။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ကိသာဂေါတမီထေရီအား ခေါင်းပါး ဟောင်းနွမ်းသည့်သင်္ကန်းကို ဝတ်ရုံသောအရာတွင် အသာဆုံး၊ အမြတ်ဆုံး "လူခစီဝရဓရ တေဒဂ်" ဘွဲ့ကို ချီးမြှင့်တော်မူလေသည်။

## ၁၃။ သဒ္ဓါဓိမုတ္တာ တေဒဂ်ဘွဲ့ထူးရှင် သိင်္ဂါလက မာတာထေရီ

သိင်္ဂါလက မာတာထေရီသည်ကား သဒ္ဓါတရား ကြီးမား ထက်သန်သော (သဒ္ဓါဓိမုတ္တာ) အရာတွင် တေဒဂ်ဂုဏ်ထူး ဆွတ်ခူး နိုင်ခဲ့သော ရဟန္တာထေရီမတစ်ပါးဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်အခါတွင် အမတ်ကြီးတစ်ဦး၏ သမီးဖြစ်ခဲ့၏။ အလောင်းအလျာ အမျိုးကောင်းသမီးသည် ဖခင်ဖြစ်သူ အမတ်ကြီး နှင့်အတူ ကျောင်းတော်သို့သွား၍ တရားတော်ကို နာယူရသဖြင့် သဒ္ဓါ ကြည်ညိုဖြစ်ကာ ဘိက္ခုနီမ ပြုလုပ်၍ စတုပါရိသုဒ္ဓိသီလကို ခရသင်းပွတ်သစ်အတူ ဖြူစင်စွာ ကျင့်သုံးခဲ့၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၌ အလွန်ရှိသေလေးစားလျက် တရား နာခြင်း၌ အထူးလုံ့လကြီးကုတ် အားထုတ်သူလည်းဖြစ်၏။ ဘုရား

ရှင်ကို ဖူးမြော်ခြင်း၌ အရှင်ဝက္ကလိ မထေရ်ကဲ့သို့ အလွန် ဆန္ဒပြင်းပြသူလည်း ဖြစ်လေသည်။

တစ်နေ့သ၌ ပဒုမုတ္တရဘုရားရှင်သည် ထေရီမတစ်ပါးကို သဒ္ဓါတရား ကြီးမားထက်သန်သော (သဒ္ဓါဓိမုတ္တာ)အရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူသည်ကို တွေ့မြင်၍ အားကျကာ ထိုဧတဒဂ်ဆုကို တောင်းတပန်ဆင်ကာ သိက္ခာသုံးပါးကို ဆထက်ထမ်းပိုး တိုးတက်ဖြည့်ကျင့်လေသည်။

ထိုအခါ ပဒုမုတ္တရဘုရားရှင်သည် ထိုထေရီမကို "ရတနာမြတ်သုံးပါး၌ ကြည်ညိုခြင်း သဒ္ဓါတရား၊ သီလတရား၊ ဖြောင့်မတ်သောအသိဉာဏ်ပညာ ဤတရားသုံးပါးနှင့် ပြည့်စုံသူကို မဆင်းရဲသူဟု ခေါ်ဆိုရကြောင်းနှင့် သဒ္ဓါ၊ သီလ၊ ပသာဒ (တရားသံဃာ၌ ကြည်ညိုခြင်း)၊ ဓမ္မဒဿန (တရားတော်ကို သိမြင်သော ဉာဏ်ပညာ) ဤတရားလေးပါးကို ပညာရှိသူသည် အဖန်ဖန် အားထုတ်ရမည့်အကြောင်း" ဟောကြားတော်မူလေသည်။

ထိုတရားကို ကြားနာရသဖြင့် ထေရီမကလေးသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ မိမိဆုတောင်းပြည့်မည်၊ မပြည့်မည်ကို ဘုရားရှင်အား မေးလျှောက်လေသည်။ ပဒုမုတ္တရ ဘုရားရှင်ကလည်း ဂေါတမဘုရားရှင် လက်ထက်တော်အခါတွင် ထိုဆုတောင်း ပြည့်ဝမည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။ ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားသိရလေလျှင် ထေရီမကလေးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မြတ်စွာဘုရားရှင်ကို ပဋိပတ်အကျင့်ဖြင့် အသက်ထက်ဆုံး ပူဇော်လုပ်ကျွေးခဲ့လေသည်။

ထိုအလောင်းအလျာ ထေရီမကလေးသည် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပြီးလျှင် ဤဂေါတမ ဘုရားရှင်

လက်ထက်တော်အခါတွင် ရာဇဂြိုဟ်မြို့တော်၌ သေဋ္ဌေးသမီးတစ်ဦး ဖြစ်လာ၏။ အလောင်းအလျာ သေဋ္ဌေးသမီး အရွယ်ရောက်လတ်သော် အမျိုးနွယ်တူ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားရ၏။

အချိန်တန်သောအခါ ကလေးတစ်ယောက် ဖွားမြောက်လာ၏။ သားကလေးကို တစ်ဆွေတစ်မျိုးလုံးက ချစ်ခင်ကြသဖြင့် "သိင်္ဂါလက" ဟူ၍ချစ်စနိုး နာမည်ပေးကြ၏။ ထိုသားကလေးကို အကြောင်းပြုကာ မိခင်ဖြစ်သူကိုလည်း "သိင်္ဂါလကမာတာ" (သိင်္ဂါလက မိခင်) ဟူ၍ ခေါ်ဝေါ်ကြလေသည်။

သိင်္ဂါလကမာတာ သေဋ္ဌေးမကလေး၏ သားဖြစ်သူ သိင်္ဂါလက သတို့သားကား အယူဖောက်ပြားလွဲမှားကာ အရပ်မျက်နှာတို့ကို အမြဲမပြတ် ရှိခိုးလေ့ရှိ၏။ တစ်နေ့သ၌ ဘုရားရှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလတ်သော် သိင်္ဂါလက သတို့သား အရပ်မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးနေသည်ကို တွေ့မြင်တော်မူ၍ လမ်းခရီး၌ပင် အဆုံးအမ သြဝါဒတရား ဟောကြားတော်မူလေသည်။

ထိုတရားပွဲ၌ ယောကျ်ားမိန်းမ နှစ်ကုဋေတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တန်းဝင်ကြလေသည်။ သိင်္ဂါလကမာတာ သေဋ္ဌေးမကလေးသည် ထိုတရားပွဲ၌ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကာ ဘိက္ခုနီမ ပြုခဲ့လေသည်။ သိင်္ဂါလက မာတာ ထေရီသည် ဘိက္ခုနီအဖြစ်သို့ ရောက်ရှိချိန်မှစ၍ ရှေးဘဝ ဆုတောင်း ပါရမီ ကောင်းမှု ရှိလာခဲ့သည့်အတိုင်း သဒ္ဓိန္ဒြေကို လွန်လွန်ကဲကဲ ရရှိလေသည်။

ထေရီမသည် ဇေတဝန်ကျောင်းတော်သို့ တရားနာသွားသည့် အခါတွင် သူများတကာတို့ထက် သဒ္ဓါတရား ထက်သန်လှသဖြင့် ဘုရားရှင်၏ ရူပကာယ အသရေတော်ကို မမိုတ်မသုန် ဖူးမြင်လျက်သာ တရားနာ၏။ ဘုရားရှင်လည်း ထေရီမ၏ သဒ္ဓါတရား ထက်သန်

လှသည်ကို သိတော်မူသဖြင့် ထိုထေရီမနှင့် သပ္ပါယဖြစ်သည့် သဒ္ဒါတရား ဖြစ်စေနိုင်သော တရားကိုသာလျှင် အဓိကထား၍ ဟောကြားတော်မူလေသည်။ ထေရီမသည်လည်း သဒ္ဒါတရားကိုပင် အဦးပြု၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် ပရိသတ်လေးပါးတို့အလယ်၌ သိင်္ဂါလက မာတာ ထေရီအား သဒ္ဒါတရား ကြီးမားထက်သန်သောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး "သဒ္ဒါဓိမုတ္တာဧတဒဂ်" ဘွဲ့ကို ချီးမြှင့်တော်မူလေသည်။

ဤသို့ ဧတဒဂ်ဘွဲ့ထူးရှင် ထေရီများ ထူးချွန်စွာ ပေါ်ထွန်းလာခဲ့ခြင်းကြောင့် ဘိက္ခုနီ သာသနာတော်ကြီး၏ ဂုဏ်ရည်သည် ပိုမို တိုးတက် မြင့်မားလာခဲ့၏။ ထိုသို့ တိုးတက်မြင့်မားလာသည်နှင့်အမျှ ဘိက္ခုနီသာသနာ မပွင့်လင်းမီက ယောကျ်ားများအတွက် ဖျော်ဖြေရန် သက်သက်မျှသာဖြစ်၍ ဘာမျှ အရာမရောက် အောက်တန်းနောက် တန်း ကျခဲ့ရသော မိန်းမသားတို့၏ ဘဝသည် ယောကျ်ားမြတ်တို့၏ ရှိခိုးဦးခိုက်ခြင်းကိုပင် ခံယူနိုင်သည်အထိ အပြောင်းလဲကြီး ပြောင်းလဲ လာခဲ့ပေသည်။

မှန်ပါသည်။ ပသေနဒီ ကောသလမင်းကြီးသည် ခေမာထေရီ ထံသို့ ချဉ်းကပ်၍ သိမ်မွေ့နက်နဲသော ဓမ္မရေးရာ ပြဿနာများကို မေးလျှောက်လေရာ ခေမာထေရီက အစွန်းတစ်ဘက်သို့ မငြိစွန်းစေဘဲ တိကျပြတ်သားစွာ ဖြေကြားသဖြင့် နှစ်သက်ဝမ်းမြောက်စွာ ဦးခိုက် ရှိခိုးလေ၏။ ထို့အတူပင် အနာဂါမ်အရိယာ ဝိသာခ သူဌေးကြီး သည်လည်း ဇနီးဟောင်းဖြစ်သူ ဓမ္မဒိန္နာထေရီထံသို့ ချဉ်းကပ်၍ ဓမ္မရေးရာ နက်နဲသော ပြဿနာများကို မေးမြန်းခဲ့၏။ ဓမ္မဒိန္နာထေရီက သန်လျက်ဖြင့် ကြာရိုးကို ခုတ်ဖြတ်သကဲ့သို့ မေးသမျှ ပြဿနာကို

ဟုတ်တိုင်းမှန်ရာ တိကျပြတ်သားစွာ ဖြေဆိုနိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဦးခိုက်ရှိခိုးလေ၏။

ထိုမျှသာ မကသေးချေ။ မာရ်နတ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုပင် ရဲရဲတောက် စကား မိန့်ကြားပြောဆိုနိုင်သော ထေရီများလည်း ပေါ်ထွန်းခဲ့ပေသည်။

အခါတစ်ပါး၌ သောမာထေရီသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်က ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်နေ၏။ ထိုစဉ် မာရ်နတ် ရောက်ရှိလာကာ "ဘုရား အစရှိသော ပညာရှိတို့သာ ရောက်နိုင်သော အရဟတ္တဖိုလ် နိဗ္ဗာန်သို့ လက်နှစ်လုံးမျှ ပညာရှိသော သင်ကဲ့သို့သော မိန်းမသည် မရောက်နိုင်ရာ " ဟု ပြက်ရယ်စကား ပြောကြားလာ၏။

ဤ၌ မာရ်နတ်ဆိုလိုသည်မှာ မိန်းမများသည် လက်နှစ်ချောင်းဖြင့် ဗိုင်းငင်တတ်သောပညာ၊ ထမင်းနပ်၊ မနပ်ကို (ကြည့်ရုံမျှဖြင့် မသိနိုင်ဘဲ) လက်နှစ်ချောင်းဖြင့် ဆန်စေ့ကို ဖျစ်၍ စမ်းသပ်ကြည့်မှ သိနိုင်သော ပညာမျှသာ ရှိကြ၏။ ထိုသို့ လက်နှစ်လုံးမျှ ပညာရှိသော မိန်းမများသည် ဘုရားအစရှိသော ပညာရှိ ယောက်ျားမြတ်တို့သာ ရောက်အပ်သော အရဟတ္တဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ဟူ၍ ဖြစ်ပေသည်။

ထိုအခါ သောမာထေရီက–

"မာရ်ယုတ်၊ သစ္စာလေပါး တရားကို ကောင်းစွာ သိမြင်နိုင်သူအား စိတ်သည် ကောင်းစွာတည်ကြည်၍ အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသည်ရှိသော် မိန်းမဖြစ်သည့် ငါတို့အား အဘယ်သို့ တားမြစ်ခြင်းကို ပြုနိုင်ရာအံ့နည်း"

ဟု ရဲရဲတောက်စကား ပြောကြား ချေပခဲ့လေသည်။ ထို့အတူပင် နှောက်ယှက်ဖျက်စီးရန် ရောက်ရှိလာသော မာရ်နတ်ကို ရဲရဲတောက်

စကား ပြောကြားချေပ၍ အနိုင်ယူနိုင်ခဲ့သော ထေရီမ အများ အပြားပင် ရှိခဲ့ပေသည်။

ဤသို့ ပါရမီရှင် ထေရီမတို့၏ ဆုတောင်းဆုယူပုံများ၊ ပါရမီ ဖြည့်ဆည်းခဲ့ပုံများ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ၊ သံဝေဂရဖွယ် ဖြစ်ရပ်များ၊ စွမ်းဆောင်မှုများသည် နောင်လာ နောက်သားများအတွက် အထူးသဖြင့် အမျိုးသမီးများအတွက် အတုယူဖွယ်၊ အားကျဖွယ်၊ သံဝေဂယူဖွယ် ကောင်းသည့်အပြင် ငါတို့လို အမျိုးသမီးများသည် မြတ်ဗုဒ္ဓလက်ထက်တော်အခါက ဤမျှအထိ စွမ်းဆောင်နိုင်ခဲ့ကြပေသည်တကားဟု ဂုဏ်ယူဖွယ်လည်း ကောင်းလှပေသည်။

## နနစ်နှစ်အရွယ် ရဟန္တာထေရီမယ်သုံးပါး

မြတ်ဗုဒ္ဓလက်ထက် ဘိက္ခုနီသာသနာတော်သည် တစ်နေ့ တစ်ခြား စည်ပင်ပွင့်လင်းလာသည်နှင့်အမျှ ဖော်ပြခဲ့သည့် အတိုင်း ဧတဒဂ်ဘွဲ့ထူးရှင် ထေရီများလည်း ထူးထူးချွန်ချွန် ပေါ်ထွန်း လာခဲ့သည်။ ယင်းသို့ ဧတဒဂ်ဘွဲ့ထူးကို မဆွတ်ခူးနိုင်ကြသော်လည်း ထူးထူးခြားခြား ပါရမီများကို ဖြည့်ဆည်း၍ သက်တော်နုနယ် ခုနစ်နှစ်အရွယ်မျှဖြင့် ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊ အဘိညာဉ် ခြောက်ပါး နှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူး ရယူ၍ ရဟန္တာ အဖြစ်သို့ ရောက်ရှိခဲ့ကြသော ထေရီမယ်ကလေး သုံးပါးလည်း ထူးထူးခြားခြား ပေါ်ထွန်းလာခဲ့သည်။ ယင်းတို့မှာ–

၁။ ပဋ္ဌဒီပိကာထေရီ

၂။ ဇေကူ ပေါသထိကာထေရီ

၃။ ပဋ္ဌဒီပဒါယိကာထေရီ–တို့ဖြစ်ကြသည်။

## ၁။ ပဋ္ဌဒီပိကာထေရီ

ထိုတွင် ပဋ္ဌဒီပိကာ ထေရီသည် သက်တော်နုနယ် ခုနစ်နှစ်အရွယ်မျှဖြင့် အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရယူနိုင်ခဲ့သော ရဟန္တာထေရီမကလေးတစ်ပါးဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည် ပဒုမုတ္တရ ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသောခါတွင် ဟံသာဝတီပြည်၌ သူကြွယ်တစ်ဦး၏ သမီးဖြစ်ခဲ့၏။ အရွယ်ရောက်သောအခါ မိဘများက အမျိုးအနွယ်တူ သူကြွယ်တစ်ယောက်နှင့် ထိမ်းမြားပေးကြ၏။ ဇနီးမောင်နှံ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ခဲ့ကြရာမှ ခင်ပွန်းကွယ်လွန်သွားခဲ့၏။ ခင်ပွန်းသည် ကွယ်လွန်သောအခါ သံဝေဂဉာဏ် ဖြစ်ပွားလျက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆည်းပူးကာ တစ်ယောက်တည်း နေထိုင်ခဲ့၏။

အားလပ်သည့်အခါတိုင်းမှာလည်း ရဟန်းသံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်များသို့ လှည့်လည်သွားလာ၍ သံဃာတော်များကို ဖူးမြော်ခြင်း၊ စွမ်းအားရှိသမျှ ပစ္စည်းလေးပါး လှူဒါန်းခြင်း၊ တရားတော်များကို နာယူခြင်း စသည်ဖြင့် အချိန်ကို ကုန်လွန်စေခဲ့၏။

ဤသို့ ကျောင်းတိုက်များကို လှည့်လည်သွားလာ၍ ရဟန်းသံဃာတော်များကို ဖူးမြော်ပူဇော်လေ့ရှိခြင်းကြောင့်ပင် သူမ၏အမည်ကို "စာရိကီ" ဟု ခေါ်ဝေါ်ကြ၏။ ကျောင်းတိုက်များသို့ လှည့်လည်သွားလာလေ့ရှိသူဟု ဆိုလိုပါသည်။

ထေရီအလောင်းအလျာအမျိုးသမီးသည် ထိုသို့ကျောင်းတိုက်များသို့ လှည့်လည်ဖူးမြော်လေ့ရှိရာ တစ်နေ့သ၌ ပဒုမုတ္တရာဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်ကို ဖူးမြင်ရ၏။ ဗောဓိပင်ကို ကြည်ညိုသော သဒ္ဓါတရားဖြင့် လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် "ဤဗောဓိပင်ကို အမှီပြု၍ ပွင့်တော်မူသော ဘုရားရှင်သည် မနှိုင်းယှဉ်နိုင်သော

ဂုဏ်ရှိသော ပုဂ္ဂိုလ်၊ အတုမရှိ ပြိုင်ဘက်မရှိသော ပုဂ္ဂိုလ် ဖြစ်ပါမူ ဤဖောဓိပင်သည် ငါ့အား တန်ခိုး ပြာဋိဟာ ပြပါစေသတည်း” ဟု အဓိဋ္ဌာန်ပြုလေ၏။ ယင်းသို့ အဓိဋ္ဌာန်ပြုသော ခဏမှာပင် ဗောဓိပင်မှ တခဲနက် ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်များ ကွန့်မြူး ထွက်ပေါ်လာ၏။ အမျိုးကောင်းသမီးသည် ထူးဆန်းအံ့သြဖွယ် အခြင်းအရာကို တွေ့မြင်ရသဖြင့် ကြည်ညိုသဒ္ဓါစိတ်များ ယိုဖိတ်ကာ ထိုဗောဓိပင် အနီးမှာပင် ခုနစ်ရက်တိုင်တိုင် ဖူးမြော်နေခဲ့၏။ ခုနစ်ရက်မြောက်သောနေ့တွင် ဗောဓိပင်ကို ဆီမီးငါးတိုင်ဖြင့် ညလုံးပေါက် ထွန်းညှိပူဇော်ခဲ့လေသည်။

အမျိုးကောင်းသမီးသည် ထိုကောင်းမှုကြောင့် နတ်ပြည်၌ နတ်မိဖုရားကြီးအဖြစ် အကြိမ်ရှစ်ဆယ်၊ လူ့ပြည်၌ စကြဝတေးမင်း၏ အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ် အကြိမ်တစ်ရာတိုင်တိုင် ဖြစ်ခဲ့ရ၏။ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို သက်တော်ထင်ရှား ဘုရားရှင်နှင့်အတူပြု၍ စိတ်ထားဖြူစင်စွာဖြင့် ပူဇော်ခဲ့သည့် အကျိုးကျေးဇူးကား ကြီးမားလှပေသည်။

အမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည်ရ၍ ဂေါတမ မြတ်ဗုဒ္ဓ လက်ထက်တော်အခါတွင် အာဠဝီပြည်ဝယ် အာဠဝီမင်းကြီး၏ သမီးတော် ဖြစ်လာ၏။ မင်းသမီး၏ အမည်ကို “သေလာ” ဟူ၍ မှည့်ခေါ်ကြ၏။ အာဠဝီမင်းကြီး၏ သမီးတော်ဖြစ်၍ “အာဠဝီ မင်းသမီး” ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

မင်းသမီးကလေး ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ မြတ်ဗုဒ္ဓသည် အာဠဝက ဘီလူးကို ဆုံးမ၍ သပိတ်သက်န်းကို ထမ်းဆောင်စေလျက် အာဠဝီပြည်သို့ ကြွလာတော်မူ၏။ ထိုအခါတွင် မင်းသမီးကလေးသည် ခမည်းတော် မင်းကြီးနှင့်အတူ ကျောင်းတော်

သို့ လိုက်ပါ၍ တရားတော်ကို နာရ၏။ တရားတော်ကို ကြားနာပြီးချိန် မှာပင် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသိကာ အဖြစ်ကို ခံယူခဲ့၏။ မကြာမီ ပါရမီရှင် မင်းသမီးကလေးသည် လူ့ဘောင်လောကကို ငြီးငွေ့၍ သာသနာတော်သို့ ဝင်ရောက်ကာ ဘိက္ခုနီ ပြုလေ၏။

ဘိက္ခုနီ ဖြစ်ပြီးချိန်မှစ၍ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လေရာ မကြာမီပင် ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ် ဉာဏ် အထူးကို ဆွတ်ခူးကာ ရဟန္တာထေရီမကလေး အဖြစ်သို့ ရောက်ရှိ လေသည်။ ဤသို့ ထေရီမကလေး၏ အရဟတ္တဖိုလ် ဂုဏ်ထူးကို သိမြင်တော်မူသဖြင့် မြတ်ဗုဒ္ဓသည် အသက်နှစ်ဆယ် မပြည့်ခင် ခုနစ်နှစ် အရွယ်မျှဖြင့်ပင် ဘိက္ခုနီ ပြုခွင့်ကို ပေးတော်မူခဲ့လေ သည်။

သေလာထေရီမကလေးသည် ရဟန္တာအဖြစ်သို့ ရောက်ရှိ သောအခါ မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ မိမိ ဤသို့ ခုနစ်နှစ်အရွယ် နုနုနယ်နယ်ဖြင့် အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ပဒုမုတ္တရ ဘုရား၏ ဗောဓိပင်ကို ဆီမီးငါးတိုင်ဖြင့် ညလုံးပေါက် ထွန်းညှိပူဇော်ခဲ့သော ကောင်းမှုကြောင့်ပင်ဖြစ်ကြောင်း လျှောက်ထား လေ၏။ ယင်းသို့ ဆီမီးငါးတိုင် ထွန်းညှိလှူဒါန်းခဲ့သည်ကိုပင် အစွဲပြုကာ ထိုအချိန်မှစ၍ "ပဉ္စဒီပိကာထေရီ" ဟု ထင်ရှားလေသည်။

ထေရီမကလေး၏ ဘွဲ့အမည်ကို သံယုတ်ပါဠိတော်၌ "အာဠ ဝိကာထေရီ" အမည်ဖြင့်လည်းကောင်း၊ ထေရီဂါထာ ပါဠိတော်၌ "သေလာထေရီ" အမည်ဖြင့် လည်းကောင်း၊ အပဒါန်ပါဠိတော်၌ "ပဉ္စဒီပိကာထေရီ" အမည်ဖြင့်လည်းကောင်း သင်္ဂါယနာတင် ထေရ် အရှင်မြတ်တို့ မှတ်တမ်းတင်ခဲ့ကြပေသည်။

## ၂။ ကေ့ပေါသထိကာထေရီ

ကေ့ပေါသထိကာထေရီသည်လည်း သက်တော်နှနယ် ခုနစ်နှစ်အရွယ်မျှဖြင့်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရယူနိုင်ခဲ့သော ရဟန္တာထေရီမကလေးတစ်ပါး ဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် ဗန္ဓုမတီမြို့၌ သူကြွယ်တစ်ဦး၏ အိမ်၌ ကျွန်မ ဖြစ်ကာ အိမ်ရှင်တို့၏ အမှုကိစ္စများကို ဆောင်ရွက်၍ အသက်မွေးရ၏။ တစ်နေ့သ၌ ဗန္ဓုမာမင်းကြီးနှင့်တကွ မြို့သူမြို့သားအပေါင်းတို့သည် နံနက်ခင်း၌ အလှူဒါနပြုကြပြီးလျှင် ညနေခင်း၌ ဘုရားကျောင်းတော်သို့သွား၍ တရားနာကြ၏။ ထို့အတူပင် လပြည့်နေ့၌ ဥပုသ်သီလကို ခံယူဆောက်တည်ကြကုန်၏။ ဤတွင် အိမ်ကျွန်မသည် "ယခုအခါ ဗန္ဓုမာမင်းကြီးနှင့်တကွ မြို့သူမြို့သား အပေါင်းတို့သည် ကာမဂုဏ်ချမ်းသာများကို စွန့်ပယ်၍ ဥပုသ်သီလ ဆောက်တည်ကြကုန်၏။ ဤသို့ ဝမ်းမြောက်ဝမ်းသာ ဥပုသ်သီလကို ဆောက်တည်ကြခြင်းသည် ထိုကာမဂုဏ်ချမ်းသာများထက် သာလွန်ကောင်းမြတ်သော ချမ်းသာကို ပေးစွမ်းနိုင်၍သာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ငါသည်လည်း ဥပုသ်သီလကို စောင့်သုံးရမူ ကောင်းလေစွ" ဟု တွေးတောကာ ဥပုသ်သီလကို စင်ကြယ်စွာ ခံယူဆောက်တည်ခဲ့၏။

ဤသို့ စင်ကြယ်သော စေတနာဖြင့် တစ်ကြိမ်တစ်ခါ စောင့်ထိန်းခဲ့ရသော ဥပုသ်သီလ ကုသိုလ်ကြောင့် အလောင်းအလျာ အမျိုးသမီးသည် နတ်ပြည်၌ နတ်မိဖုရားကြီးအဖြစ် ခြောက်ဆယ့်လေးကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်း၏ မိဖုရားကြီးအဖြစ် ခြောက်ဆယ့်သုံးကြိမ် ဖြစ်ခဲ့ရ၏။

အလောင်းအလျာအမျိုးသမီးသည် ဤသို့ ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင် အပါယ်ဒုဂ္ဂတိသို့ မလားမရောက်ဘဲ လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ခဲ့ရပြီးလျှင် ဤဂေါတမ မြတ်ဗုဒ္ဓ လက်ထက်တော်အခါတွင် သာဝတ္ထိမြို့၌ သေဋ္ဌေးကြီးတစ်ဦး၏သမီး ဖြစ်လာ၏။ သေဋ္ဌေးသမီး၏ အမည်ကို "ဥတ္တမာ" ဟူ၍ မှည့်ခေါ်ကြသည်။

ဥတ္တမာ သတို့သမီးကလေးသည် ပါရမီရင့်မကလေး ဖြစ်သည့်အလျောက် ငယ်ရွယ်နုနယ် ခုနစ်နှစ်အရွယ်မှာပင် ပဋာစာရာထေရီမကြီးထံမှ တရားတော်ကို ကြားနာရ၍ သံဝေဂဉာဏ် ဖြစ်ပေါ်ကာ သာသနာတော်၌ ဘိက္ခုနီ ပြုခဲ့၏။

ဘိက္ခုနီအဖြစ်ကို ရရှိပြီးနောက် ဥတ္တမာထေရီမကလေးသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်၏။ သို့ရာတွင် တရားထူး မရနိုင်သဖြင့် တစ်ညတစ်ညတွင် လေးကြိမ်ငါးကြိမ်တိုင်တိုင် ကမ္မဋ္ဌာန်းကျောင်းထဲမှ ထွက်ခွာခဲ့ရ၏။ ဤတွင် ပဋာစာရာထေရီသည် ဥတ္တမာထေရီမကလေး၏ စိတ်မတည်ငြိမ်နိုင်ပုံကို သိရှိကာ ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့ကို ဟောကြားကာ ဆုံးမ၏။ ထိုအခါ ဥတ္တမာထေရီကလေးသည် ဆုံးမစကားအတိုင်း လိုက်နာကျင့်သုံးလျက် ဝိပဿနာတရားများ ပွားများအားထုတ်သဖြင့် ရှစ်ရက်မြောက်သောနေ့မှာပင် ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရရှိကာ ရဟန္တာထေရီမ ကလေးအဖြစ်သို့ ရောက်ရှိလေသည်။

ရဟန္တာဖြစ်ပြီးသော ဥတ္တမာထေရီမကလေးသည် မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ မိမိဤသို့ သက်ရွယ်နုနယ် ခုနစ်နှစ်အရွယ်မျှဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီအဖြစ်သို့ ရောက်ရှိရခြင်းသည် ကျွန်မ ဖြစ်ခဲ့စဉ်က တစ်ကြိမ်တစ်ခါမျှ ဆောက်တည်ကျင့်သုံးခဲ့ရသော ဥပုသ်သီလ ကုသိုလ်ကြောင့်ပင်ဖြစ်ကြောင်း လျှောက်ထားလေ၏။

ယင်းသို့ တစ်ကြိမ်တစ်ခါ ဥပုသ်သီလ ဆောက်တည်ကျင့်သုံးခဲ့ခြင်းကို အစွဲပြု၍ "ဧကူပေါသထိကာထေရီ" ဟု ထင်ရှားလာခဲ့လေသည်။

ဤထေရီမကလေး၏ ဘွဲ့အမည်ကို ထေရီဂါထာ ပါဠိတော်၌ "ဥတ္တမာထေရီ" အမည်ဖြင့်လည်းကောင်း၊ ထေရီအပဒါန် ပါဠိတော်၌ "ဧကူပေါသထိကာထေရီ" အမည်ဖြင့်လည်းကောင်း သင်္ဂါယနာတင် ထေရ်အရှင်မြတ်တို့ မှတ်တမ်းတင်ခဲ့ကြပေသည်။

## ၃။ ပဥ္စဒီပဒါယိကာထေရီ

ပဥ္စဒီပဒါယိကာထေရီသည်လည်း သက်တော်ခုနစ်နှစ် အရွယ်မျှဖြင့်ပင် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရယူနိုင်ခဲ့သော ရဟန္တာထေရီမကလေးတစ်ပါးဖြစ်သည်။

ဤထေရီမ အလောင်းအလျာသည်လည်း ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသောအခါတွင် ဟံသာဝတီမြို့၌ သူကြွယ်တစ်ဦး၏သမီး ဖြစ်ခဲ့၏။ ထိုစဉ်အခါက ပဒုမုတ္တရာဘုရားရှင်၏ ဗောဓိပင်ကို ဆီမီးငါးတိုင်ဖြင့် ညလုံးပေါက် ထွန်းညှိပူဇော်ခဲ့၏။

ဤကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် လူ့ပြည်၊ နတ်ပြည်၊ သုဂတိဘုံဘဝတို့၌သာ ကျင်လည်ခဲ့ရ၍ ဤဂေါတမမြတ်ဗုဒ္ဓ လက်ထက်တော်တွင် အာဠဝီပြည်၌ အာဠဝီမင်းကြီး၏ သမီးတော်ဖြစ်လာ၏။ မင်းသမီးကလေး ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ဘုရားရှင်၏တရားတော်ကို ကြားနာရသဖြင့် သံဝေဂဉာဏ် ဖြစ်ပေါ်ကာ သာသနာတော်တွင်းသို့ ဘိက္ခုနီအဖြစ် ဝင်ရောက်ခဲ့၏။

ဘိက္ခုနီဖြစ်ပြီးချိန်မှစ၍ ထေရီမကလေးသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လေရာ မကြာမီမှာပင်

ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရရှိကာ ရဟန္တာထေရီမကလေးအဖြစ်သို့ ရောက်ရှိလေ၏။

ထေရီမကလေးသည် အလောင်းအလျာဘဝက ပဒုမုတ္တရဘုရားရှင်၏ ဗောဓိပင်ကို ဆီမီး ငါးတိုင်ဖြင့် ညလုံးပေါက် ထွန်းညှိ ပူဇော်ခဲ့သည်ကိုပင် အစွဲပြု၍ "ပဉ္စဒီပဒါယိကာထေရီ" ဟူသော အမည်ဖြင့် ထင်ရှားခဲ့လေသည်။

ဤပဉ္စဒီပဒါယိကာထေရီနှင့် ပဉ္စဒီပိကာထေရီတို့မှာ အတိတ်ဘဝ ပါရမီ ဖြည့်ဆည်းခဲ့ပုံ၊ ပစ္စုပ္ပန်ဘဝ အကျိုးပေးပုံ အားလုံး တူညီကြ၍ အမည်မျှသာ ကွဲလွဲပေသည်။

မိထွေးတော်ဂေါတမီ၏ စွမ်းဆောင်မှုကြောင့် ပေါ်ထွန်းခဲ့ရသော ဘိက္ခုနီသာသနာတော်ကား အမျိုးကောင်းသမီးတို့အတွက် ကျေးဇူးတရား များစွာဖြစ်ထွန်းခဲ့၏။ သားသမီးဆယ်ယောက်မိခင် ဗဟုပုတ္တိကသောဏာထေရီကဲ့သို့သော ထေရီမကြီးများမှသည် ပဉ္စဒီပိကာထေရီ စသော ခုနစ်နှစ်အရွယ် ထေရီမယ်ကလေးများအထိ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရယူနိုင်ကြပေသည်။

## ပိဋကတ်သုံးပုံဆောင် ထေရီများ

မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘိက္ခုနီအရှင်မတို့သည် ဖော်ပြခဲ့သည့်အတိုင်း ဝိပဿနာကမ္မဋ္ဌာန်းတရား ပွားများအားထုတ်မှု (ဝိပဿနာဓုရ) တာဝန်ပိုင်း၌ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသကဲ့သို့ ပိဋကတ်စာပေများကို သင်ယူမှု၊ ပို့ချမှု၊ (ဂန္ထဓုရ) တာဝန်ကိုလည်း ကျေပွန်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘိက္ခုနီသာသနာတော်၌ ပိဋကတ်သုံးပုံဆောင် ထေရီများလည်း မြောက်မြားစွာ

ပင် ပေါ်ထွန်းခဲ့ပေသည်။

မြတ်ဗုဒ္ဓ၏ လက်ယာတော်ရံ တပည့် ခေမာထေရီသည် ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ပိဋကတ်သုံးပုံဆောင် ထေရီမတစ်ပါး ဖြစ်၏။ ပညာဉာဏ်ကြီးသောအရာတွင် ဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူး ရရှိခဲ့သော ထေရီမလည်း ဖြစ်၏။ ပိဋကတ်သုံးပုံကို ပို့ချ၍ ဘိက္ခုနီ သာသနာကို တိုးတက်စည်ပင် ပွင့်လင်းအောင် စွမ်းဆောင်ခဲ့သည့် ထေရီမလည်းဖြစ်၏။ ခေမာထေရီသည် မိမိဝိသုဒ္ဓိနှင့် ကထာဝတ္ထု အဘိဓမ္မာတို့၌ ထူးထူးခြားခြား ပါရဂူမြောက် ကျွမ်းကျင် တတ်မြောက် ကြောင်းကို ဤသို့ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့သည်။

"ကုသလာဟံဝိသုဒ္ဓိသု၊ ကထာဝတ္ထုဝိသာရဒါ။
အဘိဓမ္မနယညျူစ၊ ဝသိပ္ပတ္တာမှိသာသနေ။"

"ငါသည် ဝိသုဒ္ဓိတို့၌ ကျွမ်းကျင်လိမ္မာ၏။ ကထာဝတ္ထုကျမ်း၌ ရဲရင့်၏။ အဘိဓမ္မာနည်းကို သိ၏။ သာသနာတော်၌ ဝသီဘော်သို့ ရောက်သူဖြစ်၏။ "

လက်ဝဲတော်ရံ တပည့်မ ဥပ္ပလဝဏ္ဏာထေရီသည်လည်း ခေမာထေရီအောက် ထူးထူးခြားခြား ပိဋကတ်သုံးပုံဆောင် ထေရီမ တစ်ပါးဖြစ်သည်။ အရှင်မသည် မိမိပဋိသမ္ဘိဒါဉာဏ်လေးပါးကို ရရှိနိုင်နင်းသူဖြစ်ကြောင်းကို မြတ်ဗုဒ္ဓအား ဤသို့ လျှောက်ထားခဲ့သည်။

"အတ္ထဓမ္မနိရုတ္တီသု၊ ပဋိဘာနတထေဝစ။
ဉာဏံမေဝိမလံသုဒ္ဓံ၊ သဘာဝေနမဟေသိနော။"

"မြတ်စွာဘုရား၏ (သာသနာတော်၌) အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါတို့၌လည်းကောင်း၊ ထို့အတူ ပဋိဘာန ပဋိသမ္ဘိဒါတို့၌လည်းကောင်း ဉာဏ်သည် မိမိသဘောအားဖြင့် အကျွန်ုပ်အား အညစ်အကြေး ကင်းလွတ် စင်ကြယ်ခဲ့ပြီ"

ယင်းသို့ ပဋိသမ္ဘိဒါ ဉာဏ်လေးပါးကို ရသည်နှင့် တစ်ပြိုင်နက် ပိဋကတ်သုံးပုံကို တတ်ပြီး၊ ဆောင်ပြီးလည်း ဖြစ်လေသည်။

ပဋာစာရာထေရီသည်လည်း ထူးထူးခြားခြား ပိဋကတ်သုံးပုံ ဆောင် ထေရီတစ်ပါးဖြစ်သည်။ အရှင်မသည် မြတ်ဗုဒ္ဓ ထံတော်မှ ဝိနည်း ပိဋကတ်ကို သင်ယူခဲ့၍ ဝိနည်းအရာ၌ ကျွမ်းကျွမ်းကျင်ကျင် နိုင်နင်းတတ်မြောက်သူလည်း ဖြစ်၏။ ဘိက္ခုနီတို့တွင် ဝိနည်း အရာဝယ် အရှင်မထက် သာသူ မဆိုထားဘ်၊ တူသူပင် မရှိသဖြင့် ဝိနယဓရ (ဝိနည်းဆောင်) ဧတဒဂ် ဘွဲ့ထူးကို ဆွတ်ခူးရရှိသူလည်း ဖြစ်ပေသည်။

ထို့ပြင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီများ ဖြစ်ကြသည့် မိထွေးတော်(မဟာပဇာပတိ) ဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီ၊ အဘိရူပနန္ဒာထေရီ၊ သုမင်္ဂလာထေရီ၊ အနုကာသိထေရီ၊ စိတ္တာထေရီ၊ မေတ္တိကာထေရီ၊ မိတ္တာထေရီ၊ အဘယမာတုထေရီ၊ သာမာထေရီ၊ အပရာသာမာထေရီ၊ ဥတ္တမာထေရီ၊ သုတ္တာထေရီ၊ သောမာထေရီ၊ ဘဒ္ဒါကုဏ္ဍလကေသာထေရီ၊ ကိသာဂေါတမီထေရီ၊ ပုဏ္ဏာထေရီ၊ အမ္ဗပါလီထေရီ စသည်တို့သည်လည်း ပိဋကတ်သုံးပုံဆောင် ထေရီများ ပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဘိက္ခုနီသာသနာတော်၌ ပိဋကတ် သုံးပုံဆောင် သာသနာ့အာဇာနည်ထေရီများလည်း ရာထောင်ချီ၍ ပေါ်ထွန်းခဲ့ကြောင်း သိရပေသည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓ လက်ထက် ဘိက္ခုနီသာသနာတော်သည် ပဋိသမ္ဘိဒါ ပတ္တ ဆဠာဘိည၊ တေဝိဇ္ဇပတ္တ၊ တိပိဋကဓရ ရဟန္တာ ထေရီတို့ဖြင့် အစွမ်းကုန် စည်ပင်ပွင့်လင်းခဲ့လေသည်။

## မိထွေးတော် ဂေါတမီ၏ ဘဝနိဂုံး

မိန်းမသားများ သာသနာအတော်၌ ဘိက္ခုနီပြုခွင့်ရရှိရေးအတွက်

စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သော မိထွေးတော်ဂေါတမီသည် သက်တော် (၉၄) နှစ်အရွယ်၊ မဟာသက္ကရာဇ် ၁၀၇-ခုနှစ် ဘီစီ -၅၈၅) တွင် မြတ်ဗုဒ္ဓသာသနာတော်၌ ဘိက္ခုနီပြုခွင့်ကို ပထမဆုံး ရရှိတော်မူခဲ့၏။ ဘိက္ခုနီအဖြစ်သို့ ရောက်ရှိပြီး၍ မကြာမီမှာပင် သံခိတ္တဒေသနာတော်ကို ကြားနာရသဖြင့် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူး၍ ရဟန္တာထေရီမကြီးအဖြစ်သို့ ရောက်ရှိခဲ့၏။ ထိုအချိန်မှစ၍ ထေရီမကြီးသည် သားတော်မြတ်ဘုရား၏ သာသနာတော်အရိပ်အောက်သို့ဘိက္ခုနီအဖြစ် ခိုလှုံရောက်ရှိလာကြသော အမျိုးကောင်းသမီးများအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်း၊ ဘိက္ခုနီမများအပေါ် မိခင်ပမာ ကြီးမားသော မေတ္တာ၊ ကရုဏာဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆုံးအမ ဩဝါဒပေးခြင်း စသည်ဖြင့် သာသနာရေးရာ ကိစ္စအဝဝကို ဦးဆောင်ဦးရွက်ပြု၍ သယ်ပိုးထမ်းဆောင်ခဲ့၏။ သာသနာ့တာဝန်များမှ အားလပ်ခွင့်ရသည့် အခါများတွင်မူအရဟတ္တဖလသမာပတ်ကို ဝင်စားလျက် ဒိဋ္ဌဓမ္မနိဗ္ဗာန်ချမ်းသာကို ခံစားကာ အချိန်ကို ကုန်လွန်စေခဲ့သည်။

ဤသို့သီတင်းသုံးနေထိုင်တော်မူရင်း မိမိအား ဤသို့သော လောကုတ္တရာ ချမ်းသာသုခကို ပေးသနားတော်မူသော မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးတော်များကို ထုတ်ဖော်ချီးကျူးလျက် မိမိ၏ အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကိုလည်း ဤသို့ ဝန်ခံပြောကြားလေ့ရှိ၏။

"အလုံးစုံသော သတ္တဝါတို့ထက် မြင့်မြတ်တော်မူ၍ သစ္စာလေးတန် တရားမှန်ကို သိမြင်ရေး၌ လုံ့လဝီရိယ ထက်သန်လှစွာသော မြတ်စွာဘုရား။ တပည့်တော်မနှင့်တကွ အခြားသော ဝေနေယျသတ္တဝါတို့ကို ဆင်းရဲဒုက္ခ ကင်းလွတ်

အောင် စွမ်းဆောင်တော်မူသော ရှင်တော်မြတ် ဘုရားအား တပည့်တော်မ ရှိခိုးလိုက်ပါ၏။

တပည့်တော်မသည် အလုံးစုံသော ဆင်းရဲဒုက္ခကို ပိုင်းခြား၍ သိပါပြီ။ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တဏှာကိုလည်း ခန်းခြောက်စေအပ်ပါပြီ။ အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာကိုလည်း ပွားများစေအပ်ပါပြီ။ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာကိုလည်း မျက်မှောက်ပြုအပ်ပါပြီ။

တပည့်တော်မသည် ကျေးဇူးသခင် ဘုရားရှင်ကို လောကုတ္တရာဉာဏ်အမြင်ဖြင့် ကောင်းစွာဖူးမြင်အပ်ပါပြီ။ ဤဘဝ ဤခန္ဓာသည် နောက်ပိတ်ဆုံး ဖြစ်ပါ၏။ ဘဝသံသရာ ကျင်လည်စရာ ကုန်ခန်းပါပြီ။ ယခုအခါ တပည့်တော်မအား နောက်ထပ်တစ်ဖန် ဘဝသစ် ဖြစ်ပေါ်ရန် မရှိတော့ပါ”

ဤသို့ စသည်ဖြင့် ကျေးဇူးရှင်၏ ကျေးဇူးတရားများကို ဝမ်းသာအားရ ထုတ်ဖော်ချီးကျူးလျက် ချမ်းသာစွာ သီတင်းသုံး နေလာခဲ့ရာ သက်တော်တစ်ရာ့နှစ်ဆယ်အရွယ်သို့ ရောက်ရှိလာခဲ့၏။

ထိုအချိန်တွင် မြတ်ဗုဒ္ဓသည် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၊ မဟာဝုန်တောရှိ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ရှိ၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒ၊ အရှင်ရာဟုလာ မထေရ်တို့လည်း မြတ်ဗုဒ္ဓနှင့်အတူ ကူဋာဂါရကျောင်းတော်၌ ရှိနေတော်မူကြ၏။ မိထွေးတော် ဂေါတမီ ထေရီမကြီးသည်လည်း သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့နှင့်အတူ ဝေသာလီပြည်ရှိ ဘိက္ခုနီကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသည်။

တစ်နေ့သ၌ မိထွေးတော်ဂေါတမီ ထေရီမကြီးသည် ဖလသမာပတ်မှထ၍ မိမိအသက်တမ်းကို ဆင်ခြင်တော်မူရာ အသက်

တစ်ရာ့နှစ်ဆယ်အရွယ်သို့ရောက်၍ သက်တမ်းကုန်နေသည်ကို တွေ့ရ၏။ ထိုအခါ "ငါသည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း၊ အဂ္ဂသာဝက အစုံ ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းနှင့် တူတော် အရှင်အာနန္ဒာ၊ သားတော်နန္ဒ၊ မြေးတော် အရှင်ရာဟုလာတို့၏ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းတို့ကို ဖူးမြင်ခွင့် မရပြီ။ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးနှင့် တူတော်၊ သားတော်၊ မြေးတော်တို့၏ အလျင် မြတ်စွာဘုရားထံ ခွင့်ပန်၍ ပရိနိဗ္ဗာန် စံဝင်တော့မည်" ဟု အကြံဖြစ်လေ၏။ ထို့အတူပင် သာကီဝင်မင်းသမီးဘိက္ခုနီ အရှင်မ ငါးရာတို့ကလည်း ပရိနိဗ္ဗာန် စံဝင်ရန် အကြံဖြစ်ပေါ်ကြ၏။ ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် ပဲ့တင်ဟီးလျက် ပြင်းစွာ တုန်လှုပ်၏။ ကောင်းကင်မှလည်း အခါမဟုတ်မိုးထစ်ချုန်း၍ နတ်စည်များ ရွမ်း၏။ ကျောင်းစောင့်နတ်တို့လည်း မိထွေးတော်ကြီးနှင့် ထေရီမ ငါးရာတို့၏အကြံကို သိ၍ ငိုကြွေးမြည်တမ်းကြသည်။

ထိုအခြင်းအရာကို မြင်တွေ့ရလေလျှင် သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့သည် မိထွေးတော် ဂေါတမီထေရီမကြီးထံသို့ ချဉ်းကပ်ကြ၍ အကြောင်းစုံကို ပြောဆို မေးမြန်းကြကုန်၏။ မိထွေးတော်ထေရီမကြီးက မိမိ ပရိနိဗ္ဗာန်စံဝင်ရန် အကြံဖြစ်၍ ဤနိမိတ်များ ဖြစ်ပေါ်လာကြောင်း ဖွင့်ဟပြောဆို၏။ ထိုအခါ ဘိက္ခုနီ အရှင်မ ငါးရာတို့ကလည်း မိမိတို့လည်း ထို့အတူပင် အကြံဖြစ်ပေါ်ကြကြောင်းကို လျှောက်တင်ကြ၏။ ဤသို့ဖြင့် မိထွေးတော်ထေရီမကြီးနှင့် ဘိက္ခုနီအရှင်မ ငါးရာတို့သည် စိတ်တူသဘောတူဖြစ်ကြကာ မြတ်ဗုဒ္ဓနှင့်သံဃာတော်များအား နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကန်တော့ရန် မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ

ကုဋ္ဌာဂါရကျောင်းတိုက်သို့ ထွက်ခွာလာခဲ့ကြလေသည်။

## မိထွေးတော် ဂေါတမီ၏ နောက်ဆုံးမှာတမ်း

လမ်းခရီးအကြား၌ သဒ္ဓါတရား ထက်သန်ကြသူ အမျိုးသမီး အပေါင်းတို့သည် မိထွေးတော်ထေရီမကြီး၏ ခြေတော်ရင်းသို့ ဝပ်စင်းကြကုန်လျက် မိမိတို့ကို ကိုးကွယ်ရာမဲ့ ထားရစ်ခဲ့၍ ပရိနိဗ္ဗာန် ပြုမသွားရန် တောင်းပန်ငိုကြွေးကြကုန်၏။ ယင်းသို့ တောင်းပန် ငိုကြွေးကြကုန်သော အမျိုးသမီးအပေါင်းတို့အား သက်သာရာ ရစိမ့် သောငှာ ဤသို့ တရားရေအေး တိုက်ကျွေးဆုံးမတော်မူ၏။

"ချစ်သမီးတို့၊ ငါသည် ကမ္ဘာတစ်သိန်းတိုင်တိုင် နိဗ္ဗာန်ကို တောင်းတ၍ ဒါနစသော ပါရမီတို့ကို ဖြည့်ဆည်းခဲ့၏။ ဤအခါသည် ဝမ်းမြောက်ဝမ်းသာ စည်ရွှမ်းရမည့်အခါ ဖြစ်၏။ မျက်ရည်ယိုကျ ငိုရမည့်အခါ မဟုတ်ပေ။ ချစ်သမီး တို့၊ အကယ်၍ ချစ်သမီးတို့သည် ငါ့ကို ချစ်မြတ်နိုး၍ ငါ၏ ကျေးဇူးတရားကို သိကြပါလျှင် သူတော်ကောင်း တရားဟု ဆိုအပ်သော သာသနာတော်သုံးရပ် တည်တံ့ခြင်းငှာ လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။ ချစ်သမီးတို့၊ မိန်းမသားများ ရဟန်းပြုခွင့် ရအောင် ငါသည် မြတ်စွာဘုရား ကို အကြိမ်ကြိမ် တောင်းပန်ခဲ့ရ၏။ ငါ တောင်းပန်သော ကြောင့်သာ မိန်းမများအား သာသနာတော်၌ ရဟန်းပြုခွင့်ကို ပေးတော်မူခဲ့၏။ ထို့ကြောင့် ငါသည် ရဟန်းအဖြစ်ကို နှစ်သက်မြတ်နိုးသကဲ့သို့ သင်ချစ်သမီးတို့လည်း ရဟန်း အဖြစ်ကို နှစ်သက်မြတ်နိုးရစ်ကြကုန်လော့"

ဤစကားများကိုကြည့်လျှင် မိထွေးတော်ကြီးသည် မိန်းမသား တို့ ရဟန်းအဖြစ်ကို မည်မျှ မြတ်နိုးသည်ကို သိနိုင်ပေသည်။

မိထွေးတော်ထေရီမကြီးသည် မိမိ ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက်ပိုင်းတွင်လည်း ဘိက္ခုနီသာသနာတော်ကြီး နေ၊ လ အသွင် ထွန်းလင်း၍ အရှည်တည်တံ့စေရန် အမှန်ပင် လိုလားတော်မူခဲ့၏။ ထို့ကြောင့်ပင် အမျိုးသမီးများအား နောက်ဆုံးမှာတမ်းစကားအနေဖြင့် အလေးထား၍ မှာကြားနေခြင်း ဖြစ်ပေသည်။

## မိထွေးတော်ဂေါတမီ၏ နောက်ဆုံးလျှောက်ထား ကျေးဇူးစကား

ဤသို့အမျိုးသမီးများကို ဆုံးမစကား နှစ်သိမ့်မှာကြားပြီးလျှင် မြတ်ဗုဒ္ဓထံတော်သို့ ဝင်ရောက်လာခဲ့ကြ၏။ မြတ်ဗုဒ္ဓထံတော်သို့ ဤအကြိမ် ဝင်ရောက်လာခဲ့ကြသော အရှင်မကြီးတို့၏ မျက်နှာများသည် ဘိက္ခုနီပြုခွင့်တောင်းရန် လာခဲ့စဉ်ကနှင့် လုံးဝကွာခြားလျက်ရှိ၏။ ထိုအချိန်က အရှင်မတို့၏မျက်နှာများသည် "ငါတို့ကို ဘုရားရှင်က ရဟန်းပြုခွင့်ကို ပေးမှပေးပါမည်လား" ဟု စိုးရိမ်ကြလျက် သောကရိပ် သောကရောင်များ ယှက်သန်းနေကြ၏။ ယခုအကြိမ်၌မူ အရှင်မကြီးတို့၏ မျက်နှာများမှာ လောဘ၊ ဒေါသ၊ သောက အရိပ်အရောင်များ ကင်းစင်ပ၍ ပကတိ ငြိမ်းအေးသောအသွင်ကို ဆောင်နေကြသည်။

မြတ်ဗုဒ္ဓသည် မိထွေးတော် ထေရီမကြီးနှင့် ဘိက္ခုနီအရှင်မငါးရာတို့ ရောက်လာကြမည်ကို ကြိုတင်သိမြင်တော်မူ၍ ကူဋာဂါရကျောင်းတိုက်အတွင်းရှိ ဂန္ဓကုဋီကျောင်းတော်၌ အသင့် စံပယ်တော်မူနေ၏။ မိထွေးတော်ကြီးသည် သားတော်မြတ်ဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ရိုသေစွာ ရှိခိုးပြီးလျှင် အနှစ်နှစ်အလလကပင် လျှောက်တင်ရန် ရည်သန်ထားခဲ့သော စကားများကို အားပါးတရ လျှောက်ထားလေသည်။

"ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရား၏ လောကီမယ်တော် ဖြစ်ပါသည်။ အရှင်ဘုရားကား တပည့်တော်မ၏ လောကုတ္တရာ ခမည်းတော် ဖြစ်ပါသည်။ သူတော်ကောင်းတရားကို ပေးသနားတော်မူတတ်သော မြတ်စွာဘုရား။ တပည့်တော်မသည် အရှင်ဘုရား၏ အဆုံးအမ သြဝါဒမှ မွေးဖွားလာသည့် သမီးတော် ဖြစ်ပါသည်ဘုရား။

ကောင်းသောစကားကို ဆိုကော်မူတတ်သော မြတ်စွာဘုရား။ အရှင်ဘုရား၏ ကြည်ညိုဖွယ်ရာ သပ္ပါယ်လှစွာသော ရူပကာယကို တပည့်တော်မက ဖွံ့ဖွံ့ထွားထွား ခံ့ညားလာအောင် ကျွေးမွေးပြုစုခဲ့ပါသည်။ တပည့်တော်မ၏ မြင့်မြတ်လှစွာသော ဓမ္မကာယကို အရှင်ဘုရားက ဖွံ့ဖွံ့ထွား ထွား ခံ့ညားလာအောင် ဟောကြားပြသတော်မူခဲ့ပါသည် ဘုရား။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ တပည့်တော်မက အရှင်ဘုရားအား တိုက်ကျွေးခဲ့သော နို့ချိုသည် တစ်ခဏမျှသာ အဆာပြေစေနိုင်ပါသည်။ အရှင်ဘုရား တိုက်ကျွေးသော တရားနို့ချိုသည်ကား အဆုံးအစွန်သော ကာလတိုင်အောင် ဆာလောင်မွတ်သိပ်မှု မရှိ၊ ပကတိအေးမြလှပါသည်ဘုရား။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ သားတော် မြတ်ဘုရားသည် နို့ချိုတိုက်ကျွေး၍ စောင့်ရှောက်မွေးမြူခဲ့သော တပည့်တော်မအား ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်အောင် စောင့်ရှောက်ခြင်းကြောင့် မွေးကျေးနှုးကျေသည့် သားမြတ်ဖြစ်ပါသည်။ မြတ်စွာဘုရားကဲ့သို့သော သားမျိုးကို သားကောင်းမိခင်ဖြစ်ချင်သော မိန်းမတို့သည်

ဆုတောင်းမှသာ ရနိုင်ကြပါသည်။

မန္တာတုစကြာမင်း စသည်တို့၏ မယ်တော်တို့သည် ဘဝ ပင်လယ်၌ နစ်မွန်းကြရပါသည်။ တပည့်တော်မသည်ကား သားတော်မြတ် ဘုရားကို မွေးမြူခဲ့ရသဖြင့် ဘဝပင်လယ်မှ ကူးမြောက်ခဲ့ရပါပြီ။

မိန်းမသားတို့အား မင်း၏မယ်တော်၊ မင်း၏မိဖုရား ဟူသော အမည်ကို ရလွယ်ပါ၏။ မြတ်စွာဘုရား၏ မယ်တော်ဟူသော အမည်ကိုကား လွန်စွာ ရခဲလှပါ၏။

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ တပည့် တော်မ၏ ဆုတောင်းအားလုံးသည် အရှင်ဘုရားကြောင့် ပြည့်စုံခဲ့ပါပြီ။ ယခုအခါ တပည့်တော်မအား ဤကိုယ် ကောင်ကို စွန့်ပစ်၍ ပရိနိဗ္ဗာန် စံဝင်ရန် ခွင့်ပြုတော်မူပါလော့။ ဒုက္ခ၏ အဆုံးကို ပြုတော်မူတတ်သော မြတ်စွာဘုရား။ အရှင်ဘုရား၏ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံသော ခြေတော်အစုံကို ဆန့်တော်မူပါလော့။ ယောကျာ်းမြတ် ဖြစ်တော်မူသော သားတော်မြတ်ဘုရား၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးလိုပါ၏။

လူသုံးပါးတို့၏ လမ်းညွှန် ဖြစ်တော်မူသော မြတ်စွာဘုရား။ ရွှေတုံးရွှေခဲနှင့်တူသော ကိုယ်တော်ကို ထင်ရှားအောင် ပြတော် မူပါလော့။ သားတော်မြတ်ဘုရား၏ ရွှေကိုယ်တော်ကို အားရအောင် ဖူးမြော်၍ အေးငြိမ်းရာ နိဗ္ဗာန်သို့ သွားပါ တော့အံ့"

မြတ်ဗုဒ္ဓသည် မိထွေးတော်ကြီးအား နောက်ဆုံး လိုက်လျော သည့်အနေဖြင့် စက်လက္ခဏာတို့ဖြင့် တင့်တယ်သော ခြေတော်အစုံကို ဆန့်တန်းပေးတော်မူ၏။ ပွင့်သစ်စ ကြာပဒုမ္မာ၊ တက်သစ်စ နေ

လုလင်သဖွယ် တင့်တယ်တောက်ပသော ကိုယ်တော်ကိုလည်း ဖွင့်ပြတော်မူ၏။ မိထွေးတော်ကြီးသည် သားတော်မြတ်ဘုရား၏ ခြေတော်အစုံကို ဦးခိုက်ရှိခိုး၍ ကိုယ်တော်ကိုလည်း အားရအောင် ဖူးမြော်လေသည်။

မိထွေးတော်ကြီးသည် အထက်ပါစကားရပ်တို့ဖြင့် နောက်ဆုံး အချိန်၌ သားတော်မြတ်ဘုရား၏ ကျေးဇူးတရားများကို အားရအောင် လျှောက်ထားခဲ့ခြင်းဖြစ်၏။ ယင်းသို့ လျှောက်ထားရာတွင် "မိမိသည် မြတ်စွာဘုရား၏ လောကီမယ်တော်ဖြစ်၍ မြတ်စွာဘုရားကား မိမိ၏ လောကုတ္တရာ ခမည်းတော် ဖြစ်ပါသည် " ဟု လျှောက်ထားခဲ့၏။

မှန်ပါသည်။ မယ်တော်မဟာမာယာ နတ်ရွာစံချိန်၌ အလောင်း တော်မင်းသားကလေးမှာ ခုနစ်ရက်သားမျှသာ ရှိသေး၏။ မိထွေးတော် ဂေါတမီသည်လည်း နန္ဒမင်းသားကို ဖွားမြင်၍ သုံးရက်သားမျှသာ ရှိသေးသည်။ မိထွေးတော်ဂေါတမီသည် မိမိ၏ သားတော်အရင်း နန္ဒမင်းသားကို အထိန်းတော်၏ လက်သို့ အပ်နှင်း၍ အလောင်းတော် မင်းသားကလေးကိုမူ ကိုယ်တိုင်ပင် နို့ချိုတိုက်ကျွေး၍ လူလား မြောက်သည်အထိ ပြုစုစောင့်ရှောက်ခဲ့၏။ သို့ဖြင့် မဟာမာယာသည် ဘုရားအလောင်းတော်၏ မွေးမယ်တော်ဖြစ်၍ မိထွေးတော် ဂေါတမီကား ကျွေးမယ်တော် ဖြစ်ခဲ့လေသည်။

မိထွေးတော်ဂေါမီသည်လည်း ဘုရားရှင်ကို အကြောင်းပြု၍ ရတနာမြတ်သုံးပါးတို့၌ သက်ဝင်ဆည်းကပ်လာခဲ့ရ၏။ ကံငါးပါး ကိုလည်း စောင့်စည်းလုံခြုံစေခဲ့၏။ အရိယာတို့ ချစ်မြတ်နိုးအပ်သော အကျင့်သီလနှင့်လည်း ပြည့်စုံလာခဲ့၏။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါးတို့၌လည်း ယုံမှားခြင်းကင်း၍ ဉာဏ် အမြင်ရှင်းခဲ့၏။ မြတ်စွာဘုရားရှင်၏ ရင်၌ဖြစ်သော တရားသံ၏ အစွမ်းဖြင့် အရိယာအဖြစ်သို့ ရောက်ခဲ့ရ၏။ သို့ဖြင့် မြတ်စွာဘုရားရှင်

သည် မိထွေးတော်ဂေါတမီ၏ လောကုတ္တရာ ခမည်းတော်ဖြစ်၍ မိထွေးတော်ဂေါတမီကား ဘုရားရှင်၏ အဆုံးအမ ဩဝါဒမှ မွေးဖွား လာသည့် လောကုတ္တရာ သမီးတော် ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့်ပင် အရှင်အနန္ဒာသည် မိထွေးတော် ဂေါတမီ သင်္ကန်းလှူဒါန်းစဉ်အခါနှင့် ဘိက္ခုနီပြုခွင့် တောင်းစဉ်အခါတို့၌ မိထွေးတော်ဂေါတမီသည် ဘုရားရှင်အပေါ် ကျေးဇူးများသကဲ့သို့ ဘုရားရှင်သည်လည်း မိထွေးတော်ဂေါတမီအပေါ် ကျေးဇူးများကြောင်း လျှောက်ထားခဲ့ခြင်းဖြစ်၏။ ဘုရားရှင်ကလည်း ဟုတ်မှန်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ သို့သော် မိထွေးတော်ဂေါတမီအပေါ် တင်ရှိနေသည် မိမိ၏ ကျေးဇူးတရားများက သာလွန် မြင့်မြတ် ကြောင်းကိုမူ ထုတ်ဖော်မိန့်ကြားတော်မမူခဲ့ပေ။ ဤသည်မှာ မိမိ ဂုဏ်ကို မိမိ ထုတ်ဖော်ပြောဆိုလေ့ မရှိသော သူတော်ကောင်းတို့၏ ထူးခြားသည့် သဘောလက္ခဏာတစ်ရပ် ဖြစ်ပေသည်။

ယခုမူ ကျေးဇူးခံ ပုဂ္ဂိုလ်ဖြစ်သည့် မိထွေးတော်ကြီး ကိုယ်တိုင် ကပင် "တပည့်တော်မက အရှင်ဘုရားအား တိုက်ကျွေးခဲ့သော နို့ချိုသည် တစ်ခဏမျှသာ အဆာပြေစေနိုင်၍ အရှင်ဘုရား တိုက် ကျွေးသော တရားနို့ချိုသည်ကား ဘဝ၏ အဆုံးစွန်သောကာလ တိုင်အောင် ဆာလောင်မွတ်သိပ်မှုမရှိ ပကတိ အေးမြလှပါသည်" ဟု ထုတ်ဖော်လျှောက်ထားခဲ့လေသည်။

ထိုလျှောက်ထားချက်ကြောင့်ပင် ဘုရားရှင်အပေါ် မိထွေးတော် ဂေါတမီက တင်ရှိနေသည့် ကျေးဇူးတရားထက် မိထွေးတော် ဂေါတမီအပေါ် ဘုရားရှင်က တင်ရှိနေသည့် ကျေးဇူးတရားက သာလွန်မြင့်မြတ်သည် ဟူသော အချက်မှာ ပေါ်လွင်ထင်ရှား၍ ဗုဒ္ဓဘာသာဝင်တို့၏ ဉာဏ်အမြင်ကို ရှင်းသွားစေခဲ့ပါသည်။

## နို့ဖိုး ကျေ၊ မကျေ ပြဿနာ စိစစ်ချက်

သားသမီးတို့အပေါ်၌ ပဋိသန္ဓေ တည်နေချိန်မှစ၍ လူလားမြောက်သည်အထိ ကျွေးမွေးပြုစု ယုယစောင့်ရှောက်ခဲ့ကြသော မိဘနှစ်ပါးတို့၏ ကျေးဇူးတရားများကား ကြီးမားများပြားလှ၏။ အထူးသဖြင့် နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့သော မိခင်၏ ကျေးဇူးတရားကား ပို၍ပင် ကြီးမားလှ၏။

ထို့ကြောင့် "ဘုရားရှင်သည်ပင် မယ်တော်၏ ကျေးဇူးကို နို့တစ်လုံးဖိုး ကျေအောင် မဆပ်နိုင်" ဟူ၍လည်းကောင်း၊ "ဘုရားရှင်သော်မှ မယ်တော်၏ မွေးကျေးဇူးကို နို့တစ်လုံးဖိုးမျှသာ ကျေအောင်ဆပ်နိုင်ခဲ့သည်" ဟူ၍လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့၏ နှုတ်ဖျား၌ ဆိုရိုးစကားများ ရှိခဲ့ကြ၏။ ထိုဆိုရိုးစကားများကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့၌ မတွေ့ရသဖြင့် ကျမ်းဂန်လာစကား မဟုတ်သည်မှာ သေချာပါသည်။ သို့သော် ထိုစကား မှန်၊ မမှန် စိစစ်ရန် လိုအပ်ပါသည်။

မြတ်ဗုဒ္ဓသည် မိဘနှစ်ပါးတို့၏ ကျေးဇူးတရား ကြီးမားများပြားပုံ၊ ပေးဆပ်၍ ကျေနိုင်ခဲ့ပုံများကို သမစိတ္တဝဂ် ၊ သဗြဟ္မကသုတ် ၊ ဗြဟ္မသုတ် ၊ မာတုပေါသကသုတ် စသည်တို့၌ အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည်။

မိဘတို့ကျေးဇူးတရား ကြီးမားပုံကို ဥပမာ ဆောင်၍ ပြရသော် "ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည် မိဘကျေးဇူးနှင့် နှိုင်းစာလျှင် ဝါးရွက်ကလေးပမာ ဖြစ်သွားရ၏။ ယူဇနာတစ်သန်း၊ နှစ်သိန်း၊ သုံးသောင်း၊ လေးရာ ငါးဆယ် အပြော ကျယ်သော စကြာဝဠာကြီးသည်လည်း မိဘကျေးဇူးနှင့် နှိုင်းစာလျှင် အပ်နဖားပေါက်အလား ဖြစ်သွားရ၏။ ယူဇနာ ရှစ်သောင်း လေးထောင် အမြင့်ဆောင်သော မြင့်မိုရ်တောင်မင်းသည်လည်း

မိဘကျေးဇူးနှင့် နှိုင်းလှောင်း နှားမျှပေါက်စပမာ ဖြစ်သွားရ၏။ ယူဇနာ ရှစ်သောင်းလေးထောင် နက်ရှိုင်းသော သမုဒ္ဒရာထဲမှ ရေများသည်လည်း မိဘကျေးဇူးနှင့် နှိုင်းစာလျှင် မိုးရေမှုံးပေါက် တစ်ပေါက်စာမျှ ဖြစ်သွားရ၏" ဟု အဋ္ဌကထာ ဆရာမြတ်တို့ ကလည်း ဖွင့်ဆိုကြ၏။

## မိဘကျေးဇူး ဆပ်နည်း

ထိုမျှ ကြီးမားများပြားလှသော မိဘတို့၏ ကျေးဇူးတရားများကို စားဝတ်နေရေး ချမ်းသာအောင် ပြုစုလုပ်ကျွေးခြင်း ဟူသော လောကီနည်းလမ်းဖြင့် ကျေးဇူးတုံ့ပြန်ဆပ်၍ မကျေနိုင်ပုံနှင့် ကျေးဇူးဆပ်၍ ကျေနိုင်သော လောကုတ္တရာနည်းလမ်းကိုလည်း မြတ်ဗုဒ္ဓက အောက်ပါအတိုင်း လမ်းညွှန်တော်မူခဲ့ပါသည်။

"ချစ်သားတို့၊ လက်ယာပခုံးစွန်းပေါ် မိခင်ကို တင် လက်ဝဲ ပခုံးစွန်းပေါ် ဖခင်ကို တင်လျက် သွားလေရာအရပ်သို့ ဆောင်၍ ထိုပခုံးပေါ်၌ပင် နေကုန်သော မိဘတို့အား လုပ်ကျွေးရာ၏။ မိဘတို့သည်လည်း ထိုပခုံးပေါ်၌ပင် နေကုန်လျက် ကျင်ကြီးကျင်ငယ်ကို စွန့်ကုန်ရာ၏။ ဤသို့ အသက်တစ်ရာရှည်သော သားသမီးသည် အနှစ်တစ်ရာ ပတ်လုံး အမွှေးနံ့သာ လိမ်းပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ ရေချိုးရေအေးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းတို့ဖြင့် လုပ်ကျွေးသော်လည်း မိဘတို့၏ ကျေးဇူးကား မကျေနိုင်ပေ။ ချစ်သားတို့၊ ဖခင်ကို ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဤစကြဝဠာ မဟာပထဝီ (လေးကျွန်းလုံး) ကို စိုးပိုင်သော စကြဝတေးမင်းအဖြစ်၌လည်းကောင်း၊ မိခင်ကို စကြဝတေးမင်း၏ မိဖုရားကြီးအဖြစ်၌လည်းကောင်း တည်စေသော်

လည်း မိဘတို့၏ ကျေးဇူးကား မကျေနိုင်ပေ။

ချစ်သားတို့၊ပညာရှိသော သားသမီးသည် (ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုး တရားများကို ယုံကြည်မှု) သဒ္ဓါတရား မရှိသေးသော မိဘများကို သဒ္ဓါတရားနှင့် ပြည့်စုံလာအောင် ဟောပြောပေးခြင်း၊ သီလမရှိသော မိဘများကို သီလ ဆောက်တည်စေခြင်း၊ မပေးလှူလို နှမြောတွန့်တိုတတ်သော မိဘများကို စွန့်ကြဲပေးကမ်း လှူဒါန်းချင်လာအောင် တိုက် တွန်းပေးခြင်း၊ ပညာမဲ့သောမိဘများကို (လောကီလော ကုတ္တရာ) ပညာနှင့် ပြည့်စုံအောင် ပြုလုပ်ဆောင်ရွက်ပေးခြင်း ဟူသော လောကုတ္တရာ နည်းလမ်းများဖြင့် ကျေးဇူးဆပ်မှသာ မိဘနှစ်ပါးတို့အား ကျေးဇူးတုံ့ပြန်ဆပ်ရာ ရောက်၍ ကျေးဇူး တရားများလည်း ကျေနိုင်၏"

## အကောင်းဆုံး ကျေးဇူးဆပ်ခြင်း

မြတ်ဗုဒ္ဓသည် အထက်ပါအတိုင်း မိဘကျေးဇူးဆပ်နည်းကို လမ်းညွှန်ရုံသာ ညွှန်ကြားခဲ့သည် မဟုတ်။ ကိုယ်တော်တိုင်လည်း မယ်တော်၊ ခမည်းတော်တို့၏ ကျေးဇူးတရားများကို ဆပ်၍ ကျေနိုင် သော လောကုတ္တရာနည်းလမ်းဖြင့် ကျေးဇူးတုံ့ပြန် ဆပ်တော် မူခဲ့၏။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဆယ်လခန့် အကြာတွင် ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ် ကြွတော်မူ ခဲ့၏။ ထိုအချိန်မှာပင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား အနာဂါမ် အရိယာအဖြစ်သို့လည်းကောင်း၊ မိထွေးတော်ဂေါတမီအား သောတာ ပန်အရိယာအဖြစ်သို့လည်းကောင်း ရောက်ရှိအောင် တရားဟော ကြား၍ အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဖြင့် ကျေးဇူးတုံ့ဆပ်တော်

မှုခဲ့သည်။

ထို့နောက် မြတ်ဗုဒ္ဓသည် ပဌမမြောက် ဝါကို ဝေသာလီပြည်၊ မဟာဝုန်တောကြီးအတွင်း၊ ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်တော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ကပိလဝတ် ရွှေနန်းတော်အတွင်း မင်္ဂလာထီးဖြူတော်အောက်၌ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၍ ကျေးဇူးဆပ်တော်မူခဲ့သည်။

ထိုနှစ် ဝါတွင်းမှာပင် မိထွေးတော်ကြီးကိုလည်း ဘိက္ခုနီ အဖြစ် သာသနာတော်အတွင်းသို့ ဝင်ရောက်ခွင့်ပြု၍ သံခိတ္တ ဒေသနာတော်ကို ဟောကြားတော်မူကာ ရဟန္တာထေရီမကြီး အဖြစ် သို့ ရောက်စေသောအားဖြင့် မွေးကျေးဇူးကို ဆပ်တော်မူခဲ့သည်။

တစ်ဖန် ခုနစ်ဝါမြောက် ရောက်သောအခါတွင် မျက်မှောက် ဘဝ၌ ကျေးဇူးဆပ်ခွင့် မရခဲ့သော မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအား တာဝတိံသာ နတ်ပြည်သို့ တက်၍ အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြား၍ မွေးကျေးဇူး ဆပ်တော်မူခဲ့၏။ အဘိဓမ္မာတရားတော်ကို နာကြားရသဖြင့် မယ်တော်မိ နတ်သားသည် သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤသို့လျှင် မြတ်ဗုဒ္ဓသည် ခမည်းတော်၊ မယ်တော်တို့ကို အရိယာများအဖြစ်သို့ ရောက်အောင် တရားဟောကြား၍ သံသရာဝဋ် ဒုက္ခမှ လွတ်မြောက်စေသောအားဖြင့် အကောင်းမြတ်ဆုံးသော ကျေးဇူးဆပ်နည်းဖြင့် ကျေးဇူးဆပ်တော်မူခဲ့သည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ ကျေးဇူးတုံ့ပြန်ဆပ်မှုသည် မယ်တော်တို့၏ နို့တစ်လုံးဖိုးမျှသာမက မွေးကျေးဇူးအားလုံး ကျေသည်ဟုပင် ဆိုနိုင်ပါသည်။ အကြောင်းမှာ–မယ်တော်တို့ တိုက်ကျွေးခဲ့သော နို့ချိုသည် တစ်ခဏမျှသာ အဆာပြေ၍ တစ်ဘဝမျှသာ အသက်ကို ရှည်စေနိုင်ခဲ့၏။ မြတ်ဗုဒ္ဓ တိုက်ကျွေးတော်မူသော တရားနို့ရည်ကား

မယ်တော်တို့အား ဘဝ၏ အဆုံးစွန်သော ကာလတိုင်အောင် ဆာလောင်မွတ်သိပ်ခြင်း ကင်း၍ ထာဝရ ငြိမ်းအေးစေနိုင်ခဲ့သော ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်ပင် မိထွေးတော်ကြီးသည် မြတ်ဗုဒ္ဓ၏ ကျေးဇူး တရားများကို နောက်ဆုံးလျှောက်ကြားရာတွင် "မြတ်စွာဘုရား၊ သားတော်မြတ်ဘုရားသည် နို့ချိုတိုက်ကျွေး၍ စောင့်ရှောက်မွေးမြူ ခဲ့သော တပည့်တော်မအား ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက် အောင် စောင့်ရှောက်ခြင်းကြောင့် မွေးကျေးဇူးကျေသည့် သားထူး သားမြတ် ဖြစ်ပါသည်" ဟု လျှောက်ထားခဲ့သည်။

ထိုသို့ မိထွေးတော်ကြီး၏ လျှောက်ထားသောစကားကို ထောက်ဆလျှင် မြတ်ဗုဒ္ဓသည် မယ်တော်၊ ခမည်းတော်တို့၏ မွေးကျေးဇူးများကို ကျေအောင်ဆပ်တော်မူခဲ့သည်မှာ ထင်ရှားပါသည်။

ထို့ကြောင့် "ဘုရားရှင်သည်ပင် မယ်တော်၏ မွေးကျေးဇူးကို နို့တစ်လုံးဖိုး ကျေအောင် မဆပ်နိုင်" ဟူသော စကားနှင့် "ဘုရား ရှင်သော်မှ မယ်တော်၏ မွေးကျေးဇူးကို နို့တစ်လုံးဖိုးမျှသာ ကျေအောင် ဆပ်နိုင်ခဲ့သည်" ဟူသော စကားများသည် မှချအားဖြင့် မမှန်ကန် ဟူ၍သာ မှတ်ရပါမည်။

စင်စစ်အားဖြင့် ထိုစကားများသည် မှချတိုက်ရိုက်အားဖြင့် ဆိုလိုသည့်စကား မဟုတ်၊ မိခင်၏ ကျေးဇူးကြီးမားလှပုံကို ပေါ်လွင် ထင်ရှားအောင် တင်စား၍ ဆိုထားသော စကားများသာ ဖြစ်မည်ဟု ကောက်ချက်ချရပေမည်။

## မိထွေးတော်ဂေါတမီ၏ တောင်းပန်စကား

မိထွေးတော်ကြီးသည် ကျေးဇူးရှင်၏ ကျေးဇူးတရားများကို လျှောက်ကြား၍ အားရအောင် ဖူးမြော်ပြီးလျှင် သားတော်ဘုရားအား

အပြစ်ရှိက သည်းခံခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားပြန်သည်။

"လူအပေါင်းတို့၏ နေမင်းတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၊ နေမျိုးနွယ်တို့၏ တံခွန်သဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားကို တပည့်တော်မ၏ နောက်ဆုံးအချိန်၌ ရှိသေစွာ ရှိခိုးခဲ့ပါ၏။ ဖူးမြင်၍ မဝနိုင်သော အရှင်ဘုရားကို တပည့်တော်မ နောက်ထပ်တစ်ဖန် ဖူးမြင်ခွင့် မရှိတော့ပါဘုရား။

"လောကထွတ်ထား ရှင်တော်မြတ်ဘုရား၊ မိန်းမသားတို့မည်သည်ကား အပြစ်ကို ပြုမိတတ်ကြပါသည်။ သို့ဖြစ်၍ မိန်းမသားတစ်ဦးဖြစ်သော တပည့်တော်မတွင် အပြစ်တစ်စုံတစ်ရာ ရှိနေပါလျှင် သနားခြင်း ကရုဏာဖြင့် သည်းခံခွင့်လွှတ်တော်မူပါဘုရား။

"သနားခြင်း ကရုဏာ၏ တည်နေရာ ဖြစ်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ အထံတော်၌ မိန်းမသားများ ရဟန်းပြုခွင့်ကို တပည့်တော်မ အကြိမ်ကြိမ်အခါခါ နားပူနားဆာ တောင်းပန်မိခဲ့ပါသည်။ ဤသို့ တောင်းပန်ခဲ့သည့်အတွက် အပြစ်တစ်စုံတစ်ရာ ရှိနေခဲ့ပါလျှင် သနားခြင်းကရုဏာဖြင့် သည်းခံခွင့်လွှတ်တော်မူပါဘုရား။

"တည်ကြည်ရဲရင့် လူတို့ထက် မြင့်မြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်မနှင့်အတူ သာသနာ့ဘောင်သို့ ဝင်လာကြသော ရဟန်းမများကို အရှင်ဘုရား၏ ခွင့်ပြုချက်အရ တပည့်တော်မက အစစအရာရာ ဆုံးမ,သွန်သင်ခဲ့ပါပြီ။ ထိုသို့ ဆုံးမ,သွန်သင်ရာ၌ အမှားအယွင်းများရှိနေပါလျှင် သနားခြင်းကရုဏာဖြင့် သည်းခံခွင့်လွှတ်တော်မူပါဘုရား"

နောက်တဖန်ဟာစ်ယန် ဟွေ့ဆုံရန် မရှိတော့သဖြင့် တောင်းပန်ဖွယ် ရှိသမျှကို တစ်ခုမျှ မကျန်ရစ်အောင် တောင်းပန်လျှောက်ထားနေသော မိထွေးတော်ကြီး၏ စကားများကို မြတ်စွာဗုဒ္ဓသည် တည်ကြည် ငြိမ်သက်စွာ နားထောင်တော်မူ၏။ ထို့နောက်မှ–

"အဘယ်ညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါး စသော ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော ဂေါတမီ၊ သည်းခံစရာ အပြစ်မရှိသောသူ၌ သည်းခံဖွယ်ရာ အဘယ်မှာ ရှိအံ့နည်း၊ နိဗ္ဗာန်သို့ သွားတော့မည့်ဆဲဆဲ ဖြစ်သော သင့်အား အဘယ်သို့သော စကားတို့ကို ဆိုဖွယ်ရှိတော့ မည်နည်း။"

ဟု မိန့်ကြားတော်မူသည်။

မိထွေးတော်ကြီးသည် မြတ်စွာဗုဒ္ဓရှေ့တော်မှတစ်ဆင့် စုဝေး ရောက်ရှိလာကြသော ရဟန်းသံဃာများနှင့် အရှင်အာနန္ဒာ၊ အရှင်နန္ဒ၊ အရှင်ရာဟုလာတို့၏ ခြေရင်းသို့ ချဉ်းကပ်ပြီးလျှင် လက်အုပ်မိုးရှိခိုး၍ ဤသို့ လျှောက်ထားပြန်၏။

"ချစ်သားတို့ ၊ ဤ ခန္ဓာကိုယ်ကြီးသည် မြွေဆိုးများ၏ ခိုကိုးရာ တောင်ပို့ကြီးနှင့် တူလှပါ၏။ အနာရောဂါအပေါင်း ၏ တည်ရာလည်း ဖြစ်ပါ၏။ ဆင်းရဲဒုက္ခ ဟူသမျှ၏ အစုအပုံလည်း ဖြစ်ပါ၏။ အိုခြင်း၊ သေခြင်းတို့၏ ကျက်စား ရာလည်း ဖြစ်ပါ၏။ အမျိုးမျိုးသော အညစ်အကြေးတို့ဖြင့် ရောထွေး၍လည်းနေပါ၏။ ဤခန္ဓာကိုယ်ကြီးကို သယ်ပိုး နေရသည့်အတွက် ငြီးငွေ့လှပါပြီ။ ဤဒုက္ခအပေါင်း လွတ်မြောက်ရာ နိဗ္ဗာန်သို့ သွားလိုလှပါပြီ။ တပည့်တော်မ အား ခွင့်ပြုတော်မူကြပါ ချစ်သားတို့ဘုရား"

ဤသို့လျှောက်ထားသောစကားကို ကြားရသောအခါ မယ်တော် ကြီး၏သားတော်ရင်း အရှင်နန္ဒနှင့် မြေးတော်ရင်း အရှင်ရာဟုလာ

တို့သည် ကိလေသာ ကုန်ခမ်းပြီးသည့် ရဟန္တာမထေရ်များ ဖြစ်ကြသဖြင့် တုန်လှုပ်ခြင်း မရှိ။ ပကတိ တည်ငြိမ်သော စိတ်ထားဖြင့် တရားသဘောကို ဆင်ခြင်သုံးသပ်ကြသည်။

ရဟန္တာအရှင်မြတ်များက တရားအမြင်ဖြင့် ဆင်ခြင်သုံးသပ်၍ တုန်လှုပ်ခြင်း မရှိကြသော်လည်း သောတာပန် အဆင့်မျှသာ ရှိသေးသော အရှင်အာနန္ဒာကား တရားနှင့် မဖြေနိုင်၊ မျက်ရည် မဆည်နိုင်ရှာဘဲ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

> "မိထွေးတော်ဂေါတမီကား ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ မြတ်စွာဘုရားသည်လည်း မကြာမီပင် မီးစာကုန်သော ဆီမီးကဲ့သို့ ပရိနိဗ္ဗာန် ပြုတော်မူတော့မည်"

ဟူ၍လည်း နှုတ်မှတဖွဖွ မြည်တမ်းပြောဆိုနေ၏။ မိထွေးတော်ကြီးသည် အရှင်အာနန္ဒာအား နှစ်သိမ့်စကား ဤသို့ လျှောက်ထားရပြန်သည်။

> "ချစ်သားအာနန္ဒာ၊ ယခုအချိန်ကား စိုးရိမ်ပူဆွေး ငိုကြွေးရန် မသင့်ချေ။ (ဝဋ်ဒုက္ခမှ လွတ်မြောက်တော့မည်ဖြစ်၍) ရွှင်လန်းဝမ်းမြောက်ရမည့်အခါ ဖြစ်၏။ သင်ချစ်သားသည် တပည့်တော်မ၏ ကိုးကွယ်အားထားရာ ဖြစ်ပါသည်။ သင်ချစ်သား၏ ကျေးဇူးကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ရပါပြီ။ ချစ်သားအာနန္ဒာ၊ သင်ချစ်သားက တောင်းပန်ပေးသဖြင့် ဘုရားရှင်က တပည့်တော်မတို့ကို ရဟန်းပြုခွင့် ပေးတော်မူခဲ့ပါသည်။သင်ချစ်သား စိတ်မကောင်း မဖြစ်ပါနှင့်။ သင်ချစ်သား၏ ဆောင်ရွက်မှုသည် အကျိုးကျေးဇူး များစွာ ရှိပါသည်။ ပုရာဏ ကဿပ စသော တိတ္ထိဆရာကြီးများပင် မသိမမြင်နိုင်ခဲ့သော နိဗ္ဗာန်ကို သက်တော်နုနယ် ခုနစ်နှစ် အရွယ်မျှသာရှိသေးသော ထေရီမယ်ကလေးများပင် သိမြင်

ခဲ့ကြပါသည်။

"အို–သာသနာတော်စောင့် တရားဘဏ္ဍာစိုး ချစ်သား အာနန္ဒာ၊ သင်ချစ်သားကို နောက်ဆုံး ဖူးမြင်ခဲ့ပါသည်။ မယ်တော်ကား မည်သူမျှ မတွေ့မမြင်နိုင်သော နိဗ္ဗာန် ရွှေပြည်သို့ စံဝင်ပါတော့မည်။

ဤသို့ ရှင်အာနန္ဒာအား နှစ်သိမ့်စကား လျှောက်ကြားပြီးသော အခါ မိထွေးတော်သည် မြတ်ဗုဒ္ဓအား ပရိနိဗ္ဗာန်ပြုမည့် အချိန်အခါ ကို လျှောက်ထားသည်။

ဤတွင် မြတ်ဗုဒ္ဓက မိထွေးတော်ကြီးအား "အို– မိထွေးတော် ဂေါတမီ၊ လူမိုက်တို့သည် ငါဘုရား သာသနာတော်ဝယ် မိန်းမသားများ တရားထူး ရကြသည် ဆိုရာ၌ ယုံမှားသံသယ ရှိကြသည်။ ထိုသူတို့၏ ယုံမှားသံသယ အယူစွဲကို ပယ်ဖျောက်ရန် တန်ခိုးပြ ခဲ့ဦးလော့" ဟု တိုက်တွန်းမိန့်ကြားတော်မူသည်။

## မိထွေးတော် ဂေါတမီ တန်ခိုးပြခြင်း

ဤသို့ မြတ်ဗုဒ္ဓက တန်ခိုးပြရန် တိုက်တွန်းတော်မူသောအခါ သက်တော် တစ်ရာ့နှစ်ဆယ် ရှိနေပြီဖြစ်သော မိထွေးတော်ဂေါတမီ ထေရီမကြီးသည် မြတ်ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုး၍ ကောင်းကင်ယံသို့ ပျံတက်ကာ တန်ခိုးအမျိုးမျိုးတို့ကို ပြလေ၏။

တစ်ကိုယ်တည်းမှ ကိုယ်ခွဲများစွာ ဖန်ဆင်းပြ၏။ ကိုယ်ခွဲများစွာမှ တစ်ကိုယ်တည်းဖြစ်အောင် ဖန်ဆင်းပြ၏။ တစ်ခါတစ်ခါ ထင်ရှား ပေါ်လာ၍၊ တစ်ခါတစ်ခါ ပျောက်ကွယ်သွား၏။ နံရံတစ်ဘက်၊ တောင်တစ်ဘက်သို့ မငြိမကပ်ဘဲ ဖောက်ထွင်း၍ သွားပြ၏။ ကောင်းကင်၌လည်း အငြိအတွယ်မရှိဘဲ လမ်းသွားပြ၏။ မြေသို့ ငုတ်လျှိုးပြ၏။ ရေပေါ်၌လည်း လမ်းလျှောက်ပြ၏။

ပုဆစ်ဒူးတုပ်၍ ထိုင်လျက်သား ကောင်းကင်၌ ငှက်ကဲ့သို့ ပျံသန်းပြ၏။ ဗြဟ္မာ့ပြည်တိုင်အောင် ဤကိုယ်ဖြင့် တက်သွားသည်ကို လူအများ မြင်သာအောင် ဖန်ဆင်းပြ၏။ မြင့်မိုရ်တောင်ကို ထီးရိုး၊ မဟာပထဝီမြေကြီးကို ထီးရွက်ပြု၍ ဆောင်းမိုးလျက် ကောင်းကင်၌ စင်္ကြံန်သွားပြ၏။ နေခြောက်စင်းထွက်သောအခါကဲ့သို့ ဤသြကာသ လောကတစ်ခုလုံးကို အခိုးများ ဖုံးလွှမ်းနေပုံကိုလည်း ဖန်ဆင်းပြ၏။ လောကဓာတ်တစ်ခုလုံးကို မီးပန်းမီးနွယ်တို့ဖြင့် ဟုန်းဟုန်းထစေ၏။

မြင့်မိုရ်တောင်ခြေရှိ သမုဒ္ဒရာအတွင်းမှ ကျောက်တုံးကြီးများကို မုန်ညင်းစေ့များပမာ လက်တစ်ဘက်ဖြင့်သာ ဆုပ်ကိုင်ပြ၏။ နေနှင့်လတို့ကို လက်ချောင်းများဖြင့် ဖုံးလွှမ်းပြ၏။ လ, နေ တစ်ထောင်တို့ကို ပုလဲသွယ်ကဲ့သို့ပြု၍ ဆင်ယင်ပြ၏။ သမုဒ္ဒရာ လေးစင်းရှိ ရေတို့ကို လက်ခုပ်တစ်ဘက်တည်းဖြင့် ဆောင်ယူပြ၏။ ကမ္ဘာပျက်မိုးကဲ့သို့ မိုးကြီးကို သည်းထန်စွာ ရွာသွန်းစေ၏။ စကြာမင်းနှင့် ပရိသတ်အစုံကို ကောင်းကင်၌ ဖန်ဆင်းပြ၏။ ဂဠုန်ကြီးအသွင်၊ နဂါးကြီးအသွင် ၊ ဟောက်နေသော ခြင်္သေ့ကြီး အသွင်တို့ကို ဖန်ဆင်းပြ၏။

မရေမတွက်နိုင်သော ဘိက္ခုနီများ ကောင်းကင်၌ စျာန်ကြွ နေပုံကိုလည်း ဖန်ဆင်းပြ၏။ ထိုမှတစ်ဖန် တစ်ပါးတည်း ဖြစ်အောင် ဖန်ဆင်း၍ မြတ်ဗုဒ္ဓ၏ ခြေတော်အစုံကို ရှိခိုး၏။ ဤသို့ တန်ခိုး အမျိုးမျိုးတို့ကို ပြပြီးလျှင် ကောင်းကင်မှ သက်ဆင်း၍ မြတ်ဗုဒ္ဓကို ဤသို့ လျှောက်ထား၏။

“သားတော်မြတ်ဘုရား၊ တပည့်တော်မသည် အသက်တစ်ရာ နှစ်ဆယ် ရှိပါပြီ။ အိုမင်းလည်း အိုမင်းလှပါပြီ၊ ဤမျှလောက် တန်ခိုးပြခြင်းဖြင့် သင့်တော်လောက်ပါပြီ၊ သားတော်မြတ် ဘုရား၊ တပည့်တော်မ ပရိနိဗ္ဗာန်စံဝင်ပါရစေတော့ဘုရား”

ထိုအခါတွင် စည်းဝေးရောက်ရှိလာကြသော ပရိသတ်များက အလွန်အံ့ဩကြ၍ ဘယ်နည်းဘယ်ပုံ ကောင်းမှုကုသိုလ်ကို ပြုခဲ့၍ ဤမျှလောက် အတုမရှိသော တန်ခိုးဂုဏ်နှင့် ပြည့်စုံရသည်ကို မေးမြန်းလျှောက်ထားကြ၏။ မိထွေးတော်ကြီးကလည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါမှစ၍ ပါရမီဆုတောင်းကောင်းမှုပြုခဲ့ပုံ၊ ရေခပ်ကျွန်မ ဖြစ်ခဲ့စဉ်အခါက သာကီဝင် မင်းသား၊ မင်းသမီး အလောင်းအလျာ ရေခပ်ကျွန် ဇနီးမောင်နှံစုံ ငါးရာတို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ဝါဆိုကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ကြပုံ၊ ဆွမ်း၊ သင်္ကန်း လှူဒါန်းခဲ့ကြပုံ၊ ထိုကောင်းမှုကြောင့် လူ့ပြည်၊ နတ်ပြည်တို့၌ အတူတကွ ကျင်လည်ခဲ့ကြ၍ ယခုဘဝတွင်လည်း သာကီဝင်မင်းမျိုး၌ အတူတကွ ဖြစ်ကြ၍ အတူတကွပင် နိဗ္ဗာန်ချမ်းသာကို ရရှိခဲ့ပုံများကို အကျယ်တဝင့် ဟောပြတော်မူ၏။

ထို့နောက် သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့ကလည်း ကောင်းကင်သို့ ပျံတက်၍ ကြယ်တာရာတို့ကို စုရုံးသိကုံးထားသကဲ့သို့ အလွန်တင့်တယ်စွာ တန်ခိုးအမျိုးမျိုးတို့ကို ဖန်ဆင်းပြကြ၏။ ထိုဘိက္ခုနီအရှင်မတို့သည် ပန်းတိမ်ဆရာက ရွှေစင်ရွှေကောင်းကို ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်စသော အဆင်တန်ဆာအမျိုးမျိုး လုပ်ပြသကဲ့သို့ တန်ခိုး အမျိုးမျိုးတို့ကို ကျွမ်းကျင်စွာ ပြသကြ၏။ ထို့နောက် ကောင်းကင်မှ သက်ဆင်းကြ၍ မြတ်ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးကာ မိမိတို့အား ပရိနိဗ္ဗာန် စံဝင်ခွင့် ပြုပါရန် တောင်းပန်ကြသည်။

မြတ်ဗုဒ္ဓကလည်း "မိမိတို့၏ ပရိနိဗ္ဗာန်စံဝင်ရာ အချိန်အခါကို မိမိတို့ကိုယ်တိုင်ပင် သိကြကုန်လော့" ဟု မိန့်တော်မူလေ၏။ ထိုအခါ မိထွေးတော်ဂေါတမီ ထေရီမကြီးနှင့်တကွ သာကီဝင်မင်းသမီး

ဘိက္ခုနီအရှင်မ ငါးရာတို့သည် မြတ်ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုး၍ ကူဋာဂါရကျောင်းတော်မှ အပြီးတိုင် ထွက်ခွါတော်မူခဲ့ကြသည်။

မြတ်ဗုဒ္ဓသည် လူအပေါင်းနှင့်တကွ ကျောင်းတံခါးမုခ်သို့ ရောက်အောင် မိထွေးတော်ကြီးကို လိုက်ပို့တော်မူ၏။ တံခါးမုခ်တွင် "ယခုရှိခိုးခြင်းကား နောက်ဆုံး ရှိခိုးခြင်း ဖြစ်ပါသည်" ဟု လျှောက်ထား၍ မြတ်ဗုဒ္ဓကို တစ်ဖန် ရှိခိုးကြပြန်သည်။ ထို့နောက် မိထွေးတော်ကြီးနှင့် ဘိက္ခုနီအရှင်မ ငါးရာတို့သည် ဘိက္ခုနီကျောင်းတိုက်သို့ ပြန်သွား၍ မြတ်သောနေရာ၌ ပုဆစ်တုပ်ကာ တစုတဝေးတည်း ထိုင်နေကြသည်။

## မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံဝင်ခြင်း

ထိုအခါ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံဝင်မည့်သတင်းကို ကြားသိကြသော ဥပါသိကာမတို့သည် ဘိက္ခုနီကျောင်းသို့ ရောက်လာကြ၍ သူတို့ ကြည်ညိုလေးစားရသော အရှင်မကြီးအား နောက်ဆုံးအနေဖြင့် ဖူးမြော်ကန်တော့ကြသည်။ သာသနာတော်ကို ချစ်မြတ်နိုးကြသော အမျိုးကောင်းသမီးတို့သည် "အရှင်မကြီးဘုရား၊ တပည့်တော်မတို့ကို စွန့်ပယ်၍ နိဗ္ဗာန်သို့ ကြွသွားတော် မမူပါနှင့်၊ တပည့်တော်မတို့ကို အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်တော်မူပါ။ ကိုးကွယ်ရာမဲ့ မထားရစ်ခဲ့ပါနှင့်ဘုရား " ဟု ရင်တီးလက်ခတ် ငိုကြွေးကာ သနားစဖွယ် တောင်းပန်ပြောဆိုကြသည်။

မိထွေးတော်ကြီးသည် အမျိုးကောင်းသမီး အပေါင်းတို့အား သင်္ခါရတရားတို့၏ အနိစ္စ သဘောတရားကို ဟောကြား၍ သက်သာရာကို ရစေ၏။ ထို့နောက် ပထမစျာန်မှစ၍ စျာန်သမာပတ်တို့ကို အပြန်ပြန် ဝင်စား၏။ စတုတ္ထစျာန်သမာပတ်၏အဆုံးတွင်

ဆိနှင့် မီးစာကုန်၍ ဆီမီးလျှံ ငြိမ်းသွားသကဲ့သို့ မိထွေးတော် ထေရီမကြီးနှင့်တကွ သာကီဝင် မင်းသမီး ဘိက္ခုနီအရှင် ငါးရာတို့သည် ခန္ဓာဇာတ်သိမ်း၍ ငြိမ်းအေးရာ နိဗ္ဗာန်သို့ ဝင်စံတော်မူကြသည်။

ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ကောင်းကင်မှ လျှပ်စစ်လျှပ်ပန်းတို့သည် တထိန်ထိန် လင်းလျက် ကျယ်လောင်စွာ ပဲ့တင်သံ၊ နတ်စည် ရွမ်းသံတို့သည် တစ်ပြိုင်နက် ဖြစ်ပေါ်ကုန်၏။ နတ်အပေါင်းတို့လည်း ငိုကြွေးကြကုန်၏။ ကောင်းကင်မှ ပန်းမိုးတို့သည် မြေပြင်ဖုံးအောင် ရွာသွန်းကုန်၏။ မြင့်မိုရ်တောင်မင်းသည် ပွဲသဘင်အလယ်၌ ကချေသည် ကသကဲ့သို့ ယိမ်းယိုင်တုန်လှုပ်၏။ စိုးရိမ်ပူဆွေး ငိုကြွေးသည့်ပမာ သမုဒ္ဒရာမှ ကြီးစွာသောအသံတို့သည် မြည်ဟီးကုန်၏။ နဂါး၊ အသူရာ၊ နတ်၊ ဗြဟ္မာတို့သည် ထိတ်လန့်ကုန်၍ သံဝေဂစကား မြွက်ကြားပြောဆို ကြကုန်၏။ ထို့နောက် ဗြဟ္မာတို့သည် မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ မိထွေးတော်ဂေါတမီ ထေရီမကြီးနှင့်တကွ သာကီဝင် မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့ ပရိနိဗ္ဗာန် စံဝင်ကြပြီဖြစ်ကြောင်း လျှောက်ထားကြ၏။ ပြီးလျှင် လောကထုံးတမ်းအရ ဈာပနကိစ္စ အတွက် ပြုလုပ်ဖွယ် အဝတို့ကို ဆောင်ရွက်ကြလေသည်။

ထိုအခါ မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာကို ခေါ်၍ မိထွေးတော်ကြီး ပရိနိဗ္ဗာန် စံဝင်သည့်သတင်းကို ရဟန်းသံဃာအပေါင်းတို့အား ပြောကြားရန် မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် မျက်ရည်ဖြင့် ပြည့်သောမျက်နှာရှိသည် ဖြစ်၍ ဝမ်းနည်းရှိုက်ငင် ငိုသံပါသောအသံဖြင့် နေရာအနှံ့အပြားသို့ သွားရောက်၍ ရဟန်းသံဃာတို့အား ဤသို့ ပြောကြားလေသည်။

"ငါ့ရှင်တို့၊ လာကြကုန်လော့၊ ငါ့ရှင်တို့ မြတ်စွာဘုရား အထံတော်သို့ လာရောက်စုဝေးကြကုန်လော့၊ မြတ်စွာ

ဘုရား၏ ဤနောက်ဆုံးဘဝ ကိုယ်တော်ကို နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့သော မိထွေးတော်ဂေါတမီ ထေရီမကြီးသည် ပရိနိဗ္ဗာန် စံဝင်ခဲ့ပြီ၊ မိထွေးတော် ဂေါတမီထေရီမကြီးသည် မြတ်စွာဘုရား မယ်တော်ဟူသော အမည်ပညတ်မျှကိုသာ ချန်ထားရစ်၍ စက္ခုငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပင် မမြင်မတွေ့နိုင်သော နိဗ္ဗာန်သို့ စံဝင်ခဲ့လေပြီ။ မြတ်စွာဘုရား၌ ယုံကြည်ချစ်ခင်သော တပည့်သာဝက တို့သည် မြတ်စွာဘုရား၏ မိထွေးတော်ကြီးအား ပူဇော်သကာ ပြုကြကုန်လော့"

ဤသို့ အရှင်အာနန္ဒာ ကြွေးကြော်ပြောကြားလေလျှင် ဝေသာလီ ပြည် အရပ်လေးမျက်နှာ၌ ရှိကြကုန်သော ရဟန်းသံဃာအပေါင်း တို့သည် အဆင့်ဆင့် သတင်းစကား ကြားသိကြရသဖြင့် မြတ်စွာ ဘုရားရှင်၏ တန်ခိုးတော်ဖြင့်လည်းကောင်း၊ မိမိတို့၏ တန်ခိုးဖြင့် လည်းကောင်း လျင်မြန်စွာ စုဝေးရောက်ရှိလာကြသည်။

## မိထွေးတော်ဂေါတမီ၏ ဈာပန အခမ်းအနား

ထိုအခါ သိကြားမင်းသည် ဝိသကြုံနတ်သားအား စုလစ်မွန်းချွန် တပ်သော ပြာသာဒ်ငါးရာတို့ကို ဖန်ဆင်းစေ၏။ ထိုပြာသာဒ်တို့ကား တန်ဆောင်မုန်းလအခါ တက်သစ်စ နေမင်းကဲ့သို့ ထွန်လင်းတောက်ပ လျက်ရှိကြသည်။

ထို့နောက် မိထွေးတော်ဂေါတမီ ထေရီမကြီး၏ ရုပ်ကလာပ်ကို ညောင်စောင်းတွင်တင်၍ ထိုညောင်စောင်းကို လောကပါလ နတ်မင်း ကြီးလေးပါးတို့က ပခုံးဖြင့်ထမ်းကာ ရွှေသားပကတိ ပြီးသော ပြာသာဒ်ထက်သို့ တင်ကြ၏။ သာကီဝင် မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့၏ ရုပ်ကလာပ်များကိုလည်း အစဉ်အတိုင်း ညောင်စောင်း

များတွင်တင်၍ နတ်အပေါင်းတို့ ပခုံးဖြင့် ထမ်းကာ ပြာသာဒ် အသီးသီးယက်သို့ တင်ကြသည်။

ထိုပြာသာဒ်တို့၏အထက်၌ ကောင်းကင်ပြင် ပြည့်မတတ် ဗိတာန်မျက်နှာကြက်များ မိုးကာထားကြ၏။ ထိုမျက်နှာကြက်တို့တွင် နက္ခတ်တာရာတို့နှင့်တကွ နေ၊ လပုံသဏ္ဍာန်များကို ရွှေသားပကတိဖြင့် သရုပ်ဖော်ထားကြ၏။ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကိုလည်း စိုက်ထောင်ထားကြ၏။ ပန်းတင်းတိမ်၊ ပန်းပုဆိုး၊ ပန်းသင်တိုင်းတို့ကိုလည်း နေရာအနှံ့အပြား ချိတ်ဆွဲ ဖြန့်ကြက်ထားကြ၏။ ကောင်းကင်မှ ပဒုမ္မာကြာပန်းမိုးလည်း ရွာချ၏။ မြေအပြင်တွင် ပန်းများဖြင့် မောက်တက်ပြည့်လျှမ်းနေသည်။

ကောင်းကင်အပြင်တွင် နေရောလပါ နှစ်ပါးစုံ ထွန်းလင်းတောက်ပလျက် ရှိနေကြ၏။ နက္ခတ်၊ ကြယ်၊ တာရာ အပေါင်းတို့ကလည်း အစွမ်းကုန် တောက်ပြောင်လျက် ရှိကြ၏။ နေမင်းသည် မွန်းတည့်ချိန်သို့ ရောက်သော်လည်း ပူလောင်ခြင်း မရှိဘဲ အေးမြစွာ တောက်ပနေသည်။

နတ်တို့သည် အမျိုးမျိုးသော ပန်းနံ့သာ၊ သာယာချိုအေးသော နတ်တူရိယာတို့ဖြင့် သီဆိုကခုန်၍ အစွမ်းကုန် ပူဇော်ကြ၏။ နဂါး၊ အသူရာ၊ ဗြဟ္မာတို့ကလည်း အစွမ်းရှိသလောက် ပူဇော်ကြသည်။

ထိုနောက် အောက်ပါအစီအစဉ်အတိုင်း သုသာန်သို့ ပို့ဆောင်ကြ၏။

(၁) ရှေ့ဆုံးမှ လူ၊ နတ်၊ နဂါး၊ အသူရာ၊ ဗြဟ္မာ ပရိသတ်များ သွားကြ၏။

(၂) ထို့နောက်မှ သာကီဝင်မင်းသမီး ဘိက္ခုနီ အရှင်မ ငါးရာတို့၏ အလောင်းစင်ပြာသာဒ်ငါးရာတို့ကို နတ်တို့က ထမ်းလျက် လိုက်ပါကြ၏။

(၃) ထိုနောက်မှ မိထွေးတော်ဂေါတမီ ထေရီမကြီး၏ အလောင်းစင်ပြာသာဒ်ကို လောကပါလ နတ်မင်းကြီး လေးပါးတို့က ထမ်းလျက်လိုက်ပါကြ၏။

(၄) ထိုနောက်မှ ရဟန်းသံဃာတော်များနှင့် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် လိုက်ပါပို့ဆောင်တော်မူသည်။

မိထွေးတော်ဂေါတမီ ထေရီမကြီး၏ ဈာပန အခမ်းအနားကား အံ့ဩဖွယ်ကောင်းလောက်အောင် ကြီးကျယ်ခမ်းနားလှ၏။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူရာအခါ၌ ကိုယ်တော်တိုင်လည်း မကြပ်မတ် မစီရင်နိုင်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန် စသော သာဝကကြီးများလည်း ကြပ်မတ်စီရင်၍ လိုက်ပါ မပို့ဆောင်နိုင် ကြချေ။ မိထွေးတော်ကြီး၏ ပရိနိဗ္ဗာန်စံဝင်ရာအခါ၌ကား မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် တပည့်သာဝကအပေါင်းနှင့်တကွ လိုက်ပါပို့ဆောင် တော်မူ၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင် ရာဟုလာ စသော သာဝကကြီးများကလည်း မိမိတို့၏ တပည့် ပရိသတ်များနှင့်တကွ လိုက်ပါပို့ဆောင်တော်မူကြသည်။

သုသာန်သို့ ရောက်သောအခါ နံ့သာထင်းပုံများကို ပြုလုပ် ကြပြီးလျှင် မိထွေးတော်ကြီးနှင့် ဘိက္ခုနီအရှင်မ ငါးရာတို့၏ ရုပ်ကလာပ်များကို နံ့သာထင်းပုံတို့၏ အထက်တွင် တင်၍ နံ့သာမှုန့်တို့ဖြင့် မွှမ်းထုံကာ မီးသဂြိုဟ်ကြ၏။ တေဇောဓာတ်သည် အသားအသွေး စသည်တို့ကို လောင်ကျွမ်း၍ ငြိမ်းလေ၏။ ဖြူဖွေးသော အရိုးဓာတ်တော်များသာ ကြွင်းကျန်ရစ်ကြသည်။

ထိုအခါ အရှင်အာနန္ဒာသည် မိထွေးတော်ကြီး၏ အရိုး ဓာတ်တော်များကို ကောက်ယူ၍ သပိတ်တွင် ထည့်ကာ မြတ်ဗုဒ္ဓအား ဆက်ကပ်လေ၏။ နှုတ်မှလည်း “မိထွေးတော်ဂေါတမီကား ပရိနိဗ္ဗာန် ပြုလေပြီ၊ ကိုယ်ကောင်ကိုလည်း မီးလောင်ကျွမ်းအပ်လေပြီ၊ မကြာမီပင်

မြတ်စွာဘုရားရှင်လည်း ပရိနိဗ္ဗာန် ပြုတော်မူတော့မည်” ဟု သံဝေဂ စကား မြည်တမ်းပြောဆိုလေသည်။

မြတ်ဗုဒ္ဓသည် မိထွေးတော်ကြီး၏ အရိုးဓာတ်တော်တို့ကို လက်တော်ဖြင့် ကိုင်ယူပြသတော်မူ၍ စည်းဝေးရောက်လာကြသော လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်တို့အား–

“ဘိက္ခုနီသံဃာ၏ ပင်စည်နှင့်တူသော ဂေါတမီကား ပရိနိဗ္ဗာန် ပြုလေပြီ၊ ငါ၏ မယ်တော်သည် ပရိနိဗ္ဗာန်ပြု၍ သရီရ ဓာတ်တော်မျှသာ ကြွင်းကျန်ရစ်သော်လည်း စိုးရိမ် စရာကား မရှိပါချေ။ ဂေါတမီကား သံသရာ သမုဒ္ဒရာကို ကူးမြောက်ပြီးသူ ဖြစ်၏။ ရတ္တညျူတဒဂ် အရာ၌ ထားရ သူလည်း ဖြစ်၏။ ပဋိသမ္ဘိဒါ လေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုပြီးသူလည်းဖြစ် ၏။ ဘဝသစ်၌ တစ်ဖန်ဖြစ်ခြင်း မရှိတော့ချေ။”

“မီးခတ်ဖြင့် ခတ်အပ်သည်ဖြစ်၍ တောက်လောင်သောမီး သည် အစဉ်အတိုင်း ငြိမ်သည်ရှိသော် ထိုမီး၏ လားရာကို မသိအပ်သကဲ့သို့ ကိလေသာမှ လွတ်မြောက်ပြီးသူ၊ ကာမ အနှောင်အဖွဲ့ ဩဃကို ကူးမြောက်ပြီးသူ၊ တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်ချမ်းသာသို့ ရောက်ပြီးသူအား ပညတ်ရန် လားရာဂတိ မရှိတော့ချေ။ ထို့ကြောင့် သင်တို့သည် ကိုယ့်ကိုယ်ကို အားကိုးကြ၍ သတိပဋ္ဌာန်တရား၊ ဗောဇ္ဈင် တရားတို့ကို ပွားများကာ ဆင်းရဲဒုက္ခတို့၏ အဆုံးကို ပြုကြကုန်လော့”

ဟု မိန့်ကြားတော်မူသည်။

ဤသို့ဖြင့် မိထွေးတော်ဂေါတမီ ထေရီမကြီးသည် သက်တော် (၉၄)နှစ်အရွယ်မှစ၍ မြတ်ဗုဒ္ဓသာသနာတော်သို့ ဘိက္ခုနီအဖြစ်

ဝင်ရောက်ခဲ့ပြီးလျှင် (၂၆)နှစ်တိုင်တိုင် လောကသာသနာ နှစ်ဖြာသော အကျိုးစီးပွားများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သက်တော် (၁၂၀) အရွယ်၊ မဟာသက္ကရာဇ် ၁၃၃ ခုနှစ်၊ (ဘီစီ-၅၅၉)တွင် ခန္ဓာဓာတ်သိမ်း၍ ဘဝနိဂုံး အပြီးတိုင် ချုပ်ငြိမ်းခဲ့လေသည်။

# အခန်း (၅)
# မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘိက္ခုနီသာသနာ

## ကိုးတိုင်းကိုးဌာနနှင့် ဘိက္ခုနီသာသနာ

မိထွေးတော်ဂေါတမီ ထေရီမကြီးသည် မဟာသက္ကရာဇ် ၁၃၃–ခုနှစ် (ဘီစီ ၅၅၉) တွင် ပရိနိဗ္ဗာန် စံတော်မူ၏။ မိထွေးတော်ကြီး ပရိနိဗ္ဗာန် စံတော်မူပြီးနောက် တစ်ဆယ့်ငါးနှစ်ခန့်အကြာ မဟာသက္ကရာဇ် ၁၄၈–ခုနှစ် (ဘီစီ–၅၄၄)တွင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူ၏။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလကျော်ခန့် အကြာ ဝါခေါင်လပြည့်ကျော် ငါးရက်နေ့တွင် ပဌမသင်္ဂါယနာ တင်တော်မူ၏။ ပဌမသင်္ဂါယနာတင်ပွဲသည် ခုနစ်လ ကြာမြင့်ရာ တပေါင်းလပြည့်ကျော် ငါးရက်နေ့တွင် ပြီးဆုံးလေသည်။

ထိုအခါ အရှင်မဟာကဿပမထေရ်နှင့် သာသနာ့ ဒါယကာ အဇာတသတ်မင်းကြီးတို့ သဘောတူညီကြ၍ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်ကို ချေပြီးလျှင် တစ်ခုကြွင်းပြုလျက် မြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူသော နှစ်ကို ပဌမတစ်နှစ်ဟု သတ်မှတ်ရေတွက်လေ၏။ ၎င်းနှစ်ကို သာသနာနှစ်ဟု ခေါ်ဆိုလေသည်။

ထိုနောက် ကာလာသောကမင်းလက်ထက် သာသနာနှစ် ၁၀၀ (ဘီစီ ၄၄၄) တွင် ဒုတိယသင်္ဂါယနာ တင်တော်မူ၏။ တစ်ဖန် အသောကမင်းကြီးလက်ထက် သာသနာနှစ် ၂၃၅ –ခုနှစ် (ဘီစီ ၃၀၉) တွင် တတိယသင်္ဂါယနာ တင်တော်မူ၏။ ထိုသို့ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက် သင်္ဂါယနာသုံးတန် အချိန် ကာလအတွင်း၌ ဘိက္ခုနီ ထေရီမ အဆက်ဆက်တို့ အရှိန်အဟုန် မပျက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဘိက္ခုနီသာသနာသည် အစဉ် အဆက် မပြတ်ဆဲဘဲ ထွန်းသစ်ပွင့်လင်းခဲ့ပေသည်။

သို့ရာတွင် တစ်သမတ်တည်း ထွန်းသစ်ပွင့်လင်းခဲ့သည်ကား မဟုတ်ပါချေ။ သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ လက်ထက်၌ သာသနာတော် စည်ပင်ထွန်းကား၍ ဘိက္ခုနီ သာသနာသည်လည်း ရေမြင့်လျှင် ကြာတင့်သကဲ့သို့ ပွင့်လင်းခဲ့၏။ ဘာသာခြားမင်းများ လက်ထက်တွင်မူ တိုက်ခိုက်ထိုးနှက်ခြင်း၊ လျစ်လျူရှုခြင်း ခံရသဖြင့် မှေးမှိန်ခဲ့ရ၏။ ဤသို့ အနိမ့်အမြင့် အတက်အကျ လောကဓံ ဘေး အန္တရာယ် အသွယ်သွယ်တို့ကို ကြံကြံခံ ရင်ဆိုင်လျက် သင်္ဂါယနာ သုံးတန်ကာလသို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်ပေသည်။

တတိယသင်္ဂါယနာခေတ်တွင် အသောကမင်းကြီး၏ အားပေး ချီးမြှောက်မှုကြောင့် ဘိက္ခုနီသာသနာ ပိုမိုပွင့်လင်းလာသည့် အရိပ် လက္ခဏာများကို တွေ့ရသည်။ အသောကမင်းကြီး၏ ကျောက်စာပေါင်း ရှစ်သောင်းလေးထောင် ရေစက်ချ ပူဇော်ပွဲကြီးသို့ ဇမ္ဗူဒိပ် တစ်ကျွန်း လုံးမှ ရဟန်းယောကျ်ားပေါင်း ကုဋေရှစ်ဆယ်၊ ရဟန်းမိန်းမ ကိုးသန်း ခြောက်သိန်းခန့် ကြွရောက်ချီးမြှောက်သည်ဟု အဆိုရှိ၏။ ဤ စာရင်းအရဆိုလျှင် ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ အရေအတွက်နှင့် နှိုင်းစာလျှင် ကွာခြားလှသော်လည်း အင်အား ကောင်းနေဆဲပင် ရှိသေးသည်ကို တွေ့ရပေသည်။

တတိယသင်္ဂါယနာတင်ပွဲကြီး ပြီးစီးသွားသောအခါ မဇ္ဈိမဒေသ၌ သာသနာတော်ရေရှည် မတည်နိုင်သည်ကို သိမြင်တော်မူ၍ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာမထေရ်ကြီးများက ကိုးတိုင်းကိုးဌာနသို့-

၁။ မဇ္ဈန္တိကထေရ် ဦးဆောင်သော မထေရ်ငါးပါးကို ကသ္မီရနှင့် ဂန္ဓာရတိုင်းသို့လည်းကောင်း၊

၂။ မဟာဒေဝထေရ် ဦးဆောင်သော မထေရ်ငါးပါးကို မဟိံသကတိုင်းသို့လည်းကောင်း

၃။ ရက္ခိတထေရ်ဦးဆောင်သော မထေရ်ငါးပါးကို ဝနဝါသီတိုင်းသို့ လည်းကောင်း

၄။ ယောနကဓမ္မရက္ခိတထေရ် ဦးဆောင်သော မထေရ်ငါးပါးကို အပရန္တတိုင်းသို့လည်းကောင်း

၅။ မဟာဓမ္မရက္ခိတထေရ် ဦးဆောင်သော မထေရ်ငါးပါးကို မဟာရဋ္ဌတိုင်းသို့လည်းကောင်း

၆။ မဟာရက္ခိတထေရ် ဦးဆောင်သော မထေရ်ငါးပါးကို ယောနကတိုင်းသို့လည်းကောင်း

၇။ မဇ္ဈိမထေရ် ဦးဆောင်သော မထေရ်ငါးပါးကို ဟိမဝန္တာဒေသသို့လည်းကောင်း

၈။ သောဏထေရ်နှင့် ဥတ္တရထေရ် ဦးဆောင်သော မထေရ်ငါးပါးကို သုဝဏ္ဏဘူမိသို့လည်းကောင်း

၉။ မဟိန္ဒထေရ်ဦးဆောင်သော မထေရ်ငါးပါးကို တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့လည်းကောင်း

အသီးသီး သာသနာပြု စေလွှတ်တော်မူခဲ့သည်။

တတိယသင်္ဂါယနာ တင်တော်မူပြီးသည့် နောက်ပိုင်းတွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော်ကို အန္တရာယ်...

မဇ္ဈိမဒေသ၌ ဂျိန်းဘာသာ၊ ဗြဟ္မဏ ဟိန္ဒူဘာသာတို့က အင်အားကောင်းလှ၏။ မိရိုးဖလာ အစဉ်အဆက်က အရိုးစွဲလာခဲ့၍ တစ်ချိန်မဟုတ် တစ်ချိန် လွှမ်းမိုးလာဦးမည် ဖြစ်၏။

ထို့ပြင် ဗုဒ္ဓဘာသာ အမည်ခံ ဂိုဏ်းကွဲများကလည်း အသောကမင်းကြီး ဘုန်းတန်ခိုး တောက်ပနေစဉ်တွင် ပါဋလိပုတ် နေပြည်တော်နားသို့ မကပ်နိုင်ကြသော်လည်း ဝေသာလီ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ နာလန္ဒ၊ မထုရာစသော မြို့ကြီးများ၌ ခြေကုတ်ယူထားကြသည်။

အသောကမင်းကြီး၏ နန်းတော်တွင်း၌ ဂျိန်းဘာသာဝင် အမတ်ကြီးများ၊ ဗြဟ္မဏဟိန္ဒူဘာသာဝင် အမတ်ကြီးများ၊ စစ်သူကြီးများကလည်း နောက်တက်မည့် ဘုရင်လောင်း မင်းသားများကို မိမိတို့ အယူဝါဒဘက် ပါစေရန် စည်းရုံးသိမ်းသွင်းနေကြသည်။

ဗုဒ္ဓသာသနာတော်၏ ရန်သူတော်အပေါင်းတို့ကား အသောကမင်းကြီး နတ်ရွာစံမည့်နေ့ကိုသာ လက်ချိုးရေတွက်နေကြ၏။ ဤအခြေအနေအားလုံးကို သိမြင်နေသော အသောကမင်းကြီးသည် သာသနာတော် နောင်ရေးအတွက် စိတ်မအေးနိုင်ရှာပေ။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးပြုသော ရဟန္တာမထေရ်ကြီးများကလည်း မဇ္ဈိမဒေသ၏ ပြင်ပ ပစ္စန္တရစ်တိုင်းများသို့ သာသနာပြန့်ချိကြရန် စီစဉ်ဆောင်ရွက်တော်မူကြ၏။

## နည်းဗျူဟာ နှစ်မျိုး

ရန်သူကို စစ်ဆင်ချေမှုန်းရာတွင် နည်းဗျူဟာ နှစ်မျိုးရှိ၏။

၁။ ရန်သူအင်အား နည်း၍ မိမိက အင်အား ကောင်းနေလျှင် မိမိအင်အားကို တစ်စုတစ်ရုံးတည်း စု၍ အပြတ်ချေမှုန်းရ၏။

၂။ မိမိက အင်အားနည်း၍ ရန်သူက အင်အား များနေလျှင်

မိမိအင်အားကို ဖြန့်ထုတ်၍ ပြောက်ကျားစနစ်သုံး၍ ခုခံရ၏

ဤနည်းဗျူဟာ နှစ်မျိုးတွင် ပထမသင်္ဂါယနာ၊ ဒုတိယ သင်္ဂါယနာ၊ တတိယသင်္ဂါယနာခေတ်များ၌ ထေရဝါဒ ပင်မ ဗုဒ္ဓသာသနာတော်က အင်အားကောင်းနေခဲ့သဖြင့် ရန်သူများကို နှိမ်နင်းရာ၌ ပထမနည်းကို သုံးခဲ့ကြသည်။ ယခုမူ တတိယသင်္ဂါယနာ နောက်ပိုင်း၌ ဗုဒ္ဓဘာသာ အမည်ခံ ဂိုဏ်းကွဲအချို့သည် ဂျိန်းဘာသာ၊ ဗြဟ္မာဏ ဟိန္ဒူဘာသာတို့နှင့် ပူးပေါင်းလိုက်ကြသဖြင့် ပင်မ ဗုဒ္ဓဘာသာမှာ အနည်းစု ဖြစ်ရပေတော့မည်။ ထို့ကြောင့် ဒုတိယနည်းဗျူဟာကိုသုံး၍ ထေရဝါဒ ပင်မဗုဒ္ဓသာသနာတော်ကို နယ်လေးရပ်သို့ ဖြန့်ချိခြင်းပင် ဖြစ်ပေသည်။

သာသနာပြု မထေရ်မြတ်တို့သည် သာသနာပြုခရီးကြွရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ဆောင်ရွက်တော်မူပြီးလျှင် သင်္ဂါယနာတင်ပြီးသည့်နှစ် တန်ဆောင်မုန်း လပြည့်နေ့မှစ၍ မိမိတို့ တာဝန်ကျရာ သာသနာပြုဌာနအသီးသီးသို့ ကြွတော်မူကြသည်။ နဝမမြောက် အဖွဲ့ဖြစ်သော အရှင်မဟိန္ဒထေရ် ဦးဆောင်သည့် မထေရ်တို့ကား အကြောင်းအားလျော်စွာ ခုနစ်လမျှ ဆိုင်းငံ့ပြီးမှ ကြွတော်မူသည်။

## ဘိက္ခုနီသာသနာပေါ်ထွန်းခဲ့ရာ တိုင်းကြီးသုံးတိုင်း

ထိုသို့ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခဲ့ရာတွင် တိုင်းကြီး သုံးတိုင်းတို့၌သာ ဘိက္ခုနီသာသနာ ပေါ်ထွန်းခဲ့သည်ကို တွေ့ရသည်။ ယင်းတို့မှာ–

၁။ အပရန္တတိုင်း

၂။ သုဝဏ္ဏဘူမိ

၃။ တမ္ဗပဏ္ဏိသိဟိုဠ်ကျွန်း

တို့ဖြစ်သည်။ ကျန်ခြောက်တိုင်းတို့၌ ဘိက္ခုနီသာသနာ ပေါ်ထွန်းခဲ

သည့် စာပေအထောက်အထား မတွေ့ရချေ။ ယင်းသို့ ဘိက္ခုနီ သာသနာ မပေါ်ထွန်းရခြင်းမှာလည်း သာသနာပြုအဖွဲ့ဝင်များတွင် ဘိက္ခုနီများ မပါဝင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်ဟု ယူဆရသည်။ အထက်ပါ တိုင်းသုံးတိုင်းတို့တွင် သီဟိုဠ်ကျွန်း၌ အနုဠာဒေဝီ မိဖုရားကြီး အမှူးရှိသော နန်းတွင်းသူ အမျိုးသမီးတစ်ထောင်တို့ကို ဘိက္ခုနီ ပြုပေးရန်အတွက် ရာဇဂြိုဟ်ပြည်၊ ပါဋလိပုတ်မြို့တော်ရှိ သံဃမိတ္တာထေရီ အမှူးရှိသော ဘိက္ခုနီများကို ပင့်ဆောင်စေပြီးမှသာ ဘိက္ခုနီ ပြုပေးကြရသည်။ ယင်းအချက်ကို ထောက်ဆလျှင် ဘိက္ခုနီပြုပေးရာ၌ နှောက်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ ရှိနေသည်ကို တွေ့ရပေသည်။ အပရန္တတိုင်း၊ သုဝဏ္ဏဘူမိတို့၌လည်း ထို့အတူပင် ဖြစ်ပေမည်။

## အပရန္တတိုင်းနှင့် ဘိက္ခုနီ သာသနာ

အပရန္တတိုင်းသည် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာတွင် ဘိက္ခုနီ သာသနာ ပေါ်ထွန်းခဲ့ရာ တိုင်းတစ်တိုင်းဖြစ်သည်။ ထိုတိုင်းကို "ဘုရားအလောင်းတော် မန္ဓာတု စကြာမင်းကြီး နှင့်အတူ အပရဂေါယာန ခေါ် အနောက်ကျွန်းမှ ပါလာကြသော လူတို့၏ နေရာအရပ် ဖြစ်သောကြောင့်လည်းကောင်း ၊ ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမ ဒေသ၏ အနောက်ဘက်စွန်းကျရာ အရပ်ဒေသ ဖြစ်သောကြောင့် လည်းကောင်း အပရန္တတိုင်း "ဟုခေါ်ဆိုသည်။ အပရန္တပုဒ်၏ရှေ့၌ သားအနက်ဟော သုနသဒ္ဒါနှင့် တွဲစပ်၍ "သုနာပရန္တ"တိုင်း ဟူ၍လည်း ခေါ်ဆိုကြသည်။

ထိုသို့ အပရန္တ ဟူ၍လည်းကောင်း၊ သုနာပရန္တ ဟူ၍ လည်းကောင်း အမည်နှစ်မျိုး ရှိရာတွင် မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာ နိဒါနသုတ်နှင့် ပါရာဇိက ကဏ္ဍအဋ္ဌကထာ၊ တတိယ သင်္ဂါယနာ

အခန်းတို့၌ အပရန္တ ဟူသော အမည်ဖြင့် ဖော်ပြထား၏။ ဥပရိပဏ္ဏာသ၊ ပုဏ္ဏောဝါဒသုတ်ပါဠိ၊ အဋ္ဌကထာနှင့် သဠာယတန ဝဂ္ဂသံယုတ်၊ ပုဏ္ဏသုတ်ပါဠိ၊ အဋ္ဌကထာ ၊ ထေရဂါထာ အဋ္ဌကထာ တို့၌ကား သုနာပရန္တ ဟူသော အမည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုအပရန္တတိုင်းသည် မြတ်ဗုဒ္ဓ၏ အသီတိ မဟာသာဝက တို့တွင် တစ်ပါးအပါအဝင်ဖြစ်သော မဟာပုဏ္ဏထေရ်၏ ဖွားမြင်ရာ ဇာတိမြေ ဖြစ်၏။ ထိုမဟာပုဏ္ဏထေရ် တောင်းပန်လျှောက်ထားသဖြင့် မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူစဉ်က အဂ္ဂသာဝကနှစ်ပါး အပါအဝင် နောက်ပါ ရဟန္တာမထေရ်ငါးရာတို့နှင့်အတူ အပရန္တတိုင်း၊ ဝါဏိဇဂါမသို့ ကြွတော်မူ၍ ခုနစ်ရက်ပတ်လုံး တရားဟောတော်မူ ခဲ့ဖူး၏။ ထိုသို့ ကြွတော်မူစဉ် လမ်းခရီးအကြားရှိ သစ္စဗန္ဓတောင်၌ နေသော သစ္စဗန္ဓရသေ့ကို အရဟတ္တဖိုလ်ဉာဏ်သို့ ဆိုက်ရောက် စေပြီးလျှင် ဧဟိဘိက္ခုရဟန်းအဖြစ် ချီးမြှောက်တော်မူခဲ့၏။ တစ်ဖန် အပြန်ခရီးတွင် နမ္မဒါမြစ်အတွင်းရှိ နမ္မဒါနဂါးမင်းကိုလည်း တရား ဟော၍ ချေချွတ်တော်မူသည်။

ထိုသစ္စဗန္ဓထေရ်နှင့် နမ္မဒါ နဂါးမင်းတို့၏ တောင်းပန်မှုဖြင့် မြတ်ဗုဒ္ဓသည် သစ္စဗန္ဓတောင်ထိပ်၌ စက်တော်ရာတစ်ဆူ၊ နမ္မဒါ မြစ်ကမ်း၌ စက်တော်ရာတစ်ဆူတို့ကို အဓိဋ္ဌာန်ပြု၍ ချတော်မူခဲ့သည်။ သို့ဖြစ်၍ အပရန္တတိုင်းသည် မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကပင် ကြွရောက်တော်မူခဲ့ဖူး၍ သာသနာ့သမိုင်းဝင် စက်တော်ရာ (ပါဒစေတီ) နှစ်ဆူတည်ရှိရာ အရပ်ဒေသလည်း ဖြစ်ပေသည်။

ထိုအပရန္တတိုင်းခေါ် သုနာပရန္တတိုင်းသို့ ကိုးတိုင်းကိုးဌာန သာသနာပြု အစီအစဉ်အရ စတုတ္ထ သာသနာပြုအဖွဲ့ဖြစ်သည့် အရှင်ယောနကဓမ္မရက္ခိတထေရ် ဦးဆောင်သော မထေရ်မြတ်ငါးပါးတို့

ကြွရောက်၍ သာသနာပြုတော်မူကြသည်။

သာသနာပြုအဖွဲ့ခေါင်းဆောင်ဖြစ်တော်မူသော အရှင်ယောနက ဓမ္မရက္ခိတထေရ်သည် တိုင်းသူတိုင်းသားတို့အား အဂ္ဂိခန္ဓောပမသုတ္တန် တရားတော်ကို ဟောတော်မူရာ ခုနစ်သောင်းသော သတ္တဝါတို့ အကျွတ်တရား ရကြသည်။ ထိုနောက် တိုင်းသူတိုင်းသားများစွာတို့ သာသနာတော်တွင်းသို့ ဝင်ရောက် ရဟန်းပြုကြရာ မင်းမျိုးမင်းနွယ်မှ ပင်လျှင် အမျိုးသားတစ်ထောင် ရဟန်းပြုကြ၍ အမျိုးသမီး ခြောက် ထောင်ကျော် ဘိက္ခုနီ ပြုကြလေသည်။

ယင်းသို့ အမျိုးသမီးခြောက်ထောင်ကျော်တို့ ဘိက္ခုနီပြုကြ သည်ဟု ဆိုရာတွင် အဂ္ဂိခန္ဓောပမသုတ္တန် တရားတော်ကို နာကြား ပြီးလျှင်ပြီးချင်း ပြုကြသည် မဟုတ်၊ အချိန်အနည်းငယ် ကြာမြင့်မှ ပြုကြသည်ဟု မှတ်ယူသင့်ပေသည်။ အကြောင်းမှာ အမျိုးသမီးများကို ရဟန်းပြုပေးရာတွင် ဘိက္ခုနီ (ရဟန်းမိန်းမ) အနည်းဆုံး ငါးပါးရှိမှသာ ရဟန်းခံ ပေးနိုင်သောကြောင့်လည်းကောင်း၊ သာသနာပြု မထေရ် တို့နှင့်အတူ ဘိက္ခုမနီများ မပါသောကြောင့်လည်းကောင်း နောင် အခါမှ ဘိက္ခုနီတို့ ကြွရောက်၍ ရဟန်းပြုပေးကြခြင်းသာဖြစ်ပေမည်။

သို့သော် မည်သည့် ဘိက္ခုနီအရှင်မများ ကြွရောက်ကြီးမှူး၍ ရဟန်းခံပေးကြသည်ကိုလည်းကောင်း၊ ဘိက္ခုနီသာသနာ မည်မျှအထိ စည်ပင်ပြန့်ပွားခဲ့သည်ကိုလည်းကောင်း၊ စာပေတို့၌ တစ်စွန်းတစ်စမျှ ဖော်ပြထားသည်ကို မတွေ့ရပေ။ ထို့ကြောင့် အပရန္တတိုင်းတွင် ဘိက္ခုနီမတို့ တစ်ဆက်နှစ်ဆက်မျှသာ ဘိက္ခုနီသာသနာ တည်တံ့၍ ကွယ်ပျောက်သွားခဲ့သည်ဟုသာ ယူဆရပေသည်။

## အပရန္တတိုင်း စိစစ်ချက်

ဤ၌ အပရန္တတိုင်းကို စိစစ်ရန် လိုအပ်ပေသည်။ အဋ္ဌကထာ

တို့အဆိုအရ အပရန္တတိုင်းအတွင်း၌ သုပ္ပါရက ဆိပ်ကမ်းမြို့တော်၊ ဝါဏိဇဂါမအရံမြို့၊ နမ္မဒါမြစ်နှင့် သစ္စဗန္ဓတောင်တို့ ရှိကြောင်း သိရသည်။ ထိုတွင်ဌာန တစ်ခုခု၏ တည်ရာအမှန်ကို တွေ့ရလျှင် ထိုတိုင်း၏ တည်ရာအမှန်ကို သိနိုင်မည် ဖြစ်၏။ တိုင်း၏ တည်ရာအမှန်ကို တွေ့ရလျှင် ထို၌ ပါဝင်သော ဌာနများ၏ တည်ရာအမှန်ကိုလည်း မှန်းဆသိနိုင်မည် ဖြစ်သည်။

မြန်မာတို့ကမူ အပရန္တတိုင်း၊ သုပ္ပါရကမြို့ စသည်တို့ကို မြန်မာနိုင်ငံ ဧရာဝတီမြစ် အနောက်ဘက် မင်းဘူးနယ်အတွင်း မန်းချောင်းတစ်ဝိုက်ကို ညွှန်ပြပြောဆိုကြ၏။ ရွှေစက်တော်သမိုင်း စသည်တို့ကိုလည်း အခိုင်အမာ ရေးသားထားကြ၏။

သာသနာလင်္ကာရ စာတမ်း၌လည်း-

"ဘုရား ပရိနိဗ္ဗာန် စံတော်မူသည် နောက် ၂၃၅-ခုနှစ် ရောက်သောအခါ တတိယသင်္ဂါယနာ တင်ပြီးသည့် အဆုံးတွင် အရှင်မောဂ္ဂလိပုတ္တတိဿက တပည့်ရင်း ယောနက ဓမ္မရက္ခိတမထေရ်ကို နောက်သံဃာတော်လေးပါးနှင့်တကွ ပဉ္စဝဂ်သံဃာမြောက်၍ ဥပသမ္ပဒကံဆောင်လောက်အောင် အပရန္တတိုင်းသို့ သာသနာပြု စေလွှတ်တော်မူ၏။ အပရန္တတိုင်း ဟူသည်ကား တိုင်း၊ စိတ်၊ ခရိုင်၊ ဇနပုဒ်နှင့်တကွသော ငါတို့ သုနာပရန္တတိုင်း မြန်မာတိုင်းပင်တည်း"

ဟူ၍ အပရန္တတိုင်းသည် မြန်မာတို့ တိုင်းနိုင်ငံပင်ဖြစ်ကြောင်းကို ဖော်ပြထားသည်။

## နမ္မဒါမြစ်

နမ္မဒါမြစ် အမည်ကို သက္ကတဘာသာဖြင့် နမဒါ ဟု ခေါ်ဆို၏။ ၎င်းနမဒါဟူသောအမည်ဖြင့်ပင် တိမ်းဗရိဒ် ရာဇဝင်မြေပုံ၊ ဟိန္ဒူ

ဘာရတမြေပုံ၊ ဗုဒ္ဓစရိယ ကျမ်းစာအုပ်တွင် ပါဝင်သောမြေပုံတို့၌ တွေ့ရ၏။ ယင်းသခ်တအမည် နမဒါမှ ရေဖကို မပြု၍ မာဂဓ အမည်အားဖြင့် နမ္မဒါ ဖြစ်လာ၏။ ထိုနမ္မဒါမြစ်သည် အိန္ဒိယပြည် အလယ်ပိုင်း လောင်ဂျီတွဒ် (၈၀)၊ လတ္တီတွဒ် (၂၄) အတွင်း ဇဗလပူရ (ဇပါရ်ပူရ)မြို့၊ ပေန္ဒြာမြို့များ၌ မြစ်ဖျားခံ၍ ဝိဥ္ဈတောင်၊ သတ်ပုရတောင်၊ အဇဏ္ဍာတောင်ကြားများမှ ဖြတ်သန်းလျက် အရှေ့မှ အနောက်သို့ စီးဆင်းရာ ကံဗယ်ကွေ့အနီး ယခု ဘရောချခေါ် ဘရုကစ္ဆသို့ စီးဆင်းပြီး ၎င်းမှ အာရဗ (အာရေဗျ) ပင်လယ်သို့ စီးဝင်လေသည်။

## သစ္စဗန္ဓတောင်

သစ္စဗန္ဓတောင်သည် အထက်ဖော်ပြပါ မြေပုံတို့၌ မပါရှိချေ။ သို့သော် အပဏ္ဏကတိုင်းသို့ မြတ်ဗုဒ္ဓ ကြွတော်မူစဉ်က ခြေတော်ရာ နှစ်ဆူကို ချတော်မူခဲ့ရာ နမ္မဒါ နဂါးမင်း၏ တောင်းပန်ချက်အရ နမ္မဒါမြစ်ကမ်း၌ တစ်ဆူ၊ သစ္စဗန္ဓထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓတောင်ထိပ်၌ တစ်ဆူ ချတော်မူခဲ့ပေသည် ဟု ဆိုသောကြောင့် သစ္စဗန္ဓတောင်သည် နမ္မဒါမြစ် အနီးမှာပင် ရှိရပေမည်။

ထိုနမ္မဒါမြစ်ဝှမ်းတစ်လျှောက် တောင်များ အများအပြားရှိရာ မည်သည့်တောင် ဖြစ်သည်ဟု အတိအကျ မဆိုနိုင်သော်လည်း မဟာသုဓာတကကျမ်း၌ "အိန္ဒိယပြည်၏ အနောက်တောင်ဘက် ယောနကတိုင်း အဝင်အပါ နမ္မဒါမြစ် အနီးရှိ သတ်ပုရ်တောင်ထိပ်၌ ဘုရားရှင်၏ ခြေတော်ရာ ရှိ၏"ဟု ညွှန်ပြထား၏။ ထိုသတ်ပုရ်တောင် ကား နမ္မဒါမြစ်နှင့် တာပတိခေါ် တာပီမြစ် နှစ်ခုတို့၏ အကြား၌ တည်ရှိသည်။ ဟိန္ဒူဘာသာ ဗုဒ္ဓစရိယကျမ်း၌လည်း "သတျပြဗန္ဓ ပဗ္ဗတ ဟူသော သခ်တ အမည်ဖြင့် သစ္စဗန္ဓတောင်သည် နမ္မဒါမြစ်

အနီး၌ တည်ရှိ၏" ဟု ဖော်ပြထား၏။ သို့ဖြစ်၍ ဖော်ပြပါ အထောက်အထားများအရ သစ္စဗန္ဓတောင်သည် အိန္ဒိယပြည်၏ အနောက်တောင်ဘက် နမ္မဒါမြစ်အနီး၌ပင် တည်ရှိသည်ဟု မှတ်ယူရပေမည်။

## သုပ္ပါရကမြို့

သုပ္ပါရကမြို့သည် အပရန္တတိုင်း၏ မြို့တော်ဖြစ်၏။ အာရေဗျပင်လယ်ကမ်းရိုးတန်းတွင် တည်ရှိ၍ ဆိပ်ကမ်းမြို့လည်း ဖြစ်၏။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ "ခိပ္ပါဘိည တေဒဂ်ဘွဲ့ထူးရှင် ဗာဟိယဒါရုစိရိယသည် သုပ္ပါရက ဆိပ်ကမ်းမြို့မှ ယူဇနာ ၁၂၀ ဝေးသော သာဝတ္ထိမြို့သို့ ကုန်းလမ်း၊ ခြေလျင်ခရီးဖြင့် ခရီးပြင်း ထွက်ခွါလာခဲ့ရာ တစ်ညဥ့်တည်းဖြင့်ပင် သာဝတ္ထိမြို့သို့ ရောက်သည်" ဟုဆို၏။

ဓမ္မပဒအဋ္ဌကထာ၌ ထိုဗာဟိယဒါရုစိရိယအား ဗြဟ္မာက ဘုရားရှင်ရှိရာ လမ်းကို ညွှန်ပြရာတွင် "အတ္ထိဗာဟိယဥတ္တရေသုဇနပဒေသုသာဝတ္ထိနာမနဂရံ–ဗာဟိယမြောက်ဘက်ဖြစ်သော ဇနပုဒ် (အိန္ဒိယနိုင်ငံမြောက်ပိုင်း) တို့၌ သာဝတ္ထိမြို့ ရှိ၏" ဟူ၍ ညွှန်ပြထားသည်ကိုလည်းကောင်း ၊ ထို "ဥတ္တရေသုဇနပဒေသု ကို "ဥတ္တရေသူတိသုပ္ပါရက ပဋ္ဋနတောပုဗ္ဗုတ္တရဒိသာဘာဂံသန္ဓာယ ဝုတ္တံ–မြောက်အရပ်ဆိုသည်မှာ သုပ္ပါရက ဆိပ်ကမ်းမြို့မှ အရှေ့မြောက်အရပ်ကို ရည်ရွယ်၍ဆို၏" ဟု ဥဒါနအဋ္ဌကထာ၊ မဟာဗောဓိဝင်၊ ဒဿမသုတ်၌ ဖွင့်ဆိုညွှန်ပြထားသည်ကိုလည်းကောင်း ထောက်၍ အပရန္တတိုင်း၏မြို့တော် သုပ္ပါရက ဆိပ်ကမ်းမြို့သည် သာဝတ္ထိပြည်၏ အနောက်တောင်အရပ် ယူဇနာ ၁၂၀ ကွာဝေးသောအရပ်၌ တည်ရှိ၍၊ သာဝတ္ထိမြို့သည် သုပ္ပါရကမြို့၏ အရှေ့မြောက်အရပ်၌ တည်ရှိကြောင်း သိရပေသည်။ ယခု ဘုံဘေမြို့ ဆိပ်ကမ်းနှင့် သာဝတ္ထိမြို့ တည်ရာ

ဌာနမှာ ယင်းအဋ္ဌကထာအဆိုနှင့် ကိုက်ညီသည်ဟု ဆိုပါသည်။

တောင်ပေါက်ဆရာတော်ကမူ–

"၎င်းမြို့၏တည်ရာ ဗုမ္မိုင် (ဘုံဘေ)မြို့ မြောက်ဘက် ထာန စီရင်စု အတွင်းမှာ တည်ရှိ၍ အင်္ဂလိပ် ရှေးဟောင်းမြေပုံ၊ ဟူယင်ဆန် မြေပုံများမှာ "ဆိုပါရာ" ဟူသော အမည်ဖြင့် ရေးသားပါရှိသည်။ လတ္တီတွဒ် (၂၀) အထက် လောင်ဂျီတွဒ် (၇၂) နှင့် (၇၄) အကြားမှာ တည်ရှိသည်"

ဟု ဆိုပါသည်။

ပြဆိုပြီးသော နမ္မဒါမြစ်၊ သစ္စဗန္ဓတောင်၊ သုပ္ပါရကမြို့တို့၏ တည်ရာဌာနများကိုထောက်၍ ဘင်္ဂလားပင်လယ်အော်၏ အရှေ့ မြောက်ဘက်၌ တည်ရှိသော မြန်မာပြည်တွင်းရှိ ဧရာဝတီမြစ်၏ အနောက်ဘက် မင်းဘူးနယ်တစ်လျှောက်ကို အပရန္တတိုင်း ခေါ် သုနာပရန္တတိုင်းဟု အသိအမှတ် ပြု၍ ရေးသားပြောဆိုချက်များသည် မှန်ကန်မှု ရှိ၊ မရှိ စဉ်းစား ဆင်ခြင်သင့်ပေသည်။

တောင်ပေါက်ဆရာတော်က ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း၌– အပရန္တတိုင်း၏ တည်ရာဌာနကို အောက်ပါအတိုင်း ဖော်ပြထား၏။

"တိုင်းအမည် အပရန္တ၊ သို့မဟုတ် သုနာပရန္တတိုင်း၊ ရှေးမြို့တော်ဟောင်းအမည် သုပ္ပါရက ယခုမြို့အမည် ဆိုပါရ်၊ ရှေးအရံမြို့အမည် ဝါဏိဇဂါမ၊ တည်ရာဌာနကား နမ္မဒါ မြစ်နှင့် ပစ္ဆိမယာင်ရ ခေါ် အနောက်ယာင်ရတောင် အတွင်း ဗုမ္မိုင် (ဘုံဘေ)မြို့ မြောက်ထာန (သာန) စီရင်စုနှင့် သုရတ (စုရတ်) ဒိစတြိတ် စီရင်စုနယ်ပယ်များ၌ တည်ရှိ သည်"

အဋ္ဌကထာ သင်္ဂါယနာ စိစစ်ခဏ်၌လည်း "အပရန္တတိုင်း ဟူသည် ယခုအခါ ဘုံဘေမြို့ မြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်

(အိန္ဒိယနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းဒေသ) ပင်ဖြစ်သည်။ ”
ဟု ကျောက်စာဌာန၏ ဖော်ပြချက်များကို ကိုးကား၍ ဖော်ပြထား၏။

အပရန္တ ဟူသည် အပရပုဒ်၊ အန္တပုဒ် နှစ်ပုဒ်ဖြစ်၍ အပရ=အနောက်ဘက်၊ အန္တ=အစွန်း၊ အပရန္တ=အနောက်ဘက်အစွန်း ဟု အဓိပ္ပါယ်ရသည်။ အိန္ဒိယနိုင်ငံမှ ကြည့်လျှင် ဘုံဘေမြို့ ကမ်းရိုးတန်းသည် အနောက်ဘက် အစွန်းကျ၏။ ထိုအပရန္တအရပ်၌ သုပ္ပါရက သဘော်ဆိပ် (ဆိပ်ကမ်းမြို့) ရှိကြောင်း ကျမ်းဂန်တို့၌ အဆိုရှိ၏။ ထိုအရပ်၌ ယခုတိုင် သောပါရာသဘော်ဆိပ် အခေါ်အဝေါ် ရှိနေသေးသည်ဟု ဆို၏။

ကျမ်းဦးမှတ်ဖွယ်၌လည်း–

“အပရန္တ ဟူသည် ယခု ဘုံဘေမြို့မှစ၍ မြောက်ဘက် ကမ်းရိုးတန်းတစ်လျှောက် (အိန္ဒိယ အနောက်ဘက်ကမ်းရိုးတန်းဒေသ) ပင်ဖြစ်၏ ဟူ၍ ဖော်ပြထား၏။

ဤသို့လျှင် အပရန္တတိုင်းခေါ် သုနာပရန္တတိုင်း၏ တည်ရာဌာနကို မြန်မာနိုင်ငံ ရောပတိမြစ် အနောက်ဘက် မင်းဘူးနယ်အတွင်း မန်းချောင်းတစ်ဝိုက်တွင် တည်ရှိသည်ဟူ၍လည်းကောင်း၊ ဘုံဘေမြို့ မြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် (အိန္ဒိယနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းဒေသ) ၌ တည်ရှိသည် ဟူ၍လည်းကောင်း သုတေသီတို့က ပြောဆိုညွှန်ပြကြလေသည်။

မည်သို့ပင်ဆိုစေ အပရန္တတိုင်းသည် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ရာတွင် ဘိက္ခုနီ သာသနာ ပေါ်ထွန်းခဲ့ရာ တိုင်းတစ်တိုင်း ဖြစ်သည်ဟူ၍ကား ကေန်မှတ်ယူရမည်သာ ဖြစ်ပေသည်။

မြန်မာနိုင်ငံ ရောပတိမြစ် အနောက်ဘက် မင်းဘူးနယ်အတွင်း မန်းချောင်းတစ်ဝိုက်ကို အပရန္တတိုင်းခေါ် သုနာပရန္တတိုင်းဟု

အသိအမှတ်ပြု၍ ထိုဒေသအတွင်း၌ တည်ရှိသော မြတ်ဗုဒ္ဓ၏ စက်တော်ရာ (ပါဒစေတီ) နှစ်ဆူနှင့်တကွ သာသနာ့ သမိုင်းဝင် ဒေသများသို့ သွားရောက်ဖူးခြင်းအားဖြင့်လည်း အချိုးနိုးကား မဖြစ်ပါချေ။ ထိုစေတီတော်များနှင့် သမိုင်းဝင်ဒေသများသည် ဥဒ္ဒိဿကစေတီ၊ သို့မဟုတ် ပရိဘောဂစေတီ ထိုက်သဖြင့် ဖူးမြော် သူတို့အား–

"တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေစိတ္တေသမံဖလံ"

"သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၌ ဖြစ်စေ၊
ပရိနိဗ္ဗာန် စံတော်မူသော မြတ်စွာဘုရား၌ ဖြစ်စေ၊
စိတ်ထားညီမျှသည်ရှိသော် ညီမျှသော အကျိုးကို ပေးနိုင်၏။"

ဟူ၍ မိန့်တော်မူသည့်အတိုင်းပင် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို အာရုံပြု၍ ဖူးမြော်ပါက သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာ ဘုရားရှင်ကို ဖူးမြော်ရသည်နှင့် မခြား တူမျှသောအကျိုးတရားများကို ရနိုင်မည်သာ ဖြစ်ပေသည်။

## သုဝဏ္ဏဘူမိ နှင့် ဘိက္ခုနီသာသနာ

သုဝဏ္ဏဘူမိသည်လည်း ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ရာတွင် ဘိက္ခုနီများ ပေါ်ထွန်းခဲ့ရာ တိုင်းတစ်တိုင်း ဖြစ်သည်။ ထိုသုဏ္ဏဘူမိအရပ်သို့ အဋ္ဌမမြောက် သာသနာပြုအဖွဲ့ဖြစ်သော အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရထေရ် နှစ်ပါး ဦးဆောင်သည့် ရဟန္တာ မထေရ်ငါးပါး ကြွရောက်၍ သာသနာပြုကြသည်။

သာသနာပြုမထေရ်တို့ ကြွရောက်ချိန်၌ သုဝဏ္ဏဘူမိအရပ်တွင် သမုဒ္ဒရာမှ ထွက်လာသော ရက္ခိုသ် ဘီလူးမ တစ်ကောင်သည် မင်းအိမ်၌ မွေးဖွားတိုင်း မွေးဖွားတိုင်းသော ကလေးသူငယ်များကို အမြဲမပြတ် လာရောက်စားလေ့ရှိသည်။ ထိုမထေရ်တို့ ကြွရောက်လာ

သောနေ့မှာပင် မင်းအိမ်၌ ကလေးသူငယ်တစ်ယောက် ဖွားမြင်လျက် ရှိရာ လူတို့က မထေရ်တို့ကို မြင်ကြလျှင် ရက္ခိုသ် ဘီလူးမ၏ အပေါင်းအဖော်များဟု ထင်မှတ်ကာ လက်နက်ကိုယ်စီ စွဲကိုင်လျက် မထေရ်တို့ရှိရာသို့ လာကြကုန်၏။

ထိုအခါ သောဏထေရ်က "အဘယ်ကြောင့် သင်တို့ လက်နက်များ စွဲကိုင်လျက် လာကြသနည်း" ဟု မေးမြန်းလေရာ "မင်းအိမ်၌ ဖွားတိုင်းဖွားတိုင်းသော ကလေးသူငယ်များကို စားကုန်သော ရက္ခိုသ် ဘီလူး၏ အဖော်များ မှတ်၍ လာကြကုန်၏" ဟု ပြောဆိုကြသည်။ မထေရ်မြတ်က "ဒါယကာတို့၊ ငါတို့ကား ရက္ခိုသ် ဘီလူးတို့၏ အဖော်များ မဟုတ်ကုန်၊ ကိလေသာ ငြိမ်းသည့် သမဏ ခေါ် ရဟန်းတော်များ ဖြစ်ကြ၏။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ ယုတ်မာသော ကာမဂုဏ်အကျင့်ကိုကျင့်ခြင်း၊ မဟုတ်မမှန်စကားကို လိမ်လည်ပြောဆိုခြင်း၊ သေအရက်ကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ကုန်၏။ နေအရုဏ် တက်သည်မှ မွန်းတည့် တိုင်အောင်သော ကာလအတွင်း တစ်ထပ် တည်းသာ စားလေ့ ရှိကုန်၏။ သီလနှင့် ပြည့်စုံ၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏" ဟု ပြောပြလေသည်။

ထိုအချိန်မှာပင် ကလေးသူငယ်များကို စားနေကျဖြစ်သော [redacted]

ရက္ခိုသ်မကို အလယ်၌ထားလျက် ဝဲယာ ဘေးနှစ်ဘက်မှ ဝိုင်းရံထားတော်မူ၏။ ထိုသို့ ဝိုင်းရံထားသည်ကို သိမြင်လေလျှင် ရက္ခိုသ်တို့သည် "ဤသူတို့ကား ဤအရပ်ကို ဝေဿဝဏ္ဏာ နတ်မင်းထံမှ မချွတ်ကေန် အပိုင်စား ရကြသူများ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လျှင် ငါတို့သည် သူတို့အစာ ဖြစ်ကြရပေကာမည်" ဟု ထိတ်လန့်ကြောက်ရွံ့ကာ အားလုံးထွက်ပြေးကြလေသည်။

မထေရ်မြတ်လည်း ထိုရက္ခိုသ်တို့ကို လူတို့ မမြင်လောက်ရာဌာနတိုင်အောင် ပြေးစေ၍ သုဝဏ္ဏဘူမိကျွန်း၏ ထက်ဝန်းကျင်မှ ရက္ခိုသ်တို့ တစ်ဖန် မလာဝံ့အောင် မိဌာန်တော်မူ၍ အစောင့်အရှောက်အရံအတားကို ထားတော်မူ၏။

ထို့နောက် စည်းဝေးရောက်ရှိလာသော များစွာသော လူအပေါင်းကို ဗြဟ္မာဇာလသုတ္တန် ဒေသနာဖြင့် စိတ်၏ ကြည်လင်ခြင်းကို ဖြစ်စေ၍ သရဏဂုံသီလ၌ တည်စေတော်မူ၏။ ထိုဓမ္မသဘင်အစည်းအဝေး၌ ခြောက်သောင်းသော သတ္တဝါတို့သောတာပတ္တိဖိုလ်၌ တည်ကြ၍ အမျိုးကောင်းသား သုံးထောင်ငါးရာ၊ အမျိုးကောင်းသမီး တစ်ထောင့်ငါးရာတို့ ရဟန်းပြုကြသည်။ သာသနာပြု မထေရ်တို့လည်း ထိုသုဝဏ္ဏဘူမိအရပ်၌ပင် ဆက်လက်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြသည်။ ထိုအချိန်မှစ၍ မင်းအိမ်၌ ဖွားမြင်တိုင်းသော သူငယ်များကို "သောဏုတ္တရ" ဟု အမည်မှည့်ခေါ်ကြလေသည်။

အထက်ဖော်ပြပါ စကားရပ်များသည် ပါရာဇိကဏ် အဋ္ဌကထာလာ သုဝဏ္ဏဘူမိ အရပ်သို့ သာသနာ ရောက်ရှိလာပုံများပင်ဖြစ်၏။ ဤ၌လည်း အမျိုးကောင်းသမီး တစ်ထောင့်ငါးရာတို့ ဘိက္ခုနီပြုကြကြောင်း လာရှိ၏။ ယင်းသို့ အမျိုးကောင်းသမီး တစ်ထောင့်ငါးရာတို့ ဘိက္ခုနီပြုကြသည် ဆိုရာတွင်လည်း ဗြဟ္မဇာလသုတ်တော်

ကို ဟောကြားတော်မူသည့် ခမ္မသဘင် အဆုံး၌ ချက်ချင်းပြုကြခြင်း မဟုတ်နိုင်ပေ။ သာသနာပြု မထေရ်များနှင့်အတူ ဘိက္ခုနီတို့ ပါလာခြင်း မရှိသဖြင့် အမျိုးသမီးများကို ရဟန်းခံပေးရန်အတွက် မဇ္ဈိမဒေသမှ အနည်းဆုံး ဘိက္ခုနီ ငါးပါး ပင့်ဆောင်ရပေမည်။သို့သော် မည်သည့် ဘိက္ခုနီများကို ပင့်ဆောင်၍ ရဟန်းခံပေးသည်၊ သုဝဏ္ဏဘူမိ အရပ်၌ ဘိက္ခုနီသာသနာ မည်သည့်အတိုင်းအတာအထိ စည်ပင် ပွင့်လင်းခဲ့သည် ဆိုသည့်အချက်များကိုမူ စာပေကျမ်းဂန်တို့၌ ဆက်လက်ဖော်ပြထားသည်ကို မတွေ့ရသဖြင့် သိရှိခွင့် မရနိုင်တော့ပေ။ သို့ဖြစ်၍ သုဝဏ္ဏဘူမိတွင်လည်း ဘိက္ခုနီသာသနာသည် ထို တစ်ထောင့်ငါးရာသော ဘိက္ခုနီတို့တစ်ဆက်နှစ်ဆက်မျှသာ တည်တံ့၍ ပျောက်ကွယ်သွားခြင်းဖြစ်မည်ဟုသာ ယူဆရပေသည်။

## သုဝဏ္ဏဘူမိ စိစစ်ချက်

ဤ၌လည်း သုဝဏ္ဏဘူမိနှင့် ပတ်သက်၍ လေ့လာစိစစ်ရန် လိုအပ်ပေသည်။ သုဝဏ္ဏဘူမိ ဟူသည် သုဝဏ္ဏ=ရွှေ၊ ဘူမိ=မြေ၊ နှစ်ရပ်ပေါင်းသော် “ရွှေထွက်သောမြေ၊ ရွှေထွက်သောအရပ်ဒေသ” ဟု အဓိပ္ပါယ်ရသည်။

သုဝဏ္ဏဘူမိ ဟူသော အမည်သည် ဇာတ်နိပါတ်တော်များ၌လည်းကောင်း၊ လောကီဇာတ် ရာဇဝင် စာပေများ၌လည်းကောင်း ထင်ရှားလှပေသည်။ မဟာဇနက ဇာတ်တော်၌ မဟာဇနက မင်းသားသည် မိမိနေရာမြို့ဖြစ်သော စမ္ပာနဂိုရ်မှ မြစ်ကြောင်းခရီး အတိုင်း ပင်လယ်သို့ ထွက်ပြီးလျှင် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်း သွားလာရာ သင်္ဘောဖြင့် ခုနစ်ရက် သွား၍ ယူဇနာ ခုနစ်ရာ အရောက်တွင် သင်္ဘောပျက်ကြောင်း ပါရှိ၏။ ရာမယဏဇာတ်တွင် “သီတာ မိဖုရားကို ရှာဖွေရန် သုဂြိတ် အမှူးရှိသော ရာမမင်း၏

မျောက်စစ်သည်တော်များသည် ယာဝဒီပ (ဂျာဗားကျွန်း) သို့လည်းကောင်း၊ သုဝဏ္ဏရူပက (သုဝဏ္ဏဘူမိ) သို့လည်းကောင်း သွားရောက်ကြကုန်၏” ဟု ဖော်ပြထား၏။ ပေတဝတ္ထု အဋ္ဌကထာတွင် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်းရောင်းဝယ်ရန် သွားသောကုန်သည်များ သင်္ဘောပျက်ရာ ကုန်းမြေတစ်ခုတွင် ဆံပင်ကောင်း၍ ချောမောလှပပြီး အဝတ်မရှိသော ပြိတ္တာမတစ်ဦးကို တွေ့ရသောဝတ္ထုတစ်ပုဒ်နှင့် မိန်းမတစ်ဦး သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် သွားရာ သမုဒ္ဒရာအလယ်၌ နတ်ပြိတ္တာနှင့် တွေ့၍ ပေါင်းဖော်နေ ကြောင်းဝတ္ထုတစ်ပုဒ်ကို တွေ့ရသည်။

ဤစကားရပ်များအရ သုဝဏ္ဏဘူမိသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ ရေလမ်းခရီးဖြစ်ကြောင်း၊ ယူဇနာ ခုနစ်ရာထက်ပို၍ဝေးကွာကြောင်း သိရပေသည်။

တစ်ဖန် ပါရာဇိကကဏ်အဋ္ဌကထာလာ “ဒီပသသမဏ္ဍကောရက္ခဋ္ဌပေသိ ကျွန်း၏ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ထားခဲ့ပြီ” ဟူသော စကားအရ ကျွန်းမြေဖြစ်ကြောင်းကိုလည်း သိရပေသည်။

မြန်မာတို့အလိုအရမူ သုဝဏ္ဏဘူမိသည် ရှေးအမည် သုဓမ္မပူရခေါ် သထုံပြည်ဖြစ်၏။ ထိုသထုံပြည်သည်ပင် အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့ သာသနာပြုကြွရာ ကိုးတိုင်းကိုးဌာန အပါအဝင် သုဝဏ္ဏဘူမိ ဖြစ်သည်ဟု ယူဆကြသည်။

ယင်းသို့ မြန်မာတို့ ယူဆခြင်း၏ အထောက်အထားမှာ ဓမ္မစေတီမင်းကြီး ရေးထိုးခဲ့သော ကလျာဏီကျောက်စာအရ ဖြစ်သည်။ ထိုကျောက်စာအရ သုဝဏ္ဏဘူမိ ဟူသော သထုံပြည်သည် ယခုသထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ရဲစခန်းအပိုင်ရှိ၊ ကေလာသတောင် ခြေရင်းတွင်ရှိသော အရက်သည်မ ရွာတစ်ဝိုက်တွင် ရှိခဲ့လေသည်။ မင်းနေပြည်အဖြစ်ထားရှိသော သုဝဏ္ဏဘူမိမြို့၏ အရှေ့

ထက်ဝက်သည် တောင်စောင်း၌ရှိ၏။ အနောက်ထက်ဝက်ကား မြေညီ၌ ရှိ၏။ ဟံသာဝတီ (ပဲခူး)၌ ဓမ္မစေတီမင်းကြီး မင်းပြုချိန်တွင် ထိုမြို့ကို ဂေါဠမတ္တိကာနဂရ (တိုက်ဂလာ၊ တိုက်ကုလား) ဟု ခေါ်ဝေါ်ကြောင်း သိရသည်။ ယင်းသို့ ခေါ်ဝေါ်ခြင်းမှာ ဂေါဠသည် အိန္ဒိယနိုင်ငံ၊ ယခု ဘင်္ဂလားပြည်နယ်အောက်ပိုင်းကို ခေါ်ဆိုခြင်းဖြစ်၍ ဂေါဠမှ ဂလ၊ ဂလမှ ဂလာသို့ အဆင့်ဆင့် အသံပြောင်းလာပြီးလျှင် ထိုဒေသရှိ လူတို့၏ အိမ်ကဲ့သို့ မြေတိုက်အိမ်များ ရှိသောကြောင့် ဂလာတိုက်မှ တိုက်ဂလာ ဟု အမည်ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။ ဂလာကို နောင်အခါ ကုလားဟု ခေါ်တွင်လာကြပြန်ရာ တိုက်ဂလာ သည် တိုက်ကုလား ဖြစ်လာပြန်လေသည်။

ကလျာဏီကျောက်စာတွင် ရာမညဒေသ၏ ဗုဒ္ဓသာသနာ့ သမိုင်းအကျဉ်းနှင့် အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ် နှစ်ပါးတို့ ဦးဆောင်သော ရဟန္တာမထေရ်မြတ်ငါးပါး သာသနာပြု ကြွလာပုံ များကိုလည်း ဖော်ပြထား၏။ အရှင်မြတ်နှစ်ပါး ဦးဆောင်သော သာနာပြုအဖွဲ့ ကြွရောက်လာချိန်တွင် သုဝဏ္ဏဘူမိတိုင်း၌ သီရိမာ သောကအမည်ရှိသော မင်းသည် အုပ်စိုးလျက်ရှိ၏။ အရှင်မြတ်တို့ သည် မင်းအိမ်၌ ဖွားလေတိုင်းသော သူငယ်ကို အမြဲမပြတ် လာရောက်စားလေ့ရှိသော ရက္ခိုသ် ဘီလူးမအား နိမ်နင်းအေ ်မြင် သည့် အထိမ်းအမှတ်အဖြစ် ထိုအရပ်၌နေသော လူတို့သည် အရှင်မြတ်တို့က ဘီလူးမအား ခြောက်လှန့်နှင်ပစ်ရန် ဖန်ဆင်းပြသော ဦးခေါင်းတစ်ခု၊ ကိုယ်နှစ်ခုရှိသည့် ခြင်္သေ့ရုပ်သဏ္ဍာန်ကို ကျောက်ရုပ် ထုလုပ်ပြီးလျှင် မြို့၏ အရှေ့မြောက်ထောင့်ရှိ တောင်ထိပ်တွင် ထားခဲ့ကြရာ ဓမ္မစေတီမင်းကြီး လက်ထက်တိုင်အောင် ထင်ရှားရှိသေး သည်။ ထို့ပြင် ထိုရုပ်ပုံသဏ္ဍာန်ကို ထန်းရွက်စသည်တို့၌ ရေး၍ ဖွားမြင်စ သူငယ်တို့၏ ဦးခေါင်းပေါ်တွင် တင်စေကာ ရက္ခိုသ်

ဘီလူးမတို့မှ အရံအတား ပြုလေ့ရှိသော အစဉ်အလာ ဓလေ့ထုံးစံကိုလည်း ဓမ္မစေတီမင်းကြီးက ကျောက်စာတွင် ဖော်ပြခဲ့လေသည်။

ကေလာသတောင်ခြေရှိ အရက်သည်မရွာတွင် ယခုရှိနေသော မြသိန်းတန်ဘုရား၏ ရင်ပြင်ပေါ်တွင် ကျောက်စာတိုင်ကြီးတစ်ခု ရှိခဲ့ရာ ၁၈၈၃–ခုနှစ်ခန့်ကပင် ထိုနေရာမှ ပြောင်းရွှေ့ သယ်ယူလာပြီးလျှင် ယခုအခါ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အတွင်းတွင် စိုက်ထူထားလေသည်။

ထိုကျောက်စာတိုင်ကြီးတွင် အလွန်ရှေးကျသော မွန်ဘာသာဖြင့် ရေးထိုးထား၏။ ဖော်ပြပါရှိသော အကြောင်းအချက်များမှာ "ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးသည် ပျက်စီးယိုယွင်းနေသော ကျိုက်တလင်ဘွဲ့တော်ရှိသည့် စေတီကို ပြန်လည်ပြုပြင် ကောင်းမှုပြုသည့်အကြောင်း ပါရှိသည်း။ ထို့ကြောင့် မြသိန်းတန်စေတီသည် ကျောက်စာတွင် ပါသော ကျိုက်တလင်စေတီပင် ဖြစ်သည်ဟု ယူဆရသည်။

ကျောက်စာတွင် ကျန်စစ်မင်းကြီးသည် ထိုစေတီကို သက္ကရာဇ် ၄၆၀ ပြည့်နှစ်တွင် ပြန်လည်ပြုပြင်ကြောင်း ပါရှိလေရာ ထိုစေတီတော်သည် ထိုသက္ကရာဇ်တွင် ပျက်စီးယိုယွင်းလျက်ရှိသည် ဟူသောအချက်ကို ထောက်ထား၍ ထိုနှစ်ထက် အလွန်ရှေးကျသော အခါကတည်းက တည်ထားခဲ့ခြင်းဖြစ်ပေမည်။ ထို့ကြောင့် ထိုဒေသသည် မြန်မာနိုင်ငံ၌ မြတ်ဗုဒ္ဓသာသနာ အလွန်စောစွာ ရောက်ရှိခဲ့သော ဒေသတစ်ခုဖြစ်ကြောင်း သိရပေသည်။

သုဝဏ္ဏဘူမိ တည်နေရာကို သာသနာလင်္ကာရ စာတမ်းတွင်–

> "ထိုရောအခါ သုဝဏ္ဏဘူမိတိုင်း သထုံပြည်ဝယ် သီရိမာသောကမင်းပြု၏။ သထုံပြည်ကား ကေလာသ တောင်ထိပ်စေတီအနောက်တောင်တွင် အရှေ့ထက်ဝက် တောင်ထိပ်၊

အနောက်ထက်ဝက် မြေညီဌ တည်၏။ ထိုမြို့ကို တင်လဲ ချက်သော လူတို့အိမ်ကဲ့သို့ အိမ်အများ ရှိလေ သောကြောင့် ဂေါဠမတ္တိကမြို့လည်း ခေါ်ဝေါ်သည်။ တိုက်ကုလားမြို့ ဟုလည်း အမှာပါ၏"

ဟူ၍ နေရာအတိအကျ ညွှန်ပြ၍ နောက်ခေတ်အမည်များကိုပါ ဖော်ပြထားသည်။

ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင် မွန်အခန်း (၈၁) တွင်လည်း–

"ဤတွင် ငါးရာငါးဆယ် ဇာတ်တော်များမှအစ ပါဠိစာပေ၌ ထင်ရှားပါရှိသော သုဝဏ္ဏဘူမိ ဟူသည် မည်သည့်အရပ် နည်းဟု တွေးတောကြံဆဘွယ် ရှိပါသည်။ ယင်းသုဝဏ္ဏ ဘူမိကား သထုံ မဟုတ်ဟူ၍ ဆိုချင်ပါသည်။ သထုံ၏ အနောက်မြောက်ဘက် မိုင် ၃၀ ခန့် အကွာ၌ ကေလာသ ကျောက်တောင်စွန်း ရှိပါသည်။ ထိုတောင်စွန်း၏ တောင်ပေါ် တောင်အောက် တစ်ဝိုက်သာလျှင် သုဝဏ္ဏဘူမိမြို့ဟောင်းရာ ဖြစ်ပါသည်။ လတ္တီတွဒ် မြောက် ၁၇ –အံသာ၊ ၁၃–လိတ္တာ နှင့် လောင်ဂျီတွဒ် အရှေ့ ၉၇ –အံသာ၊ ၆–လိတ္တာတွင်ရှိ၏။ ရှေးကျလျက် ကျော်ဇောထင်ရှားသော အရပ်ဖြစ်ရကား ခရစ်နှစ် ၁၀၉၈–ခုနှစ်က ဆိလိုင် (ကျန်စစ်) မင်းက အမိန့်တော်ဖြင့် စေတီနှစ်ဆူကို လာ၍ ပြုပြင်၏။ ထိုစေတီ များကား တောင်စွန်းမြောက်ဘက် ၃–မိုင်ကွာရှိ ကျောက်တော ဘုရားနှင့် ကေလာသ တောင်ခြေမှ အယက်သမရှိ ကျောက်တလင် (မြသိန်းတန်) စေတီတို့ဖြစ်သည် "

ဟု ခေတ်မြေပုံအတိုင်းအတာ၊ ကျောက်စာ အယူအဆတို့ဖြင့် ခိုင်ခိုင်မာမာ ရေးသားဖော်ပြထားသည်။

သုဝဏ္ဏဘူမိ တည်နေရာနှင့် ပတ်သက်၍ ဝါဒကွဲများစွာရှိ၏။

၁။ ဘုံဘောပင်လယ်ကွေ့ မြောက်ဘက်ကမ်းခြေရှိ ကျွန်းဆွယ်ကြီးသည် သုဝဏ္ဏဘူမိဖြစ်သည်။

၂။ အိန္ဒိယနိုင်ငံ ဘင်္ဂလားနယ်အတွင်းရှိ ကဏ္ဏသုဝဏ္ဏ အရပ်သည် သုဝဏ္ဏဘူမိဖြစ်သည်။

၃။ အိန္ဒိယနိုင်ငံ အလယ်ပိုင်း၊ ဆုန်းမြစ်၏ ပတ်ဝန်းကျင် နယ်ပယ်အရပ်သည် သုဝဏ္ဏဘူမိပင်ဖြစ်သည်။

ဟု အမျိုးမျိုး ပြောဆိုကြသည်။

သို့သော် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာ၌ သာသနာ မရောက်သေးသော အစွန်အဖျားဒေသ ပစ္စန္တိမ ဇနပုဒ်များသို့သာ စေလွှတ်ခြင်းဖြစ်ရာ ဖော်ပြပါ နေရာအချို့မှာ မဇ္ဈိမဒေသ အိန္ဒိယ အလယ်ပိုင်း ဒေသများဖြစ်နေခြင်းကြောင့် လည်းကောင်း၊ မဟာဇနက ဇာတ် စသည်တို့၌ သင်္ဘောဖြင့် မိုင်ပေါင်းများစွာ သွားရသည်ဟု ဆိုရာ ဘင်္ဂလားနယ်အတွင်းမှာပင် ရှိသော စမ္ပာနဂိုရ်မှ သုဝဏ္ဏဘူမိသို့ ပင်လယ်မှ သင်္ဘောဖြင့် ဖြတ်သန်းသွားလာရန် မလိုသောကြောင့် လည်းကောင်း၊ ဆုန်းမြစ်သည်လည်း အိန္ဒိယအလယ်ပိုင်းဒေသမှာသာ ရှိ၍ ဗုဒ္ဓဂယာနှင့် ဗာရာဏသီ အကြား ရထားလမ်းမှ မြောက်ဘက်သို့ ဖြတ်သန်းစီးဆင်းလျက် ရှိခြင်းကြောင့်လည်းကောင်း အထက်ပါ အဆိုများမှာ အသင့်ယုတ္တိမရှိ ဟူ၍သာ မှတ်သင့်ပေသည်။

တောင်ပေါက်ဆရာတော်ကမူ ဗုဒ္ဓသာသနိက ပထဝီကျမ်း၌ စာပေကျမ်းဂန်လာ စကားရပ်များအရ သုဝဏ္ဏဘူမိ ဖြစ်ထိုက်သော လက္ခဏာများကို အောက်ပါအတိုင်း ဖော်ပြထား၏။ ယင်းတို့မှာ–

၁။ မဟာဇနက ဇာတက အဋ္ဌကထာအရ–ဝင်္ဂပသာဂရ ခေါ် ဘင်္ဂလားပင်လယ်မှ အရှေ့ဘက်၌ တည်ရှိခြင်း၊

၂။ တာမလိတ္တိသင်္ဘောဆိပ်မှ ယူဇနာ ခုနစ်ရာ ဝေးကွာခြင်း

၃။ ပါရာဇိကဏ်အဋ္ဌကထာအရ–ကုန်းမြေ မဟုတ်၊ ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကျွန်းဖြစ်ခြင်း

၄။ လှေ၊ သင်္ဘောလမ်း၊ ရေကြောင်း၊ လေကြောင်း သင့်၍ အသွားအလာများရာ ဌာနဖြစ်ခြင်း

၅။ ရှေးဟောင်း သာသနာ့ အဆောက်အအုံများ ယခုတိုင် တည်ရှိနေခြင်းတို့ဖြစ်သည်။

ထိုလက္ခဏာများအရ ရှေးသထုံပြည်သည် ဘင်္ဂလား ပင်လယ်အော်၏ အရှေ့ဘက်၌ တည်ရှိခြင်း၊ အိန္ဒိယမှ လှေ သင်္ဘော ရေကြောင်း၊ လေကြောင်းသင့်၍ ကူးလူးဆက်ဆံမှုများသောဌာနဖြစ်ခြင်း၊ ရှေးဟောင်းသာသနာ့ အဆောက်အအုံများ ယခုတိုင် ရှိနေသေးခြင်း ဟူသော လက္ခဏာရပ်များနှင့် ပြည့်စုံသည်ကား မှန်ပေသည်။ သို့သော် တာမလိတ္တိသင်္ဘောဆိပ်မှ ယူဇနာ ခုနစ်ရာ ကွာဝေးခြင်း၊ ကျွန်းမြေပေါ်၌ တည်ရှိခြင်း ဟူသော လက္ခာရပ်များနှင့် မပြည့်စုံသောကြောင့် အထက်ပါ အင်္ဂါရပ်များ အပြည့်အစုံ ညီညွတ်ခြင်း မရှိဟု ဖော်ပြထားလေသည်။

ထိုကျမ်း၌ အရှင်သောဏထေရ်နှင့် အရှင် ဥတ္တရထေရ်နှစ်ပါး ဦးဆောင်သော မထေရ်ငါးပါးတို့ သာသနာပြု ရောက်ရာမူလ သုဝဏ္ဏဘူမိသည် ယခု ဆုမတြာဟု ခေါ်ဆိုကြသော သုမတြာကျွန်းဖြစ်သည်ဟု အခိုင်အမာ ဆိုထား၏။ သုမတြာကျွန်းသည် အထက်တွင် ဖော်ပြခဲ့သော လက္ခဏာရပ်များနှင့် အလုံးစုံ ညီညွတ်သည်ဟု ဆိုပါသည်။

ကျမ်းဂန်တို့၌ ပြဆိုသော တာမလိတ္တိ သင်္ဘောဆိပ်နှင့် သုမတြာကျွန်းသည် ယူဇနာ ခုနစ်ရာနီးပါး ကွာဝေးသည်။ ထိုစဉ်က ပင်လယ်သင်္ဘောဆိပ်မြို့ဖြစ်သော တာမလိတ္တိသည် ယခု ကာလကတ္တားမြို့၏ အနောက်တောင် မိုင် ၂၃၀ အကွာတွင် ရှိ၏။

တစ်ယူဇနာသည် အင်္ဂလိပ်မိုင်အားဖြင့်တွက်မူ ရေလမ်းခရီးဖြစ်၍ တာတစ်ထောင်ကို တစ်ယူဇနာနည်းဖြင့်ယူသော် ယူဇနာ ခုနစ်ရာသည် မိုင်ပေါင်း ၁၃၈၂ ၁/၂ ဖြစ်၏။ ကာလကတ္တားနှင့် သုမတြာကျွန်းသည် အင်္ဂလိပ်မိုင် ၁၆၃၀ ဖြစ်၍ ယင်း၌ တာမလိတ္တိနှင့် ကာလကတ္တား အကွာအဝေး မိုင် ၂၃၀ ကို နှုတ်လျှင် မိုင် ၁၄၀၀ ကျန်၏။ ယင်းသည် တာမလိတ္တိ နှင့် သုမတြာ အကွာအဝေးမိုင်ဖြစ်၏။ ထို့ကြောင့် မိုင်ပေါင်း ၁၃၈၂ ၁/၂ (ယူဇနာခုနစ်ရာ) နှင့် မိုင် ၁၄၀၀ သည် နီးစပ်မှုရှိသည်။ သထုံပြည်နှင့် တာမလိတ္တိ အကွာအဝေးမှာ ယူဇနာ ခုနစ်ရာ (၁၃၈၂ ၁/၂ မိုင်) တွင် မိုင် ၄၀၀ ခန့် လျော့နေ၏။ ထိုအချက်ကို ထောက်၍ မူလ သုဝဏ္ဏဘူမိသည် သုမတြာကျွန်း သာလျှင် ဖြစ်နိုင်စရာရှိသည်ဟု ဆိုလေသည်။

အခြားအကြောင်းပြချက် တစ်ခုမှာ သုဝဏ္ဏဘူမိသည် ကျွန်းဖြစ်သည် ဟူသောအချက်ပင်ဖြစ်၏။ ထို့ကြောင့် "သုဝဏ္ဏဒီပ" ဟုလည်း ခေါ်ဆိုကြခြင်း ဖြစ်ပေမည်။ သုမတြာကျွန်း ဖြစ်ကြောင်း ကိုကား အထူးဖော်ပြဖွယ်ပင် မလိုပါချေ။ သထုံပြည်ကား ကြီးမား ရှည်လျားလှသော တောင်တန်းကြီးအနီး ကုန်းမြေပေါ်၌ တည်ရှိ လေသည်။

ထို့ပြင် အိန္ဒိယ ကမ္ဘည်းကျောက်စာဌာနမှ ထုတ်ဝေသော နာလန္ဒာ တက္ကသိုလ်ကြီးအကြောင်း • စာအုပ်၌ ဖော်ပြပါရှိသော နာလန္ဒာ ကျောင်းတိုက်ကြီး တူးဖော်ရာမှ တွေ့ရှိရသော ကြေး ပရပိုက်တစ်ဆူ၌ ပါရှိချက်များကိုလည်း ဤသို့ ဖော်ပြထားသည်။

"သုဝဏ္ဏဒွိပ ခေါ် သုမတြာကျွန်းဘုရင် သီရိဗလပုတ္တဒေဝ သည် နာလန္ဒာကျောင်းတော်ကြီး တည်တံ့ရေးအတွက်နှင့် အဆောင်အရှောက် အထောက်အပံ့ ဖြစ်စေရာ၌လည်းကောင်း၊ ယင်းကျောင်းတော်ကြီး၌ လာရောက်သီတင်းသုံးကြကုန်သော

ရဟန်းတော်များ ချမ်းသာစေရန် အလို့ငှာလည်းကောင်း သိရိနဂရခေါ် ပါဠုလိပုတ်ခရိုင် နိုင်ငံအတွင်း ရာဇဂဟာဂယာ စိရင်စုတွင်ရှိသော ရွာငါးရွာကို ပေးလှူသည်။ ထိုပေးလှူသော ရွာငါးရွာအဖို့ မိမိပိုင်ဆိုင်သော သုဝဏ္ဏဘူမိ၌ ရှိသည့် ငါးရွာကို အစားထိုး၍ ထိုအခါက ပါဋ္ဌလိပုတ်ခရိုင် နိုင်ငံကို စိုးပိုင်ဆိုင်သော ဒေဝပါလမင်းအား ဖလှယ်ပေးကြောင်း”

ပါရှိလေသည်။

ဖော်ပြခဲ့ပြီးသော အကြောင်းအရာများကို ထောက်ဆလျှင် အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ် နှစ်ပါးဦးဆောင်သော သာသနာပြုအဖွဲ့ ပထမဆုံး ရောက်ရှိခဲ့ရာ မူလ သုဝဏ္ဏဘူမိသည် သုမတြာကျွန်းသာလျှင် ဖြစ်သင့်ပေသည်။ သို့သော် သထုံပြည်သည် ယူဇနာ ခုနစ်ရာ အကွာအဝေး ဟူသော အချက်၊ ကျွန်းမဟုတ်သည့် အချက်များမှတစ်ပါး သုဝဏ္ဏဘူမိ၏ အခြားလက္ခဏာရပ်များနှင့် ညီညွတ်သည်ကို တွေ့ရ၏။ သို့ဖြစ်၍ မူလ သုဝဏ္ဏဘူမိအဖြစ် မမှတ်ယူစေကာမူ သုဝဏ္ဏဘူမိတိုင်း၌ ပါဝင်သော ဒေသတစ်ခု အဖြစ်ကား မှတ်ယူသင့်ပေသည်။

ထိုသို့ မှတ်ယူသင့်ကြောင်းကိုလည်း တောင်ပေါက် ဆရာတော်က ဗုဒ္ဓသာသနိက ပထဝီကျမ်း၌ “ မဟာဇနက ဇာတက စသော သာသနိကကျမ်း၊ ရာမယန စသော လောကီယကျမ်း မှတ်တမ်းလာ စကားများအရ အိန္ဒိယမှ သုဝဏ္ဏဘူမိသို့ သာသနာရေးအရလည်းကောင်း၊ လောကရေးအရလည်းကောင်း ကူးသန်းဆက်သွယ်မှုရှိခဲ့ကြပုံ၊ ယခုတိုင် သာသနာအခြေအနေနှင့် ရှေးဟောင်းအဆောက်အဦများ တည်ရှိနေကြပုံများကို ထောက်ထားက သုဝဏ္ဏဘူမိနယ်သည် သုမတြာကျွန်းမျှသာ မဟုတ်ဘဲ ၎င်းကျွန်းကို အရင်းခံထား၍ ဘင်္ဂလားအော် အရှေ့ဘက်ကမ်း၌ တည်ရှိသော ဂျာဗား၊

ဆုမတြား၊ ဗာလီ၊ ဖော်နီယို၊ သိယံပူရခေါ် စကၤာပူ၊ မလ္လာ ဟုခေါ် မလေးရှား၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို ခေါ် လောနိုင်ငံနှင့် တနင်္သာရီ စသော မြန်မာနိုင်ငံအောက်ပိုင်း ရာမညတိုင်းများပါ သုဝဏ္ဏဘူမိတိုင်းတွင် ပါဝင်သောဒေသများ ဖြစ်သင့်သည် " ဟု ဆိုထားလေသည်။

ဖော်ပြပါ အဆိုများကို ကောက်ချက်ချလျှင် မြန်မာနိုင်ငံ အောက်ပိုင်း ရာမညတိုင်း အပါအဝင် အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်ကြသော မလေးရှား၊ စကၤာပူ၊ ဂျာဗား၊ ဆုမတြား၊ ယိုးဒယား၊ ကမ္ဘောဒီးယား နှင့် လောနိုင်ငံတို့သည် သုဝဏ္ဏဘူမိတိုင်း အဝင်အပါ သုဝဏ္ဏဘူမိ နယ်မြေဒေသများ ဖြစ်သည်ဟု မှတ်သားသင့်ပေသည်။

ဖော်ပြပါ နယ်မြေများကို သုဝဏ္ဏဘူမိတိုင်းဟု ခြုံ၍ ခေါ်ရသော်လည်း ထိုသုဝဏ္ဏဘူမိတိုင်း၏ မြို့တော်ကား အခြေအနေအားလျော်စွာ အပြောင်းအလဲ ရှိနိုင်ပေသည်။ မဟာဇနကမင်းသားတို့ ခေတ်က သုဝဏ္ဏဘူမိ၏မြို့တော်သည် မည်သည့်မြို့ဖြစ်သည်ကို အတိအကျ မပြောနိုင်သော်လည်း အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့ သာသနာပြုကြသော ခေတ်၌မူ ဖော်ပြခဲ့သော စာပေ အထောက်အထားများအရ သုဓမ္မပူရ (ကေလာသတောင် ပတ်ဝန်းကျင်ဒေသ) သည်ပင် သုဝဏ္ဏဘူမိတိုင်း၏ မြို့တော်ဖြစ်သည်ဟု ယူဆသင့်သည်။

သင်္ဂါယနာ စိစစ်ခဏ်း၌လည်း သာသနာဝံသ စာတမ်းကို ကိုးကား၍ "သထုံမြို့ကို ရှေးအခါက သုဓမ္မပူရ ဟု ခေါ်၏။ ကေလာသတောင်၏ အနောက်ဘက်၊ မြသပိတ်တောင်၏ မြောက်ဘက်ရှိ ဝေပုလ္လတောင်ခြေတွင် သုဓမ္မပူရမြို့၏ မြို့နန်းတည်ရာရှိ၏" ဟု ဆိုထားသည်။

နောင်အခါတွင် သုဓမ္မမှ သုဓမ်၊ သုဓမ်မှ သထုံ ဟူသော

အမည်ဖြင့် ယခု သထုံမြို့နေရာသို့ ရွှေပြောင်း၍ တစ်ခေတ်တစ်ခါ မြို့တော်ဖြစ်လာခြင်း ဖြစ်ပေမည်။ နာလန္ဒာ ပရပိုက်ပါ သုမတြာဘုရင် သီရိဗလပုတ္တဒေဝလက်ထက် သာသနာနှစ် ၁၄၄၄–ခုနှစ်၊ ခရစ်နှစ် ၉၀၀–အချိန်တွင်မှ သုဝဏ္ဏဘူမိတိုင်း၏ မြို့တော်သည် သုမတြာ (ဆုမတြား)ကျွန်း ဖြစ်နေသည်ဟု ယူဆနိုင်ပေသည်။

ဤသို့ဖြင့် (မြန်မာနိုင်ငံ) သုဝဏ္ဏဘူမိတိုင်း (သုဓမ္မပူရ) သည် သာသနာနှစ် ၂၃၅–ခုနှစ်၊ (ဘီစီ–၃၀၉)၌ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ရာတွင် ဘိက္ခုနီသာသနာ ပေါ်ထွန်းခဲ့ရာ တိုင်းတစ်တိုင်းဖြစ်သည်ဟူ၍ မှတ်သားသင့်ပေသည်။

## သီဟိုဠ်ကျွန်းနှင့် ဘိက္ခုနီသာသနာ

သီဟဠတိုင်း ခေါ် (တမ္ဗပဏ္ဏိ) သီဟိုဠ်ကျွန်းသည်လည်း ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ရာတွင် ဘိက္ခုနီ သာသနာ ပေါ်ထွန်းခဲ့ရာ တိုင်းတစ်တိုင်းဖြစ်၏။ထိုကျွန်းသည် ကမ္ဘာအဆက်ဆက် ကပင် တည်ရှိခဲ့၍ အမည်အမျိုးမျိုး ခေါ်တွင်ခဲ့သည်။ ကကုသန် ဘုရားရှင်လက်ထက်တော်တွင် ဩဇာဒီပ၊ ကောဏာဂုံ ဘုရားရှင် လက်ထက်တော်တွင် ဝရဒီပ၊ ကဿပဘုရားရှင်လက်ထက်တော်တွင် မဏ္ဍဒီပ၊ ဂေါတမဘုရားရှင်လက်ထက်တော်တွင် လင်္ကာဒီပ ဟူ၍ အမည်တွင်ခဲ့လေသည်။

ထိုကျွန်းသည် ဂေါတမ ဘုရားရှင်လက်ထက်တော်အခါက လူနေကျွန်း မဟုတ်ချေ။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ထိုကျွန်းသို့ ကိုယ်တော်တိုင် သုံးကြိမ်သုံးခါ ကြွရောက်၍ နတ်၊ နဂါး၊ ဘီလူးတို့အား တရားဟောကြား ဆုံးမတော်မူခဲ့ဖူးသည်။ နောင်အခါတွင် မဟိန္ဒထေရ်သည် ဤတမ္ဗပဏ္ဏိ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ကို ကြည်ညိုစေလျက် ငါဘုရား၏ သာသနာကို

တည်တံ့စေလိမ့်မည်ဟုကလည်း ဗျာဒိတ်စကားကို မြွက်ကြားတော်မူခဲ့သည်။

ဤသီဟိုဠ်ကျွန်းကို လူနေတိုင်းပြည်ဖြစ်အောင် စတင် တည်ထောင်ခဲ့သူမှာ ဝိဇယ မင်းသားဖြစ်၏။ ဝိဇယမင်းသားနှင့် အပေါင်းပါတို့ ထိုကျွန်းသို့ ဆိုက်ရောက်သောအခါတွင် ခြေကုန် လက်ပန်းကျ၍ ခြေမခိုင် ခွေယိုင်နေကြသောကြောင့် ကျွန်းပေါ်သို့ ရောက်အောင် လက်ဖဝါးဖြင့် ထောက်၍ တက်ကြရလေရာ မြေနီမှုန့်များ စွဲကပ်သည်ကို အကြောင်းပြု၍ "တမ္ဗပါဏိဒီပ" ဟု ခေါ်ဆိုသည်။ နောင်အခါတွင် တမ္ဗပါဏိဒီပမှ တမ္ဗပဏ္ဏိဒီပဟု အမည်တွင်သည်။ ပါဠိစာပေတို့၌ "တမ္ဗပဏ္ဏိဒီပ" ဟူသော အမည်ဖြင့်ပင် သုံးနှုန်းထားသည်ကို တွေ့ရသည်။

တစ်ဖန် ထိုကျွန်းမြေသည် ပြောင်ချောနေ၍ ခြေမခိုင် ယိမ်းယိုင်ကြရသောကြောင့် "သခ်လဒီပ" ဟု ခေါ်ဆိုကြပြန်ရာ မြန်မာတို့ အခေါ်အဝေါ်အားဖြင့် သိန်းခိုကျွန်း၊ သို့မဟုတ် သိဃိုကျွန်းဟူ၍လည်း အမည်တွင်ပြန်သည်။

သီဟိုဠ်ကျွန်းဟု ခေါ်တွင်ခြင်းမှာ ဝိဇယမင်းသားသည် သီဟဗာဟု မင်း၏ သားဖြစ်၍ သီဟဠ အမျိုးအနွယ်ဖြစ်ပေရာ သီဟဠမျိုးက စတင်တည်ထောင်သော တိုင်းပြည်ဖြစ်သဖြင့် "သီဟိုဠ်"ဟု ခေါ်တွင်သည်။ လင်္ကာဒီပ၊ သို့မဟုတ် "လံကာဒီပ" ဟူသည် ဗြာဟ္မဏပုဏ္ဏားတို့၏ အခေါ်အဝေါ်ဖြစ်၍ သီဟိုဠ်သားတို့ကလည်း "လံကာ" ဟုပင် ခေါ်ဆိုကြသည်။ ယခုအခါ "သီရိလင်္ကာ" ဟု အမည်တွင်လေသည်။

ထိုကျွန်းသို့ ကိုးတိုင်းကိုးဌာန သာသနာပြု အစီအစဉ်အရ နဝမမြောက်သာသနာပြုအဖွဲ့ဖြစ်သည့် အရှင်မဟိန္ဒထေရ် ဦးဆောင်သော ရဟန္တာ ၇ မထေရ်တို့ ကြွတော်မူကြရမည်ဖြစ်၏။ အခြားသော

တိုင်းများသို့ သာသနာပြု ကြွတော်မူကြသည့် အချိန်မှာ တတိယ သင်္ဂါယနာတင်ပြီးစ သာသနာ ၂၃၅–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ဖြစ်၏။ အရှင်မဟိန္ဒထေရ်သည် ထိုအချိန်၌ သီဟိုဠ်ဘုရင် မုဋသိဝမှာ အိုမင်း၍ နတ်ရွာစံချိန် နီးကပ်နေသဖြင့် ထိုမင်းအိုကြီးကို အမှီပြု၍ သာသနာပြုရန် မသင့်၊ ထိုမင်း၏သားတော် ဒေဝါနံပိယ တိဿမင်းကို အမှီပြု၍ သာသနာပြုမှသာ သာသနာတော် ကိုးတက် စည်ပင်မည်ကို မြင်တော်မူ၍ စေတ္တဆိုင်းငံ့နေခဲ့သည်။ သာသနာ ၂၃၆-ခုနှစ်၊ မုဋသိဝမင်း နတ်ရွာစံ၍ သားတော် ဒေဝါနံပိယတိဿ မင်း နန်းတက်ပြီးချိန် နယုန်လပြည့်နေ့တွင် ကောင်းကင်ခရီးဖြင့် ကြွ၍ မိဿကတောင်၌ သီတင်းသုံးတော်မူသည်။

ထိုသာသနာပြုအဖွဲ့တွင် အရှင်မဟိန္ဒထေရ် ဦးဆောင်၍ ဣဋ္ဋိယ ထေရ်၊ ဥတ္တိယထေရ်၊ ဘဒ္ဒသာလထေရ်၊ သမ္ဗလထေရ်တို့နှင့်အတူ အရှင်မဟိန္ဒ၏တူတော်များဖြစ်ကြသော သုမနသာမဏေ (သင်္ဃ မိတ္တာ၏ သားတော်) ဘဏ္ဍုကဥပါသကာ (မယ်ကော်ဒေဝီမိဖုရားကြီး၏ ညီမတော်၏ သမီးတော်၏ သားတော်) အားဖြင့် အဖွဲ့ဝင် ခုနစ်ဦး တို့ ပါဝင်ကြသည်။

ဤ၌ အရှင်မဟိန္ဒထေရ်သည် သာသနာပြုအဖွဲ့ဝင် မထေရ် လေးပါးကို့အပြင် သုမန သာမဏေနှင့် ဘဏ္ဍုက ဥပါသကာတို့ကို ခေါ်ဆောင်လာခြင်းမှာ ရည်ရွယ်ချက်ရှိ၏။ သာသနာ မရှိသေးသော အရပ်ဒေသများ၌ ရှင်ရဟန်းတို့ စတင်ဖြစ်ပေါ်လာရပုံမှာ ဘဏ္ဍုက ကဲ့သို့ ဥပါသကာမှ သာမဏေအဖြစ်သို့လည်းကောင်း၊ သုမနကဲ့သို့သော သာမဏေမှ ရဟန်းအဖြစ်သို့လည်းကောင်း၊ အဆင့်ဆင့် ရောက်ရှိ လာရခြင်းဖြစ်သည်ဟူသော အချက်ကို လက်တွေ့ပြသရန် ရည်ရွယ်၍ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပေသည်။

သာသနာပြုမထေရ်များ ကြွရောက်ချိန်၌ သီဟိုဠ်ကျွန်းတွင်

နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပနေချိန်လည်းဖြစ်၏။ ထိုအချိန်မှာပင် ဒေဝါနံပိယတိဿမင်းသည် မင်းချင်းယောကျ်ား လေးသောင်းတို့ ခြံရံလျက် တောကစား ထွက်လာခဲ့ရာ မိဿက တောင်တွင် အရှင်မဟိန္ဒထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့နှင့် ဆုံမိကြလေသည်။

အရှင် မဟိန္ဒထေရ်သည် ဒေဝါနံပိယတိဿမင်းအား ဝမ်းမြောက်ဖွယ်ရာ နှုတ်ဆက်စကား မြွက်ကြား၍ စူဠဟတ္ထိပဒေါပမသုတ္တန်ကို ဟောတော်မူရာ မင်းနှင့်တကွ နောက်လိုက် နောက်ပါ မင်းချင်းယောကျ်ားလေးသောင်းတို့ သရဏဂုံသီလ၌ တည်ကြ၍ ဥပါသကာအဖြစ်ကို ခံယူကြသည်။

ထိုနေ့ညဉ့်မှာပင် သုမန သာမဏေအား နတ်တို့ကို တရားနာဖိတ်ခေါ်စေ၍ သမစိတ္တသုတ္တန်ကို ဟောကြားတော်မူပြန်ရာ မရေမတွက်နိုင်သော နတ်များ အကျွတ်တရား ရကြ၍ များစွာသော နဂါး၊ ဂဠုန်တို့လည်း သရဏဂုံသီလ၌ တည်ကြသည်။

နောက်တစ်နေ့ (နယုန်လပြည့်ကျော် ၁-ရက်နေ့)တွင် ဒေဝါနံပိယတိဿမင်း ပင့်လျှောက်သဖြင့် အနုရာဓမြို့သို့ ကြွတော်မူ၍ နန်းတွင်း၌ ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းကိစ္စပြီးစီးသောအခါ မင်းနှင့်တကွ ပရိသတ်တို့အား ပေတဝတ္ထု ၊ ဝိမာနဝတ္ထု ၊ သစ္စသံယုတ် တရားတော်များကို ဟောကြားတော်မူ၏။ ထိုတရားတော်များကို ကြားနာရသဖြင့် အနုဠာဒေဝီ အမှူးရှိသော နန်းတွင်းသူ အမျိုးသမီးငါးရာတို့ သောတာပတ္တိဖိုလ်သို့ ရောက်ရှိကြသည်။

ထိုတရားပွဲအပြီးတွင် မထေရ်မြတ်များကို ဖူးမြော်ရန် ရောက်ရှိလာကြသည့် ပရိသတ်များလွန်း၍ နေရာမဆံ့သဖြင့် မင်္ဂလာဆင်တင်းကုတ်တွင် နေရာပြင်ပေးရသည်။ ထိုဓမ္မသဘင်၌ ဒေဝဒူတသုတ္တန် ကို ဟောတော်မူရာ ပရိသတ် တစ်ထောင်တို့ သောတာပန်တည်ကြသည်။ ထိုနေရာတွင်လည်း ပရိသတ် မဆံ့သဖြင့်

အနုရာဓမြို့တံခါးဝရှိ နန္ဒဝန်ဥယျာဉ်သို့ ပြောင်းရွှေ့၍ ဓမ္မသဘင် ကျင်းပပေးရသည်။ ထိုဓမ္မသဘင်၌ "အာသိဝိသောပမသုတ္တန်" ကို ဟောကြားတော်မူရာ ပရိသတ်တစ်ထောင်တို့ သောတာပန် တည်ကြသည်။ နောက်ရက်များတွင်လည်း "အနမတဂ္ဂိယသုတ္တန်" ၊ "အဂ္ဂိခန္ဓောပမသုတ္တန် " စသည်တို့ကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူရာ ရှစ်ထောင်ငါးရာသော ပရိသတ်တို့ မဂ်ဖိုလ်တရားထူးကို ဆွတ်ခူး ရရှိလေသည်။

## မဟာဝိဟာရ ကျောင်းတိုက်

ဒေဝါနံပိယတိဿမင်းသည် မထေရ်မြတ် သီတင်းသုံးတော်မူရာ မိဿကတောင်သည် အနုရာဓမြို့နှင့် အလှမ်းကွာဝေးလွန်းသဖြင့် မြို့နှင့် မနီးမဝေးဖြစ်၍ သွားလမ်းလာလမ်း ကောင်းမွန်သော မေဃဝန် ဥယျာဉ်တော်ကို မထေရ်တို့ သီတင်းသုံးရန်အတွက် လှူဒါန်းလေသည်။ မေဃဝန်ဥယျာဉ်သည် အနုရာဓမြို့နှင့် မနီးလွန်း မဝေးလွန်းဖြစ်၍ သွားလမ်းလာလမ်းလည်း ကောင်းမွန်၏။ လူတိုင်း လူတိုင်း အချိန်အခါမရွေး သွားလာရန် လွယ်ကူ၏။ လူသူ လေးပါး ကင်းဆိတ်၍ ဆိတ်ငြိမ်မှုလည်းရှိ၏။ စိမ်းလန်းစိုပြေသော သစ်ပင်ပန်းမာလ်တို့ဖြင့် တင့်တယ်လှပ၏။ သစ်ရိပ်ဝါးရိပ်များလည်း ကောင်းမွန်လှသဖြင့် တရားနှလုံး ကျင့်သုံးရန် သင့်လျော် လျောက်ပတ်၏။ သောက်ရေသုံးရေတို့နှင့်လည်း ပြည့်စုံ၏။ မထေရ်မြတ်တို့ သီတင်းသုံးရန် အဆောက်အဦများလည်း ပြည့်စုံ၏။ ထိုဥယျာဉ်ကို မထေရ်မြတ်တို့ သီဟိုဠ်ကျွန်းသို့ ရောက်တော်မူပြီးနောက် သုံးရက်အကြာ နယုန်လပြည့်ကျော် နှစ်ရက်နေ့တွင် လှူဒါန်းခြင်းဖြစ်၍ ရေစက်ချ လှူဒါန်းချိန်မှာပင် မဟာပထဝီမြေကြီးသည် "ဤသီဟိုဠ်ကျွန်း၌ ဘုရားရှင်၏ သာသနာတော် ကောင်းစွာတည်တံ့ပေပြီ" ဟု

ကောင်းချီးပေးသည့် အနေဖြင့် တုန်လှုပ်လေသည်။ ထိုဥယျာဉ်သည် သီဟိုဠ်ကျွန်း၌ ပထမဆုံး လှူဒါန်းသည့် သာသနာ့သမိုင်းဝင် အာရာမ်မြေဖြစ်၏။ နောင်အခါတွင် "မဟာဝိဟာရကျောင်းတိုက်" ဟူသောအမည်ဖြင့် ထင်ရှားသည်။ အနုဋ္ဌာဒေဝီ အမှူးရှိသော နန်းတွင်းသူ ငါးရာတို့သည် ထိုမေဃဝန်ဥယျာဉ်၌ သီတင်းသုံး တော်မူလျက်ရှိသော မထေရ်မြတ်တို့ကို လာရောက်ဖူးမြော်စဉ် တရားနာရသဖြင့် သကဒါဂါမိဖိုလ်၌ တည်ကြသည်ဟု ဆိုပါသည်။

မထေရ်မြတ်တို့သည် ဝါဆိုချိန် နီးကပ်သောအခါ မိဿက တောင်သို့ ကြွရောက် သီတင်းသုံးတော်မူကြ၏။ ထိုအချိန်မှာပင် အရိဋ္ဌအမတ်နှင့်တကွ ညီနောင် ငါးဆယ့်ငါးယောက်တို့ ရဟန်းပြု ကြသည်။ ထိုငါးဆယ့်ငါးဦးလုံးပင် ရဟန်းပြုရန် ခေါင်းရိပ်နေစဉ် ကမ္မဋ္ဌာန်းစီးဖြန်းကြ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြသည်။ မထေရ်မြတ်တို့နှင့်အတူ ပါလာခဲ့သော ဘဏ္ဍုက သူငယ်မှာလည်း သာမဏေပြု၍ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်သဖြင့် ထိုနှစ် ဝါတွင်း၌ သီဟိုဠ်ကျွန်းတွင် ဇမ္ဗူဒိပ်မှ သာသနာပြု ကြွလာကြသော ရဟန္တာမထေရ် ခုနစ်ပါး၊ သီဟိုဠ်တိုင်းရင်းသား ရဟန္တာမထေရ် ငါးဆယ့်ငါးပါးအားဖြင့် ရဟန္တာမထေရ် ခြောက်ဆယ့်နှစ်ပါးတို့ ပထမဆုံး ဝါကပ် သီတင်းသုံးတော်မူကြသည်။

## ထူပါရုံစေတီတော်

ဝါကျွတ်သောအခါ အရှင်မဟိန္ဒထေရ်သည် ဒေဝါနံပိယတိဿ မင်းကြီးအား သီဟိုဠ်ကျွန်း၌ စေတီတည်ရန် ညွှန်ကြားတော်မူသည်။ သုမန သာမဏေကိုလည်း စေတီတော်၌ ဌာပနာရန်အတွက် ခမည်း တော် အသောကမင်းကြီးထံမှ ဓာတ်တော်များနှင့် သိကြားမင်းထံမှ လက်ယာညှပ်ရိုးတော်ကို ပင့်ဆောင်ရန် စေလွှတ်တော်မူသည်။

ထို့နောက် သုမန သာမဏေ ပင့်ဆောင်လာခဲ့သော ဓာတ်တော် ညှပ်ရိုးတော်တို့မှ ဓာတ်တော်များကို မိဿကတောင် ခေါ် စေတီယ တောင်၌ ထား၍ လက်ယာညှပ်ရိုးတော်ကို အနုရာဓမြို့၏တောင်ဘက်၊ ရှေးဘုရားရှင်တို့၏ ပရိဘောဂစေတီများ တည်ဖူးရာ အရပ်သို့ ပင့်ဆောင်၍ ဌာပနာပြီးလျှင် ထူပါရုံစေတီတော်ကို တည်တော်မူသည်။ ထူပါရုံစေတီတော် တည်ရာအရပ်သည် ကကုသန်ဘုရားရှင်၏ ရေစစ်တော်၊ ကောဏာဂုံ ဘုရားရှင်၏ ခါးပန်းကြိုးတော်၊ ကဿပ ဘုရားရှင်၏ ရေသနုပ်တော်ဟူသော ရှေးဘုရားရှင်သုံးဆူတို့၏ အသုံးအဆောင်များကို ပရိဘောဂစေတီ ဓာည်ထားပူဇော်ခဲ့ရာ ဌာနဖြစ်၏။ ထို ထူပါရုံစေတီတော်သည် သီဟိုဠ်ကျွန်း၌ ပထမဆုံး တည်ထား ကိုးကွယ်တော်မူသည့် စေတီတော်ဖြစ်၍ အနုရာဓမြို့၌ ယခုတိုင် ထင်ရှားတည်ရှိလေသည်။

ထိုစေတီတော်ကို တည်ရာအခါ၌ လက်ယာညှပ်ရိုးတော်သည် ထန်းခုနစ်ဆင့်ခန့် မြင့်သော ကောင်းကင်သို့ တက်၍ သက်တော် ထင်ရှား ဘုရားရှင်ကဲ့သို့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ ထိုသို့ ထူးဆန်းအံ့ဩဖွယ်ရာ တန်ခိုးပြာဋိဟာ ပြသည်ကို မြင်ရ၍ သဒ္ဓါကြည်ညိုဖြစ်ကာ ဒေဝါနံပိယတိဿမင်း၏ ညီတော် အဘယ မင်းသားသည် မင်းချင်းယောကျ်ား တစ်ထောင် တို့နှင့်အတူ ရဟန်းပြုကြ၏။ ထိုယောကျ်ားတို့သို့ အတုလိုက်၍ အနီးပတ်ဝန်းကျင်ရှိ စေတရဋ္ဌရွာ၊ ဒွါရမဏ္ဍလရွာ စသည်တို့မှ ငါးရာစီ ငါးရာစီသော အမျိုးကောင်းသားများလည်း ရဟန်းပြုကြရာ မြို့တွင်းမြို့ပြင်မှ ရဟန်းပြုကြသူပေါင်း သုံးသောင်းရှိသည်ဟု ဆိုပါသည်။

ဒေဝါနံပိယတိဿမင်းသည် ထိုရဟန်းတော်များ သီတင်းသုံး နေထိုင်ရန်အတွက် ထူပါရုံစေတီတော်အနီးမှာပင် ကျောင်းဆောက်

လုပ်လှူဒါန်းသည်။ ထိုကျောင်းသည်လည်း "ထူပါရာမကျောင်း" ဟူ၍ပင် အမည်တွင်လေသည်။

## အနုဠာဒေဝီ ဘိက္ခုနီပြုခြင်း

ထိုသို့ အဘယမင်းသားနှင့်တကွ အမျိုးကောင်းသား သုံးသောင်းတို့ ရဟန်းပြုပြီးချိန်မှာပင် အနုဠာဒေဝီ မိဖုရားသည်လည်း သာသနာတော်၌ ကြည်ညိုသည့် သဒ္ဓါတရားများ ဖြစ်ပေါ်လာကာ ဘိက္ခုနီပြုလိုသော စိတ်ဆန္ဒများ ပြင်းပြလာခဲ့၏။ ဤသို့ဖြင့် ဒေဝါနံပိယတိဿမင်းကြီးထံသို့ ချဉ်းကပ်၍ ဘိက္ခုနီ ပြုလိုကြောင်း ဖွင့်ဟပြောဆိုကာ အရှင်မဟိန္ဒထေရ်ထံ ပန်ကြားလျှောက်ထားပေးရန် တောင်းပန်လေသည်။

ဒေဝါနံပိယတိဿမင်းလည်း အရှင်မဟိန္ဒထေရ်ထံသို့ ချဉ်းကပ်၍ အနုဠာဒေဝီ အမှူးရှိသော အမျိုးကောင်းသမီး တစ်ထောင်တို့ သာသနာတော်၌ ဘိက္ခုနီ ပြုလိုပါကြောင်း တောင်းပန်လာသဖြင့် ဘိက္ခုနီ ပြုပေးပါရန် လျှောက်ထားလေသည်။

ထိုအခါ အရှင်မဟိန္ဒထေရ်က " ငါတို့ ရဟန်းယောကျ်ားများသည် မိန်းမသားများကို (ရှေးဦးစွာ) ရဟန်းပြု မပေးကောင်းချေ။ သို့ဖြစ်၍ ပါဋလိပုတ်ပြည်မှ ငါ၏နှမတော် သင်္ဃမိတ္တာထေရီကို ပင့်ဆောင်ပါလေ၊ သင်္ဃမိတ္တာထေရီသည် မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘိက္ခုနီထေရီမတို့ကဲ့သို့ အတတ်ပညာ အကြားအမြင် ဗဟုသုတလည်းရှိ၏။ တန်ခိုး ဣဒ္ဓိပါဒ် နှင့်လည်း ပြည့်စုံ၏။ ထိုသင်္ဃမိတ္တာထေရီသည် မြတ်ဗုဒ္ဓ ပွင့်တော်မူရာ မဟာဗောဓိပင်၏ လက်ယာတောင်ကိုင်း (ဒက္ခိဏသာခါ) ကို ယူဆောင်၍ ကြွလာရန် ငါ၏ ခမည်းတော် အသောကမင်းကြီး ထံသို့ စေလွှတ်ပါလေ" ဟု မိန့်တော်မူသည်။

ဒေဝါနံပိယတိဿမင်းလည်း မထေရ်မြတ် မိန့်တော်မူသည့်အတိုင်းပင် မဟာဗောဓိနှင့်တကွ သင်္ဃမိတ္တာထေရီကို ပင့်ဆောင်ရန် တူတော်ဖြစ်သော အရိဋ္ဌအမတ်ကို ပါဋလိပုတ်ပြည်သို့ စေလွှတ်လေသည်။

ထိုသို့ သင်္ဃမိတ္တာထေရီကို ပင့်ဆောင်ရန် သွားနေချိန်တွင် အနုဠာဒေဝီအမှူးရှိသော အမျိုးကောင်းသမီး တစ်ထောင်တို့သည့် ဖန်ရည်ဆိုး အဝတ်များကို ဝတ်ရုံကြပြီးလျှင် ဆယ်ပါးသီလကို ဆောက်တည်၍ အနုရာဓမြို့၊ ဇမ္ဗုကောလ သင်္ဘောဆိပ်အနီးရှိ သခ်မ်းကျောင်း၌ သင်္ဃမိတ္တာထေရီ ကြွလာချိန်ကို စောင့်မျှော်လျက် သီတင်းသုံးနေကြသည်။ ထိုသခ်မ်းကျောင်းသည် နောင်အခါတွင် "ဥပါသိကာ ဝိဟာရ" ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

အရိဋ္ဌအမတ်လည်း အရှင်မဟိန္ဒထေရ်နှင့် ဒေဝါနံပိယတိဿမင်းတို့၏ သတင်းစကားများကို ဆောင်ယူ၍ အသောကမင်းကြီးထံသို့ လျှောက်ထားသည်။ အသောကမင်းကြီးလည်း သာသနာအရှည်တည်တံ့ပြန့်ပွားရေးကို မျှော်ကိုး၍ သားတော်ကြီး အရှင်မဟိန္ဒထေရ်မှာကြားလိုက်သည့်အတိုင်းပင် မြတ်ဗုဒ္ဓ ပွင့်တော်မူရာဖြစ်သော မဟာဗောဓိပင်၏ လက်ယာတောင်ကိုင်း (ဒက္ခိဏသာခါ)နှင့်အတူ သမီးတော်, သင်္ဃမိတ္တာထေရီကို အရိဋ္ဌ အမတ် ဦးဆောင်သော ပင့်ဆောင်ရေးအဖွဲ့သို့ အပ်နှင်းလိုက်လေသည်။

ဒေဝါနံပိယတိဿမင်းသည် အရိဋ္ဌ အမတ် ဦးဆောင်၍ ပင့်ဆောင်လာသော မဟာဗောဓိနှင့် သင်္ဃမိတ္တာထေရီတို့ကို အနုရာဓမြို့၊ ဇမ္ဗုကောလ သင်္ဘောဆိပ်မှ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်လေသည်။

ထို့နောက် မဟာဗောဓိ (ဒက္ခိဏသာခါ) ကို အနုရာဓမြို့၏ တောင်ဘက်၊ ထူပါရုံစေတီတော်၏ အနောက်ဘက်၊ မေဃဝန်

ဥယျာဉ်တော်အတွင်းရှိ ရှေးရှေးသော ဘုရားရှင် သုံးဆူတို့၏ ဗောဓိပင်များ တည်ခဲ့ဖူးရာ အရပ်၌ သာသနာ ၂၃၆-ခုနှစ်၊ နတ်တော် လဆန်း ၁၄ ရက်နေ့တွင် စိုက်ပျိုးလေသည်။ သီဟိုဠ်ကျွန်း၌ ယခုတိုင် တည်ရှိနေသည့် ဒက္ခိဏသာခါ ဗောဓိပင်ကြီးပင် ဖြစ်သည်ဟု ဆိုပါသည်။

ဇမ္ဗူဒိပ်ကျွန်း၊ ပါဋလိပုတ်ပြည်မှ သင်္ဃမိတ္တာထေရီနှင့်အတူ ဘိက္ခုနီ ထေရီမ ဆယ်ပါးတို့ ပါလာကြသည်။ ၎င်းတို့မှာ-

၁။ ဥတ္တရာထေရီ

၂။ ဝိစက္ခဏာထေရီ

၃။ ဟေမာထေရီ

၄။ မသာရဂလ္လာထေရီ

၅။ အဂ္ဂိမိတ္တာထေရီ

၆။ ဒါသိကာထေရီ

၇။ ဖေဂ္ဂုပဗ္ဗတာထေရီ

၈။ မတ္တာထေရီ

၉။ မလ္လာထေရီ

၁၀။ ဓမ္မဒါသိယာထေရီ

တို့ဖြစ်သည်။ ထိုထေရီမအားလုံးတို့သည် ကိလေသာ ကင်းသော ခုတရာဂဂုဏ်၊ တည်ကြည်သော သမာဟိတဂုဏ်၊ ကောင်းသော အကြံရှိသောသြဒါတမနသင်္ကပ္ပဂုဏ်၊ သာသနာတော်၌ မွေ့လျော်သော သဒ္ဓမ္မဝိနယရတဂုဏ်၊ အသဝေါတရား ကုန်သော ခိဏာသဝဂုဏ်၊ ဝသီဘော်ငါးပါးနှင့် ပြည့်စုံသော ဝသိပ္ပတ္တဂုဏ်၊ ဝိဇ္ဇာသုံးပါးကိုရသော တေဝိဇ္ဇဂုဏ်၊ တန်ခိုးအရာ၌ သိသော ပညာရှိသော ဣဒ္ဓိကောဝိဒဂုဏ်၊ အရဟတ္တဖိုလ်ကို ရသော ဥတ္တမတ္ထဋ္ဌိတဂုဏ်တို့နှင့် ပြည့်စုံကြသည်။

အနုဠာဒေဝီ အမှူးရှိသော အမျိုးကောင်းသမီး တစ်ထောင်

တို့သည် သင်္ဃမိတ္တာထေရီ အမှူးရှိသော ဘိက္ခုနီ သံဃာထံ၌ ဉတ္တိစတုတ္ထကံ (ဉတ်လျှင် လေးကြိမ်မြောက်သောကံ)ဖြင့် ရှေးဦးစွာ ရဟန်းခံပြီးလျှင်၊ အရှင်မဟိန္ဒထေရ် အမှူးရှိသော ဘိက္ခု သံဃာထံ၌ ဉတ္တိစတုတ္ထကံ ဉတ်လျင် လေးကြိမ်မြောက်သောကံ)ဖြင့် နောက် တစ်ကြိမ် ရဟန်းပြုကြရသည်။ ဤသို့ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာအထံ၌ ဉတ်ကမ္မဝါစာ ရှစ်ကြိမ်တို့ဖြင့် ရဟန်းခံပြီးမှ အဋ္ဌဝါစိကူပသမ္ပဒါ ရဟန်း (ဉဘတော ဉပသမ္ပန္န ဘိက္ခုနီ)အဖြစ်သို့ ရောက်ရှိကြလေသည်။

ဘိက္ခုနီအဖြစ်သို့ ရောက်ရှိကြပြီးနောက် ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်ကြရာ မကြာမီပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်အထူးကို ဆွတ်ခူးရရှိကြ၍ ရဟန္တာထေရီများ ဖြစ်လေသည်။

သင်္ဃမိတ္တာထေရီ အမှူးရှိသော ထေရီမကြီးတို့သည် အနုဠာဒေဝီ စသော တပည့်မ ဘိက္ခုနီတစ်ထောင်တို့နှင့်အတူ ဉပါသိကာ ဝိဟာရ ဘိက္ခုနီ ကျောင်းတိုက်မှာပင် သီတင်းသုံး၍ ပိဋကတ်စာပေ များကို သင်ကြားပို့ချခြင်း (ဂန္ထဓုရ)၊ ကမ္မဋ္ဌာန်း ဘာဝနာများကို ပွားများအားထုတ်ခြင်း (ဝိပဿနာဓုရ) ဟူသော ဓုရနှစ်ပါး သာသနာပြုလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် အနုရာဓမြို့သူ အမျိုးကောင်းသမီးများစွာတို့လည်း ရတနာသုံးပါးတို့၌ ကြည်ညို သဒ္ဓါ ပွားများကြ၍ သာသနာတော်အရိပ်အောက်သို့ ဝင်ရောက် ခိုလှုံကာ ဘိက္ခုနီ ပြုကြသည်။

မြို့သူမြို့သား ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကလည်း ဘိက္ခုနီ ထေရီမများ သီတင်းသုံးရန်အတွက် စူဠဂဏ္ဍာပြာသာဒ်၊ မဟာဂဏ္ဍာပြာသာဒ်၊ သိရိဝဍ္ဎပြာသာဒ် စသော ပြာသာဒ်ကျောင်း

တစ်ဆယ့်နှစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းကြသည်။

ဒေဝါနံပိယတိဿမင်းကြီးကလည်း ထူပါရုံစေတီယင်ပြင်အနီး၌ ဘိက္ခုနီ ထေရီမများ သီတင်းသုံးရန် သခ်မ်းကျောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းသည်။ ထိုကျောင်းသည် မင်္ဂလာဆင်တော် ချည်ရာတိုင်၏ အနီး၌ ဆောက်လုပ်အပ်သောကြောင့် "ဟတ္ထာဠက ဝိဟာရ" ဟု အမည်တွင်လေသည်။ သင်္ဃမိတ္တာထေရီသည် တပည့် ဘိက္ခုနီမအချို့နှင့်အတူ ထိုသခ်မ်းကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံး၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ သင်္ဃမိတ္တာထေရီ အမှူးရှိသော ထေရီမကြီးတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာသည် တစ်နေ့တစ်ခြား စည်ပင်ပွင့်လင်းလာခဲ့သည်။ ဝိပဿနာဓုရ ဆောင်ရွက်မှုဘက်၌ မဂ်ဖိုလ်တရားထူးများကို ရရှိကြသော ထေရီ အများအပြား ပေါ်ထွန်းကြသကဲ့သို့ ဂန္ထဓုရဆောင်ရွက်မှုဘက်၌လည်း သဒ္ဓမ္မာထေရီ၊ နန္ဒိကာထေရီ၊ သောမာထေရီ၊ ဂိရိဒီပါထေရီ၊ ဒါသိကာ ထေရီ၊ ဓမ္မပါလာထေရီ စသော ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာသော ထေရီများ၊ စူဠနာဂါထေရီ၊ ဒတ္တာထေရီ၊ သောဏာထေရီ၊ သဏှာထေရီ၊ ဂမိကအမတ်၏သမီး မဟာတိဿမာထေရီ စသော ပညာထူးချွန်သော ထေရီများ၊ ခုတ္တဝါဒါထေရီ၊ နရမိတ္တာထေရီ၊ သာတာထေရီ၊ ကာဠီ ထေရီ စသော ဝိနည်းအရာ၊ ပညာအရာတို့၌ စွယ်စုံထူးချွန်သူ ထေရီများ၊ အဘိညာတာထေရီ၊ သမုဒ္ဒါထေရီ စသော အကျော်အမော် ဝိနည်းဓိုရ်ထေရီများ ပေါ်ထွန်းခဲ့ကြသည်။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်သည် ရဟန်း ယောကျ်ား (ဘိက္ခု)များကို ဦးဆောင်၍လည်းကောင်း၊ သင်္ဃမိတ္တာ ထေရီသည် ရဟန်းမိန်းမ (ဘိက္ခုနီ) များကို ဦးဆောင်၍လည်းကောင်း ဒေဝါနံပိယတိဿမင်းကြီး၏ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှု

(ပစ္စယာနုဂ္ဂဟ)ကို ခံယူလျက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ရဟန္တာ ၁ယောကျ်ား တစ်သောင်းခြောက်ထောင်၊ ပုထုဇဉ် ရဟန်းယောကျ်ား တစ်သိန်း၊ ရဟန္တာမိန်းမ တစ်သောင်းငါးရာ၊ ပုထုဇဉ်မိန်းမ ခုနစ်သောင်းတို့ ပေါ်ထွန်းခဲ့ကြသည်။ ဤသို့ဖြင့် သီဟိုဠ်ကျွန်းသည် တတိယ သင်္ဂါယနာတင်ခေတ် သာသနာပြု စေလွှတ်ခဲ့သော ကိုးတိုင်းကိုးဌာနတွင် သာသနာတော် အထွန်းကား အပွင့်လင်းဆုံးသော တိုင်းနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤသို့ ဆရာဒကာ လက်တွဲညီစွာဖြင့် သာသနာပြု လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်မှာပင် သာသနာ့ဒါယကာ ဒေဝါနံပိယတိဿမင်းကြီးသည် သာသနာ ၂၇၆–ခုနှစ်တွင် နတ်ရွာစံတော်မူခဲ့သည်။

အရှင်မဟိန္ဒထေရ်ကား သက်တော် (၈၀)နှစ်၊ သိက္ခာတော် (၆၀) ဝါအရ သာသနာ ၂၈၄–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်နေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့၏။ သင်္ဃမိတ္တာ ထေရီမ သည်လည်း အရှင်မဟိန္ဒထေရ် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက် တစ်နှစ်အကြာ သာသနာ ၂၈၅–ခုနှစ်၊ သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၉) ဝါအရတွင် အနုရာဓမြို့ ၊ ဟတ္ထာဠ္ဟက ဘိက္ခုနီ သခ်မ်းကျောင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

သီဟိုဠ်ဘုရင် ဥတ္တိယမင်းကြီးသည် သင်္ဃမိတ္တာ ထေရီမကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို သိုက်မြိုက်စွာ ပူဇော်၍ ထူပါရုံစေတီတော်၏ အရှေ့ဘက်၊ စိတ္တသာလ၏အနီး၊ မဟာဗောဓိ ဘိက္ခုနီသခ်မ်းကျောင်း၌ အဂ္ဂိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပခဲ့သည်။ ထို့နောက် ထေရီမကြီး၏ အရိုးဓာတ်တော်များကို ဌာပနာပြု၍ မီးသင်္ဂြိုဟ်ရာ အရပ်၌ပင် အထိမ်းအမှတ် စေတီတော်တစ်ဆူကိုလည်း တည်ထားခဲ့လေသည်။ ဤအချက်ကို ကြည့်လျှင် သာသနာပြု မင်းကောင်း

မင်းမြတ်တို့သည် ဘိက္ခုနီထေရီများအပေါ် မည်သည့်အတိုင်းအတာအထိ အသိအမှတ်ပြု ပူဇော်ခဲ့သည်၊ ဘိက္ခုနီထေရီမတို့၏ အခန်းကဏ္ဍသည်လည်း မည်မျှ အရေးပါခဲ့သည်ကို သိနိုင်ပေသည်။

ဤသို့ သာသနာပြု ထေရီ သင်္ဃမိတ္တာအရှင်မကြီး ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်ပိုင်းတွင်လည်း တပည့်ထေရီမ အဆက်ဆက်တို့သည် ဘိက္ခုနီသာသနာတော် အစဉ်အဆက် မပြတ်စေဘဲ ဆက်လက်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ သီဟိုဠ်မင်းအဆက်ဆက်တို့သည် သာသနာတော်ကို အားပေးချီးမြှောက်ခဲ့ကြခြင်းတို့ကြောင့် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာသည် နှစ်လေးရာကျော် (ဗြဟ္မဏတိဿ သူပုန်ဘေးကြီး မဖြစ်ပေါ်မီအချိန်) အထိ စည်ပင်ပွင့်လင်းနေခဲ့သည်။

အထူးသဖြင့် သာသနာ ၃၈၃–ခုနှစ်တွင် နန်းတက်သော ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက်တွင် သာသနာတော် ပိုမိုပွင့်လင်းခဲ့သည်ကို တွေ့ရသည်။ ထိုမင်းလက်ထက် ကုန္တစေတီ (ဓာတ်တော်ဌာပနာထားသော လှံကို ဌာပနာ၍ တည်သောစေတီ) နှင့် မရိစဝဋ္ဋိကျောင်း (စစ်မြေပြင်တွင် သံဃာတော်၏ အဖို့ကို မထားဘဲ ငရုတ်သီးတစ်တောင့်မျှကို စားမိသဖြင့် ဒဏ်ထားသောအားဖြင့် ဆောက်လုပ် လှူဒါန်းသည့်ကျောင်း) ရေစက်ချ ပူဇော်ပွဲ၌ ရဟန်းယောကျ်ားတစ်သိန်း၊ ရဟန်းမိန်းမ ကိုးသောင်းတို့ကို ပင့်ဆောင်လှူဒါန်းသည် ဟူ၍ လည်းကောင်း၊ မဟာစေတီ အုတ်မြစ်ချပွဲ၌ ပိယဒဿိထေရ် မင်္ဂလာတရား ဟောကြားတော်မူရာတွင် ရဟန်းယောကျ်ားတစ်သောင်းရှစ်ထောင်၊ ရဟန်းမိန်းမ တစ်သောင်းလေးထောင်တို့ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်ကြသည် ဟူ၍ လည်းကောင်း မဟာဝင် ဝတ္ထု၌ ဖော်ပြထားသည်။

ထိုဖော်ပြချက်ပါ ရဟန်းမိန်းမတို့၏ အရေအတွက်ကိုကြည့်၍

ဒုဋ္ဌဂါမဏီမင်းကြီး လက်ထက်တွင် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီ သာသနာ အားကောင်းနေဆဲပင် ရှိနေသေးသည်ဟု ယူဆနိုင်ပေသည်။

မဇ္ဈိမဒေသ (အိန္ဒိယနိုင်ငံ)၌မူ သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာ မပြုတ်ဆဲမီ အချိန်ကပင် ဘိက္ခုနီများ ရှိသေးသည့် အထောက်အထားများကို မတွေ့ရတော့ပေ။ သို့ဖြစ်၍ ဘိက္ခုနီ သာသနာသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)တွင် အရှည်ကြာဆုံး တည်တံ့ခဲ့သည်ဟု မှတ်သားရပေမည်။

## ဘိက္ခုနီသာသနာ အားနည်းချိန်

သီဟိုဠ်ကျွန်း၌ သာသနာ ၄၃၁–ခုနှစ် (ဘီစီ–၁၁၃)တွင် ဝဋ္ဋဂါမဏီမင်း အဘိသိက်ခံ၍ ထီးနန်းကို စိုးစံတော်မူသည်။ ယင်းသို့ ဝဋ္ဋဂါမဏီမင်း နန်းစံ၍ ငါးလခန့်အကြာတွင် ဗြာဟ္မဏ တိဿ သူပုန်ဘေးကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုဗြာဟ္မဏတိဿ သူပုန်ဘေးကြီးသည် တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ကြာမြင့်ခဲ့သည်။

ဤသို့ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ဖြစ်ပေါ်နေချိန်မှာပင် တစ်ဘက်မှလည်း ဒမိဠ (ကျေးကုလား)များက စစ်ကြေညာ၍ ထီးနန်းကို သိမ်းပိုက်ရန် ခြိမ်းခြောက်နေကြသည်။ ထိုအချိန်က သီဟိုဠ်ကျွန်း၏ အခြေအနေသည် ရှုပ်ထွေးပွေလီ၍ တိုင်းသူပြည်သားတို့ကို ကျီးလန့်စာစား အထိတ်တလန့် ဖြစ်နေကြရသည်။ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်အိမ်ကိုယ့်ရာများတွင် အတည်တကျ မနေနိုင်ကြဘဲ ဘေးလွတ်ရာသို့ ပြေးလွှားပုန်းအောင်းနေကြရသည်။

ထိုသို့ ပြေးလွှားပုန်းအောင်းနေကြရသဖြင့် လုပ်ငန်းများ ပျက်ပြားမှု၊ မိုးလေဝသ မမှန်ကန်မှုတို့ကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးမှု (ဒုဗ္ဘိက္ခန္တရ) ကပ်ဆိုးကြီး ဆိုက်ရောက်သေဆုံး ရသူများလည်း မနည်းလှချေ။ တစ်ဖန် အနာရောဂါ ထူပြောမှု (ရောဂန္တရ)

ကပ်ဆိုးကြီးကလည်း ဝင်ရောက်နှိပ်စက်လာပြန်သဖြင့် သီဟိုဠ်ကျွန်း တစ်ကျွန်းလုံး တိတ်ဆိတ်ငြိမ်သက်၍ တိုင်းပြည်ပျက်ကြီးသဖွယ် ဖြစ်နေပေတော့သည်။

တိုင်းသူပြည်သားတို့ ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ကျီးလန့်စာစား ပြေလွှားပုန်းအောင်း နေကြရချိန်တွင် ဒါယကာ ဒါယိကာမများကို အမှီပြု၍ နေကြရသော ရဟန်းတော်များနှင့် ထိုရဟန်းတော်များ၏ အရိပ်အာဝါသကို ခိုလှုံနေကြရသော ဘိက္ခုနီများအဖို့ မည်ကဲ့သို့ အခြေအနေမျိုးသို့ ဆိုက်ရောက်နေကြ ရမည်ကို မှန်းဆ၍ သိနိုင်ပေသည်။

ရဟန်းတော်အများစုတို့မှာ သီဟိုဠ်ကျွန်း၌ သီတင်းသုံးနေထိုင်၍ ပိဋကတ်တော်များကို သင်ကြားပို့ချခြင်းငှာ မစွမ်းနိုင်ကြတော့သဖြင့် ဖောင်များဖွဲ့၍ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယနိုင်ငံ)ဘက်သို့ ကူးသွားကြ လေသည်။ ထိုအချိန်အခါတွင် "သူတော်ကောင်း နတ်ကောင်းမ" ဆိုသကဲ့သို့ သိကြားမင်း ကိုယ်တိုင်ပင် ဖောင်တော်ကြီးကို ဖန်ဆင်း၍ ရဟန်းတော်များကို ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ) ဆိပ်ကမ်းသို့ ပို့ဆောင် ပေးခဲ့သည်။

ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ) သို့ မလိုက်ပါဘဲ သီဟိုကျွန်း၌ပင် နေရစ်ခဲ့ကြသော ရဟန်းတော်များမှာ ကျေးရွာ၊ ဇနပုဒ်၊ တော၊ တောင်တို့၌ သီတင်းသုံး နေထိုင်ကြ၍ သစ်သီး၊ သစ်ရွက်၊ သစ်ဖု၊ သစ်မြစ်များကိုသာ အာဟာရအတွက် ဘုဉ်းပေးမျှတကာ ပိဋကတ် စာပေများကို ရွယ်အံ့သရဇ္ဈာယ်၍ ပရိယတ္တိ သာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းတော်မူခဲ့ကြသည်။

ထိုစဉ်က ပိဋကတ်တော်များကို အက္ခရာ ရေးသားတင်ထားခြင်း မရှိသေးသဖြင့် နှုတ်တက်အာဂုံရွတ်ဆို၍ အဆက်ဆက် သင်ကြား ဆောင်ယူကြရသည်။ သို့ဖြစ်၍ အစာရေစာ ငတ်မွတ်၍ အားပြတ်

နေကြသည့်ကြားမှပင် ပိဋကတ်တော်များ ပျောက်ကွယ် မသွားရအောင် နေ့စဉ်မှန်မှန် ရွတ်အံသရဇ္ဈာယ်ကြရသည်။ အားပြတ်၍ ရွတ်အံသရဇ္ဈာယ်မှု မပြုနိုင်တော့သည့်အဆုံးတွင် သဲပုံများပေါ်တွင် ဝမ်းလျားမှောက်၍ ဦးခေါင်းချင်းဆိုင်ကာ ပိဋကတ်တော်များကို စိတ်ဖြင့်ပင် ဆင်ခြင်မှတ်သားခဲ့ကြရသည်။ ဤသို့လျှင် တစ်ဆယ့်နှစ်နှစ်ကာလပတ်လုံး အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံတို့ မပျောက်မကွယ်ရအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

ထိုသို့သော ခေတ်ဆိုး ခေတ်ပျက် အချိန်ကာလအတွင်း၌ အကြီးအကျယ် အတိဒုက္ခ ရောက်ခဲ့ကြရသူများမှာ ဘိက္ခုနီများပင်ဖြစ်သည်။ ဘိက္ခုနီတို့သည် သူပုန်ဘေးကြီးကြောင့် ဘေးလွတ်ရာသို့ ပြေးလွှားပုန်းအောင်နေကြရသဖြင့် ကစဥ့်ကလျား ဖြစ်ကြရသည်။ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု၊ ကပ်ရောဂါ အမျိုးမျိုး ကျရောက်မှုများကြောင့်လည်း သေကျေ ပျက်စီးခဲ့ကြရသည်။ ယင်းသို့ဘေးအန္တရာယ်အသွယ်သွယ်တို့ နှိပ်စက်မှုဒဏ်ကြောင့် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီ အနည်းငယ်မျှသာ ကျန်ရှိတော့၍ ဘိက္ခုနီ သာသနာတော်ကြီး အင်အားချိနဲ့ လျော့ပါးခဲ့ရလေသည်။

သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်၊ ဘိက္ခုအပရိဟာနိယ အဖွင့်၌ "ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးကြောင့် သီဟိုဠ်ကျွန်း ဘာတရဂါမ၌ နေကြကုန်သော ရွာသူရွာသားတို့သည် ညတစ်ညတွင် ရွာလုံးကျွတ် ထွက်ပြေးသွားကြလေရာ ထိုရွာကို အမှီပြု၍ နေကြသော နာဂါထေရီမနှင့် ဘိက္ခုနီ တစ်ဆယ့်နှစ်ပါးမှာ နံနက်မိုးလင်းမှ မိမိတို့ချည်း ကျန်ရစ်နေကြသည်ကို သိရပုံနှင့် ထိုဘိက္ခုနီတို့အား ရက္ခစိုးနတ်က ခုနစ်နှစ်ပတ်လုံး ဆွမ်းဖြင့် လုပ်ကျွေးခဲ့ပုံ" များကို ဖော်ပြထားသည်ကို တွေ့ရ၏။

အဋ္ဌကထာတို့၌ ဘိက္ခုနီများအကြောင်းကို ဖော်ပြလျှင် အခြေအရံ

ငါးရာ၊ တစ်ထောင် စသည်ဖြင့် ဖော်ပြလေ့ရှိ၏။ ဤနေရာ၌မူ "ဘိက္ခုနီ တစ်ဆယ့်နှစ်ပါး" ဟုသာ တိတိကျကျ ဖော်ပြထား၍ အခြား ဘိက္ခုနီတို့၏ အကြောင်းအရာများကို တစ်စွန်းတစ်စမျှ ဖော်ပြ ထားသည်ကို မတွေ့ရတော့ချေ။ သို့ဖြစ်၍ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ဖြစ်ပေါ်ချိန်မှစ၍ ဘိက္ခုနီသာသနာသည် အမှန်ပင် အားနည်းလာခဲ့ကြောင်း သိရပေသည်။

## ဘိက္ခုနီသာသနာကုန်ဆုံး ကွယ်ပျောက်ချိန်

ဘိက္ခုနီသာသနာ၏အစနှင့်အလယ်ကို ပြဆိုခဲ့ပြီးသည့်အတိုင်း သိမှတ်နိုင်သော်လည်း ဘိက္ခုနီသာသနာ၏ အဆုံးကိုမူ သိမှတ်ရန် မလွယ်ကူလှချေ။ ပိဋကတ်စာပေတို့တွင် အတိအကျ ဖော်ပြထားခြင်း မရှိသဖြင့် အနီးစပ်ဆုံး ဖြစ်နိုင်မည့် အထောက်အထားများကိုသာ ရှာဖွေ၍ ခန့်မှန်းတင်ပြရပေမည်။

သာသနာ ၄၃၁-ခုနှစ်၊ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ဆိုက်ရောက် နေချိန်တွင် နာဂါထေရီမနှင့် အခြားဘိက္ခုနီ တစ်ဆယ့်နှစ်ပါးတို့၏ အကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ၌ တစ်စွန်းတစ်စ ပြဆို ထားသဖြင့် ထိုအချိန်အထိ ဘိက္ခုနီသာသနာ တည်ရှိနေသေးကြောင်း သိရပေသည်။

ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ငြိမ်းအေးသွားပြီးနောက် သာသနာ ၄၄၅-ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်းကြီးပင် ပြန်လည်နန်းတက်၍ ထီးနန်းကို စိုးစံတော်မူသည်။ ထိုမင်း ဒုတိယနန်းစံသက် ငါးနှစ်အကြာ သာသနာ ၄၅၀-ခုနှစ် (ဘီစီ- ၉၄) တွင် အရှင်ဓမ္မရက္ခိတမထေရ် အမှူးရှိသော ရဟန္တာမထေရ်မြတ် ငါးရာတို့သည် သီဟိုဠ်ကျွန်း၊ မလယဇနပုဒ်၊ အာလောက လှိုဏ်တော်

ကြီး၍ ဝဋ္ဋဂါမဏိမင်းကြီး၏ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့ ယူဒါန်းမှု (ပစ္စယာနုဂ္ဂဟ)ကို ခံယူလျက် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံတို့ကို ပေထက်အက္ခရာ တင်ခြင်းတည်းဟူသော စတုတ္ထသင်္ဂါယနာတင်ပွဲကြီးကို ဆင်နွဲပြုလုပ်တော်မူကြသည်။

ထိုသို့ စတုတ္ထသင်္ဂါယနာတင်ချိန်မှာ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ငြိမ်းအေးပြီးနောက် ငါးနှစ်မျှသာ ကြာသော အချိန်ကာလဖြစ်၍ နာဂါထေရီ စသော ဘိက္ခုနီတို့ ရှိနိုင်သေးသဖြင့် သာသနာ ၄၅၀–ခုနှစ်၊ စတုတ္ထသင်္ဂါယနာခေတ်တွင် ဘိက္ခုနီသာသနာတည်ရှိနိုင်သေးသည်ဟု သုတေသီတို့ အညီအညွတ် ယူဆကြလေသည်။

ဘိက္ခုနီသာသနာ လုံးဝ ကုန်ဆုံးကွယ်ပျောက်ချိန်ကိုမူ သုတေသီတို့က အောက်ပါအတိုင်း ခန့်မှန်းရေးသားကြသည်။ ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း) က ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်းစာအုပ်တွင်–

"ဘိက္ခုနီ သာသနာသည် နှစ် ၅၀၀ ၏ ဤမှာဘက်၌ လုံးဝ မရှိတော့ဟု ယူဆရပေသည်။ အောက်ပါအချက်နှစ်ချက်ဖြင့် ထိုသို့ ယူဆနိုင်ပေသည်။

(၁)သာသနာ ၄၀၀ ကျော် ဗြာဟ္မဏတိဿ ဘေးကြီးဖြစ်နေစဉ်အခါတွင် နာဂါထေရီမ အပါအဝင် ၁၂–ပါးသော ထေရီမများအကြောင်းမှတစ်ပါး ဘိက္ခုနီအကြောင်းကို ပါဠိစာပေတို့တွင် တစ်စွန်းတစ်စမျှ မတွေ့ရတော့ခြင်း၊

(၂)သာသနာ ၅၀၀ ခန့်တွင် ပေါ်ပေါက်လာသော အရှင်နာဂသေန၊ မိလိန္ဒမင်းကြီးတို့ ခေတ်၌ ဘိက္ခုနီ သံဃာများစွာ ရှိကြောင်း မိလိန္ဒပဉှာကျမ်း၌ ဖော်ပြထားသော်လည်း ဘိက္ခုနီ အကြောင်း လုံးဝ ဖော်ပြမထားခြင်းတို့ကြောင့်ပင်

ဖြစ်သည်။"

ဟု ရေးသားဖော်ပြထားသည်။ ကျမ်းဦးမှတ်ဖွယ်၌လည်း-

"သာသနာနှစ် ၄၅၀ (ဘီစီ-၉၄) ဝဋ္ဋဂါမဏိ မင်းကြီး လက်ထက် ပေါတ္ထကာရုဠ (စတုတ္ထသင်္ဂါယနာ)ပြီး၍ နှစ်ပေါင်း မကြာမီ သာသနာ ငါးရာကျော်လောက်တွင်ပင် ဘိက္ခုနီသာသနာ ကုန်ဆုံးပြတ်တောက်ခဲ့မည်ဟု ခန့်မှန်း ရပေသည်"

ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထိုသုတေသီတို့၏ အလိုအားဖြင့် ဘိက္ခုနီသာသနာသည် စတုတ္ထသင်္ဂါယနာတင်ခေတ်နောက်ပိုင်း သာသနာနှစ် ငါးရာခန့် အထိသာ တည်ရှိခဲ့၍ ၎င်းနှစ်ငါးရာ နောက်ပိုင်းတွင် ကုန်ဆုံး ကွယ်ပျောက်ခဲ့သည်ဟု မှတ်ယူရဖွယ်ရှိပါသည်။

သို့သော် သာသနာနှစ် ငါးရာ (ခရစ်မပေါ်မီ နှစ်တစ်ရာ)ခန့်က ပေါ်ထွန်းခဲ့သော အရှင်နာဂသေနနှင့် မိလိန္ဒမင်းကြီးတို့ ခေတ်တွင် ဘိက္ခုနီများ ရှိနေသေးသည့် အထောက်အထား တစ်စွန်းတစ်စကို တွေ့ရှိရပါသည်။ ယင်းအထောက်အထားမှာ အရှင်နာဂသေန၏ ဂုဏ်ရည်ကို ပြဆိုသည့်အခန်း၌-

"ဘိက္ခုနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ရာဇူနံ ရာဇမဟာမတ္တာနံ သက္ကတောဂရုကတော၊ မာနိတော၊ ပူဇိတော၊ အပစိတော--"

"ရဟန်း၊ ရဟန်းမိန်းမ၊ ဒါယကာ၊ ဒါယိကာမ၊ မင်း၊ မင်း၏အမတ်တို့သည် ရိုသေအပ်သူ၊ အလေးမူအပ်သူ၊ မြတ်နိုးအပ်သူ၊ ပူဇော်အပ်သူ၊ ကျိုးနွံရလွယ်သူ"

ဟူ၍ ဆိုထားခြင်းပင်ဖြစ်သည်။ ထိုအချက်ကို ကြည့်လျှင် သာသနာနှစ် ငါးရာကျော်တွင် ဘိက္ခုနီများ ရှိနေသေး၍ ပရိသတ် လေးပါးစုံ

ရှိသည်ဟု ယူဆနိုင်ပေသည်။

အခြားအထောက်အထား တစ်ခုမှာ သီဟိုဠ်ကျွန်း၌ သာသနာ ၅၀၁ ခုနှစ်တွင် နန်းတက်၍ နှစ်ဆယ့်နှစ်နှစ်တိုင်တိုင် ထီးနန်းစိုးစံခဲ့သော ကုဋကဏ္ဏတိဿမင်း လက်ထက်၌ ဘိက္ခုနီများ ရှိနေသေးကြောင်းကို မဟာဝင်ဝတ္ထု၌-

"ထိုကုဋကဏ္ဏမင်း၏မယ်တော်သည် သွားတို့ကို ဆေး၍ ဘုရားသာသနာတော်၌ ရဟန်းပြုလေ၏။ ပြုပြီးသော် ဆွေမျိုးတို့၏ အိမ်တံခါးအနီး၌ ရဟန်းမိန်းမတို့၏ နေရန်ကျောင်း ဆောက်လုပ်၍ မယ်တော်ကို လည်းကောင်း၊ အခြားရဟန်းမိန်းမတို့ကိုလည်းကောင်း နေစေ၍ ထိုကျောင်းသည် "ဒန္တဂေဟ" ကျောင်းဟူ၍ ထင်ရှားသတည်း"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဘိက္ခုနီသာသနာသည် သာသနာနှစ် ငါးရာနောက်ပိုင်းတွင်လည်း တည်ရှိနေသေးသည်ဟု ပင်မှတ်ယူရပေမည်။

တစ်ဖန် သာသနာ ၅၅၁-၁၂ ခုနှစ်တွင် နန်းတက်သော မဟာဒါဠိကမင်း လက်ထက်၌လည်း ဘိက္ခုနီများ ရှိနေသေးသည့် အထောက်အထားကို မဟာဝင်ဝတ္ထု၌-

"ထိုမဟာဒါဠိကမင်းသည် ဘိက္ခုသံဃာအား အဖိုးခြောက်သိန်း ထိုက်သော အထူးထူးသော ကပ္ပိယဘဏ္ဍာကို လှူ၍၊ ဘိက္ခုနီတို့အားလည်း ခြောက်သိန်းထိုက်သော ကပ္ပိယဘဏ္ဍာကို လှူ၍ ကိုယ်တော်နှင့်တကွ လှူသမျှသော သူတို့ကို သံဃာ့ကျွန်အဖြစ်မှ လွတ်စေတော်မူ၏"

ဟူ၍ တွေ့ရပါသည်။

တစ်ဖန် သာသနာ ၆၈၃-၂၄ ခုနှစ်တွင် နန်းတက်သော ဘာတိကတိဿမင်းလက်ထက်တွင်လည်း ဘိက္ခုနီများ ရှိသေးကြောင်း

ကို မဟာဝင်ဝတ္ထုဌ်း-

"ထို ဘာတိကမင်းကား ရတနာသုံးပါး၌ ရှိသေခြင်းရှိ၏။ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာတို့ကိုလည်း တစ်နှစ်တစ်ခါ အလှူကြီး ပေးလှူ၏"

ဟူ၍ဖော်ပြ**ထားသ**ည်ကို တွေ့ရသည်။

**တစ်ဖန်** သာသနာ ၈၁၉-၂၇ ခုနှစ်တွင် နန်းတက်သော မဟာသေနမင်းလက်ထက်တွင်လည်း ဘိက္ခုနီများ ရှိသေးကြောင်းကို မဟာဝင်ဝတ္ထုဌ်ပင်-

"ထိုမဟာသေနမင်းသည် မဏိဟိရ မည်သော ကျောင်းကိုလည်းကောင်း၊ နတ်**ကွန်း**ကိုလည်းကောင်း ဖျက်၍ ဂူဠဝိဋ္ဋိကျောင်း၊ ဥတ္တ**ရာဟာယ** မည်သော ရဟန်းမိန်းမတို့၏ ကျောင်းကိုလည်းကောင်း ဆောက်လုပ်၏"

ဟူ၍ ဖော်ပြထားသည်။

ထိုသို့ မဟာဝင်ဝတ္ထုဌ် ဖော်ပြချက်များကို ထောက်လျှင် ဘိက္ခုနီသာသနာသည် သီဟိုဠ်ကျွန်း၌ သာသနာ ၈၄၆ ခုနှစ် (အေဒီ-၃၀၂)ခန့်အထိ တည်ရှိနေခဲ့သည်ဟု မှတ်ယူရပေမည်။

မဲထီးဆရာတော်ကမူ ဝံသဒီပနီကျမ်း၌-

"သီရိခေတ္တရာ ရာမ ရသေ့မြို့၌ **ဒွတ္တ**ပေါင်မင်းကသည် အဆုံး သုပညာနဂရမင်းတိုင်**အောင် နှစ်ကျိ**ပ်ငါး၊ သာသနာတော် ၆၃၈ ခုတိုင် သာသ**နာ**တော် မတိမ်းမပါး၊ ပုထုဇဉ်၊ သောတာပန် စသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် ထေရဝါဒမှ မကွဲမပြား ယူကြကုန်သဖြင့် တရားကို ကျင့်ဆောင်ကုန်သည်"

ဟူ၍ ဖော်ပြထားသည်။

ထိုကျမ်းမှာပင် ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့ဝင် အရှင်

သောကော၊ အရှင်ဥတ္တရမထေရ်တို့ လက်ထက် သုဝဏ္ဏဘူမိတိုင်းမှ ဆင်းသက်ဆက်နွယ်လာခဲ့သော ဘိက္ခုနီ သာသနာသည် သာသနာ ၆၅၅–ခုနှစ်တွင် နန်းတက်သော သမုဒ္ဒရာဇ်မင်းနှင့် သာသနာ ၇၃၅–ခုနှစ်တွင် နန်းတက်သော ဥမျိုးမင်း (ဖြုစောထီးမင်း) တို့၏ လက်ထက်တိုင်အောင် ရှိနေသေးကြောင်းကို ဤသို့ ဖော်ပြထားသည်။

"ထိုအစည်းအဝေးတွင် ဗြဟ္မဇာလသုတ်ကို ဟောတော်မူလျှင် ခြောက်သောင်းသော ယောကျ်ားတို့ ရဟန္တာချည်း ဖြစ်ကြကုန်သည်။ သုံးထောင်ငါးရာ ရဟန်းပြုကြသည်။ တစ်ထောင်ငါးရာသော မိန်းမတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ကြလေကုန်သည်။ နောက်ကို ရဟန်းပြုကုန်သဖြင့် ရဟန္တာထေရီမချည်း ဖြစ်ကြကုန်သည်။ ယင်းနောက်ကို ယောကျ်ား၊ မိန်းမ ရဟန်းပြုကြကုန်၍ အသီးသီး မဂ်ဖိုလ်ရကြသည်ကား မရေမတွက်နိုင်။ ယင်းကသည် အဆက်အနွယ် ရဟန္တာမိန်းမ၊ ပုထုဇဉ် ရဟန်းမတို့သည် သီရိခေတ္တရာ ရာမတိုင်း၊ သီရိခေတ္တရာ ရာမက အရိမဒ္ဒန ပေါက္ကံရာမတိုင်း သမုဒ္ဒရာဇ်၊ ဖြုစောထီးမင်းတို့ လက်ထက်တိုင်အောင် ရဟန်းမိန်းမ ခေတ်တစ်ထောင်ဆိုသော ကြောင့် ရှိလေသတည်း"

ဘုရားဖြူ ဆရာတော်ကလည်း သာသနဗဟုဿုတပ္ပကာသနီ ကျမ်း၌ ထို့အတူပင် ယူဆဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ကျမ်းဆရာတို့၏ ဖော်ပြချက်များအရဆိုလျှင် သုဝဏ္ဏဘူမိတိုင်းမှ ဆင်းသက် ဆက်နွယ်လာခဲ့သော ဘိက္ခုနီသာသနာသည် သာသနာ ၇၃၅–ခုနှစ် (အေဒီ ၁၉၁) ပထမ ပုဂံခေတ်ဦးပိုင်းတိုင်အောင် တည်ရှိနေသည်ဟု မှတ်ယူရဖွယ် ရှိပါသည်။သို့သော် ထိုကျမ်းဆရာတို့၏ ဖော်ပြချက်များမှာ ခိုင်မာသည့်

အထောက်အထားများ မပါရှိဘဲ ကြံဆချက် (ပရိကပ္ပ) စကားများသာဖြစ်၍ မှုချအားဖြင့် မှတ်ယူရန်ကား မလွယ်ကူလှချေ။

ထို့ပြင် ဘိက္ခုနီများ ရှိသေးကြောင်း အထောက်အထားတစ်ခုမှာ မဇ္ဈိမဒေသတစ်ဝိုက်နှင့် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးရန်နှင့် ပိဋကတ်တော်များကို ကူးယူရန် ရည်ရွယ်ချက်ဖြင့် သာသနာ ၉၄၃–ခုနှစ်တွင် ခရီးထွက်ခဲ့သော တရုပ်ရဟန်းတော် ဖာဟီယန်၏ ခရီးစဉ်မှတ်တမ်း၌ "သာဝတ္ထိပြည်နှင့် ယူဇနာ သုံးဆယ် ဝေးကာသော သင်္ကဿနဂိုရ်ပြည်၌ ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ တစ်ထောင်ခန့် ရှိကြောင်း၊ ထိုရဟန်းတို့သည် အိမ်စဉ်လှည့်လည်၍ ဆွမ်းခံခြင်း အကျင့်မြတ်ဖြင့် ဘောဇနေသပ္ပါယ မှုတတော်မူကြကြောင်း၊ ထိုရဟန်းတို့တွင် အချို့မှာ ဟိနယာန ဂိုဏ်းသားများဖြစ်၍ အချို့မှာ မဟာယာန ဂိုဏ်းသားများဖြစ်ကြောင်း "ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုမှတ်တမ်းပါ ဖော်ပြချက်ကို ထောက်လျှင် မဇ္ဈိမဒေသတွင် သာသနာ နှစ်ကိုးရာကျော်အထိ ဘိက္ခုနီများ ရှိနေသေးသည်ဟု မှတ်ယူနိုင်ပေသည်။ သို့သော် ထိုဘိက္ခုနီများသည် ဟိနယာနခေါ် ထေရဝါဒ၏ အဆက်အနွယ်လေလော၊ သို့မဟုတ် မဟာယာန အဆက်အနွယ်ပင် ဖြစ်လေသလော ဟူ၍ကား စဉ်းစားဖွယ် ရှိနေပါသည်။ မည်သို့ပင်ဖြစ်စေ ဘိက္ခုနီ အဆက်အနွယ် ရှိနေသေးသည်ဟူ၍ကား မှတ်ယူရပေမည်။ ၎င်းမှတ်တမ်း၌ မဇ္ဈိမဒေသ အခြားသောအရပ်များတွင် ရဟန်းတော်တစ်ထောင်ခန့် ရှိသော နေရာများ၊ ငါးထောင်ခန့်ရှိသော နေရာများကို ဖော်ပြထားသော်လည်း ဘိက္ခုနီများရှိကြောင်း ဖော်ပြထားသည်ကို မတွေ့ရတော့ချေ။

အံ့ဩဖွယ်ကောင်းသည်မှာ တတိယ သင်္ဂါယနာတင် ခေတ်နောက်ပိုင်းတွင် သာသနာ အထွန်းကားဆုံးဖြစ်သော သီဟိုဠ်ကျွန်း

အကြောင်းကို ရေးမှတ်ထားရာတွင် ရဟန်းတော်ပေါင်း ငါးထောင် ကျော်နေသော အဘယဂီရိကျောင်းတိုက်၊ သုံးထောင်ကျော် နေသော မဟာဝိဟာရကျောင်းတိုက်၊ နှစ်ထောင်ကျော်နေသော ဘဒ္ဒရိက ကျောင်းတိုက်ကြီးများအကြောင်း စသည်တို့ကို သံဃာ အရေအတွက် နှင့် အတိအကျ ဖော်ပြထားခဲ့သော်လည်း ဘိက္ခုနီတို့၏ အကြောင်း ကိုမူ တစ်စွန်းတစ်စမျှ ဖော်ပြထားသည်ကို မတွေ့ရခြင်းပင်ဖြစ်သည်။

ထိုအချက်ကိုထောက်လျှင် သာသနာနှစ်ကိုးရာကျော်တွင် သီဟိုဠ်ကျွန်း၌ ဘိက္ခုနီသာသနာ အဆက်အနွယ် ပျောက်ကွယ်လုနီးပါး အလွန်ပင် အားနည်းနေပြီဟု ယူဆရပေသည်။

လုံးဝကုန်ဆုံးပျောက်ကွယ်ခဲ့ပြီဟု တထစ်ချ မပြောနိုင်သည့် အချက်မှာ သဗ္ဗတ္ထိ ဝါဒီဂိုဏ်းသား အရှင်ဓမ္မဇောဓိ တရုပ်ဘာသာ ပြန်ဆိုရေးသားသော ဘိက္ခုနီဝိဘင်း နိဒါန်း၌ "သာသနာ ၉၇၇-ခုနှစ်တွင် နန္ဒီ အမည်ရှိ သင်္ဘောဖြင့် သီဟိုဠ်ကျွန်းမှ ဘိက္ခုနီမများ တရုပ်ပြည်သို့ ရောက်ကြသည်" ဟု ဖော်ပြထားခြင်း၊ တိဘက် မှတ်တမ်းများ၌လည်း "ထိုနှစ်ပိုင်းခန့်မှာပင် ဒေဝသရာ အမည်ရှိ ဘိက္ခုနီမသည် သီဟိုဠ်ကျွန်းမှ မဇ္ဈိဒေသို့ လှည့်လည်ရင်း ဘိက္ခုနီ ဆယ်ပါးတို့နှင့်အတူ တရုပ်ပြည်သို့ ရောက်လာသည်" ဟု ဖော်ပြထားခြင်းကြောင့်ပင်ဖြစ်သည်။

ထိုဖော်ပြချက်များအရ သီဟိုဠ်ကျွန်းသည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ် ထွန်းကားပွင့်လင်းသည့် တိုင်းနိုင်ငံ ဖြစ်သဖြင့် ထိုဘိက္ခုနီတို့မှာလည်း ထေရဝါဒ အဆက်အနွယ် ဘိက္ခုနီများသာ ဖြစ်ဖွယ်ရှိပါသည်။ သို့ဖြစ်လျှင် သီဟိုဠ်ကျွန်း၌ သာသနာ ၉၇၇-ခုနှစ်အထိ ဘိက္ခုနီများ ရှိနေပေဦးမည်။ သို့သော် ဘိက္ခုနီသာသနာ အဆက်အနွယ် မပြတ်ဆဲရုံ အနည်းငယ်မျှသာ တည်ရှိနေခြင်း ဖြစ်မည်ဟု ယူဆရပေသည်။

ထိုနောက်ပိုင်းတွင်မူ ဘိက္ခုနီသာသနာသည် ဤာစ်စထက်တစ်စ ပိုမိုအားနည်းလာကာ သာသနာနှစ် တစ်ထောင် (အေဒီ-၄၅၆) ခန့်တွင် ဘိက္ခုနီ အဆက်အနွယ် ပြတ်တောက်၍ လုံး၀ ကုန်ဆုံး ကွယ်ပျောက်ခဲ့သည်ဟု ခန့်မှန်းရပေသည်။

## ပုဂံခေတ်၌ ဘိက္ခုနီရှိ၊ မရှိ စိစစ်ချက်

ဒေါက်တာသန်းထွန်းကမူ သာသနာ ၁၆၀၀ ကျော်သော ပုဂံခေတ်တွင် ဘိက္ခုနီများ ရှိနေသေးကြောင်းကို ပုဂံခေတ် ကျောက်စာများ၌ တွေ့ရှိချက်များကို ကိုးကား၍ ဤသို့ ဖော်ပြထားသည်။

> "အများယုံကြည်ကြသလို သာသနာနှစ် ၁၀၀၀ (အေဒီ-၄၅၆)ကစ၍ ဘိက္ခုနီ မရှိတော့ဟု ဆိုသော်လည်း သာသနာနှစ် ၁၆၀၀-ကျော်သော ပုဂံခေတ်က ဘိက္ခုနီ ရှိကြောင်း သက်သေအထောက်အထားများ တွေ့နေပါသည်။ အချို့ ရဟန်းများကို လူအမည်နှင့် ခေါ်သလိုပင် အချို့ ရဟန်းမ များ၏ အမည်မှာ လူအမည်အတိုင်း ရှိနေသောကြောင့် အမည်ရှေ့မှ အိန်၊ အိဝ်၊ အိုဝ် ဟူသော အမျိုးသမီးအမည်ရှေ့မှ ပါမြဲစကားလုံးများ ပါနေသည်ကို တွေ့ရ၏။ ပါဠိအမည်ဖြင့် ဖြစ်လျှင်လည်း ဣသရအသံ အဆုံးသတ်သဖြင့် အမျိုးသမီး ဖြစ် ကြောင်းသိရပါသည်။"

ထိုနောက် ကျောက်စာများ၌ တွေ့ရှိရသော ဘိက္ခုနီတို့၏ အမည်စာရင်းကိုလည်း အောက်ပါအတိုင်း ဆက်လက် ဖော်ပြထား ပါသည်။

| | |
|---|---|
| "ဖုန်မွတ်သောအိဝ်ဆိတဝ် | (ပုံ ၂၉/၇၊ ၁၉) |
| သွိင်အိဝ်ကြဲပင်သင် | (ပုံ ၅၃/၇) |
| သင်္ကာမိအိဝ်အ်ကြဲသင် | (ပုံ ၁၁၉ က/၂) |

| | |
|---|---|
| အိန်ဆိဥဝ်နိ | (ပုံ ၃၄၅/၅) |
| သွိုင်ဗြဟ္မစရိ | (ပုံ ၂၁၄ ခ/၉) |
| ဖုန်မွတ်သောအိဟ်တည်သင် | (ပုံ ၅၅၉ က/၁၄) |
| သွိုင်အိဝ်ပံ | (ပုံ ၅၇၆ က/၇)" |

အထက်ပါ ဒေါက်တာသန်းထွန်း၏ ဖော်ပြချက်များအရဆိုလျှင် သာသနာနှစ် ၁၆၀၀–ကျော်သော ပုဂံခေတ်အထိ ဘိက္ခုနီများ ရှိနေသေးသည်ဟု ယူရဖွယ်ရှိပါသည်။

သို့သော် ဖော်ပြပါ ကျောက်စာများမှာ သာသနာနှစ် **၁၆၀၀** ကျော် (အေဒီ ၁၁ ရာစုအတွင်း)က ရေးထိုးထားခဲ့သော ကျောက်စာများဖြစ်၍ ဘိက္ခုနီသာသနာနှစ်တစ်ထောင် (အေဒီ–၄၆) ခန့်ကပင် အဆက်အနွယ်ပြတ်တောက်၍ ကုန်ဆုံးကွယ်ပျောက်ခဲ့ပြီးဖြစ်ကြောင်း အထက်တွင် ခန့်မှန်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ **ခန့်မှန်း** ဖော်ပြရခြင်းမှာလည်း–

(၁) သာသနာနှစ်တစ်ထောင်၏ နောက်ပိုင်းခေတ်များတွင် ဘိက္ခုနီများနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ဘိက္ခုနီများ အဆက်အနွယ် မပြတ်ဆဲဘဲ တည်ရှိနေခဲ့သည့် အထောက်အထားများကို မတွေ့ရှိတော့ခြင်း

(၂) တရုပ်ရဟန်းတော် ဖာဟီယန်၏ သာသနာ ၉၄၃ ခုနှစ် (အေဒီ–၃၉၉) ခရီးစဉ်မှတ်တမ်း၌ ဘိက္ခုနီ သာသနာ နောက်ဆုံး တည်ရှိခဲ့ရာ သီဟိုဠ်ကျွန်းမှာပင် ဘိက္ခုနီများကို တွေ့ရှိခဲ့ရကြောင်း ရေးသား မှတ်ထားခဲ့သည်ကို မတွေ့ရှိရခြင်း၊

(၃) ရေးကျ၍ ထင်ရှားသော ဝိနည်းဋီကာကြီးတစ်စောင် ဖြစ်သည့် ဝဇီရဗုဒ္ဓိဋီကာ ဘိက္ခုနီ ဝိဘင်းအဖွင့်၌ သံကစ္စိက ခေါ် ဘိက္ခုနီတို့၏ အတွင်းခံ ရင်စည်း၏ ပမာဏနှင့် ပတ်သက်၍

ဖော်ပြရာ "သံကစ္စိကာပမာဏာတိရိယံဒိယမုဟတ္ထာ တိပေါရာ ဏာ ဂဏ္ဍိပဒေ ဝုတ္တံ – အတွင်းခံ ရင်စည်း၏ ပမာဏမှာ အနံ တစ်တောင်ထွာရှိသည်ဟု ရှေးဂဏ္ဍိပုဒ်၌ ဆိုသည်။" ဟူ၍ မသေမချာ ညွှန်ပြထားသဖြင့် ထိုဋီကာဆရာတို့ ခေတ်မှာပင် ဘိက္ခုနီတို့၏ အသုံးအဆောင်များကို မသိနိုင် လောက်အောင် အဆက်ဝေးကွာခဲ့ပြီဟု သိရှိနိုင်ခြင်း၊

(၄) ဘိက္ခုနီသာသနာသည် အဆက်အနွယ် ပြတ်တောက်သွား ခဲ့လျှင် ပြန်လည်ထွန်းသစ်ခြင်းငှာ မဖြစ်နိုင်တော့ခြင်း၊ စသည်တို့ကြောင့် ဖြစ်ပါသည်။

ပုဂံခေတ် ကျောက်စာများတွင် ရဟန်းတော်တို့၏ ဘွဲ့အမည် များကို တော်တော်များများ တွေ့ရ၏။ ဘွဲ့အမည်များကို များသော အားဖြင့် ယခုခေတ် ရဟန်းတော်များကဲ့သို့ပင် ပါဠိဘာသာဖြင့် ရေးထိုးထားကြသည်။ ရဟန်းတော်များဖြစ်ကြောင်း သိသာနိုင်ရန် ဘွဲ့အမည်၏ရှေ့မှ "မွတ်စွာသော မွတ်ကြီ၊ မွတ်ကြီစွာ၊ ဖုန်လွှတ်ကြီ စွာ၊ ဖုန်လွှတ်သော စသော ဝိသေသနပုဒ်များဖြင့် လည်းကောင်း၊ သွိင်၊ ဆြာ" ဟူသော ဝိသေသနပုဒ်များဖြင့်လည်းကောင်း တွဲဖက် ရေးထိုးလေ့ ရှိကြသည်။ ဘွဲ့အမည်၏ ရှေ့မှ မွတ်စွာသော၊ မွတ်ကြီ ပါရှိလျှင် သဃ်ထေရ ၊ မွတ်ကြီစွာ၊ ဖုန်လွှတ်ကြီစွာ ပါရှိ လျှင် မဟာထေရ ဖုန်မလွှတ်သော ပါရှိလျှင် ထေရ ဟူ၍ သိရ ပါသည်။

ထိုခေတ်က ယောကျ်ားများကို မင်းပေးသောဘွဲ့ထူး မရှိလျှင် အမည်ရှေ့၌ 'င' တပ်၍ ခေါ်ဝေါ်ကြပြီး မိန်းမတို့၏အမည်ရှေ့၌ 'အိန်၊ အိဝ်၊ အိုဝ် 'တပ်၍ ခေါ်ဝေါ်လေ့ရှိကြသည်။

အထက်ပါ ရဟန်းသံဃာတော်များနှင့် သက်ဆိုင်သော မွထ်စွာသော၊ မွတ်ကြီ၊ မွတ်ကြီစွာ၊ ဖုန်လွှတ်ကြီစွာ၊ ဖုန်လွှတ်သော

စသော ဝိသေသနပုဒ်များနှင့် မိန်းမများနှင့်သက်ဆိုင်သော အိန်၊ အိစ်၊ အိုဝ် စသည်တို့ကို တွဲစပ်၍ "ဖုန်လွှတ်သောအိပ်ဆီတင်၊ သျှိုင်အိဝ်ကြံပင်သင်၊ သင်္ဃာမိအိဝ်အ်ကြံသင်" စသည်ဖြင့် ရေးမှတ်ထားသည်ကို တွေ့ရလျှင် အမျိုးသမီး သာသနာ့ဝန်ထမ်းများ ဖြစ်သည်ဟူ၍ မှတ်သားရပါမည်။ သို့သော် ဘိက္ခုနီသာသနာရှိသော ခေတ်ကာလ မဟုတ်သဖြင့် ယခုခေတ် သီလရှင် ဆရာလေးများကဲ့သို့သော အမျိုးသမီး သာသနာ့ဝန်ထမ်း သာသနာတွင်း ပရိဗိုဇ်မများဟူ၍သာ မှတ်သားသင့်ပါသည်။

ဖုန်လွှတ်သောအိဝ်ဆိတင်ကို ယခုခေတ် အခေါ်အဝေါ်အားဖြင့် ဆရာကြီး ဒေါ်ဆိတော်၊ သျှိုင်အိဝ်ကြံပင်သင်ကို ဆရာလေး မကြံပင်သင်ဟု ခေါ်ရပါမည်။ သင်္ဃာမိမှာ သင်္ဃာမိပတိ ဟု ဆိုလိုသဖြင့် အကြီးဆုံးဘွဲ့အမည်ဟု ယူဆပါသည်။

မြစေတီကျောက်စာခေါ် ရာဇကုမာရ ကျောက်စာ၌လည်း ရဟန်းတော်များ၏ ဘွဲ့အမည်များကို အောက်ပါအတိုင်း ပါဠိဘာသာဖြင့်ပင် ရေးထိုးထားသည်ကို တွေ့ရပါသည်။

> "အဗယ်တပည့်သား မုဂ္ဂလိပုတ္တတိဿထေရ်၊ အဗယ်တပည့်သား သုမေဓပဏ္ဍိတ်၊ အဗယ်တပည့်သားဗြဟ္မပါလ၊ အဗယ်တပည့်သား ဗြဟ္မဒိဝ်၊ အဗယ်တပည့်သား သောန၊ အဗယ်တပည့်သား သံဃ သေနဝရပဏ္ဍိတ်"

အဗယ် ဟူသည်ကား ပျူဘာသာ ဗံး ဖြစ်ရာ "ဗံး (လေးစားမှုစကား) မြတ်သော၊ မြတ်နိုးဖွယ်၊ ကြည်ညိုဖွယ်" ဟု အဓိပ္ပါယ်ရပါသည်။

ဤသို့ ပုဂံကျောက်စာတို့၌ ရဟန်းတော်များ ဘွဲ့အမည်များကို ပါဠိအမည်များဖြင့်သာ ရေးထိုးထားကြသည်ကို တွေ့ရလျက် အမျိုးသမီးသာသနာ့ဝန်ထမ်းတို့၏ အမည်များကိုမူ "အိဝ်ဆိတဝ်၊

အိပ်ကြဲပင်သင်၊ အိဝ်အ်ကြဲသင်" စသည်ဖြင့် လူအမည်များဖြင့် ဖော်ပြထားခြင်းမှာလည်း ရဟန်းတော်များနှင့် ခြားနားလျက်ရှိလေရာ ဘိက္ခုနီ မဟုတ်သော သာသနာတွင်း ပရိုဗိမ (သီလရှင်) များသာ ဖြစ်မည်ဟု ယူဆရန် အကြောင်းတစ်ချက် ဖြစ်နေပါသည်။

ထိုသို့ ပုဂံခေတ်ကျောက်စာများတွင် ပါရှိသော အမျိုးသမီး သာသနာ့ဝန်ထမ်းတို့၏ အမည်များနှင့် ပတ်သက်၍ ဆရာတော် ဦးတိလောက (ရဝေထွန်း) က ဘိက္ခုနီသာသနာနှင့် သီလရှင် သမိုင်းစာအုပ်၌–

> "ပုဂံခေတ်က ဘိက္ခုနီသံဃာတို့နှင့် စပ်လျဉ်း၍ ထင်ရှား ကျော်ကြားသော အမျိုးသမီးသာသနာ့ ဝန်ထမ်းများ ရှိခဲ့ ကြောင်း၊ ထိုအမျိုးသမီး သာသနာ့ဝန်ထမ်းတို့ ဟူသည် အကြောင်းကြောင်းကြောင့် ဘိက္ခုနီ မဟုတ်နိုင်၊ ထိုခေတ်က မည်ကဲ့သို့ အမည်တပ်၍ ခေါ်သည်ဟု မသိရသော်လည်း ၎င်းတို့သည် ယခုခေတ် သီလရှင်များ၏ ဆင်းသက်ရာ ရှေးအနွယ်တော်များပင်ဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သင့်ပေ သတည်း"

ဟု အတိအလင်း ဖော်ပြထားပါသည်။

ထို့ပြင် ပုဂံခေတ်၌ သီလရှင်များ ရှိခဲ့ကြောင်းကို ဦးဖိုးလတ်၏ မြန်မာစကားအဖွင့်ကျမ်းလာ အောက်ပါစကားရပ်တို့ဖြင့် ပေါ်လွင် စေပါသည်။

> "ဤ၌ အိုအ်၏ အနက်ကို လင်းပြီး ဖြစ်သဖြင့် ဖုခိ၏ အနက်ကို စိစစ်သော် ခေတ်မွန်ဘာသာတွင် အဖြူ၊ ဖြူသောဟော'ဖု' ပုဒ်နှင့် ဝတ်ရုံသော 'ခိ' ပုဒ်တို့ကို တွေ့ရသည်။ တစ်ဖန် ရွှေစည်းခုံ မွန်ကျောက်စာတွင် ဖြူသော ဟောဖုံတင်နှင့် နန်းတည် မွန်ကျောက်စာတွင်

ပတ်ရစ်ဝတ်ရုံဟောဂီဝ် ပုဒ်ကို တွေ့ရပြန်သည်။ ဖု၊ ဗု၊ ဗုံ နှင့် ခိ၊ ဂိ၊ ဂွိ ပုဒ်တို့မှာ အသံချင်း လွန်စွာ နီးကပ်သည်။ ထိုအတိုင်း အနက်ချင်းလည်း နီးစပ်သော 'ဖုခိ' ၏ အနက်အဖြူဝတ် အဖြူရုံ ဟု ပေါ်ထွက်ပေမည်။ ထို့ကြောင့် 'အိုအ်ဖုခိ' ၏ အနက် "မောင်ဖြူဝတ်၊ မယ်ဖြူဝတ်၊ သင်ဖြူဝတ်၊ သျှင်ဖြူဝတ်"ဟု ပေါ်ထွက်ချေမည်။ လိုရင်းကို ဆိုရသော် အမည်တွင် အိုအ်ဖုခိပုဒ်တွဲဖက် ခေါ်ဝေါ်သော ပုဂ္ဂိုလ်တို့သည် ခေတ်စကားဖြင့် ဝတ်ဖြူစင်ကြယ်ကို ဆင်မြန်းသည့် ဖိုးသူတော်၊ မယ်သီလ (ဝါ) သီလရှင်များ ဖြစ်ရာသည်။"

ဦးစိုးညွန့်ကလည်း ပုဂံခေတ်၌ (အဝတ်ဖြူဝတ်) သီလရှင်များ ရှိခဲ့ကြောင်းကို စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်တွင်–

"အနော်ရထာမင်းစော လက်ထက် နောက်ပိုင်းတွင် 'သီတင်းသုံး' ဟု ခေါ်ဆိုသောသူများ ပေါ်ပေါက်လာ၍ ထိုနောက်တွင် ပိဋကတ် အလိုပဏ္ဍရင်္ဂ၊ မြန်မာလို အဝတ်ဖြူ ဝတ်ပုဂ္ဂိုလ်များ ဟု အဓိပ္ပါယ်ရသော ဖိုးသူတော်၊ မယ်သီလများ ပေါ်ပေါက်လာပြန်၏"

ဟူ၍ ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ အထောက်အထားများအရ ပုဂံခေတ်က အဝတ်ဖြူဝတ် သာသနာတွင်း ပဏ္ဍရင်္ဂပရိဗိုဇ် အနွယ်ဝင် သီလရှင်များ ရှိခဲ့သည်မှာ ထင်ရှားပါသည်။ သို့ဖြစ်၍ ပုဂံခေတ်ကျောက်စာများတွင် တွေ့ရှိရသော အမျိုးသမီး သာသနာ့ဝန်ထမ်း အမည်များမှာလည်း ဘိက္ခုနီများ မဟုတ်နိုင်၊ ထိုပဏ္ဍရင်္ဂပရိဗိုဇ် အနွယ်ဝင် သီလရှင်တို့၏ အမည်များသာ ဖြစ်မည်ဟု ယူဆပါသည်။

## ဘိက္ခုနီ သာသနာ ကွယ်ပျောက်ရခြင်း အကြောင်းများ

ဘိက္ခုနီသာသနာသည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာနှစ် တစ်ထောင်ကျော် (အေဒီ-၄၅၆) ခန့်တွင် ကုန်ဆုံးကွယ်ပျောက်ခဲ့သည်။ အဋ္ဌကထာဆရာတို့ အဆိုအရ အနှစ်ငါးထောင်တည်မည့် သာသနာတော်ကြီး၏ ငါးပုံတစ်ပုံခန့် အချိန်အတွင်း ကွယ်ပျောက်ခဲ့ရခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကြီး စည်ပင်ပွင့်လင်းစွာ ထင်ရှားရှိနေပါလျက် ဘိက္ခုနီသာသနာ ကွယ်ပျောက်ခဲ့ရခြင်းမှာ အမျိုးသမီးထု တစ်ရပ်လုံး အတွက် ကြီးမားသော ဆုံးရှုံးမှုပင် ဖြစ်ပေသည်။

ယင်းသို့ ဘိက္ခုနီသာသနာ စောလျင်စွာ ကုန်ဆုံးကွယ်ပျောက်ခဲ့ရခြင်း၏ အကြောင်းများကို တိတိကျကျ ဖော်ပြရန် မဖြစ်နိုင်သော်လည်း ယေဘုယျအားဖြင့် ဖြစ်နိုင်သော အကြောင်းများကို စိစစ်ဝေဖန်ရသော် အချက် (၈)ချက်ကို တွေ့ရှိရပါသည်။ ၎င်းတို့မှာ-

(၁) ဘိက္ခုသံဃာ၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း၊

(၂) ဘိက္ခုသံဃာသည် မိန်းမသားတို့၏ သာသနာ့ဝန်ထမ်း ရဟန်းမ အဖြစ် ဝင်ရောက်လာမှုကို မလိုလားခြင်း၊

(၃) သင်္ဂါယနာတင်ပွဲကြီးများတွင် ဘိက္ခုနီများ ပါဝင်ခွင့် မရရှိခဲ့ခြင်း၊

(၄) လူဒါယကာတို့၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း၊

(၅) သိက္ခာပုဒ်များ တင်းတင်းကြပ်ကြပ် ပညတ်ထားခြင်း၊

(၆) ခေတ်ဆိုးခေတ်ပျက်တို့နှင့် အကြိမ်ကြိမ် တွေ့ကြုံခဲ့ရခြင်း၊

(၇) သဒ္ဓါ၊ ပညာ နည်းပါးခြင်း၊

(၈) ပရိဗိုဇ် ရဟန်းမအသွင်ဖြင့် အစားထိုးလိုက်ခြင်း တို့ ဖြစ်ပါသည်။

## ၁။ ဘိက္ခုသံဃာ၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း

ဘိက္ခုသံဃာသည် သာသနာတော်အစဉ်အဆက် တစ်လျှောက်လုံးမှာပင် ဘိက္ခုနီတို့အပေါ် အခွင့်အရေးပေးမှု၊ အားပေးချီးမြှောက်မှု နည်းပါးသည်ကို တွေ့ရပါသည်။

ထိုသို့ အားပေးချီးမြှောက်မှု နည်းပါးခြင်းမှာလည်း အခြားသော အကြောင်းအရာများကြောင့်ကား မဟုတ်နိုင်ပေ။ ဘိက္ခုသံဃာအများစုသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာတော်သို့ ဝင်ရောက်လာကြခြင်း ဖြစ်ပေရာ ဝိသဘာဂ အာရုံဖြစ်သော မာတုဂါမတို့နှင့် ကင်းရှင်းနိုင်သမျှ ကင်းရှင်းအောင် နေလိုကြခြင်းပင် ဖြစ်ပေမည်။ ဘိက္ခုသံဃာတို့အနေဖြင့် မာတုဂါမတို့နှင့် ရောထွေးယှက်တင် တရင်းတနှီး ဆက်ဆံနေထိုင်ခြင်းကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ပေါ်ပေါက်လာမည်ကိုလည်း စိုးရိမ်တော်မူကြဟန် တူပါသည်။

မြတ်ဗုဒ္ဓကလည်း ရဟန်းတို့အား မာတုဂါမများနှင့် အရောတဝင် မနေကြရန်နှင့် ရောရောနှောနှော နေထိုင်ပါက သားနှင့်အမိပင် ဖြစ်စေကာမူ ဖောက်ပြန်ပြစ်မှားတတ်ကြောင်းကို သားရဟန်းနှင့် မှဆိုးမ မိခင် ရဟန်းမတို့ အတိုင်းအတာထက် ပိုလွန်၍ ရောရောနှောနှော နေထိုင်ခြင်းကြောင့် ဖောက်ပြန်လွန်ကျူးမိသည်အထိ ဖြစ်ခဲ့ရသည့် " သာဓက ပြ၍ ဟောကြားဆုံးမတော်မူသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်ကာနီးတွင် အရှင်အာနန္ဒာက ရဟန်းတို့အနေဖြင့် မာတုဂါမများနှင့် မည်သို့မည်ပုံ ဆက်ဆံရမည်ကို မေးလျှောက်သောအခါ မြတ်ဗုဒ္ဓက "ဖြစ်နိုင်လျှင် မာတုဂါမများနှင့် မတွေ့မမြင်ရာ အရပ်တွင် နေခြင်းသည် အကောင်းဆုံးပင်ဖြစ်၍ မလွှဲမရှောင်သာ တွေ့ဆုံရလျှင်လည်း စကားမပြောဘဲ နေရန်၊ မပြောမဖြစ်၍ ပြောရလျှင်လည်း အမိအရွယ် အမိ၊ နှမအရွယ်ကို

နှမ၊ သမီးအရွယ်ဖြစ်လျှင်လည်း သမီးရင်းခြာကဲ့သို့ သဘောထား၍ သတိတရားကြီးစွာဖြင့် ပြောဆိုဆက်ဆံရန်" လမ်းညွှန်ဆုံးမ တော်မူခဲ့သည်။

မာတုဂါမတို့သည် များသောအားဖြင့် အမျက်ကြီးခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊ တပ်မက်မှု ရာဂကြီးခြင်း၊ တစ်ဦးနှင့် တစ်ဦး အချစ်ပျက်အောင် ကုန်းတိုက်ခြင်း၊ မိမိလင်ယောကျ်ားကို လွန်၍ ယောကျ်ားတစ်ပါးနှင့် ဖောက်ပြန်တတ်ခြင်း ဟူသော အပြစ်ငါးမျိုး တို့နှင့် ရောပြွမ်းနေရကား အကျင့်မြတ် (ဗြဟ္မစရိယ) ကို ကျင့်သုံး လိုသူတို့အနေဖြင့် မာတုဂါမများနှင့် ကင်းကင်းရှင်းရှင်း နေရန် အလျှဉ်းသင့်သလို ရဟန်းတို့အား ဆုံးမ,သွန်သင်ခဲ့သည်။

ထို့ပြင် မာတုဂါမတို့မည်သည် မာရ်နတ်မင်း၏ ကျော့ကွင်း၊ ဘီလူး၊ မိကျောင်း တို့နှင့် တူပုံများကိုလည်း ဥပမာ အမျိုးမျိုးဆောင်၍ ဆုံးမတော်မူလေ့ရှိသည်။

တစ်ဖန် မာတုဂါမတို့နှင့် ဆက်ဆံမှုနှင့် ပတ်သက်၍ သိက္ခာပုဒ် များဖြင့်လည်း တင်းကြပ်စွာ ပညတ်တော်မူထားပြန်သည်။

ဤသို့သောအကြောင်းများကြောင့် ဘိက္ခုသံဃာတို့ အနေဖြင့် ဘိက္ခုနီများအပေါ် **အားပေးချီးမြှောက်မှု** နည်းပါး၍ ကင်းရှင်းနိုင်သမျှ ကင်းရှင်းအောင် **နေခဲ့ကြခြင်း** ဖြစ်ပေသည်။

ယင်းသို့ နေထိုင်ခဲ့ကြခြင်းသည် မြတ်ဗုဒ္ဓ သက်တော်ထင်ရှား ရှိတော်မူစဉ်က ထူးခြားမှု မရှိလှသော်လည်း မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက်ပိုင်းတွင်မူ ဘိက္ခုနီတို့အနေဖြင့် အားကိုးရာမဲ့ ဖြစ်ခဲ့ကြရသည်။ မြတ်ဗုဒ္ဓနှင့် အလားတူသည့် မဟာသာဝကကြီး တစ်ဆူ ဖြစ်တော်မူသော အရှင်မဟာကဿပ မထေရ်မြတ်နှင့် အဆက်ဆက်သော မထေရ်မြတ်တို့၏ အားပေးချီးမြှောက်မှုကို မခံယူကြရသဖြင့် ဘိက္ခုနီတို့သည် အားကိုးရာမဲ့ အခြေအနေမျိုးသို့

ကဖြည်းဖြည်း ရောက်ရှိလာခဲ့ကြရာမှ ဘိက္ခုနီသာသနာ စောလျင်စွာ ကွယ်ပျောက်ခဲ့ရခြင်း ဖြစ်ပေသည်။

## ၂။ ဘိက္ခုသံဃာသည် မိန်းမသားတို့၏ သာသနာ့ဝန်ထမ်း ရဟန်းမအဖြစ် ဝင်ရောက်လာမှုကို မလိုလားခြင်း

ဘိက္ခုသံဃာသည် ဖော်ပြပါ အကြောင်းအရာများကြောင့်ပင် ဘိက္ခုနီတို့အပေါ် အားပေးချီးမြှောက်မှု မပြုခဲ့ကြရုံသာမက မိန်းမသားများ သာသနာတော်အတွင်းသို့ ရဟန်းမအဖြစ် ဝင်ရောက်လာခြင်းကိုလည်း **မလိုလား** မနှစ်သက်မှုများ ရှိခဲ့ကြသည်။

### အရှင်အာနန္ဒာ အပြစ်တင်ခံရခြင်း

ပထမသင်္ဂါယနာတင်ပွဲကြီး ပြီးစီးသွားသောအခါတွင် သင်္ဂါယနာတင် ရဟန္တာမထေရ်ကြီးများသည် အရှင်အာနန္ဒာအပေါ် အချက်ငါးချက် ပြ၍ ဝေဖန်ပြစ်တင်မှု ပြုခဲ့ကြသည်။

(၁) မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး "အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အငယ်စား သိက္ခာပုဒ်များကို သံဃာသည် ဖြုတ်ပယ်လိုက ဖြုတ်ပယ်ကြလော့" ဟု မိန့်တော်မူရာ "မည်သည့် သိက္ခာပုဒ်များသည် အငယ်စား သိက္ခာပုဒ်များဖြစ်သည်" ဟု အရှင်အာနန္ဒာသည် ခွဲခြားမမေးမလျှောက်မိချေ။ ထိုသို့ မမေးမလျှောက်မိခြင်းသည် အရှင်အာနန္ဒာ၏ ပေါ့လျော့မှု၊ ချွတ်ယွင်းမှု ဖြစ်သည်ဟု အပြစ်တင်ကြလေသည်။ (အမှန်စင်စစ် အရှင်အာနန္ဒာသည် သိက္ခာပုဒ်များကို ပယ်ဖြုတ်ရန် လုံးဝမရည်ရွယ်သောကြောင့် "အဘယ်သိက္ခာပုဒ်သည် အငယ်စား ဖြစ်ပါသနည်း" ဟု မေးရန် မလိုသဖြင့် မမေးမလျှောက်

မိခြင်း ဖြစ်ပေသည်။)

(၂) တရံရောအခါ မြတ်ဗုဒ္ဓအတွက် မိုးရေခံ သင်္ကန်းချုပ်ကြရာတွင် အရှင်အာနန္ဒာသည် ထိုသင်္ကန်းစကို ခြေဖြင့်နင်းဖိ၍ ချုပ်၏။ ထိုသို့ မြတ်ဗုဒ္ဓ၏သင်္ကန်းကို ခြေဖြင့်နင်းခြင်းသည် မရိုသေရာရောက်သည်ဟု အပြစ်တင်ကြလေသည်။

(၃) ကုသိနာရုံပြည်၌ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူသောအခါ မြတ်ဗုဒ္ဓ၏ အလောင်းတော်ကို လာရောက်ဖူးမြော်သူများ အနက် အိမ်အပြန် မိုးမချုပ်စေရန်အတွက် အရှင်အာနန္ဒာသည် အမျိုးသမီးများအား ပထမဦးစွာ ဖူးမြော်ခွင့်ပေး၏။ ထိုအမျိုးသမီးများ၏ ငိုယိုမှုကြောင့် မြတ်ဗုဒ္ဓ၏ ရုပ်အလောင်းတော်ကို မျက်ရည်များဖြင့် ပေကျံခဲ့ရလေသည်။ ဤသို့ အမျိုးသမီးများအား ပထမဦးစွာ ရှိခိုးခွင့် ပြုသည့်အတွက်လည်း အရှင်အာနန္ဒာကို အပြစ်တင်ကြလေသည်။

(၄) မြတ်ဗုဒ္ဓသည် "အလိုတော်ရှိပါက အာယုကပ်ပတ်လုံး တည်နိုင်ကြောင်း" ကို မိန့်တော်မူပါလျက် "သတ္တဝါတို့ကို သနားသောအားဖြင့် အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား" ဟု မတောင်းပန်ခြင်း သည်လည်း အရှင်အာနန္ဒာ၏ ချွတ်ယွင်းချက်ဖြစ်သည်ဟု •အပြစ်တင်ကြသည်။

(၅) မြတ်ဗုဒ္ဓ၏ သာသနာတော်၌ မိန်းမသားများ ရဟန်းပြုခွင့်ရအောင် (ဘိက္ခုနီသာသနာ ပေါ်ထွန်းအောင်) ကြိုးစားအားထုတ်မှုအတွက်လည်း အရှင်အာနန္ဒာကို အပြစ်တင်တော်မူကြသည်။

အထက်ပါ အချက်ငါးချက်ကို သံဃာ့ဦးဆောင် ရဟန္တာမထေရ်ကြီးတို့ ကျေနပ်မှုရှိအောင် အရှင်အာနန္ဒာသည် မိမိချွတ်ယွင်း

ချက်ဖြစ်ကြောင်း ဝန်ခံရလေသည်။

ထိုအချက်ငါးချက်တွင် မိန်းမသားများကို သာသနာတော်၌ ရဟန်းပြုခွင့်ရအောင် ဆောင်ရွက်ခဲ့ခြင်းအတွက် သင်္ဂါယနာတင် ရဟန္တာမထေရ်ကြီးတို့က အရှင်အာနန္ဒာအပေါ် အပြစ်တင်ခဲ့ကြ သည်ကို ထောက်ဆလျှင် ဘိက္ခုသံဃာက မိန်းမသားများ သာသနာ တော်တွင်းသို့ ဝင်ရောက်ရဟန်းပြုခြင်းကို မလိုလား မနှစ်သက်ကြ သည်မှာ ထင်ရှားပါသည်။

ထိုသို့ မလိုလား မနှစ်သက်ရခြင်းမှာလည်း မနာလိုမှု (ဣဿာ)၊ ဝန်တိုမှု (မစ္ဆရိယ) စသောအကြောင်းများကြောင့်ကား မဟုတ်ပါချေ။ နောင်အခါတွင် သာသနာတော်၌ ပုထုဇဉ် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ ရောရောနှောနှော နေထိုင်ကြ၍ မလိုလားအပ်သော ဆိုးကျိုးများ ပေါ်ပေါက်လာမည်ကို စိုးရိမ်မကင်း ဖြစ်မိကြသော ကြောင့်သာ ဖြစ်ရာသည်။ ယင်းသို့ ဘိက္ခုသံဃာထု အနေဖြင့် ဘိက္ခုနီတို့အပေါ် လိုလိုလားလား မရှိခဲ့ကြခြင်းသည်ပင် ဘိက္ခုနီ သာသနာ စောလျင်စွာ ကွယ်ပျောက်ခဲ့ရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်ခဲ့ရပေသည်။

## ၃။ သင်္ဂါယနာတင်ပွဲကြီးများတွင် ဘိက္ခုနီများ ပါဝင်ခွင့်မရရှိခဲ့ခြင်း

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သုံးလအကြာတွင် ရာဇဂြိုဟ်ပြည်၌ အရှင်မဟာကဿပမထေရ် အမှူးရှိသော ရဟန္တာ မထေရ်မြတ် ငါးရာတို့ ပထမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပ ဆောင်ရွက်တော်မူခဲ့ကြသည်။

ထိုသို့ သင်္ဂါယနာတင်ပွဲကြီးကို ဆင်နွဲကျင်းပချိန်သည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး၍ သုံးလမျှသာ ကြာသေးသော အချိန်

ကာလ ဖြစ်သဖြင့် သာသနာတော်၌ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော မဟာသာဝကာ ရဟန္တာ မထေရ်မကြီးများ၊ တေဒဂ်ရ ရဟန္တာထေရီမများ ထင်ရှားပင် ရှိနေကြလေသည်။

ထိုသို့ ဆဠာဘိည၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီမများ ထင်ရှားရှိနေကြပါသော်လည်း သင်္ဂါယနာတင်မည့် ပုဂ္ဂိုလ်များကို ရွေးခြယ်စိစစ်ရာတွင် ဘိက္ခုနီမများကို ထည့်သွင်းစဉ်းစားတော်မူကြဟန် မတူချေ။ ဘိက္ခုသံဃာများထဲမှ ပိဋကတ်သုံးပုံဆောင် ဆဠာဘိည၊ ပဋိကသမ္ဘိဒါပတ္တရဟန္တာပုဂ္ဂိုလ်များကိုသာ ရွေးခြယ်၍ ဘိက္ခုသံဃာ သက်သက်ဖြင့်သာ ဓမ္မ၊ ဝိနယများကို သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာနှစ် ၁၀၀ – တွင် ဒုတိယသင်္ဂါယနာ၊ သာသနာ ၂၃၅–ခုနှစ်တွင် တတိယသင်္ဂါယနာ၊ သာသနာ ၄၅၀–ခုနှစ်တွင် စတုတ္ထသင်္ဂါယနာ တင်ပွဲကြီးများကို အရှင်မဟာယသ မထေရ်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၊ အရှင်မဟာဓမ္မ ရက္ခိတမထေရ်မြတ်တို့ ဦးဆောင်၍ ဆင်နွှဲပြုလုပ်ခဲ့ကြလေသည်။

ထိုသို့ ဒုတိယ၊ တတိယနှင့် စတုတ္ထသင်္ဂါယနာတင်ပွဲကြီးများကို ဆင်နွှဲပြုလုပ်ခဲ့ကြချိန်တို့တွင်လည်း သာသနာတော်၌ ဘိက္ခုနီများ ထင်ရှားရှိနေကြဆဲပင် ဖြစ်ပေသည်။ သို့သော် ထိုသင်္ဂါယနာ တင်ပွဲကြီးများတွင်လည်း ဘိက္ခုနီတို့ ပါဝင်ဆင်နွှဲခွင့် မရရှိခဲ့ကြချေ။ ဘိက္ခုသံဃာသက်သက်ဖြင့်ပင် ဓမ္မ၊ ဝိနယများကို ရွတ်ဖတ်သရဇ္ဈာယ်၍ သင်္ဂါယနာ တင်ခဲ့ကြလေသည်။

ယင်းသို့ စတုတ္ထသင်္ဂါယနာ တင်ချိန်အထိ ဘိက္ခုနီများ ထင်ရှားရှိနေကြပါလျက် သင်္ဂါယနာတင်ပွဲကြီးများတွင် ဘိက္ခုနီတို့ ပါဝင်ခွင့် မရရှိခဲ့ကြသည်ကို ထောက်ဆလျှင် ဘိက္ခုသံဃာတို့အနေဖြင့် ဘိက္ခုနီများကို အရေးပါသော သာသနာရေးကိစ္စများကို ဆောင်ရွက်

ရာ၌ မပါဝင်စေလိုသည်မှာ ထင်ရှားပါသည်။ တတိယသင်္ဂါယနာတင်ပွဲကြီးအပြီး၌ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခဲ့ရာတွင်လည်း ဘိက္ခုနီတို့ ပါဝင်သည်ကို မတွေ့ရချေ။

ထိုသို့ သာသနာ့သမိုင်းတွင် သင်္ဂါယနာတင်ပွဲကြီးများ၊ သာသနာပြု အဖွဲ့ဝင်များတွင် ဘိက္ခုနီတို့ ပါဝင်ခွင့် မရရှိခဲ့ခြင်း၊ အရေးပါ အရာရောက်သူများအဖြစ် အသိအမှတ် အပြုမခံရခြင်းတို့ကြောင့်ပင် ဘိက္ခုနီတို့၏ အခန်းကဏ္ဍများသည် တဖြည်းဖြည်း မှေးမှိန်လာကာ ဘိက္ခုနီသာသနာ စောလျင်စွာ ကွယ်ပျောက်ခဲ့ရခြင်း ဖြစ်ပေရာသည်။

## ၄။ လူ့ဒါယကာတို့၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း

ဘိက္ခုနီသာသနာ စောလျင်စွာ ကွယ်ပျောက်ရခြင်း၏ အကြောင်းတစ်ချက်မှာ လူ့ဒါယကာတို့၏ အားပေးချီးမြှောက်မှု နည်းပါးခြင်းပင် ဖြစ်သည်။ မိန်းမသားများသည် မြတ်ဗုဒ္ဓ ပွင့်တော်မမူမီ နှစ်ပေါင်းလေးထောင်ကျော်ကပင် ဗြဟ္မဏဝါဒ၏ လွှမ်းမိုးမှု အရှိန်အဝါအောက်တွင် တစ်လျှောက်လုံး အနှိမ်ခံခဲ့ကြရ၏။ လူမှု အခွင့်အရေးများကို ယောကျ်ားများနှင့် တန်းတူညီမျှ မရရှိခဲ့ကြချေ။ ယင်းသို့ ဘဝတစ်လျှောက်လုံး အနှိမ်ခံခဲ့ကြရသည့် မိန်းမသားများသည် မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူလာချိန်၌ အတန်ငယ် ခေါင်းထောင်လာနိုင်ခဲ့သည်။ မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိမ့်ကျသော မိန်းမသားတို့၏ ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲလာခဲ့၏။ ယောကျ်ားများနှင့်တန်းတူ သာသနာတော်၌ ရဟန်းပြုခွင့်တည်းဟူသော အခွင့်ထူးကြီးကိုပင် ရရှိခဲ့သည်။

သို့သော် နှစ်ပေါင်း ထောင်နှင့်ချီ၍ လွှမ်းမိုးခဲ့သော ဗြဟ္မဏဝါဒ အယူအဆ အငွေ့အသက်များကြောင့် ဒါယကာများအနေဖြင့်

မိန်းမသားများဖြစ်ကြသည့် ဘိက္ခုနီတို့အပေါ် အထင်မကြီးခဲ့ကြချေ။ ယင်းသို့ အထင်မကြီးကြခြင်းကြောင့်ပင် အားပေးချီးမြှောက်မှုလည်း နည်းပါးခဲ့ကြလေသည်။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓသည် မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီအရှင်မ ငါးရာတို့ ပရိနိဗ္ဗာန် ဝင်စံပါမည့်အကြောင်းကို လျှောက်ထားစဉ်က "မိထွေးတော်ဂေါတမီ လူမိုက်တို့သည် မိန်းမသားများ တရားထူးရကြသည်ဆိုရာ၌ ယုံမှားသံသယရှိကြသည်။ ထိုသူတို့၏ ယုံမှားသံသယ အယူအစွဲကို ပယ်ဖျောက်ရန် တန်ခိုးပြာဋိဟာ ပြခဲ့လော့" ဟု မိန့်ကြား၍ တန်ခိုးပြစေတော်မူခဲ့သည်။

ဘဝတူအမျိုးသမီးများကလည်း ဘိက္ခုနီတို့အပေါ် ချီးမြှောက်သင့်သလောက် ထိထိရောက်ရောက် ချီးမြှောက်အားပေးခဲ့ကြဟန်မတူချေ။

ဥဒါယီထေရ်က ဥပ္ပလဝဏ်ထေရီမထံမှ သင်းပိုင်ကို အလှူခံရာ၌ ဥပ္ပလဝဏ်ထေရီက "မိမိတို့ ဘိက္ခုနီများမှာ လာဘ်လာဘ နည်းပါးကြကြောင်း၊ ယခု ဝတ်နေသော သင်းပိုင်သည်ပင် နောက်ဆုံးသင်းပိုင်ဖြစ်၍ မလှူနိုင်ကြောင်း" လျှောက်ထားခဲ့သည်။ ယင်းသို့ ဥပ္ပလဝဏ်ထေရီမ၏ လျှောက်ထားချက်ကို ထောက်ဆလျှင် ဘိက္ခုနီတို့အား မိဘ ဆွေမျိုးသားချင်းများမှတစ်ပါး ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှု နည်းပါး၍ သက်န်းရှားပါးကြောင်း သိနိုင်ပေသည်။

ဥပ္ပလဝဏ် ထေရီမကဲ့သို့ တန်ခိုးအရာ ဧတဒဂ်ဘွဲ့ရ အဂ္ဂသာဝိကာ ရဟန္တာထေရီမမျိုးသော်မှ လာဘ်လာဘ နည်းပါး၍ သင်္ကန်းရှားပါး နေရသည်ဆိုလျှင် အခြားသော သာမန်ဘိက္ခုနီတို့ အနေဖြင့်မူ ဆိုဖွယ်ရာပင် မရှိပါချေ။

ဤသို့ လူဒါယကာတို့၏ အားပေးချီးမြှောက်မှု နည်းပါး၍

ပစ္စည်းလေးပါး ရှားပါးမှုကြောင့်လည်း ဘိက္ခုနီ သာသနာ စောလျင်စွာ ကွယ်ပျောက်ခဲ့ရခြင်း ဖြစ်ပေရာသည်။

## ၅။ သိက္ခာပုဒ်များ တင်းတင်းကြပ်ကြပ် ပညတ်ထားခြင်း

ဘိက္ခုနီသာသနာ စောလျင်စွာ ကွယ်ပျောက်ခဲ့ရခြင်း၏ အကြောင်းများတွင် သိက္ခာပုဒ်များ တင်းတင်းကြပ်ကြပ် ပညတ်ထားခြင်းလည်း ပါဝင်၏။ ဘိက္ခုနီတို့ လိုက်နာကျင့်သုံးရမည့် ဝိနည်းသိက္ခာပုဒ်များသည် ဘိက္ခုတို့၏ ဝိနည်းသိက္ခာပုဒ်ထက် အရေအတွက် ပိုမိုများပြား၏။ သိမ်မွေ့လည်း သိမ်မွေ့၏။ ဘိက္ခုတို့၏ ဝိနည်းသိက္ခာပုဒ်သည် အကျဉ်းအားဖြင့် ၂၂၇-သွယ်မျှသာ ရှိ၍ ဘိက္ခုနီတို့၏ သိက္ခာပုဒ်များကား ၃၁၁-ပါးအထိ ရှိသည်။

ထိုတွင် အချို့သော သိက္ခာပုဒ်ကြီးများသည် သဒ္ဓါ၊ ပညာ ခေါင်းပါးလာသော သာသနာနောက်ပိုင်းခေတ်များတွင် ထိန်းသိမ်းရန် ခက်ခဲလှပေသည်။ ပါရာဇိကကျနေသူ ဘိက္ခုနီမ၏ ဂုဏ်သိက္ခာကို ကာကွယ်သည့် အနေမျိုးဖြင့် အပြစ်ကို ဖုံးကွယ်ထိမ်ချန်ထားမှုကြောင့် ပါရာဇိက အာပတ်သင့်သော ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ် ' မိမိကို ချစ်ကြိုက်နေသော ယောကျ်ား၏လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိကလည်း ပြန်၍ ချစ်ကြိုက်နေပါလျက် လက်ခံစားသုံးမှုကြောင့် သံဃာဒိသေသ် အာပတ်သင့်သော အဝဿုတာဘုဉ္ဇန သိက္ခာပုဒ် ၊ ချစ်ကြိုက်နေသော ယောကျ်ား၏ လက်မှ ခဲဘွယ်ဘောဇဉ်ကို လက်ခံစားသုံးရန် တိုက်တွန်းမှုကြောင့် သံဃာဒိသေသ် အာပတ်သင့်သော ဥယျောဇိကာသိက္ခာပုဒ် စသည်တို့သည် အာပတ်သင့်ဖို့ရန် သိမ်မွေ့လှသဖြင့် သာမန်မိန်းမတို့ စောင့်ထိန်းရန် မလွယ်ကူလှပေ။

အချို့သော သိက္ခာပုဒ်များသည် ကျူးလွန်မှုခြင်း တူသော်လည်း ဘိက္ခုနီတို့၌ ပိုမိုကြီးလေးသော အာပတ်များ တပ်၍ တင်းတင်း

ကြပ်ကြပ် ပညတ်ထားသည်ကို တွေ့ရသည်။ ဖော်ပြပါ ပါရာဇိက ကျကနေသူ ဘိက္ခုနီမ၏ ဂုဏ်သိက္ခာကို ကာကွယ်လို၍ အပြစ်ကို ဖုံးကွယ်ထိမ်ချန်ထားရာ၌ ဘိက္ခုနီတို့အတွက် ပါရာဇိက အာပတ်ဖြင့် ပညတ်ထားသော်လည်း ဘိက္ခုတို့၌ကား ယင်းပြစ်မှုအတွက် ပါစိတ်အာပတ်မျှသာ ပညတ်ထားသည်။

ဘိက္ခုနီတို့၌ ယောကျ်ားက ညှပ်ရိုးနှစ်ဘက်အောက်၊ ဒူးဆစ်နှစ်ဘက် အထက်၊ တံတောင်ဆစ် အထက်၊ လက်မောင်းအတွင်း တစ်နေရာရာတွင် ကိုယ်လက်နှီးနှောမှု ပြုလာသည်ကို သာယာလျှင် ပါရာဇိက အာပတ်ဖြင့် ပညတ်ထားသော်လည်း ၊ ဘိက္ခုတို့၌ကား ယင်းပြစ်မှုအတွက် သံဃာဒိသေသ် အာပတ်မျှသာ ပညတ်ထား၏။ သို့ရာတွင် ဘိက္ခုတို့အနေဖြင့် မိမိက ကိုင်တွယ်သုံးသပ်မှု ပြုမှသာ အာပတ်သင့်၏။ မာတုဂါမက လာ၍ သုံးသပ်ရာ၌ ပြန်လည် လုံ့လမပြု၊ မလှုပ်မရှားဘဲ သာယာရုံမျှ သာယာနေလျှင် အာပတ်မျှပင် မသင့်ပေ။ ဤသို့ သိမ်မွေ့သော သိက္ခာပုဒ်များ၊ ကြီးလေးသော အာပတ်များဖြင့် တင်းတင်းကြပ်ကြပ် ပညတ်ထားသည်။

ထို့ပြင် ဘိက္ခုတို့သည် လူဝတ်လဲရုံမျှဖြင့် လူမဖြစ်၊ သိက္ခာချမှသာ လူဖြစ်နိုင်သည့်အထိ သိက္ခာခိုင်မြဲလှသော်လည်း ၊ ဘိက္ခုနီတို့မှာမူ လူထွက်လိုလျှင် သိက္ခာပင် ချနေရန် မလို၊ လူဝတ်လဲလိုက်သည်နှင့် တစ်ပြိုင်နက် သိက္ခာလည်း လျှော့ကျ၍ လူဖြစ်သွားလေတော့၏။ ဤမျှပင် ဘိက္ခုနီတို့၏ သိက္ခာပုဒ်များကား သိမ်မွေ့လှပေသည်။

တစ်ဖန် ရဟန်းယောကျ်ားတို့နှင့် ဝေးကွာသော ကျောင်း၌ ဝါမဆိုရ ၊ ရဟန်းယောကျ်ားများနှင့် တစ်မိုးတစ်ရုံတည်းသော ကျောင်း၌ အတူတကွ ညမအိပ်ရ ၊ ဆယ့်ငါးရက်တစ်ကြိမ် ဥပုသ် မေးခြင်း ၊ ဩဝါဒခံယူခြင်း ပြုရမည် စသည်ဖြင့် ပညတ်ထားသော

သိက္ခာပုဒ်များကြောင့် ဘိက္ခုနီတို့အနေဖြင့် ရဟန်း ယောကျ်ားများနှင့် ကင်းနေ၍လည်း မဖြစ်၊ အတူတကွ နေ၍လည်း မရသဖြင့် အဘက်ဘက်မှ အနေအထိုင် ကြပ်တည်းကျဉ်းမြောင်းလှပေသည်။

ဤသို့ သိက္ခာပုဒ်များကို တင်းတင်းကြပ်ကြပ် ပညတ်ထားသဖြင့် သာမာန်သဒ္ဓါတရားရှိသူတို့ အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ဖို့ရန် မလွယ်ကူလှပေ။ ဤသို့ဖြင့် သဒ္ဓါ၊ ပညာ ခေါင်းပါးလာသော သာသနာနောက်ပိုင်းခေတ်များတွင် ဘိက္ခုနီတို့ တစ်စတစ်စ နည်းပါးလာရာမှ သာသနာနှစ် တစ်ထောင်ခန့်တွင် ဘိက္ခုနီသာသနာ လုံးဝ ကွယ်ပျောက်ခဲ့ရလေသည်။

## ၆။ ခေတ်ဆိုးခေတ်ပျက်တို့နှင့် အကြိမ်ကြိမ် တွေ့ကြုံခဲ့ရခြင်း

မြတ်ဗုဒ္ဓ သာသနာတော်သည် တတိယသင်္ဂါယနာတင် အသောကမင်းကြီး လက်ထက်အထိ မဇ္ဈိမဒေသ (အိန္ဒိယနိုင်ငံ)တွင် နေ၊ လအသွင် စည်ပင်ပွင့်လင်းခဲ့၏။ မင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် မင်းခြောက်ဆက် တိုင်အောင်လည်း သာသနာတော် မညှိုးမနွမ်းဘဲ ပွင့်လင်းတည်တံ့ခဲ့သည်။

ခြောက်ဆက်မြောက်ဖြစ်သော ဝိဟာဒဌမင်းလက်ထက် သာသနာ ၃၀၁-ခုနှစ် (ဘီစီ- ၂၄၃) တွင် သုင်္ဂပုဏ္ဏမိတြ အမည်ရှိသော ဗြာဟ္မဏ ပုဏ္ဏားမျိုး စစ်သူကြီးသည် ဝိဟာဒဌမင်းကို သတ်ဖြတ်၍ နန်းရပ်ထီးဖြူကို လုယူခဲ့သည်။

ထိုမင်းသည် ဗြာဟ္မဏပုဏ္ဏားမျိုးနွယ် ဖြစ်သည့်အားလျော်စွာ မိမိကိုးကွယ်သော ဗြာဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေငြာခဲ့သည်။ ထို့နောက် ဗြာဟ္မဏဂါဒ၏ တစ်နံပါတ် ရန်သူဖြစ်သော ဗုဒ္ဓဘာသာကို နည်းမျိုးစုံဖြင့် ဖိနှိပ်တော့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များကိုလည်း မဇ္ဈိမဒေသမှ နှင်ထုတ်ခဲ့ကြသည်။ ထို့မှ့ဖြင့်

အားမရသေးဘဲ ဘုန်းကြီးခေါင်းတစ်လုံး ဖြတ်ယူဆက်သပါက ဆုတော်ငွေ ၁၀၀ဝိ ပေးမည်ဟုပင် ကြေငြာလေရာ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် မဂဓတိုင်း၊ ကောသလတိုင်း အစရှိသော မဇ္ဈိမဒေသဉ္ဇ မနေဝံ့တော့သဖြင့် တိုင်းစွန်ပြည်ဖျားသို့ ထွက်ပြေး ပုန်းရှောင်ကြရသည်။ ဤသို့ဖြင့် မြတ်ဗုဒ္ဓသာသနာတော်သည် မဇ္ဈိမဒေသ၏ ပြင်ပ အရပ်လေးမျက်နှာတို့၌ ပျံ့နှံ့ထွန်းကားခဲ့ရလေသည်။

တတိယသင်္ဂါယနာတင်ခေတ်နောက်ပိုင်းတွင် သာသနာတော် အပွင့်လင်းဆုံးဒေသမှာ သီဟိုဠ်ကျွန်းပင်ဖြစ်သည်။ သို့သော် ထိုသီဟိုဠ်ကျွန်းတွင်လည်း သာသနာနှစ် သုံးရာကျော်ခန့်မှစ၍ သီဟိုဠ်သာသနာဝင် တစ်ခေတ်လုံးလိုလိုပင် ဒမိဠ ခေါ် ကျေးကုလားတို့နှင့် သီဟိုဠ်ဘုရင်တို့ အကြိမ်ကြိမ် စစ်ခင်းခဲ့ကြသည်။ စဏ္ဍာလတိဿ သူပုန်ဘေး၊ ဗြာဟ္မဏတိဿ သူပုန်ဘေး ကဲ့သို့သော နှစ်ရှည်လများ သူပုန်ဘေးကြီးများကြောင့် တိုင်းပြည်ပျက်ပြားလုနီးပါး ကြုံခဲ့ရသည်။ မိုးလေဝသ မမှန်ကန်မှု၊ စစ်ဘေးစစ်ဒဏ်ကြောင့် အိုးအိမ်၊ လယ်ယာများကို စွန့်လွှတ်ထွက်ပြေးကြရမှုတို့ကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါဆိုးကြီးများ ကျရောက်ခြင်း စသော အန္တရာယ်ဆိုးကြီးများနှင့်လည်း ရင်ဆိုင်ခဲ့ကြရသည်။

ဤသို့ ခေတ်ဆိုးခေတ်ပျက်ကြီးများနှင့် အကြိမ်ကြိမ် တွေ့ကြုံရသဖြင့် ရဟန်းတော်များပင် သီဟိုဠ်ကျွန်းမှ စွန့်ခွာလာခဲ့ကြရပေရာ ဘိက္ခုနီတို့ အနေဖြင့်မူ ဆိုဖွယ်ရာပင် မရှိပါချေ။ အားကိုးအားထား မဲ့ကာ ကစဉ့်ကလျား ပြေးလွှားတိမ်းရှောင်ကြရသဖြင့် ပျောက်ကွယ် လုနီးပါး အခြေအနေမျိုးသို့ ရောက်ခဲ့ကြရသည်။ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ငြိမ်းအေးပြီး၍ စတုတ္ထ သင်္ဂါယနာတင်ခေတ်

နောက်ပိုင်းတွင်လည်း ဘိက္ခုနီသာသနာသည် ပြန်လည်ထွန်းသစ်ပွင့်လင်းနိုင်ခွင့် မရှိခဲ့ချေ။ တစ်စထက်တစ်စ အင်အားနည်းပါး၍ အဆက်အနွယ် မပြတ်ဆဲရုံသာ တည်တံ့နိုင်ခဲ့သည်။ ဤသို့ဖြင့် ဘိက္ခုနီသာသနာသည် သာသနာနှစ် တစ်ထောင်ကျော်ခန့်တွင် လုံးဝကုန်ဆုံး ကွယ်ပျောက်ခဲ့လေသည်။

## ၇။ သဒ္ဓါ၊ ပညာ နည်းပါးခြင်း

ဘိက္ခုနီ သာသနာ စောလျင်စွာ ကုန်ဆုံးကွယ်ပျောက်ရခြင်း၏ အကြောင်းအရာများတွင် မိန်းမသားတို့၏ သဒ္ဓါ၊ ပညာ နည်းပါးမှုသည်လည်း အဓိက အကြောင်းတစ်ရပ်အနေဖြင့် ပါဝင်ပေသည်။

မြတ်ဗုဒ္ဓလက်ထက်တော်အခါက သဒ္ဓါတရား ကြီးမားထက်သန်သောအရာတွင် ဧတဒဂ်ဘွဲ့ထူး ဆွတ်ခူးနိုင်ခဲ့သည့် သိင်္ဂါလကမာတာထေရီနှင့် ဉာဏ်ပညာကြီးကျယ်သောအရာတွင် ဧတဒဂ်ဘွဲ့ထူး ဆွတ်ခူးရယူနိုင်ခဲ့သော ခေမာထေရီတို့ကဲ့သို့သော ပါရမီရှင်ဘိက္ခုနီထေရီတို့ များစွာပင် ပေါ်ထွန်းခဲ့ပေသည်။

ထိုသို့ သဒ္ဓါ၊ ပညာ ကြီးမားထက်သန်သူ ပါရမီရှင်ထေရီများပေါ်ထွန်းခဲ့ဖူးသည်မှာ မှန်သော်လည်း မိန်းမသား အများစုတို့သည် စစ်မှန်သော သဒ္ဓါတရားနှင့် အရာရာတွင် စူးစမ်းဆင်ခြင်နိုင်သည့် ဉာဏ်အမြော်အမြင် နည်းပါးကြလေသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာက အမျိုးသမီးများကို သာသနာတော်၌ ဘိက္ခုနီပြုခွင့် ပေးပါမည့်အကြောင်း တောင်းပန်လျှောက်ထားရာတွင် "အမျိုးသမီးများသည် အစစ်အမှန် သဒ္ဓါတရား နည်းပါးကြ၏။ , သဒ္ဓါအစစ် ဖြစ်ပြန်ပါကလည်း မတည်မြဲလှ၊ အပြောင်းအလဲ မြန်တတ်၏။ ထို့ပြင် အရာရာတွင် စူးစမ်းဆင်ခြင်နိုင်သည့် ဉာဏ်ပညာလည်း နည်ပါးကြ၏။ တစ်ကြိမ်တစခါ

တောင်းပန်ရုံမျှဖြင့် ဘိက္ခုနီအဖြစ်ကို ခွင့်ပြုခဲ့သော် ငါဘုရား၏ အဆုံးအမကို ရိုသေလေးမြတ်စွာ ခံယူကြလိမ့်မည် မဟုတ်” ဟု ဆင်ခြင်တော်မူ၍ သုံးကြိမ်သုံးခါတိုင်တိုင် ပယ်မြစ်တော်မူပြီးမှသာ ခွင့်ပြုတော်မူခဲ့သည်။ ယင်းသို့ ခွင့်ပြုတော်မူရာတွင်လည်း အဆုံးအမကို လေးလေးစားစား ခံယူလိုက်နာစေရန် ဂရုဓမ္မရှစ်ပါးကို ပညတ်ချက် ထားတော်မူပြီးမှသာ ခွင့်ပြုတော်မူခဲ့လေသည်။

ထိုသို့ ခွင့်ပြုတော်မူခြင်းမှာလည်း အဓိကအားဖြင့် ကမ္ဘာ တစ်သိန်းထက်က ဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင်ခဲ့ကြ၍ အရဟတ္တဖိုလ်ဉာဏ်ကို ရဖို့ရန် ဥပနိဿယရှိသူ ပါရမီရှင် အမျိုး သမီးများအတွက် လမ်းဖွင့်ပေးတော်မူခြင်းသာ ဖြစ်ပေသည်။ ထိုသို့ ပါရမီရှင် အမျိုးသမီးများ သာသနာတော်သို့ ဝင်ရောက်လာခြင်း ကြောင့်လည်း ထူးထူးထွေထွေ ပြဿနာများ ပေါ်ပေါက် မလာခဲ့ချေ။ သို့သော် နောက်ပိုင်း ကာလများတွင် သဒ္ဓါပညာ နည်းပါးသူ အမျိုးသမီးများလည်း အကြောင်းအမျိုးမျိုးတို့ကြောင့် သာသနာတော် သို့ ဝင်ရောက်လာခဲ့ကြလေရာ သာသနာ့ဂုဏ်ရောင် မှေးမှိန်၍ ဒါယကာ၊ ဒါယိကာမတို့ ကြည်ညိုသဒ္ဓါ ပျက်ပြားစေ နိုင်သည့် အမှုကိစ္စများလည်း ပေါ်ပေါက်လာခဲ့ရသည်။ သို့ဖြစ်၍ သိက္ခာပုဒ် သုံးရာကျော်အထိ တင်းတင်းကြပ်ကြပ် ပညတ်တော်မူခဲ့ရပေသည်။

သာသနာတော်နောက်ပိုင်းခေတ်များတွင် အမျိုးသမီးများသည် တင်းကြပ်စွာ ပညတ်ထားသည့် သိက္ခာပုဒ်များကို ထိန်းသိမ်း စောင့်ရှောက်နိုင်သည့် သဒ္ဓါစွမ်းအား၊ စူးစမ်းဆင်ခြင်နိုင်သည့် ပညာစွမ်းအားများ ပိုမိုလျော့ပါးလာခဲ့ကြသည်။ ဤသို့ဖြင့် ဘိက္ခုနီ သာသနာတော် တဖြည်းဖြည်း အားနည်းဆုတ်ယုတ်လာခဲ့ရာမှ စောလျင်စွာ ကုန်ဆုံးပျောက်ကွယ်ခဲ့ရလေသည်။

## ၈။ ပရိဗိုဇ် ရဟန်းမ အသွင်ဖြင့် အစားထိုးလိုက်ခြင်း

ဘိက္ခုနီသာသနာ စောလျင်စွာ ကုန်ဆုံးပျောက်ကွယ်ရခြင်း၏ နောက်ဆုံးတွေ့ရှိရသော အကြောင်းတစ်ချက်မှာ ပရိဗိုဇ်ရဟန်းမ အသွင်ဖြင့် သာသနာတော်တွင်းသို့ ဝင်ရောက်အစားထိုးလိုက်ခြင်း ပင် ဖြစ်သည်။

ထိုပရိဗိုဇ်ဟူသော ဝေါဟာရမှာ ပရိဗ္ဗာဇက၊ ပရိဗ္ဗာဇိကာ ဟူသော ပါဠိကို မြန်မာမှု ပြုထားသည့် ပါဠိသက် ဝေါဟာရဖြစ်သည်။ လူ့ဘောင်ကို စွန့်ခွာ၍ (သာသနာပ) ရဟန်းအသွင်ဖြင့် သွားလာ ကျင့်ကြံနေထိုင်သူဟု အဓိပ္ပါယ်ရသည်။

ထိုပရိဗိုဇ်ရဟန်းများသည် မြတ်ဗုဒ္ဓ ပွင့်တော်မမူမီ ရှေးပဝေသဏီ ကပင် ရှိခဲ့ကြသည်။ ငါးရာငါးဆယ် ဇာတ်နိပါတ်တော်များတွင် လူ့ဘောင်လောကကို ငြီးငွေ့၍ တောထွက်လာခဲ့ကြသော အလောင်း တော်တို့တွင် အချို့မှာ ရသေ့လုပ်၍၊ အချို့မှာ ပရိဗိုဇ်ရဟန်း ပြုလုပ်ကြသည်။ အမျိုးသမီးများလည်း ရသေ့မ၊ ပရိဗိုဇ် ရဟန်းမ ပြုလုပ်၍ တရားကျင့်သုံးကြသည်ကို တွေ့ရသည်။

## ရသေ့နှင့် ပရိဗိုဇ်

ရသေ့နှင့် ပရိဗိုဇ်တို့သည် တောထွက်၍ နှစ်သက်ရာ တရားမွေကို ကျင့်သုံးကြခြင်း တူညီကြသော်လည်း အဝတ်အဆင် အသွင်အပြင်ခြင်းကား မတူညီကြပေ။

ရသေ့တို့သည် ဆံပင်ကို မရိတ်ဘဲ ဆံကျစ်ထုံး၍ လျှော်တေ အဝတ်၊ သစ်ခေါက်ဆိုး အဝတ် (အညိုရောင်) တို့ကို ဝတ်ဆင်ကြ၏။ များသောအားဖြင့် တော၊တောင်တို့၌ နေထိုင်ကာ သစ်သီး၊ သစ်ဥ စသည်တို့ကို ရှာဖွေစားသောက်ကြ၍ ဈာန်တရားများကို ရရှိရန် အတွက် သမထကမ္မဋ္ဌာန်းများကို စွမ်းစွမ်းတမံ အားထုတ်ကြသည်ကို

ဓာတ်တော်များတွင် တွေ့ရပေသည်။

ပရိဗိုဇ်တို့ကား ဆံပင်ကို ရိတ်ပယ်ကြ၏။ ထိုသို့ ဆံပင်ကို ရိတ်ပယ်ရာတွင်လည်း ဓား၊ သင်တုန်းတို့ဖြင့် ရိတ်ပယ်ခြင်းထက် ဆင်းရဲနာကျင်စွာ ထန်းစေ့ဖြင့် ညှပ်၍ နှုတ်ပယ်ခြင်းကို အလေး အမြတ်ထား၍ ပြုလုပ်လေ့ရှိကြသည်။

ပရိဗိုဇ်တို့သည် သမထကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ခြင်း ထက် အယူဝါဒ ပညာရပ်များကို သင်ကြား၍ မြို့ရွာများသို့ လှည့်လည်နေကြသည်က များ၏။ အချင်းချင်းသော်လည်းကောင်း၊ အခြားသောဂိုဏ်းဂဏများနှင့် သော်လည်းကောင်း ဝါဒပြိုင်ပွဲများ ပြုလုပ်၍ ပညာရည် စမ်းသပ်ကြသည်မှာလည်း ထုံးစံတစ်ခုပင် ဖြစ်ပေသည်။

## ပရိဗိုဇ်နှစ်မျိုး

ထိုပရိဗိုဇ်တို့သည် အမျိုးအစားပေါင်းများစွာ ရှိကြသော်လည်း အမျိုးတူရာ စုပေါင်း၍ ခွဲခြားလိုက်လျှင်–

(၁)အစေလကပရိဗိုဇ် = အဝတ်မဝတ်သော ပရိဗိုဇ်

(၂) ဆန္နပရိဗိုဇ် = အဝတ်ဝတ်သော ပရိဗိုဇ် ဟူ၍

နှစ်မျိုးနှစ်စားရှိသည်။

ထိုတွင် ဆန္နပရိဗိုဇ်သည် သာသနာတွင်းရှိ ရဟန်းတော်များ၏ သင်္ကန်းနှင့်အရောင်တူ၊ အသွေးတူ ဖန်ရည်ဆိုးဝတ်သော ပရိဗိုဇ်၊ ဆံပင်များ၊ ငှက်မွေးများကို ရက်လုပ်၍ဝတ်သော ပရိဗိုဇ်၊ သစ်ခေါက် တို့ကို စီ၍ဝတ်သော ပရိဗိုဇ် စသည်ဖြင့် အမျိုးပေါင်း များစွာရှိသည်။ ပရိဗိုဇ်တို့သည် ရဟန်းတော်များ၏ သင်္ကန်းနှင့် အရောင်တူ ဖန်ရည် ဆိုးဝတ်ကြောင်းကို ကယဝိက္ကယသိက္ခာပုဒ်၌ ရှင်ဥပနန္ဒနှင့် ပရိဗိုဇ် ရဟန်းတို့ သင်္ကန်းချင်း လဲလှယ်ဝတ်ရုံကြသည်ကိုလည်းကောင်း ၊

ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်၌ ရဟန်းတို့၏ သင်္ကန်းနှင့် ပရိဗိုဇ်များ၏သင်္ကန်း အရောင်တူ၊ အသွေးတူ ဖြစ်နေသဖြင့် ရဟန်းတို့သည် မိမိတို့ သင်္ကန်းများကို မမှတ်မိကြသည်ကိုလည်းကောင်း ထောက်ဆ၍ သိနိုင်ပေသည်။

ထိုဆန္နပရိဗိုဇ် အမျိုးအစားတို့တွင် အဝတ်ဖြူဝတ်သော ပဏ္ဍရင်္ဂပရိဗိုဇ်များလည်း ပါဝင်သည်။ ထိုပဏ္ဍရင်္ဂပရိဗိုဇ်တို့သည် ဖန်ရည်ဆိုးဝတ်သော ပရိဗိုဇ်များထက်ပင် ရှေးကျဟန်တူပါသည်။

သာရတ္ထသင်္ဂဟအဋ္ဌကထာ၊ ပဥ္စအန္တရာနကထာ၌ အဝတ်ဖြူဝတ် ပဏ္ဍရင်္ဂပရိဗိုဇ်များသည် ကဿပဘုရားရှင် သာသနာ ကုန်ဆုံးချိန်မှ စတင် ပေါ်ပေါက်လာခဲ့ကြ၍ ယခုခေတ်တိုင်အောင် အစဉ်အဆက် မပြတ်ဆဲဘဲ တည်ရှိခဲ့ကြသည်ဟု ဆိုပါသည်။

ထိုပဏ္ဍရင်္ဂပရိဗိုဇ်တို့သည် ဂေါတမဘုရားရှင် လက်ထက်တော်အခါ၌လည်းကောင်း၊ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်ပိုင်းကာလများ၌လည်းကောင်း သာသနာတော်တွင်း ရဟန်းတော်များနှင့် စင်ပြိုင်တည်ရှိခဲ့ကြသည်။ ၎င်းတို့၌ မဂ်ဖိုလ် ရကြောင်း တရားများ မရှိကြသော်လည်း လူပြိန်းကြိုက် အယူဝါဒများ ရှိကြ၏။ ထို့ကြောင့် ဘုရားရှင်လက်ထက်တော်အခါကပင် ပျောက်ကွယ်မသွားခဲ့သော ပရိဗိုဇ်တို့သည် သာသနာတော် နောက်ပိုင်းခေတ်များတွင် ပိုမိုတိုးတက် အားကောင်းလာခဲ့ကြဟန်ရှိပါသည်။

အသောကမင်းကြီး၏ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားများနှင့် ပုဏ္ဏားမျိုးနွယ် ပါသဏ္ဍအယူရှိသော အဝတ်ဖြူဝတ် ပရိဗိုဇ် ခြောက်သောင်းတို့အား နိစ္စဘတ်ဆွမ်းအလှူကို နေ့စဉ် လှူဒါန်းခဲ့ကြောင်း ပါရာဇိကကဏ် အဋ္ဌကထာ၌ ဖော်ပြချက်ကို ထောက်ဆလျှင် ၎င်းတို့၏ အင်အားကို သိရှိနိုင်ပေသည်။

ဤသို့ဖြင့် ပရိဗိုဇ်တို့သည် သာသနာတော်နှင့် စင်ပြိုင်တည်ရှိ

လာခဲ့ကြလေရာ သာသနာနှစ်တစ်ထောင်ခန့်တွင် ဘိက္ခုနီသာသနာ သည် ပျောက်ကွယ်လုနီးပါး အားနည်းမှေးမှိန်လာခဲ့၏။ ထိုအချိန်တွင် လူ့ဘောင်လောကကို ငြီးငွေ့၍ ဘဝငြိမ်းချမ်းရေးကို ရှာမှီးလိုကြသော အမျိုးသမီးများသည် သဒ္ဓါ၊ ပညာ နည်းပါးကြသည့်အလျောက် ကြပ်တည်းခဲယဉ်းသော ဘိက္ခုနီအဖြစ်ထက် ချောင်ချိလွယ်ကူသော ပဏ္ဍုရင် ပရိဗိုဇ် ခေါ် အဝတ်ဖြူဝတ် ပရိဗိုဇ် ရဟန်းမအသွင်ဖြင့် သာသနာတော်အရိပ်အောက်သို့ ဝင်ရောက်ခိုလှုံ၍ တရားဓမ္မများကို ကျင့်သုံးခဲ့ကြသည်။

သို့ရာတွင် ၎င်းတို့ကို ဘိက္ခုနီတို့ကဲ့သို့ စနစ်တကျ သိမ်ဝင်၍ ရဟန်းခံလာခဲ့ကြသူများ မဟုတ်သဖြင့် ဘိက္ခုနီဟု မခေါ်နိုင်သကဲ့သို့၊ မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်သော တရားဓမ္မများကိုသာ လက်ခံကျင့်သုံးကြသူများဖြစ်သဖြင့် သာသနာတော်မှ တပါးသော အယူရှိသူ (အညတိတ္ထိယပရိဗ္ဗာဇိကာ) ၊များဟူ၍လည်း မခေါ်ဆိုနိုင်ပေ။ သာသနာနွယ်ဝင် ပရိဗိုဇ်မများ၊ဟူ၍ပင် ခေါ်ဆိုရမည်ဖြစ်ပါသည်။

ထိုသို့ သာသနာတော်တွင်းသို့ အဝတ်ဖြူဝတ် ပဏ္ဍုရင် ပရိဗိုဇ်မများအသွင်ဖြင့် အစားထိုး ဝင်ရောက်လိုက်ခြင်းသည်ပင် ဘိက္ခုနီသာသနာ အဆုံးသတ် ကွယ်ပျောက်ခဲ့ရခြင်း၏ အကြောင်းရင်း တစ်ရပ်ဖြစ်ပေသည်။ ထိုသာသနာနွယ်ဝင် ပဏ္ဍုရင်ပရိဗိုဇ်မများသည် ယခုခေတ် သီလရှင်များ၏ အမွန်အစ မူလဖြစ်သည်ဟု သုတေသီ တို့ကလည်း ယူဆကြပါသည်။

အထက်ဖော်ပြပါ အချက် (၈)ချက်တို့ကြောင့်ပင် ဘိက္ခုနီ သာသနာသည် သာသနာနှစ် တစ်ထောင်ကျော် (အေဒီ-၄၅၆) ခန့်တွင် အနွယ်အဆက် ပြတ်တောက်၍ ကုန်ဆုံးပျောက်ကွယ်ခဲ့ရခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

## ဘိက္ခုနီနှင့် သီလရှင်

ဘိက္ခုနီသာသနာသည် သာသနာနှစ်တစ်ထောင်ကျော် (အေဒီ- ၄၅၆)ခန့်တွင် ကုန်ဆုံးပျောက်ကွယ်ခဲ့ရသည်ဟု ယူဆရကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ ဘိက္ခုနီသာသနာ ကုန်ဆုံးကွယ်ပျောက်ချိန်တွင် အမျိုးသမီးများသည် အဝတ်ဖြူဝတ် ပဉ္စာရင် ပရိဗိုဇ်မ အသွင်ဖြင့် သာသနာတော်တွင်းသို့ အစားထိုး ဝင်ရောက်လာခဲ့ကြောင်းနှင့် ယခုခေတ် တွေ့မြင်နေကြရသော သီလရှင်များသည် ထိုသာသနာ နွယ်ဝင် ပဉ္စာရင် ပရိဗိုဇ်မများမှ ဆင်းသက် ဆက်နွယ်လာသည့် အနွယ်အဆက်များ ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့သော် အချို့သော သုတေသီတို့ကမူ ယခုခေတ် သီလရှင် များသည် ဘိက္ခုနီတို့မှ ဆင်းသက်လာသည့် အနွယ်အဆက်များ ဖြစ်သည်ဟု ယူဆပြောဆိုလျက် ရှိကြသည်။ စင်စစ်အားဖြင့် ဘိက္ခုနီနှင့် သီလရှင်သည် အနွယ်အဆက်အားဖြင့်လည်းကောင်း၊ အကျင့်သီလ အားဖြင့်လည်းကောင်း၊ ဝတ်စားဆင်ယင်ပုံ အားဖြင့် လည်းကောင်း မတူညီဘဲ ကွဲပြားခြားနားခဲ့လေသည်။

## အနွယ်အဆက် မတူညီပုံ

ဘိက္ခုနီဟူသည်မှာ ရဟန်းယောကျ်ားများကဲ့သို့ပင် သာသနာ တော်တွင်းသို့ ဝင်ရောက်လာခဲ့သည့် အမျိုးသမီး ရဟန်းမများကို ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုရဟန်းမတို့သည်-

(၁) ဂရုဓမ်တရားရှစ်ပါး ဝန်ခံစေခြင်းဖြင့် ဖြစ်သောရဟန်း (ဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ)

(၂) တမန်ဖြင့် စေလွှတ်ခံယူစေခြင်းဖြင့် ဖြစ်သော ရဟန်း (ဒူတေနူပသမ္ပဒါ)

(၃) ဘိက္ခုနီသံဃာ့ထံတွင် ဥတ်ကမ္မဝါစာ လေးကြိမ်၊ ဘိက္ခုသံဃာထံတွင် ဥတ်ကမ္မဝါစာ လေးကြိမ်၊ ဤသို့ ဥတ်ကမ္မဝါစာ ရှစ်ကြိမ်တို့ဖြင့် ဖြစ်သော ရဟန်း (အဋ္ဌဝါစိကူပသမ္ပဒါ)

(၄) ဘိက္ခုသံဃာ့ထံ၌သာ ဥတ်လျှင် လေးကြိမ်မြောက်သော ကမ္မဝါစာဖြင့် ဖြစ်သော ရဟန်း (ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ)

ဟူ၍ ရဟန်းဖြစ်ပုံ အခြင်းအရာအားဖြင့် လေးမျိုးရှိသည်။

ထိုတွင် အမှတ် (၁) အမျိုးအစားဖြစ်သော ရဟန်းတစ်မျိုးတည်းကိုသာ သိမ်ဝင်၍ ကမ္မဝါစာ ဖတ်စရာ မလိုဘဲ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့သည်။ ထိုရဟန်းအဖြစ်မျိုးကိုလည်း ဘိက္ခုနီ သာသနာတစ်လျှောက်လုံးတွင် မိထွေးတော်ဂေါတမီ တစ်ဦးတည်းသာ ရရှိခဲ့သည်။ ကျန်ဘိက္ခုနီအားလုံးတို့မှာ သိမ်ဝင်၍ ဥတ်ကမ္မဝါစာ ဖတ်ပြီးမှသာ ရဟန်းအဖြစ်ကို ရရှိကြလေသည်။

သို့ဖြစ်၍ မိထွေးတော်ဂေါတမီနှင့်တကွ ဘိက္ခုနီ သာသနာတစ်ခေတ်လုံးရှိ ဘိက္ခုနီအားလုံးတို့မှာ ဂရုဓံတရားရှစ်ပါးကို ဝန်ခံခြင်း၊ ဥတ်ကမ္မာဝါစာ ရွတ်ဖတ်ခြင်းဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိလာကြသော "ဥပသမ္ပဒပဗ္ဗဇ္ဇ" အနွယ်အဆက်များ ဖြစ်သည်ဟု မှတ်ရပါမည်။

သီလရှင်တို့ကား ဘိက္ခုနီတို့၏ အနွယ်အဆက်များ မဟုတ်ကြဘဲ သာသနာတော်နှင့် စင်ပြိုင်ပေါ်ထွန်းခဲ့သည့် ပဏ္ဍရင် ပရိဗိုဇ်ခေါ် "ပရိဗ္ဗာဇကပဗ္ဗဇ္ဇ(ပရိဗိုဇ်ရဟန်း)" အနွယ်အဆက်များ ဖြစ်ကြသည်။ ထိုပရိဗ္ဗာဇကပဗ္ဗဇ္ဇ (ပရိဗိုဇ်ရဟန်း) အနွယ်ဝင် သီလရှင်တို့သည် ဘိက္ခုနီတို့ကဲ့သို့ သိမ်ဝင်၍ ကမ္မဝါစာ ရွတ်ဖတ်ရန်လည်း မလို၊ သာမဏေရီတို့ကဲ့သို့ သရဏဂုံသုံးပါးကို ဆရာတပည့် နှစ်ဦးနှစ်ဘက် ပီပီသသ စနစ်တကျ (ဥဘတောသုဒ္ဓိ) ဖြစ်အောင် ရွတ်ဆိုဆောက်တည်

ရန်လည်း မလိုအပ်ဘဲ လူဒါယိကာ၊ ဒါယိကာမတို့က သရဏဂုံသီလ ဆောက်တည်ကြသကဲ့သို့ သရဏဂုံ သီလ ဆောက်တည်ကာမျှဖြင့်ပင် "ပရိဗ္ဗာဇကပဗ္ဗဇ္ဇ "ခေါ် သီလရှင်အဖြစ်ကို ခံယူခဲ့ကြခြင်း ဖြစ်ပေသည်။

ဤသို့ ဘိက္ခုနီ နှင့် သီလရှင်တို့သည် အနွယ်အဆက်အားဖြင့် ဆင်းသက်ဆက်နွယ်ပုံချင်း မတူညီကြဘဲ ကွဲပြားခြားနားချက်ရှိသည်ကို တွေ့ရပေသည်။

## အကျင့်သီလ မတူညီပုံ

ဘိက္ခုနီနှင့် သီလရှင်တို့သည် အနွယ်အဆက် မတူညီကြသကဲ့သို့ အကျင့်သီလခြင်းလည်း မတူညီကြပေ။ အထက်ဖော်ပြပါ အခြင်းအရာ လေးမျိုးဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိလာခဲ့ကြသော ဘိက္ခုနီအားလုံးတို့သည် စတုပါရိသုဒ္ဓိသီလခေါ် လေးပါးသောသီလကို စောင့်ထိန်းကြရလေသည်။ ယင်းတို့မှာ–

(၁) ပါတိမောက္ခသံဝရသီလ=ပါတိမောက်လာ သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း၊

(၂) ဣန္ဒြိယသံဝရသီလ=စက္ခုစသော ဣန္ဒြေငါးပါးကို စောင့်ထိန်းခြင်း၊

(၃) အာဇီဝပါရိသုဒ္ဓိသီလ=အသက်မွေးဝမ်းကြောင်း စင်ကြယ်ခြင်း၊

(၄) ပစ္စယသန္နိဿိတသီလ=စင်ကြယ်သော ပစ္စည်းလေးပါးကိုသာ မှီဝဲသုံးဆောင်ခြင်း တို့ဖြစ်သည်။

ထိုတွင် ပါတိမောက္ခသံဝရသီလ ဟူသည်မှာ "ဘိက္ခုနီတို့၏ ဝိနည်းကျင့်ဝတ်အခန်း"၌ ဖော်ပြခဲ့သော ၃၁၁–ပါးသော သိက္ခာပုဒ်များပင် ဖြစ်ပါသည်။ ဘိက္ခုနီတို့သည် ထို ၃၁၁–ပါးသော သိက္ခာများအပြင် မဟာဝါ၊ စူဠဝါ စသည်တို့၌ လာရှိသော ဘိက္ခုနီတို့နှင့် သက်ဆိုင်သမျှ သိက္ခာပုဒ်များကိုလည်း လိုက်နာကျင့်သုံး

ကြရမည်ဖြစ်ပါသည်။

သီလရှင်တို့ကား "ပရိဗ္ဗာဇကပဗ္ဗဇ္ဇ" အနွယ်အဆက်များ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ ပဗ္ဗဇ္ဇအနွယ်၌ ပါဝင်နေကြသဖြင့် သီလရှင်တို့ စောင့်ထိန်းရမည့် သီလမှာလည်း ပဗ္ဗဇိတသီလသာလျှင် ဖြစ်သင့်ပေသည်။

## သီလနှစ်မျိုး

ဤ၌ သီလသည် ဆောက်တည်သောပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် နှစ်မျိုးရှိပါသည်။ ယင်းတို့မှာ–

(၁) ဂဟဋ္ဌသီလ=အိမ်ရာတည်ထောင် လူဝတ်ကြောင်မှန်သမျှ စောင့်ထိန်းအပ်သောသီလ

(၂) ပဗ္ဗဇိတသီလ=အိမ်ရာမထောင်သောရဟန်း၊ သာမဏေ၊ ရသေ့၊ ပရိဗိုဇ် နှင့်သီလရှင်တို့ စောင့်ထိန်းအပ်သောသီလ တို့ဖြစ်ပါသည်။ ထိုတွင် ဂဟဋ္ဌသီလ ဟူသည်မှာ ဂရုဓမ္မသီလ ခေါ် ငါးပါးသီလပင် ဖြစ်သည်။ ထိုငါးပါးသီလကို လူဝတ်ကြောင်များ ခါးဝတ်ပုဆိုးကဲ့သို့ အမြဲမပြတ် စောင့်ထိန်းရမည်ဖြစ်ပါသည်။ စွမ်းနိုင်ပါက ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကိုလည်း အခွင့်သင့်သလို ဆောက်တည်နိုင်ကြောင်း ဝိသုဒ္ဓိမဂ်၌ လာရှိပါသည်။

ပဗ္ဗဇိတသီလကား အနည်းဆုံး ဆယ်ပါးသီလမှစ၍ စတုပါရိသုဒ္ဓိသီလအထိ အလုံးစုံသောသီလများပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ပဗ္ဗဇ္ဇအနွယ်ဝင်များ ဖြစ်ကြသော ရသေ့၊ ပရိဗိုဇ်နှင့်သီလရှင်တို့သည် သာမဏေတို့ကဲ့သို့ ဆယ်ပါးသီလကို အမြဲနိစ္စ ဆောက်တည်သင့်ပါသည်။

သာသနာနွယ်ဝင် ပရိဗိုဇ်အသွင်ဖြင့် အမျိုးသမီးများ ဆယ်ပါး

သီလကို ဆောက်တည်ကျင့်သုံးခဲ့သည့် သာဓက တစ်ရပ် ရှိပါသည်။ တတိယသင်္ဂါယနာတင်ခေတ် ကိုးတိုင်းကိုးဌာန သာသနာပြု အစီအစဉ်အရ အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူစဉ်က အနုဠာဒေဝီနှင့် နန်းတွင်းသူ အမျိုးသမီး တစ်ထောင်တို့ ဘိက္ခုနီပြုရန် သဃမိတ္တာ ထေရီကို စောင့်ဆိုင်းနေကြစဉ် ဆံပင်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်များကို ဝတ်ရုံဆင်မြန်းကာ ပရိဗိုဇ်အသွင်ဖြင့် ဆယ်ပါးသီလကို ဆောက်တည် ကျင့်သုံးနေခဲ့ကြကြောင်း ပါရာဇိကဏ်အဋ္ဌကထာ၌ လာရှိပါသည်။

သို့သော် ယခုအခါ၌ သီလရှင်များသည် များသောအားဖြင့် ဥပေါသထသီလခေါ် ရှစ်ပါးသီလကိုသာ အမြဲနိစ္စ ဆောက်တည်လေ့ရှိကြပါသည်။ ဤသို့ ဘိက္ခုနီနှင့်သီလရှင်တို့သည် အကျင့်သီလခြင်းလည်း မတူညီကြသည်ကို တွေ့ရပါသည်။

## ဝတ်စားဆင်ယင်ပုံခြင်း မတူညီကြပုံ

ဘိက္ခုနီနှင့် သီလရှင်တို့သည် အနွယ်အဆက် ၊ အကျင့်သီလတို့သာ မတူကြသည်မဟုတ်၊ ဝတ်စားဆင်ယင်ပုံချင်းလည်း မတူညီကြပေ။ ဘိက္ခုနီတို့သည် ရဟန်းယောကျ်ားတို့ကဲ့သို့ သင်းပိုင် (ခါးဝတ်သင်္ကန်း)၊ ဧကသီ (ကိုယ်ရုံသင်္ကန်း)၊ ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး)နှင့် ဘိက္ခုနီတို့အတွက် သီးခြား ခွင့်ပြုအပ်သော ရေသနုပ်သင်္ကန်း၊ ရင်လွှမ်းတဘက်ခေါ် ရင်လွှမ်းသင်္ကန်းဟူသော သင်္ကန်းငါးထည်တို့ကို အမြဲဆောင်၍ ဝတ်ရုံသုံးဆောင်ကြရသည်။ ထို့ပြင် ဥဏ္ဏာနီသင်္ကန်း ၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပုဝါ၊ ပရိက္ခရာစောဠ (ပိတ်တိုဖျင်စ ရေစစ်စသည်)၊ အမာလွှမ်းသင်္ကန်းတို့ကိုလည်း အခါအားလျော်စွာ လိုအပ်သလို သုံးဆောင်ခွင့်ရှိကြသည်။ သို့ဖြစ်၍ ဘိက္ခုနီတို့၏ ဝတ်စားဆင်ယင်ပုံမှာ ယခုခေတ် တွေ့မြင်နေကြရသော

ရဟန်းတော်များ၏ ဝတ်စားဆင်ယင်ပုံနှင့် အတူတူပင်ဖြစ်ပေသည်။

သီလရှင်တို့ကား အဝတ်ဖြူဝတ် ပဏ္ဍုရင်္ဂပရိဗိုဇ်အနွယ်မှ ဆင်းသက်ဆက်နွယ်၍ ဗုဒ္ဓသာသနာတော်အရိပ်အောက်သို့ ဝင်ရောက်ခိုလှုံခဲ့ကြသူများ ဖြစ်သည့်အားလျော်စွာ အဝတ်ဖြူများကို ဝတ်ရုံခဲ့ကြသည်။

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရား လက်ထက်တိုင်အောင် အဝတ်ဖြူများကိုသာ ဝတ်ရုံခဲ့ကြကြောင်းကို ကုန်းဘောင် မင်းတရားကြီးက မောင်းထောင်သာသနာပိုင် ဆရာတော်အား မေးလျှောက်သဖြင့် ဖြေကြားသော အမေးတော်ဖြေကျမ်းလာ အောက်ပါစကားရပ်များဖြင့် သိနိုင်ပါသည်။

"ဒကာတော် အတွင်းဝန် လျှောက်ပါသည် ဆရာတော်ဘုရား– တောင်လေးလုံး ဆရာတော့်နမ ပေါက်ဖော် ဆွေသားမျိုးသား သီတင်းသုံးတို့မှာ အဝတ်နီ သစ်ခေါက်ဆိုး ဝတ်သည်။ အခြား သီတင်းသုံးများမှာ အဖြူသက်သက် ဝတ်သည်များသည်။ အဝတ်နီ သစ်ခေါက်ဆိုးပင် သင့်သည်။ ဝတ်ဖြူပင်သင့်သည်များကို ပါဠိအဋ္ဌကထာကျမ်းဂန် မည်သို့ရှိသည် သိသာအောင် ဆရာတော် မှာလျှောက်၊ ဘုရားမိန့်တော်မြတ်ကို ဦးထိပ်တင်ဆင် ရွက်ပါရသည့် အတိုင်း မဟာဒါန်ဝန်ကို လျှောက်ထားလှာစေပါသည်။ မည်သို့ ကျမ်းဂန်ရှိသည်ကို သိတော်မူသာအောင် စာသွင်းတော်မူပါ ဆရာတော်ဘုရား။ သက္ကရာဇ် ၁၁၄၈–ခု၊ တော်သလင်းလဆန်း ၄–ရက်နေ့ လျှောက်လှာသည်တွင် အမိန့်ရှိလိုက်သည်ကား– သီတင်းသုံးတို့ ဝတ်နီသစ်ခေါက်ဆိုးနှင့် ဝတ်နေသည်၊ ဝတ်ဖြူနှင့် ဝတ်နေသည်၊ နှစ်ထွေနှစ်ရပ် ရှိသည်တွင် ဝတ်နီသစ်ခေါက်ဆိုးနှင့် ဝတ်နေသော အရာသည် ဤကမ္ဘာမှ

၉၂–ကမ္ဘာထက် ဖုဿဘုရား ပွင့်တော်မူသည့်အခါ ဥရုဝေလကဿပ၊ ဂယာကဿပ၊ နဒီကဿပ မထေရ်သုံးပါးတို့ အလောင်းမင်းသား ညီနောင် ၃–ဦးတို့သည် ဖန်ရည်စွန်းသော အဝတ်အစားနှင့် ဒဿသီလ ဆောက်တည်၍ သုံးလပတ်လုံး ဘုရားကျောင်းတော်တွင်ပင် သီတင်းသုံးနေကြကုန်သည်ဟူ၍ ဓမ္မပဒအဋ္ဌကထာ ဆယ်ကြောင်း ပေ (ဓ) အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သည်ဖြစ်၍ သင့်တင့်သည်ပင်ဖြစ်သည်။ ဝတ်ဖြူသည့် ဝတ်နေအရာ သည်လည်း ကဿပဘုရားသခင် သာသနာတော်မှစ၍ ရှိသည်ဟူ၍ သာရတ္ထသင်္ဂဟ ရှစ်ကြောင်းပေ (ခေ) အင်္ဂါတွင် လာရှိသည်နှင့် ညီညွတ်သင့်တင့်သည်ပင်ဖြစ်သည်။”

ဤသို့ သစ်ခေါက်ဆိုးနှင့် ဝတ်ဖြူပြဿနာသည် ဘုရင့်ထံသို့ ရောက်ရှိရုံသာမက သာသနာပိုင် ကိုယ်တိုင် အဆုံးအဖြတ်ပေးရသည်အထိ ကျယ်ပြန့်သွားခဲ့ရသည်ကို ထောက်လျှင် ထိုစဉ်က သီတင်းသုံးခေါ် သီလရှင်များသည် အဝတ်ဖြူကိုသာ အစဉ်အမြဲ ဝတ်ရုံကြ၍ သစ်ခေါက်ဆိုးရောင်မှာ ထိုခေတ်မှပင် စတင်ဝတ်ရုံကြသည်ကို သိနိုင်ပါသည်။ ထို့ပြင်ကုန်းဘောင်ခေတ်တွင် “သီလရှင်” ဟူသော ဝေါဟာရ တွင်ကျယ်နေသော်လည်း အင်းဝခေတ်သုံး “သီတင်းသုံး” ဟူသော ဝေါဟာရ မပျောက်သေးဘဲ သုံးစွဲလျက်ပင် ရှိသေးသည်ကိုလည်း တွေ့ရပါသည်။

ထို့နောက် မင်းသုံးဆက် ကျော်လွန်၍ မင်းတုန်းမင်း လက်ထက်၌လည်း သီလရှင်များသည် အဝတ်ဖြူများကိုသာ ဝတ်ဆင်လျက်ပင် ရှိကြောင်း အောက်ပါ စာချိုးအရ သိရပါသည်။

မင်းတုန်းမင်းလက်ထက်တွင် ထင်ရှားလှသော ဗန်းမော်ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးတော်မူ၏။

ဗန်းမော်ဆရာတော်သည် ထိုအချိန်က ထင်ရှားသော သီလရှင် ဆရာကင်းနှင့် အတိုက်အခံ စာချိုးဖက်ဖြစ်၏။ တစ်ခါတွင် ဗန်းမော်ဆရာတော်သည် မိမိသီတင်းသုံးရာ ချောင်မှ ဝါးချက်သို့ ကြွလေရာ ဇရပ်တစ်ဆောင်ပေါ်တွင် နေသော သီလရှင်ကို မြင်၍ ဤသို့ စာချိုးလေသည်။

"မကျွမ်းတဲ့မကျင်၊
ဇရပ်ပေါ် ကြက်ဖြူမ (မယ်သီလ)ကို၊
ခွန်းစလိုက်ချင်။
အသွေးငယ်ယဉ်၊
အသွင်ကပျော့ပျောင်း။
သူ့ဝတ်လေ၊ ဖြူဆွတ်ကယ်လျှော်တေပ၊
တောင်ခြေမှာ ကျင့်တရားငယ်နှင့်၊
ဖွားသီလကျောင်း။"

ဗန်းမော်ဆရာတော်၏ ဤလင်္ကာ စာချိုးကလေးသည် ထိုခေတ်က သီလရှင်တို့၏ ဝတ်စားဆင်ယင်မှုကို ပုံဖော်ထား၏။ သီလရှင်၏ ဖြူဆွတ်သောအသွင်ကို "ကြက်ဖြူမ" ဟု ဆိုထားပြီး ပိုမိုထင်ရှားစေရန် "သူ့ဝတ်လေ၊ ဖြူဆွတ်ကယ်လျှော်တေပ" ဟု ဆက်လက်ပုံဖော်ထား၏။ ထိုစာချိုးဖြင့်ပင် ထိုခေတ်သီလရှင်များ၏ အဝတ်ဖြူ ဝတ်ဆင်ကြသည်ကို ထင်ရှားစေပါသည်။

သီလရှင်တို့သည် မင်းတုန်းမင်း လက်ထက်သာမက သားတော် သီပေါမင်း လက်ထက်တိုင်အောင်ပင် အဝတ်ဖြူကို ဝတ်ဆင်ခဲ့ကြသည်။ ထိုအကြောင်းကို သီပေါမင်း လက်ထက်တွင် သံချိုဆရာကြီး ဦးကျော်လှ ရေးသော "ဦးသူတော်" အမည်ရှိ သံချိုကဗျာဖြင့် သိနိုင်ပါသည်။ ၎င်းသံချိုကဗျာ အဆုံးသတ်တွင်–

"ကျပ်တစ်လုံးငယ်နှင့်၊ ရပ်သုံးဆယ်နဂရုံက၊ အတန်တန်

ဆန်ခံလို့ရတော့၊ သီလာရင် ဖြူဖြူလာတက်ကဲ့သို့၊ ဇရပ်မှာ
အကြံပြုပါလို့၊ အဝတ်ဖြူ ဗွတ်ယူလို့ လုသည့်နှယ်၊ အရွယ်တူ
မယ်သူ မညျုရစ်ပါနှင့် ဖိုးသူကဖြဲ"

ဟူ၍ စပ်ဆိုရေးသားထားပါသည်။ ထိုသံချိုကဗျာတွင် "သီလရင်ဖြူဖြူလာတက်" ဟူ၍လည်းကောင်း၊ အဝတ်ဖြူ ဗွတ်ယူလို့ လုသည့်နှယ်" ဟူ၍လည်ကောင်း သီလရှင်များ အဝတ်ဖြူ ဝတ်ဆင်ကြသည်ကို ထင်ရှားအောင် ပုံဖော်ထားပါသည်။

ထိုခေတ်နောက်ပိုင်းတွင်မူ သစ်ခေါက်ဆိုး ဝတ်ဆင်မှုက ပိုမိုများပြားလာခဲ့သည်။ သို့သော် အပေါ်ရုံများကိုသာ သစ်ခေါက်၊ မြေနီမှုန့် စသည်တို့ဖြင့် ဆိုး၍ ဝတ်ရုံကြပြီးလျှင် အင်္ကျီကိုမူ အဖြူရောင်သက်သက်ပင် ဝတ်ဆင်ကြသည်ဟု ဆိုပါသည်။

ထိုအကြောင်းနှင့်စပ်၍ သစ်ဆိမ့်ပင်ချောင် နာယကဆရာကြီး ဒေါ်ဝဏ္ဏာ၏ ပြောပြချက်မှာ "စစ်ကိုင်းတောင်ရိုးတွင် ၁၂၅၇ ခုနှစ်မှ ၁၂၈၁ ခုနှစ် အထိ သီတင်းသုံးတော်မူသော မဟာဂန္ဓာရုံ ဆရာတော်ကြီးထံသို့ သီလရှင်များသွား၍ ကန်တော့ကြသောအခါတွင် ဆရာတော်ကြီးက သီလရှင်တို့၏ အင်္ကျီဖြူကို ကြည့်ပြီး "နင်တို့လက်က လူထွက်နေတယ် (လူဝတ်နှင့် တူနေသည်ဟု ဆိုလိုသည်) အပေါ်ရုံနှင့် အရောင်တူပါစေ" ဟု မိန့်တော်မူ၏။ ထိုအခါမှစ၍ တစ်စတစ်စ အင်္ကျီအဖြူ ပျောက်သွားခဲ့သည်" ဟူ၍ ဖြစ်ပါသည်။

ထိုအချက်ကို ထောက်ဆ၍ မြန်မာနိုင်ငံ၌ သီလရှင်များ အဖြူရောင် ဝတ်ဆင်မှု လုံးဝ ပျောက်ကွယ်သွားသည်မှာ နှစ်ပေါင်း ခုနစ်ဆယ်ကျော်မျှသာ ရှိသေးကြောင်းသိရပါသည်။

မြန်မာနိုင်ငံနှင့် ထေရဝါဒ ဗုဒ္ဓသာသနာချင်းတူသော ကမ္ဘောဒီးယားနှင့် လောနိုင်ငံတို့တွင် ထေရဝါဒ ဗုဒ္ဓဘာသာဝင် သီလရှင်များသည် ယခုတိုင် အဖြူရောင် အဝတ်အရုံများကို

ဝတ်ဆင်လျက်ရှိပြီး ရှစ်ပါးသီလကိုပင် အမြဲနိစ္စ ဆောက်တည်ကြသည်ဟု ဆိုပါသည်။

## မျက်မှောက်ခေတ် မြန်မာသီလရှင်တို့၏ ဝတ်စားဆင်ယင်ပုံ

မျက်မှောက်ခေတ် မြန်မာနိုင်ငံရှိသီးလရှင်တို့သည် ခါးဝတ်ကိုယ်ရုံ စသည်တို့ကို အရောင်ဆိုး၍ ဝတ်ရုံကြသည်။ ထိုသို့ အရောင်ဆိုးရာတွင် ခါးဝတ် (ထမီ) ကို အဝါရောင် ရင့်ရင့်ဆိုး၍ ကိုယ်ရုံနှင့် ကိုက်ရှည်အင်္ကျီများကို စကားရောင် ဆိုးကြသည်။ ပခုံးတင်ကိုမူ ပင်နီစ သို့မဟုတ် အုန်းခွံရောင်များကို ဆိုး၍ ဝတ်ရုံကြသည်ကို တွေ့ရသည်။ သီလရှင်တို့၏ အဝတ်အစား အပြည့်အစုံမှာ–

၁။ ဂိုက်တို (ချွေးခံ)
၂။ အင်္ကျီ
၃။ ကိုက်ရှည်
၄။ ကိုယ်ရုံ
၅။ ခါးဝတ် (ထမီ)
၆။ ပခုံးတင်ပင်နီ – ဟူ၍ ခြောက်မျိုးရှိသည်။

ထိုတွင် (၁) ဂိုက်တို (ချွေးခံ)မှာ ပိတ်တစ်တောင်နှင့်တစ်မိုက်၊ (၂) အင်္ကျီမှာ နှစ်တောင့်ထွာ၊ (၃) ကိုက်ရှည်မှာ နှစ်တောင်သုံးမိုက် (၄) ကိုယ်ရုံမှာ ငါးတောင်ထွာ (၅) ခါးဝတ် (ထမီ)မှာ ငါးတောင် အသီးသီး ချုပ်ကြသည်။ (၆) ပခုံးတင်မှာ ခြောက်တောင် ရှိ၏။ ၎င်းပခုံးတင်ကို အခါခပ်သိမ်း မသုံးစွဲဘဲ ခရီးသွားလာသည့်အခါများ၌သာ ပခုံးပေါ်တင်၍ သွားကြလေသည်။ ခါးဝတ်ကို ပိတ်ထူထူ သုံး၍ ကိုယ်ရုံ၊ ကိုက်ရှည် စသည်တို့ကိုမူ ပဒုမ္မာအထူစား သို့မဟုတ် ပိတ်ခပ်ပါးပါးကို အများအားဖြင့် အသုံးပြုကြသည်။

ဂါသိ ဘိက္ခုနီနှင့်သီလရှင်တို့ ဝတ်စားဆင်ယင်ပုံချင်းလည်း

မတူညီကြသည်ကို တွေ့ရပါသည်။

ဘိက္ခုနီသာသနာသည် အကြောင်းအမျိုးမျိုးတို့ကြောင့် ကုန်ဆုံးကွယ်ပျောက်သွားခဲ့သည့် နောက်ပိုင်းတွင် လူ့ဘောင်လောကကို ငြီးငွေ့စက်ဆုပ်ကြသော အမျိုးသမီးများသည် ဘဝလွတ်ငြိမ်းချမ်းသာမှု ထွက်ပေါက်တစ်ခု အနေဖြင့် ထိုအချိန်တွင် ထင်ရှားနေသည့် ပဏ္ဍုရင်္ဂပရိဗိုဇ်အသွင်ကိုယူ၍ ပရိဗ္ဗာဇကပဗ္ဗဇ္ဇခေါ် သီလရှင်အဖြစ်ဖြင့် သာသနာတော်ရိပ်သို့ ဝင်ရောက်ခိုလှုံခဲ့ကြခြင်းဖြစ်ပေရာ ဘိက္ခုနီတို့နှင့် အနွယ်အဆက်၊ အကျင့်သီလ၊ ဝတ်စားဆင်ယင်ပုံချင်း ကွဲပြားခြားနား ခဲ့ကြလေသည်။

## မျက်မှောက်ခေတ်နှင့် ဘိက္ခုနီပြဿနာ

မြတ်ဗုဒ္ဓသည် ဘိက္ခုနီသာသနာကို ဝါတော်ငါးဝါအရ မဟာ သက္ကရာဇ် ၁၀၇–ခုနှစ် (ဘီစီ–၅၈၅)တွင် စတင်ခွင့်ပြုတော်မူခဲ့သည်။ ထိုအချိန်က မိထွေးတော်ဂေါတမီ အမှူးရှိသော သာကီဝင် မင်းသမီး ဘိက္ခုနီထေရီမများနှင့် အဂ္ဂသာဝိကာများ ဖြစ်ကြသော ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ စသော ထေရီမတို့၏ စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် ဘိက္ခုနီ သာသနာသည် တိုတောင်းလှသော အချိန်ကာလအတွင်းမှာပင် ထောင်ပေါင်းများစွာသော ဘိက္ခုနီ ထေရီမတို့ဖြင့် စည်ပင်ပွင့်လင်းလာခဲ့လေသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့် နောက်ပိုင်း ကာလ များတွင်လည်း ထေရီမ အဆက်ဆက်တို့၏ ကြိုးပမ်းဆောင်ရွက်မှု တို့ကြောင့် ဘိက္ခုနီ သာသနာသည် သင်္ဂါယနာ သုံးတန်ကာလ တိုင်အောင် အရှိန်အဟုန်မပျက် စည်ပင်ပွင့်လင်းခဲ့သည်။

ထိုသို့ မြတ်ဗုဒ္ဓလက်ထက်နှင့် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင် တော်မူပြီးနောက် သင်္ဂါယနာ သုံးတန်ကာလ တိုင်အောင် စည်ပင် ပွင့်လင်းခဲ့သော ဘိက္ခုနီ သာသနာသည် စတုတ္ထသင်္ဂါယနာတင်

ခေတ်နှောက်ပိုင်းတွင် ဖော်ပြခဲ့သော အကြောင်းအမျိုးမျိုးတို့ကြောင့် တစ်စတစ်စ အားနည်းမှေးမှိန်လာခဲ့ရာမှ သာသနာ နှစ် တစ်ထောင် ကျော်ခန့်တွင် လုံးဝ အဆက်ပြတ်တောက်၍ ကုန်ဆုံးကွယ်ပျောက်ခဲ့ လေသည်။

ယင်းသို့ ဘိက္ခုနီသာသနာ ကုန်ဆုံးကွယ်ပျောက်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၁၅၃၆) တစ်ထောင့် ငါးရာသုံးဆယ်ခြောက်နှစ် ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုမျှ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း မြတ်ဗုဒ္ဓ လက်ထက်တော်က ဘိက္ခုနီ ထေရီမတို့၏ ပညာအရာ၊ တန်ခိုးအရာ စသည်တို့၌ ဧတဒဂ် ဘွဲ့ထူးများကို ဆွတ်ခူး ရယူ နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့မှုများသည် သာသနာ့သမိုင်းတွင် မှတ်တမ်းတင်၍ ကျန်ရစ်ခဲ့ပေသည်။

နှောင်လာနောက်သား အမျိုးသမီးများအနေဖြင့်လည်း "ငါတို့ မိန်းမသားများသည် မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ရဟန်း ယောကျ်ားများကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းမ ပြုလုပ်ကြ၍ ဤမျှအထိ စွမ်းဆောင်နိုင်ခဲ့ပေသည်တကား" ဟု အောက်မေ့တသ အမှတ်ရလျက် ဂုဏ်ယူအားကျဖွယ် ကောင်းလှပါသည်။

ယင်းသို့ မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘိက္ခုနီတို့၏ စွမ်းဆောင်နိုင်ခဲ့မှုများကို အောက်မေ့တသ အားကျ၍ ပါရမီ ဖြည့်ဆည်းလိုသော အမျိုးသမီးများ၊ ပါရမီဆုတောင်း ရှိခဲ့ဖူးသော အမျိုးသမီးများအနေဖြင့် အနွယ်အဆက် ပြတ်တောက်၍ ကုန်ဆုံး ကွယ်ပျောက်ခဲ့ပြီဖြစ်သော ဘိက္ခုနီအဖြစ်ကို ပြန်လည်ရရှိနိုင်ရေးအတွက် မျက်မှောက်ခေတ် ကျမ်းပြုမထေရ်အချို့က စေတနာကောင်းဖြင့် လမ်းစဖော်ထုတ်၍ ရေးသားတင်ပြခဲ့ကြပါသည်။

မျက်မှောက်ခေတ်၌ ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းနိုင်ရေး အတွက် ဦးတည်ချက်ဖြင့် လမ်းစဖော်ထုတ်၍ ပထမဆုံး ရေးသား

ဖော်ပြခဲ့သော ပုဂ္ဂိုလ်မှာ ဆရာတော် အရှင်အာဒိစ္စဝံသ ပင်ဖြစ်ပါသည်။ ဆရာတော်သည် ဘာသာရေးဆိုင်ရာကျမ်းပေါင်း ၄၀၀ ကျော်ကို ရေးသားခဲ့သည့် ကျမ်းပြုပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်သည်။ ၁၂၉၇-ခုနှစ်တွင် "ဘိက္ခုနီ သာသနော ပဒေသကျမ်း" ဟူသော အမည်ဖြင့် ကျမ်းစာတစ်စောင်ကို ရေးသားထုတ်ဝေလျက် ရဟန်းရှင်လူ ပညာရှင်တို့၏ သဘောထားကို ခံယူခဲ့သည်။ ကျမ်းပြုဆရာတော်၏ အဓိက ရည်ရွယ်ချက်မှာ-

၁။ မျက်မှောက်ခေတ်၌ ဘိက္ခုနီများ ဖြစ်ပေါ်သင့်သေး၍ ဘိက္ခုနီ သာသနာ ပြန်လည်ထွန်းသစ် ပွင့်လင်းစေလိုခြင်း

၂။ မြတ်ဗုဒ္ဓ သာသနာတော်သည် နှစ်ပေါင်း ငါးထောင်မျှ သာမက လုံ့လဝီရိယရှိနေသမျှ အစွန့်ရှည်ကြာတည်တံ့နိုင်ကြောင်းကို ဗုဒ္ဓဘာသာဝင်အားလုံးတို့ ပြတ်ပြတ်သားသား သဘောပေါက် နားလည်စေလိုခြင်းတို့ပင် ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ကျမ်းပြုဆရာတော်က မြတ်ဗုဒ္ဓ၏ အယူဝါဒနှင့် ပတ်သက်၍ မိမိသဘောထားနှင့် ထင်မြင်ယူဆချက်များကို ရဲရင့်ပြတ်သားစွာ တင်ပြခဲ့လေသည်။ တင်ပြပုံမှာ-

"ကျွန်ုပ်တို့ ဘုရားရှင်သော်မှလည်း ကမ္ဘာသားအားလုံးတို့ကို ကျေကျေနပ်နပ် အကျိုးရချည်းဖြစ်အောင် ဆောင်ရွက်တော်မမူနိုင်၊ အချို့သူတို့အား ကဲ့ရဲ့ရှုတ်ချ အခဲမွှ စွဲယူစေ၍ အပါယ်သို့ လားစေခဲ့ရသည်။

ကျွန်ုပ်တို့ကား ယခုလက်ရှိ ဗုဒ္ဓဘာသာ အယူကိုပင် စေန်မှန်လှပြီဟု အခိုင်အမြဲ မစွဲနိုင်သေးကုန်။ ဟုတ်ချင်မှ ဟုတ်မှာပဲ-ဟု နှလုံးနှစ်ခွ သံသယနှင့် အယူမှန် ရရန် ရှာဖွေလျက် ဖြစ်ပါကုန်၏။ ထိုထို ကမ္ဘာလောကရှိ ဘာသာဝါဒများကိုလည်း ဉာဏ်နည်းအတိုင်းပင် ကြည့်ရှု

စုံစမ်းခဲ့လျက် လက်ရှိ ဗုဒ္ဓဘာသာအယူကို မဖျက်နိုင်သေး၍သာ ဤအယူ၌ တည်မြဲနေကြရကုန်သေးသည်။ ထို့ကြောင့် ဤအရာ၌ အယူမှန်ကို ညွှန်ပြနိုင်သူအား ကျွန်ုပ်တို့က တပည့်ခံရန်၊ နောက်လိုက်အခစားဖြစ်ရန် ပြင်ဆင်ပြီး ဖြစ်ပါကုန်၏"

ဟူ၍ ဖြစ်ပါသည်။ ထိုတင်ပြချက်များကြောင့်ပင် ရဟန်းလောကနှင့် လူ့လောကမှာပါ အုတ်အုတ်ကျက်ကျက်ဖြစ်၍ ကန့်ကွက်မှုများ၊ ဝေဖန်မှုများ ပေါ်ထွက်လာခဲ့လေသည်။ နောက်ဆုံးတွင် ကျမ်းပြုဆရာတော်အား ပကာသနိယကံ ပြုသည့်အထိပြဿနာ ကြီးထွားကျယ်ပြန့်သွားခဲ့သည်။ ဤမျှအထိ ပြဿနာကြီးထွား ကျယ်ပြန့်သွားခဲ့ရခြင်းမှာ ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းရေးအတွက် လမ်းစဖော်ထုတ်ရေးသားမှုသက်သက်ကြောင့်ကား မဟုတ်ပါချေ။ ကျမ်းပြုဆရာတော်၏ အထက်ပါသဘောထား တင်ပြချက်များကြောင့်သာ ဖြစ်သည်ဟုယူဆပါသည်။ သို့သော် အမျိုးသမီးများ သာသနာတော်တွင်းသို့ ဘိက္ခုနီအဖြစ် ပြန်လည် ဝင်ရောက်လာရေးကိုမူ ရဟန်းသံဃာထု တစ်ရပ်လုံးက မလိုလား၊ မနှစ်သက်သည့် သဘောထားများကိုကား ထင်ထင်ရှားရှား ပြသခဲ့ကြလေသည်။

ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းလာရေးအတွက် နောက်ထပ် တစ်ဖန် လမ်းစ ဖော်ထုတ်ရေးသား တင်ပြခဲ့သည့်ပုဂ္ဂိုလ်မှာ မူလ မင်းကွန်ဇေတဝန် ဆရာတော်ဖြစ်ပါသည်။ ဆရာတော်သည် ၁၃၁၁-ခုနှစ်တွင် "မိလိန္ဒပဉှာ အဋ္ဌကထာကျမ်း" ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုကျမ်း "မိလိန္ဒပဉှာကဏ္ဍ" ၌ မျက်မှောက်ခေတ်၌ အမျိုးသမီးများ ဘိက္ခုနီအဖြစ်ကို ပြန်လည်ရရှိနိုင်သေးကြောင်းကို စောဒနာ၊ သောဓနာတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြခဲ့ပါသည်။ ထိုစဉ်ကလည်း ဘိက္ခုနီပြဿနာနှင့် ပတ်သက်၍

အငြင်းပွားကာ ထိုကျမ်းစာကို သိမ်းဆည်းထားရသည့်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထိုဖြစ်ရပ်များကို ထောက်ဆလျှင် ဘိက္ခုနီ သာသနာ ပြန်လည်ပေါ်ထွန်းလာရေးကို ရဟန်းသံဃာထု တစ်ရပ်လုံးက မလိုလား၊ မနှစ်သက်ကြသည်မှာ ထင်ရှားပါသည်။

အထက်ဖော်ပြပါ ကျမ်းပြုဆရာတော်တို့၏ မျက်မှောက်ခေတ်၌ ဘိက္ခုနီအဖြစ်ကို ရရှိနိုင်သေးကြောင်း တင်ပြချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"မြတ်ဗုဒ္ဓသည် မိထွေးတော်ဂေါတမီအား ဂရုဓမ်ရှစ်ပါးကို ဝန်ခံစေခြင်းဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့၏။ ထိုဂရုဓမ် ရှစ်ပါးတို့တွင် ဆဋ္ဌမ ဂရုဓမ္မအရ နှစ်နှစ်ပတ်လုံး ပါဏာတိပါတစသော သိက္ခာပုဒ်ခြောက်ပါးတို့၌ ကျင့်သုံးပြီးသော သိက္ခမာန်အား ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာအထံ၌ ပဉ္စင်းခံခြင်းကို ရှာမှီးရမည်" ဟု ပညတ်ချက် ပါရှိသည်။ ထိုပညတ်ချက်အရ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်သုံးပြီးသော သိက္ခမာန်ကို ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာက ဉတ္တိစတုတ္ထကမ္မဝါစာဖတ်၍ ပဉ္စင်ခံပေးရမည်ဖြစ်၏။ ထိုပညတ်ချက်သည် မြတ်ဗုဒ္ဓအစ ပထမ ပညတ်တော်မူသည့် မူလပညတ်တော်ဖြစ်သည်။

တစ်ဖန် မိထွေးတော်ဂေါတမီသည် မိမိရဟန်းအဖြစ်သို့ ရောက်ရှိပြီးသောအခါတွင် မြတ်ဗုဒ္ဓထံသို့ ချဉ်းကပ်၍ မိမိနှင့်အတူ ပါလာကြသော သာကီဝင် မင်းသမီး ငါးရာတို့နှင့် ပတ်သက်၍ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို လျှောက်ထားခဲ့သည်။

ထိုအခါ မြတ်ဗုဒ္ဓက ရဟန်းယောကျ်ားများက ရဟန်းမိန်းမများကို ပဉ္စင်းခံပေးရန် ခွင့်ပြုပညတ်တော်မူခဲ့သည်။ ထိုပညတ်ချက်သည် မာတုဂါမများကို ရှေးဦးစွာ ရဟန်းခံပေးမည့် ဘိက္ခုနီသံဃာ

မရှိသေးသဖြင့် သာကီဝင် မင်းသမီးတို့အား ရဟန်းပြုပေးနိုင်ရန် အတွက် ထပ်ဆင့်ပညတ်တော်မူသည့် အနုပညတ်တော်ဖြစ်၏။ ထိုအနုပညတ်တော်အရ မိထွေးတော်ဂေါတမီနှင့် အတူပါလာကြသော သာကီဝင်မင်းသမီး ငါးရာတို့သည် ဘိက္ခုသံဃာ တစ်ဘက်တည်း ဖြင့်ပင် ပဉ္စင်းခံ၍ "ဧကတောဥပသမ္ပန္နဘိက္ခုနီ" အဖြစ်သို့ ရောက်ရှိ ခဲ့ကြသည်။

ထိုသို့ မြတ်ဗုဒ္ဓ ထပ်ဆင့်ပညတ်တော်မူခဲ့သော အနုပညတ်တော် သည် နောက်ထပ်တစ်ဖန် ပညတ်ချက်၊ နုတ်ပယ်ချက် မရှိခဲ့သဖြင့် သာသနာငါးထောင်အထိ မပျက်ပြယ်ဘဲ တည်ရှိနိုင်သည်။ သို့ဖြစ်၍ သာကီဝင် မင်းသမီးငါးရာတို့ကို ရဟန်းယောကျ်ား ဘိက္ခုသံဃာ တစ်ဘက်တည်းဖြင့် ပဉ္စင်းခံပေးသကဲ့သို့ပင် မျက်မှောက်ခေတ်၌လည်း ဘိက္ခုနီသံဃာ မရှိတော့သဖြင့် ရဟန်းပြုလိုသော မာတုဂါမများကို ဘိက္ခုသံဃာက ဉတ္တိစတုတ္ထကမ္မဝါစာ ဖတ်၍ ပဉ္စင်းခံပေးနိုင်သည်" ဟူ၍ ဖြစ်ပါသည်။

ပညာရှင်အများစုတို့၏ အယူအဆမှာ "ရဟန်းယောကျ်ား များက ရဟန်းမိန်းမများကို ပဉ္စင်းခံပေးရန် ခွင့်ပြုပညတ်တော်မူခြင်း သည် ဘိက္ခုနီသံဃာ မပေါ်ပေါက်သေးသဖြင့် မိထွေးတော် ဂေါတမီနှင့် အတူ ပါလာကြသော သာကီဝင်မင်းသမီး ငါးရာတို့ကို ရဟန်းပြု ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ခြွင်းချက်အနေဖြင့် ခွင့်ပြုပညတ် တော်မူခြင်းဖြစ်သည်။ ထိုပညတ်တော်အရ သာကီဝင်မင်းသမီး ငါးရာတို့သည် ဘိက္ခုသံဃာအထံ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဉ္စင်းခံ၍ ဧကတောဥပသမ္ပန္နဘိက္ခုနီအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ ဤရဟန်းအဖြစ်မျိုးကို ဘိက္ခုနီသာသနာခေတ်တစ်လျှောက်လုံးတွင် ဤသာကီဝင်မင်းသမီးငါးရာတို့သာ ရရှိခဲ့ကြသည်။ ဤခွင့်ပြုချက် အနုပညတ်တော်သည်လည်း သာကီဝင် မင်းသမီး ငါးရာတို့နှင့်သာ

သက်ဆိုင်၍ အခြားသော မာတုဂါမတို့နှင့် သက်ဆိုင်ခြင်း မရှိချေ။ သို့ဖြစ်၍ သာကီဝင် မင်းသမီးငါးရာတို့မှတစ်ပါး အခြားသော မာတုဂါမများသည် မူလဂရုဓမ္မ ပညတ်တော်အတိုင်း ဘိက္ခု၊ ဘိက္ခုနီ နှစ်ဘက်သော သံဃာ့အထံ၌ ဉတ်ကမ္မဝါစာ ရှစ်ကြိမ်ဖြင့် ပဉ္စင်းခံ၍ ဥဘတောဥပသမ္ပန္နဘိက္ခုနီအဖြစ်ကိုသာ ရရှိနိုင်ကြသည်။ ယခုအခါ ဘိက္ခုနီအနွယ်အဆက် ပြတ်တောက်၍ ဘိက္ခုနီသာသနာ ကုန်ဆုံးကွယ်ပျောက်ခဲ့ပြီဖြစ်သဖြင့် မာတုဂါမများသည် ဘိက္ခုနီအဖြစ်ကို မရနိုင်တော့” ဟူ၍ဖြစ်ပါသည်။

ဤသို့ဖြင့် မျက်မှောက်ခေတ်၌ မာတုဂါမများကို ဘိက္ခု သံဃာသက်သက်ဖြင့် ပဉ္စင်းခံ၍ ရဟန်းဖြစ်နိုင်၊ မဖြစ်နိုင် ဟူသော ပြဿနာသည် သောင်မတင် ရေမကျဖြစ်၍ မေးမှိန်ပျောက်ကွယ်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေအနေနှင့် အချိန်အခါကို ဆင်ခြင်သုံးသပ်သင့်ပေသည်။ ယခုအခါသည် သာသနာနှစ် ၂၅၀၀ ကျော်ခဲ့ပြီ ဖြစ်သဖြင့် သတ္တဝါတို့ သန္တာန်၌ များသောအားဖြင့် သဒ္ဓါ၊ ပညာဓာတ်ခံနည်းပါး၍ လောဘ၊ ဒေါသ၊ မောဟတရားများ ပိတ်ဖုံးထူပြောသော ကာလဖြစ်သည်ကို သတိပြုရမည်ဖြစ်ပေသည်။

တစ်ဖန် ဖော်ပြခဲ့ပြီးသော ဘိက္ခုနီသာသနာ ကုန်ဆုံးကွယ်ပျောက်ရခြင်း၏ အကြောင်းရင်းများကို ပြန်လည်သုံးသပ်ရာတွင်လည်း–

၁။ ဘိက္ခုသံဃာ၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း

၂။ ဘိက္ခုသံဃာသည် မိန်းမသားတို့၏ သာသနာ့ဝန်ထမ်း ရဟန်းမ အဖြစ် ဝင်ရောက်လာမှုကို မလိုလားခြင်း

၃။ လူဒါယကာတို့၏ အားပေးချီးမြှောက်မှု နည်းပါးခြင်း

၄။ သိက္ခာပုဒ်များ တင်းတင်းကြပ်ကြပ် ပညတ်ထားခြင်း

၅။ သဒ္ဓါ၊ ပညာ နည်းပါးခြင်း

ဟူသောအချက်များ ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မျက်မှောက်ခေတ်၌ ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း ထိုအန္တရာယ်များနှင့် မလွဲမသွေ ရင်ဆိုင်တွေ့ကြုံရဦးမည် ဖြစ်ပေသည်။

ထိုသို့သော အခြေအနေများကို ဆင်ခြင်သုံးသပ်မိကြသော သာသနာစောင့် မထေရ်မြတ်ကြီးများကလည်း ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းလာခြင်းဖြင့် အကျိုးထက် အပြစ်သာ များဖွယ်ရှိ၍ သာသနာတော်အတွက်လည်း ကျေးဇူးများမည် မဟုတ်ဟု ယုံကြည်တော်မူကြသဖြင့် လိုလိုလားလား ရှိတော်မမူကြချေ။ ရဟန်း သံဃာထု တစ်ရပ်လုံးကလည်း–

> "အာနန္ဒာ၊ မြတ်စွာဘုရား သာသနာတော်၌ မာတုဂါမတို့သာ ရဟန်းပြုခွင့် မရခဲ့ကြလျှင် ဤသာသနာသည် နှစ်ပေါင်း တစ်ထောင်အထိ ရှည်ကြာလိမ့်မည်၊ ယခုမူကား မာတုဂါမတို့ ရဟန်းပြုခွင့် ရသွားကြသောကြောင့် နှစ်ပေါင်း ငါးရာသာ ရှည်ကြာလိမ့်မည်"

ဟု အရှင်အာနန္ဒာအား မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့သော စကားတော်ကို ကြားရောင်နေကြဆဲပင်ဖြစ်သည်။

သို့ဖြစ်၍ သာသနာတော် နောက်ပိုင်းကာလ သဒ္ဓါ၊ ပညာ နည်းပါးလာကြသော အခါမျိုး၌ မာတုဂါမများ သာသနာတော်တွင်းသို့ ဝင်ရောက်လာခြင်းဖြင့် ဝိသဘာဂ အာရုံတို့ ရောယှက်ရှုပ်ထွေးကာ သာသနာတော်အလျင်အမြန် ကွယ်ပျောက်သွားမည်ကို စိုးရိမ်မကင်း ဖြစ်တော်မူကြသည်။ ထို့ကြောင့် မျက်မှောက်ခေတ်၌ ဘိက္ခုနီသာသနာ ပြန်လည်ပေါ်ထွန်းလာရေးကို လိုလားနှစ်သက်တော် မမူကြချေ။

ဖော်ပြပါ အခြေအနေ အရပ်ရပ်တို့ကြောင့် ကွယ်ပျောက်ချိန် တန်၍ ကွယ်ပျောက်သွားခဲ့ပြီဖြစ်သော ဘိက္ခုနီသာသနာကို မျက်မှောက်ခေတ်၌ ပြန်လည်ပေါ်ထွန်းရေးအတွက် ကြိုးပမ်း ဆောင်ရွက်ချက်များသည် သာသနာတော်အတွင်း၌ အငြင်းပွား၍ မလိုလားအပ်သော ဆိုးကျိုးများသာ ဖြစ်ဖွယ်ရှိပါသည်။ အကယ်၍ မာတုဂါမများကို ဘိက္ခုသံဃာ တစ်ဘက်တည်းဖြင့်ပင် ပဥ္စင်းခံ၍ ဘိက္ခုနီသာသနာကို ပြန်လည်ဖော်ထုတ်ဦးမည် ဆိုလျှင်လည်း ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် စည်ပင်ပွင့်လင်းခြင်းငှာ ဖြစ်နိုင်တော့မည်မဟုတ်ဟု ယူဆမိပါသည်။

သို့ဖြစ်၍ မျက်မှောက်ခေတ်၌ ဘိက္ခုနီသာသနာ ပြန်လည် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမည့်အစား လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင့်ငါးရာကျော် ဘိက္ခုနီ သာသနာ ကွယ်ပျောက် ချိန်မှစ၍ ဘိက္ခုနီတို့နေရာတွင် အစားထိုး ဝင်ရောက်လာခဲ့သော ပရိဗ္ဗာဇကပဗ္ဗဇ္ဇ ခေါ် သာသနာ့နွယ်ဝင် သီလရှင်တို့အား ပစ္စည်း လေးပါး ချီးမြှောက်ထောက်ပံ့လှူဒါန်ခြင်း (ပစ္စယာနုဂ္ဂဟ)၊ ပိဋကတ် ကျမ်းစာများကို သင်ကြားပို့ချ လှူဒါန်းခြင်း(ဓမ္မာနုဂ္ဂဟ)တို့ဖြင့် အားပေးချီးမြှောက်ကြမည်ဆိုပါက သာသနာတော်အတွက် တစ်ဘက် တစ်လမ်းမှ အကျိုးဖြစ်ထွန်းဖွယ် ရှိပါသည်။

သီလရှင်များသည် ဘိက္ခုနီတို့လောက် အကျင့်သီလ၊ ဂုဏ် သိက္ခာ မမြင့်မားကြသော်လည်း ရှေးအခါက ဘိက္ခုနီ ထေရီများ ကဲ့သို့ပင် ပိဋကတ်စာပေများကို သင်ကြားပို့ချခြင်း (ဂန္ထဓုရ)၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်ခြင်း (ဝိပဿနာဓုရ) ဟူသော ဓုရနှစ်ပါး သာသနာ့ တာဝန်များကို တစ်တပ်တစ်အား စွမ်းအားရှိသမျှ ထမ်းဆောင်လျက် ရှိကြပေသည်။

ရှေးအခါက ဘိက္ခုနီတို့၏ သင်္ခမ်းကျောင်းများသည် အမျိုးကောင်းသမီးအပေါင်းတို့၏ တရားဓမ္မ ကျင့်သုံးရာ၊ ခိုကိုးရာမဲ့သူ အမျိုးသမီးကြီးငယ်တစ်စုတို့၏ အားထားမှီခိုရာ၊ အိမ်ထောင်ရှင်ဘဝကို ငြီးငွေ့စက်ဆုပ်၍ တရားရိပ်သို့ ဝင်ရောက်ခိုလှုံလာသူ အမျိုးသမီးတို့၏ တရားဓမ္မ ရှာမှီးရာ အဓိက ဌာနကြီးများ ဖြစ်သကဲ့သို့ မျက်မှောက်ခေတ်၌လည်း သီလရှင်တို့၏ ကျောင်း၊ ဇရပ်များသည် အမျိုးသမီးအပေါင်းတို့၏ တရားဓမ္မ ရှာမှီးကျင့်သုံးရာ အားထားမှီခိုရာ အဓိကဌာနများ ဖြစ်နေပေသည်။

ကျောင်း၊ ဇရပ်များအတွင်း၌ သီလရှင် ဆရာလေးများ၏ ငြိမ်းချမ်းစင်ကြယ်သော နှလုံးသားများဖြင့် တရားဓမ္မ ရွတ်ဖတ်သရဇ္ဈာယ်သံများနှင့် သူတော်စင်တို့၏ ဓလေ့ဖြင့် ဆိတ်ငြိမ်ရာတွင် တရားနှလုံး ကျင့်သုံးနေကြသည်များကို ကြားရ၊ မြင်တွေ့ရသူတို့အဖို့ လောဘ၊ ဒေါသ၊ သောကတရားတို့ ကင်းစင်၍ တဒင်္ဂ ငြိမ်းချမ်းသာယာမှုကို မျှဝေခံစားကြရသည်။

ကျောင်း၊ ဇရပ်များအတွင်းသို့ ဝင်ရောက်ခိုလှုံလာကြသူ အမျိုးသမီး အပေါင်းတို့သည် အိမ်ထောင်မှုကိစ္စ အဝဝတို့ ငြိမ်းအေး၍ ဖြူစင်သန့်ရှင်းသော လွတ်လပ်မှုကို ရရှိကြသည်။ ဤသည်တို့မှာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးထု တစ်ရပ်လုံးအတွက် မိထွေးတော် ဂေါတမီ၏ စွမ်းဆောင်မှု ရလာဘ်အကျိုးဆက်များပင်ဖြစ်သည်။

ဤသို့ဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က မိထွေးတော် ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိလာသော မိန်းမသားတို့၏အကျိုးခံစားခွင့်များသည် ခေတ်အဆက်ဆက် ပြောင်းလဲကုန်ဆုံးခဲ့သော်လည်း ပျက်ပြယ်မသွားဘဲ တစ်ခေတ်တစ်ခေတ်တွင် အသစ်အသစ် ဖြစ်၍ ထွန်းသစ်တည်မြဲလျက်ရှိနေပေတော့သည်။

# နိဂုံးစကား

ဤကျမ်း၌ မိထွေးတော်ဂေါတမီ၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများ၊ ဘိက္ခုနီသာသနာနှင့် ပတ်သက်စပ်ဆိုင်သော အကြောင်းအရာများကို အခန်း (၅) ခန်းဖြင့် စွမ်းအားရှိသမျှ လေ့လာတင်ပြခဲ့ပြီး ဖြစ်ပါသည်။ နိဂုံးစကား အနေအားဖြင့် ရေးသားတင်ပြလိုသည့် အချက်မှာ အမျိုးကောင်းသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့် ရရှိရေးအတွက် ဇွဲ၊ လုံ့လ၊ စွမ်းရည်သတ္တိ၊ အရည်အချင်း ရှိရှိဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သော မိထွေးတော်ဂေါတမီသည် သာသနာတော်၌ အမျိုးသမီးတို့တွင် အစဆုံး ဘိက္ခုနီအဖြစ်ကို ရရှိခဲ့၏။ ဘိက္ခုနီတို့တွင်လည်း အစဆုံး သစ္စာလေးပါး ကရားကို ထိုးထွင်းသိမြင်၍ ရဟန္တာထေရီမအဖြစ်သို့ ရောက်ရှိခဲ့၏။ တစ်ဖန် ညာဉ်အပိုင်းအခြားကို သိသောအရာ (သိက္ခာဝါကြီးသောအရာ) တွင်လည်း အသာဆုံး၊ အမြတ်ဆုံး "ရတ္တညူထေဂ်"ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့၏။

ဤ၌ မိထွေးတော်ဂေါတမီ ကြိုးပမ်းဆောင်ရွက်မှုနှင့် အကျိုးခံစားခွင့် ရလာဘ်များကို စံထား၍ ကောက်ချက်ချကြည့်လျှင် အခွင့်အရေး တစ်ခုခုကို ရယူပိုင်ဆိုင်လိုသူသည်-

(၁) ရယူပိုင်ဆိုင်လိုသည့် ဆန္ဒ ပြင်းပြရခြင်း၊

(၂) မရမနေ ကြိုးစားသည့် ဇွဲ၊ လုံ့လ ရှိရခြင်း၊

(၃) မည်သည့်အခက်အခဲကိုမဆို ကျော်လွန်နိုင်အောင် စွမ်းဆောင်နိုင်သည့် စွမ်းရည်သတ္တိရှိရခြင်း၊

(၄) မိမိရယူလိုသည့် အခွင့်အရေးနှင့် ထိုက်တန်သော ဂုဏ်အရည်အချင်း ရှိရခြင်း

ဟူသော အချက်များနှင့် ပြည့်စုံရန် လိုအပ်သည်ကို တွေ့ရသည်။ ယင်းအချက်များနှင့် ပြည့်စုံသူသည်သာ မိမိရယူလိုသည့် အခွင့်အရေးကို

ထိုက်ထိုက်တန်တန်ရရှိ၍၊ ရေရှည်တည်တံ့အောင်လည်း ထိန်းသိမ်းထားနိုင်မည်ဖြစ်ပေသည်။ မိထွေးတော် ဂေါတမီကား ထိုအချက်အားလုံးနှင့် ပြည့်စုံသည်ကို တွေ့ရပေသည်။

သာမန်အားဖြင့်ကြည့်လျှင် မိထွေးတော်ဂေါတမီသည် ကမ္ဘာတစ်သိန်းထက်က တောင်းတပန်ဆင်ခဲ့သည့်"ရတ္တညျုတဒဂ်" ဆုကိုရယူလိုသည့်အတွက် ဤမျှ စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ထင်ရဖွယ်ရှိပါသည်။

စင်စစ်အားဖြင့် မိထွေးတော်ဂေါတမီသည် မိမိတစ်ဦးတည်းသာသနာတော်သို့ ဝင်ရောက်ခွင့်ရ၍ "ရတ္တညျုတဒဂ်" ဆုကိုရရှိရေးအတွက်သာဆိုလျှင် ဤမျှအထိ ခက်ခက်ခဲခဲ ဆင်းရဲပင်ပမ်းကြီးစွာ ကြိုးပမ်းဆောင်ရွက်ဖွယ် လိုမည်မဟုတ်ပေ။ မြတ်ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ "တပည့်တော်မ သာသနာတော်သို့ ဘိက္ခုနီမအဖြစ် ဝင်ရောက်လိုပါသည်" ဟု လျှောက်ထားလျှင်ပင် ပါရမီဆုတောင်းနှင့် ပြည့်စုံ၍ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင်လာခဲ့ပြီးသူ မိထွေးတော်ကြီးအား ဘိက္ခုနီပြုခွင့်ကို မြတ်ဗုဒ္ဓကလွယ်လင့်တကူ ခွင့်ပြုတော်မူမည်သာ ဖြစ်ပါသည်။

အထက်တန်းကျ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ကား မိမိအကျိုးကိုမည်သည့်အခါမှ ရှေ့တန်းတင်လေ့ မရှိချေ။ မိမိကိုယ်ကျိုးနှင့်အများအကျိုး ယှဉ်လာလျှင် မိမိကိုယ်ကျိုးကို စွန့်လွှတ်ကြမြဲဖြစ်သည်။ မိထွေးတော်ဂေါတမီသည်လည်း မိမိတစ်ဦးတည်း ဘိက္ခုနီပြုခွင့်ရရှိရေးကို မရည်ရွယ်ဘဲ အမျိုးသမီးများအားလုံး သာသနာတော်၌ဘိက္ခုနီပြုခွင့် ရရှိရေးကို ရည်ရွယ်၍ အမျိုးသမီးထုတစ်ရပ်လုံးကိုကိုယ်စားပြု လျှောက်ထားတောင်းပန်ခဲ့ခြင်းကြောင့်သာ မြတ်ဗုဒ္ဓကနောင်ရေးကို မြော်မြင်၍ လွယ်လွယ်ကူကူ ခွင့်ပြုတော်မမူဘဲအကြိမ်ကြိမ် ငြင်းပယ်တော်မူခြင်း ဖြစ်သည်။

သို့ဖြစ်၍ မိထွေးတော်ကြီးသည် အသက်အရွယ်ကြီး၍ အိုမင်းရင့်ရော်နေသည်ကို ပဓာန မထားနိုင်ရာဘဲ ငါးဆယ့်တစ်ယူဇနာ (၄၀၈-မိုင်ခန့်) ဝေးကွာသည့် ဝေသာလီခရီးကို ဆင်းရဲပင်ပမ်းကြီးစွာဖြင့် ခြေကျင်သွား၍ အမျိုးသမီးများ ဘိက္ခုနီပြုခွင့်ရအောင် စွမ်းဆောင်ခဲ့ရလေသည်။ မိထွေးတော်ကြီး၏ ဇွဲ၊ လုံ့လ၊ စွမ်းရည်သတ္တိနှင့် အမျိုးသမီးထု တစ်ရပ်လုံးအပေါ် ထားရှိသည့် မေတ္တာကရုဏာတရားတို့ကား လေးစားကြည်ညိုထိုက်ပါပေသည်။

မိထွေးတော်ဂေါတမီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီ ပြုခွင့်ရ၍ ဘိက္ခုနီသာသနာ ပေါ်ထွန်းလာခဲ့သဖြင့် ကမ္ဘာတစ်သိန်းထက်က ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ကြ၍ အရဟတ္တဖိုလ်ရရှိရန် ဥပနိဿယ (အားကြီးသော အထောက်အပံ့)ရှိသူ ပါရမီရှင် အမျိုးသမီးတို့အတွက် အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူးရရှိရန် လမ်းပွင့်သွားခဲ့သည်။

သို့ဖြစ်၍ ပါရမီရှင် အမျိုးကောင်းသမီးတို့ သာသနာတော်သို့ ဝင်ရောက်လာခဲ့ကြရာ မြတ်ဗုဒ္ဓလက်ထက်တော်အခါ၌ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ ဟူသော အဂ္ဂသာဝိကာ ထေရီမကြီးများ၊ မဟာပဇာပတိဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီ စသော မဟာသာဝိကာ ထေရီမကြီးများ၊ ထေရိကာထေရီ၊ တိဿထေရီ၊ ဝီရာထေရီ စသော ပကတိ သာဝိကာထေရီမများ ထောင်သောင်းမက ပေါ်ထွန်းးခဲ့ကြ၍ ဘိက္ခုနီသာသနာ နေ၊ လ အသွင် စည်ပင်ပွင့်လင်းခဲ့လေသည်။

ထိုသာဝိကာတို့တွင် ပဋိသမ္ဘိဒါပတ္တရဟန္တာထေရီများ၊ ဆဠာဘိညရဟန္တာထေရီများ၊ သုက္ခဝိပဿက ရဟန္တာထေရီများ၊ တေဒင်ဘွဲ့ရ ရဟန္တာထေရီများ၊ တိပိဋကဓရ ရဟန္တာထေရီများလည်း အများအပြားပင် ပါဝင်ခဲ့ကြလေရာ အမျိုးသမီးများဘက်မှလည်း သာသနာ့ဂုဏ်ရောင်ကို ထွန်းလင်းတောက်ပြောင်အောင် စွမ်းဆောင်

နိုင်ခဲ့ကြသည်ဟု ဆိုရပေမည်။

ထို့ပြင် အံ့ဩဖွယ်ကောင်းသည့် အချက်မှာ ပုရာဏ ကဿပ စသော ဝါရင့်တိတ္ထိဆရာကြီးများပင် မသိမမြင်နိုင်သည့် "နိဗ္ဗာန်"ကို သက်တော်နုနယ် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော ထေရီမယ် ကလေးများပင် သိမြင်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဤသို့ မြတ်ဗုဒ္ဓသာသနာတော်၌ ပဋ္ဌဒီပိကာထေရီ စသော သက်တော်နုနယ် ခုနစ်နှစ်အရွယ် ထေရီမယ်ကလေးများမှသည် ဗဟုပုတ္တိကာထေရီမကြီးကဲ့သို့သော သားသမီးဆယ်ယောက်မိခင် သက်ကြီးရွယ်အိုများအထိ အရဟတ္တဖိုလ်ဉာဏ်အထူးကို ဆွတ်ခူး ရရှိနိုင်ခဲ့ကြသည်မှာ ဗုဒ္ဓဘာသာဝင်အားလုံး အထူးသဖြင့် အမျိုး သမီးထုတစ်ရပ်လုံးအတွက် ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် ဤကျမ်းသည် အမျိုးသမီးများ သာသနာတော်၌ ဘိက္ခုနီပြုခွင့်ရအောင် စွမ်းဆောင်ခဲ့သော မိထွေးတော် ဂေါတမီထေရီမကြီး၏ အတ္ထုပ္ပတ္တိအကြောင်းအရာများနှင့် ဘိက္ခုနီ သာသနာ စတင်ဖြစ်ပေါ်လာပုံ၊ ဘိက္ခုနီသာသနာ စည်ပင်ပွင့်လင်း ခဲ့ပုံနှင့် နောက်ဆုံး ဘိက္ခုနီသာသနာ ကွယ်ပျောက်ခဲ့ရပုံများကို လေ့လာတင်ပြထားခြင်းဖြစ်ပေရာ လေ့လာသူတို့ အနေဖြင့် မိထွေး တော်ဂေါတမီ ထေရီမကြီး၏ ဘဝဖြစ်စဉ်ဖြစ်ရပ်များနှင့် ပါရမီ ဖြည့်ကျင့်ပုံ၊ ဆုတောင်းဆုယူပြုပုံများကို အားကျအတုယူ၍ ပါရမီ ကောင်းမှုများကို ဖြည့်ကျင့်ဆည်းပူးနိုင်ကြလိမ့်မည်ဟု ယုံကြည် ပါသည်။

အထူးသဖြင့် အမျိုးသမီးများအနေဖြင့် ဘိက္ခုနီသာသနာ အစဉ်အဆက် ပြတ်တောက် ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်သဖြင့် ရှေးအခါက အမျိုးသမီးများကဲ့သို့ ဘိက္ခုနီပြုခွင့် မရတော့သည့် မိမိတို့၏ဘဝကို အားမလိုအားမရဖြစ်၍ ဝမ်းနည်းကြေကွဲနေမည့်

အစား မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ဘဒ္ဒါကစ္စာနာထေရီ၊ ဇနပဒကလျာဏီထေရီ စသော ဧတဒဂ်ဘွဲ့ထူးရှင် သာသနာ့အားဇာနည်ထေရီ တို့၏ ပါရမီဆုတောင်း ကောင်းမှုပြုခဲ့ပုံများကို အတုယူ၍ ပါရမီကောင်းမှုများကို ဖြည့်ကျင့် ဆည်းပူးကြစေလိုပါသည်။

ပါရမီဟူသည် တစ်ဘဝ တစ်ကြိမ်တစ်ခါ ဖြည့်ကျင့်ရုံမျှဖြင့် ပြည့်စုံနိုင်သည် မဟုတ်ဘဲ ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်း အရာအထောင် ဖြည့်ကျင့်ဆည်းပူးမှ ပြည့်စုံနိုင်သည်ဟူသော အချက်ကို နားလည်သဘောပေါက်၍ တစ်ဘဝထက်တစ်ဘဝ ရင့်ကျက်လာအောင် ဖြည့်ကျင့်ဆည်းပူးရမည်သာ ဖြစ်ပါသည်။ ယင်းသို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့၏ ပါရမီကျင့်စဉ်များကို အတုလိုက်၍ ကျင့်ကြံခြင်းဖြင့် ထိုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့ ရရှိအပ်သော အသိဉာဏ်ထူးများကို ရရှိပြီးလျှင် သံသရာ ဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

## နိဂုံးဂါထာ

သုနိဋ္ဌိတော အယံဂန္ထော၊ အနာယာသေန မေကတော။
ဣမိနာပုညကမ္မေန၊ သီဃံပပ္ပေါမိ နိဗ္ဗုတိံ။
ယာဝခေမံ နပပ္ပေါမိ၊ သံသရန္တော ဘဝါဘဝေ။
ဥစ္စာကုလေ ဥပ္ပဇ္ဇိတွာ၊ ဓောတေယျံ ဇိနသာသနံ။

မေ–မယာ=ရုပ်နာမ်နှစ်ဖြာ၊ငါးခန္ဓာကို၊ ပညာဝံသ၊ နာမသမုတ်၊ အကျွန်ုပ်သည်၊ ကတော=အများအကျိုး၊ ရည်မျှော်ကိုး၍၊ ကြိုးစားပြုပြင်၊ စီရင်အပ်သော၊ အယံဂန္ထော=မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာ မည်သာတင့်ဆန်း၊ ဤဘွဲ့ယူကျမ်းသည်၊ အနာယာသေန=ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေးသဖြင့်၊ သုနိဋ္ဌိတော= သက္ကရာဇ်ကောဇာ၊ ထောင့်သုံးရာဝယ်၊ ငါးဆယ့်ငါးခု၊ ဥတုဝသန္တ ၊ ဝါခေါင်လပြည့်၊ မေတ္တာနေ့ဝယ်၊ ကောင်းစွာမသွေ၊ အပြီးသို့ ရောက်ခဲ့လေပြီ။

ဣမိနာပုညကမ္မေန=ကျမ်းစာပြုစု၊ ဤကောင်းမှုကြောင့်၊ နိဗ္ဗုတိံ=တစ်ဆယ့်တစ်သီး၊ မီးအဆူဆူ၊ အပူခပ်သိမ်း၊ အေးငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို ၊ သီဃံ=ဘဝများစွာ ဝေးမကွာဘဲ၊ ဘေးဘယာကင်းစင်၊ လျင်မြန်စွာသာလျှင်၊ ပပ္ပေါမိ=မုချမှန်စွာ၊ ရောက်ရပါလို၏။ ယာဝ =အကြင်မျှလောက် ကာလပတ်လုံး၊ ခေမံ=ဘေးအတန်တန်၊ အေးငြိမ်းရာမှန်၊ နိဗ္ဗာန်အောင်ခန်း၊ မြို့တော်နန်းသို့၊ နပပ္ပေါမိ=ပါရမီဂုဏ်အင်၊ မစုံလင်၍၊ လိုအင်ပြီးမြောက်၊ မရောက်သေးသမျှ ကာလပတ်လုံး၊ ဘဝါဘဝေ=ဘဝကြီးငယ်၊ အသွယ်သွယ်၌၊ သံသရန္တော= ကံအကြောင်းဖန်၊ အတန်တန်ဖြင့်၊ စုန်ဆန်မသွေ၊ ကျင်လည်၍နေရသည်ရှိသော်၊ ဥစ္စာကုလေ=ဇာတိပုညာ၊ ဂုဏ်ခနေတို့၊ ပြည့်ဝစုံလတ်၊ မြင့်မြတ်သောအမျိုး၌၊ ဥပ္ပဇ္ဇိတွာ=တိဟိတ်ဥက္ကဋ္ဌ၊ ယောကျ်ားမြတ်ဖြစ်၍၊ ဇိနသာသနံ=ဗုဒ္ဓမြတ်စွာ သာသနာတော်ကို၊ ဓောတေယျံ= တစ်ဆင့်ထက်တစ်ဆင့်၊ မြင့်သထက်မြင့်အောင်၊ မလင့်ပုံသေ၊ ထွန်းလင်းစေနိုင်ရပါလို၏။ ထွန်းလင်းစေနိုင်ရပါစေသား––။

ဤစာအုပ်သည်

- မျက်မှောက်ခေတ် အမျိုးသမီးများအနေဖြင့် တေဒင်္ဂရ သာသနာ့အာဇာနည် ရဟန္တာထေရီမကြီး၏ ကြိုးပမ်း ဆောင်ရွက်မှု ပါရမီ ဆုတောင်းကောင်းမှု ပြု ခဲ့ပုံများကို အတုယူအားကျစေရန်
- မိထွေးတော်ဂေါတမီထေရီမကြီးကဲ့သို့ လောက၊ သာသနာ နှစ်ဖြာကောင်းကျိုး သယ်ပိုးဆောင်ရွက်လိုစိတ် ရှိကြစေရန်
- ဘုရားရှင်လက်ထက်က ငါတို့မိန်းမသားများလည်း ယောက်ျားများနှင့်တန်းတူ အခွင့်အရေး ရကြပြီး တန်ခိုးအရာ၊ ပညာအရာ စသည်တို့၌ တေဒင်္ဂဘွဲ့ထူး ဆွတ်ခူးရယူနိုင်ခဲ့ကြပေသည်တကား ဟု ဂုဏ်ယူဝမ်းမြောက်နိုင်ကြစေရန်

ရည်ရွယ်ပါသည်။

